
www.burmeseclassic.com



www.burmeseclassic.com

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃

သခင် ကြင်ပါလှည့် / သျှင်မ၊ ရန်ကုန်၊

ရွှေသမင်စာပေ၊ ၂၀၁၄။

၄၁၆ စ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) သခင် ကြင်ပါလှည့်



## အခန်း (၁)

"ဖြည်းဖြည်းဖွင့် သမီး .. အလင်းရောင် စူးသွားတာကို တဖြည်းဖြည်းချင်း ကြည့် .."

မျက်လုံးတွေကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်မိသည်။ ဒါပေမယ့် သူမ မျက်လုံးတွေ ပွင့်နေပြီလား .. မပွင့်ဘူးလားဆိုတာ မသိ ...၊

"သမီး .. သမီး ရယ် .. အို .. မငိုရဘူးလေ .."

"ဒေါ်ဒေါ်သဲ .."

"ဟင် .. သမီး .. သမီး ဘယ်လိုနေလဲ ဟင် .."

"အနှင်း ဘာမှ မမြင်ရဘူး .."

"ဟင်!..."

ပတ်ဝန်းကျင် တစ်ခုလုံး တိတ်ကျသွားတာကို ကြားနေရရင်း ကိုယ့်မျက်ဝန်းက မျက်ရည်ကို ပြန်သိမ်းဖို့ သတိရ၏။ အနားမှာ ဘယ်လိုလူတွေ ဘယ်နှစ်ယောက် ရှိနေကြမှန်း မသိပေမယ့် ခုလောက်ဆို ဒေါ်ဒေါ်သဲ မျက်ရည်တွေ ကျနေမည် ...၊ တခြားလူတွေကတော့ ကိုယ့်ကို သနားသည့်မျက်လုံးတွေနဲ့ ဝိုင်းကြည့်နေလိမ့်မည်။

ဘာဖြစ်လို့လဲ ...၊

ဒါက ကိုယ် ပြုခဲ့တဲ့အမှုပဲ နှင်းဆီ ...၊



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ညည်းက နှင်းဆီမျက်နှာ ဖြစ်နေလို့

"သမီးလေး .. အနှင်း .."

"ဒေါ်ဒေါ်သဲ .."

"သမီး .."

"ငိုနေတာလား .."

"သမီးရယ် .."

"မငိုပါနဲ့တော့ .. ဒါက ကိုယ့်မိုက်ပြစ်နဲ့ ကိုယ်ပါ .."

ဒေါ်သဲမြ ၏ ရှိုက်သံက လက်ခုံပေါ်ကကြားနဲ့ ဖိကပ် ပိတ်ထား သည့်ကြားက တုန်လှိုက်စွာ ထွက်ပေါ်နေတာမျိုး ..၊

"သမီးရယ်.. သမီး မိုက်တာ မဟုတ်ပါဘူး .. သမီးက မိန်း လေး မဟုတ်ဘူး .. မိဘကျေးဇူးကို သိတတ်တဲ့ သမီး အလိမ္မာ သမီးရယ် .."

"အနှင်း တို့ ဆေးရုံက ဆင်းရအောင် .."

"ဟင်!..."

"မရသေးဘူးကွယ် .. မျက်လုံးတင် မကဘူး သမီးရဲ့ တခြား ထိခိုက်ဒဏ်ရာတွေ ရှိသေးတယ် .."

ထိုသူက ဆရာဝန်လား ..၊

နားစွင့်ကြည့်လိုက်တော့ ထိုအသံနှင့်အတူ ဘေးမှာ လှုပ်ရှား ရှိနေသေးသည်။ သူနာပြုဆရာမတွေလား .. ကိုယ့်ကို သတင်း ကြသည့် တခြားလူတွေလား ..၊

"မဖြစ်ဘူး.. ဆေးရုံမှာ ကြာနေလို့ မဖြစ်လို့ပါ..၊ ဒေါ်ဒေါ်

"ဟင် .. သမီး .."

"အနှင်း ဒေါ်ဒေါ်သဲ နဲ့ စကားပြောချင်တယ် .."

နားမှာလည်း ဆရာဝန်နဲ့ သူနာပြုတွေအပြင် ဘယ်သူ တာမို့ ဒေါ်သဲမြ အားတော့ နာသွားမိသည်။ ဒါပေမယ့် လူနာ





ဘာရေးအတွက် ဆရာဝန်ကလည်း နားလည်ပါ၏။

"ဒေါ်ဒေါ်သဲ .. ခု အနှင်း ပြန်လာတာကို ဘယ်သူမှ မသိကြဘူးမို့ လား ဟင် .."

"မသိပါဘူး သမီးရယ် .. သမီးက တမင် မသိစေချင်လို့ ဒေါ်ကြီး ကိုပဲ လျှို့ဝှက်ဆက်သွယ်ထားခဲ့တာကို ဒေါ်ကြီးက ပြောပါ့မလား .."

"မဟုတ်ဘူး .. ခုလို ဆေးရုံရောက် ဘာရောက် ဖြစ်သွားတော့ အနှင်း သတိလစ်နေတုန်း .."

"မခေါ်ဘူး သမီး .. ဒေါ်ကြီး သိတယ် .. သူတို့ကို အားကိုးလို့ မှမှ မဟုတ် .."

ပြောနေရင်း ငိုသံ ပါလာခဲ့လျက် ...

"ဒေါ်ကြီး စိတ်မကောင်းတာက တစ်ပြည် တစ်နယ်က ပြန်လာ တဲ့ သမီးကို မမကြီးက မျှော်သလို .. ဒေါ်ကြီးကလည်း အရမ်း တွေ့ချင် နေခဲ့တာလေ .. ဝမ်းပန်းတသာ ဆုံကြရမယ့်ခရီးက .. ခုတော့ .."

မျက်လုံး ထိခိုက်ထားတဲ့လူနာကို မျက်ရည်ကျမှာ စိုးပေမယ့် ဒေါ်သဲမြ ဘယ်လိုမှ မထိန်းချုပ်နိုင် ..၊

"ဝမ်းမနည်းပါနဲ့ ဒေါ်ဒေါ်သဲ ရယ်.. အနှင်း ကတော့ ကိုယ့်အကုသိုလ် နဲ့ကိုယ် ခံရတာလို့ပဲ မှတ်တယ် .."

"ဘယ်လို!..."

"အနှင်း .. မေမေ့ကို အထင်လွဲခဲ့မိတာ .. ဟိုတစ်ခါလိုပဲ မေမေ ဘာမှဖြစ်တာ မဟုတ်ဘဲ လုပ်ခေါ်တာမျိုး ဖြစ်နေမှာစိုးလို့ မန္တလေး ရောက်နေရက်နဲ့ မေမေ့ဆီကို တန်းမသွားဘဲ နေခဲ့တယ် .. ဒေါ်ဒေါ်သဲ နဲ့ ဆက်သွယ်လို့ ရပါလျက်နဲ့ ကိုယ့်ဒေါသနဲ့ကိုယ် ထင်ရာတွေးပြီး ထင်ရာ လုပ်ခဲ့တာ .."

ရင်ထဲမှာ နာကျင်နေဆဲပါ ..၊ ကိုယ့်မျက်လုံး ကွယ်ရတာနဲ့ ထပ် တူ မေမေ့ကိုပါ ဆုံးရှုံးရတော့မယ်ဆိုတာ သိနေသည့် နာကျင်မှုက



www.burmeseclassic.com

www.burmeseclassic.com



ခံရခက်နေ၏။

ဒါဟာ သူမ မိဘအပေါ်မှာ အထင်လွဲခဲ့သည့် စိတ်အခံနှင့် သံသ
ထားခဲ့မိလို့ ဖြစ်သည်။ ဖေဖေရယ် .. မေမေရယ် .. အတူတူ ရှိကြ
တည်းက အနှင်း မေမေ့ကို ပိုချစ်ခဲ့တာပါ ..။

ချစ်ရသည့် မေမေဟာ နောက်ထပ် အိမ်ထောင်သစ် ထူထော
သည့်ကိစ္စကျမှ ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ဆုံးဖြတ်ခဲ့သည်။ ပထွေ
နေရမည့် သမီးပျိုလေးတစ်ယောက်အတွက် မငဲ့ညှာ ..။

နာကျင်မှုများစွာနှင့် အနှင်း မေမေ့ကို နာကြည်းသွားခဲ့သည်။
ပြင် ပထွေးဆိုတဲ့လူကရော စိတ်ဓာတ် စာရိတ္တ ကောင်းခဲ့လို့လား

"ကိုယ့်စိတ်ကို ဖြေပါ သမီးရယ် .. သမီးက မိဘကို အထင်လ
တာ အပြစ်တစ်ခုပေမယ့် လူငယ်တစ်ယောက်ရဲ့ အတွေးစိတ်နဲ့ဆို
ဒီလိုပဲ မှားတတ်ကြပါတယ်.. ကိုထက်နိုင် ဆိုတဲ့လူကလည်း လူကော
သူကောင်းတစ်ယောက်မှ မဟုတ်တာ .."

နှင်းဆီ ဘာတွေ တွေးပြီး ယူကျုံးမရ ဖြစ်နေမှန်း ဒေါ်သဲမြ
လည်း သိသည်။ ထို့ကြောင့် ကိုယ့်ဝမ်းနည်းမှုကို အသာထား၍ နှစ်
ပေးမိသည်။

"အခု သမီး ဘာလုပ်ချင်သလဲ ဟင် .."

"အနှင်း .. ရန်ကုန်ကို မသွားတော့ဘူး .."

"ဟင်!... ဘယ်လို .."

"မေမေက အိပ်ရာထဲ လဲနေပြီ .."

"ဟုတ်တယ် .. ဟုတ်တယ်လေ သမီးရယ် .. ကိုယ့်မိဘရဲ့ နော
ဆုံးအချိန်လည်း ဖြစ်နိုင်တယ် .. ပြီးတော့ သမီးမေမေ မရှိတော့
သမီး ရှိမှ .."

"အနှင်း က စုံလုံးကန်းနေပြီ ဒေါ်ဒေါ်သဲ .."

"အိုကွယ် .."





"မေမေ့အတွက် မားမားမတ်မတ် ရပ်ပေးဖို့ လာခဲ့တဲ့ သမီးက
ကျက်မမြင်တစ်ယောက်ဆိုရင် .."

"သမီးရယ် .. ဒါကို ဘယ်သူမှ ဖန်တီးတာ မဟုတ်သလို လွှန်ဆန်
ဘို့ရော ရလို့လား .."

"ဟင့်အင်း .. ဒီလူယုတ်မာ ကျေနပ်အားရစွာ ရယ်နိုင်ဖို့အတွက်
အိမ်ပေါ်ကို တုတ်တယမ်းယမ်းနဲ့ တက်မသွားချင်ဘူး .. ပြီးတော့ .."

သူမ ထွက်သွားမည့်နေ့က ပြဿနာ ဖြစ်ရတာတွေကို ခုထိ မမေ့
သေးပါ ..။

"ဒီလောက် ယုတ်မာတဲ့လူနဲ့ မေမေ နေခဲ့ .. မေမေ ပျော်နေနိုင်
အောင်ပဲ ကြိုးစားပါ .. အနှင်း ဒီအိမ်ပေါ်ကို ဘယ်တော့မှ ပြန်မလာ
တော့ဘူး .."

"ဟော့ .. ဘယ်တော့မှ စကားကို ကြည့်ပြောနော် .. စကားကို
အဆုံး မပြောနဲ့ .."

"ကျုပ်မတို့ သားအမိ ပြောနေတဲ့ အကြောင်းအရာထဲကို ဦးထက်
နိုင် ဝင်မပါပါနဲ့ .."

"နင်က ငါ့ကို လူယုတ်မာလို့ ပြောနေတာ ငါက မဆိုင်သလို
နေရမှာလား .. အဲ့ဒီလူယုတ်မာဆိုတာ နင့်အမေရဲ့ ယောကျ်ား .. ဒီအိမ်ရဲ့
အိမ်ထောင်ဦးစီး .. အိမ်ဦးနတ် .."

"လာမပြောနဲ့ .. ရှုံစရာတွေ .."

"အေး .. ဒါပေမယ့် နင်က ငါ့သမီး တော်နေပြီဆိုတာ နားလည်
ထား .. ဒီတော့ နင့်အမေလိုပဲ ငါ ဆုံးဖြတ်လို့ ရတယ် .."

"'နှင်းပန်းမြိုင်'ရဲ့ စည်းကမ်း ကလနားတွေကိုလည်း ငါ ချမှတ်
ဆုံးဖြတ်တဲ့အတိုင်း ဖြစ်ရမယ် .. ဒီတော့ နင် ဒီက ထွက်သွားဖို့ နင့်အမေ
ဆော ငါရော မတိုက်တွန်းဘူး .. ထွက်သွားပြီးရင်လည်း ပြန်တက်လာဖို့
စိတ်မကူးနဲ့ ..၊ အေး .. ပြောထားတဲ့ကြားက မျက်နှာပြောင်ရင်တော့

တံခါးတစ်ချပ်ရဲ့ အထဲနဲ့ အပြင် နင်တို့သားအမိ ရင်နှစ်ခြမ်း ခြမ်းခြမ်း
အောင် ငိုနေလည်း အိမ်ထဲ ဝင်ရမယ် မထင်နဲ့ ..'' တဲ့ ..။

ထိုစဉ်က သူ့အော် ကိုယ်အော် အကြီးအကျယ် ပြဿနာတက်ခဲ့
သည်။ မေမေ ငိုနေတာလည်း မသိ ..၊ နှလုံးရောဂါ ဖြစ်သွားလော
အောင် ထိနိုက်ကြေကွဲသွားခဲ့မယ်လို့လည်း မထင်ခဲ့ပါ ..။

စိတ်ထဲမှာ သူချစ်တဲ့ယောကျ်ား ဘယ်လောက်ထိ အောက်တန်း
တဲ့ အမျိုးအစားလဲဆိုတာ သိသွားပါစေလို့တောင် တွေးခဲ့မိသေးသည်

"မသွားပါနဲ့ သမီးရယ် .. သမီးအမေ အခုရမ်း စိတ်ထိခိုက်သွား
သိလား .. သမီးမှ မရှိရင် သမီးအမေ ဘယ်သူ့ကို အားကိုးမလဲ .."

"အနှင်း ကို အားမကိုးချင်လို့ သူ အားကိုးရမယ့်လူကို ရှာလို
တာပဲ ဒေါ်ဒေါ်သဲ .. အနှင်း ဆင်းသွားလည်း ငိုရရင် ခဏပေါ့ ..
သေးတယ် .. ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာဘူး .."

ပြတ်သားစွာ ပြောခဲ့သည်။ ကြားသွားအောင် တမင် ပြော
သည်။ ပြီးတော့ စင်ကာပူမှာ ဆွေမျိုးသားချင်းလည်း မရှိဘဲ သူငယ်
တစ်ယောက် အားကိုးနှင့် ထွက်သွားခဲ့ပြီး ဟိုမှာပဲ အလုပ်လုပ်ခဲ့သ

ကံကောင်းချင်တော့ ဟိုမှာ ကိုယ့်လူမျိုး အချင်းချင်း ရင်းနှီးသွ
ကာ အကူအညီတွေ ရခဲ့သည်။ အလုပ်တစ်ဖက်နှင့် ဘွဲ့တစ်ခုရအော
ပညာဆက်သင်နိုင်ခဲ့၏။ ခုဆို ဟိုမှာ ခင်မင်တွယ်တာခဲ့ကြတဲ့ မိသာ
တစ်စုလိုတောင် ဖြစ်နေခဲ့ပါပြီ ..။

"ပြောလေ .. ဆက်ပြောလေ သမီး .. သမီးက စင်ကာပူ ပြန်
တော့မလို့လား .. ဟိုမှာရော တစ်မိးတွေ ဘယ်လောက်ကောင်း
သမီး ခုလိုဖြစ်နေမယ် ဆိုရင် .."

"မပြန်ပါဘူး .. အနှင်း တောင်ကြီးကို သွားမယ် .."

"တောင်ကြီး ကို .."

ဒေါ်သဲမြ သံယောင်လိုက်ဆိုရင်း နားမလည်နိုင်သ လို ..၊





"ရန်ကုန်နဲ့ အဝေးကြီးပဲ သမီးရယ် .."

"လေယာဉ်နဲ့ဆိုရင် တစ်နာရီအတွင်း ထလာလို့ ရပါတယ် .."

"ဒါပေမယ့် .."

"ဒေါ်ဒေါ်သဲ အကြောင်းတစ်ခုခုပြပြီး ပြန်နေလိုက်ပါ .."

"အို .. သမီး ဒီလိုဖြစ်နေတာကို ဒေါ်ကြီးက တစ်ယောက်တည်း
ထားခဲ့ရမလား .. မဟုတ်တာ သမီးရယ် .."

"မေမေ့အတွက် ဒေါ်ဒေါ်သဲ လိုအပ်တယ်လေ .. အနှင်း က .."

"မမကြီးက တိုက်ကြီးပေါ်မှာ ခြွေရံသင်းပင်းတွေနဲ့ပါ ကလေး
ရယ် .. ပြီးတော့ မိလှ ကလည်း ဒေါ်ကြီးတူမပါ ..၊ သူရှိနေရင် အိမ်နဲ့
အဆက်အသွယ်ရဖို့ရော .. မမကြီးအတွက်ပါ စိတ်ချရပါတယ် .. သမီး
တကယ်ကို မပြန်တော့ဘူးဆိုရင် ဒေါ်ကြီးက သမီးနဲ့ပဲ နေရမှာပေါ့ ..
မမကြီး သိရင်လည်း ဒီတိုင်းပဲ ဖြစ်စေချင်မှာပါ .."

နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် တိတ်ကျသွားပြန်ကာ
ဒေါ်သဲမြ ပါးစပ်ပိတ် မျက်ရည်ကျနေတာကို နှင်းဆီ မမြင်နိုင်ပေမယ့်
ဒေါ်သဲမြ ကတော့ မြင်နေရလျက် ...

"တိတ် .. တိတ် သမီး .. မငိုပါနဲ့ကွယ် .. သမီး ဆုံးဖြတ်တာ
မမှန်သေးပေမယ့် မမှားပါဘူး .. ကိုထက်နိုင် က သိပ်လည်တာ ..
အပြောလည်း ပက်စက်တယ် ..၊ ဟိုတစ်ခါ သမီးအမေ ခေါ်လို့ ပြန်လာ
တုန်းကလည်း သမီးကို သူ မမြင်လိုက်ရပေမယ့် တွေ့များ တွေ့ခဲ့ရင်
အိမ်ပေါ်က တကယ် ဆွဲချတော့မတတ်ပဲ .. ခုနေ ပြန်သွားလည်း
ဒီတိုင်း နေမှာပဲ .."

တွေ့ခဲ့ မြင်ခဲ့တာတွေကို ပြောရင်း ဒေါ်သဲမြ ကလည်း မချိတရိ
အံကြိတ်နေရှာ၏။ မအေက ခေါ်တဲ့ နောက်ထပ်တစ်ခါမှာ ဒီ
မိန်းကလေး မပြန်ချင်ခဲ့တာလည်း အပြစ်မဆိုသာပါ ..၊

ပထမတစ်ခါ ခေါ်တုန်းက ကျန်းမာရေးက ပြောရလောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးရွားခဲ့တာ မဟုတ်ပါ ...၊ ဒါပေမယ့် အမွေကိစ္စတွေ ကြိတ်ပြီး စီစဉ်စရာရှိသည်လို့ တိုင်ပင်ခဲ့သဖြင့် ဒေါ်သဲမြ ကိုယ်တိုင် နှင်းဆီ နဲ့ ဆက်သွယ်ပြီး ခေါ်ပေးခဲ့တာ ဖြစ်၏။

ကိုယ့်အိမ်ကိုယ် မဝင်မထွက်ရဲစရာ ဘာမှတော့ မရှိပေမယ့် သားအမိ တွေ့ကြတော့ ဦးထက်နိုင် အိမ်မှာ ရှိမနေခဲ့ပေ ...၊ ဒါပေမယ့် ဝုန်းဒိုင်းကြဲပြီး ပြန်ရောက်လာသည်။ နှင်းဆီ လည်း နောက်ထပ်တစ်ခါ သွားမတွေ့ဖြစ်တော့ဘဲ ဘာကိစ္စမှလည်း မစီစဉ်ဖြစ်ခဲ့ပါ ...။

ဦးထက်နိုင် ကတော့ နှင်းဆီ က သူ မသိအောင် အိမ်ကို လာသွားပါသည်ဆိုပြီး လင်မယားချင်း သတ်ပွဲတွေလည်း ဖြစ်၏။ ကြိမ်းဝါးနေလိုက်တာလည်း ကြားလို့မကောင်းလောက်အောင်ပင် ...၊

ဒါတွေကြောင့် နှင်းဆီ ဆုံးဖြတ်လိုက်တာကို ဒေါ်သဲမြ ဒီ့ထက်ပိုပြီး မတားဆီးချင်တော့ပေ ...၊

"ဒေါ်ဒေါ်သဲ .."

"ဟင် .."

"အနှင်း ထပ်ပြီး မိုက်မဲမိပြန်ပြီလား ဟင် .."

"သမီးရယ် .."

"မေမေနဲ့ ပြောခွင့်ရရင် အနှင်း တောင်းပန်ချင်ပါတယ် .. ခုနေအနှင်း မျက်မမြင်ဘဝနဲ့ ပြန်သွားရင် .. ပြီးတော့ လူမမာရှေ့မှာဆိုပြီး ဦးထက်နိုင်ကြီး အပြောအဆို မဆင်ခြင်ခဲ့ရင် အဲ့ဒါတွေကြောင့် မေမေ ပိုပြီး အသက်တိုသွားမှာ .."

"ဟုတ်ပါတယ် .. ဒေါ်ကြီး တွေးမိပါပြီ သမီးရယ် .. မမကြီးကို အကောင်းဆုံး ပြန်ပြောနိုင်အောင် ဒေါ်ကြီး ကြိုးစားပါ့မယ် .. ပြီးတော့ သမီးအတွက် အစစအရာရာ အဆင်ပြေဖို့လည်း စီစဉ်ပေးမယ် .. ဘယ်သူ့ကိုမှ အကြောင်းမကြားရင် ဘယ်သူမှ သိမှာ မဟုတ်ပါဘူး သမီးရယ် နော် .. ဒီနေ့ ဆေးရုံက ဆင်းဖို့တော့ မကြိုးစားပါနဲ့ .."





ဒေါ်သဲမြ အထပ်ထပ် တောင်းပန်နေမိသည်။ နှင်းဆီ ခေါင်းမညိတ်ခဲ့ပါ ...၊ ဒါပေမယ့် မျက်ရည်တို့က မစဲသောမိုးကဲ့သို့ ဖွဲနေခဲ့ရင်း မျက်လုံးတွေက တဖျင်းဖျင်း ကျိန်းစပ် ကိုက်ခဲလာသည်။

မျက်လုံးတွေကို တွန်းလှန်ဖို့ ကြိုးစားကာ မျက်လုံးမှိတ်လိုက်တော့ မြင်လွှာတွေရဲ့နောက်ကွယ်မှာ ခပ်ရေးရေး အလင်းရောင်တို့ ပျောက်ဆုံးကာ ပို၍ သိပ်သည်းစွာ မှောင်မိုက်သွားသည်။

ထို့ကြောင့် စက်ဝိုင်းတွေ အနီ အဝါ အပြာ ရောင်စုံတို့က တစ်ရစ်ပြီးတစ်ရစ် လှိုင်းထသလို ပြန့်ကားသွားခဲ့ရင်း တရိပ်ရိပ် မူးနောက်လာ၏။

လူတစ်ကိုယ်လုံးကို အပေါ်နဲ့အောက် ကိုင်မြှောက် ဆွဲယမ်းခြင်းခံနေရသလို ရင်ထဲမှာ တလှပ်လှပ်နှင့် ...၊

"သမီး .. သမီး အနှင်း .."

"ဟင် .."

သူမ ပြန်ထူးလိုက်သည်။ ဒါပေမယ့် အသံ ထွက်သွားရဲ့လား ...၊ ဒေါ်ဒေါ်သဲ ကြားရဲ့လား ...။

ဘာမှန်းတော့ မသိပေမယ့် ဒေါ်ဒေါ်သဲ ထပ်ခေါ်နေသေးတာကိုတော့ ကြားနေရ၏။ သို့သော် ...

နောက်ထပ် ဘာသံမှ မကြားတော့ဘဲ သူမ မွေ့ရာခင်းကို ဆုပ်ဆွဲထားရင်း သတိလစ်သွားခဲ့လေသည်။ လွတ်ထွက်သွားသည့် အသိစိတ်ဆွကတော့ မေမေ့ထံ ပြေးလွှား ပျံသန်းနေခဲ့ပြီး ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘာသံတွေလဲ ဒေါ်ဒေါ်သဲ .."

"ဟင် .. သြော် .. အလုပ်သမားတွေ ပစ္စည်းသယ်နေကြတာပါ.."

ဒေါ်သဲမြ က ကားပေါ်မှာ ကိုယ့်ပစ္စည်းတွေ ကျန်ခဲ့မှာစိုးလို့ အိမ်ပေါ်တက်လိုက် .. ပြန်ပြေးကြည့်လိုက် အလုပ်ရှုပ်နေခဲ့၏။ နှင်းဆီ ကလည်း ဒေါ်သဲမြ လှုပ်ရှားနေသည့်အသံကို နားထောင်ရင်း နောက်ထပ်မေးဖို့ မေးခွန်းကို မျိုသိပ်နေလိုက်သည်။

"အစ်မကြီး ပစ္စည်းတွေ ကုန်ပြီနော် .."

"ဟုတ်တယ် .. ကုန်ပြီ .. ကုန်ပြီ .. ဒါလေးကိုတော့ အိမ်ထဲထိ သေချာလေး ထိန်းပြီး ပို့ပေးနော်ကွယ် .. တို့ချည်းပဲ ကျန်ခဲ့ရင် မသယ်နိုင်လို့ပါ .."

မျက်မမြင်တစ်ယောက်နှင့် ဗျာများနေသည့် ဒေါ်သဲမြ ကို ကားသမားနှစ်ယောက်ကလည်း အစအဆုံး ကူညီ သယ်ပိုးပေးသွားခဲ့ကြ၏။

"အမလေး .. မောသွားတာပဲ .. ပစ္စည်းလေး အနည်းအကျဉ်းသာဆိုတယ် .. နည်းနည်း ကြီးမားတာလေးတွေနဲ့ ကွိစိကွစ ဗာဟီရ ပစ္စည်းလေးတွေနဲ့ နည်းတာ မဟုတ်ဘူး .."





"ဒေါ်ဒေါ်သဲ က ဘာတွေ သယ်လာတာလဲ .. တမင် အေးဆေးနေချင်လို့ .. တောပိုင်းမှာ လာနေတဲ့ဥစ္စာ .. ခုလည်း နားထဲမှာ ဆူညံနေတာ .. ဒါက ရွာ မဟုတ်ဘူးလား .. အလုပ်သမားတွေ ပစ္စည်းသယ်နေကြတယ်ဆိုတာ ဘာလဲ .."

"သြော် .. ဒီက ကပ်လျက်မှာ ကျောက်တိုင်နဲ့ အိမ်ဆောက်ပစ္စည်းတွေ ဘာညာရောင်းတဲ့ဆိုင် ရှိတယ် .."

"ဟင် .."

ဒေါ်သဲမြ က ယာယီချထားသည့် ကုလားထိုင်တစ်လုံးမှာ ထိုင်နေစဉ်ဖြစ်ကာ နှင်းဆီ က အသံတွေကို နားစွင့်ရင်း ထိုဘက်ကို ခပ်စမ်းစမ်း တိုးလျှောက်သွား၏။

ဒေါ်သဲမြ ထိုင်မနေနိုင်တော့ဘဲ ကမန်းကတန်း ပြေးထတွဲရကာ...

"မြို့က ကုန်မာဆိုင်ကြီးတွေလို မဟုတ်ပါဘူး သမီးရယ် .. ပစ္စည်းလေးတွေ နည်းနည်းပါးပါး တင်ထားတဲ့ ဆိုင် ခပ်သေးသေးလေးပါ.."

"ဆိုင် သေးသေး မသေးသေး ဒေါ်ဒေါ် ရယ် .. ကော်ဖီဆိုင်တွေ အသင်ကျောင်းတွေ ကျူရှင်တွေ ဘာနဲ့မှ မနီးချင်လို့ အနှင်း ဒီကို လာနေတာ .."

"သမီးရယ် ခက်တော့တာပဲ .. ရွာဆိုပေမယ့် အရမ်း ခေါင်ဖျားကျွန်းတော့လည်း အန္တရာယ်ကြီးပါတယ်ကွယ် .. တိတ်ဆိတ်အေးချမ်းတယ်ဆိုတာ နေ့မှာ သိပ်အကြောင်းမဟုတ်ပေမယ့် ညဘက်ကျတော့ ချောက်ချားစရာကြီးပါ .. ဒီနေရာလေးက မြို့ပေါ်က အဆင်းလေးတင် .. သမီး နေကြည့်လိုက်ပါဦး .. တကယ်လို့ ဒီတိုင်းပဲ နားဆူနေတယ်ဆိုရင် ဟိုဘက်မှာ မြေနီကုန်းရွာဆိုတာ ရှိတယ် .. အဲ့ဒီဘက်ကို သွားကြည့်ကြတာပေါ့ .."

ဒါကို လက်မခံချင်ပေမယ့် ဒေါ်ဒေါ်သဲ ကိုလည်း ထပ်ပြီး စိတ်ညစ်စေချင်တော့ပါ ...၊



www.burmeseclassic.com

www.burmeseclassic.com



"သမီး .. ဒီမှာ ရော့ .. ဒီတုတ်လေး ကိုင်ထား .. ဒီမှာ ခလုတ် .. ကုန်းနိမ့် ကုန်းမြင့်တွေကျတော့ ဒါလေး အတိုးအလျှော့လုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းလို့ ရတယ် .."

မျက်မမြင်အတွက် အဆင်ပြေစေမည့် ပစ္စည်းတွေ လိုအပ်သလိုဝယ်လို့ ရနေတာလည်း ကိုယ် တကယ် ကြုံမှသာ ကျေးဇူးတင်မိခဲ့တာဖြစ်သည်။ ဘာကို တင်မိတာမှန်းတော့ မသိ ...၊

"ခဏနေရင် သမီး အထဲမှာ ဝင်လှဲပြီး အနားယူလို့ ရပြီ .."

"ဒေါ်ဒေါ်သဲ ဘာတွေ လုပ်နေတာလဲဟင် .. စောင် ခေါင်းအုံးတွေလောက်ကတော့ အနှင်း ဝိုင်းသယ်ပေးနိုင်ပါတယ် .."

"သယ်နိုင်မှန်းတော့ သိတာပေါ့ သမီးရယ် .. ဒါပေမယ့် သမီးကရှိုးရှိုးမျှားနှာနေတာမှ မဟုတ်တာ .. နောက်တော့မှ အိမ်နဲ့ အသားကျရင်သမီးဘာသာ လုပ်ပေါ့ .."

မျက်လုံး မမြင်တာကိုလည်း ဒါကြောင့် ဦးစားပေး ဂရုစိုက်နေရတာပေမယ့် မျက်မမြင်တစ်ယောက်လို့ ပြောလည်း မပြောရက် ...၊ ဒါကြောင့် ဂရုစိုက်နေတာကိုလည်း မခံစားစေချင် ...။

"လာ သမီး .. ဒီနားမှာ နေချင်ရင် ဒီမှာ ခုံလေး ချထားပြီးပြီ .. ထိုင်လိုက် .."

ကော်ခုံလေး ချထားပေးပြီး ထိုင်ဖြစ်သွားအောင် ဒေါ်သဲသဲ ကပဲ သေချာကိုင်ပြီး နေရာထားပေးရ၏။

"အခု အနှင်း မျက်နှာမူထားတာ ပြတင်းပေါက်လား ဟင် .."

"ဟုတ်တယ်လေ .. အဲဒါ ခေါင်းရင်း ပြတင်းပေါက် .. ကျောက်တိုင်တွေ ရောင်းတဲ့ဆိုင်နဲ့ဆို သူတို့က ခြေရင်း .."

မမြင်ရတဲ့လူအတွက် ဒေါ်သဲမြ က သေချာ လှမ်းကြည့်ပြီး ပြောပြနေရသည်။

"အိမ်ကတော့ တောအိမ်မျိုးပါပဲ .. နှစ်ထပ်တိုက် ပုံကြမ်းပေါ့ ..





မျက်နှာစာအဖွင့်က ကျယ်တယ် .. ရှေ့မှာ သွပ်ဆူးကြိုးခွေတွေရော .. ကျောက်တိုင်သံပုန်းတွေရော ...၊ အိမ်ထဲမှာတော့ တို့ လာတုန်းက အပြင်က ကြည့်လိုက်တာ အိမ်ဆောက်ပစ္စည်းတွေ တော်တော်စုံမယ့်ပုံပဲ .."

"ဒါနဲ့ ကွိစိကွစလေးတွေ ရောင်းတဲ့ ခပ်သေးသေးဆိုင်လေးပါဆို.."

"ဩော် .. ဟို .. သမီးကလည်း .."

ဆိုင်က သိပ်မကြီးတာတော့ မှန်ပေမယ့် ဆိုင်မှာ ရှိသမျှ ကိုယ်ကကြော်ငြာပေးမိတော့ အများကြီး ဖြစ်နေသဖြင့် ဆိုင် ခပ်သေးသေးပါပဲလို့ ရုတ်တရက် ပြန်ပြောဖို့ အခက်တွေ့သွား၏။

နှင်းဆီ က မပြုံးချင်ပေမယ့် ပြုံးလိုက်မိကာ ...

"အဲ့ဒါကို ထားလိုက်ပါတော့ .. နောက်ထပ် အရမ်းဆိုးမလာဘူးဆိုရင် အနှင်း သည်းခံလို့ ရပါတယ် .. ဒေါ်ဒေါ်သဲ ကိုပဲ အံ့ဩလို့ .."

"ဘာကိုလဲ ဟင် .."

"ဒေါ်ဒေါ်သဲ က တောမှာ မိန်းမသားနှစ်ယောက်တည်း မနေရဲလို့လား .."

"မဟုတ်ပါဘူး သမီးရယ် .. ဒေါ်ကြီး စိတ်ပူမိတာတွေက သမီးအတွက်ပါ .. ကိုယ့်အသက် ဒီအရွယ်ကျမှ ဒေါ်ကြီးက ကိုယ့်ကိုယ်ကိုယ် ဘာပူစရာ လိုလို့လဲ ...၊ သမီးက ချောချောလှလှ မိန်းမပျိုလေး.. ပြီးတော့ တောကလူ မြို့ရောက်လာရင် သိသာသလိုပေါ့ .. မြို့သူမြို့သားရဲ့ဟန်ပန် .. အသွေးအမွေးဆိုတာ ဘယ်မှာနေနေ သိသာတာပဲ .. သမီးအခု တောမှာနေလိုက်လို့ တောသူပုံစံ ချက်ချင်း ဖြစ်သွားမယ်လို့လား.."

နှင်းဆီ က ဘာမှမပြောဘဲ နားထောင်နေသည်။

"ဒေါ်ကြီး ဒီနေရာလေးကို ရွေးတာကလေ .. တောမဆန်သလိုမြို့လည်း မကျဘူး .. နေထိုင်ကောင်းမယ့် နေရာလေးပါ .. မြို့ပေါ်ကဆင်းလာရင် အိမ်ခြေတွေ ရှိတယ် .. ဒီတစ်ဖက်မှာကျတော့ စိုက်ခင်းတွေနဲ့ အိမ်ခြေကျဲကျဲ .. ဘယ်လောက် အေးချမ်းသလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အိမ်မှုဗာဟီရလုပ်ဖို့အတွက် လူတစ်ယောက်ယောက်တော့ ခေါ်ပါ .. အိမ်မှုကိစ္စတွေနဲ့ အနှင်း အတွက် အားလုံး ခေါ်ခေါ်သဲ တစ်ယောက်တည်း ဘယ်လိုလုပ်မလဲ .."

"မလိုပါဘူး သမီးရယ် .. ဒီ့ထက် အဆပေါင်းများစွာ ကြီးကျယ်ခမ်းနားတဲ့ ခြံကြီး တိုက်ကြီးထဲမှာ ဒေါ်ကြီး နိုင်နိုင်နင်းနင်း လုပ်လာခဲ့တာပါ ..၊ ခုလို အလုပ်မျိုးလောက်က ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားတာလောက်ပဲ ရှိတယ် .. သမီးသာ စိတ်ချမ်းသာတတ်အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစား .."

နှင်းဆီ ရဲ့ လက်မောင်းလေးကို တယုတယ ဆုပ်ကိုင်လိုက်ပြီး ဆံစလေးတွေကို ပွတ်သပ်ပေးမိကာ ...

"ပြန်မရနိုင်တာတွေကို ဘာမှ ခေါင်းထဲ မထည့်နဲ့နော် .. မမကြီးနဲ့ အဆက်အသွယ် မပြတ်အောင် ကြိုးစားမယ် .. သမီး မသိစေချင်တာ ဘာမှ ပေးမသိဘူး .. သမီး ဖြစ်ချင်တာတွေ အားလုံး ဖြစ်ရအောင်သာ ဒေါ်ကြီး ကြိုးစားပေးမှာ .. သမီး မှတ်ထားနော် .."

စိတ်ချမ်းသာတတ်အောင် နေပါဆိုမှ ငိုချင်လာသည်။ ပြန်မတွေးပါနဲ့ဆိုမှ မေမေနဲ့ ဦးထက်ခိုင် ရဲ့ ရုပ်ပုံလွှာတွေကို ပြန်မြင်မိခဲ့၏။

ဒီလူကြီးကို လက်ထပ်လိုက်ပြီဆိုတည်းက မေမေနဲ့ နှင်းဆီ ရဲ့ ဆက်ဆံရေးက ရေခဲရိုက်သွားသည့် မှန်သားပြင်လို ကြည်သာ ကြည်နေပေမယ့် ပုံရိပ် မထင်တော့ဘဲ ရှိခဲ့၏။ ပြီးတော့ ဘယ်ဘဝက ပါလာခဲ့သည့်အမုန်းနဲ့ ဆုံစေသော ရေစက်တွေလဲ ..၊

ဦးထက်ခိုင် နဲ့သူမ မျက်နှာချင်းဆိုင်မိပြီဆိုတည်းက ချစ်ခင်ရင်းနှီးစေခြင်းကို မဖြစ်ခဲ့ဘဲ မနှစ်မြို့ မလိုလားခြင်းတွေနဲ့သာ စတင်ခဲ့၏။

"မင့်သမီးက မလောက်လေး မလောက်စားပါ နှင်း ရယ် .. နေရာတကာ တိုးတိုးဖော်လို ရှေ့တန်းတင်ပြီး မေးမြန်း ဆွေးနွေးနေစရာ မလိုပါဘူး .."





"သားသမီးဆိုတာ ရှေ့တန်းတင်မှန်း သိရင် ပိုကဲလာကြတာပဲ.. မင့်သမီးကို မင်း ပုံစံနည်းနည်းလေး ပြောင်းကိုင်ကြည့်လိုက် .."

မေမေ့ကို ကွယ်ရာမှာ ပြောနေသလိုလိုနှင့် ဒီစကားတွေ ပြောတဲ့အခါတိုင်း သူမ ကြားနေခဲ့ရတာက ကိုယ်လည်း တမင် လိုက်ချောင်းနေရတာ မဟုတ်ဘဲ တိုက်ဆိုင်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ..။

ဒီလူကြီးကိုယ်က ကိုယ့်ကို ရန်စနေဟာ ဖြစ်သည်။ အိမ်မှာ ပါတီတွေ ခဏ ခဏလုပ်၍ နှင်းဆီ နဲ့ ရွယ်တူ ချာတိတ်လေးတွေ ပါအောင် ခေါ်သည်။ ကကြ ဆိုကြနှင့် ဗရုတ်ကျပြီဆို ချာတိတ်တွေနှင့် နှင်းဆီ ပြဿနာ တက်ရပြီ ..၊

"မြတ် တို့က မိန်းမသားတွေချည်းပဲ ကိုနိုင် .. ပါတီလုပ်တာက လုပ်ပေါ့ .. ဒီလောက်ထိ အပျော်လွန်ကြတာ မကောင်းပါဘူး .."

"ခု ကိုယ် ရှိနေပြီဆိုတော့ မိန်းမသားတွေချည်းပဲမှ မဟုတ်တော့ဘဲကွ.. ယောက်ျားဆိုတာ ယောက်ျားလို နေတာပဲ.. အလုပ်တွေ ဖိစီးပြီး ဒီလောက် မွန်းကျပ်နေရတာ ပျော်စရာရှာပြီဆို ပျော်ဖို့ လုပ်ရမှာပဲ.."

မေမေ ဘာပြောပြော သူ့မှာ ဆင်ခြေ အမြဲရှိသည်။ ပိုဆိုးတာက မေမေ့ကို 'နှင်း'လို့ ခေါ်ပြီဆို ပီပြင်အောင် မခေါ်ဘဲ 'အနှင်း'ခေါ်သလိုလို .. 'နှင်း' ခေါ်သလိုလို ..၊

"မဟုတ်ပါဘူး သမီးရယ် .. သူ အစတည်းက မေမေ့ကို နှင်းလို့ ခေါ်တာပါ .."

"နှင်း လို့ ခေါ်တာနဲ့ .. အနှင်း လို့ ခေါ်တာ ဆင်တူပေမယ့် ဘာကယ်ကွဲပြားအောင် ခေါ်လို့ရတယ် မေမေ .. ပြီးတော့ မေမေက ကိုယ့်ကိုယ်ကိုယ် မြတ် လို့ ပြောတတ်တာ .. သူက ဘာဖြစ်လို့ မြတ် လို့ မခေါ်တာလဲ .."

မေမေက သမီးနဲ့ ခင်ပွန်းဖြစ်သူကြားမှာ ပြေလည်ဖို့ ကြိုးစားပေမယ့် ရပုံမပေါ်ဘဲ ဦးထက်ခိုင် ရဲ့စိန်ခေါ်သံကြီးကပဲ ဟိန်းထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ မင်းတို့သားအမိ နာမည်တူတွေ ထည့်ထားတဲ့ ပြဿနာပဲ ကွ .. ငါနဲ့ ဘာဆိုင်လို့လဲ .."

"ဟုတ်မှာပေါ့ .. သူ့ကို ခေါ်တော့ အနှင်း လို့ ခေါ်ရတယ် .. မင်းကိုကျတော့ နှင်း လို့ ခေါ်ရကယ် .. အဲဒီတော့ မင်းကို အနှင်း လို့ ယောင်ခေါ်မိချင် မိမှာပေါ့ .."

လို့ ပြောင်ပြောင်ပြောပြီး စိန်ခေါ်နေသေးသည်။ ဒါတွေကို ဘယ်လိုပြေလည်အောင် ဖြေရှင်းနိုင်မှာလဲ ..၊ ဦးထက်ခိုင် က ရုပ်ရည်ရှိသေးသည်။ အရွယ်တင် နုပျို၍ နဂိုတည်းက ငွေကြေးပြည့်စုံသူမို့ စကားပြောတာက ကောင်းကင်မှာ လွင့်နေ၏။

သူလည်း မုဆိုးဖိုပဲ ဖြစ်ပေမယ့် သူ့မှာ ကလေး မရှိပေ ..၊ ထို့ပြင် မိန်းမကိစ္စမှာ ရှုပ်ထွေးတာလည်း နာမည်ကျော်သူ ဖြစ်သည်။ မေမေဘာတွေ စွဲလမ်းပြီး လက်ထပ်ဖို့ထိ ဆုံးဖြတ်ခဲ့သလဲ ဆိုတာကတော့..၊

"မေမေတို့က ရည်းစားဟောင်းတွေ .." ဟု ဆိုခဲ့၏။

ဒါဆို **တစ်ခုလပ်** အိမ်ထောင်ကွဲတွေ ဖြစ်ပြီဆိုတာနှင့် ရည်းစားဟောင်းတွေကို **ပြန်ရှာ**ပြီး လက်ထပ်ယူကြတာ အပြစ်မရှိဘူးတဲ့လား..။

တစ်ခုလပ် **မုဆိုးဖို** မုဆိုးမတိုင်း ရည်းစားဟောင်းတွေနဲ့ ပြန်ဆုံပြီး လက်**ထပ်နေ**ကြတာ တင့်တယ်သလား ..၊

**စိတ်အာရုံ**နှင့် ပုံရိပ်တွေနဲ့ ရှုပ်ထွေးသော မေးခွန်းများက အဖြေမရှိဘဲ အဆုံးအစမဲ့ ဖြစ်ထွန်းလာခဲ့၏။

ဒါပေမယ့် မြင်လွှာတွေ ပျက်စီးနေကာမှတော့ ဒီလူ့မျက်နှာကို ဘယ်လိုအကြောင်းနဲ့မှ ကြည့်ရဖို့ မရှိတော့ပါ ..။

ကိုယ့်ဘဝအတွက် အလင်းရောင် လိုပေမယ့် ဒီလူကြီးကို မမြင်ရရေးအတွက်ကတော့ သူမ ကန်းနေတာပဲ ကောင်းပါသည်။





အခန်း (၃)

"မြန်မာနိုင်ငံတစ်ခွင် ပြုပြုစင်အောင် ခြေဆန့်နေတာ မနဲ့သေးဘူး ထင်ရင်တော့ အထက်စကြဝဠာ .. အောက်မှာ အဝီစိ.. ဘယ်ကို အရင်သွားချင်သေးသလဲ .. ပြော .."

"စကြဝဠာဖြစ်ဖြစ် .. အဝီစိဖြစ်ဖြစ် .. အရှင်လတ်လတ် ပို့ပေးမယ့် ခရီးသွား အာမခံတွေမှ မရှိသေးတာ .."

"သြော် .. သြော် ..."

"ခွန်ဖိုင်း .."

"ပြောလေ .."

ထမင်းဝိုင်းမှာ မိသားစုတွေ စုံနေကြသည်။ စုံစုံညီညီ ပြောနေကြတာလည်း သူ့ရဲ့ကောင်းသတင်းလေးတွေပဲ ဖြစ်၏။ ဒါပေမယ့် ခွန်ဖိုင်းမျက်နှာက တစ်စက်လေးမှ မညှိုး ..၊

"အပြင်မှာ သွားလာနေတာလည်း မပြောနဲ့ .. ပြန်လာတဲ့အချိန်တိုင်းမှာလည်း အဆူချည်းပဲ ခံနေရတာ .."

"ဟော့ .. ဆူနေမှန်းသိလို့ ရိုကျိုးနာခံနေတဲ့ပုံလေး နည်းနည်းလေးပဲ ခမ်း .. မင်းကို ဆုချဦးမယ် .."

"ကျွန်တော်က အဖေ့ကို ပြန်ခံပြောနေလို့လား .."

www.burmeseclassic.com



"ဘာလဲ .. အခွန်းတိုင်း ခံပက်နေတာ လိမ္မာပါတယ်ပေါ့ ..

"အဲလိုလည်း မပြောပါဘူး .."

"ကဲ .. ကဲ .. ထမင်းစားကြပါဦး .. နားငြီးလိုက်တာ .."

ဒေါ်မြတ်ညွှန့် က သားနှစ်ယောက်နဲ့ သမီးငယ်ကို ဟင်း လှမ်းထည့်ပေးနေကာ ...

"ကဲ .. ဖအေကလည်း .. ရှင် ဒီသားကိုပဲ မျှော်နေပြီးတော့ ..

"ဟုတ်လား .. အဖေက ကျွန်တော့်ကိုလား .."

"အေး .. မင်းကို ဘယ်နေ့ အိမ်ပေါ်က ကန်ချရတော့မလဲ တိုင်မျှော်နေတာ .."

"ကန်ချချင်တာများ ရက်ရာဇာ ပြဿဒါး ရွေးနေသေးတ အဖေရာ .."

"ဟိတ်ကောင် .."

အကြီးဆုံးဖြစ်သည့် ခွန်မင်းထွန်း က ထမင်းစားရင်း ခက် သည့်လေသံနှင့် ဟန့်တားကာ ...

"မိဘရဲ့စကားကို မင်းက ဘာလဲကွ .."

"မိဘရဲ့စကားက ဘာမှ မဖြစ်ဘူး .. ကိုမင်း သာ နောက် ကျွန်တော့်ကို ခွေးမောင်းတဲ့အသံနဲ့ ထပ်မပြောဖို့ စဉ်းစား .."

"ဘာကွ!..."

"ဟဲ့ .. ဩော် .. ထမင်းစားနေကြရင်းနဲ့ ...၊ တိတ်ကြစမ်း ..

"ဖြစ်ပေ့စေ .. ထမင်းစား မပျက်ချင်ရင် မြန်မြန်စားပြီး မြန် ထရုံပဲ .."

အလတ်မဖြစ်သည့် ဟေမာ က ထမင်းနှစ်လုတ် ပါးစပ် မြန်မြန်ထည့်ပြီး ပန်းကန်ပါ 'မ'၍ ဝိုင်းထဲက ထထွက်သွားသည်၊

ဦးထွန်းငွေ နဲ့ ဒေါ်မြတ်ညွှန့် ရယ် .. ခွန်ဖိုင်း ရယ်က ဆက်လ ၍ ...





မင်း မမိုက်ရိုင်းနဲ့ ခွန်ဖိုင်း .."

ကိုမင်း က စရိုင်းတာလေ .. ကျွန်တော့်ကို 'ဟိတ်ကောင်'လို့ တော့မှ မခေါ်နဲ့ .."

ခေါ်တော့ ဘာဖြစ်လဲကွာ .."

ခေါ်တော့ ခုလို ဖြစ်ရတာပေါ့ .."

ဟဲ့ .. တော်ကြတော့ .."

ဒေါ်မြတ်ညွှန့် ဘယ်သားကိုမှ 'တိခနဲ' တိတ်ကျသွားအောင် နိုင် ...၊

ါက သူမရဲ့ ဟိုတုန်းတည်းက လွန်စွာ သဘောကောင်း နူးညံ့ သာအကျင့်ပဲ ဖြစ်သည်။ သူမကျမှ တည်ကြည်ပြတ်သားလွန်း ဦးထွန်းငွေ နဲ့ ဖူးစာဆုံခဲ့သည်။

သားနဲ့ သမီးကလည်း သူ့အဖေလို စိတ်ဓာတ် မာကျောပြီး ပြတ် သူတွေပါ ...၊ အငယ်ဆုံးဖြစ်သည့် ခွန်ဖိုင်း ကတော့ ...

ခွန်ဖိုင်း .."

ပြော .. ထမင်း လုံးဝ မစားရသေးဘဲ နားထောင်မလို့ စောင့် .."

အငယ်ပိပိ ဤသို့ ကျိုးနွံခဲ့တာ ဖြစ်သည်။ အကြီးဖြစ်သူတွေက ဘယ်တုန်းကမှ နူးညံ့ညင်သာခဲ့ခြင်း မရှိသည့်အလျောက် ...

အေး.. မင်းလည်း ငါ ဘာပြောမယ်ဆိုတာ သိနေမှာပါ.. ငါက.."

မသိဘူး .. မသိလို့ နားထောင်ဖို့ စောင့်နေတာပေါ့ .. အပိုတွေ ာ မကြိုက်တဲ့သူချင်း .. ကျွန်တော်က ကိုမင်း ထက်တောင် ပို ယ် .."

ဘာကွ!..."

တိတ်ကြစမ်း .. ဟေ့ .."

အဖေ့ကောင်ကို အဖေ တိတ်ခိုင်းလေ .. အငယ်ဆုံးဖြစ်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်ခံပြောတာတွေ .. မိဘကိုတောင် ချန်မထားဘူး ..”

“မိဘကို ကျွန်တော်က ဘာပြောနေလို့လဲ ..”

“ခုပဲ မင်း ပြောနေတာ ..”

ခွန်မင်းထွန်း က ထမင်းစားနေသည့်လက်ကို ခါပစ်ပြီး ရေ… ထဲမှာ နှစ်ဆေးလိုက်သည်။ ပြီးမှ ...

“သင်းက သွေးစကား ပြောနေတာ .. မိဘကို ပြန်ခံပြောတာ… ဝမ်းနဲ့မလွယ် သားမမည် ဆိုတာမျိုး ..”

“အကြီးကောင် တော်စမ်း ..”

“အမေ အဲဒါပဲ .. ဒီကောင့်ကို ထိရင် အမေ ပါလာတာပဲ …”

“ကဲ .. တော်ကြပါတော့ .. ထမင်းဝိုင်းမှာ မိသားစုစုံစုံ စားရမ… မှတ်ပါတယ် .. လူစုံတာနဲ့ ပြဿနာ ရှင်းရတော့တာပဲ ..”

“ဟုတ်တယ် .. အဲ့ဒါ အမေ့သားပဲလေ .. အမေ မွေးစားခဲ့… သား ..”

“ကိုမင်း .. မင်း တော် နော် ..”

“အံမာ .. ဟုတ်တာပြောတော့ နာသလား .. ဒီမိသားစုမှာ မ… စုန်းပြူးတစ်ကောင် ပါလာတာ .. ငါတို့ မင်းလို မဆိုးဘူး .. မင်… မိဘကို မစော်ကားဘူး ..”

“စော်ကားတယ်ဆိုရအောင် ကျွန်တော် ဘာတွေ လုပ်ခဲ့မိသ… အဲ့ဒါကို ပြောစမ်းပါ ..”

“တစ်သက်လုံးက ထင်သလို နေ .. ထင်ရာ လုပ်လာခဲ့တာပဲ …”

“ဟောက်!...”

“အံမာ .. ဟိတ်ကောင် ..”

“ဒုန်း ..”

တက်ခေါက်ပြီး ခွန်ဖိုင်း ထွက်သွားသဖြင့် ခွန်မင်းထွန်း ဒေါ… တကြီး လိုက်ဖို့ ပြင်သည်။





ကုလားထိုင်ကို ခြေထောက်နဲ့ ချိတ်မိကာ ခုံရွေ့သွားသလို လူပါ ယိမ်းယိုင် ကျန်ရစ်၏။

“ပြန်ထိုင်စမ်း အကြီးကောင် ..”

“ငါ သေချင်ပါတယ် နော် .. ကိုထွန်းဌေ ရယ် .. ရှင့်သားတွေကို ပြောစမ်းပါဦး ..”

ဒေါ်မြတ်ညွန့် ထမင်းစားနေသည့်လက်ကို ပန်းကန်နှုတ်ခမ်းမှာ ဆေးတင်ထားရင်း ငိုချတော့မတတ် ညည်းလေသည်။ ခွန်မင်းထွန်း က ပြန်ထိုင်လိုက်ပေမယ့် အံတကြိတ်ကြိတ် ...၊

ထို ထမင်းပွဲငင်းက ဇာတ်ဆိတ်စွာ ပြီးဆုံးသွားခဲ့ပြီး ဧည့်ခန်းမှာ ပြန်ထိုင်မိကာမှ ...

“ငါတို့မှာ စီးပွားရေးလည်း သူ့ဟာနဲ့သူ လည်ပတ်နေတာ.. ဘာမှ ပြောစရာ မရှိဘူး .. မင်းထွန်း လည်း လေဆိပ်မှာ သူ့အလုပ်နဲ့သူ နေတာ တစ်ပတ်မှ တစ်ခါပဲ ပြန်လာတယ် .. အလတ်မလည်း မကြာခင် သူ့ ဘာဝနဲ့ မန္တလေး ပြောင်းရတော့မယ် ..”

“အဲ့ဒီတော့ .. ဖိုင်း ကိုပဲ ရှင် ပြောချင်တာမို့လား ကိုထွန်းဌေ ..”

“မင်းကလည်း ကြိုတင်ကာကွယ်ဖို့ ပြင်ဆင်ထားတာပဲ ..”

“မျက်နှာငယ်တဲ့ ကလေးပါရှင် .. ရှင်တို့ ဘာပြောပြော သူ့ဘက်မှာ ခံရတာ မသက်သာရှာပါဘူး ..”

“အဲ့ဒီလိုနဲ့ ဒီအရွယ်ထိ မင်းပဲ ဖေးမပေးလာခဲ့တာလေ .. အားလုံး က မျက်နှာငယ်ရှာတယ်ဆိုပြီး သနားကြင်နာဖို့ ကြိုးစားခဲ့ကြတယ်.. သူက မျက်နှာငယ် ကြေကွဲနေတဲ့လူနဲ့ ဘယ်နေရာမှာ တူသလဲ ..”

“ကြေကွဲနေခဲ့တုန်းကရော ရှင်တို့ ဘာပြောခဲ့ကြသလဲ .. ပြန်စဉ်းစားပါဦး ကိုထွန်းဌေ ရယ် ..”

“ဩော်.. ရှင်ဘို့ဆိုတော့.. အမေ့စကားက ကျွန်တော်တို့ မောင်နှမ… ပါလာပြီပေါ့ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုမင်း ရေ .. အမေက သူ့သားအတွက်ဆို ဒီတိုင်းပဲ .. မသိဘူးလား .."

ဂျင်းစာအုပ်တစ်အုပ်နှင့် ထွက်လာသည့် ဟောမာ က လူမရောက်သေးဘဲ ထောက်ခံချက်ကို အရင်ပို့နှင့်ကာ ...

"အားလုံးက မကောင်းဘူး .. သူ့သားပဲ ကောင်းတာ .."

"မဟုတ်ပါဘူးအေ .."

ဒေါ်မြတ်ညွန့် သားသမီးတွေနဲ့ ခင်ပွန်းဖြစ်သူကို မျက်နှာတွေ လိုက်ကြည့်ရင်း ဘယ်သူ့ကို ဘယ်လိုရှင်းပြရမှန်းလည်း မသိတော့ပေ။

သူမတို့ မိသားစုက အကုန်လုံးတော့ တောင်ကြီးဇာတိ မဟုတ်ကြပေ ..၊ ပြင်ဦးလွင်ကနေ ပြောင်းလာခဲ့ကြပြီး သားနဲ့ သမီးကိုတော့ တောင်ကြီးမှာ မွေးတာ ဖြစ်သည်။

နိုင်း ကို မွေးစားဖြစ်ခဲ့တာကတော့ မြို့ပေါ်က ခြံကျယ်ကြီး မရောင်းမီတည်းကပါ။ ကိုယ့်ရဲ့ခြံဘေးမှာ ဟိုတယ်လ်ကြီး ရှိသည်။

နိုင်း ကို ဟိုတယ်လ်၏ အပေါ်ထပ် အခန်းတစ်ခန်းထဲမှာ ဧည့်သည်ဖော့ထဲက ဘယ်သူ စွန့်ပစ်ထားခဲ့မှန်း မသိလိုက်ဘဲ မျှဉ်ရစ်ခဲ့သည့် ကလေးအဖြစ် သူမတို့ ကြားခဲ့ရတာ ဖြစ်၏။

"ဟိုဘက်က ဟိုတယ်လ်မှာ ကလေးလေး ဘယ်သူ ထားခဲ့မှန်း မသိဘူးတဲ့ ကိုထွန်းဝေ ရယ် .. ဆယ်လဆောက်ပဲ ရှိဦးမှာ .. ဖြူဖြူထွားထွား ယောကျာ်းလေး သိလား .."

"ဧည့်သည်မှတ်ပုံတင်တွေ ယူဆောင်သွားတာပဲ ကွာ.. ဘယ်အခန်းမှာ ဘယ်သူတည်းခဲ့တာ သူတို့ သိတာပဲ .."

"အဲဒါက ဟုတ်တယ်လေ .. ဒါပေမယ့် ခြံအရောင်းအဝယ်ကိစ္စရှိလို့ မှတ်ပုံတင် ခဏ ပြန်ပေးပါဆိုပြီး တောင်းသွားတာတဲ့ .. အဲ့ဒါ ပြန်မလာတော့ဘဲ ကလေးကျန်ခဲ့မှန်းလည်း သူတို့က နောက်မှ သိကြတာ .. လူတွေကို သိပေမယ့် နာမည်တွေ .. လိပ်စာတွေ ဘာမှ မသိ







လိုက်ဘူးတဲ့ .."

"မဟုတ်တာကွာ .."

"ဟုတ်တယ် ကိုထွန်းဝေ ရဲ့ .. အဲဒီဟိုတယ်လ်က မှတ်ပုံတင်နဲ့ အခန်းနံပါတ် တွဲသိမ်းလိုက်တာလေ .. ကလေးပါမှန်းတောင် မသိလိုက်သလိုလို ပြောနေကြတာ .."

ကလေးကို ပြေးကြည့်ပြီး သတင်းအစုံအလင်ကိုပါ သိခဲ့တာမို့ ကလေးကို လိုချင်နေသည့် ဒေါ်မြတ်ညွန့် က ရူးနေတော့သည်။

"မင်းကွာ .. ကိုယ့်မှာလည်း သားသမီး မရှိတာ မဟုတ်ဘူး .. အလုပ်မှာလဲ .. ဘယ်ကမှန်း မသိ .. ဘာမှန်း မသိ .."

"ကလေးက ဆံပင်ကြိုးလေးနဲ့ လက်စွပ်လေးနဲ့ ဖွေးဖွေးသန့်သန့်လေးပါ ကိုထွန်းဝေ ရယ်.. မိဘက ပစ်သွားတာ မဟုတ်ဘဲ ဒုက္ခတစ်ခုခု တွေ့သွားလို့ ပြန်မလာနိုင်တာလည်း ဖြစ်နိုင်တာပဲ .. မိဘတွေက ရှမ်းတွေလို့လည်း ကြားတယ် .."

ကလေးရဲ့ကောင်းခြင်းအဖြာဖြာကို တစ်ဖွဲ့တစ်နွဲ့ပြောပြီး ဟိုတယ်လ် က တာဝန်မယူချင်သည့်ကလေးကို ဒေါ်မြတ်ညွန့် က မွေးစားခွင့်ရအောင် ကြိုးစားသည်။

"မင်းနှယ်ကွာ .."

ဦးထွန်းဝေ က ထိုစဉ်တည်းက မတားဆီးခဲ့ပေမယ့် သဘောတူ နှပ်ခဲ့တာတော့ မဟုတ် ..၊ ခက်နေတာက ဘယ်ဘဝက ပဋ္ဌာန်း ဆက်ရှိခဲ့မှန်း မသိသော ကလေးကို ဒေါ်မြတ်ညွန့် က မြင်မြင်ချင်း ချင်ခဲ့၏။

ဒီကလေးကိုပဲ မွေးစားဖို့ ဆုံးဖြတ်၍ ဖြစ်အောင်လည်း လုပ်ခဲ့သည်။

"ကျွန်မတို့ ကလေးတွေက ကြီးပြင်းလာရင် ရှက်ကြမ်းရေကျို့ အောက်ပဲ ထင်တယ်နော် .. အငယ်လေးက ဖြူဖြူထွားထွားကြီးနေပီ..

www.burmeseclassic.com



ခြေတံလက်တံကြီးတွေကို ကြည့်ပါဦး.. အရုပ်အမောင်းကောင်းကောင်းနဲ့ တော်တော်ချောမယ့်ပုံ ..”

“အေးပါ ကိုယ့်သားသမီးတွေကို ထားပြီး သူများကလေးကို အထင်တကြီး တပိုက်ပိုက်ဖြစ်နေတာ မင်းလိုအမေမျိုး ငါ မတွေ့ဖူးဘူး ..”

“တပိုက်ပိုက် ဖြစ်နေတာက ကိုယ့်ကလေးတွေက လက်လွှတ်လို့ ရပြီလေ .. ဒါလေးက ခုမှ လသားလေးဥစ္စာ .. ပြီးတော့ အထင်ကြီးလို့ ပြောနေတာ မဟုတ်ပါဘူး .. ကိုယ် မွေးစားခဲ့တဲ့ကလေးက မျိုးရိုးအဆင့်အတန်း မနိမ့်ကျဘူးဆိုတာကြည့်ပြီး ပီတိဖြစ်တာပါ .. နောင်ရေး စိတ်အေးရတာပေါ့ ..”

ဒေါ်မြတ်ညွန့် ကလေးကို ဘယ်လောက်ထိ မက်မောနေလဲဆိုလျှင် မကောင်းတတ်လို့ အဲဒီခြံကြီးမှာ နေခဲ့တာ နောက်ထပ် တစ်လပဲဖြစ်ကာ ခြံရောင်းမည့်ကြော်ငြာ လွှင့်ခဲ့ပြီးတာနှင့် ဒီနေရာကို ပြောင်းရွှေ့လာခဲ့တော့သည်။

“မင်းပဲ တောင်ကြီးမှာ နေချင်လှချေရဲ့ဆို .. ဘယ့်နှယ် မြို့ပေါ်ကနေ ကျင်းထဲ ဆင်းပြောင်းရတာလဲ ..”

“ကျင်း မဟုတ်ပါဘူး ကိုထွန်းငွေ ရယ် .. ဒီမှာက နေရာပိုကျယ်တယ်.. မြို့ပေါ်က ခြံကျယ်ကြီးထဲမှာ ဘာမှ လုပ်မရပေမယ့် ဒီမှာ စီးပွားရှာလို့လည်း ရတယ် ..”

ကိုထွန်းငွေ က ဘာတွေပဲပြောချင်နေနေ ဒေါ်မြတ်ညွန့် ကိုတော့ အလိုလိုက်ခဲ့တာပင် ..၊ ဒါပေမယ့် ခွန်ဖိုင်း ဆိုသည့်နာမည်နှင့် ဒီကောင်လေးကို အားလုံးက မလိုလားကြသော တည်တည်တံ့တံ့ ဆက်ဆံရေးတို့ဖြင့် အမြဲတမ်း ..၊

“ပြောရင် ငါတို့က မင့်သားကို နှိမ်တယ် .. ဖယ်ကြဉ်ကြတယ်ဒါပဲ ..၊ မင့်သားက မိသားစုနဲ့ ကွဲပြီး တစ်စရိုက် တစ်ဘာသာ ဖြစ်နေတာကျတော့ မင်း ဘယ်နှစ်ခါ ခွဲခြားကြည့်ဖူးသလဲ ..”





ဦးထွန်းငွေ က ဖနီးဖြစ်သူ မျက်နှာငယ်စွာ ငြိမ်ကျသွားတော့လည်း လေသံ မသိမသာ ပြောင်းလဲသွားခဲ့ပြီး ဒေါသလိုလို .. ရှင်းပြနေတာလိုလိုနှင့် ...

“ကျောင်းထားတယ် .. ဆယ်တန်းကို နှစ်ခါကျတယ် .. တက္ကသိုလ်တက်တယ် .. ပထမနှစ်ကို နှစ်နှစ်ဖြေမှ အောင်တယ် ..”

“ကိုထွန်းငွေ ရယ် .. အကြီးတွေလို စာမတော်တာနဲ့ပဲ ..”

“ဘယ်ဟုတ်ဦးမလဲ.. ဒါပေမယ့် မင့်သား အဲ့ဒါတွေမှာလည်း ရိုးသားစွာ ကျရှုံးခဲ့ရတယ် မှတ်နေသလား .. လူကြီးမိဘတွေ ဆူတာပြောတာကို တမင်ရွဲ့တာ .. အရွဲ့တိုက်ပြီး ကိုယ့်တန်ဖိုးကို ကျအောင်လုပ်တာ ..”

“အငယ်ကောင်က စာကို ဂရုမစိုက်တတ်တဲ့အကျင့် ..”

“ဂရုမစိုက်တတ်တဲ့အကျင့် မဟုတ်ဘူး .. တမင်တကာ ဂရုမစိုက်ဘဲ နေတာ ..”

“မဟုတ်တာ ကိုထွန်းငွေ ရယ် ..”

“သိပ်ဟုတ်တာပေါ့ .. အဲ့ဒါတွေကို ငါ ပြောပြနေတော့ ငါကပဲ အပြစ်လိုက်ကြည့်နေတာလိုလို ..”

ကိုထွန်းငွေ က သက်သေတွေ သာဓကတွေနဲ့ ပြောလို့ မပြီးနိုင်..၊ နိုင်း ရဲ့ ပုံစံကလည်း ပြောရလောက်အောင် ရိုင်းပျသွားခဲ့တာမို့ ဒေါ်မြတ်ညွန့် ‘မဟုတ်ဘူး ..’ ‘မဟုတ်နိုင်ပါဘူး ..’ဆိုတာကလွဲပြီး ဘာမှလည်း ရှင်းမပြနိုင်ခဲ့ ..။

တကယ်တမ်း ပြောရမယ်ဆို ဒါကလည်း ‘မွေးစားသား’ဆိုတဲ့ အပြစ်ကို တမင် ခွဲခြားသိထားစေခဲ့သည့် အကြောင်းရင်းကြောင့်ပဲ မဟုတ်ဘူးလား ..၊

ဟိုတုန်းတည်းက ဒါကို ဒေါ်မြတ်ညွန့် အပြင်းအထန် တောင်းဆိုခဲ့ဖူးပါသည်။ ဦးထွန်းငွေ က သဘောမတူ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကလေးတွေနဲ့ ဘယ်လိုပဲ အတူတူ မွေးထားထား .. ပတ်ဝန်းကျင်က သိပြီးသား .. ငါတို့ အဲဒီလူတွေပါးစပ်ကို ဘယ်လို လိုက်ပိတ်နိုင်မှာလဲ ..၊ အေး .. ပတ်ဝန်းကျင်ပြောလို့ သိလာတာကမှ 'ညာရက်တယ်'တို့ .. 'လိမ်ရက်တယ်'တို့ ထဖြစ်ပြီး စေတနာကို ကျကျနန ကြီး ဆော်ကား ထွက်သွားမှာ .."

"ကလေးတွေချင်း သွေးကွဲမှာ စိုးလို့ပါရှင် .. ဘာပဲဖြစ်ဖြစ် ခုပဲ ကြည့်ပါဦး .. ကလေးတွေဆိုတော့ သနားစရာမှန်း မသိ .. ညာတာရမှန်း မသိ .."

အဲ့ဒီတုန်းက လင်မယား ဒီအကြောင်းပြောနေတုန်းမှာပဲ ကလေးတွေ ကစားနေရင်း ရန်ထဖြစ်ကြတာ .. ကိုယ့်အနားလေးမှာပဲ ဖြစ်သည်။

"အံမာ .. မင်းက မွေးစားသား .."

"မဟုတ်ဘူး .. အမေက မဟုတ်ဘူးလို့ ပြောတယ် .."

"ဟား .. ဟား .. ဟေမာ့ ကို မေးကြည့်ပါလား .. မင်းကို မွေးစားသားမို့လို့ အဖေက ငါတို့လောက် မချစ်တာပေါ့ .. မုန့်ဖိုးဆိုလည်း ငါတို့က ပိုရတယ် .."

"ဟုတ်တယ် .. မနေ့က ငါတို့ ဒိုးပွဲသွားကြည့်တာလည်း နင့်ကို မခေါ်ဘူးလေ .. ငါတို့ရယ် .. အဖေရယ် .. အမေရယ် .."

"မဟုတ်ဘူး .. ငါ အိပ်နေလို့ .."

"ဟား .. ဟား .. ဟား .. နင် အိပ်မှ တမင်သွားတာကိုး .. အရူး.."

"ဟီး .. ဟီး .. ဟီး .. မွေးစားသား .."

"မွေးစားသား .."

"ဟဲ့ .. ကော်ဇမ်း .. အကြီးကောင် စာသွားကျက်တော့ .."

ငယ်ငယ်လေးတွေတုန်းက ဒေါ်မြတ်ညွှန့် အော်ငေါက် ကြိမ်းမောင်းလို့ မီးသေနေကြသေးသည်။ ဦးထွန်းဝေ ကတော့ ဒါကို လက်တွေ့ပြပြီး ဖိုင်း အတွက် တောင်းပန်တာလည်း ဂရုမစိုက်ပါ ..။





"သဘာဝကိုက သွေးက စကားပြောတာကွ .. မင်း ဒါကို ပြောင်းလဲချင်လို့ မရဘူး .."

"သွေးက စကားမပြောလည်း ပြောတတ်အောင် လူတွေက သင်ပေးနေကြတာပါ ..၊ ခုပဲ ရှင့်သားသမီးတွေ ပြောသွားကြတာ ကြည့်လေ .."

ထိုစဉ်အခါတုန်းတည်းက ဖိုင်း ကို သနားလွန်းလို့ ဒေါ်မြတ်ညွှန့် ချက်ရည်လည်ခဲ့ရသည်။ တစ်ခါတလေ ကွယ်ရာမှာ ကြိတ်ငိုခဲ့ရ၏။

ထို့ပြင် ကလေးကို တခြားလူသာ မွေးစားလိုက်ရင် ဒီလောက် ဆိုးပါ့မလားလို့ တွေးမိကာ ကိုယ့်ကြောင့် ဒီကလေး အဖြစ်ဆိုးရတာလားလို့ နောင်တရမိတာတွေလည်း ဖြစ်ခဲ့၏။

ခုတော့ မပြေလည်မှုများစွာနှင့်ပဲ ဒီမိသားစုထဲမှာ ဖိုင်း က လူလားမြောက်ခဲ့ရသည်။ ဒီလို အပြောအဆို ဖယ်ကြဉ်ခံရခြင်းတွေကြားထဲမှာ ဒီကလေး ခုလိုပုံစံ ဖြစ်လာခဲ့တာ ဘယ်သူ့အပြစ်လဲ ..။

"ပြောရမယ်ဆိုရင်တော့ မင်းက မွေးစားခဲ့လို့ပဲ .. ဒါပေမယ့် ဖြစ်လာသမျှမှာ ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါဘူး .."

အတိတ်နဲ့ ပစ္စုပ္ပန်ကြားမှာ လုံးထွေးနေသည့် ဒေါ်မြတ်ညွှန့် ၏ အာရုံထဲကို ဦးထွန်းဝေ ရဲ့ မျှတဖို့ ကြိုးစားလိုက်သည့် စကားသံ ဝင်လာခဲ့သည်။

ထို့ကြောင့် ဒေါ်မြတ်ညွှန့် ရဲ့ စိတ်တို့ ပစ္စုပ္ပန်ကိုပဲ ရွေ့ရှူလာခဲ့ပြီး...

"ကျွန်မကလည်း အဲဒါကို ကလေးတွေ သိစေချင်တာပါ .."

ပြောပြီး အကြည့်တွေက သားနဲ့ သမီးထံ ရောက်သွား၏။

"မင်းက မွေးစားသားလို့ ပြောရတာ ခုချိန်ထိ အရေးသာတွေနေသေးတယ်ဆိုရင်တောင် မင်းတို့ ကလေးတွေ မဟုတ်ကြတော့ဘူး .."

ခွန်မင်းထွန်း မျက်နှာလွှဲပြီးမှ မသိမသာ မဲ့၏။ မအေကို ချစ်ကြပေမဲ့ ဖိုင်း နဲ့ ပတ်သက်ပြီး ဘက်လိုက်ပြောလာခဲ့တိုင်း မကျေနပ်မိတ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ဝင်နေကြမြဲ ..၊

"လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာက သူပြောတဲ့ စကားသံတွေထဲ မှာလည်း ရှိတာပဲ .."

"ရိုင်းပျတဲ့ အပြုအမူတွေရော မပါဘူးလား အမေ .. အမေ့သားရဲ့ ဒီဓိုင်းမျိုးပေါ့ .."

ဟေမာ က စကားထောက်ပြီး ရယ်ကျဲကျဲ လုပ်နေ၏။ မျက်ဝန်း တွေကတော့ မကျေနပ်မှုတွေ အပြည့် ..၊

"ပြောကြည့်တာပါ .. တစ်လောကလုံးမှာ ခွန်ဓိုင်း ကလွဲပြီး အား လုံး ရိုင်းနေတယ် အမေ ထင်မှာစိုးလို့ .."

"မထင်ပါဘူးအေ.. ဓိုင်း မယဉ်ကျေးဘူးဆိုတာ ငါ သိပါတယ်.."

'တော်သေးတာပေါ့ ..'ဆိုသည့် အပြုံးနှင့် ဟေမာ က မေးဆတ် ညိတ်၏။ ဦးထွန်းငွေ ကတော့ ဓိုင်း ပတ်သက်ပြီး ဒီသားသမီးတွေနဲ့ ဒီအမေ ဘယ်လို အဆင်မပြေမှုတွေနဲ့ပဲ အငြင်းပွားနေပါစေ ဘယ်သော အခါကမှ ဟန့်တား ဆုံးမခဲ့တာ မရှိ ..။

သူကိုယ်တိုင်ကလည်း ခွဲခြား ချီးမြှောက်ဖို့ ရှိလာပြီဆို ပြောင် ပြောင်ပါပဲ ..။

"ဒါပေမယ့် အခု ကလေးတွေလည်း မဟုတ်ကြတော့ဘူး .. ငါက ငါ မွေးထားတဲ့ သားနဲ့ သမီးကိုတောင် 'ဟဲ့ ..'လို့ တစ်ခွန်းခေါ်က် လိုက်တာနဲ့ ငြိမ်သက်သွားအောင် မထိန်းနိုင်တာ .. ဓိုင်း ကို ဘယ်လို ထိန်းရမလဲ .."

"ဒါကတော့ သူ့အဆင့်နဲ့သူ အစတည်းက ငြိမ်ဝပ်နေတတ် အောင် ခွဲခြား ဆုံးမထားရမှာကို အမေက လုပ်မှ မလုပ်ခဲ့ဘဲ .."

ဒေါ်မြတ်ညွှန့် အကြည့်တွေ ခွန်မင်းထွန်း ဆီ ရောက်သွားမိပြန် သည်။ ဒီသားက တစ်မျိုးပါလား ..၊

"အရေးပေးထားရင် ခွေးတောင်မှ ပါးလျက် နားလျက် လုပ်သေး





တာ .. အမေက ဓိုင်း အတွက်ဆို တကယ့် ဒိုင်းပဲ .."

ဒိုင်းလို ကာကွယ်ပေးထားတာတောင်မှ နောက်ကို ထွင်းဖောက် ပြီး ဒဏ်ရာပေးနိုင်ခဲ့ကြတာ သူတို့ကိုယ်သူတို့ မသိကြတာလား ..။

ဒေါ်မြတ်ညွှန့် သက်ပြင်းချမိ၏။

"အေးပါ.. မင်းတို့ပဲ စကားတွေ တတ်ပါတယ်.. ဒါပေမယ့် ကိုယ်ရိုင်းလို့ သူ ရိုင်းတယ်ဆိုတာလေးတော့ တစ်ထစ်လျှော့ပြီး တွက် ထားပေးကြပါ.. အဲ့ဒါ မင်းတို့ရဲ့အသက်အရွယ် ဂုဏ်သိက္ခာတွေအတွက် လည်း ပါပါတယ်..၊ ပြောရရင် မင်းတို့နှစ်ယောက်က သူ့ထက် အသက် ကြီးတယ် .. သူ့ထက် ပိုပြီး တည်ကြည်သင့်တာက မင်းတို့မှာ ရာထူး ရာခံ အဆင့်အတန်းတွေနဲ့လေ .."

"စကားလုံးလှလှတွေနဲ့ ထိုးနှက်မနေစမ်းပါနဲ့ အမေရာ.. အသက် ပဲ ကြီးကြီး .. ဘာရာထူးကြီးပဲ ရှိနေနေ ဘဝပေါင်းများစွာ ပြုကျင့်ခဲ့တဲ့ ပါရမီအထူးထူးနဲ့ ဘုရားရှင်တောင်မှ ဝေဿန္တရာမင်းကြီးဘဝမှာ ဒေါသ မထိန်းနိုင်သေးလို့ ဓားထဆွဲခဲ့သေးတယ် .."

"သော် .. ဒါတွေ ပြောနိုင်ဖို့တော့ သေချာ လေ့လာထားတာပဲ.."

"ကျွန်တော်တို့က တရား မရှိ .. ဘုရား မသိလို့ အမေက ပြောချင် တာလား .."

"နှစ်ခုစလုံး မရှိနေရင် မင်းတို့ လူဖြစ်ရှုံးပြီပေါ့ .. ငါ အဲ့ဒီလို မပြောပါဘူး .. ဒါပေမယ့် လူတစ်ယောက်ကို စာနာတတ်ဖို့အတွက် ပိဋကတ်သုံးပုံ ကျေနေဖို့ မလိုပါဘူး .."

"ဘာလဲ .. မင်းတို့သားအမိ ဘယ်တရားက အမှန်ဆုံးလဲ စကား ရည် လုကြမလို့လား .."

ဦးထွန်းငွေ က စိတ်မရှည်စွာ ဝင်ပါလာသည်။

"ရာထူးရာခံ မရှိတဲ့လူက မိုက်ရိုင်းခွင့် ရှိနေတယ်ဆိုရင် ဒီလောက မှာ စာမတတ်တဲ့လူတွေ အများကြီး ရှိသေးတယ် .. အားလုံးပဲ လူမိုက်..



www.burmeseclassic.com

www.burmeseclassic.com



လူရှုပ်းကားတွေ ဖြစ်နေကြသလား .. မပြောချင်လို့ နေနေတာကွာ .. မင်း အဲ့ဒီကောင်ကို ပစားပေးလွန်းတာတွေ ဆင်ခြင်စမ်းပါ .. အထူးသဖြင့် ဒီကောင် အိမ်ကပ်နေတဲ့အချိန်တွေမှာ ဆင်ခြင် .. ကျားကို အတောင်တပ်ပေးတာမျိုး မလုပ်မိစေနဲ့ ..”

တစ်ယောက်က ဆုံးမနေရင် တစ်ယောက်က ငြိမ်နေပေးမယ် ဆိုတာမျိုး မရှိ ...၊

မိဘနှစ်ပါးက ဒီလို ချိတ်ဆက်မညီ ဖြစ်နေမှတော့ သားသမီးကို ဘယ်လို ဆုံးမ ရလဲ ...၊

ဒီစကားပြောပြီး နှစ်ယောက်တည်း ရှိတုန်း ဦးထွန်းငွေ ကို ဆွေးနွေးကြည့်ခဲ့ဖူးသည်။ သို့သော် ...

“မပြောသင့်တာ ငါ သိတယ် မြတ် .. ဒါပေမယ့် နိုင်း နဲ့ ပတ်သက်ပြီး ငါ့သားနဲ့ သမီးကို အရှုံးပေးနိုင်းရင်တော့ ငါ လုံးဝ မခံဘူး.. ပြောမှာပဲ ..” တဲ့ ...

ထို့ကြောင့် ဦးထွန်းငွေ ဘယ်လိုစကားတွေနဲ့ ဝင်ပါလာပါစေ .. သားအဖသုံးယောက် ဖြစ်သွားပြီဆို ဒေါ်မြတ်ညွန့် ရှုံးခဲ့ရတာပင် ...။

“ဒီမှာ .. မင့်သားလည်း ဘွဲ့ရပြီးသားပဲ .. ဒီနေ့ထိ ဘာအလုပ် လုပ်ဖို့ ပြောဖူးသလဲ ..”

“ဝန်ထမ်း မလုပ်ခဲ့ပေမယ့် သူ သုံးဖို့တော့ သူ ရှာနေတာပဲ .. အိမ်မှာ လက်ဝါးဖြန့်ပြီး သုံးဖြုန်းနေတာမှ မဟုတ်ဘဲရှင် ..”

“တစ်ခါမှ လက်ဝါး မဖြန့်ခဲ့ဘူးပေါ့ ..”

“ကိုထွန်းငွေ ရယ် .. မိဘနဲ့ သားသမီးဆိုတာကတော့ ..”

“ငါ မွေးထားတာမှ မဟုတ်ဘဲကွ ..”

ပြတ်သားစွာ ပြောပြီး ဘာမှ မပြောလိုက်သလို ခပ်တည်တည် နေ၏။ ဒေါ်မြတ်ညွန့် ပါးစပ်အဟောင်းသား ဖြစ်သွားတော့ ခွန်မင်းထွန်း နဲ့ ယောမာ တို့က ပြုံးစိစိတွေဖြစ်ကာ သဘောတွေ ကျနေကြ၏။





“မင်းက ငါတို့ချည်းပဲ အလွန်ပြောနေလို့ လွန်ရတဲ့အကြောင်းကို ပြောပြတာလေ ..”

တိခနဲ တိတ်ကျသွားပြီးမှ ဦးထွန်းငွေ က ပြန်လှည့် ရှင်းနေသည်။

“ကလေးလေးတုန်းက ကောက်မွေးစားခဲ့တယ် .. ဒီအရွယ်ထိ ပြုစု ကျွေးမွေးခဲ့တယ် .. တော်ပြီလေ .. ဘာမှမတော်တဲ့ သူများကလေး တစ်ယောက်ကို ဘယ်လောက်ထိ ..”

“တော်ပါတော့ ရှင် ..”

နိုင်း အမှတ်တမဲ့ အပြင်က ပြန်လာရင် ကြားသွားမှာစိုးကာ ဒေါ်မြတ်ညွန့် ပဲ စကားဝိုင်းထဲက ထွက်ဖို့ ကြိုးစားရ၏။ ဘယ်သူ့ရှေ့မှာ ဖြစ်နေနေ .. ဒီစကားဝိုင်းက အားနာ လျှော့ချသွားမှာ မဟုတ်တာ သိနေကာ ...

“ကျွန်မဖြင့် ကြာလာလေ .. အံ့ဩမိလေပါပဲ ..”

မတ်တတ်ရပ်လိုက်ပြီးမှ ပြောချင်မိတာကိုလည်း မမျိုသိပ်နိုင်ဘဲ...

“လသားအရွယ်လေးတည်းက မွေးမြူလာခဲ့တဲ့ ဒီကလေးအပေါ်က သံယောဇဉ်လေး တစ်စိုးတစ်စိမှ ရှိမနေခဲ့ဘူးဆိုတာ ..”

“အစတည်းက မင်း စိတ်ချမ်းသာ လုပ် ဆိုပြီး ငါ ခွင့်ပြုခဲ့တာလေ .. ချစ်ပါတယ်လို့များ ငါတို့က ပြောမိလို့လား ..”

ပြောမိတာက ကိုယ့်အပြစ်ပါ ...၊

ဒေါ်မြတ်ညွန့် စိတ်ပျက် အားလျှော့ကာ အိမ်ထဲ ပြန်ဝင်ခဲ့မိသည်။ နိုင်း ဒီလောက်ထိ မယဉ်ကျေးခဲ့တာ ဘယ်သူ့အပြစ်တွေလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ခွန်ဇိုင်း .."

ရေချိုးမလို့ လဲချလိုက်သည့်အင်္ကျီကို ပြန်ကောက်ပြီး ထွက်လာခဲ့တော့ ဟောမာ က အားတံခါးနားက စောင့်နေကာ ...

"ငါ့အင်္ကျီ တစ်ထည်လောက် ထည့်လျှော်ပေးစမ်းပါ .."

"ဘာဖြစ်လို့ လျှော်ပေးရမှာလဲ .."

"ဟဲ့ .. ငါက မနက်ဖြန် အလုပ်ကိစ္စ ခရီးသွားရမှာ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

ဇိုင်း က ဟောမာ့ ကို တိုးတိုက်ပြီး ရေကန်ဘက်ကို ဆင်းသွားသည်။ ဟောမာ က နောက်က ဆင်းလိုက်သွားကာ ...

"ခွန်ဇိုင်း .. ငါ နင့်အစ်မ နော် .. နင့်ထက် ကြီးတယ် .."

"မသိဘူး .. မေ့နေတယ် .."

"ဩော် .. ဟုတ်မှာပေါ့ .. မနေ့က မိုးကြိုးပစ်ခံရတဲ့ထဲမှာ နင်လည်း ပါသွားတာကိုး .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဇိုင်း က မျက်နှာမော့ ရယ်သည်။





အရပ်ကြီးက ထွားထွားကျိုင်းကျိုင်း .. ရင်ဘတ်ပြင်ကျယ်က တခြားသော ယောကျ်ားတွေထက် နည်းနည်း ပိုချင်၏။

အားခွဲ မကျတကျ ဖြူခြောက်ခြောက် ဝါကျင့်ကျင့် ဆံပင်ရှည်ကြီးတွေ ပခုံးထောက် ရှိနေကာ ...

"ဆံပင်တွေရော လူရော တစ်ကိုယ်လုံး ယိမ်းထိုးနေအောင် မရယ်နဲ့ .. တောင်ထိပ်ပေါ်တက်ပြီး ရင်ဘတ်စုံထုနေတဲ့ လူဝံကြီးနဲ့ တူတယ်.."

အင်္ကျီ ကိုင်ထားရင်း ခါးနှစ်ဖက်ထောက်ကာ ဟောမာ ရှုံ့ရှုံ့မဲ့မဲ့ ကဲ့ရဲ့သည်။ ထို့ပြင် ...

"ဒီမှာ နင် မှတ်ထား .. လူဆိုတာ နေတတ် စားတတ်ရတယ် .. ဒါမှ ကိုယ် ရသင့်တဲ့နေရာကို ရတာ .."

"ဟုတ်တယ် ထင်တယ် .. ငါက မနေတတ် မစားတတ်ခဲ့လေ့ နေရာရရ မရရ ဂရုမစိုက်တတ်တဲ့အကျင့်တောင် ပါနေပြီ .."

ပြောပုံက ရယ်မောမပျက် ..၊

"ဥပမာ မုန့်ဝေတော့ မရဘဲ တုတ်ဝေမှ ရတာတွေကို ကျေကျေပ်နပ် ခံယူပြီး ပေးတဲ့တာဝန်ကို အရိုးကြေကြေ အရေခန်းခန်း ထမ်းရွက်ပေးဖို့ သင့်တာတွေ .."

"နင့်ကိုလည်း အဲဒီလောက် တော်သင့် ကောင်းမွန်ဖို့ မမျှော်လင့်ဘူး ခွန်ဇိုင်း .. နင် ဘာတစ်ခုမှကို မသိတတ်ဆိုးရွားခဲ့တာတွေကိုပဲ ပြောချင်တာ .. ငါတို့က နင့်အပေါ် မကောင်းဘူးချည်းပဲ တွေးနေမယ့်အစား .. နင်ရော ဒီအိမ်မှာ ဘယ်လောက်ကောင်းနေသလဲဆိုတာ စဉ်းစားဦး .."

"မစဉ်းစားပါဘူး .. ဘယ်သူ့မေတ္တာကိုမှလည်း ငါ မမျှော်လင့်ဘူး .. ဒီမှာ ဟောမာ .. နေတတ် စားတတ်ဖို့ဆိုတာ ငါချည်းပဲ လိုတာမဟုတ်ဘူး .. နင်တို့လည်း လိုတယ် .."

"ဘာ!... ပြောတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ငါက ငါ နေတတ်သလို နေတာလေ .. အမေ့ သံယော
ငါ အိမ်ကို ပြန်လာတယ် .. စားပါဆို ဝင်စားလိုက်တာပဲ .. မနေ့
ငါ စားခါနီးမှ မသဒ္ဒါကြည်ဖြူစွာ မျက်စောင်းထိုးတာမျိုး ရှိလာ
ထားပစ်ခဲ့တယ် ..၊ ပြောချင်တာက စားစေချင်လို့ ကျွေးရင် စား
မစားစေချင်ဘူးထင်ရင် မစားဘူး .. နေတတ် စားတတ်ခြင်းဆို
ဒါပဲ မဟုတ်ဘူးလား .."

ရှစ်ဆေ ခြောက်ပေရှည်သည့် အုတ်ကန်ပေါင်မှာ ခါးစောင်းနဲ့
လက်ပိုက်လိုက်ကာ ...

"ငါ အဲဒီလို နေတတ် စားတတ်တာ သိနေရင် နင်တို့
ဘယ်လို နေရ စားရမယ်ဆိုတာ ပြန်တွေးပေါ့ .."

ပြောနေရင်း သူမ လက်ထဲက အင်္ကျီကို ကြည့်၍ ...

"ငါတို့ ကိုယ့်ဘာသာ နေတတ်ကြရင် အကျယ်အကျယ် ပြေ
ဖွယ်တွေ ဖြစ်နေဖို့ မလိုတော့ဘူး .."

"အေး .. မှတ်ထားလိုက်မယ် ..၊ နင့်ဆီက အဲဒီလို သိတတ်ပုံ
တွေကိုလည်း အမေ့ကို ပြောပြပါဦးမယ် .."

"စိတ်မဝင်စားဘူး .."

ဖိုင်း က ရွဲ့ပြီးဆို တစ်ဆုံးထိ ရွဲ့သည်။ ကိုယ့်အင်္ကျီတစ်ထည်
ဖွပ်လျှော်ဖို့တောင် ဝတ်စရာ မရှိတော့မှ သတိရတာ ..၊ သူ့အင်္ကျီ
ပေးပါ ပြောလာသေးသည်။

သူ့အတွက်က ဒီလောက် ပြေပြေပြစ်ပြစ် ပြောပေးလိုက်
တော်တော် စိတ်ကောင်းဝင်နေလို့ ..၊ သူ့လောကမှာ သူ့ဒသ
သူတော်မှ ကိုယ်ကောင်းမည် ..၊ ကိုယ်ချည်းပဲ သူတော်ကောင်း
နိုင် ..၊

နှုတ်ခမ်းမဲ့ရင်း အင်္ကျီတစ်ထည်ကို ဒုန်းဒိုင်းမြည်သွားအော
ဆောင့်လျှော်ပစ်လိုက်သည်။





ပြီးတော့ ရေထဲကို လက်တံတောင်ဆစ်ထိ နစ်သွားအောင် ရေနှစ်
း တဖွမ်းဖွမ်း လောင်းချိုးပစ်လိုက်၏။

အိမ်ကိုရောက်လာပြီဆို ခွန်မင်းထွန်း တို့ မောင်နှမနဲ့ မဆုံတဲ့အခါ
ပြောရဆိုရ သက်သာ၍ ငြိမ်းချမ်းမှုကိုလည်း ရတတ်ပါသည်။
ဒီမောင်နှမ ရှိနေပြီဆို တစ်နေ့ အခါနှစ်ဆယ်လောက်က ရန်ဖြစ်
း .. ဒေါသထွက်ရခြင်းများနှင့် ...

"ဟင်!..."

လက်ခုပ်ထဲကို ဆပ်ပြာညှစ်ချ၍ ကိုယ်ကို ပွတ်တိုက်နေမိစဉ် တစ်
အိမ် ပြတင်းပေါက်ကနေ မိန်းကလေးတစ်ယောက် ရပ်ကြည့်နေ
နှင့် ပက်ပင်းတိုး၏။

ဆံပင် ပခုံးလောက်အရှည် ပျော့စင်းစင်းလေးနှင့် မျက်နှာက ပါးမို့
ယ် မောက်ပေမယ့် လေးထောင့်ဆန်တာမျိုးတော့ မဟုတ်..။
ပြည့်သွယ်သည့်မျက်နှာမျိုးဖြစ်ကာ ဖြူစင်ဝင်းနစ်နေသည့် အသား
က ညနေဆည်းဆာကြောင့် ပို၍ ဝင်းထိန်နေသလိုပင် ..၊
လည်စည်းနှင့် ကိုယ်ကျပ်ဆွယ်တာပုံမျိုး အင်္ကျီက လက်နှစ်ဖက်
ပွပွအိအိနှင့် လက်ခုံတွေပေါ်ထိ ရှည်၏။ ပြောရမည်ဆိုလျှင်
ပေါက်ကနေ မြင်ရသည့် ကိုယ်လုံးပုံသဏ္ဌာန်အရမှာလည်း
တော်လေး ပြေပြစ်မှု ရှိလေသည်။

"လှတော့ လှပါရဲ့ .. ဘာလဲ .."

ယောကျ်ားလေးတစ်ယောက် ရေချိုး ဆပ်ပြာတိုက်နေတာကို
မလွှဲတမ်း စိုက်ကြည့်နေတာ ဘယ်လို ခွဲခြားပြီး ဖြစ်ပျက်ရှုနေ
..၊

သူကလည်း ရေဆက်မချိုးဘဲ ဆပ်ပြာကို စိမ်ပြေနပြေ တိုက်နေ
မလိုပဲ မျက်နှာ မလွှဲတမ်း ကြည့်နေလိုက်၏။

"အားပါး .."



www.burmeseclassic.com

www.burmeseclassic.com



လက်လန်တယ်လို့ ရေရွတ်ရင်း ခေါင်းတွင်တွင် ခါမိ၏။ ရေချိုးနေရင်း သူမထံမှာပဲ သူ့မျက်လုံးတွေ စူးရောက်နေခဲ့၏။ လှလွန်းလို့ မဟုတ်ပါ ..။

အစကတော့ လှလို့ လှမ်းကြည့်မိတာပေမယ့် ကြည့်နေမိရင်း သူမ မျက်နှာမလွှဲတော့ဘူးလားဆိုတာကို ပို စိတ်ဝင်စားလာခဲ့သည်။

သူမကတော့ ပြတင်းဘောင်မှာတောင် ပခုံးစောင်းလေးနဲ့ မှီလိုက်ရင်း လက်ပိုက်လိုက်သေးသည်။ လူက လှုပ်ရှားပေမယ့် မျက်နှာကတော့ ဒီကနေ မလွှဲ ..၊

သူသာလျှင် ရေချိုးပြီးသွားသည် ..၊ သူမက ဒီအတိုင်း ..။

"ဟ!..."

"ဟာ!... ဘယ်လိုဖြစ်လာတာလဲ .."

အိမ်ထဲ ဝင်ခါနီးမှ သူမ လိုက်ကြည့်နေဆဲ ရှိတာကို နောက်ပြန်လှည့်ကြည့်မိစဉ် အထဲက ထွက်လာသည့် ခွန်မင်းထွန်း နှင့် သေချာ ဝင်တိုက်မိတော့သည်။

"ဘာဖြစ်လာတာလဲကွ .."

"ကိုမင်း .. ဟိုဘက်ကအိမ်မှာ လူသစ်တွေ ရောက်နေတာလား.."

"ဟုတ်မှာပေါ့ .. မင်းလို ကမ္ဘာခံကျယ်သရွေ့ မရောက်တဲ့နေရာ မရှိအောင် သွားနေတဲ့ကောင်တောင် မသိတာ .. ငါက ဘယ်လိုလုပ်သိမှာလဲ .."

"ကမ္ဘာခံကျယ်သရွေ့ သွားလာနေပေမယ့် ခြေရင်း ခေါင်းရင်း အိမ်တွေကို သွားလည်ဖို့မှ ဝါသနာ မပါတာ .."

"ငါကတော့ ပါနေလို့လား .."

"ကိုမင်း တို့ အိမ်မှာ အမြဲရှိနေတာပဲ .. သိသလားလို့ပါ .."

ခွန်မင်းထွန်း က တစ်ဖက်က ပြတင်းပေါက်ကို လှမ်းကြည့်သည်။





မိန်းမလှလေးတစ်ယောက် ပြန်လှည့်ဝင်သွားတာ မြင်လိုက်မှ အထင်မြင်သေးသော ခပ်မဲ့မဲ့အပြုံးနှင့် ...

"အဲဒီဝါသနာမျိုး လုံးဝ မပါဘူး .. မင်း သိချင် သွားမေးကြည့်.."

ဒီကောင့်ကို စကားကောင်းပြောဖို့ စိတ်ကူး မရှိခဲ့သဖြင့် တမင် ဆားပြောခဲ့ပေမယ့် ရေချိုးဖို့ထွက်လာခဲ့သည့် သူ့မျက်လုံးတွေက ပြတင်းပေါက်က ခွာသွားသည့် မိန်းကလေးကို တွေ့ရလို တွေ့ရငြား ..၊

"ဟ!.. ဟ!.."

မျက်နှာသစ်ဆပ်ပြာနဲ့ ကိုယ်တိုက်ဆပ်ပြာဘူးတွေကို ကန်ဘောင်ပေါ် တင်လိုက်ပေမယ့် မျက်လုံးက တခြားရောက်နေမိသဖြင့် ရေထဲကို တမင် ချပစ်လိုက်တဲ့အတိုင်း ..၊

"သေစမ်း .. သေလိုက်စမ်း .. ကျွတ်!... သွားပြီ .."

ရေထဲကို မြုပ်ဆင်းသွားသည့် ဆပ်ပြာဘူးတွေကို ဒေါသတကြီး ငုံ့ကြည့်မိကာ နောက်ကိုလည်း မလုံမလဲ ပြန်ကြည့်မိသေးသည်။

ဟိုကောင်သာ မြင်လိုက်ရင် ဘာပြောကောင်းမလဲ ..၊

ဒါတွေ အမြန်ပြန်ဆယ်မှ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"သမီး .. နေရတာ အဆင်ပြေရဲ့လား သမီး .."

"အင်း .. ပြေပါတယ် .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဟင် .."

"ကိုယ့်မျက်လုံး မမြင်ရတဲ့အဖြစ်ရယ် .. မေမေ့ကို ဆုံးရှုံးရတော့မယ့်အဖြစ်ရယ် .. ဒါတွေကို တစ်ပြိုင်နက် ခံစားနေရတာ .."

ပြောနေရင်း မျက်ဝန်းတို့မှာ မျက်ရည်တွေ ဝေ့လည်လာခဲ့သည်။

"အနှင်း မခံစားနိုင်အောင် ဖြစ်နေတယ် ဒေါ်ဒေါ်သဲ ရယ် .."

"ဟုတ်တာပေါ့ သမီးရယ် .. ဒီလောက် စိတ်ထိခိုက်ဖို့ ကောင်းတာကို ဘယ်သူမှ မျိုသိပ်မထားနိုင်ပါဘူး .. ဒေါ်ကြီး ဖြစ်စေချင်တာကလေ သမီး နာကျင်နေတာကို မျိုသိပ်ခံစားမနေပါနဲ့ .. ပြီးတော့ အကောင်းတိုင်း ပြန်မရနိုင်တော့တာတွေကိုလည်း ရင်ထဲမှာ သိုလှောင်သိမ်းဆည်းပြီး အဆုံးအစမဲ့ တွေးမနေပါနဲ့ကွယ် နော် .."

"အနှင်း နားလည်တယ် ဒေါ်ဒေါ်သဲ .. ဒါပေမယ့် မေမေ ဒီလိုဖြစ်နေတဲ့အချိန်ကျမှ အနှင်း က ဒီဘဝမျိုး ရောက်နေခဲ့ရတယ် .."

"ကံကြမ္မာကို ဘယ်သူမှ စိတ်ကြိုက် ပုံချရေးလို့မှ မရကြတာ သမီးရဲ့ .."





"အခု မေမေ သက်သာပါတယ်ဆိုတာ တကယ်လား ဟင်.. အနှင်းက ဘာကိုမှ မမြင်နိုင်တော့တဲ့လူပါ .. ကြားနေရတာလေးကိုတော့ အမှန်အတိုင်း ကြားပါရစေ .. မညာပါနဲ့ .."

"အို.. ပေါက်ပေါက်ရှာရှာ ညာရက်ပါ့မလား သမီးရယ်.. ဒေါ်ကြီး မညာပါဘူး ..၊ ဟိုလေ .. သမီးက မသိစေချင်ဘူးဆိုတော့ မမကြီးကိုတော့ ညာခဲ့ရတယ် .. သမီး ဂျပန်မှာ စာမေးပွဲသွားဖြေနေတယ်ဆိုလို့ အဆက်အသွယ် မရသေးဘူးလို့လေ .."

ပြောပြနေရင်း နှင်းဆီ ရဲ့ လက်လေးတွေကို ဆုပ်ကိုင်ထားမိကာ...

"မမကြီးက ပြန်ပြောရှာတယ် သမီးရယ် .. သမီးကို မနှောင့်ယှက်ဘဲ ပြီးတဲ့အထိ စောင့်ခေါ်ခဲ့ပါ တဲ့ .."

ထိုစကားကြောင့် နှင်းဆီ မျက်နှာလေး ငိုတော့မလို ညိုမှောင်သွားလျှင် ဒေါ်သဲမြ ရုတ်တရက် စကားလွှဲဖို့ စဉ်းစားရကာ ...

"မထင်မှတ်ဘဲ စကားတွေဘာတွေ ပြောနိုင်ဆိုနိုင် ဖြစ်လာတာ ဝမ်းသာစရာပဲ သမီးရယ် .. သမီးမေမေ အရမ်းကို စိုးရိမ်နေရတဲ့ အခြေအနေကနေ လွတ်မြောက်သွားတာ သိလား .."

"အခု ဒေါ်ဒေါ်သဲ အိမ်ကနေ ပျောက်သွားတော့ မေမေ မသိဘဲနေမလား .. သူတို့ကရော မမေးမြန်းတော့ဘူးတဲ့လား .."

"သမီး ဆေးရုံရောက်သွားတဲ့ညတည်းက ဒေါ်ကြီးရဲ့သမီး အသည်းအသန်ဖြစ်လို့ဆိုပြီး တစ်ခါတည်း ခွင့်ယူလာခဲ့တာ .. မမကြီးကတော့ တော်တော်လေး နေမကောင်းဖြစ်နေတာလေ .. ဘယ်သူ့ကိုမှ စကားပြောတာ မဟုတ်ဘူး .. မျက်လုံးတောင် လှန်မကြည့်နိုင်ခဲ့တော့ .."

"မေမေ အဲလောက် ဖြစ်နေတာကို ထားပြီး ဒေါ်ဒေါ်သဲ ခွင့်ယူလိုက်တော့ရော .."

"သူတို့ ဘယ်လိုပဲ တွေးတွေးကွယ် .. 'ကိုယ့်ဝမ်းနာ ကိုယ်သာသိ' ဆိုတဲ့ထုံး နှလုံးမူပြီး ထွက်လာခဲ့တာပဲ .. ကိုထက်ခိုင် ကလည်း ဒေါ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို သက်ာတဲ့လူမှ မဟုတ်တာ .. မမကြီးနဲ့ သမီးအတွက် ဒေါ်ကြီးတို့ ကူညီလှုပ်ရှားနေကြတာကို သူ ရိပ်မိတယ် .. တမင်တကာ မသိသလို နေတာ .."

ဒေါ်သဲမြ က လိမ္မော်သီးစိတ်လေးတွေ ထုတ်၍ အမြှေးပါးလေး တွေပါ ကုန်စင်အောင် ခွာသည်။ ပြီးမှ ပန်းကန်လေးထဲမှာ သေချာ စီပြီး ထည့်၏။

နေ့လယ်စာ အဆာပြေအတွက် ကျွေးနေကျမို့ နှင်းဆီ အငိုတိတ် တဲ့အခါ ကျွေးဖို့ပါ ..၊

"တကယ်တမ်းကျတော့ သမီးရယ် .. သားသမီးနဲ့ မိဘကြားက မေတ္တာတရားကို ဘယ်လိုအရာနဲ့မှ ဖြတ်တောက်မရနိုင်ပါဘူး ..၊ ပြီး တော့ သမီးအိမ်ကို သမီး အချိန်မရွေး ပြန်လာခွင့် ရှိတာကို သူ တားလို့ မရနိုင်မှန်းလည်း သဘောမပေါက်ဘဲ နေမလား .. ဥပဒေအရဖြစ်ဖြစ်.. မေတ္တာ သံယောဇဉ်ကိုဖြစ်ဖြစ် သူ တားခွင့်ကို မရှိဘူး .. ဒေါ်ကြီးတို့တွေ လူမမာကို ငဲ့ညှာပြီး အလျှော့ပေးခဲ့ကြမှန်း လူတိုင်း သိသလို .. သူလည်း သိတာပဲ .."

"ဟုတ်တယ် .. မေမေသာ လူကောင်းအတိုင်း ရှိရင် ဒီတစ်ခေါက် သူ့ကို အနှင်း ပညာပေးဖို့ ဆုံးဖြတ်ထားတာ .."

အံကြိတ်၍ ပြတ်သားစွာ ဆိုလိုက်ခြင်းနောက်မှာ လက်သီးဆုပ် လေးသာ ကျစ်ခဲနေခဲ့လျက် ...

"အနှင်း မျက်လုံးတွေ ကွယ်ခဲ့တာ ဘယ်သူ့အတွက် ကံကောင်းဖို့ ဖြစ်သွားတာလဲ .."

ကြိတ်မနိုင် ခဲမရ ရေရွတ်၏။

"သမီး ကံဂေဘင်းတဲ့အလှည့်ပါ သမီးရယ် .. မျက်လုံးကွယ်နေ ခဲ့တာ ခွဲစိတ်လိုက်ရင် ပြန်ကောင်းသွားမှာ .."

ဒါက သေချာ စမ်းသပ်ပြီးမှသာ သေချာနိုင်မှာ ဖြစ်သည်မို့ နှင်းဆီ





မပြုံးနိုင် ..၊ ပြီးတော့ စဉ်းစား ငေးမောနေသည့် မျက်ဝန်းလေးတွေက ငြိမ်သက်နေလျက် ...

"မေမေ့ကို သူ စိတ်ဆင်းရဲစရာတွေ ပြောပြီး နှိပ်စက်နေမလား မသိဘူး .."

"အဲ့ဒီလိုတော့ မဖြစ်လောက်ဘူး သမီး .. ဒါတော့ မဆိုးဘူးလို့ ပြောရမလားပဲ .. ကိုထက်နိုင် က အလုပ်က ပြန်လာတာနဲ့ မမကြီးဆီ တန်းဝင်သွားတာပဲ .. အလုပ်မသွားခင်လည်း ဝင်ကြည့်ဖော် ရတယ်.. ဒေါ်ကြီးတို့ တစေ့တစောင်း အကဲခတ်ရတဲ့အတိုင်းဆို သမီးကွယ်ရာမှာ ဆိုရင် သိပ်တော့ မဆိုးပါဘူး .. လူမမာအပေါ် ကြည့်ရှုတဲ့ပုံက ဝတ်ကျေ တန်းကျေသဘော မဟုတ်ဘူး .. ဂရုတစိုက် ကြင်ကြင်နာနာပဲ .."

"ဒီလိုပဲ ရှုပ်ပွေနေတဲ့လူတွေက သိမ်ပြန်လာရင် ညာသံလှိုင်းသံ တွေ တတ်ကြတာပဲ .. ဒါမျိုးတွေ အများကြီး ကြားဖူးတယ် .."

"ဟုတ်ပါတယ် .. ဒါပေမယ့် အပြင်မှာ အပြိုက်တွေ့နေပြီဆိုရင် အိမ်က သားမယားအပေါ်မှာ အပြစ်ရှာ ပြုစုလာတတ်ကြတဲ့ ယောကျ်ား တွေလည်း ရှိတာပဲလေ .. ဒေါ်ကြီးက သူ့ကို ကောင်းပါတယ်လို့ ပြော တာ မဟုတ်ဘူး .. လူမမာအပေါ် စိတ်ချထားလို့ မရလောက်အောင် တော့ မဆိုးသေးဘူးဆိုတာ သမီး သိစေချင်တာပါ ..၊ ရော့ .. သမီး ရော့ .. ဒါလေး တစ်စိတ်လောက် စားလိုက်ပါဦး .. ငိုချင်နေတာကို မျိုသိပ်လိုက်ရရင် လည်ချောင်းတွေ ခြောက်ပြီး နာနေတတ်တယ် .."

လိမ္မော်သီးစိတ်လေး တစ်စိတ်ကို စားဖြစ်သွားအောင် ချော့မော့ ကျွေးရသည်။

"သမီး ပြောတဲ့ ဖုန်းကိစ္စတွေလည်း ဒေါ်ကြီး လုပ်ပြီးပြီ .. အဲဒီ ဖုန်းနဲ့ အိမ်နဲ့ ဆက်သွယ်ဖို့လည်း လုပ်မယ် .. ပြီးတော့ သမီးမျက်လုံးကို လာမယ့် ဗုဒ္ဓဟူးနေ့ စမ်းသပ်ရမှာ နော် .."

"အိမ်ရှင်တို့ .."



www.burmeseclassic.com

www.burmeseclassic.com



အပြင်က လူခေါ်သံကြောင့် ဒေါ်သဲမြ နေရာမှ ထရပ်လိုက်ကာ...

"သမီး ဒီမှာပဲ နေနော် .."

နှင်းဆီ ကို ထားခဲ့ပြီး အပြင်ထွက်ခဲ့လျှင် ...

"သြော် .. အိပ်များ နေတာလား .. ကျွန်မ နိုးသလို ဖြစ်သွားပြီ ထင်တယ် .."

"မအိပ်ပါဘူးရှင် .. အထဲမှာ စကားပြောနေတာပါ .. ဒါနဲ့ ဘာကိစ္စများလဲ မသိဘူး .."

ရိုင်းတယ်ထင်ရင်လည်း မတတ်နိုင် ..၊ တံခါးမဖွင့်သေးဘဲ လိုရင်းကိုပဲ မေးလိုက်မိသည်။ သူမ အသက်လောက် **အမျိုးသမီးကြီးတစ်**ယောက်က သူမလိုတော့ ခပ်ဖိုင့်ဖိုင့် မဟုတ် ..၊

ပိန်သွယ်သွယ် ကိုယ်လုံးနှင့် ဆံပင်ကတော့ ကောင်းပုံပေါ်ကာ ဘီးဆံပတ် ပတ်ထားသည့် ဆံပင်တွေက ပုံ့ပုံ့ခဲခဲကြီး မြင်နေရ၏။

အမျိုးသမီးကြီးက ဖော်ရွေစွာ ပြုံးပြနေကာ ဒေါ်သဲမြ တံခါးမဖွင့်ဘဲ မေးခွန်းထုတ်နေတာကိုလည်း နားကျင်သည့် မျက်ဝန်းတို့နှင့် ...

"ကျွန်မက ဟိုဘက်က 'လပြည့်'ကုန်မာဆိုင်ကပါ .. ကျွန်မ နာမည် ဒေါ်မြတ်ညွန့် ပါ .."

"သြော် .. ဟုတ်လား .. အဲ့ဒါကြောင့် မြင်ဖူးသလိုပါပဲလို့ ထင်မိတာ .. အထဲကို ဝင်ပါရှင် .."

ဒေါ်သဲမြ တံခါးကို ကမန်းကတန်း ဖွင့်ပေးမိရင်း ...

"စိတ်မရှိပါနဲ့ ညီမရယ် .. **အစ်မတို့**က ညွှန့်သည်ဖြစ်နေတော့လေ .. **အစ်မနာမည်က** ဒေါ်သဲမြ **ပါ** .."

"**အို .. ရပါတယ်** .. ကျွန်**မတို့ကလည်း** မြန်မာပဲ .. သားတို့ကိုတော့ ဒီ**မှာပဲ မွေးတာလေ** .."

**နှစ်ယောက်အတူ** ရှေ့ဧည့်ခန်းမှာပဲ ထိုင်မိကြကာ ...

"**ကိစ္စအထူးတော့** မရှိပါဘူး အစ်မရယ် .. အိမ်နီးချင်းလည်း ဖြစ်





လာပြီဆိုတော့ ကိုယ်က အိမ်ရှင်ပီပီ စပြီး မိတ်ဖွဲ့တဲ့သဘောပေါ့ .."

"အစ်မတို့က ဒီမှာ ခဏ ငှားနေတာပါ .."

"ဟုတ်ကဲ့ သိပါတယ် .. ဒီခြံနဲ့ အိမ်က အစတုန်းက ကျွန်မတို့နဲ့ တစ်ဝိုင်းတည်း .. ကျွန်မတို့ ပိုင်ပါ .."

"ဟင်!..."

"ဟုတ်တယ် .. ခြံတစ်ဝက် ကန့်ပစ်လိုက်ပြီး ပြန်ရောင်းထုတ်လိုက်တာ .. တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ် .."

"သြော် .."

"ဝယ်တဲ့လူကလည်း ဆွေမျိုးမကင်းထဲကပါပဲ .. သူတို့က ဝယ်ထားပြီး သုံးလလောက်ပဲ နေခဲ့တယ် .. ဒီတိုင်းပဲ ထားခဲ့တာလေ .. အခုမှ အိမ်ငှားတင်တော့မယ် .. ကူညီပေးပါဦးဆိုလို့ အဲဒါ ဒီအိမ်နဲ့ ပတ်သက်ပြီး အဆင်မပြေတာရှိရင် ပြောပါနော် .. ရေ .. မီး ဘာကိစ္စ ဖြစ်ဖြစ်ပေါ့ ..၊ အကျိုးအကြောင်းကိစ္စရှိရင်လည်း တိုင်ပင်ပါ .. တတ်နိုင်သမျှ ကူညီပါ့မယ် .."

"ကျေးဇူးတင်ပါတယ် ညီမရယ် .. ကိုယ်နဲ့စိမ်းသက်နေတဲ့ ဒေသမှာ ခုလို ဖော်ရွေစွာ ကြိုဆိုတဲ့သူနဲ့ ကြုံရတာ ဝမ်းသာတယ် .. ကျေးဇူးလည်း တင်ပါတယ် .. အစ်မတို့က မိန်းမသားနှစ်ယောက်တည်းလေ .. တူမလေးကတော့ မျက်လုံးထိခိုက်မိထားလို့ ဆေးကုနေရတယ် .."

"ဟုတ်လား .. အက်ဆီးဒင့် တစ်ခုခု ဖြစ်ထားတာမျိုးလား .."

"ဟုတ်တယ် .. နည်းနည်းပါးပါးပဲ ဖြစ်သွားတာပါ .. ခွဲစိတ်ပြီးရင် ပြန်ကောင်းလာမှာလို့ ဆရာဝန်ကြီးတွေက ပြောပါတယ် .. အဲဒါ ဆေးကုနေတဲ့ကာလမှာ စိတ်အပန်းဖြေလည်း ဖြစ်အောင်လေ .."

"ဟုတ်တာပေါ့ .. ဒီမှာ အေးချမ်းပါတယ် .. အစ်မတို့က မန္တလေးကဆိုတော့ မြို့မှာထက်စာရင် ဒီလိုနေရာက လူမမာအတွက် ပိုကောင်းတယ် .. ကျွန်မတို့ဘက်မှာ ပစ္စည်းသယ်တဲ့ကားတွေ လာရင်လည်း

www.burmeseclassic.com



ဟိုဘက်ထိပ် မျက်နှာစာမှာပဲ ဝင်ပေါက် လုပ်တော့မှာဆိုတော့ အစ်မတို့နဲ့ ဝေးသွားပြီ .. ဆူညံသံ မကြားရတော့ပါဘူး ..”

“ရပါတယ် .. ခုလည်း ဒီလောက်ထိ အနှောင့်အယှက် မဖြစ်ပါဘူး .. ဟိုလေ .. ဒါပေမယ့်.. တစ်ခုတော့ သိပ်အဆင်မပြေဘူး သိလား..”

“ဘာများလဲ .. ပြောပါ .. ရပါတယ် ..”

“ဒီလိုပါ .. အိမ်က သေးသေးဆိုတော့ ဘန်ဂလိုပုံစံမျိုးပဲ ထင်တာ.. ဒါပေမယ့် ရေအိမ်ပဲ အထဲမှာ ရှိတယ် .. ရေချိုးခန်း မပါဘူး .. အပြင်မှာကျတော့လည်း ..”

“အင်း .. သိပြီ ..”

ဒေါ်မြတ်ညွန့် က ခေါင်းတညိတ်ညိတ်နှင့် နားလည်နေကာ ...

“အင်း .. မိန်းမပျိုလေး ပါတယ်ဆိုတော့ ဟုတ်တာပေါ့ .. လုပ်ပေးမယ် .. လုပ်ပေးမယ် ..၊ နောက်ဖေးက ရေကန်ကို ပိတ်ကာပြီး ရေချိုးခန်းလေးလို လုံခြုံအောင် လုပ်ပေးမယ် ..”

“လုပ်ပေးပါ ညီမရယ် .. ကျေးဇူးတင်ပါတယ် ..”

“ဟုတ်ကဲ့ .. ဒါပေမယ့် သုံးရက်လောက်တော့ စောင့်ပေးပါနော်.. သားကြီးကို ခိုင်းရမှာ .. အလုပ်က မအားသေးလို့ပါ ..”

“ဟုတ်လား .. ရပါတယ် .. ပြောရတာတောင် အားနာနေပြီ ..”

“မနာရပါဘူးရှင် .. ကျွန်မမှာ သားနှစ်ယောက် သမီးတစ်ယောက် ရှိတယ် .. သမီးက အလတ်ပေါ့ .. အကြီးနှစ်ယောက်စလုံး လုပ်ငန်းခွင် ဝင်နေကြပြီ ..”

“သြော် ..”

“အငယ်ကောင်လေးကတော့ အငယ်ဆုံးဆိုတော့ သူက ခုမှ ကလေးဆိုး ဆိုးတုန်း ..”

အငယ်ဆုံးသားကိုတော့ တော်တော် ချစ်ပုံရကာ ပြောပြနေတာကိုက ချစ်စနိုး လေသံတွေနှင့် ..၊





အိမ်ထဲကနေ နှင်းဆီ အားလုံး ကြားနေရသည်။ ပြီးတော့ သူမ နေ့တိုင်း ကြားနေရသော အဲ့ဒီဘက်က မပြေလည်သည့် စကားသံတချို့ ကို သတိရမိ၏။

တစ်ခါတလေ ပစ္စည်းဆောင့်ချသံ .. ရယ်သံတွေလည်း ပါသေးသည်။ ရယ်သံဆိုတာက ဝမ်းသာရွှင်မြူးနေကြသည့် ရယ်သံတွေ ပေါက်ဘဲ မပြေလည်သည့် အငွေ့အသက်တို့ ထုံလွှမ်းသော ရယ်သံတွေ ဖြစ်သည်။

ထိုစဉ်တည်းက အဲ့ဒီဘက်ကအိမ်မှာ အနည်းဆုံး မိသားစု လေးငါးယောက်တော့ ရှိလိမ့်မည်ဟု သူမ ခန့်မှန်းမိခဲ့သည်။

ပြီးတော့ အရောင်းအဝယ်နှင့် အဆင်ပြေနေကြသည့် မိသားစု ဆိုတာလည်း မေးကြည့်ဖို့ မလိုပေ ..၊

ကုန်မာဆိုင်ပီပီ ရောင်းဝယ် သယ်ပိုးနေသည့် အသံတွေနဲ့ အမြဲတမ်းလိုလို စိုပြည်နေတာ ကြားနေခဲ့ရ၏။

သူမအတွက်က အမြင်အာရုံတွေ ချို့ယွင်းသွားခဲ့သည့်နောက်မှာ အကြားအာရုံတစ်ခုကိုပဲ အလေးထား အားကိုးနေရသည်မို့ ဘာသံလေး ဖြစ်ဖြစ် နားထဲမှာ သတိထားမိလောက်အောင် ကျယ်လောင်နေခဲ့သည်။

ကြားမိသည့် အသံနောက်ကို စိတ်က လိုက်သွားမိကာ စိတ်ဝင်စားခြင်းတွေပါ နောက်ဆက်တွဲ ပါလာခဲ့၏။

ထို့ကြောင့် အသံနဲ့ သူမသည် အဆုံးအစမဲ့ လုံးထွေးနေရသည့် အဖြစ်နှင့်သာ အချိန်တွေ ကုန်ဆုံးနေခဲ့လျက် ...

နေ့နဲ့ ညဆိုတာ ဘာမှန်း မသိ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

"သိမှမသိတာ အမေရာ.. သိလို့ကတော့ ကူညီပြီးသားပဲ ဟဲ.. ဟဲ.."

"အံမယ် .. ရယ်ပုံက .."

'ဟဲ.. ဟဲ..'ဆိုတဲ့ ရယ်ပုံကို ဟေမာ က မျက်နှာရှုံ့တွတွနှင့် လှမ်းကြည့်ပြီး ကဲ့ရဲ့နေသေးသည်။ ခွန်မင်းထွန်း က မျက်နှာကြီး တည်သွားကာ..

"ဘာ လာကဲ့ရဲ့နေတာလဲ နင်က .."

"သြော်.. ကိုယ့်အစ်ကို လူပျိုသိုးကြီးကို သနားလို့ပါ.. မိန်းကလေး ချောချောလှလှ မြင်ရင်တော့ စိတ်ဝင်စားပါရဲ့ ..၊ ဒါပေမယ့် ချိန်လိုက်တာနဲ့ လွဲ.. ချိန်လိုက်တာနဲ့ လွဲ.. ကိုမင်း က လက်မှ မဖြောင့်တာ .."

"ငါက ဘယ်သူ့ကို ချိန်နေလို့လဲ ..၊ ဒီမှာ .. စိတ်မဝင်စားလို့ နေနေတာ .."

"အင်းပါ .. ယုံပါတယ် .."

"ဒီကောင်မလေးကတော့ တော်တော်လှတာ .. အမေ မမြင်ဖူးခဲ့ဘူးလား .."

"အင်း .. အမေ ဝင်သွားတော့ သူက အခန်းထဲမှာ ထင်တယ်.."

"အဲဒါကို ပြောတာပဲ .. အမေက အိမ်ထိ သွားတာတောင် မတွေ့ခဲ့ရဘူး .. ကျွန်တော်က .."





"ပျပျလေး မြင်လိုက်တာလား .."

"ဟေမာ .."

"မေးကြည့်တာပါ .."

မောင်နှမ နှစ်ယောက်ကို ကြည့်၍ ဒေါ်မြတ်ညွန့် က ရယ်သည်။ အရက်ချည်းပဲ ကွဲနေသဖြင့် ခွန်မင်းထွန်း မျက်နှာက ရယ်နေရပေမယ့် အသိုရောင်သမ်းနေပြီ ဖြစ်၏။

"ငါ ပြောပြလို့ သိထားပြီးတော့ .. လူကို ဒေါက်ဖြုတ်နေတယ်.."

"မဖြုတ်ပါဘူး ကိုမင်း ကလည်း .. ဟေမာ က ကိုယ့်အစ်ကိုကို ချော်သူလှလှလေးနဲ့ တွဲလျက် မြင်ချင်တဲ့သူပါ ..၊ ကိုမင်း ပဲ အဲဒီနေ့က ပြောပြတော့ နိုင်း က အရင်မြင်တာ ဆို .."

"သူလည်း ငါ့လိုပဲ လှစ်ခနဲ မြင်တာ နေမှာပေါ့ .."

"ဟုတ်လား .. အငယ်ကောင်လည်း မြင်ဖူးသလား .."

ညီအစ်ကိုနှစ်ယောက် စကားပြောတိုင်း အဆင်ပြေခဲ့တာမို့ ဘာတွေပြောခဲ့ကြသလဲဆိုတာ ဒေါ်မြတ်ညွန့် စိတ်ဝင်စားသွားသည်။

နိုင်း နာမည် ပါလာသည်နှင့် မောင်နှမနှစ်ယောက်စလုံး မျက်နှာတွေ မဲ့သွားကြလျက် ...

"မြင်ဖူးတယ်လေ .. အမေ့သားက အဲ့ဒီကို ငမ်းပြီး ကျွန်တော့်ကိုတောင် ဝင်တိုက်တာ အတုံးလိုက် အတစ်လိုက် .."

"ဟုတ်လား .. နိုင်း က ဒါမျိုးတွေ စိတ်ဝင်စားလို့လား .. အင်း.. ကလေးမလေး တော်တော်လှတယ်ဆိုတာ ယုံသွားပြီ .."

"သြော်.. အမေက အမေ့သားကိုတော့ အထင်တကြီး .. ကျွန်တော်ကတော့ .."

"မဟုတ်ပါဘူး သားရယ် .. မင်းကျတော့ မင်းရဲ့ရာထူး အရှိန်အဝါနဲ့ ဘာကိုဖြစ်ဖြစ် စိတ်ကူးယဉ်လို့ ရတယ်လေ .. နိုင်း က သူ့ကိုယ်သူ တစ်ကောင်ကြွက်လို ပစ်စလက်ခတ်နေတာ.. သူ့တန်ဖိုးလည်း သူ



www.burmeseclassic.com

www.burmeseclassic.com



မမြင့်ဘူး .. သူများတန်ဖိုးကိုလည်း သိပ်ခေါင်းထဲ မထည့်ဘူး .. အဲ့ဒီလို လူက နောက်ထပ် ဝန်ထုပ်ဝန်ပိုးတစ်ခုကို စဉ်းစားပါ့မလား .."

"သူများကရော စဉ်းစားမှာမို့လို့လား .."

ဟေမာ က မဲ့ရွဲ့ ထောက်ခံသည်။

သူမတို့ အသက်အရွယ်တွေ ရလို့ ပညာတွေ စုံ .. ကြင်ရာရှာဖို့ အချိန်အခါကောင်းတွေ ကြုံလာခဲ့ကြပြီ ..၊ အချိန်အခါ ရာသီတွေ တစ်နှစ်ပြီးတစ်နှစ် ဘယ်လိုပဲ ပြောင်းလဲ ရင့်ရော်လာပေမယ့် ခွန်ဖိုင်း ဆိုတဲ့ ကောင်လေးကို မုန်းမြဲ မုန်းဆဲ မုန်းလတ္တံ့သာ ..၊

ထို့ကြောင့် ကိုယ့်အသက်အရွယ် ဘယ်နေရာ ဘယ်ခရီးမှာ ရောက်နေနေ အမုန်းကြောင့်ဖြစ်လာသည့် ထေ့ငေါ့ မဲ့ရွဲ့ခြင်းတွေက ဟိုအရင်တုန်းက ကလေးတွေအတိုင်း ..၊ ဒေါ်မြတ်ညွန့် ၏ စိတ်မသက်သာရခြင်းတွေကလည်း အချိန်တိုင်းပင် ..၊

"ဟုတ်ပါတယ် .. အမေကလည်း အဲ့ဒါကို ပြောတာပါ .. အခု သူတောင် သတိထားမိတယ် ဆိုတော့ .."

"လှတာမြင်ရင် လှပါလားဆိုတာတော့ အရူးတောင် သိသာပဲ အမေရာ .."

"အင်း .. ဒါပေမယ့် ပြောလို့တော့ မရဘူး နော် .. ကိုမင်း အဲဒီကို ရောက်မသွားခင် ဖိုင်း နဲ့ အဲ့တစ်ယောက်က မျက်လုံးချင်း ဆုံချင် ဆုံခဲ့မှာ .."

"လုံးဝ မဖြစ်နိုင်ဘူး .."

လေဆိပ်မှာ အကောက်ခွန် အရာရှိကြီး ဖြစ်နေပြီဆိုသည့် ခွန်မင်းထွန်း ၏မျက်နှာမှာ မလိုလားသော တင်းမာမှုတွေနှင့် ပြည့်လျှမ်းနေတာ ဒေါ်မြတ်ညွန့် က နားလည်သည်။

သူမနဲ့ ဦးထွန်းငွေ တို့က နဂိုအသားညိုသူတွေပါ .. သားနဲ့ သမီး မွေးလာတော့ သမီးက အသားလတ်လတ် အဆင်ပြေပြေလေးပေမယ့်





သားကြီးကျတော့ အသားညိုကာ မျက်နှာကျပုံလည်း သိပ်မပြေပြစ် ..၊

မွေးအုနုရဲနေသော ခွန်ဖိုင်း အပေါ် သားကြီး ဘယ်လိုမှ မရှုဆိတ်ခဲ့တာ ငယ်ငယ်တည်းက ဖြစ်သည်။ ကလေးသုံးယောက်ကို အတူတူမြင်ရတိုင်း ညီအစ်ကိုနှစ်ယောက် အတူဆော့နေတိုင်း ..၊

"အငယ်လေးက တစ်သွေးတစ်မွေး နော် .. မွေးအုနေတာပဲ" ဆိုတာတွေ ..၊ "မျက်ခုံးတွေက နက်မှောင်ပြီး မျက်နှာပေါ်မှာ ထင်နေတာ ချစ်စရာလေး" လို့ ပြောပြီး ကောက်ပွေ့ချီတော့လည်း ခွန်ဖိုင်း ..၊

လက်ဆွဲခေါ်သွားကြပြီး မုန့်ကျွေးကြပြီဆိုလည်း ခွန်ဖိုင်း ..၊

ဒီကလေးကြောင့် သူ့သားသမီးတွေ မျက်နှာငယ်ရတိုင်း ကိုထွန်းငွေ ကပါ မကျေနပ်ချက်တွေ ပိုခဲ့သည်။ တစ်ခါတလေ ...

"မင်း ဒီကလေးကို ဖြူဖြူချောချောလေးမို့ မရမက မွေးတာလား"

"အဲ့ဒီလို ကလေးလှလှ လိုချင်တာများ ဖြူဖြူချောချောယောကျ်ားကို မင်း ရွေးခဲ့ရောပေါ့ကွာ .."

စသဖြင့် ဒေါ်မြတ်ညွန့် ဘယ်လို ရှင်းပြလို့မှ လက်ခံသွားတယ်ဆိုတာ မရှိ..၊ ဒါက ဒီမိသားစုရဲ့ ဘယ်တုန်းကမှ မပြေလည်ခဲ့သော အုံဖွဲ့မှုတစ်ခု ..၊

ကိုယ့်သားသမီးတွေကို သူမလည်း လှစေချင်ပါသည်။ ဒါပေမယ့် လှကြဘူးဆိုရင်လည်း သားသမီးပါပဲ..၊ ဘယ်မိဘကမှ လှတဲ့ကလေးတွေကိုပဲ လှမ်းမျှော်ပြီး ချစ်ခင်ကြင်နာချင်ပါတယ်ဆိုတာ ရှိမည်မထင်..၊

ခင်ပွန်းဖြစ်သူကတော့ ဒါကိုပဲ ကလေးဆန်ဆန် ကြေးနှိုင်း ထေ့ငေါ့၍ မကျေနပ်ခဲ့တာကို ပြခဲ့တာလည်း ဒီနေ့ထိပဲ ဖြစ်သည်။

"ကဲ .. ကဲ .. အဲ့ဒါကို ငြင်းမနေကြပါနဲ့တော့ .. မတော်တဆ ကြားသွားရင်လည်း မကောင်းဘူး .. သားက ဘယ်နေ့ ပြန်လာမလဲ.."

"ဒီတစ်ခါတော့ လဝက်လောက်ကျမှ ပြန်လာမလို့ပဲ.. ဒါပေမယ့်.."

"အခု အမေ့သား နှစ်ရက်လောက်နေပြီး တန်းပြန်လာတော့မှာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟောမာ နော် .."

"မဟုတ်လို့လား .."

"အမေ့ကို ဒီအိမ် အပ်ထားတဲ့ဥစ္စာ .. အိမ်ငှားကလည်း အကူအညီ တောင်းတော့ ဒါက မလုပ်ပေးဘဲ ကြာကြာထားရင် ကောင်းမလား.."

"သြော် .. နိုင်း လည်း ရှိနေတာပဲဟာ .."

ဟောမာ က ပြုံးစိစိနှင့် တမင် စနေတာဖြစ်သည်။ စမှန်းသိလေ ခွန်မင်းထွန်း က မျက်နှာကြီး ပုတ်သိုးနေလေ ..။

"ဟုတ်ပါတယ် ဟောမာ ရယ်.. နိုင်း က အိမ်မှာ ကပ်တာမှ မဟုတ် တာ .. ခုရော သူ ရှိနေလို့လား .."

ဒေါ်မြတ်ညွှန့် ဝင်ပြောလိုက်မှ ခွန်မင်းထွန်း ဒေါသမျက်နှာကြီး အနည်းငယ် ပြေကျသွား၏။

"သမီးကလည်း ကိုမင်း ကို တမင် နောက်နေတာပါ .. အမေ့ကို တောင် ပြောဖို့ စိတ်ကူးထားတာ ရှိသေးတယ် .."

"ဘာလဲ .."

သားအမိတွေ မျက်နှာစုံညီရှေ့မှာ ဘူးရှက်တွေ ဖားဖားကားကား ကြီးတွေ ရှိနေလျက် သုံးယောက်စလုံးကလည်း ဘူးရှက်သင်နေကြ တာပဲ ဖြစ်သည်။

ဒါပေမယ့် စကားပြောရင်း ရယ်မောရင်းနှင့် ဆန်ခါပေါ်မှာ ဘူး ရှက်တွေက ထိရောက်စွာ ပြီးမြောက်ခြင်း မရှိဘဲ ဒီတိုင်း ..။

ဒေါ်မြတ်ညွှန့် က ကိုင်ထားသည့် ဘူးရှက် သင်ပြီးသားတွေကို ဇလုံထဲ ပစ်ချကာ ဘူးရိုးကို မသင်ဖြစ်သေးဘဲ ...

"ပြောလေ ဟောမာ .."

"သြော် .. ကိုယ့်သား အခြေအနေကို နားလည်နေရင်လည်း ဒီ တစ်ခါ သီတင်းကျွတ်မှာ စာရင်းမလွတ်ရအောင် အလိုက်တသိ .."

"အံမာ .. ဟောမာ နော် .."





"တော်ပါ ကိုမင်း ရာ .. ဒီတစ်ယောက်ကို မစို့မပို့လေး လှမ်းမြင် လိုက်ပြီးမှ ကိုမင်း သိဝိမင်းကြီးလို ဖြစ်နေတာများ .."

"နေဦးဟဲ့ .. ပြောဖို့ မေ့နေတာ .. ပြောများ ပြောပြီးပြီလား .."

"ဟင် .. ဘာလဲ .."

"**ကောင်မလေး**က မျက်စိ မမြင်ဘူး ထင်တယ် .."

"**အောင်မယ်လေး**ဟယ် .."

"ဟာ!... တကယ်လား .."

"ဟုတ်တယ် .. အက်ဆီးဒင့်တစ်ခုကြောင့် ထိခိုက်မိထားတာတဲ့..။ အဲ့ဒါကြောင့် စိတ်ကျန်းမာရေးအတွက် ဒီမှာလာနေတာလို့ ပြောတယ်"

"ဖြစ်ရလေ နော် .. အဲဒါကြောင့် လူမစွမ်း နတ်မ ဆိုတာ .."

ဟောမာ က ဘာကို ရည်ရွယ်မှန်း မသိဘဲ စကားစလိုက်ပြီး ...

"ဒီလောက်တောင် လှသလားလို့ ခုနကပဲ တွေးနေသေးတာ .. သက်စသတ်တော့ ကန်းနေလို့ကိုး .."

"ဘာဆိုင်လဲဟ .. ဒါ မွေးရာပါရောဂါမှ မဟုတ်ဘဲ .. 'မကြားတဲ့ သူတွေ အမြင်စူးတယ်' .. 'မမြင်ရတဲ့လူတွေ အကြားအာရုံ ပိုကောင်း တယ်'ဆိုတာ မွေးရာပါတွေပါ .."

"ဘာပဲဖြစ်ဖြစ် ကန်းရမယ့်လူမို့လို့ တစ်ခါမြင်ရုံနဲ့ စွဲလောက် အောင် လှနေတာပေါ့ .."

"မဆိုင်ပါဘူး .. သေရာပါမယ့်ရောဂါမှ မဟုတ်တာ .."

"ဒါတွေ ကန်နေပါလား .. ဘာလဲ .. ကိုမင်း က ကန်းကန်း တောန်းကန်း ယူမှာပဲလား .."

"ဟ .. နင် သူများကို ပက်ပက်စက်စက်ကြီး ဘာလို့ ဝေဖန်နေ တာလဲ .. ခုမှ မျက်စိထိခိုက်ထားပါတယ်ဆိုတာ .. တစ်ကန်းတည်းကို ကန်းနေတော့တာပဲ .. မျက်လုံးကွယ်တယ် .. မျက်မမြင် ဘာညာတွေ ကြားကောင်းအောင် ပြောပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကန်းရင် ကန်းတယ်ပေါ့ .."

ဟောမာ ကတော့ ခုတစ်ခါ စနောက်ချင်လို့ မဲ့ရွဲ့ ရယ်မောတာမျိုး မဟုတ်တော့ဘဲ နှာခေါင်းတွေပါ ရှုံ့တွနေကာ ...

"အိမ်ငှားအဆင့်လောက်နဲ့ မျက်စိမမြင်တဲ့ မိန်းမကိုတော့ ယောက်မ မတော်နိုင်ပါဘူး .. အစက မသိလို့ .."

"ဘယ်သူကရော လိုချင်ပါတယ် ပြောနေလို့လဲ .."

"ဟုတ်တော့ ဟုတ်တယ် သားရဲ့ .. အိမ်မှာလည်း တစ်အိုးတစ် အိမ်စာ ထည်ထည်ဝါဝါ ဘာပစ္စည်းမှ မတွေ့ပါဘူး .. ပြီးတော့ သူတို့ ပုံစံက နည်းနည်း လျှို့ဝှက်ချင်သလိုပဲ .."

"ဘယ်လိုတွေ ဖြစ်ပျက်ပြီး ဒီမှာ လာပုန်းနေသလဲမှ မသိတာ .. စိတ်လျှော့လိုက်တော့ ကိုမင်း .. အဲ့ဒီအကန်းကို ဖိုင်း နဲ့သာ ကျေနပ် လိုက်တော့ .."

"သြော် .. ဟောမာ ရယ် .. သူများကို ခွဲခြမ်းစိတ်ဖြာပြီး ဝေပုံချနေ လိုက်တာ .. ကြားသွားရင် မကောင်းဘူးနော် .. ဘာမှလည်း ဟုတ်တာ မဟုတ်ဘဲနဲ့ .."

"အမေကလည်း .. အိမ်နီးချင်းတွေ ဖြစ်လာတည်းကိုက ဘာဖြစ် ဖြစ် ဖြစ်နိုင်နေတာပဲ .."

"တော်ပါဟာ.. ဘာလုပ်ဖို့လဲ .. မျက်စိမမြင်တဲ့လူကို ..၊ နင့်အစ်ကို ကို ဒီလောက် အထင်မသေးစမ်းပါနဲ့ .. မလိုချင်လို့ မရှာဘဲ နေတာ.."

မောင်နှမ အတိုင်အဖောက်ကတော့ ညီလို့ပါ ..၊ အရပ် မနိမ့်မမြင့် အနည်းငယ် ကုပ်ပုသလိုရှိသော ခွန်မင်းထွန်း ရဲ့ပုံစံက ဖိုင်း နဲ့ အတူ တွဲရှိနေချိန်တွေ မဟုတ်တဲ့အခါမှာတော့ ..၊





## အခန်း (၇)

"နင် ဘာလုပ်နေတာလဲ .."

"ဘာလုပ်လုပ်ပေါ့ .."

မေးတာက မညင်သာသလို ဟောမာ ဖြေပုံကလည်း မယဉ်ကျေး..၊

"ခရီးသွားမှာဆိုတာက ဘယ်နှစ်ရက် ရှိပြီလဲ .. ခုထိ မသွားရသေး ဘူးလား .."

"ဖိုင်း .."

"ဘာလဲ .."

ခပ်ပုပု ကိုယ်သေးသေးလေးနဲ့မို့ ဟောမာ့ ကို ဖိုင်း က ငုံ့ကြည့်နေ ရကာ သူမကလည်း မော့၍ ...

"နင် ငါ့ကို ဆရာလုပ်ဖို့ ဒီနား ရောက်လာတာလား .."

"လုပ်တော့ရော နင်က ခံမှာမို့လို့လား .."

"ဘာလို့ ခံရမှာလဲ .. နင်က ငါ့အဖေမှ မဟုတ်တာ .."

"ဒါဆိုလည်း လမ်းဆုံလမ်းခွမှာ ဈေးဆွဲခြင်းကြီးနဲ့ ဘာလို့ စောင့် နေမှန်း မသိ .. အကြာကြီး ရပ်နေတာကို အဖေ့ကို သွားပြောပေးမယ်.."



www.burmeseclassic.com

www.burmeseclassic.com



"နိုင်း .."

ပြောပြီး လှည့်ထွက်သွားတော့လည်း သူမပဲ ပြန်လှမ်းခေါ်ရကာ...

"နိုင်း .. ဒီမှာ ဟဲ့ .."

"ဘာလဲ .."

လမ်းဆုံမှာ စတိုးဆိုင်တွေ .. ကွမ်းယာဆိုင်တွေနှင့် ဆိုင်ကယ်လိုက်ကယ်ရီသမားတွေလည်း ရှိနေသေးသည်။ အားလုံး မဟုတ်ပေမယ့် ကယ်ရီသမားတွေကတော့ စုပြုံ ဝိုင်းကြည့်နေမှာ သေချာပါသည်။

"အဖေ့ကို သွားမပြောနဲ့ .."

"မပြောစေချင်ရင် .. နင်လည်း ပြန်တော့ .."

"ပြန်လို့ မဖြစ်ဘူး .."

"မဖြစ်ရင် ပြောရုံပဲ .."

"ဖိုင်း .. နင် ဘယ်လိုဖြစ်နေတာလဲ .."

နှစ်ယောက်စလုံးက မျက်နှာချင်းဆိုင်လိုက် .. ကျောခိုင်းလိုက်ကြနှင့် လူကြည့်ချင်စရာ ဖြစ်နေတော့သည်။

"နင် သိရက်သားနဲ့ ငါ့ကို တမင် ပြဿနာရှာတာလား .. ဟုတ်လား .."

"ငါက ပြဿနာရှာတာ မဟုတ်ဘူး .. နင့်ကောင် ခုနကပဲ သူ့ရဲ့ 'မမ' ဆိုတာကြီးနဲ့ ဆိုင်ကယ်လ်တစ်စီးတည်း အတူစီးသွားကြတာ .."

"ဘာ!..."

"အံ့ဩမနေနဲ့ .. နင့်ကို အဲ့ဒါ .."

"မအံ့ဩပါဘူး .."

ဟေမာ က သူ့ကို စကားဆုံးအောင် ပြောခွင့်မပေးဘဲ ဖြတ်ပြောလိုက်ကာ ...

"သူက အပေါင်းအသင်းများတာ ငါ သိပြီးသား ..၊ ဒီမှာ ဖိုင်း .. ကြားသုံးကြား မဝင်ရဘူးဆိုတာ ကြားဖူးရဲ့လား .."







"မသိဘူး .. ကြားသုံးကြားက ဘာကြားတွေဆိုတာလည်း စိတ်မဝင်စားဘူး .. လူရှုပ်တစ်ယောက်ကို သဒ္ဓါလွန်မိမှာစိုးလို့ ဝတ္တရားရှိတဲ့အတိုင်း လာပြောပြတာ .."

ပြောပြီးတာနှင့် စကားလည်း အဆုံးမသတ်ဘဲ ပြန်ထွက်သွား၏။ ကြောင်တောင်တောင် ခပ်တွေတွေလေး ကျန်ခဲ့တာက ဟေမာ ဖြစ်၏။

ဆက်စောင့်နေရကောင်းမလား .. ထွက်သွားရ ကောင်းမလား တွေးနေစဉ် ဆိုင်ကယ်လ်သံ ဝေါခနဲ ကြားလိုက်ရကာ ...

"စောင့်နေရတာ ကြာပြီလား .."

"နာရီဝက်လောက် ရှိပြီပေါ့ .."

ရောက်လာသည့် ချစ်သူကို စိတ်ပျက်စွာ ပြောမိရင်း လှည့်ကြည့်လိုက်တော့ ဆိုင်ကယ်လ်ကယ်ရီဂိတ်မှာ မတ်တတ်ရပ် စကားပြောနေသည့် ဖိုင်း က နောက်ပြန် လှမ်းကြည့်တာနှင့် ဆုံမိ၏။

အစ်မနေရာမှာ နေခဲ့တာမို့ ဆိုင်ကယ်လ်နောက်မှာ ထိုင်လိုက်ရင်း မျက်နှာတော့ ပူသွားမိသည်။ ဒါပေမယ့် တခြား ကယ်ရီသမားတွေကပါ လှမ်းကြည့်နေကြသဖြင့် စိတ်တိုသွား၏။

ထို့ကြောင့် မျက်နှာလေး မော့ပစ်လိုက်ပြီးမှ ဟဲလ်မက်ကို ဆောင်းသည်။

ကြည့်ချင်တဲ့လူ ကြည့်ကြ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဒီဘက်က ပဲပင်တွေက ပိုးကျနေတာလား .."

တစ်ယောက်တည်း ဖုန်းတစ်လုံးနဲ့ အိမ်အောက်ခါးကနေ ဆင်းထွက်လာခဲ့ရင်း ပဲစင်အောက်ရောက်မှ သတိထားမိသည်။ တစ်ဖက်ခြမ်းက စိမ်းနေပြီး သုံးပုံ တစ်ပုံလောက်က ညှိုးခြောက်နေကြ၏။

ဒါကို အမေ မသိသေးလို့ ထင်တယ် ...၊

ကိုယ့်ဘာသာ ထင်ကြေးပေး .. ကိုယ့်ဘာသာ ဖြေနေရင်း ပဲစင်ကို လှည့်ပတ်ကြည့်မိ၏။ ဖုန်းပျက်နေတာကို နှိုက်ချွတ်ကြည့်ဖို့ စိတ်ကူးကနေ ပဲစင်ကို ကြည့်မိကာမှ ဖုန်းက ဒုတိယ ဖြစ်သွား၏။

ဘယ်အရာကိုမဆို စိတ်ဝင်စားတတ်သည့်အကျင့်က ကောင်းမှန်းမကောင်းမှန်းတော့ မသိ ...၊ စိတ်ဝင်စားပြီဆိုရင်လည်း လူက ထိုနောက်ကို တစိုက်မတ်မတ် လိုက်တတ်ခဲ့ရာ ...

ဟင်!...

ပဲစင်ရဲ့နောက်ကို ဝင်ကြည့်ရင်း ဒီဘက်လှည့်လိုက်တော့ ဟိုဘက်ထဲကို မျက်လုံးက တန်းခနဲ ...၊

ဒီမိန်းမ ဘာလဲ ...၊





ကိုယ်ပေါ်က တဘက်ကို ဖယ်ပစ်လိုက်ပြီး နောက်မကျတကျ နေရာမှာ လှည့်ပုံထားလိုက်သည်။ ထဘီရင်လျားနှင့်မို့ ဖွေးနုဝင်းစိုနေသော ပခုံးသားတို့နှင့် ရင်ဘတ်အလှက အကာအကွယ်မဲ့နေ၏။

ခြံစည်းရိုးက သွပ်ဆူးကြိုးတန်းတွေပဲ ကာထားတာဖြစ်သည်။ ပြီးတော့ သူမက အိမ်နောက်ဖေးအဆင်း အုတ်လှေကားထစ်မှာ ခြေချထိုင်နေကာ အောက်မှာ အပြာရောင် စည်ပိုင်းမြင့်ကြီးနှင့် ...

သူမကို နီးနီးလေးနှင့် ဒီတိုင်း ရှင်းရှင်းကြီး မြင်နေရသည်။ ဘယ်လောက်ထိလဲဆိုလျှင် သူမရဲ့ မျက်တောင်ကော့လေးတွေ ရှည်လျားနက်မှောင်နေတာကအစ ...၊

အပေါ်နှုတ်ခမ်း၏ ထောင့်ချိုးလေးတွေ ကော့ညွတ်နေတာထိ သူမြင်နေရ၏။ သေချာတာက သူမ ရေချိုးတော့မည်။

ဘာဖြစ်လို့ နောက်ဖေးက ရေကန်ထိ မသွားတာလဲ ...၊ လူကို မြင်ကာမှ ပခုံးပေါ်က ဆောင်ကို ဖယ်ချလိုက်ဖ ကရော ဘာလဲ ...၊

မကြည့်သင့်မှန်း သိလိုက်သည့်အချိန်မှာ တစ်လုံးတစ်ဝကြီး ကြည့်လိုက်ပြီးဖြစ်ကာ မျက်လုံးလွှဲဖို့ သတိရပေမယ့် ...၊

ဟာ!... ကြည့်စမ်း ...၊

ရင်လျားထားသည့် ထဘီကို ဖြန့်ဝတ်လိုက်သဖြင့် ဖိုင်း မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလို အဖြူရောင် စီးကြောင်းတွေ စီးသွားကြ၏။

မကြည့်နဲ့ .. မကြည့်နဲ့တော့ ဟိတ်ကောင် .. ပြန်ပြေးစမ်း ...၊

ကျောခိုင်းမိတဲ့အထိ ပြတ်သားခဲ့ပေမယ့် ဒေါသက ဆက်တွဲ ပါလာ၏။

ဒါ တမင် လုပ်တာလား ...၊

ခေါင်းမှာ ရေကာအုပ်ဆောင်လေးနှင့် သူမပုံစံကို ပြန်မြင်ပြန်ကာ...

မဟုတ်လောက်ပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အတွေးနဲ့ ကိုယ် ပဲစင်သားမှာ အစွန်းထွက်နေသည့် ဓါးလုံးတန်းကို မမြင်ခဲ့မိ ..။

"ဒုန်း .."

ခေါင်းရဲ့တိုက်အားက မသေးလှသည်မို့ ဟိုဘက်အစွန်းပါ ခါသွားကာ ပဲစင်က လှုပ်ယမ်းသွားခဲ့၏။ နောက်ကို ပြန်လှည့်ကြည့်မိတော့ 'ဟင် ..'ခနဲ ထပ်ဖြစ်၏။

သူမက လက်လေးပိုက်လျက် ကိုယ့်ကို ကြည့်နေ၏။ နိုင်း ကိုယ့်ဘာသာ မလုံမလဲ ရှက်သွားမိကာ နောက်ထပ် လှည့်မကြည့်စတမ်း အိမ်ထဲ ဝင်ခဲ့မိသည်။

ဟိုတစ်ခါကလည်း ယောကျ်ားတစ်ယောက် ရေချိုးနေတာကို သေချာကြီး ရပ်ကြည့်နေခဲ့သည်။ ခုလည်း သူမ လုပ်ပုံက ဘယ်လိုအချိုးမျိုးလဲ ..၊

တစ်ကိုယ်လုံး ပူပူထူထူကြီး ဖြစ်နေတာက တော်တော်နဲ့မပျောက်ပေ ..၊ ဒီတစ်ခါ အိမ်ထဲ သေချာပြန်ရောက်မှ ထိုနေရာကို မြင်ရသည့် နောက်ဖေးပြတင်းပေါက်တစ်ခုကနေ လှမ်းကြည့်လိုက်မိ၏။ သူမက မရှိတော့ပေ ..။

ဟိုတစ်ခါကလည်း ကိုမင်း ထွက်လာတော့ သူမ ရှိမှ မရှိတော့ဘဲ ..၊ ဒါဆို ကိုယ့်ကိုပဲ ဒီလို ပြကွက်တွေ ရွေးဖယ် ပြနေတာလား ..၊

'မဟုတ်လောက်ပါဘူး'လို့ ဖြေဖျောက်တွေးစရာ အကြောင်းကဘာမှမရှိဘဲ ဖြစ်နေရာ နိုင်း တစ်ယောက်တည်း ရှက်စိတ်လည်း မပြေ.. စိတ်တိုနေတာလည်း မပျောက် ..။

ဒီအိမ်မှာ ဘယ်လိုလူတွေ ရောက်နေတာလဲ ..၊

"သားငယ် .."

တော်သေးသည် ..၊ သူ ဒီဘက်လှည့်ရပ်နေကာမှ အမေ ရောက်လာလို့ ..၊





"သြော် .. တော်သေးတာပေါ့ .. အမေက အပြင်များ ပြန်ထွက်သွားပြီလားလို့ .."

"အမေ ဘာလုပ်မလို့လဲ .."

"ဟိုဘက်မှာ အိမ်ငှားတွေ ရောက်နေတာလေ သားရယ် .. အဲ့ဒါမင်းအစ်ကိုကိုတော့ ပြောထားပါတယ် .. ဒါပေမယ့် ခုချိန်ထိ ပြန်မလာဘူး .. ဖုန်းဆက်တော့လည်း မလာနိုင်သေးရင် မလာနိုင်ဘူး မပြောဘဲနဲ့.. လာမယ်ဆိုတာပဲ .."

"ဘာလုပ်မှာမို့လို့လဲ .."

"သြော်ကွယ်.. မိန်းမသားနှစ်ယောက်တည်းရယ်လေ .. ညွှဲသည်လည်း ဖြစ်နေတော့ အဲ့ဒီအိမ်မှာ လိုအပ်တာလေး သွားသက်လုပ်ပေးဖို့.."

"ဟာ .. ကျွန်တော့်ကို နိုင်းဖို့ဆို မနိုင်းနဲ့ .."

"ဟင်!.."

"ကိုမင်း လာမှပဲ နိုင်း .."

"ဘာမှတောင် မပြောရသေးဘူး နိုင်း ရယ် .."

"ပြောပြလိုက်ရင်လည်း ပြောရကျိုးနပ်မှာ မဟုတ်ဘူး .. ပြောမနေနဲ့ .."

ဒီလို မိန်းမတွေရှိတဲ့ အိမ်ကို ခြေချစရာလား ..၊ ပြန်တွေးမိတာနဲ့တင် ဒေါသထွက်မိသည်။ သူမ စိတ်ထဲမှာ ဘာတွေ ဘယ်လိုတွေးနေသည် မသိပေမယ့် ယောကျ်ားတိုင်း အချောင်သမားတွေချည်း မဟုတ်ဘူးဆိုတာ သိစေချင်သေးသည်။

"သားငယ် .."

သူ ထွက်လာတော့ ဒေါ်မြတ်ညွန့် က နောက်က ထပ်လိုက်လာကာ ..

"ဘယ်သွားဦးမလို့လဲ .. ဒီနေ့ မင်းအဖေ မအားဘူး .. ဆိုင်ခဏထိုင်ပေးစမ်းပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!... မထိုင်ချင်ပါဘူး .. ပြီးရင် လူကို သူခိုးလိုလို .. ကြမ်းပိုးလိုလို .. စစ်လား ဆေးလားနဲ့ .."

"သား .."

"အမေ့ ကျွန်တော် ဖုန်းသွားပြင်မလို့ .. လုံးဝ မအားဘူး .."

"ခိုင်း ရယ် .. မင်းကို ဖအေက ဆူပဲ ဆူနေတာလည်း မပြောနဲ့.. အိမ်ကို ဝိုင်းကူဖို့ စိတ်မပါရင်လည်း အပြင်မှာ အလုပ်တစ်ခုခု .."

"မလုပ်ချင်ပါဘူး .."

"ဒါဆိုလည်း မိဘ ကျေနပ်အောင် .."

"အခု ကျွန်တော် ဒီလိုနေတာကို အမေက မကျေနပ်ဘူးဆိုတာ သိတယ် .. အဲ့ဒါကြောင့် ထမင်းတောင် ပြန်မစားဘဲ နေတာ .."

"အဲဒီလောက်ထိ လုပ်နေတာက မင်းဘာသာ တလွဲတွေး တွေးပြီး ထင်သလို နေတာပဲ သား .. သူတို့ပါးစပ်က ဘာတွေပြောနေနေ မင်းကို ဟိုငယ်ငယ်တည်းက ချီဟယ် .. ပွေ့ဟယ် ထိန်းကျောင်းလာခဲ့ကြတာ.. သံယောဇဉ်ဆိုတာ ရှိတယ် .."

"ကျွန်တော်ကလည်း ကျွန်တော့်ကို ဘယ်သူ သံယောဇဉ် ဘယ်လောက်ရှိနိုင်မလဲဆိုတာ စိတ်မဝင်စားဘူး အမေ .. အဲ့ဒီလို ချစ်တာ မုန်းတာတွေကြားမှာ ကိုယ် ကြိုက်ကြိုက် မကြိုက်ကြိုက် နေနေခဲ့တာလည်း အမေ့ တစ်မျက်နှာကြောင့် .."

"ကဲပါ .. ဟုတ်ပါပြီ သားရယ် .. အဲ့ဒါတွေ မပြောပါနဲ့တော့ .. အမေက မင်းတို့သားအဖတွေကို ချစ်ချစ်ခင်ခင် နေစေချင်ခဲ့တာ ဟိုတုန်းတည်းကနေ ခုချိန်ထိပဲ .."

ခိုင်း က ရယ်ပေမယ့် မဲ့သလို ရှိနေခဲ့လျက် ...

"ဒါဆို .. ဟိုတုန်းတည်းက ခုချိန်ထိ အမေ မှားနေတာ .."

"ဟုတ်ပါတယ် .. ချစ်ဖို့ခင်ဖို့ တူးဆွလိုက်မိတိုင်း မကျေနပ် မကြင်နာကြတဲ့ ရင်ထဲက သယံဇာတတွေ ထုတ်ပြပြီး အမြဲတမ်း ပြဒါး





တစ်လမ်း သံတစ်လမ်း .."

"ကျွန်တော့်ရင်ထဲမှာ သယံဇာတတွေ မရှိဘူး အမေ .. မနေ့က မုန်းတာတွေ ပြောပြီး ဒီနေ့ မပြောဖြစ်ကြရင် ပြီးပြီ .."

ဟုတ်ပါသည် ..၊ ငယ်စဉ်တည်းက ခုချိန်ထိ အမုန်းစကားတွေပဲ နေ့စဉ်ရက်ဆက် ဆိုနေခဲ့တဲ့သူက ခိုင်း မဟုတ် ..၊

"မနက်ဖြန်.. ဒါမှမဟုတ်ရင် တစ်ပတ်လောက်ကြာရင် ကျွန်တော် ပြင်ဦးလွင် သွားမှာ .."

"ဘယ်လို!..."

"အဲ့ဒါလည်း ပြောချင်လို့ ..၊ ဒီဖုန်း ပျက်နေတာလည်း ပြန်ပြင်မယ်ဆိုပြီး လာယူတာ .."

"မင်း ပြင်ဦးလွင်က ပြန်ရောက်တာပဲ မကြာသေးဘဲနဲ့ ခိုင်း ရယ်.."

"ဟုတ်တယ် .. ဒါပေမယ့် ပြင်ဦးလွင်ကို သွားပေမယ့် ပြန်လာတာက ပြင်ဦးလွင်က မဟုတ်ဘူး အမေ .. အလုပ်အကိုင်ကောင်းလေး ကြားတာနဲ့ ရန်ကုန်ထိ ဆင်းသွားလိုက်သေးတယ် .."

ဒါကြောင့်ပဲ 'မြန်မာပြည်တစ်ခွင် ပြံပြံစင်အောင် သွားနေတဲ့ကောင်'လို့ ကိုထွန်းငွေ ပါးစပ်တစ်လုံးကြီး ပြောနေခဲ့တာပါ ..။

"ဘာဖြစ်လို့လဲ အမေ .. ကျွန်တော် အိမ်မှာ မနေချင်ဘူး .. ကျွန်တော် ရှိနေရင် အမေနဲ့ ကျွန်တော် စိတ်ချမ်းသာရမှာ မဟုတ်ဘူး.. အဲ့ဒါ အမေ သိပါတယ် .."

"သိပေမယ့် ငါ့သားက သူတို့ပြောသလို မဟုတ်ဘူးဆိုတာလေး တော့ ဖြစ်စေချင်တယ် ခိုင်း .."

"သူတို့ပြောသလိုဆိုတာ ဘာလဲ .. ကျွန်တော်က ဘာဖြစ်နေတဲ့ ကောင်လဲ .."

"မင်း သိတယ် ခိုင်း .. တစ်သက်လုံး ဒီအိမ်မှာ ရှိလာခဲ့တဲ့ ပဋိပက္ခ တစ်ချိန်ချိန်မှာ ဝုန်းဒိုင်း ထပေါက်မှာလို မပြင်းထန်ခဲ့ဘူး .. ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ညင်သာစွာ ပေါက်ကွဲခြင်းကြောင့် ကမ္ဘာမြေ ခြောက်ခန်းသွားမှာ မျိုး ..၊ အားလုံးက အမေ့သားတွေချည်းပဲမို့ ဘယ်သားသမီးက ဆိုးဝါးတယ်ဆိုတာ အမေ့စိတ်ထဲမှာ မရှိပါဘူး .. ဒါပေမယ့် သေားရောက်နေတဲ့သားက ဆိုးတဲ့သားလို့ သတ်မှတ်နိုင်တယ် ..၊ သတ်မှတ်ခံရတဲ့ သားက မင်း ဖြစ်မနေစေချင်ဘူး .."

"ဖြစ်စမ်းပါစေ အမေရာ .."

ထိခိုက်ကြေကွဲနေရှာသည့် အမေ့မျက်နှာကို သူ မမြင်ချင်ပါ။ ဘာတွေဖြစ်ဖြစ် ဂရုမစိုက်ဘဲ နေနိုင်ပေမယ့် အမေ့မျက်နှာမှာ မျက်ရည်တွေနေရင် ကိုယ့်မှာ အပြစ်ကြီးတစ်ခု ကျူးလွန်မိသလိုပဲ ခံစားခဲ့ရသည်။

ထို့ကြောင့် အမေ ငိုတော့မယ့်အဖြစ်ကို ကာကွယ်ချင်တာလား.. အမေ မငိုအောင် ကိုယ့်ဘက်က ခံစားတတ်ခဲ့တာတွေကို ပြချင်တာလား ..၊

ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်သေးခင် မိဘရှေ့မှာ ရိုင်းပျစွာ မဲ့ထားမိသည့်မျက်နှာနဲ့ပဲ ကြွပ်ဆတ်ဆတ် မာကျောသော စကားလုံးတို့သည် ..၊

"အမေ့ဆန္ဒတွေ အမေ့ရင်ထဲမှာပဲ ထားပြီး သူတို့ ဘယ်လိုပဲ သတ်မှတ်ပါစေ .. သင်း မိုက်တာကိုးဆိုတဲ့ အတွေးနဲ့ ချေဖျက်ပစ်လိုက်ပါ.."

"မင်းက ငါ့ကိုတောင် ဒီလိုပြောတယ် .. ဟုတ်လား .."

"အမေ့ကို မပြောရက် .. မပစ်ရက်ရင် ကျွန်တော် နာမှာ အမေ.."

"ဘာ!..."

"ဟုတ်တယ် .."

နိုင်း မျက်နှာက အစပြန်ပေါ်လာသည့် မာန်မာနတို့ဖြင့် တင်းမာနေသည့်ပြင် နီမြန်းမြန်း ရှိနေခဲ့လျက် ...

"ကျွန်တော် ဒီအချိန် .. ဒီလို လွတ်လပ်မှုကို ရဖို့အတွက် ကိုယ့်အသက်အရွယ် ဒီလောက်တောင် မြန်မြန်ဖြစ်ပါစေလို့ ညစဉ် ဆု





တောင်းခဲ့ရတာ .."

သူ့မျက်လုံးတွေက တစ်အိမ်လုံးမှာ ရှိသမျှသော ပရိဘောဂ အကြီးအသေး .. တန်ဖိုးကြီးသော မကြီးသော အရာဝတ္ထုပစ္စည်းမှန်သမျှတို့မှာ ငြိမ်သက် စူးစိုက်ရင်း တဖြည်းဖြည်း ရွေ့လျားသွားခဲ့သည်။ ပြီးမှ ...

"ကျွန်တော့် သက်တမ်းတစ်လျှောက်လုံး ဘယ်လို နေလာခဲ့ရဘယ်ဆိုတာ အမေ အသိဆုံးပါ ..၊ အားမနာတမ်း ပြောရရင် အမေ့စကားတစ်ခွန်းက သူတို့အပေါ်မှာ ဘယ်လောက်ထိ စူးရောက်နိုင်ခဲ့သလဲဆိုတာ ပြန်တွေးပြီး ကျွန်တော့်ကို နားလည်ပေးပါ .."

"မင်းက သူတို့ကိုတောင် အမေ မနိုင်ဘဲနဲ့ ကျွန်တော့်ကို ပြောမနေပါနဲ့လို့ ပြောချင်တာလား .."

"မဟုတ်ဘူး အမေ .. ကျွန်တော် ဒီအိမ်မှာ ပေါ့ပါးစွာ နေထိုင်ဖြတ်သန်းဖို့က အမေ့ရဲ့ စေတနာ မေတ္တာနဲ့တင် မလုံလောက်သလို အမေ့ကို ကျွန်တော် ချစ်ခင် နားလည်နေတာနဲ့လည်း အမေ စိတ်ချမ်းသာရမှာ မဟုတ်ဘူး .. ကျွန်တော်က မခွာနိုင် .. အမေက မပစ်ရက်နဲ့နောက်ထပ် ဘယ်လောက်ထိ ပဋိပက္ခတွေ ရှည်လျားဦးမှာလဲ .."

"မိသားစုဘဝဆိုတာ အဲ့ဒါတွေပဲ သား .. ရန်ဖြစ်မယ် .. ပြန်တည့်မယ် .. ငိုကြ ရယ်ကြနဲ့လေ .. တကယ်တော့ အဲ့ဒါတွေက ရင်းနှီးချစ်ခင်ခြင်းတွေပါ .."

"အဲ့ဒီလို ဘဝမျိုးကို ကျွန်တော် ရှိနေသရွေ့ အမေ ဘယ်တော့မှ ရနိုင်ဘူး .."

အမိုးရိပ်တစ်ခုအဖြစ်သာ ခိုလှုံခွင့်ရခဲ့သော အိမ်ကြီးကို နောက်ဆံ မျက်လုံးဖွင့်မိတော့ ရင်ထဲမှာ ဆူးတစ်ချောင်း ဝင်သလို စူးခနဲ နာကျင်သွားသည်။

"မင်းက မွေးစားသား .."လို့ ပြောခဲ့ကြတာတွေက ဒီအရိပ် .. အရာဝတ္ထုပစ္စည်းတို့နှင့် ဘာမှ မသက်ဆိုင်တဲ့အကြောင်း သိစေ့တာ



www.burmeseclassic.com

www.burmeseclassic.com



တွေပါ ...။

ကိုယ်ကရော အရိပ်မိုးတစ်ခု ရှိဖို့ မဖြစ်မနေ လိုအပ်နေခဲ့သလား... မိသားစု အသိုက်အဝန်းနဲ့ အဆောင်အယောင်ပစ္စည်းတွေကိုရော မျှော်လင့်ချက်တွေ ထားခဲ့မိသလား ...။

ဒီအချိန် ဒီအရွယ်ရောက်နေတာတောင်မှ ခိုင်း ဆိုတဲ့ သူ့ဘဝကို မပြောင်းလဲဘဲ ဒီတိုင်း ဖိုနာနာ ပေကပ်ကပ် ဆက်သွားနေဦးမယ်ဆို အနာဂတ်အတွက် အလင်းရောင်ကို ဘယ်လို ရှာတွေ့နိုင်မှာလဲ ...၊

"ဒါဖြင့် မင်းက အတောင်စုံနေလို့ ပျံသန်းထွက်သွားတော့မယ်ပေါ့ .."

"သွားတော့မယ်ဆိုတာတော့ မဟုတ်ပါဘူး.. ဒါပေမယ့် ကျွန်တော်နေတတ်သလို နေပါရစေ .. ဘယ်ကိုသွားသွား .. ဘယ်မှာ ကြားနေနေ အမေ မျှော်မနေပါနဲ့ .."

"ဘယ်လိုပြောလိုက်တာလဲ သား.. မိဘရင်ထဲကို မင်း နားမလည်လှချေလား ဟင် .."

"အမေ့ကို နားလည်ပါတယ် .. ကျွန်တော့်ကို နားလည်ဖို့ပဲ ပြောတာ .. ကျွန်တော် ယောကျ်ားလေးပဲ အမေ .. ပြီးတော့ အမေ သင်ပေးထားတဲ့ ပညာတွေ တတ်ထားသေးတယ် .. အဲဒီပညာတွေကြောင့် ဘဝရဲ့ အလင်းအမှောင်ကို ကျွန်တော် ခွဲခြားနိုင်ပါပြီ .. ငါ့သား လူဆိုးတော့ မဖြစ်နိုင်ဘူးလို့ တွေးပြီး ယုံကြည်ပေးပါ .."

ဒေါ်မြတ်ညွှန့် မျက်ရည်ဝေနေခဲ့လျက် .. ခေါင်းခါခြင်းက မရပ်တန့်နိုင်၏။

"ကျွန်တော့်ကို အဲဒီလို နေထိုင်ရကောင်းလားဆိုပြီး ဘယ်သူ ဘာတွေပြောပြော အမေ စိတ်မညစ်တတ်အောင် နေပါ .. အမေ ပြောနေကျ 'ဝမ်းနဲ့မလွယ် သား မမည်' ဆိုတဲ့ စကားကို ကြားတိုင်း နာကျင် ခံစားမနေဖို့ .."





"ခိုင်း ရယ် .."

"မငိုပါနဲ့ အမေရာ .."

မျက်ရည်ကျတော့မှာကို သိလျှင် အမေ့ ပခုံးနှစ်ဖက်ကို ကိုင်၍ သူ့လေသံတွေ လျှော့ကျသွားကာ ...

"ဝမ်းနဲ့လွယ်တဲ့ သားရော .. မလွယ်တဲ့ သားရော အချိန်တန် အရွယ်ရောက်ရင် ဘယ်သားသမီးမှ အမေ့ရင်ခွင်ထဲမှာပဲ တစ်သက်လုံး နေမသွားဘူး .."

"ဟုတ်ပါတယ် .. မင်းက မအေကို တရားပြပါ .."

"အမေရာ .."

"အေးပါ .. ငါ မငိုတော့ပါဘူး .."

ဒေါ်မြတ်ညွှန့် မျက်ရည်သုတ်၍ ပေါ့ပါးဖို့ ကြိုးစားမိသည်။ ရင်ထဲမှာ နာကျင်သွားတာက ခိုင်း ကို မဟုတ်ပေ ...၊ အမှန်တရားကြီး ရှိနေသည့်အတွက် မသိလို့လည်း မရ .. မကြည့်လို့လည်း မရ ...။

လူငယ်တစ်ယောက်ကတောင် သမာသမတ်ကျသည့်စကားတို့ကို ဆိုနိုင်နေလျှင် သူမ ငိုနေဖို့ မသင့် ...၊ ဘာကို နာကျင်သွားမှန်း မသိလိုက်ခင် မျက်ရည်တိတ်ဖို့ ကြိုးစားမိ၏။

ဒီအိမ်မှာ ခိုင်း တကယ်ပဲ ဆင်းရဲဒုက္ခခံနေခဲ့ရတာကိုလည်း သိချက်နဲ့ သူမ ဘာကြောင့် နာကျင်သည့်အတွေးတွေ ဝင်ရမှာလဲ ...

သားလေးကို လွှမ်းပြီး ကျန်ခဲ့ရမယ်ဆိုရင်တောင် ဒီသားလေး ပျော်ရွှင်နေမည်ဆို သူမ ကျေနပ်နေရမည်သာ ...။

ကိုယ် ဖြစ်ချင်သလို ဖြစ်ခွင့် မရခဲ့သမျှ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ဆိုင်ကယ်လ်တစ်စီးနဲ့ လိမ့်နေရင်း ခရီးမထွက်ဖြစ်သေးတာကို ရော .. မနက်က အိမ်ကအထွက်မှာ အမေ ပြောခဲ့တဲ့ စကားတွေကိုပါ အစီအရီ တွေးရင်း ဘာကို မကျေနပ် ဖြစ်နေမိမှန်း မသိ ..။

"မင်းကို မင်းအမေ ဘာပြောနေသလဲ .."

"ဟိုဘက်အိမ်မှာ ရေချိုးခန်း လုပ်ပေးဖို့ တဲ့ .."

"အခု မလုပ်ပေးနိုင်ဘူးဆိုပြီး ထွက်လာတာလား .."

"ကိုမင်း လုပ်နေတာပဲ .."

"မင်းကို သွားကူခိုင်းနေတာကွ .."

"ကျွန်တော်မှ မအားတာ .."

"ခွန်ဖိုင်း .."

အိမ်မှာဆို ဖိုင်း လို့ ဖွဲ့ဖွဲ့မြဲမြဲ ခေါ်တာ အမေတစ်ယောက်ပဲရှိကာ အပြင်မှာ သူငယ်ချင်းတွေကလည်း နာမည်နှစ်လုံးတည်းကို ထင်သလို ခေါ်နေကြတာပင် ..၊ ဒါပေမယ့် ခွန်ဖိုင်း လို့ ခေါ်သံတွေထဲမှာ အမေ့ ခေါ်သံလောက် နက်ရှိုင်း ပြတ်ရတာမျိုး မရှိဘူး ထင်သည်။

"မင်းက အိမ်မှာ ထမင်းနှစ်နပ် ပြန်မစားတော့တာနဲ့ ဒီအိမ် တစ် အိမ်လုံးက လူကိစ္စ – ဗာဟီရကိစ္စ ဘာမှ မင်းနဲ့မဆိုင်တော့ဘူးလို့ တွေး လိုက်တာလား .."





"ကျွန်တော်က မတွက်ပါဘူး .. ဒါပေမယ့် အိမ်မှာ ကျွန်တော့် အတွက် ဝန်ပေါ့သွားအောင် ကိုယ့်ဘာသာ ရှန်းကန်ကြည့်နေတာပါ ..၊ ဆလာလောဆယ် ကိုယ့်ဝန် ကိုယ်ထမ်းနေရတော့ အိမ်က ဗာဟီရတွေမှာ ကျော်နိုင် ဖြစ်သွားတယ် .. တမင်တကာ နေခဲ့တာ မဟုတ်ပါဘူး .."

"မင်း သိပ်တတ်လာတာပဲကွ .. အေးပေါ့ .. ငါ စာတတ်ပြီဆိုပြီး ခန့်မတက်နဲ့.. စာသင်ပေးတဲ့ဆရာကို ကျေးဇူးကန်းရင် မင်းဆီလာမယ့် ကံကောင်းခြင်းတွေက ဆောင်းအိပ်မက်လို ပျောက်သွားမှာပဲ .." တဲ့..။

သတိပေးတဲ့အတွက် ကျေးဇူးပါ ..၊

ရင်တွင်းမှ စကားသံနှင့်အတူ နှုတ်ခမ်းတို့မှာ ခပ်လွန့်လွန့် အပြုံး တို့ ထင်၏။ ဆိုင်ကယ်လ်သည် စိတ်နဲ့လူ မကပ်ဘဲ မောင်းနှင်နေသည့် အတိုင်း ကုန်းမြင့်ထက်သို့ ဦးမော့ တက်လာခဲ့စဉ် ...

"ခွန်ဖိုင်း .."

ခေါ်သံနှင့်အတူ ကားရပ်သွားသဖြင့် ဖိုင်း လည်း ဆိုင်ကယ်လ်ကို ရပ်ကာ ...

"ဆောသာ .. ဘာလဲ .."

ကားထဲကနေ ခေါင်းတစ်လုံး ထွက်လာပြီး သူ့ကို ကြည့်၍ ...

"မင်း ဘာလို့ လိုက်မသွားတာလဲ .. ဗညား တို့ သွားကြပြီဆို.."

"အေး .. ငါက အလုပ်ကိစ္စနဲ့ပဲ သွားမယ် မှတ်တာ .. သူ့ညီမနဲ့ သူငယ်ချင်းတွေ ပါလာမှာဆိုတော့ .."

"ဟား .. ဟား .. ဟား ..."

ကားမှန်ချပြီး မျက်နှာကြီး ထွက်နေရင်း ဆောသာ က ရယ်သည်။

"မင်းကွာ .. ခရီးဝေးသွားတာ ဒါမှ ပျော်စရာကောင်းမှာပေါ့ကွ.."

"မင်းကတော့ ဘာလို့ မလိုက်တာလဲ .."

"လိုက်ချင်တယ် ကိုယ့်လူ .. ငါ့အိမ်ကအကြောင်း မင်း သိရဲ့သား နဲ့ .. မင်းလို လူပျိုဆိုလို့ကတော့ သွားပြီးသားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



စောသာ က မိဘ သဘောမတူသည့်မိန်းကလေးကို ခိုးပြေးခဲ့ဖူးသည်။ တစ်နှစ်လောက်ပဲ ကြာလိုက်ပြီး တစ်ခုလပ်ဘဝနဲ့ ပျော်နေတာ သူ့ကိုယ်သူ ဆယ်တန်းစာမေးပွဲ ကျခဲ့ဖူးတာကို ပြန်ပြောပြတာမျိုး ..၊

"လိုက်သွားလိုက်ရင် ပြီးတာပဲ ဖိုင်း ရာ .. အဲဒီ ချာတိတ်မလေးတွေက မင်း ပါမယ်ထင်ပြီး လိုက်ကြတာရော မဖြစ်နိုင်ဘူးလား .."

"ဟော့ကောင် .. လူကို လာချွန်မနေနဲ့ .."

"ငါ အကောင်းပြောနေတာ.. စိုင်းမြတ်ဇော် ရဲ့ ညီမလား .. ဗညားညီမ စောစန္ဒာ .."

"ကဲ .. တော်ပါပြီကွာ .. ငါ့ကို အိမ်မှာ နေမရရတဲ့အထဲ .. ဘော်ဒါ ကရွှာတွေပါ ပျက်ကုန်အောင် လာ'မ'မနေပါနဲ့ .. သွားမယ် .. ငါ သွားမယ့်နေ့ ဖုန်းဆက်မယ်လေ .."

"မင်းဖုန်း ကောင်းသွားပြီလား .."

"ပြောလို့တော့ ရပြီ .."

"အေး .. ဒါဆို အရင်သွားဖြစ်မယ့်လူက ဆက်ကွာ .. ငါတို့ အတူတူ သွားဖြစ်ရင် ပိုကောင်းတာပေါ့ .."

"အေး .."

သူ ဆက်ထွက်လာခဲ့ပေမယ့် အိမ်ကို မပြန်သေးဘဲ တစ်နေရာ သွားရကောင်းမလား စဉ်းစားမိသေးသည်။ သူငယ်ချင်းတွေ တစ်ယောက် မဟုတ်တစ်ယောက် ရှိနေလျှင် ဘယ်သူ ဘယ်မှာရှိနေလဲ ဖုန်းဆက်လို့ ရသည်။ ကိုယ် ရှိတဲ့နေရာကို ခေါ်လို့လည်း အဆင်ပြေသည်။

ကိုယ့်မြို့ဒေသကို ရောက်လာပြီဆို သူငယ်ချင်းတွေနဲ့မှ အချိန် မဖြုန်းရလျှင် သူ့အတွက် အချိန်တွေက စိတ်ပျက်ဖို့ ကောင်း၏။

ပိုဆိုးတာက အလုပ်မရှိတော့ ဝင်ငွေ မရှိ ..၊

သူငယ်ချင်းတွေ စုမိကြတာက ဘွဲ့ရ အလုပ်လက်မဲ့တွေချင်း ..၊ ထို့ပြင် အလုပ်ရှိပေမယ့်လည်း မလုပ်ချင်ကြသော .. ဘဝကို ကိုယ်





ပိုင်စတိုင်လ်နှင့် လမ်းထွက်လျှောက်ချင်ကြသော ..၊ ဤသို့ တူညီစွာ လက်တွဲမိသူတွေမို့ မြို့ တစ်မြို့ပြီးတစ်မြို့ ပြောင်း၍ ...

"အောင်မယ်လေး .. ကုန်ပါပြီဟယ် .."

ကိုယ့်နောက်မှာ ကျန်ခဲ့သည့်အသံမို့ ဆိုင်ကယ်လ်ကို အရှိန် ချက်ချင်း ချုပ်လိုက်မိသည်။

လှည့်ကြည့်လိုက်တော့ အမျိုးသမီးကြီးတစ်ယောက်နှင့် ဆွဲခြင်း ကိုင်းပြုတ်သွားပြီး တချို့တစ်ဝက် ထွက်ကျကုန်သော ပစ္စည်းတွေ ..၊

ဖိုင်း ဆိုင်ကယ်လ်ကို နောက်ပြန်လှည့်ခဲ့ရင်း ...

"ခဏလေး အဒေါ် .. ကျွန်တော် လုပ်ပေးမယ် .."

အမျိုးသမီးကြီး သူ ရောက်လာတာ မြင်တော့ အားတက်သွားပုံ ရှိကာ ခေါင်းတညိတ်ညိတ်နှင့် ...

"ရတယ် သား.. ဘဲဥတွေက ပေါက်ပြကုန်ပြီ ပြန်မထည့်နဲ့တော့"

"အိတ်ထဲမှာပဲဟာ .. စားလို့ ရပါသေးတယ် .."

"နေ .. နေ .. မကောက်နဲ့တော့ .. အဲ့ဒါကို စားမှာလည်း မဟုတ်ပါဘူး .."

ဆီပုံးကိုပဲ လဲနေရာကနေ ဆွဲထောင်လိုက်ပြီးမှ ဘာလုပ်ရမှန်း မသိ ..၊

"ဒုက္ခပါပဲ .. ဒါတွေနဲ့ ဆီပုံးနဲ့ ဘယ်လိုလုပ်ရပါ့မလဲ .."

"ဆွဲခြင်းထဲ ပြန်ထည့်လို့ရအောင် ကျွန်တော် လုပ်ပေးမယ် .. ခဏပဲ .."

ဖိုင်း က ဆွဲခြင်းနဲ့ ဆီပုံးကို သပ်သပ်စီ ပြန်ခွဲလိုက်ပြီး ...

"ဒါတွေ ဘာမှ ပြန်မယူတော့ဘူးလား .."

"မယူဘူး သား.. ထွက်ကျကုန်မှတော့ ကောင်းမှမကောင်းတော့တာ"

ဆွဲခြင်းမှာ ကျန်သည့်ပစ္စည်းတချို့နှင့် ဆီပုံးကို နေရာတကျ ပြန် ထည့်ကာ အနားမှာ နွယ်ပျော့ပျော့တစ်ချောင်း ထရာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခြင်းကိုင်းနဲ့ ကိုယ့်ကို ပူးတွဲမိအောင် သေချာ တုပ်ချည်ပြီး 'မ'ကြည့်လိုက် .. ပြန်ချပြီး ကြိုးကို တင်းလိုက်နှင့် သိပ်မကြာလိုက်ပါ..၊

"ရပြီ.. အိမ်ရောက်အောင်တော့ နည်းနည်းပါးပါး ဆွဲသွားလို့ ရပြီ"

ပြောနေရင်း သတိရသွားကာ ...

"ဈေးက ပြန်လာတာ ကားလေးဘာလေး ငှားမလာဘူးလား အဒေါ်က .."

"အေး .. ကဲ .. ဈေးက ပြန်လာတယ်တောင် ထင်တာသာ ကြည့်တော့ .."

ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်သွားမိသလို မျက်နှာကြီး မဲ့နေကာ...

"ဒီနားမှာပဲ ကုန်စုံဆိုင်ကြီး ရှိတယ်ဆိုလို့ ရှာရင်း လမ်းလျှောက်ရင်းနဲ့ ထွက်လာတာလေ .. အိမ်နဲ့ အလှမ်းဝေးလာတာကိုတောင် သတိမထားမိပါဘူးကွယ် .. မြင်လိုက်တော့လည်း ကိုယ့်မှာ လိုအပ်တာ မှန်သမျှ .. ဆွဲချ ဆွဲထည့်နဲ့ ထွက်လာတော့ အဲ့ဒီအတိုင်း မနိုင်မနင်းတွေ ဖြစ်ပါရော .."

"ရပါတယ်.. အိမ်က ဘယ်မှာလဲ .. ကျွန်တော် လိုက်ပို့ပေးမယ်.."

"ဒါဆိုရင် ကျေးဇူးပါပဲ သားရယ် .. ဒီရှေ့နားတင်ပါပဲ .. သိပ်မဝေးတော့ဘူး .."

ကိုယ့်အိမ်ဘက်ကို လက်ညှိုးထိုးလိုက်တာ မြင်ပါလျက်နှင့် မတွေးမိခဲ့သည့်အဖြစ်ကြောင့် ဆိုင်ကယ်လ်ကို မောင်းလာနေရင်း ဆိုင်ရှေ့ကနေ ဖြတ်မောင်းခဲ့ရခြင်းသို့ ရောက်ကာ ...

"ဒီမှာ .. ဒီမှာ .. ရောက်ပြီ သား .."

သေစမ်း .. ငါ ..၊

ဖိုင်း အုံ့ညြကာ ကိုယ့်ခေါင်းကို လက်သီးဆုပ်ကြီးကြီးနဲ့ ပြန်ထုပစ်လိုက်ချင်စိတ်တွေ ပွက်ပွက်ဆူ၏။

"ဆွဲခြင်းလေး တစ်ချက်လောက် 'မ'ပေးပါဦး သားရယ် .."





တစ်ချက်လောက် ဆိုတာကို ဆိုင်ကယ်လ်ပေါ်က ဆွဲချပြီး 'အင့်..' ခနဲ လက်ထဲ ထည့်ပေးခဲ့လို့ မကောင်း ..၊ ယောက်ျားပီသ ခန့်ညားစွာ အိမ်တံခါးဝထိ ဆွဲခြင်းကို သွားရောက် ချထားပေးခဲ့ပြီးသည့်နောက်...

"ဘယ်လိုယောက်ျားပဲဖြစ်ဖြစ် .. မိန်းမနဲ့တွေ့ပြီဆို ဒီလိုပဲ အမေ.. အုံ့ညြမနေနဲ့ .."

ဆိုင်ကယ်လ် နှစ်ဘီးစလုံး ရပ်လိုက်ပြီးသည်နှင့် ကြားလိုက်ရသည့် စကားသံက နားတွင်းတစ်လျှောက် ပူလောင်စွာ စီးဝင်၏။

"ငါ့သားက သူ့ဘဝသူ နားလည်လို့ အပူမရှာပါဘူး .. ဒါတွေ စိတ်မဝင်စားပါဘူးတဲ့ .. ဟား .. ဟား .. ရယ်ရတယ် .."

ဟဲလ်မက်ချိတ်ပြီး အိမ်တံခါးဝကို မရောက်သေးမချင်း ယောမှ စကားသံတွေက သူ့ခြေလှမ်းတွေကို ကြည့်ပြီး ပြောနေသည့်နှယ် ..၊ ထို့ပြင် ...

"သူ့ဘဝသူ နားလည်တာ မဟုတ်ဘူး .. လတ်လျားလတ်လျားနဲ့ လက်ကြောမတင်းတာ ..၊ အလုပ်ဆိုရင် ဟင့်အင်း .. မုန့်ဆိုရင် လာထား ဆိုတဲ့ ကောင်မျိုး .. နောက်ဖေးမှာ သွားကူပါဆိုတော့ မင်းကို မအားဘူး ပြောသွားတယ်မို့လား .. အိမ်ရှေ့ကဝင်ပြီး မိန်းမ ပိုးပမ်းဖို့ကျတော့ ကျမ်းကို ကျေလို့ .."

"တူမကို လိုချင်တာနဲ့ အဒေါ်ကို အပိုင်ကပ်ပေါင်းနေတာ အသိသာချည်း .. တမင် လိုက်ကပ်ပြီး ဖားနေတာပါ အဖေရယ် .. သူက လည်း အဲဒီလို မိန်းမမျိုးနဲ့ပဲ တန်ပါတယ် .."

"နေကြပါဦးဟယ် .. ငါ့သားက .."

"အမေ ခုထိ အုံ့ညြနေတုန်းလား .. ခုနလေးတင် ဟိုဘက်က ဒေါ်ကြီးကို အမေ့သား ကယ်ရီလုပ်ပေးနေတာ .. ခုလောက်ဆို အိမ်ပေါ်မှာ မိန့်မိန့်ကြီးထိုင်ပြီး ဟိုက ဧည့်ခံကျွေးမွေးတာ စားနေပြီလား.. ဒါမှ မဟုတ် ဟိုက သူ့ကို နိုင်းပဲ နိုင်းပြီး မောင်းထုတ်လိုက်ပြီလားပဲ .."



www.burmeseclassic.com

www.burmeseclassic.com



နေရာတကာမှာ သွက်လက်ရဲတင်းခဲ့သော သူ့ခြေလှမ်းတွေ တုံ့နှေးစွာ လှမ်းနေရင်း တံခါးဝနဲ့ မလှမ်းမကမ်းမှာ ရပ်တန့်သွားခဲ့စဉ် ...

"သွားလေ .. မင်းလိုကောင်က မိန်းမပါးစပ်ထက်တောင် လျှာစောင်းထက်သေးတာ .. မဟုတ်တာတွေ ပြောနေကြတယ်ထင်ရင် ရန်သွားတွေ့ပေါ့ကွ .."

နောက်ကနေ ရန်စကား ပြောလာတာကို လှည့်မကြည့်ရဘဲ သိနေသည်။ စကားဆုံးတော့မှ ခွန်မင်းထွန်း သူ့ဆီသို့ ရောက်လာကာ...

"ဟဲ့ .. ဟဲ့ .. ဟဲ့ ..."

သူ့ပုံစံအတိုင်း ခါးနှစ်ဖက်ထောက်၍ တဟဲ့ဟဲ့ မဲ့ရွဲ့ရယ်ရင်း ...

"ငါ မနေ့က ရောက်ရောက်ချင်း မနားရဘူး .. ရွာထဲက ငါ့ကောင်လေးတစ်ယောက် ခေါ်ပြီး အဲ့ဒီ နောက်ဖေးမှာ ရေချိုးခန်း သွားလုပ်ပေးရတာ ဒီမနက်ရောပဲ .. ခုထိတောင် မပြီးသေးဘူး.. မင်းကတော့ ပညာတွေ ပိုတတ်တာကိုးကွ .. ချဉ်းကပ်ပုံက မဆန်းပြားပေမယ့် .."

"ကိုမင်း .. စကားပြောတာ ကြည့်ပြော .."

"မင်းကို ကြည့်ပြောနေတာပါ .. ခုနကလည်း သေချာ လှမ်းမြင်လိုက်တယ်.. ငါတို့ တစ်အိမ်လုံး လှမ်းမြင်ကြတယ်ဆိုတာ မင်းနားလည် ရင် ဝန်ခံလိုက်တော့ .."

"ဘာကို ဝန်ခံရမှာလဲ .."

"စကားကြီး စကားကျယ်တွေ မပြောဘဲ မင်း အဲ့ဒီက တစ်ယောက်ကို .."

"ကိုယ့်စိတ်နဲ့ နှိုင်းပြောတာဆိုရင် အဲဒါ မှားသွားပြီ.. လုံးဝ စိတ်မဝင်စားဘူး .."

"ဟား .. ဟား .. ဟား .. ဟား ..."

အိမ်ထဲကလူတွေပါ ကြားအောင် ရယ်လိုက်တာမျိုး ...၊ မျက်နှာကြီး မော့၍ ရယ်နေတာ မပြီးနိုင်တော့ ...၊





"ဟား .. ဟား .. ဟား .. ခွန်ဖိုင်း ရာ .. မင်း ဝန်ခံခံ မခံခံ .. ဒီလို မိန်းကလေးမျိုးကိုမှ မင်း ကြိုက်နေပါတယ်ဆိုရင်လည်း .."

"အဲ့ဒီက ခေါ်ကြီး လမ်းပေါ်မှာ ဒုက္ခရောက်နေလို့ ကူညီခဲ့တာ.."

"ဩော် .. ဟုတ်လား .. ပြောပါဦး .. ဟိုလမ်း ဒီလမ်းလေးမှာ လူရမ်းကားတွေလည်း အရမ်းပေါတော့လေ .. ဘာလဲ .. ခါးပိုက်နှိုက်ခံရလို့လား .. ဆော်လီကြိုးပြတ်ပြီး ထဘီအောက်စ ကွဲနေလို့တဲ့လား.."

"ဒါတော့ ဆော်လီကြိုးတွေ .. ထဘီစတွေပဲ လိုက်ကြည့်နေတဲ့လူက သိမှာပေါ့ .."

"ဟိတ်ကောင် .."

"ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်နဲ့ ပတ်သက်လာတိုင်း မရိုးသားမှုလို့ စွပ်စွဲတာ အောက်တန်းကျတဲ့အလုပ်ပဲ .."

"အံမာ .. မင်းက ငါတို့ကိုပါ ပတ်ရမ်းလိုက်တာပေါ့လေ .."

ဆိုင်ထဲက ထွက်လာကြတာ ဦးထွန်းငွေ တို့ သုံးယောက်စလုံးပဲ ဖြစ်ကာ အပြင်မှာ အလုပ်သမားတွေလည်း ရှိနေသဖြင့် မငြိမ်းချမ်းမှုတစ်ခုကို အားလုံးက စိတ်ဝင်တစား ကြည့်နေကြ၏။

ဖိုင်း ဟိုဘက်က အမျိုးသမီးတွေကို သတိရသွားကာ ဒါကို ဆက်မပြောချင်တော့ပေ ...၊ ဒါပေမယ့် ...

"ဒီမှာ ဖိုင်း .. ရိုးသားတယ် မရိုးသားဘူးဆိုတာ ပုံစံကိုပဲ အကဲခတ်ရတာကွ.. ဘယ်ကောင်မှ ငါ မရိုးသားတဲ့လူပါလို့ အော်မနေဘူး .."

"ဒါဆို အဖေက ကျွန်တော့်ကို အကဲခတ်လိုက်တာပေါ့ .."

"အားလုံး မင်းကို မြင်တယ် .."

"ဘာကိုလဲ အဖေ.. မိန်းမတွေကို လိုက်ပို့ပေးနေတဲ့ ကယ်ရီသမားတွေအားလုံး မရိုးသားတဲ့လူတွေလား .."

"မင်းကိုပဲ ပြောနေတာ .."

"ကျွန်တော်က ဘာဖြစ်နေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"သား .. သား တော်တော့ .. ကိုထွန်းငွေ ရယ် .. ဟိုဘက်ကလူတွေ ကြားသွားပါ့မယ်ရှင် .. လာပါ .. အိမ်ထဲကျမှ ပြောကြပါ .."

ဆွဲခေါ်တဲ့နောက် ပြန်ပါသွားပေမယ့် ဦးထွန်းငွေ က မကျေနပ်..၊ ထိုစဉ် ဆိုင်ကယ်လ်သံ ကြားလိုက်ရကာ ...

"တောက်!..."

နိုင်း ပြန်ထွက်သွားပြီဆိုတာ သိလိုက်၏။

"သွားပြီ .. ဟို ခွေးကောင်လေး .."

ဒေါ်မြတ်ညွှန့် စိတ်ဓာတ် ကျဆင်းစွာဖြင့် အိမ်ထဲကို တန်းဝင်ခဲ့မိသည်။ အိမ်ရှေ့ မျက်နှာစာတစ်ပြင်လုံးက ဆိုင်ဖွင့်ထားတာမို့ အထဲလည်း ဆိုင် ..၊ ဆိုင်ထဲဆိုတာကလည်း အိမ်ထဲမှာပဲ ဖြစ်၏။

ဒီအိမ်မှာ အားလုံးငြိမ်းချမ်းကြပေမယ့် နိုင်း နဲ့ပတ်သက်လာတိုင်း...

"ဟလို.. ဟလို .. မကြားရဘူး .. ဖုန်းကျသွားတာလား .. ကိုလင်း.. ကိုလင်း ကြားနေရလား .."

ဖုန်းနဲ့ နှုတ်ခမ်း ကပ်၍ လက်နဲ့ ထပ်အုပ်ပြီး ပြောနေပေမယ့် အခန်းရှေ့က ဖြတ်လိုက်တာနဲ့ ဟေမာ ဖုန်းပြောနေတာကို မြင်လည်း မြင်သည်။ ကြားလည်း ကြားလိုက်သည်။

ငယ်တော့တဲ့အရွယ်တွေလည်း မဟုတ်ကြဘူးဆိုတော့ ချစ်သူရည်းစားဆိုတာတွေလည်း ရှိနေကြပြီပေါ့ ..၊

စိတ်ဆင်းရဲခြင်းသည် ဘာကိုမှ ဝင်စားခြင်း မရှိတော့သကဲ့သို့ ဥပေက္ခာဆီသို့သာ ရှေ့ရှုခဲ့၏။ ဒေါ်မြတ်ညွှန့် စိတ်ထဲမှာ သမီး ရည်းစားထားနေတာထက် ဘာလုပ်လုပ် အပြစ်ဖြစ်နေသည့် နိုင်း မျက်နှာကိုသာ မြင်ယောင်နေကာ ...

"ဒီမိန်းကလေးကို သားငယ် တကယ် သဘောကျနေတာလား.."

ဒေါ်သဲမြ ကို ဆိုင်ကယ်လ်ပေါ် တင်သွားတာ သားအဖနှစ်ယောက်စလုံး မြင်သည်။





သူမကတော့ မီးဖိုချောင်ထဲကနေ နောက်မှ ထွက်လာတာပါ ..။ သားကြီးကတော့ ဆိုင်ပြင်မှာ ပစ္စည်းမှာဖို့ စာရင်းတွေ ဖအေအတွက် ဝိုင်းကူမှတ်ပေးနေတာ ဖြစ်သည်။

သားငယ် တစ်ခုခု လုပ်ခဲ့တိုင်း ဒီသားအဖတွေ သိနေကြသည်။ ဒေါသဖြစ်သလောက် ပြောကြ၏။ ဒီအဖြစ်တွေ ခုထိ ဘာဖြစ်လို့ မရပ်တန့်နိုင်သေးတာလဲ ..။

ပြီးတော့ ဒီမိန်းကလေး ဘယ်ကဘယ်လို မိန်းကလေးမှန်း မသိ..၊ မျက်လုံးလည်း ကွယ်နေသေးသည်။ ဒါနဲ့တောင် ဟေမာ နဲ့ စကားနိုင်လုနေတုန်းသာ ဘာမှ မဟုတ်သလို သားကြီးက ငြင်းနေခဲ့တာ ..၊

တကယ်တမ်း ဘယ်လောက်ထိ သဘောကျနေခဲ့တယ်ဆိုတာ သူမ သိသည်။ မိန်းကလေးကိုလည်း ကိုယ်တိုင် မြင်ဖူးပြီးပါပြီ ..။

မျက်မမြင်တစ်ယောက်ဆိုတဲ့ ဘဝကို အပြစ်မမြင်နိုင်လောက်အောင် သူမလေးက တကယ်လှသည်။ မျိုးရိုးအဆင့်အတန်း ဘယ်လိုဆိုတာ သံသယဝင်ဖို့ မလိုအောင် သန့်စင်၍ အထက်တန်းကျသော ရုပ်ဆင်းရူပကာမျိုးပင် ..၊

ဒါဆို .. သားငယ်က သဘောကျနေတယ်ဆိုရင်လည်း ဖြစ်နိုင်တာပဲ ..၊

တွေးရင်း တွေးရင်း မသက်မသာ ဖြစ်လာခြင်းတွေသာ ဖိစီးလာခဲ့၏။ ဒီအိမ်မှာသာ နိုင်း က ဘယ်သူ့ကိုမှ ရင်ဆိုင်ယှဉ်ပြိုင်ခွင့် မရှိပေမယ့် တခြားမှာဆိုရင်တော့ နိုင်း နဲ့ သားကြီး ယှဉ်ပြီး ဘယ်သူတွေ ဘယ်လို အမှတ်ပေးကြမလဲဆိုတာ တွေးကြည့်ဖို့တောင် မလိုပါ ..။

ခက်သည်က မတူတာကို မတူပါဘူး ပြောပြန်ရင်လည်း မကြိုက်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"မဟုတ်ပါဘူး သမီးရယ် .. အဲဒီဘက်ကလူတွေက ရိုးသားကြပါတယ် .."

"အနှင်း မှ မမြင်ရတာ ဒေါ်ဒေါ်သဲ ရယ် .. အသံ ကြားလိုက်တာနဲ့ ကိုယ့်ကို ကြည့်နေပြီဆိုတာ ခံစားမိလိုက်တာပဲ .. နိုးချောင်းခိုးဝှက်လုပ်တဲ့လူဆိုတာ နှာချေမယ်.. ခလုတ်တိုက်မယ် .. တစ်ခုခုတော့ သိသာတာပဲ .. စိတ်ထဲမှာ တစ်ခုခု ခံစားမိလိုက်တာနဲ့ ဒုန်းခနဲ အသံကို ကြားလိုက်ရတာ .."

"တိုက်ဆိုင်တာလည်း ဖြစ်နိုင်တာပဲ သမီးရယ် .."

"ဒါဆို.. မနေ့ညနေက စကားလာပြောတဲ့ တစ်ယောက်ကရော.."

"ဪ .. သူလည်း အလုပ်လုပ်ရင်း ရေဆာလို့ လာတောင်းတာပဲကွယ် .."

"အနှင်း မျက်လုံး မမြင်ရမှန်း သူ သိတယ် .. ပြီးတော့ အိမ်ပေါ်ထိ တက်လာပြီး စကားပြောတာ .."

"ဒေါ်ကြီး ရှိနေတယ် ထင်လို့ပါ .."

နှင်းဆီ က မျက်နှာလေး သုန်မှုန်နေဆဲရှိကာ ဘာမှ ထပ်မပြောတော့ဘဲ မျက်နှာလွှဲ၏။ ဒေါ်သဲမြ ပျာပျာသလဲ ဖြစ်သွားကာ နှင်းဆီရဲ့ဘေးမှာ ပြောင်းထိုင်လိုက်၏။





"သမီးကို ဘာများ ပြောသွားလို့လဲ ဟင် .. ဒေါ်ကြီးက မလှမ်းမကမ်းမှာ ရှိနေတာဆိုတော့ ဘာမှ မပြောလောက်ဘူး ထင်လို့ပါ .."

"မပြောပါဘူး .. ဒါပေမယ့် မိန်းကလေးတစ်ယောက် ဖြစ်နေတဲ့အတွက် အနှင်း မျက်လုံး မမြင်ရပေမယ့် သူ့စိတ်ကို ခန့်မှန်းလို့ ရတယ်..၊ အဲဒီလူက အနှင်း ရေချိုးတုန်းက ချောင်းတဲ့လူ ဟုတ်မဟုတ်ဘဲ သေိနိုင်တာ .."

"အင်း .. အဲဒီအိမ်မှာ ယောကျ်ားလေးနှစ်ယောက် ရှိတယ်ငဲ့ .. အငယ်ဆုံးကလည်း ယောကျ်ားလေးပဲ .. ဒါပေမယ့် အိမ်သိပ်မကပ်ဘူးလို့ ပြောတာပဲ .. နောက်နေ့တွေမှာ သမီးနားမှာ ဒေါ်ကြီး နေလို့ရပါပြီ.. ဒုကျတော့ စားဖို့ နေဖို့ အသားမကျနိုင်တာတွေကို ပြည့်စုံအောင် စီစဉ်ရတာနဲ့ စိတ်က များနေတာ .."

"ဒေါ်ဒေါ်သဲ .."

"ဟင် .."

"ဒေါ်ဒေါ်သဲ ရွာထဲကို ရွှေ့ဖို့ မစဉ်းစားနဲ့တော့ နော် .."

"ဘာဖြစ်လို့လဲ သမီး .. မပြောင်းရွှေ့တော့ဘူး ဆိုရင်ဂေါင် စုံစမ်းမေးမြန်းထားတော့ ကိုယ် လိုအပ်လာရင် အကွက်ရွှေ့လို့ ရတာပေါ့.."

"မရွှေ့တော့ဘူးလို့ပဲ သဘောထားလိုက်ပါ .. အနှင်း မေမေနဲ့ အရမ်းတွေ့ချင်နေတယ် .."

"ဟင်!..."

နှင်းဆီ က လက်ကို စမ်းကိုင်ဖို့ပြင်နေသဖြင့် ဒေါ်သဲမြ က နှင်းဆီ လက်လေးတွေကို ဆုပ်ကိုင်ထားလိုက်ကာ ...

"တွေ့ချင်တယ် .. ဟုတ်လား သမီး .."

"ဟုတ်တယ် .. မမြင်ရပေမယ့်လေ .. အနှင်း မမြင်ရတာကို အမေ့ကိုလည်း မသိစေချင်ပေမယ့် .."

ကော့ညွတ်သည့် မျက်တောင်ဖျားလေးတွေ တဖျပ်ဖျပ် ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ရင်းကနေ မျက်ရည်တို့ ယိုစိမ့်လာခဲ့လျက် ...

"ခု .. ခုနေ မေမေများ တစ်ခုခု ဖြစ်သွားခဲ့ရင် .."

"ဟုတ်တယ် သမီး .. လူကောင်းတွေတောင်မှ 'ကွေးသောလက် မဆန့်မီ.. ဆန့်သောလက် မကွေးမီ' တဲ့ ..၊ အနိစ္စသဘောဆိုတာ ဘယ်သူမှ ကြိုမသိနိုင်သလို ကာကွယ်ဖို့ ရှောင်လွှဲဖို့လည်း မဖြစ်နိုင်ဘူး.. ဒေါ်ကြီးက သမီး တွေးခေါ်တာလည်း ယထာဘူတကျနေတာပဲမို့လို့ ဘာမှ မတားဆီးခဲ့တာ ..၊ သမီးမေမေက ကျန်းမာရေးမကောင်းတဲ့လူ .. သူ့အတွက်က .."

"တော်ပါတော့ ဒေါ်ဒေါ် ညက အိပ်မက်ထဲမှာ ချောက်ချားခဲ့ရတာနဲ့တင် အနှင်း ရင်ထဲမှာ ခုထိ မီးလောင်နေတုန်းပဲ .. မေမေများ တစ်ခုခု.."

မျက်ဝန်းအိမ်လှလှမှာ မျက်ရည်တို့ ပြိုကျမတတ် ပြည့်လျှံလာတော့ နှုတ်ခမ်းမဲ့မဲ့လေးနှင့် သူမ မျက်နှာက သနားကြင်နာဖွယ်လေး ရှိနေခဲ့လျက် ...

"အနှင်း မေမေ့ကို တွေ့ချင်တယ် .."

ဒေါ်သဲမြ ခေါင်းတညိတ်ညိတ်နှင့် သူမ မျက်ဝန်းမှာလည်း မျက်ရည်တွေနဲ့ပါ ..၊

"ဟုတ်တယ် .. တွေ့သင့်တယ် .. မမကြီးခများလည်း တွေ့ချင်ရှာမှာပဲ .."

နောက်ဆုံး ထွက်သက်လေးနဲ့တောင်မှ သားသမီး သံယောဇဉ်တွေကြောင့် ဟိုစောင့် ဒီစောင့်နှင့် ထွက်မသွားနိုင်ကြတာ ဒေါ်သဲမြ အများကြီး ကြားဖူးသည်။

မမကြီး ဘယ်လောက်ထိ ခံစားနေရတယ်ဆိုတာကိုလည်း ကိုယ်တိုင် ပြုစုနေခဲ့ရသည့် သူမသာ အသိဆုံးမို့ ဒီသားအမိကြားမှာ ဘယ်သူက အရေးကြီးဆုံးလဲဆိုတာ မတွေးတတ်တော့ပေ ..၊

"သမီးလေးကို ဖျောင်းဖျပေးပါ .. ခဏလေးဖြစ်ဖြစ် ပြန်လာဖို့..





ဘာကယ်လို့ သူ စိတ်မပြေသေးဘူးဆိုရင်လည်း မမြ သမီးလေးကိုပဲ စောင့်ရှောက်ပါ .. နိုင်ငံခြားမှာပဲ နေဖို့ဆိုရင် ခွင့်မပြုဘူးဆိုတာလည်း ပြောလိုက်စမ်းပါ .."

"နောက်ဆုံးအချိန်မှာ ငါ စကားမပြောနိုင် မကြားနိုင် ဖြစ်နေပြီဆိုရင်လည်း ငါ မှာခဲ့တာကိုတော့ သမီးလေး သိပါစေ .."

လို့ မမကြီးက သေချာ မှာခဲ့သည်။ ခုလည်း သူမ စိုးရိမ်ခဲ့သည့်အတိုင်း မမကြီး စကားကောင်းကောင်း မပြောနိုင်ရှာပါ ..။

မပြောနိုင်ဘူးဆိုတာထက် ဦးထက်ခိုင် ရှေ့မှာဆို ဘာစကားတစ်ခွန်းမှကို မဟတော့တာ ဖြစ်သည်။

"မေမေနဲ့ စကားပြောရရင် အနှင်း မျက်လုံး မမြင်ရဘူးဆိုတာကို လောလောဆယ် မေမေ မသိအောင် ဖုံးထားလို့ရလောက်မယ် ဒေါ်ဒေါ်သဲ ထင်လား .."

"ဟင်!..."

"အနှင်း .. မေမေနဲ့ ခဏလေးဖြစ်ဖြစ် တွေ့ချင်တယ် .."

"လူမမာကိုတော့ ဖုံးထားလို့ရရင် ရမှာပေါ့ သမီးရယ် .. ဒါပေမယ့် ကျန်တဲ့လူတွေ အားလုံးက ညီညွတ်နေမှာမှ မဟုတ်ဘဲ .. အထူးသဖြင့် ကိုထက်ခိုင် က အားပါးတရကြီး ဖော်ထုတ်မှာ .."

"သူ မေမေ့ကိုတော့ ညှာတာပုံ ရှိတယ် ဆို .."

"ဒါပေမယ့် သမီးကိုမှ သူ မလိုလားတာ.. တကယ်တမ်း သမီးက အပြင်ရောက်ရမှာ မဟုတ်ဘူး .. သမီးက အတွင်းလူ .. သူက အပြင်လူ.. အဲဒီတော့ သမီး အိမ်ပြန်မနေရေးအတွက် သူ ဉာဏ်များနိုင်သရွေ့ များမှာပဲ .. တတ်စွမ်းသရွေ့ ကြိုးစားနေမှာလည်း သေချာတယ် .."

"အနှင်း ကလည်း မေမေ စိတ်ဆင်းရဲမှာ စိုးလို့ လျှော့နေတာ ဒေါ်ဒေါ်သဲ .. လုပ်ငန်းတွေကိုလည်း မေမေက အားလုံး သူ့ကို လွှဲထားတာမို့လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"သမီးကမှ ဦးစီးနိုင်တဲ့အရွယ် မဟုတ်သေးတာကွယ် .. ပြီးတော့ အပြီးအပိုင် လွှဲပြောင်းခဲ့တာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ .."

"ဟုတ်နိုင်တယ် .. ဟုတ်လို့သာ မေမေ့ရှေ့မှာပဲ သူ ပြောခဲ့တာ.."

ကိုယ့်သမီးဘက်က အရာရာ ရှုံးနိမ့်ပြီး ပါးစပ်အဟောင်းသားနဲ့ ငုတ်တုတ်မေ့ ကျန်ခဲ့ရတဲ့အဖြစ်ကို မေမေ ကြည့်ရက်ခဲ့သည်။

ဦးထက်နိုင် အားပါးတရ ကြွေးကြော်ရယ်မောနေတာကို တစ်ခွန်းမှ မဟဘဲ ကျောက်ရုပ်လို နေခဲ့၏။ ဒါတွေကြောင့် မေမေ့ကို နာကြည်းခဲ့ဖူးသည်။ သို့သော် ...

"ဘာတွေပဲဖြစ်ဖြစ် မေမေ အနင်း ကို မျှော်နေရှာမှာ .."

"ဒါပေါ့ သမီးရယ် .."

"အားလုံး သူ ပိုင်ဆိုင်ပြီးပြီဆိုရင်လည်း အနင်း ရဲ့မေမေမို့လို့ အနင်း သွားတာ သူ တားခွင့် မရှိပါဘူး .. စိုးရိမ်နေတာက ခုလို မျက်မမြင် ဘဝက် [illegible] ချင်ဘူး .. နောက် ပြန်ပြီး ကျွန်းမာလာရင်လည်း မကျ [illegible] စပ်ကြားမှာ ဖုံးထားချင်တယ် .. တကယ်လို့ .."

"သမီးရယ် .."

ပေါက်ခနဲ ကြွေဆင်းသွားသည့် မျက်ရည်စက်လေးကြောင့် ပါးပြင်နုနုလေးကို ဖွဖွလေး တို့သုတ်ပေးမိရင်း ...

"ဟုတ်တယ် .. သမီး သွားတာဟာ မိဘဆန္ဒကို ပြည့်စေပြီး ကျေးဇူးဆပ်တာမျိုးပဲ ဖြစ်သင့်တာ .. အကယ်၍ သူ့အခြေအနေ ဆိုးရွားနေခဲ့ရင်တောင် စိတ်ချမ်းချမ်းသာသာနဲ့ .."

ရှေ့ဆက်ပြီးတော့လည်း ပြောမထွက်တော့ပါ ...၊

"ဒါက အနင်း တို့ သားအမိနှစ်ယောက်ရဲ့ ဝဋ်ကြွေးပဲလေ .. ရှိပါစေတော့ .."

မိန်းမသားမို့ ငယ်ရွယ်သူပီပီ ရယ်စရာရှိလျှင် ရယ်ချင်သည်။ ငိုစရာဆိုရင်လည်း မထိန်းသိမ်းနိုင် ...၊ ဒါပေမယ့် နှင်းဆီမျက်နှာ ဆိုသည့်





မိန်းကလေးက နာမည်နဲ့ လိုက်တဲ့သူပါ ...။

လှသလောက် ခိုင်မာစွာ ဆုံးဖြတ်ပြီဆိုရင်လည်း ပျော့ညံ့ခဲ့တာ ...။

"ဒီတစ်ခါ ဖုန်းမဆက်နဲ့တော့ .."

"ဟင်!..."

"ဒေါ်ဒေါ်သဲ မေမေ့ဆီ သွားတွေ့ပြီး အခြေအနေ ကြည့်ပေးပါ၊ ဦးထက်နိုင် မေမေ့အပေါ် တကယ် ညာတာတဲ့စိတ် ရှိနေရင် မေမေ့ စိတ်ချမ်းသာဖို့အတွက်ကို အနင်း တို့နဲ့ ဆွေးနွေးလိုမှာပဲ .."

"ဒေါ်ကြီးကတော့ ဖြစ်နိုင်ချေကို တွေးကြကြေးဆိုရင် အဆိုးနဲ့ အကောင်းမှာ ဆိုးတာကိုပဲ အရင် တွေးထားသင့်တယ် ထင်တာ .."

"ဘာဖြစ်လို့လဲ .."

"သမီးတို့ သားအမိရဲ့ ကွယ်ရာမှာ သူ ကြိမ်းဝါးတဲ့စကားတွေ ရှိတယ်.. သူ့မှာ အခွင့်အရေးရှိတယ်ထင်ရင် ကြိုးစားလိုက်တဲ့ .. မိန်းမသားတစ်ယောက် အိမ်ပေါ်ကနေ ကျောကော့ပြေးအောင် လုပ်တာ ကွယ်လွယ်လေးတဲ့ .. ခုလို တခြားမှာ တခမ်းတနား နေနေဟာကမှ သူ့အတွက် ဂုဏ်သိက္ခာ ရှိဦးမှာတဲ့ .."

နားထောင်နေသည့် နှင်းဆီ မျက်ခုံးတန်းလေးတွေ ကော့တက်သွားလိုက် .. စုကျုံ့သွားလိုက်နှင့် တဖြည်းဖြည်း ပါးပြင်လေးတွေ နီမြန်းလာခဲ့ပြီး ...

"ပြောရဲလိုက်တာ .. တောက်!..."

"ဟုတ်တယ် .. သူ ဘာကို ရည်ရွယ်ပြီး ပြောလိုက်တာ အ [illegible] သာ ကြီး .. ပထွေးဆိုတာ ဘာမဆို ယုတ်မာနိုင်တာပဲ .. နောက်ပြီး သမီးတို့ မျက်နှာချင်းဆိုင်လို့ မရအောင် မုန်းတီးနေကြတာ .. မကြီးက သူ့မှာ .. သမီး အိမ်မှာ မနေနိုင်အောင်ဖြစ်ဖြစ် .. တကယ် ယုတ်မာချင် ဘာဖြစ်ဖြစ် .. သမီးဘက်က နစ်နာဖို့ချည်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အနှင်း က ဘာလုပ်ရမှာလဲ .. မေမေ့ကို ဒီတိုင်း သွားတွေ့ရမလား .."

"ခဏလေး စိတ်အေးအေးထားပါဦး သမီးရယ် .. ဒေါ်ကြီးတို့ အကောင်းဆုံးအဖြေကို ရမှာပါ .. ဒီမှာက ငှားထားတဲ့အိမ်ပဲ .. ခု ပြန်အပ်ခဲ့လည်း ရတယ် .. ဟိုမှာ ဘာလုပ်ကြမလဲဆိုတာပဲ ခက်တာ.."

"ဒီနဲ့ ဟိုနဲ့ ဖုန်းပြောနေကြရုံနဲ့တော့ အနှင်း မကျေနပ်နိုင်ဘူး ဒေါ်ဒေါ်သဲ .. ဒီကလူငယ် စိတ်မဆင်းရဲရအောင် မေမေ့အခြေအနေကို လျှော့ပေါ့ပြောနေတာလည်း ဖြစ်နိုင်တယ် .. ပြီးတော့ ဒေါ်ဘုတ်ဆုံကြီးက အရမ်းရိုးတာ .. အနှင်း တို့နဲ့ အဆက်အသွယ်တွေ လုပ်နေတာကို သူ့ပုံစံက မပီရိရင် ခုလောက်ဆို ဒီလူကြီး သိနေလောက်ပြီ .."

"အင်း .. ဒါလည်း .. ဟုတ်တာပဲ .."

"အနှင်း တို့ နှစ်ဖက်ကြားထဲမှာ ဒီလူကြီး ဘာတွေ ခလောက်ဆန်နေမလဲဆိုတာ မသိဘူး .. အဆိုးဆုံးက မေမေနဲ့ အနှင်း မဆုံခင် မေမေ တစ်ခုခုဖြစ်သွားလည်း အေးတာပဲလို့ သူ တွက်ထားတာဆိုရင် သွားပြီ.."

"ဒါဆို .."

"ဖြစ်သင့်ဆုံးက ဒေါ်ဒေါ်သဲ ကိုယ်တိုင် အိမ်ကို ပြန်သွားကြည့်ရမှာ .."

ဒါ ဖြစ်နိုင်လို့လား ...၊

မျက်ဝန်းလေးတွေ တစ်နေရာတည်းမှာ ငေးစိုက်ထားရင်း စကားပြောနေသည့် နှင်းဆီ မျက်နှာလေးကို စိတ်မကောင်းစွာ ကြည့်မိသည်။

အကောင်းဆုံး ဘာလုပ်သင့်တယ်ဆိုတာ သိပေမယ့် အကောင်းဆုံး ဖြစ်လာဖို့က မသေချာသည်မို့ ...၊





## အခန်း (၁၁)

"အဒေါ် .."

"ဟင် .. ဩော် .. မောင်ခွန်မင်းထွန်း .."

"ရပါတယ် အဒေါ် .. မင်းထွန်း လို့ပဲ ခေါ်ပါ .. အဒေါ်တို့ ဘာများ လိုအပ်သေးလဲ မသိဘူး .. ကျွန်တော်က နေ့လယ်ကမှ ရောက်တာ .. မနက်စောစော ပြန်ရမှာလေ .. အိမ်မှာ လူပိုမရှိတော့ .. ဟိုတစ်ခါကလို အလုပ်လုပ်ဖို့ ကျွန်တော့်ကို ပြန်စောင့်နေရမှာ စိုးလို့ပါ .."

အိမ်ရှေ့ကနေ လာရပ်မေးတော့လည်း တံခါးဖွင့်ပေးလိုက်ရသည်။ ဒါပေမယ့် ထိုသူငယ်က အထဲကိုတော့ ဆက်ဝင်မလာဘဲ ခြံထဲကို ခြေလှမ်းကျူးလိုက်ရုံနှင့် ရပ်တန့်သွားကာ ...

"အဲ့ဒါ .. အမေက ဘာလိုသေးလဲ သွားမေးလိုက်ပါဦးဆိုလို့ .."

"ကျေးဇူးပါပဲကွယ် .. ရပါပြီ .. တမင် ကူညီပေးတာမှန်း သိတော့ ဟိုတစ်ခါ အလုပ်အကြီးကြီး ခိုင်းလိုက်မိတာတောင် အားနာလှပြီ .."

"မဟုတ်တာ အဒေါ်ရယ် .. အားမနာရပါဘူး .."

ပြောနေရင်း မျက်လုံးက အထဲကို ဝေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အမေက မှာလိုက်သေးတယ် .. အိမ်မှာ ညီမ အလတ်တစ်ယောက် ရှိတယ်လေ .. သူက အစကတော့ စာရင်းအင်းဌာနတစ်ခုမှာ လက်ထောက်စာရင်းကိုင် လုပ်တယ်.. တာဝန်ကျတဲ့နေ ာတွေ ပြောင်းရလွန်းလို့ မလုပ်ချင်တော့ဘူးတဲ့ သူလည်း စီးပွားရေး လုပ်ချင်နေတာ.."

"ဩော် .."

"ခုတော့ တခြားအလုပ် ပြောင်းမှာလား .. စီးပွားရေး လုပ်မှာလား မသိပါဘူး .. သူ့စိတ်ကလည်း နည်းနည်းညစ်လာရင် ထင်ရာလုပ်ချင်တာလေ ..၊ တော်ကြာ ဒီအလုပ်ပဲ ဆက်လုပ်ဦးမယ်လို့ ဖြစ်ချင် ဖြစ်လာမှာ.. အဲ့ဒါကြောင့် မိန်းမသားဖော်ရှိတုန်း ဒီကညီမ အပြင်လေး ဘာလေး ထွက်ချင်ရင် အားလုံး စီစဉ်ပေးမယ် တဲ့ .."

ဒေါ်သဲမြ ရိပ်မိလိုက်သည်။ ဒီလူငယ်ရဲ့ အခြေအနေကို အကဲခတ်မိပြီး အမေနဲ့ နမက ကောင်းမွန်သော အခြေအနေတစ်ခုဆီ အရောက်ပို့ဖို့ ခြေလှမ်းပြင်နေကြပြီ ..၊

"အေးကွယ် .. အစစအရာရာ ကူညီမယ်ဆိုတာကို အရမ်း ကျေးဇူးတင်ပါတယ် .. ဒါပေမယ့် သမီးလေးကလည်း သူ့စိတ်နဲ့ သူ့ဒဏ်ရာ အထာမကျသေးဘူး ဖြစ်နေတာ .."

"စိတ်ပြေလက်ပျောက်ပေါ့ အဒေါ်ရဲ့ .. အိမ်မှာ ကားနှစ်စီး ရှိတယ် .. တစ်စီးက ပစ္စည်းတိုက်တာ .. တစ်စီးက ခရောင်းနိလေးလေ.. နောက်လာတဲ့ မော်ဒယ်လ်မြင့်ပဲ .. အဲကွန်းလည်း အရမ်းကောင်းတယ်..၊ စီးကြည့်လိုက်ရင် ရှခင်း တောင် မလိုတော့ဘူး ဖြစ်သွားမှာ .."

ဒေါ်သဲမြ က ခွန်မင်းထွန်း ပြောနေတာကို စူးစိုက်ကြည့်ရင်း ပြုံးသည်။ ဒီကောင်လေး နှင်းဆီမျက်နှာ ဆိုတဲ့ မိန်းကလေးကို ဘယ်လို အဆင့်အတန်းမျိုးလို့ ထင်နေသလဲ ..၊

"ကားမစီးရဲရင် ဆိုင်ကယ်လ်တွေလည်း သုံးစီးတောင် ရှိပါတယ်.. မိန်းကလေးချင်း စီးတာ ဘာပြဿနာရှိတာ မှတ်လို့ .."





"ကားတောင် မစီးရဲဘူးဆိုရင် ဆိုင်ကယ်လ်ဆို ပိုဆိုးမှာ မဟုတ်ဘူးလား လူလေးရယ် .. ပြီးတော့ အက်ဆီးဒင့်ဖြစ်လို့ ထိခိုက်ထားတဲ့ မျက်လုံးက .."

"မဟုတ်ဘူးလေ .. ကျွန်တော် ပြောတာက တချို့ဆို ကားထဲက အဲကွန်းအေးတာကို မခံနိုင်ကြဘူး .. ကား အကောင်းစားတွေဆိုတာ လည်း မှန်ချပြီး စီးလို့ကောင်းတာ မဟုတ်တော့ မှန်တင်ထားရင်လည်း အဲကွန်း မဖွင့်လို့ မရပြန်ဘူး .."

ဒေါ်သဲမြ က ခွန်မင်းထွန်း ရှင်းပြနေတာကို သွားတွေပေါ်အောင် ပြုံးလိုက်ရင်း ခေါင်းညိတ်နေ၏။

"ကားနဲ့ဆိုလည်း ကျွန်တော်ကိုယ်တိုင် မောင်းပို့မှာပါ .."

"ကျေးဇူးတင်ပါတယ် သားရယ် .. စိတ်ရင်းနဲ့ ပြောတာပါ ..၊ အဒေါ် သူ့ကို ပြောပြလိုက်မယ်နော် .. ဒါပေမယ့် သားတို့မောင်နှမ အားတဲ့အချိန်နဲ့ သူ လည်ပတ်ချင်စိတ် ဖြစ်လာမယ့်အချိန်ကတော့ တိုက်ဆိုင်မှာ မဟုတ်ဘူး ထင်တယ် .."

ခွန်မင်းထွန်း မျက်နှာပျက်သွားသည်။ ပြီးတော့ အိမ်ကိုပဲ ကြည့်တာ တဝဲဝဲ ..၊

ဒေါ်သဲမြ ရည်မွန်ပြေပြစ်စွာ ငြင်းလိုက်ပြီး စကားကြော ဖြတ်မိ၏။

မတတ်နိုင်ပါ ..၊ ကိုယ့်မှာလည်း သွားလာဖို့ကိစ္စတွေ .. တခြား လုပ်ဆောင်ဖို့တွေ အများကြီး ရှိသေးသည်။

ပတ်ဝန်းကျင်လေ ဘယ်အရပ်က တိုက်တိုက် .. ဘာသွေ့န်ံ့တွေ ပါပါ .. ရှိစေတော့ ..၊

www.burmeseclassic.com



## အခန်း(၁၂)

ဆိုင်ဆိုပေမယ့် ရှေ့မှာ သေချာရောက်မှ ဆော်တော်လေး စုံအောင် ရနိုင်သည့် ကုန်မာဆိုင်မျိုးပဲဆိုတာ သိရသည်။

မြို့ပေါ်ကလူတွေပါ ဆင်းဝယ်ကြသည်။ အနီးပတ်ဝန်းကျင်က လည်း ဒီမှာပဲ ဖြစ်၏။ ထို့ကြောင့် ဒီဆိုင်မှာ နေ့ဆို တစ်နေ့လုံး အရောင်း အဝယ်ကားတွေ သိပ်ပြတ်သွားတယ်ဆိုတာ မရှိ …။

လပြည့် ကုန်မာ လို့ ရေးထားသည့် ဆိုင်းဘုတ်ရှေ့မှာ ခဏရပ်၍ ဆိုင်ထဲက လူရိပ်လူခြည်ကို လှမ်းကြည့်မိသည်။

ဟိုဘက် ကပ်လျက်မှာ နေပေမယ့် ဒေါ်သဲမြ ဒီထဲထိ တစ်ခါမှ မရောက်ဖူးခဲ့ပေ …။ ဒေါ်မြတ်ညွှန့် တို့ သားအမိနှံ့က လွဲပြီး တခြားလူ တွေနဲ့ မရင်းနှီးသောကြောင့် အ[illegible]ကို မြင်ဘဲ ကိုယ် သိတဲ့လူကို ရှာ မိ၏။

ထိုစဉ် မထင်မှတ်ခဲ့သည့် လူတစ်ယောက်က ဟန်းဘက်ခ်အိတ် ကြီး ပခုံးတစ်ဖက်မှာ ချိတ်လျက် ထွက်လာ၏။

"မင်း .. ဒီမှာ .. လူလေး .."

ခေါင်းငုံ့ထွက်လာသည့်ရှေ့မှာ ဒေါ်သဲမြ က ပိတ်ရပ်လိုက်ကာ…





"လူလေးက အဒေါ့်ကို ဆိုင်ကယ်လ်နဲ့ လိုက်ပို့တဲ့ ကောင်လေး မို့လား .."

မျက်နှာ ဖျတ်ခနဲ မော့လာတော့ သေချာသွားသည်။ ပါးပြင်တွေ နီမြန်းနေအောင် ဖြူနုနေသောမျက်နှာနှင့် သူတန်းသည့် မျက်ခုံးအစုံ…၊

ပြီးတော့ ဒီပုံစံကို လူမှားရလောက်အောင်လည်း သိပ်မှ မကြာ သေးဘဲ …၊

"နေပါဦး သားရဲ့ .."

ဒေါ်သဲမြ ဝမ်းသာအားရ ဖြစ်သွားသလောက် ကောင်လေးက ကိုယ့်ကို မြင်တာနှင့် မျက်မှောင်ကုတ်သွား၏။ ပြီးတော့ ခဏလေးပဲ စိုက်ကြည့်ကာ ရှောင်ထွက်သွားဖို့ ပြင်သည်။

"လူလေးက ဒီအိမ်ကလား ဟင် .. ဝမ်းသာလိုက်တာ .. အဒေါ်က တကယ် မသိ .."

"မဟုတ်ပါဘူး .."

"ဟင်!…"

"ကျွန်တော်က ဧည့်သည် .."

စကားတစ်ပိုင်းတစ်စနှင့် ရပ်ကျန်ရစ်ခဲ့၏။ လူငယ်က သူ့အိတ် ကြီးကို ရှေ့ခြင်းထဲမှာ မဆံ့မပြဲ လှမ်းတင်ပြီး ဆိုင်ကယ်လ်ပေါ် လွှားခနဲ ခွထိုင်သည်။

တင်းနေသည့်မျက်နှာနှင့် မောင်းထွက်သွားတာ တစ်ချက်မှ ပြန် မကြည့် …၊

ဒီကောင်လေး ရိုင်းလှချေလား …၊

သူ ဘယ်ကပဲဖြစ်ဖြစ် ဒီက မျက်နှာကြည့်ပြီး အော်ဆဲနေတာမှ မဟုတ်ဘဲ …၊ ပြီးတော့ ကိုယ်က လူကြီးမို့ ပြုံးရမလို .. မဲ့ရမလို အမှုန်း ကဲ့သို့ ကျန်ခဲ့ရသည့်အဖြစ်ကြောင့် …

"ဟင်!…"



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်လှည့်လိုက်တော့ ဆိုင်တံခါးဝကနေ ရပ်ကြည့်နေကြသည့် မျက်နှာ သုံးခု …။

"ဪ … အပျွန်း … ကျွန်မက …"

"လာပါ … အထဲဝင်ပါ ဒေါ်သဲမြ ရဲ့ … မလာစဖူးပါလား …"

"ဟုတ်ကဲ့ … ပြောစရာအကြောင်းလေး ရှိလို့ပါ …"

"လာပါ … အထဲကို ဝင်ပါ … ဒေါ်သဲမြ က သားငယ်နဲ့ ရင်းနှီးနေကြပုံပဲ …"

သားငယ် …။

အိမ်ထဲဝင်လိုက်သည့် ခြေလှမ်းက တုံ့ခနဲ ဖြစ်သွားသည်။ ပြောသွားတာက တစ်မျိုးပါလား …။

"ကျွန်တော်က စည့်သည်" တဲ့ …။

ပြုံးနေသည့် ဒေါ်မြတ်ညွှန့် မျက်နှာပုံက ဟိုကောင်လေး ပြောသွားသည့် စကားတွေကိုတော့ ကြားလိုက်ပုံ မပေါ် …။

"လာ … အဒေါ် … ထိုင်ပါရှင့် …"

ခပ်ပုပု သွယ်သွယ်လေးနှင့် မိန်းကလေးကလည်း ခွန်မင်းထွန်းနဲ့ တူနေကာ မောင်နှမတွေဆိုတာ ပြောပြဖို့တောင် မလိုပေ …။

သူမက သမီးလတ်ဆိုလျှင် သားငယ်ဆိုတာ ခုန ထွက်သွားတဲ့ ကောင်လေးပေါ့ …။ ဒေါ်မြတ်ညွှန့် ကလည်း ပြောပြနေပါပြီ …။ ဒါပေမယ့် ဒီကောင်လေး ပြောသွားတဲ့ပုံကို နားမလည်နိုင် …။

"သမီး သိလိုက်တယ် … အဒေါ်ကို ခွန်ဖိုင်း တစ်ခုခု ပြောသွားပြီ မို့လား … အဲ့ဒီကောင်က သိပ်ရိုင်းစိုင်းတာ … သူက ဒီအိမ်ရဲ့ …"

"ဟောမာ …"

ဒေါ်မြတ်ညွှန့် က စည့်သည်ကို နေရာထိုင်ခင်းပေးပြီး စားစရာ သွားယူမလို့ပါ …။ သမီးဖြစ်သူ မလိုအပ်ဘဲ ကိုယ့်ရဲ့ အတွင်းရေးတွေကို ပြောချလိုက်တော့မှာကြောင့်သာ …။





"အထဲမှာ ထိုးမုန့်တွေ ရှိတယ် … သွားယူခဲ့ သမီး …"

ဟောမာ က သိနေသဖြင့် နှုတ်ခမ်းမဲ့သည်။ သူမကိုယ်တိုင်က ဒီ မိန်းမကြီးကို မကျေနပ်ပေ …။ ကိုမင်း နဲ့ စကားပြောဆိုနေတာတွေ … အကူအညီပေးနေတုန်းမှာ ကျေးဇူးတင်နေတာတွေ …။

အဲ့ဒါတွေကို ဒီကနေ မြင်နေ ကြားနေတာပဲ …။ ခုန ဖိုင်း နဲ့ ခဏလေး မျက်နှာချင်းဆိုင်မိပြီး ဝမ်းသာလွန်းလို့ သွေးတက်မတတ် ဖြစ်သွားတာမျိုး ကိုမင်း နဲ့ စကားပြောရင် ဖြစ်ဖူးလို့လား …။

ဖိုင်း ဆိုတဲ့ သတ္တဝါလေး ဘာကောင်လေးလဲဆိုတာ ပြောပြလိုက်ချင်သည်။ သားအရင်းနဲ့ မွေးစားသားဆိုတာ သိသွားရင် ဘယ်လိုဖြစ်သွားမလဲ …။

ဖိုင်း ကို တွေ့လိုက်တဲ့လူတိုင်း အပေါ်ယံ ရုပ်ချောတာလေးကိုပဲ မြင်ပြီး အထင်တကြီး ဖြစ်သွားတတ်ကြသည်။ ဒေးတဲ့လူတွေ ဘယ်သိမလဲ သင်း အကြောင်းကို …။

မိဘမဲ့ … တွယ်ရာမဲ့ … ဘာမှမရှိတဲ့ ကလေကချေ လူ့ရမ်းကား ဆိုတာ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကားပေါ်ကို ရောက်လာတော့ အဓေးဂိတ်ဝင်း ဆိုသည့် အသိနှင့် အတူ အကြားအာရုံထဲမှာ အသံဗလံတွေ ဆူညံနေ၏။

"အဆင်ပြေရဲ့လား သမီး .."

နေရာတကျ ထိုင်ပြီးတဲ့အထိ လှုပ်လှုပ်ရွရွလေး ဖြစ်နေသဖြင့် ဒေါ်သဲမြ က စိုးရိမ်သည့်အသံနှင့် ကပ်မေး၏။

"ပြေတော့ ပြေပါတယ် .. ကားက ဘယ်လိုကားမျိုးလဲ ဟင်.."

"ဘာဖြစ်လို့လဲ သမီး .. ကားပေါ်တက်ရတာ မြင့်နေလို့လား .."

"အင်း .. မမြင်မစမ်းနဲ့ဆိုတော့ တွဲရတဲ့လူရော .. တက်ရတာရော တော်တော် ကြည့်ရဆိုးမှာပဲ .."

"မဆိုးပါဘူး သမီးရယ် .. ယာဉ်မယ်လေးတွေကလည်း သမီးကို ဂရုစိုက်ကြတယ် .. ဒီကားတွေမှာမှ တွိုင်းလက်တွေ ဘာတွေ ပါတာ.. တစ်ညလုံးတော့ ဒုက္ခများမှာပေါ့ သမီးရယ် .. လေဆိပ်ကနေ ဆင်းရင် ဒေါ်ကြီးတို့ ရန်ကုန်ပြန်ရောက်လာပြီဆိုတဲ့အကြောင်း ကိုထက်ခိုင် ဆီ တန်းပြီး သတင်းရောက်သွားမှာ .."

ရန်ကုန်လေဆိပ်မှာက ဦးထက်ခိုင် နဲ့ မရင်းနှီးတဲ့လူ သိပ်မရှိပေ။





ထို့ပြင် အိမ်မှာ ဝင်ထွက်သွားလာဖူးကြသူတွေမို့ ကိုယ့်ကို အတွေ့ ခံလို့ မဖြစ် ..၊

"နည်းနည်းတော့ သည်းခံပါ သမီးရယ် နော် .. သမီး တစ်ယောက်တည်း နေခဲ့လို့လည်း မဖြစ် ..၊ ဒေါ်ကြီးလည်း ဟိုရောက်ရင် ဘယ်လို ရင်ဆိုင်ရမယ်မှန်း မသိသေးတော့ .. အကယ်၍ မထင်မှတ်တဲ့ အခြေအနေ ဖြစ်လာရင် သမီးတစ်ယောက်တည်း ဒုက္ခရောက်နေမှာ..၊ လူစောင့်ခေါ်ထားခဲ့ဖို့က ကိုယ် မသိတဲ့နေရာမှာ မဖြစ်နိုင်လို့ပါ .."

သူမတို့အားလုံး သေချာ တိုင်ပင်ခဲ့ပြီးပြီ ဖြစ်သည်။ နှင်းဆီ နေခဲ့ဖို့ စိတ်ကူးလိုက်တာ မှန်ပေမယ့် ဒီစိတ်ကူးက ဖြစ်မြောက်ဖို့ မလွယ်ကူ မှန်းလည်း သိကြသည်။

အထူးသဖြင့် လောလောဆယ် ကူညီပေးနေကြသည့် 'လပြည့်' ကုန်မာဆိုင်အိမ်ကိုပဲ အကူအညီတောင်းရမှာမျိုး နှင်းဆီ က လက်မခံ နိုင် ..၊

"အနှင်း ကို သူတို့နဲ့ အပ်ထားခဲ့ဖို့ မလိုဘူး ဒေါ်ဒေါ်သဲ .. မိန်းမ ဖော်တစ်ယောက် ရှိနေရင် ရပြီ .. ဒီလိုလူတွေကရော ဘယ်လောက် ယုံရမှာမို့လို့လဲ .. ဒီကို လာဖူးပြတစ်ယောက်က ဖေဖေ .. မသိသေးတဲ့ တစ်ယောက်က မိုက်ရိုင်းပါတယ် .. ရမ်းကားပါတယ်နဲ့ နာမည်ကြီး နေတဲ့လူ .."

ထိုပြဿနာများကြောင့် သေချာ ဆုံးဖြတ်လိုက်တော့ ရန်ကုန်ကို နှစ်ယောက်စလုံး ဆင်းခဲ့ကြဖို့ ဖြစ်သွားကြ၏။

"ဟိုမှာ သမီးနဲ့ လာနေပေးဖို့ .."

"ရန်ကုန်မှာလား .. ဒေါ်ဒေါ်သဲ .."

"ဟုတ်တယ် .."

"ရန်ကုန်မှာ အနှင်း နေဖို့ထိုင်ဖို့ကို မပူဘူး .. အခု ကားဆင်းသွား တက်မှာပဲ အနှင်း မျက်လုံး မမြင်တာကို တစ်ယောက်ယောက်က သိ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးတာ .. နောက်ပြီး အနှင်း ကို သိထားတဲ့သူတစ်ယောက် ယောက် ဒီကားမှာပါနေရင် ရန်ကုန်မှာ မျက်မမြင်ကိစ္စကို ဖုံးကွယ်ထားဖို့ ဘယ်လိုလုပ်မလဲ ..”

ပြောလိုက်ကာမှ ဒေါ်သဲမြ စိုးရိမ်စိတ် ဝင်သွားကာ လူတွေ စုံနေပြီဖြစ်သည့် ကားထဲမှာ ဟိုကြည့်ဒီကြည့် မျက်လုံးဝေ့သွားမိ၏။

ရန်ကုန်ရောက်လျှင် မျက်လုံးမြင်နေတဲ့အတိုင်းပဲ မမကြီးဆီကို သွားတွေ့မလို့ တိုင်ပင်ထားကြတာပါ ..၊ သားအမိ တွေ့ကာမှ လူနာ အခြေအနေကို ကြည့်ပြီး အမှန်အတိုင်း ပြောပြဖို့ သင့်မသင့် ..၊

အိမ်မှာပဲ အတူတူ ဆက်နေသွားကြဖို့ ဖြစ်နိုင် မဖြစ်နိုင် ..၊

ဒါကို အခြေအနေပေါ်မှာ မူတည်ပြီး ဆုံးဖြတ်ရမှာ ဖြစ်သည်။ အကောင်းတိုင်းပုံစံနှင့် လူနာကို ဝင်မတွေ့ရသေးမီ နှင်းဆီ မျက်လုံးတွေ မမြင်ရတာကို ဦးထက်နိုင် သိလို့ မဖြစ်ပါ ..။

“ဒီကိစ္စက လွဲချော်သွားလို့ မဖြစ်ဘူး .. အဲ့ဒါကြောင့် ကားပေါ်တက်နေရတည်းက အနှင်း စိတ်ပူတာ ..”

“သိပ်တော့ မစိုးရိမ်ပါနဲ့ သမီးရယ် .. ကားပေါ်မှာတော့ ရန်ကုန်ကလူ သိပ်မပါပါဘူး .. တိုင်းရင်းသားတွေပဲ များတယ် ..”

“ခုံတွေ လူပြည့်နေပြီလား ..”

“အင်း.. ပြည့်နေပြီ .. ကားလည်း ထွက်တော့မှာ ..၊ တစ်ယောက်စနှစ်ယောက်စလောက်ပဲ ..”

ဒေါ်သဲမြ ပြောလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ ...

“ဟယ် .. ခုန ထိုင်ခဲ့တဲ့ ဂိတ်ထဲမှာ သမီး စားဖို့ ဝယ်လာတဲ့ ကြက်မောက်သီးအိတ် ကျန်ခဲ့ပြီ ..”

“နေပေ့စေတော့ ..”

“အို .. သေချာ ရွေးဖယ်ထားတာ ခေါင်လုံးတွေချည်းပဲ .. ပြီးတော့ သမီး ကြိုက်တဲ့ဥစ္စာ .. ခဏပဲ .. ဒေါ်ကြီး သွားယူလိုက်ဦးမယ် ..”





“ကားထွက်တော့မှာဆို ကျန်ခဲ့ဦးမယ် ဒေါ်ဒေါ်သဲ ရယ် ..”

“အောက်မှာ ယာဉ်မယ်တွေ ရှိတယ်လေ .. ပြောသွားမှာပေါ့ ..၊ တစ်ရှူးထုပ်ပါ ထပ်ဝယ်ခဲ့မယ် ..”

ဒေါ်သဲမြ နေရာမှ ထကာ ကမန်းကတန်း ပြန်ဆင်းသည်။ ပြီးတော့ ယာဉ်မယ်မိန်းကလေးတစ်ယောက်ကို ပြောပြီး လှည့်ထွက်သွားလိုက်ကာမှ ကားပေါ် တက်သွားသည့် လူငယ်တစ်ယောက်ကို လှစ်ခနဲ သတိထားမိလိုက်သည်။

လှည့်ကြည့်လိုက်တော့ ကားထဲ ရောက်သွားသဖြင့် ကျောပြင်ကျယ်ကိုပဲ မြင်လိုက်ရ၏။

“ဟိုကောင်လေးနဲ့ တူလိုက်တာ ..”

ဟုတ်နေရင်လည်း ကားပေါ်ကျရင် တွေ့မှာပဲလို့ တွေးမိကာ သွားစရာရှိတာကိုပဲ ဦးတည်လာခဲ့မိ၏။

တကယ်ပဲ ဒေါ်သဲမြ မြင်လိုက်တဲ့သူက နိုင်း ပဲ ဖြစ်ကာ ကားပေါ် လှမ်းတက်လိုက်ပြီးမှ ကိုယ့်ခုံနံပါတ်ကို ပြန်စဉ်းစားရ၏။

“2Aဆိုတော့ ဒုတိယနှစ်လုံးတွဲက ဟိုဘက် ခုံ ..”

ဒီဘက်မှာ စောင်ထုပ်လေးတစ်ထုပ် ချထားတာ မြင်သောကြောင့် လူရောက်နေပြီမှန်း သိကာ ဟိုဘက်ကိုပဲ တန်းသွားလိုက်သည်။

ရှေ့ဆုံးက ဒုတိယခုံတွဲဖြစ်ကာ ကားအတက်အဆင်း လှေကားထိပ်မှာမို့ ခုံနေရာကို ဝင်ရထွက်ရတာလည်း ခက်၏။

ကိုယ် ထိုင်ရမည့်ခုံ အခြေအနေကို တွက်ဆရင်း ဖုန်းမြည်လာတာကိုလည်း မကိုင်ဖြစ် ..၊

ခုံနေရာရောက်အောင် ခေါင်းငုံ့ဝင်သွားရင်း ထိုင်ခုံပေါ်မှာ အပုံလိုက်ကျနေသည့် တဘက်စောင်နဲ့ ကျောခံ ခေါင်းအုံးလေးကို အရင်ဖယ်ရှား၍ နေရာချနေရစဉ် ...

“ဟာ!...”



www.burmeseclassic.com

ဖြူနုသော လက်လေးတစ်ဖက်သည် ရှေ့ခုံနဲ့ ကားကြားထဲကနေ ခပ်စမ်းစမ်း တိုးထွက်လာပြီး ...

"တောက်!..."

ခုံနှစ်ခုံကြားမှာ ရပ်နေတာမို့ အမှတ်တမဲ့ ဆုတ်မရှောင်သာသည့် လက်ကို ဗိုင်း စိတ်တိုတိုနှင့် ပုတ်ချပစ်လိုက်၏။

"အား!..."

နာကျင်သွားသည့် အော်သံလေး ထွက်ပေါ်လာကာ ...

"ဘာလုပ်လိုက်တာလဲ .. ဒီက .."

ဒေါသသံလေး ထွက်လာကာ ရှေ့က မျက်နှာလေး လှည့်ပင်းလှည့် ၍ မော့လာ၏။ ဗိုင်း သူမကို မြင်လိုက်သည်နှင့် အံ့လည်း အံ့ဩသွားကာ ...

"ခင်ဗျားပဲကိုး .."

"ဟင်!..."

မျက်မှန်အနက်နှင့် ဖြူနုသော မျက်နှာလေးက နာကျင်သွားခြင်း ဒေါသဖြစ်သွားပေမယ့် ထိန်းချုပ်ထားလိုက်ခြင်းနှင့်အတူ နောက်ဆုံးမှာ အံ့ဩသော ...

"ရှင်က .."

"ဟွန်း .. ဒီလောက် ပြုံးပြုံးကြည့်ထားတဲ့ မျက်နှာကို မသိဘူးတဲ့ အံ့ဩစရာပဲ .."

အထင်မြင်သေးစွာ မဲ့ပစ်လိုက်ပြီး ကိုယ့်နေရာမှာ ပက်ခနဲ ထိုင်ချ လိုက်သည်။ ပြီးတော့ ခြေထောက်တစ်ဖက်က အိတိတိ အရာတစ်ခုကို နင်းလိုက်မိတော့ ငုံ့ကြည့်မိသေး၏။

"ဒီမှာ ရှင် ဘာပြောလိုက်တာလဲ .."

သူမက မပြီးနိုင်ဘဲ ခုံကြားထဲကနေ မျက်နှာလေး မစို့မပို့ ပေါ် လာပြီး မေးခွန်းထုတ်၏။





"ဘာမှ မပြောဘူး .. ရှေ့ဆုံးခုံကနေ အဲ့ဒီမှာ ကြိုက်သလောက် အော်နေလိုက် .. မျက်မှန်တပ်ထားတော့ ခင်ဗျား မျက်လုံးတွေရဲ့ ဒါရိုက် ရှင်ကို လူမမြင်ဘူးပေါ့ .."

ဒီလူ ဘယ်သူလဲ ..၊ ဘာတွေ လာပြောနေတာလဲ ..။

ဒေါသထွက်ရမည့် စော်ကားသည့်စကားလုံးတွေကို ဒေါသထွက် ဖို့ သတိမရဘဲ ဘယ်လိုမှ နားမလည်နိုင်ခြင်းကသာ ဖိစီးလာခဲ့၏။

'ခင်ဗျားပဲကိုး ..'ဆိုတာက ကိုယ့်ကို သူ သိနေသည်။ ဒီအသံအရ သူ့ကိုတော့ သူမ မသိခဲ့ပေ ..။

ပြီးတော့ ဘာလို့ ဒီလိုစကားတွေနဲ့ စော်ကား ပြောဆိုနေတာလဲ..၊

သူမ ခေါင်းလေး ပြန်ဝင်သွားပြီး အသံတိတ်သွားတော့ ဗိုင်း က သည်။ သူ ရေချိုးနေတုန်းက သေချာ ရပ်ကြည့်နေတာတွေ .. ပြီးတော့ ဘာတီရင်လျှာနှင့် တမင် မြင်အောင် ဖန်တီးခဲ့တာတွေရော ..၊

ခုန ရှေ့ကို တိုးဝင်လာသည့် လက်တစ်ဖက်ကရော ..၊ သူသာ ပုတ်ထုတ်မပစ်ခဲ့ရင် ...

"ဟော .. လူလေးပါလား .."

စိတ်ကူးတွေနဲ့ မဲ့နေသည့် နှုတ်ခမ်းက ပြေကျသွားကာ မော့ ကြည့်လိုက်မိ၏။ သူ့ဘေးမှာ ပြုံးချိုသောမျက်နှာနှင့် ဟိုအဒေါ်ကြီး ..၊

"အဲ့ဒါကြောင့် လှစ်ခနဲ မြင်လိုက်တုန်းက တူပါတယ်လို့ ကြည့် နေတာ .."

"အဟွန်း .."

ရှေ့က သူမနှင့် ပူးတွဲသိလိုက်ကာ ပြုံးပြလိုက်ရပေမယ့် မပီပြင်..၊

"လူလေးက ဘယ်သွားမှာလဲ .."

"ရန်ကုန် .."

"ဟုတ်လား .. အတူတူပဲပေါ့ .."

ပြောပြီး ဘေးမှာ ထိုင်လိုက်သဖြင့် သူ ဟိုဘက်ကို ထပ်တိုးပေး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရော့ .. သမီး ရော့ .."

ဒေါ်သဲမြ က ကြက်မောက်သီးအိတ်နဲ့ တစ်ရှူးထုပ်တွေကို ရှေ့
မှာ လှမ်းထားပေးရင်း ...

"တူမလေးက မနေချင်တော့ဘူးဆိုလို့လေ .. အဲ့ဒါ သားတို့
အိမ်ကို ပြန်အပ်ခဲ့ပြီး ပြန်လာခဲ့ကြတာ .. အဒေါ်တို့လည်း ရန်ကုန်ကပဲ.."

"ကျွန်တော့်အိမ် မဟုတ်ပါဘူး .."

"ဟော!..."

ပေါ်လာပြန်ပြီ ဒီစကား ...၊

လူငယ်တွေ မိဘကို အထင်လွဲ စိတ်ကောက်ကြတာ မြင်ဖူး
သည်။ ဒါပေမယ့် ဒီမိဘနဲ့ မသက်ဆိုင် ...၊ ဒီအိမ်ကလူ မဟုတ်ဘူးလို့
ပြောတာမျိုးတော့ မကြုံဖူးခဲ့ ...။

"ဒါနဲ့ကွယ် .. ဟို စပ်စုတယ်တော့ မဟုတ်ပါဘူး .. လူလေး
မမြတ်ညွှန့် ရဲ့သား အငယ်လားလို့ .."

"ငယ်တာက ရှေ့ကလူတွေက ကိုယ့်ထက် အသက်ကြီးလို့ပါ..
ကျွန်တော်က မွေးစားသား .."

"သြော် .."

ဖြေသံထဲမှာ နာကျင်မှုတွေနဲ့ပါလား ...၊

သူများ အိမ်တွင်းရေးကိစ္စတွေကို စပ်စပ်စုစု မေးလိုက်မိသည်
ဖြစ်သွားပြီမို့ အားနာသွားမိ၏။

"စိတ်မဆိုးပါနဲ့ လူလေးရယ်.. တောင်ကြီးမှာ အဒေါ်တို့နဲ့ ရင်း
ခဲ့တာ လူလေးတို့မိသားစုပဲ ရှိတော့ .. မမြတ် ကလည်း သူ့သား
အကြောင်း .."

"ကျွန်တော်ကတော့ အဒေါ်ကို မသိဘူး .."

"ဟင်!..."





"ကိုယ့်အိမ်ဘေးမှာ နေမှန်းကို မသိခဲ့တာ .."

"သြော် .. သြော် ..."

ခံလိုက်ရတဲ့ စကားလုံးက အောင့်သက်သက်မို့ ဒေါ်သဲမြ မျက်နှာ
သာစွာ ပျက်၏။ သို့သော် ...

"အင်းပေါ့ .. မမြတ် ကတော့ ပြောပါတယ် .. လူလေးကို အဲ့ဒီမှာ
တွေ့လိုက်တော့ ဒေါ်ကြီးက မေးမိလို့လေ .. ကိုယ့်ကို ကူညီထားတာ
ရှိလို့ ဒေါ်ကြီးက .."

"ရပါတယ်.. ကျွန်တော်ကလည်း အဲ့ဒီအိမ်မှာနေမှန်း သိကို မသိ
ခဲ့တာ .. မသိတဲ့လူချင်း ပြီးပြီပဲဟာ .."

"တောက်!..."

ရှေ့က တက်ခေါက်သံ ကြားလိုက်တော့ ခိုင်း မျက်လုံး ရှေ့ရောက်
သွားသည်။ ဒေါ်သဲမြ ကတော့ ခုမှ စိုးရိမ်သွားတာ ဖြစ်သည်။

ကိုယ်က လူကြီးမို့ ကိစ္စမရှိပါ ...၊ ဒီကောင်လေး အဖက်မတန်
သလို ပြောနေတာတွေကို နှင်းဆီ ကြားနေရမည်မှန်း ရုတ်တရက်
သတိမထားမိခဲ့တာက ...၊

"ဒေါ်ဒေါ်သဲ .."

ဒေါ်သနှင့် ခေါ်သံလေးကြောင့် ခိုင်း က ပခုံးနှစ်ဖက် တွန့်ပစ်ရင်း
ခဲ့သည်။ ဒါကိုလည်း ဒေါ်သဲမြ မြင်နေရလေသည်။

"သမီး .. သမီး ဘာလိုလို့လဲ ဟင် .."

"ဘာမှမလိုဘူး .. အခု ဒေါ်ဒေါ်သဲ ဘာမှမပြောဘဲ နေလိုက်ဖို့ပဲ
ဆိုတာ .."

"ဟွန်း .."

ခိုင်း ထံမှ ခပ်သဲ့သဲ့ ရယ်သံက မျက်နှာကို မြင်ရင်တော့ မဲ့ပြုံး
ဆိုတာ သိမှာပါ ...၊

"ဒီလောက် မိုက်ရိုင်းနေတာကို ယဉ်ယဉ်ကျေးကျေး အခံ့သိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့လည်း ကြိုးစားမနေနဲ့ .. တချို့က ယောက်ျားလို ကျားကျားလျားလျား ပုံနဲ့ စိတ်က မိန်းမလိုပဲ .."

"ဟုတ်တယ် .. ဘာပုံလဲဆိုတာ ခင်ဗျား ပိုသိမှာပေါ့ .."

"ဘာ!..."

"ဟွန်း .."

"သမီး .."

ဒေါ်သဲမြ ထိတ်လန့်သွားသည်။ ဖြစ်ပျက်နေပုံက မသင့်မြတ်ခြင်းတွေနဲ့ သိထားဖူးတဲ့ပုံ ...၊

"နေကြပါဦးကွယ် .. ကားပေါ်ရောက်မှ သိကြတာလည်း မဟုတ်ပါဘူး .. ဟိုလေ သမီး .. သူက ဒေါ်ကြီးတို့နေတဲ့ .."

"သိတယ် .. ဒေါ်ဒေါ်သဲ ကို အနှင်း ပြောသားပဲ .. အဲ့ဒီမှာ ရုပ်ချော ကောင်းတဲ့ယောက်ျားတွေ ရှိတယ်ဆိုတာ .."

"ဘာလဲ .. ဘာကိုင်မိလို့ ရှုံသွားတာလဲ .."

မေးသံက မဆိုင်းမတွ ပါလာကာ ...

"မင်း မြင်ရုံပဲ မြင်သွားတယ်မှတ်တာ .. သေချာကို သိသွားတာပဲ .."

"ဘာ!... ပြောတယ် .. နှင် .."

အသားတုန်အောင် ထွက်မိသည့် ရက်ဒေါသက ကိုယ့်ကိုယ်ကိုယ် မျက်မမြင်ဆိုတာပါ မေ့၏။ နေရာမှ ဆတ်ခနဲ ထရပ်လိုက်မိပြီးမှ ...

"သမီး .. သမီး ပြန်ထိုင်ပါ .. ကားပေါ်မှာကွယ် .."

ဒေါ်သဲမြ စိုးရိမ်တကြီး ထရပ်ကာ နှင်းဆီ ပြန်ထိုင်သွားတဲ့အထိ အနားမှာ သွားနေခဲ့ရသည်။

သူမလေးကို လွတ်လွတ်လပ်လပ် သက်သက်သာသာ စီးနိုင်အောင် နှစ်ခုံတွဲကို တစ်ယောက်တည်း ထားပေးခဲ့တာ ဖြစ်၏။ ကိုယ်က နောက်မှာ တစ်ခုံ သပ်သပ်ယူလိုက်တော့ ဖိုင်း နဲ့ တွဲလျက် ဖြစ်သွားခဲ့သည်။





ခုတော့ ကိုယ်က စပေးမိကာ ရှေ့နဲ့နောက် ရန်ဖြစ်အောင် တူးဆွ ပိုက်သလို ဖြစ်ခဲ့ရ၏။

'အနှင်း ရေချိုးမလို့ ပြင်နေတုန်း ဟိုဘက်က ချောင်းကြည့်နေသယ်'လို့ နှင်းဆီ ပြောခဲ့ဖူးသည်။ သို့သော် ထိုလူက ဖိုင်း ဖြစ်နေမယ်လို့ ထင်မိသလို ...၊ ဖိုင်း က နှင်းဆီ ကို ဘာတွေ စွပ်စွဲပြီး ပုတ်ခတ်ပြောနေ မှန်းလည်း ဒေါ်သဲမြ အလျှဉ်း မသိ ...၊

"တောက်!... တဇောရှူး .. နှာဘူးကောင်ကများ လူဝါးဝလို့ .."

"အို .. စိတ်ကို ထိန်းဦးလေ သမီး .. ဒီလို မပြောရဘူး .."

"ရတယ် အဒေါ် .. သူ့ကိုယ်သူ မှန်ထဲ ပြန်ကြည့်ပြီး ပြောတာ နေမှာပါ .. ပြဿနာ မရှိဘူး .."

ဘုရားရေ!...

ဒီကောင်လေးကလည်း ရိုင်းလှချေလား ...၊

"တွေ့လား .. အဲ့ဒါ .. အဲ့ဒီ လူရမ်းကား .."

"တော်တော့ သမီး.. တော်တော့ .. ကိုယ်က မိန်းကလေး ...၊ သူ့ စကားတွေကြောင့် နစ်နာရင် မိန်းကလေးပဲလေ .. အဒေါ်ကြီး မှားသွား ပြီပါ .."

ပေါက်ကွဲခွင့် မရသော ရက်ဒေါသတွေကြောင့် မျက်မှန်လေး ချွတ်ပစ်လိုက်ပြီး နှင်းဆီ မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျလာ၏။

"သူ့ကိုယ်သူ မှန်ထဲ ပြန်ကြည့်ပြီး ပြောတာ နေမှာပါ .."တဲ့ ...။

စက်ဆုပ်မုန်းတီးဖွယ်ကောင်းသည့် စကားသံတွေက နားထဲမှာ အတ်စဖြူပေါ် ဆေးစက်ကျသလို စွဲထင် ကျန်ရစ်၏။

"လူစုံပြီလား .. စုံရင် ထွက်မယ် .."

ဒရိုင်ဘာတွေနဲ့ ယာဉ်မယ်တွေ ကားပေါ်ရောက်လာကြသည့်အသံ ကြောင့် နှင်းဆီ မျက်နှာလွှဲရင်း မျက်ရည်သုတ်သည်။ တဆစ်ဆစ် ကောင့်နေဆဲ မာန်မာန၏ ရက်ကြောက်ခြင်းတို့ ရောထွေးနေသော



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေက မျက်ရည်အဖြစ် သွန်ကျနေဆဲမို့ သုတ်ပစ်လို့ မနိုင် ...၊

ထိုစဉ် ဖုန်းဝင်လာသည့်အသံနှင့်အတူ မုန်းတီးသည့် ထိုလူ့အသံကိုပါ ကြားလိုက်ရပြန်၏။ နှင်းဆီ မျက်နှာလေး ရှေ့ပြန်ရောက်သွားကာ နီးကပ်စွာ ရှိနေသော ထိုလူနှင့် ရန်ကုန်ထိ ဘယ်လို ဆက်သွားရမလဲ ဆိုတာ တွေးမိလာသည်။

"ဂျိမ်း .."

တံခါးပိတ်လိုက်သံ ကြားလိုက်ရသဖြင့် သူမ မျက်နှာလေး ရှုံ့မဲ့သွားကာ ...

"ဒေါ်ဒေါ်သဲ .. ဒီမှာပဲ လာထိုင်လိုက်တော့ .."

"ဟင် .."

"အဲ့ဒီမှာ သွားမထိုင်ပါနဲ့ .."

ထိုစဉ် ...

"ခဏလေး .. ခဏ .."

ခိုင်း ထံမှ အလျှင်စလို တားဆီးသံကြောင့် ဒေါ်သဲမြ လှည့်ကြည့်လိုက်မိ၏။ ဖုန်းက တစ်ဖက် .. ဆေးလွယ်အိတ်ကို လက်တစ်ဖက်မှာ ဆွဲလျက်နှင့် နေရာမှ ထရပ်နေကာ ...

"ကျွန်တော် နေခဲ့တော့မယ် .."

ပြန်ဆင်းတော့မည့်အသံကို ကြားလိုက်ရကာ နှင်းဆီ ဝမ်းသာသွား၏။ ဒါပေမယ့် မျက်နှာလေး ပြန်ပျက်သွားခဲ့ပြီး ...

'ငါ ပါလာလို့ သူ ဆင်းနေခဲ့တာမျိုးလား ..'

မဆီမဆိုင် တွေးမိတာမှန်း ကိုယ့်ဘာသာ သိနေပေမယ့် ဖြစ်ပျက်နေဆဲပုံစံအရ သက်ဆိုင်ဖွယ်ရှိသည်လို့လည်း ယူဆနိုင်ရာ ...

'ဘာဖြစ်ဖြစ်ပေါ့ .. ပါမလာရင် ပြီးတာပဲ .."

ကိုယ့်စိတ်ကို နေသာထိုင်သာ ရှိသွားအောင် ဖိုင်းဖြတ်ထားလိုက်မိသည်။





"သူ ဆင်းသွားပြီမို့လား .."

"သွားပြီ သမီး .. မလိုက်တော့ဘူး တဲ့ .."

"အင်း .. ဒါဆို ဒေါ်ဒေါ်သဲ နောက်မှာ သွားထိုင်ရင် အဲ့ဒီဘက်ကြားထဲမှာ ကျောခံတဲ့ ခေါင်းအုံးလေး ကျသွားလား မသိဘူး .. ကောက်ပေးပါ .."

"ဟင်!... ဟုတ်လား .."

နှင်းဆီ ခေါင်းမညိတ်နိုင် ...၊

ဒီခေါင်းအုံး ကျသလား .. မကျသေးဘူးလား လိုက်စမ်းမိလို့ .. လက်ကို ပုတ်ထုတ်ခံလိုက်ရတာ မညှာမတာ ...၊

ပြီးတော့ လူကို ဘာထင်လို့လဲ ...၊

ဒီလိုလူကို ကိုယ်က အထင်မကြီးတဲ့ စကားတွေ ပြောရမယ့်အစား ကိုယ့်ကို ပြောသွားလိုက်တာ မကြားဝံ့ မနာသာ စကားတွေနှင့် ...

"ရပြီ သမီးရေ .. ဒါပေမယ့် ဟိုကောင်လေး နင်းမိသွားလား မသိဘူး .. သူ့ခြေထောက်နားမှာဆိုတော့ မသုံးနဲ့တော့ .. ဒေါ်ကြီး ဝယ်လာတဲ့ ဆေးခေါင်းအုံးလေး ဖွင့်လိုက်မယ် .. နည်းနည်းကြီးပေမယ့် ထိုင်ခုံက ကျယ်တာပဲဟာ .. နော် .. သမီး .."

ခေါင်းပဲ ညိတ်ပြမိကာ ရင်ဝကနေ လည်ချောင်းထိ ပြင်းရှ ကျပ်ခဲနေတာကို ကြိတ်ခံစားနေမိ၏။

ဒီနာကျင်မှုကို ပေးခဲ့သော ထိုလူအား ယခု ကိုယ့်မျက်စိအောက်က ပျောက်သွားပေမယ့် ကိုယ့်ရင်ထဲ အသွေးအသားထဲကနေ ဘယ်သောအခါမှ ပျောက်ပျက်သွားမှာ မဟုတ်ဘူးဆိုတာ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟာ!... ဟေ့ကောင် .."

"ဘာမှ မေးမနေနဲ့ကွာ .. မောင်း .."

ဆိုင်ကယ်လ်ကို နောက်က ခွထိုင်လိုက်ကာ အိတ်ကြီးကို ရင်ခွင်ထဲမှာ ပိုက်ထားလိုက်သည်။ ရဲစိုး က ခြေထောက်ရပ်ထားရင်း နောက်ပြန် လှည့်ကြည့်၍ ...

"မောင်းဆိုလည်း ပြောဦးလေ .. မြို့ပေါ် ပြန်တက်မှာလား .."

"ဟုတ်တယ် .."

"မသိပါဘူး .. ငါက စိတ်ပြောင်းသွားလို့များ လေဆိပ်ကို ပြေးတော့မှာလားလို့ .."

နေရာတကာမှာ ဇိုင်း ရဲ့ သူငယ်ချင်းတွေ ရှိသည်။ အသိုင်းအဝိုင်းစုံ .. အလွှာစုံပဲမို့ တချို့နေရာတွေမှာ ဆောင့်တလိုက်တာနဲ့ ပြည့်စုံသွားတတ်တာတွေလည်း ရှိ၏။

ခုကျတော့ ကားကြီးပေါ်က ဆင်းလိုက်တာနှင့် သူငယ်ချင်းရဲ့ဆိုင်ကယ်လ်ပေါ် အဆင်သင့် တက်လိုက်ရုံ ...။

"မင်းပဲ မနက်က ဈေးကြီးနားမှာ တွေ့တော့ ဒီညနေ ရန်ကုန်ဆင်းတော့မှာ ဆို .. ခု ကားပေါ်က ပြန်ဆင်းလာတာလား .."





"သိရဲ့သားနဲ့ကွာ .."

"အေး .. ဘာဖြစ်လို့လဲလို့ မေးနေတာ .."

"အဖေ ပြန်ခေါ်နေလို့ .."

ပြောပြီးတော့ ဖုန်းထဲက စကားသံတွေကို နားထဲမှာ ပြန်ကြားနေခဲ့၏။ ဘယ်တုန်းကမှ မညင်သာခဲ့ဖူးသည့် အဖေ့ရဲ့စကားလုံးတိုင်းက ဒီနေ့ထိ နူးညံ့ခြင်း ကင်းဝေးနေခဲ့လျက် ...

"မင်းကို မျက်နှာလေး မြင်ချင်လွန်းလို့ ခေါ်နေတာ မဟုတ်ဘူး ခွန်စိုင်း .. အရေးကြီးတဲ့ကိစ္စ ပြောစရာရှိလို့ ခုချက်ချင်း ပြန်လာခဲ့ .."

"ဘာလဲ .. ဆေးအိမ်က မိန်းမနှစ်ယောက်နဲ့ အတူတူ ထွက်ချင်လို့ တားမရ ဆီးမရ ဖြစ်နေတာလား .."

"မင်းဟာမင်း သိမှာပေါ့ကွ .. မင်းက မပြောပေမယ့် ခွန်စိုင်းတော့ သွားပြန်ပြီ .. ထွက်ပြန်ပြီလို့ ထင်နေခဲ့ပြီး မင်း ခရီးထွက်ဖြစ်ခဲ့လို့လား .."

"ဒါပဲ ရှိတာလေ .. မက်စရာရှိလို့ ဒါကို မင်ပြီး ခရီးမထွက်နိုင်ဖြစ်နေတာ မဟုတ်ဘူးလား ..၊ အခု အတူတူ ထွက်သွားကြတာ အရှင်းကြီး .."

အဖေ ပြောဆိုသွားတာတွေကို သူ စကားလုံးတိုင်း အလွတ်ရနေသည်။ ဘယ်ခြေလှမ်းလှမ်း .. ဘာတွေလုပ်လုပ် .. ဒီအိမ်ကလူတွေနဲ့ပဲ ဘာဖြစ်လို့ လာငြိနေရတာလဲ ..။

"တောက်!..."

"ကဲပါကွာ.. ဒေါသတွေ လျှော့ချလိုက်စမ်းပါ .. ကမ္ဘာကြီး ပူနွေးရခြင်းအကြောင်းမှာ မင်းရဲ့ဒေါသတွေကြောင့် ပိုဆိုးကုန်ပါ့မယ်.."

လက်ဖက်ရည်ဆိုင်မှာ ထိုင်မိကြတော့ ဇိုင်း က ကော်ဖီ .. ရဲစိုးက လက်ဖက်ရည်နဲ့ ဆန်စီးခေါက်ဆွဲ ...။

"ကော်ဖီပဲလား .. မုန့် မှာလေကွ .. ငါက မင်း သွားဖြစ်ပြီလားလို့



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်လေးတောင် မတိုက်လိုက်ရဘူးဆိုပြီး ပေါင်ကို ထုနေတာ ..”

“ရင်ဘတ်ထုတယ် လုပ် ..”

“ရင်ဘတ်ထုရင် နာတာပေါ့ကွ .. သူငယ်ချင်း ခရီးထွက်တာ ရှည်းစားမှ မဟုတ်ဘဲ .. ရင်ဘတ် ထုစရာလား ..”

ပြုံးစိစိ မျက်နှာကို ဇိုင်း က မျက်စောင်းကြီးနဲ့ ကြည့်၏။

“မျက်နှာကို ပြန်ပြင်လိုက် .. ငါ အတည်ညစ်နေတာ ..”

ထိုစဉ် ဖုန်းဝင်လာတော့ ထုတ်ကြည့်လိုက်မိသည်။ ရဲစိုး က လည်ပင်း တစ်ချက်ရှည်ကြည့်ပြီး သူ တော်တော်နဲ့ မကိုင်ကာမှ စိတ်မရှည် ဖြစ်လာကာ ...

“ကိုင်လေကွာ .. အဲ့ဒါတွေကြောင့် မင်းအိမ်မှာ ကွိုင်ပူနေတာ..”

နောက်ထပ် ခေါ်ကာမှ နားထောင်လိုက်မိကာ ...

“ပြန်လာမယ် အဖေ ..”

“... ... ... ...”

“အရေးတကြီး အိမ်ပြန်ပြေးလာရလောက်အောင် လိုလို့လား အဖေ .. ကျွန်တော် ကားလက်မှတ် အဆုံးခံပြီး ဆင်းနေခဲ့တယ်.. အခု မုန့်စားနေတယ် .. ပြီးရင် လာခဲ့မယ် .. အဲဒါ မရဘူးလား ..”

“... ... ... ...”

နားထောင်နေပြီးမှ တင်းခနဲ အံကြိတ်ကာ ဖုန်းချလိုက်တော့ ...

“ကဲ .. သောက်ကွာ .. ငါတို့ရွာ မင်းအကြောင်း သိပြီးသားပါ.. အမြဲတမ်း ဒါတွေချည်း ပြောနေရတယ် .. လုပ်မနေနဲ့ .. ချမ်းသာသလို နေလိုက် ..”

“မဟုတ်ဘူး .. ခုဟာက ဘေးအိမ်က လူတွေနဲ့ချည်းပဲ ပုတ်ခတ်ပြောနေတာ ..”

လက်ဖက်ရည်သောက်လိုက် .. ဆန်စီးစားလိုက်နှင့် ကြုံကြုံဖန်ဖန်





စားတတ်သည့် ရဲစိုး က လက်ဖက်ရည်ပန်းကန်ကို သောက်လိုက် .. ချထားလိုက် လုပ်နေပေမယ့် တူကိုတော့ မချ ..၊

“မင်း ရေချိုးနေတာကို ရပ်ကြည့်နေတယ်ဆိုတဲ့ တစ်ယောက်နဲ့လား ..”

“ဟုတ်တယ် .. အဲ့ဒီက အဒေါ်ကြီးကို အမြင်မတော်လို့ ငါ ကူညီခဲ့တယ် .. အဲ့ဒါလည်း ငါက နာဘူးလို့ .. ဒေါ်ကြီးက ငါ့ကို လာနှုတ်ဆက်တယ် .. အဲ့ဒါလည်း ငါပဲ နာဘူး ..”

“မင်းကလည်း ဇိုင်း ရာ ..”

“ဟုတ်တယ် .. အဲ့ဒီအတိုင်းပဲ ဝိုင်းပြောကြတာ .. ငါ အဲ့ဒီမိန်းမကို .. ကျွတ်!...”

“မင်းက မင်းကဏ္ဍမှာ ဆုံဖူး ပေါ့ဖူးပြီး အဝါကတ်ပြ ထားပေမယ့် ကိုမင်း ကတော့ ကြိုက်နေလားမှ မသိတာ .. ဒါကြောင့် ကိုမင်း ဘက်ကပါတဲ့ လူတွေအားလုံး မင်းကို ဒါနဲ့ပဲ ပုပ်ခတ်နေတာပေါ့..”

ရဲစိုး ထောက်ပြလိုက်သည့်အချက်က ဖြစ်နိုင်ချေတော့ ရှိနေပါသည်။ ဒါပေမယ့် သူတို့လည်း ဒီမိန်းမ ဘယ်လိုလဲဆိုတာကို သိနေကြတာပဲ ..။

‘သူက အဲဒီလို မိန်းမမျိုးနဲ့ပဲ တန်တယ်’ ဆိုတဲ့စကား မလတ်ကိုယ်တိုင် ပြောခဲ့တာ ..။

“မင်း ဘာတွေ တွေးနေတာလဲ ဇိုင်း.. ဒီလိုမိန်းမမျိုးတွေကို မင်း အထင်မကြီးကောတ်ပေမယ့် အထင်ကြီးတဲ့လူကတော့ မက်မောမှာပဲလေ..”

ရဲစိုး က ဆန်စီးကို ကုန်အောင်စားပြီးမှ ပန်းကန်ကို ဘေးမှာ ရွှေ့ထားလိုက်ကာ လက်ဖက်ရည်လက်ကျန်ကို ကိုင်၏။

ပြီးတော့ မသောက်ဖြစ်သေးဘဲ သူ့ကို ကြည့်၍ ...

“ငါ ပြောတာ ဟုတ်တယ်မို့လား .. မင်းအပေါ်မှာ ဒေါ်လေးက လွဲပြီး ဘယ်သူက လိုလားလို့လဲ ..၊ အဲဒါ ဘာကြောင့်လဲ..”



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်း ဆုံပြီးမှ ဖိုင်း က မျက်နှာပါ လွှဲ၏။ ပြီးတော့ ကော်ဖီဖျော်ခြင်းအလုပ်ကို စိမ်ပြေနေပြေ လုပ်နေကာ ...

"ဘယ်ယောကျ်ားမျိုးမှ မိန်းမတစ်ယောက်ကို လှရင် ပြီးရောဆိုပြီး မယူဘူး .."

"လှတာအပြင် တခြား ကောင်းဖွယ်အလီလီ ရှိရင်လည်း ရှိနေမှာပေါ့ကွ .. လောဘကြီးတဲ့ ရွှံကုန်သည်ရဲ့နည်းမျိုး သူတို့ သုံးရင် သုံးမှာပေါ့ ..၊ ကိုယ့်လောဘကို ဖုံးဖိပြီး ဘာမှ တန်ဖိုး မရှိသလိုလို .. မမက်မောသလိုလို .. ပြီးမှ .."

"သူများပြောတာ မဟုတ်ဘူး ရဲစိုး .. ငါ တစ်ခါတလေ အိမ်ကပ်တဲ့လူတောင် ဒီလို ကြုံရတာ .. ကိုမင်း က မကြုံဖူးဘဲ နေမလား .."

"ကြုံဖူးပေမယ့် ဒါမျိုး သူ ကြိုက်လို့ ဖြစ်မှာပေါ့ .. ပြီးတော့ .."

"ဘာလဲ .."

"အဲဒီမိန်းမက မင်း ထင်သလို မဟုတ်ဘဲ မင်းကျမှ အကြည့်တစ်ချက်မှာပဲ နိုက်သွားလို့ မျက်လုံးမခွာနိုင် ဖြစ်သွားတာ ဆိုရင် .."

"တော်တော့ .."

"ဖြစ်နိုင်ချေတွေ ပြောတာပါ ..၊ မင်း ဘာမှ မဟုတ်ဘဲနဲ့ ဒီပြဿနာချည်း ထိုင်ရှင်းနေရတယ်ဆိုတော့ ငါလည်း တွေးမိတာကို ပြောရတာပေါ့ .."

ပြောနေရင်း တစ်ခုခုကို စဉ်းစားမိသွားသလိုဖြစ်ကာ လက်ဖက်ရည်ပန်းကန်ကို နှုတ်ခမ်းနားရောက်မှ ပြန်ချထားလိုက်ပြီး ...

"စိုင်းမော် ဆိုတဲ့ကောင် မယောမာ နဲ့ ကွိုင်တက်သွားတယ်တဲ့ .. မင်း အဲ့ဒါ သိလား .."

"မသိဘူး .. မင်းက ဘယ်လို သိလာတာလဲ .."

"ငါ့ကိုလည်း စိုင်းမော် နဲ့ နီးစပ်တဲ့ လူတစ်ယောက်က ပြောတာ.. မင်းအစ်မ နယ်ကို မသွားချင်တော့တာ .. စီးပွားရေး လုပ်မယ်လို့ အစီ





အစဉ် ဖြစ်လာတာ .. အဲ့ဒါတွေက သူတို့ချင်း ကြိတ်ကြံနေကြတာတဲ့.. ဒါပေမယ့် စိုင်းမော် က အခု သူ့မမကြီးနဲ့ လက်ထပ်ဖို့ စီစဉ်နေပြီ .."

ဖိုင်း မျက်မှောင်ကုတ်သွားသည်။ ဒါတွေ သူ ဘာမှ မသိပါလား..၊

သိဖို့လည်း မကြိုးစားချင်တော့ပါ။ ကိုယ်က ကိုယ့်အစ်ကို အစ်မဆိုသည့်စိတ်နဲ့ မတော်တာတွေ့ရင် ပြောဆို ကူညီဖို့ ကြိုးစားခဲ့မိတာ အကြိမ်ကြိမ် ..၊

ဘယ်နှစ်ခါများ ဂရုစိုက် အလေးထားခဲ့တာ ရှိဖူးလို့လဲ ..၊ ဒီလူ မကောင်းပါဘူးလို့ သတိပေးခဲ့ဖူးတာလည်း တစ်ခါ နှစ်ခါတည်း မဟုတ် ..။

"ဘာတွေဖြစ်ဖြစ်ကွာ .. ငါ အဲ့ဒါတွေနဲ့ ဝေးချင်လို့ ဒီခရီးလမ်းကို ဦးတည်လိုက်တာ .. ဗညား တို့နဲ့ မလိုက်ဘဲ နေလိုက်တာလည်း ဒါကြောင့်ပဲ ..၊ ငါ ဒီတစ်ခါ ရွှေ့ပြီဆိုရင်တော့ တော်တော်နဲ့ ဒီဘက်ပြန်လာဖြစ်ဖို့ မလွယ်တော့ဘူး .."

"ငါလည်း ထင်ပါတယ် .. ခုလည်း ငါ ထင်တာ ပြောရရင် မင်းကို ချက်ချင်း ပြန်လာဖို့ ခေါ်တယ်ဆိုတော့ မင်းနဲ့ ဟိုဘက်က အိမ်ငှားတွေ တစ်ခရီးတည်း အတူတူ မသွားဖြစ်အောင် လုပ်တာ ဖြစ်နိုင်သလို .. မင်းအစ်မရဲ့ ပြဿနာလည်း ဖြစ်နိုင်တာပဲ .."

"ငါနဲ့ ဘာဆိုင်လို့လဲ .. သူတို့က ဘာကိစ္စရှိလို့မှ ငါ့ကို အရေးလုပ်ပြီး တိုင်ပင်ခဲ့တာ မဟုတ်ဘူး .."

"ခုကျမှ အရေးလုပ်လာတာ ဆိုရင်ရောကွာ .."

"သူတို့ဘာသာ ဘာတွေဖြစ်ဖြစ် .. ငါ စိတ်မဝင်စားတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး .."

ရဲစိုး က စားသောက်ပြီးသည့် နှုတ်ခမ်းတွေကို တစ်ရှူးနဲ့ ပွတ်တိုက်သုတ်နေရင်း ခေါင်းညိတ်၍ ...

"အေးလေ .. ဒီလိုကိစ္စမျိုးကလည်း ပြောရခက်သား .."



www.burmeseclassic.com

www.burmeseclassic.com

"ခက်မနေနဲ့ .. ပြန်မယ် .."

"မင်း ကော်ဖီသောက်ဦးလေ .."

"တော်ပြီ .. အေးကုန်ပြီ .."

"ပူတုန်းက သောက်ပါဆိုတာ မသောက်ဘဲနဲ့ .."

"ပူတာတွေ များနေလို့ပါ ဆို .."

နှစ်ယောက် အတူတူ ထရပ်လိုက်ကြပြီး ပြောနေတာတွေက လည်း ရယ်စရာ မပါ ..၊ ဝမ်းနည်းဖို့လည်း မရှိ ..။

အဆာပလာမပါသော ပေါင်မုန့်ကြမ်းကို သကြားဖြူးစားရသလို ပင် ..၊

ပူပင်သောက မုန်သမျှ ဘာဆို ဘာမှ မကောင်း ..၊





အခန်း (၁၅)

ကတုန်ကယင် ဆုပ်ကိုင်ထားသည့်လက်တို့က အချိန်မရွေး ပြုတ် သွားနိုင်သည့်အင်အားဖြင့် ချိနဲ့နဲ့ ..၊

"သ .. သမီးလေး .."

စကား မပြောနိုင်သော နှုတ်ခမ်းတို့သည် အတန်ကြာ လှုပ်လှုပ်ရှရှ နေပြီးမှ 'သမီး'ခေါ်သံ သဲ့သဲ့လေးပဲ ထွက်လာနိုင်၏။ ကြည့်နေရ သည့် ခေါ်သံမြ ရင်ထဲမှာ မကောင်းနိုင် ..၊

"မေမေ စကားမပြောနဲ့ဦး နော် .. ကျန်းမာလာကာမှ သမီးတို့ ားတွေ တစ်ဝကြီး ပြောမယ် .."

နှင်းဆီ မေမေ့လက်တစ်ဖက်ကို သူမ လက်ဝါးတွေထဲမှာ ထည့် ထားရင်း ပါးနဲ့ ပွတ်လိုက် .. နမ်းလိုက်နှင့် ကြိတ်ရှိုက်နေရတာကို ူင်မိ၏။

ခုလောက်ဆို မေမေ့ မျက်ဝန်းထောင့်မှာလည်း မျက်ရည်တွေ စိုရွှဲ ပါပြီ ..၊ ဒါပေမယ့် သူမ မေမေ့မျက်ရည်တွေကို သုတ်မပေးနိုင်..။

မေမေ့မျက်နှာလေး မျက်ကွင်းတွေညိုပြီး ပိန်ချုံးကျနေပြီလား ..၊ ှမဟုတ် မသိမသာလေး ပုံစံမပျက်ရုံ ပိန်သွားတာမျိုးလား ..။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို သိချင်ပေမယ့်လည်း မမြင်ရပေ ..၊ မမြင်ရတာ
မမြင်ရတဲ့အကြောင်းလည်း မပြောရဲသည့်အဖြစ်မှာ မေမေ ကြည့်
မည်ကို သိနေသဖြင့် မျက်တောင်ဖျားတို့ကို စိုက်ချထားရသည်။

မေမေ့ကို ပွေ့ဖက်ပြီး ရင်ခွင်ထဲမှာ မျက်နှာအပ်၍ စကား
ပြောချင်ပေမယ့် လက်ကိုလည်း စမ်းတဝါးဝါး ဘယ်ကိုမှ လှမ်းမ
ရဲခဲ့ဘဲ ...

"မေမေ အနားယူလိုက်ဦး နော် .."

"ဟင့်အင်း .. မသွားပါနဲ့ .."

"မသွားပါဘူး မေမေရယ် .. အနှင်း က မေမေ့ဆီကို အပြီးပြန်
တာပါ .."

"သ .. သမီး .."

"မေမေ .. ပြောလေ .."

"ကို .. ကိုထက် ကိုလေ .. ကိုထက် သူ ဘာပြောပြော .. သ
ထွက်မသွားပါနဲ့ .."

မေမေ့အသံလေးကို နားစွင့်ရင်း ရင်ထဲမှာ နင့်သွားမိသည်။
တော့ မလွှတ်တမ်း ဆွဲကိုင်ထားသည့်လက်လေးကိုလည်း ခွာမချရ

"မေမေ .. သမီးကိုလေ .. ပြော .. ပြောချင်တာတွေ ရှိတယ် ..

"နောက်တော့ စကားတွေ အများကြီး ပြောလို့ ရတာပဲ မြတ်
အခု ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ရမယ်လေ .."

နံ့သာရောင် ရွှေပါတိတ်ကြီး တလက်လက်နှင့် ဦးထက်ခိုင်
အစ်မဝမ်းကွဲ ဒေါ်ကြာဖြူ က ရေနွေးဇလုံလေးနှင့် ဝင်လာရင်း ..

"ညည်းသမီးကို တွေ့ချင်တာ အခု ရောက်လာပြီမို့လား .. ကြ
ကြာ တွေ့နေချင်ရင် ကိုယ့်အသက်လေး ကြာကြာနေရအောင် ကြိ
မွေးရတယ် .. တော်ကြာ .. သမီးကို မြင်လိုက်တာနဲ့ သေပျော်ပါပြီဆို
ခေါက်ခနဲ .."





"အန်တီဖြူ စကားကို ညင်ညင်သာသာ ပြောပါ .. မကျန်းမာနေ
တဲ့လူကို နိမိတ်မရှိတာတွေ မပြောပါနဲ့ .."

မမြင်ရပေမယ့် ဒေါ်ကြာဖြူ ကို နှင်းဆီ က သိပြီးသား ..၊ ဒေါ်သဲ
မြ ကတော့ ကိုယ်က အလုပ်သမားပဲမို့ အားလုံးနဲ့ မလှမ်းမကမ်းမှာပဲ
ငြိတ်ဆိတ်စွာ ရပ်နေခဲ့၏။

ဒေါ်ကြာဖြူ အကြည့်တွေက ဒေါ်သဲမြ နဲ့ နှင်းဆီ ကို တစ်လှည့်စီ
ကြည့်ပြီးမှ ...

"နိမိတ်မရှိတဲ့ စကားမျိုးရယ်လို့ မဟုတ်ဘဲ ကရုဏာဒေါသ ဖြစ်
ပြီဆိုရင် ဘယ်လိုစကားဖြစ်ဖြစ် လွှတ်ခနဲတော့ ပြောမိကြတာပဲ ..
မှာ မအေက သူ့သားကို 'ကာလနာ မြွေပွေးကိုက်' လို့ အော်ဆဲနေ
မျိုး ..၊ 'ဒီလောက်တောင် သောက်စားမူးရူးနေတာ နင့်ကို လူချောင်း
တ်လို့ သေနေလိမ့်မယ်' ဆိုတာမျိုး .. မိဘကတော့ သေစေချင်လို့
ိန်တာ မဟုတ်လောက်ပါဘူး .."

"မိဘ မဟုတ်တဲ့ လူတွေကတော့ တကယ့်စိတ်ရင်းနဲ့ ကျိန်တာ
်နိုင်တာပဲ .."

"မိတ်ဆွေ သူငယ်ချင်းတွေမှာလည်း ကရုဏာဒေါသဆိုတာ ရှိ
ယ် နှင်းဆီ .. ရင်းနှီးလာရင် စကားများတာပဲ ..၊ နီးတကျက်ကျက်
တသက်သက်ဆိုတာလည်း ဒီအဖြစ်မျိုးတွေကြောင့် ရှိလာခဲ့တာပဲ ..
်းအမေကို သူ့သမီးအရင်းခေါက်ခေါက်က ပစ်ထားခဲ့ပေမယ့် ငါတို့
မပြတ် ကြည့်နေရတာ .."

ယိချက်က ပြင်းသည်။ ဒေါ်ကြာဖြူ စကားကြောင့် နှင်းဆီ ရင်ထဲ
မီးစနဲ့ အထိုးခံလိုက်ရသည့်အတိုင်း ..၊

"ဒါတောင်မှ အလုပ်သမားတွေ ရှိနေလို့ .. မဟုတ်ရင် ငါတို့က
ကလူ သေးကလူ လုပ်ကိုင်ပေးရဦးမှာ .. စိတ်ဆိုတာ အစဉ်သဖြ
င်းနေတာ မဟုတ်ဘူး .. သားသမီး အရင်းတောင်မှ မိဘ အသက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးလာလို့ ပြုစုနေရရင် စိတ်မကြည်နေတဲ့အခါ 'သေပဲ မသေနိုင်ဘူး' လို့ ညည်းတွားကြတာတွေ ရှိတယ် .. ဒါ မဖြစ်နိုင်ဘူးလို့ မပြော နော် .. ငါတို့က နားနဲ့ ကြားခဲ့ရတာ .."

ဒေါ်ကြာဖြူ က စကားလည်း တတ်သည် ..၊ အပြောလည်း ရှ သည်။ သူ့မောင် ဦးထက်ခိုင် နဲ့ မေမေ လက်ထပ်ကာစက အိမ်မှ တစ်နှစ်နီးပါးလောက် နေသွားခဲ့ပြီး နောက်ထပ် တစ်ပတ်လော ရောက်လာသေးသည်။ နောက်ထပ်ပြီး ပေါ်မလာတော့ပါ ..။

ခုတစ်ခါ မေမေ မကျန်းမာတော့မှ ပြန်ပြီး အလာစိပ်လာခဲ့တ ဖြစ်သည်။ ဒါပေမယ့် ဒီနေ့ ဒေါ်ကြာဖြူ နဲ့ ပက်ပင်းတိုးလိမ့်မယ်ဆိုတ တော့ ထင်မှတ်မထားခဲ့သည့်ကိစ္စပင် ..။

"ညည်းကွယ်ရာ .. အဲ .. ညည်း မရှိခဲ့တဲ့တောက်လျှောက် အချိ တွေမှာ ညည်းအမေကို ငါတို့ ဘယ်လိုတွေ ငြိုငြင် ဆောင့်အောင့်နေ မလဲဆိုတာကျတော့ ညည်း တွေးပူရဲ့လား .."

နှင်းဆီ ဒေါသ ထောင်းခနဲ ဖြစ်သွားသည်။ သို့သော် မျက်နှာ ပြီး ရန်တွေ့ဖို့က မဖြစ်နိုင် ..၊

ပြီးတော့ ခုလောက်ဆို ဒေါ်ကြာဖြူ နဲ့ သူမကို ကတောက်က ဖြစ်တော့မှာ စိုးရိမ်ပြီး မေမေ ဘယ်လောက်ထိ သောကများနေ မလဲ ..၊ စိတ်ထဲမှာ ပူလောင် တင်းကျပ်လာသမျှ မေမေ့ လက်ဖဝါး ကို ဖိဆုပ်ထားရင်း အံကြိတ် သည်းခံနေလိုက်သည်။

"ပြောပြတာပါအေ .. ပူမနေပါနဲ့ .. ဒီအိမ်မှာ ညည်းရဲ့စပိုင် ရှိနေတာ ငါတို့က သိပါတယ် .."

ပြောပြီးတော့ ဒေါ်သဲမြ နဲ့ အဆက်အသွယ် အမြဲတမ်း ရှိနေခဲ့သ ဒေါ်ပူစူး ကို မျက်လုံးဝေ့ကြည့်သည်။ ပြီးတော့ လှလှပပ မဲ့၍ ...

"ဒါပေမယ့် သိရမှာက သူတို့က ဒီအိမ်က အလုပ်သမားတွေ လူမမာနားကို မကပ်နဲ့လို့ ငါတို့က တားရင် ဘယ်သူမှ ရှေ့တိုး





ဘူး .. ညည်း စိတ်ထဲမှာ စွဲနေတဲ့ 'ပထွေး' ဆိုတဲ့ အမုန်းကို နည်းနည်း တော့ ပြင်ဆင်ဖို့ လိုတယ် နှင်းဆီ .. ဘာဖြစ်လို့လဲဆိုတော့ ညည်းအမေ ကို ညည်း မပိုင်ဘူး .. သူ့ကို ပိုင်ထားတဲ့လူကိုမှ ညည်းက ငြိုငြင် ဆောင်းမြောင်းနေဦးမယ် ဆိုရင် .."

"အန်တီဖြူ ဘာကို ပြောချင်တာလဲ .."

"ကိုယ်က နေချင်သလို နေပြီး ကြည့်ရှု စောင့်ရှောက်ပေးနေတဲ့ သူတွေကို မစော်ကားသင့်ဘူးဆိုတာ သိစေချင်တာ .."

"အနှင်း နေချင်သလို နေတာ မဟုတ်ဘူး .. ဘာကြောင့် ဆိုတာ ညည်း ခုချိန်ကျမှ ပြောမနေချင်ပါဘူး .. ဒါပေမယ့် မေမေ့ကို အနှင်း တာဝန်းကျင်လက်ထဲ အပ်ခဲ့တာ မဟုတ်ဘူး .. သူ ချစ်ခင်အားကိုးပါ ယ်ဆိုတဲ့ လင်ယောကျ်ားနဲ့ အတူရှိနေလို့ ကိုယ် လျှောက်သင့်တဲ့လမ်း ရွေးပြီး လျှောက်ခဲ့တာ .."

ဒေါ်ကြာဖြူ က မျက်နှာတစောင်းလေးအတိုင်း တစ်ခွန်းချင်း ပြန် ပြောနေသည့် နှင်းဆီ ကို စူးစိုက်ကြည့်နေ၏။ ဘေးမှာရှိနေခဲ့သည့် ဒေါ်သဲမြ ရင်တွေ တဒိတ်ဒိတ် ခုန်လာကာ အခြေအနေကို ဘယ်လို ထိန်းရမှန်း မသိ ..၊

အိပ်ရာထဲက လူမမာ မျက်နှာကို နှင်းဆီ က မမြင်နိုင်ပေမယ့် ကော မြင်နေရသည်။ ဒေါသဖြစ်လောက်ဖွယ် နှိုးဆွ ပြောဆိုနေတာ ကြောင့် သည်းမခံနိုင်တော့တာက မှန်ပါသည်။

ဒါပေမယ့် သူစိမ်းက သူစိမ်းမို့ ဂရုမစိုက်ပေမယ့် ကိုယ့်အမေ တွက် ကိုယ်က ဂရုမစိုက်လို့ မဖြစ် ..၊

"နားထောင်လို့ ကောင်းသားပဲ ဆက်ပြောပါဦး .. ကိုခိုင် ကတော့ သားပဲ .. 'နှင်းဆီမျက်နှာ' ဆိုတဲ့ မိန်းကလေး အရမ်းကို လှာစောင်း တယ် တဲ့ .."

"ကိုယ့်ထက် တော်တဲ့လူက ချီးမွမ်းတယ်ဆိုတော့ ဂုဏ်ယူစရာ



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ .."

ဒေါ်ကြာဖြူ့ မျက်နှာ တင်းသွားသည်။

"ဒါပေမယ့် မိဘကို အတိုက်အခံစိတ်တွေ ထားပြီး ထင်သလို နေရဲ လုပ်ရဲတာကတော့ သတ္တိ မဟုတ်ဘူး .. ဒါကို တော်တယ် ထက်တယ်လို့လည်း မခေါ်ဘူး .."

"ဘယ်သူကရော တော်ချင် ထက်ချင်နေလို့လဲ အန်တီ .. အနှင်း မိဘကို အတိုက်အခံစကားလည်း ဘယ်တုန်းကမှ မပြောခဲ့ဘူး .. ဒါပေမယ့် ရွေးချယ်ခွင့် ပေးလာရင်တော့ အနှင်း ဘက်က သဘောတူတာ မတူတာ ပြောပြခွင့် ရှိတယ် .. ဒါကြောင့် ဒီအိမ်ထောင်ရေးကို သဘော မတူပါဘူးလို့ ပြောခဲ့တယ် .."

"မအေက လုပ်ထည့်လိုက်တော့ ညည်း ဝုန်းဒိုင်းကြဲပြီး ဆင်းသွားတာပဲမို့လား .."

"အနှင်း ဘာသာ နတ်ဆိုင်းနဲ့ပဲ ဆင်းဆင်း .. ဘီလူးဆိုင်းပဲ တီးတီး .. အဲဒါ အနှင်း တို့ သားအမိကိစ္စပါ .."

"ငါ့မောင်နဲ့ ပတ်သက်တယ်လေ .. ငါကလည်း ဝင်မပါလို့ မရဘူး .."

"ဖြစ်ပါတယ်.. အနှင်း ဘက်ကတော့ အနှင်း တစ်ယောက်တည်းပဲ .. မေမေနဲ့ ပတ်သက်တာ .. ဒီအိမ်နဲ့ ပတ်သက်တာ .. ဘာတွေဖြစ်ဖြစ် ဆုံးဖြတ်ဖို့ရှိလာရင် ကိုယ့်ဘာသာ စဉ်းစား .. ကိုယ်ပဲ ဆုံးဖြတ်မှာ .."

"ဒီအိမ်နဲ့ ပတ်သက်တာ ညည်း စဉ်းစားဖို့ မလိုပါဘူး .. ကိုခိုင်က သူ့လုပ်ငန်းနဲ့ သူ့အခြေအနေနဲ့ နေလာတဲ့သူ .. ညည်းအမေရို လက်ထပ်ခဲ့တာ .. ဒီစီးပွားရေးတွေကို ထိန်းသိမ်းနေရတာ .. အားလုံးဟာ သူ့အကျိုးအတွက် တစ်ခုမှ မပါဘူး .."

"အဲဒါတွေကို ကာယကံရှင်တွေ သိကြမှာပေါ့ .."

"သိတယ်လေ .. သိလို့ ညည်းကို ဂရုမစိုက်ဘဲ မြတ် က ဖွတ်လုပ်





တာပေါ့.. သူကိုယ်တိုင်က စပြီး ညည်းကရော အိမ်စီးပွားရေး .. အိမ် အခြေအနေတွေမှာ ဘာတွေ သိ .. ဘာတွေ နားလည်လို့လဲ .."

နောက်ထပ် မီးပွားတစ်စ ထပ်ကျလာခဲ့သည်။ ဒါတွေအားလုံး ပါသည် ..၊ ဒါပေမယ့် ဒီ့ထက် မှန်တာတွေ ရှိနေသေးတာကျတော့ ပြောခွင့် မသာခဲ့ပေ ..။

စိတ်ထဲမှာ ထောင်းမနဲ ဖြစ်သွားသည့် ဒေါ်သကြောင့် လက်သီး ဆုပ်လိုက်ပေမယ့် သူ့ လက်ဖဲမှာ မေမေ့လက်တစ်ဖက် ..၊

"အခု ညည်း ယောနှင့်မှ တာ .. ပြန်ချိတ် ကြွနှံသွားမှာပဲမို့လား.."

"မမပြူ့ ရယ် .. ဟိုလေ .. ကျွန်မ .. ကျွန်မ တောင်းပန်ပါတယ်.. မာမျက်နှာကို တစ်ချက်လောက် ငဲ့ပြီးတော့လေ .."

"ဟဲ့ .. တိတ်စမ်း .. ရှင်က ဘာမို့လို့ ဝင်ပါရတာလဲ .."

"မဟုတ်ပါဘူး .. ဟိုမှာ မကြီး .."

"သူ့အမေ အခြေအနေကို သူ့သမီး မြင်တယ် .. ရှင် ပြောပြဖို့ ဘူး .."

ဒေါ်သဲမြ ပါးစပ်ပိတ် ခေါင်းငုံ့ထားလိုက်သည်။ မကြီး မျက်ရည် ကျ .. နှုတ်ခမ်းလေးတွေ တုန်နေပြီဆိုတာ နှင်းဆီ သိအောင် အဆူခံပြီး ဝင်ပြောပေးလိုက်တာပါ ..။

ဒီနေရာထိ စွန့်စားလာခဲ့ကြတာ စကားနိုင်လုကြဖို့ မဟုတ် ..'

"ကိုခိုင် ပြန်လာရင်လည်း ဖြစ်ကြဦးမှာပဲ .. မိဘနေရာမှာ နေရပြီး စော်ကားခံနေရတာ ဘယ်သူ သည်းခံနိုင်မှာလဲ ..၊ အဲဒီတော့ အမေ ငါ့အိမ်ဆိုတဲ့ မာနတွေ ချပြီး ကိုခိုင့် ကို ညည်း တောင်းပန် ပါ .."

"အနှင်း က ဘာလို့ တောင်းပန်ရမှာလဲ ..၊ ဘာအတွက်လဲ .."

ထိန်းချုပ်မရတော့သည့် ဒေါ်သကြောင့် နှင်းဆီ ဆတ်ခနဲ ထရပ် သည်။ သို့သော် ဆုပ်ကိုင်ထားသည့် ဒေါ်နှင်းနှင်းမြတ် ၏ လက်



www.burmeseclassic.com

www.burmeseclassic.com



တို့က ကွာကျ မကျန်ခဲ့ဘဲ ...

"သမီး .. သမီးရယ် .. မေမေ့ကို .."

"မေမေ .."

နှင်းဆီ နေရာမှာပဲ ပြန်ထိုင်ကျသွား၏။ မျိုသိပ် သည်းခံလိုက်သည့် မချိတရို မျက်ရည်တို့ စီးကျသွားခဲ့လျှင် သူမရဲ့ ပါးပြင်ထက် မေမေ့ရဲ့လက်ချောင်းတို့ မထိတထိ ကျရောက်လာခဲ့ပြီး ...

"သမီးလေး ရယ် .."

"မေမေ .."

နှင်းဆီ လန့်သွားသည်။ မေမေ့ လက်နှစ်ဖက်စလုံး ကိုယ် ရောက်နေပြီဆိုတော့ သူမဘက်ကို မေမေ စောင်းလှည့်လာပြီး ချော နှစ်သိမ့်ဖို့ ကြိုးစားနေတာလား ...၊

"မေမေ အနှင်း ဘာမှမဖြစ်ပါဘူး.. မေမေ သက်သာသလိုနေပါ.."

လက်လှမ်းပြီးမှ ပြန်ရုတ်လိုက်ရသည်။ ထိုလက်က လိုရာ တန်းခနဲ မရောက်နိုင်ဘူးဆိုတာ သတိရလိုက်သဖြင့် မေမေ့ကိုယ် ထိကပ်ပွေ့ဖက်ချင်စိတ်တို့ ဒုတိယတစ်ခါ အညွန့်ကျိုးခဲ့၏။ သို့သော်

"မေမေ့ရင်ခွင်ထဲကို သမီး မဝင်ချင်တော့ဘူးလား ဟင် .. မေ ကို အဲလောက်တောင် .."

"မဟုတ်ပါဘူး မေမေရယ် .. အနှင်း .."

သူမ ထိုင်နေတာ မေမေ့ ခုတင်စွန်းနဲ့ ဘယ်လောက်ကွာသ မသိ ..၊ မေမေ ဘယ်လို လှဲနေသလဲ မသိ ..၊ လက်ဖဝါးလေးက လက်မောင်းရင်းထိ တိုးကိုင်ချင်တာတောင် လက်တို့ကို စမ်းတဝါး လှုပ်ရှားရမှာမို့ ရှေ့မတိုးရဲသည့်အဖြစ်မှာ ..၊

"မေမေ.. မေမေ သိပါတယ် .. ဒါ..ဒါပေမယ့် သမီးရယ် .. မေ သမီးလေးကို မေမေ တစ်ခါလောက်တော့ ဖက်ထားချင်လို့ပါ .."

သားအမိအဖြစ်ကို ကြည့်ကာ ဒေါ်သဲမြ မျက်ရည်ဝေ့လာမိသည်





သူမမှာလည်း အနားမှာ ဒေါ်ကြာဖြူ နဲ့ သူနာပြုဆရာမလေးတို့ ရှိနေသဖြင့် ဒီလို ရှေ့ထိုင် .. ဒီလိုကိုင်ပြီး ဒီလို ဖက်လိုက်ပါလားလို့ ပြောပြချင်ပေမယ့် မပြောနိုင် ..၊

နှင်းဆီ လည်း မေမေ့လက်ကိုပဲ ဆုပ်ကိုင် ပွတ်သပ်ရင်း ရုတ်တရက် ဘာလုပ်ရမှန်း မသိ ..၊

"အဟွန်း .. ဟွန်း .. နင်မို့လို့ပဲ မြတ် ရယ် .. ဒီလင် မယူနဲ့ဆိုတာ တောင် ယူရက်လေခြင်းဆိုပြီး စိတ်နာလို့ ပြန်လှည့်မကြည့်ခဲ့တဲ့ သမီး ကို .."

ပြောပြီး ခုတင်ခေါင်းရင်းနားကို တစ်လှမ်းချင်း လျှောက်လာ ကာ ...

"တို့က ကြားသုံးကြား ဝင်ချင်လို့ မဟုတ်ဘူး .. မဝင်သင့်မှန်း သိပေမယ့် မပြောဘဲနေလို့ မရတော့လို့ ပြောနေရတာ .. ဒီမှာ သေချာ လည်း မေးပါဦး .. သူ ရောက်လာတာ နင့်ကို ပြုစုဖို့လား .. နောက်ဆုံး ထွက်သက်လေးတော့ အမီပြေးလိုက်ဦးမယ်ဆိုပြီး နှုတ်ဆက်ရုံပဲ လာ တာလား ဆိုတာ .."

ပြောနေရင်း ဒေါ်သကို ရိုက်ပုတ်နှိုးဆွရုံ အားမရဘဲ ခပ်မိန့်မိန့် လက်ပိုက်လိုက်ပြီး နှင်းဆီမျက်နှာ ကို ပြောင်ပြောင်တင်းတင်း ငုံ့ကြည့် သည်။

ဒေါ်သဲမြ ထိတ်ခနဲ ဖြစ်သွား၏။ ဟိုက ကြည့်နေတာကို နှင်းဆီ မသိဘဲ တစ်ခုခု အမှားအယွင်း ဖြစ်သွားခဲ့လျှင် ...

"အံ့သြစရာပဲနော် .. 'နှင်းဆီမျက်နှာ'ဆိုတဲ့ နာမည်ကျော်က ခု တော့လည်း အရုပ်လိုပါလား ..၊ ဓာတ်ခဲအားကုန်ခါနီးလို့ ဖောက်ပြန်နေ တဲ့ နာရီလိုပဲ .. အသံထတွက်လာလိုက် .. ခေါင်းငုံ့သွားလိုက် .. အဟွန်း.. အေးပေါ့လေ .. အစတည်းက ညည်း ဒီတိုင်း ဖြစ်နေသင့်တာပါ .."

"အန်တီကြီး ဖုန်းလာနေပါတယ်ရှင့် .."



www.burmeseclassic.com

www.burmeseclassic.com



အပြင်က မိန်းကလေးတစ်ယောက်အသံကို ကြားလိုက်ရသည်။ ခပ်မှုင်းမှုင်း ရယ်ရင်း ကျေနပ်အားရနေသည့် ဒေါ်ကြာဖြူ အသံလည်း ပါတ်သွားခဲ့၏။ ပြီးတော့ ထွက်သွားသည့်ခြေသံကိုပါ ကြားလိုက်ရသည်။

ထိုမိန်းကလေးရဲ့အသံကို နှင်းဆီ မကြားခဲ့ဖူးပေ …၊ ဒါပေမယ့် အိမ်မှာ အလုပ်သမားအသစ် ရှိနေပြီမှန်းတော့ တွက်လိုက်မိ၏။

ထို့ပြင် သူမနှင့်တကွသော တခြား အလုပ်သမားတွေ အားလုံးပဲ ဒေါ်ကြာဖြူ ကို 'အန်တီကြီး'လို့ ခေါ်နေကြတာလဲ့ား …၊ တခြား ခေါ်တာ ရှိသေးလား …။

ဒါကိုလည်း မသိ …၊ အိမ်မှာ ပြင်ဆင်မှုတွေ .. လူတွေ ဘယ်လောက်ထိ ပြောင်းလဲနေပြီလဲ …၊ ဘယ်ပုဂ္ဂိုလ်က ဘယ်လို နေရာယူပြီး ရပ်တည်နေတာလဲ …။

ကိုယ်ကိုယ်တိုင်တောင်မှ ဘယ်လိုအဖြစ်နဲ့ ဘယ်လို ကကြိုးဆင်ရမှန်း မသိသေးသည့် အခြေအနေမှာ .. သူမ …၊





## အခန်း (၁၆)

ညဘက်ကျမှ သားအမိ နီးကပ်စွာ ထိုင်ရင်း စကားပြောဖို့ ကြိုးစားရသည်။ စားပွဲတင်မီးနဲ့ ကျောခိုင်းပြီးဖြစ်ကာ မျက်နှာကို ငုံ့ထားလိုက်တော့ အပေါ်မီးနဲ့ပါ လွတ်၏။

"သမီးရယ် .. မေမေလေ .. သမီးလေးနဲ့ တွေ့ရမှပဲ အသက်ဆက်ရှင်ချင်လာတယ် .. သမီး မျက်နှာလေးကို မြင်ရရင် သေပျော်ပါပြီလို့ .. တွေးထားခဲ့ပေမယ့် .."

စကားတွေ ပြောနိုင်လာပေမယ့် မောလို့ နားနေရတာလည်း ခဏခဏ …၊

"အခု သမီးကို မြင်ရကာမှ မျက်စိအောက်က ပျောက်သွားမှာ စိုးရိမ်နေတယ် .. ပြီးတော့ မေမေ .. မေမေ့သမီးလေးနဲ့ အတူတူ အကြာကြီး နေချင်တယ် သိလား .."

"မေမေ ရယ် .."

နှင်းဆီ မေမေ့ ရင်ဘတ်ပေါ်မှာ ဖွဖွလေး ဖေးကပ် နိုဝင်ရင်း မြတ်နိုးစွာ ဖက်တွယ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း မေမေ အိပ်နေစဉ် လူတွေလည်း မရှိတုန်းမှာ နေရာ အထိုင်ကျအောင် ဒေါ်ဒေါ်သဲ က တိတ်တိတ်လေး ပြောပြထားတာဖြစ် ကာ မေမေနဲ့ နီးကပ်အောင် ခုံပုလေး ချထားတာကိုလည်း သိအောင် ထိကိုင်ထားစေ၏။ ဘာမှ မမြင်ရဘဲ မြင်ရသယောင် ဟန်ဆောင် လိမ်ညာနေရတာ ပင်ပန်းလွန်းပါသည်။

မေမေ့အခြေအနေကို ကြည့်ပြီး အမှန်အတိုင်း ဖွင့်ပြောဖို့ အစီ အစဉ်လည်း ရှိထားပေမယ့် စကား ယဲ့ယဲ့သာ ပြောနိုင်သည့် လူနာကို ဘယ်လို ဖွင့်ပြောရမလဲ ...।

"သမီး .."

"ရှင် .. မေမေ .."

ဒေါ်နှင်းနှင်းမြတ် ၏ လက်တွေက နှင်းဆီ ရဲ့မျက်နှာလေးကို တယုတယ ပွတ်သပ် ပွေ့ဖက်ထားကာ ...

"မေမေ .. မေမေ့သမီးကို ဘယ်လောက်ထိ ချစ်သလဲဆိုရင် မေမေ နောက်ထပ် ကလေးမရအောင် တားဆီးခဲ့တယ် .."

ဟင်!...

နှင်းဆီ တအံ့တသြ ဖြစ်သွားသည်။

"အဲ့ဒါကို သိထားလို့ ကိုထက် က သမီးကြောင့်ဆိုတဲ့ အတွက်နဲ့ သူ .. သူ သမီးကို အရှမ်းမုန်းနေတာပါ .."

နေရာတကာမှာ လက်ညှိုးငေါက်ငေါက်ထိုးပြီး အော်ဟစ် ရန်လို တတ်တဲ့လူက ဒါတွေကိုတော့ တစ်ခွန်းတစ်ပါဒမှ ထည့်မပြောခဲ့ပါ လား ...။

"သူ ဒီကိစ္စကို ဘာမှ မဟဘဲ နေခဲ့တာက သူ့သိက္ခာ သူ ချသလို ဖြစ်မှာ စိုးလို့ပဲ .."

နှင်းဆီ တွေးနေသည့် ပဟေဠိကို ဒေါ်နှင်းနှင်းမြတ် က တစ်ခွန်း ချင်း လေးလံစွာ ရှင်းပြနေကာ ...





"သူလေ ဒါကို မေမေ လုပ်လိုက်တာ သိပေမယ့် ဒေါသတွေထွက်.. လူကြမ်းကြီးဖြစ် .. အားလုံးအပေါ်မှာ မကောင်းခဲ့ဘူး ..। ဒါ.. ဒါပေမယ့် သမီးရယ်.. သူ မေမေ့အပေါ်မှာတော့ ဥပေက္ခာ မထားခဲ့ပါဘူး .."

ခုချိန်မှာတော့ မေမေ့စကားကို နှင်းဆီ ယုံကြည်ပေးဖို့ ကြိုးစားနိုင် ပါပြီ ...। ဘာဖြစ်လို့လဲဆိုလျှင် ဦးထက်ခိုင် တစ်ယောက် မေမေ့ကိုတော့ ဂရုစိုက်ပေးခဲ့သည်ဆိုသော သတင်းစကားကို ဒေါ်ဒေါ်သဲ ဆီက သူမ ကြားထားခဲ့၏။

ထို့ပြင် ကိုယ့်အပေါ်မှာတော့ ကောင်းမွန်နေခဲ့သည့် ခင်ပွန်းသည် ကို သမီးဖြစ်သူနဲ့ အဆင်ပြေ သင့်မြတ်သွားစေချင်သည့်ဆန္ဒနှင့် မေမေ ရှင်းပြနေတာဆိုရင်လည်း နားလည်ပေးရတော့မှာပါ ...။

"သမီးလေး .."

"မေမေ .."

"မေမေက သူ့ကို ကောင်းတဲ့လူလို့ ပြောချင်တာ မဟုတ်ပါဘူး.."

"ဟုတ်ကဲ့ပါ .. အနှင်း နားလည်ပေးနိုင်အောင် ကြိုးစားမှာပါ..। မေမေ့ကို နောက်ထပ် အနှင်း ကြောင့် စိတ်မဆင်းရဲစေရဘူး .. မေမေ စိတ်ချမ်းသာဖို့ဆိုရင် ဘာဖြစ်ဖြစ် အနှင်း .."

"မဟုတ်ဘူး .. မေမေ သမီးဆီက အဲ့လောက်ထိ မလိုချင်ပါဘူး.. မေမေ့အပေါ် သမီးလေး အထင်မလွဲတော့ဘူး ဆိုရင် .."

"မပြောပါနဲ့တော့ မေမေရယ် .. မေမေ အမောဖောက်လာပါ့ မယ် .. အနှင်း တို့ အမြဲတမ်း အတူတူ နေသွားကြရမှာပဲ .. နောက်နေ့ တွေမှာလည်း နေ့တိုင်း ပြောလို့ ရတယ်လေ .."

မေမေနဲ့ စကားပြောရတာ ရင်ထဲမှာ နာကျင်လာမိသည်။ မေမေ့ မျက်နှာလေးကို အနှင်း မြင်ချင်သည်။ မေမေ စိုက်ကြည့်နေပြီလို့ ထင်မိတိုင်း မေမေ့ ရင်ဘတ်ပေါ် မျက်နှာစောင်းချပြီး ကာကွယ် လိုက်ရတာကို ရင်ထဲမှာ မကောင်းနိုင် ...।



www.burmeseclassic.com

www.burmeseclassic.com



သူမ မေမေ့ရှေ့ကို မျက်မမြင်ဘဝနဲ့ ရောက်အောင် လာခဲ့မိတာ မှားပြီလား ..၊

"ဆေးသောက်ပြီး မေမေ အိပ်လိုက်တော့လေ .. နော် .."

ထပ်ပြောလိုက်မိသည့် စကားကလည်း မှားပြန်၏။ အကယ်၍ မေမေကသာ 'အင်း .. မေမေ့ကို ဆေးပေး'လို့ ခေါင်းညိတ်လိုက်ရင် သွားပြီ ..။

အနားမှာ သူနာပြုလည်း မရှိ ..၊ ဒေါ်ဒေါ်သဲ လည်း မရှိ ..။

"မေမေ့ကို မအိပ်ခိုင်းပါနဲ့ သမီးရယ် .. မေမေ သမီးကို စကားတွေ အများကြီး ပြောချင်လို့ .. ဒီနေ့ မစားသောက်ချင်တဲ့ စားစရာတွေကို လည်း အတင်း မျိုချထားခဲ့တယ် .. အစာဝင်သွားလို့လား မသိဘူး .. မေမေ ဒီတစ်ညနေလုံး စိတ်တွေ ကြည်ပြီး လန်းဆန်းနေတာ .."

ပြောနေရင်းနဲ့ မေမေ့ နှုတ်ခမ်းတွေ ပြုံးနေလိမ့်မည်။ သူ့ရဲ့ခေါင်းကို ဖက်၍ ဆံစတို့ကို ပွတ်သပ်ရင်း မေမေ့မျက်ဝန်းမှာ ကြည်နူးသည့် မျက်ရည်ကြည်တွေလည်း ဝေ့နေနိုင်၏။

ဒါပေမယ့် သူမ ဘာကိုမှ မမြင်နိုင်ပါ ..၊

"သမီး ဘာမှ မမြင်ရဘူး မေမေ .."လို့ ဖွင့်ပြောပြီး မေမေ့မျက်နှာ ပြည့်နေသေးရဲ့လား ..၊ ပိန်လှီနေသလားဆိုတာ လက်နဲ့ သေချာ စမ်းကြည့်ခွင့် ရရင်တောင် ဖြေသာဦးမည် ..။

ခုတော့ မထနိုင် မကြွနိုင်သူကို မမြင်ရတဲ့လူက ထပ်လိမ်နေရသည်။

"သမီး မှတ်ထား နော် .. မေမေ့မှာ အတွင်းပစ္စည်းတွေ အများကြီး ရှိတယ် .. သမီးရဲ့ နှစ်ဖက်ဘိုးဘွားတွေ ထားခဲ့တာတွေ .. သမီးဖေဖေ မေမေတို့ သားအမိအတွက် စုဆောင်းပေးခဲ့တာတွေ .. မေမေ့မှာ သမီး မယုံနိုင်လောက်အောင် ရှိတယ် .. ဒါပေမယ့် ကိုထက် ဘာမှ မသိဘူး .."





မေမေရယ် ...

သူမ မေမေ့ကို အကြီးအကျယ် အထင်လွဲ စော်ကားခဲ့မိပါပြီ ..၊

ဒီယောက်ျားကို မြင်လိုက်တာနှင့် သမီးကိုရော ဟိုအရင် နွေးထွေးခဲ့ကြတဲ့ ဖေဖေနဲ့ မိသားစုဘဝလေးကိုပါ မေမေ မေ့ရက်သည်လို့ သူမ ထင်ခဲ့သည်။

ဒီလူကြီး ဘာပြောပြော ဝင်မတား ..၊ သမီးဘက်က ရပ်တည်ပေးဖို့လည်း မစဉ်းစားတော့သည့် မေမေ့ရဲ့ ဥပေက္ခာတွေကြောင့် မေမေ့ ရင်ထဲမှာ ဦးထက်ခိုင် က လွှဲပြီး ဘာမှ မရှိတော့ဘူးလို့လည်း ထင်ခဲ့မိ၏။

"နောက်ထပ် အိမ်ထောင်သစ် ထူထောင်ခဲ့မိတာ မေမေ မှားခဲ့ပါတယ် .. မိဘဆိုတာ ကိုယ့်အရေးထက် သားသမီးအတွက်ကိုသာ ဦးစားပေး စဉ်းစားရမှာ .. ပြီးတော့ ကိုထက် က သူ့စီးပွားနဲ့ သူ့အခြေအနေနဲ့ ရှိနေတာကို မေမေ ယုံကြည်ခဲ့တာ .. ဒီလိုလူကမှ မေမေတို့ စီးပွားရေးတွေကို လက်တွဲခေါ်သွားနိုင်မှာလို့ .."

"ပြီးခဲ့တာတွေကို ပြန်မပြောပါနဲ့တော့ မေမေရယ် .. မေမေ့အပြစ်လို့ မေမေ ထင်နေလေ .. အနှင်း ရဲ့အပြစ်တွေ ပေါ်လာလေ .. အဲ့ဒါတွေကို အနှင်း တို့ ပြန်မပြောဘဲ နေမယ် .. ရှေ့ဆက်ပြီး အဆင်ပြေဆုံး ရပ်တည်သွားကြဖို့ပဲ .."

"နေဦး .. နေပါဦး သမီးရယ် .."

ဒေါ်နှင်းနှင်းမြတ် က သမီးမျက်နှာလေးကို ကြည့်ပြီး စကားပြောဖို့ ကြိုးစားသည်။ ခဏပဲ ခေါင်းလေးမက်ထားလိုက်ပြီး နှင်းဆီ က ဒီတိုင်းလေးပဲ ပြန်လှဲချကာ ...

"ပြောလေ မေမေ .. အနှင်း မေမေ့ရင်ခွင်ထဲမှာ ဒီတိုင်း နေချင်လို့ပါ .."

ဟုတ်တော့ ဟုတ်ပေမယ့် ကိုယ့်ကိုယ်ကိုယ်ရော မေမေ့ကိုပါ ညာလိုက်ရသည်။ သူမလည်း မေမေ့မျက်နှာကို ငေးကြည့်နေချင်တာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"အနှင်း မေမေ့ကို ချစ်တယ် .."

လှိုက်လှိုက်လှဲလှဲ ပြောမိသည်။ ပြီးတော့ ...

"အနှင်း တလွဲအတွေးတွေနဲ့ မေမေနဲ့ ဝေးရာမှာ အကြာကြီးနေခဲ့မိတာကို တောင်းပန်ပါတယ် .. ပြီးတော့လေ အနှင်း မေမေ့အပေါ် လိမ်ညာဖုံးဖိထားမိတာ ရှိခဲ့ရင်လည်း အဲ့ဒါကို မေမေ ခွင့်လွှတ်ပေးပါ.."

ပြောနေရင်း စိတ်တင်းထားလို့ မရတော့ဘဲ ငိုချလိုက်မိသည်။

"သမီး .. သမီး ဘာတွေပြောနေတာလဲ ဟင် .. မေမေ့သမီးလေးကို ဘာတွေ ဘယ်လိုရှိရှိ မေမေ ဘယ်တုန်းကမှ အပြစ်မမြင်ခဲ့ဘူး .. မုန်းလည်း မမုန်းဘူး .. မေ့လည်း မမေ့ခဲ့ဘူး .. ပြီးတော့ .."

အသံလှိုင်းက အနိမ့်အမြင့် ကြမ်းလာပြန်ကာ ခဏ နားရသေးသည်။ ပြီးမှ ...

"မေမေ ပြောချင်တာတွေ .. သမီးကို မှာချင်တာတွေ ဘာမှ မလုပ်လိုက်ရဘဲ မေမေ ဘာရောဂါနဲ့မှ မသေနိုင်သေးဘူးဆိုတာလည်း ယုံတယ် .. အပျွန်း .. လူတွေက .. လူတွေက သိလား .. မေမေ့ကို နေ့ သေမလား .. ည သေမလား စိုးရိမ်နေကြတာ .."

ရယ်သံပေမယ့် မောလျှခြင်းက စီးမိုးနေကာ ရယ်ရင်း မောနေခဲ့၏။

"မေမေက သိတယ် .. သမီး မေမေ့ဆီကို လာမှာ .. သမီး ရောက်မလာသေးဘဲ မေမေ မသေဘူး .."

"မေမေရယ် .. အဲဒီစကားတွေ တော်ပါတော့ .."

"ဟင့်အင်း .. အရေးကြီးတာတွေ ပြောပြီးရင် အရေးမကြီးတာတွေ ပြောဦးမှာ .. မေမေ့ရဲ့ရှင်သန်ခြင်းက စိတ်တစ်ခုတည်းပေါ်မှာပဲ ရှိတော့တာ ..၊ မဖြူ တို့ .. ကိုထက် တို့ ဒီမှာ စုဝေးလာကြရင် ဒါ .. ဒါမှမဟုတ် သူတို့ပြောတဲ့ စကားတွေကြောင့် မေမေ ထူမတ်ထားရတဲ့ စိတ်ဓာတ်တွေ အညွှန့်ကျိုးသွားခဲ့ရင် .."





"မေမေရယ် .. ဒီလူ ဒီစကားတွေက အနှင်း တို့အတွက် အဆန်းမှ ဟုတ်တော့တာ .. တစ်ယောက်နဲ့တစ်ယောက် မခံချင်စရာ စကားတွေ …ကျူးကုန်ကြရင် သူလည်း ဒေါသထွက်မှာပဲ.. အနှင်း လည်း မထိန်း …ပ်နိုင်ဘူး .. ဒါကို မေမေ ခေါင်းထဲမထည့်ပါနဲ့ .. မေမေ ကျန်းမာဖို့သာ အဓိကပါ မေမေရယ် နော် .."

"သမီးရယ် .."

"မေမေ နေကောင်းလာရင် အနှင်း တို့ သားအမိ တိုင်ပင်ပြီး …ဖြစ်ဖြစ် လုပ်လို့ ရတယ် .. မေမေ့သမီးက ဟိုအရင်က နှင်းဆီမျက်နှာ ဟုတ်တော့ဘူး မေမေရဲ့ .."

မျက်နှာချင်းနီးနီးလေးမို့ မေမေ့ မေးဖျားလေးကို ကိုင်ထားရင်း …ျက်လုံးနေရာကိုတော့ မှန်းဆပြီး စူးစိုက်ထားနိုင်ခဲ့၏။

ဒေါ်နှင်းနှင်းမြတ် ခမျာလည်း လူမမာပီပီ အနှင်း ရဲ့ မျက်လုံးတွေ အပေါ်မှာ သေချာ မစူးစိုက်နိုင်ခဲ့ရှာ ..၊

"မေမေ့အတွက်လည်း ကြည့်တတ်ပြီး အနှင်း ကိုယ့်ကိုယ်ကိုယ် …ည်း အားကိုးတတ်နေပြီ .. ပြီးတော့ ချစ်လွယ် မုန်းလွယ် ကလေး …န်ဆန် ပြောဆိုနေထိုင်ခဲ့တာတွေလည်း သိပ်မရှိတော့ဘူး .."

"မေမေ ဝမ်းသာလိုက်တာ .."

ဒေါ်နှင်းနှင်းမြတ် ဝမ်းသာလွန်းလို့ မျက်ရည်တွေ အဆက်မပြတ် …ကျလာခဲ့၏။ ပြီးတော့ ရင်ထဲမှာ တုန်ခါလာပုံက ဒီရေလှိုင်းကြီး တစ်လုံး တဖြည်းဖြည်း လိမ့်လာသကဲ့သို့ ရင်ဝထိ တုန်ခါ ဆို့ကျပ် …သည်။

စကားပြောနေရင်း မျက်လုံးတွေပါ တစ်ချက် တစ်ချက် ပြာသွား [illegible] ...

"သမီး .."

"ဟင် .. မေမေ .."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ပြောတာတွေကို သေချာ မှတ်ထားနော် .. စကားတွေ မပီမသဖြစ်လာရင်လည်း နားလည်အောင် ကြိုးစားပြီး မှတ် .."

"မေမေ .."

အနှင်း အထိတ်တလန့် ခေါင်းထောင်သွားခဲ့၏။ ဒေါ်နှင်းနှင်းမြတ်က မျက်ရည်ပြည့်လျှမ်းသော မျက်ဝန်းတို့နှင့် နှုတ်ခမ်းတွေကတော့ ပြုံးနေလျက် ...

"မေမေ စကားပြောရတာ အားမရလို့ ပြောတာပါ .. ဘာမှ မဖြစ်ပါဘူး သမီးရယ် .."

အနှင်း ရဲ့ ခေါင်းလေးကို သူမ ရင်ဘတ်ပေါ်မှာ ပြန်လှဲသွားအောင် ပွေ့ဖက်ထားခဲ့ပြီး ...

"မေမေတို့ရဲ့ လုပ်ငန်းတွေကတော့ ကိုထက် လက်ထဲမှာပဲ ရှိလိမ့်မယ် .. မေမေတို့ ဘာမှ မသိခဲ့တဲ့ အလုပ်တွေကို သူပဲ ကိုင်တွယ် ဦးဆောင်ခဲ့တာလေ .."

ဒေါ်နှင်းနှင်းမြတ် က ကိုယ့်အခြေအနေ ဖောက်ပြန်လာတာကို တတ်နိုင်သမျှ ထိန်းချုပ်နေခဲ့လျက် ...

"မဖြူ တို့ပါ ဝင်ပါနေပြီဆိုတော့ ဒီလုပ်ငန်း အရှုပ်ထုပ်တွေထဲကို သမီး ထပ်မဝင်ပါနဲ့တော့ .. မေမေက သူ့အတွက် ထားခဲ့ချင်လို့ ပြောတာ မဟုတ်ဘူး .. သမီးဘက်က .."

"ထားလိုက်ပါ မေမေ .. မေမေ့ကို အနှင်း နားလည်တယ် .. ဒါတွေကိုလည်း အနှင်း ခေါင်းထဲက ထုတ်ထားခဲ့တာ ကြာပါပြီ .. အတွင်းပဋိပက္ခ ရှိသေးတယ်ဆိုတာလည်း အခု မေမေ ပြောပြမှ အနှင်း သိတာ .. ဒီလူကြီးနဲ့ မေမေ့ကို ပစ်ထားခဲ့ပြီးတည်းက အနှင်း ဘာမှ ပိုင်ဆိုင်ခွင့် မရှိတော့ဘူးဆိုတာ တွက်ခဲ့ပြီးသား .. အဲဒီထဲမှာ စည်းစိမ်ဥစ္စာရော .. လုပ်ငန်းတွေရော အားလုံး ပါပေမယ့် အဓိကထားမေမေ့ကိုပါ .."





"မေမေ သိပါတယ် သမီးရယ် .."

"အခု မေမေ့ကို အနှင်း ပြန်ရပြီ .. အနှင်း တို့ သားအမိ နားလည်မှုတွေ ရသွားပြီလေ .. ဘာလိုသေးလို့လဲ မေမေရဲ့ .."

"လိုတယ် .. လိုသေးတယ် သမီး .. သမီးဘဝအတွက် ပြည့်စုံရမယ် .. အဲဒီအတွက် သမီး အိမ်မှာပဲ ရှိနေရမယ် .. မေမေ မရှိတော့ရင်လည်း .."

"ဟင့်အင်း .."

အနှင်း မေမေ့နှုတ်ခမ်းပေါ်မှာ လက်တစ်ဖက် လှမ်းတင်လိုက်တာ ...တိလက်လွှတ်ပါ ... ဒါပေမယ့် မြင်နေရတဲ့အတိုင်း တန်းခနဲ ထိမိ၏။

"မပြောပါနဲ့တော့ မေမေရယ် .. မပြောကောင်းပါဘူး .."

"သေခြင်းတရားဆိုတာ လူကောင်းတွေမှာတောင် အချိန်မရွေး ...တနိုင်သေးတယ် သမီးရယ် .. မေမေ့ကို အားလုံးက ဒီနေ့ထိ အသက်ရှင်နိုင်မယ်လို့တောင် မထင်ခဲ့ကြဘူးလေ .."

"မေမေ ခုထိ ရှင်သန်နေတုန်းပဲမို့လား .. သူတို့ ထင်တာတွေ ...ခဲ့တုန်းပါပြီ .. မေမေ့စိတ်ကို တင်းပြီး ငါ 'တောင်ကျော်နိုင်ခဲ့ပြီ'လို့ ...ကြည်ထားပါ .."

"ယုံချင်ပါတယ် .. မေမေကလည်း သမီးနဲ့ တစ်သက်လုံး အတူ ...သွားချင်တာပါ သမီးရယ်.. ဒါပေမယ့် ပြောတာတွေကို သမီး မှတ် ...ပါ .. နောက်ထပ်ပြီး မေမေ့စကားကို ဖြတ်မပြောပါနဲ့ .. မေမေ ...ချင်တာတွေကို ဒီည ပြောပြသွားချင်တယ် .."

စကားတွေ အဆုံးသတ်ထိ ပြောနိုင်ဖို့အတွက် ဒေါ်နှင်းနှင်းမြတ် ...သက်ကို ဖြည်းဖြည်းချင်း ရှိုက်သွင်းမိ၏။

"သမီး ရောက်မလာခင် မေမေ သေသွားလို့ မဖြစ်ဘူးဆိုတဲ့ စိတ်ဓာတ် ...မေမေ အားတင်းပြီး စောင့်နေခဲ့တာ .. အဲဒါကလေ သမီးအတွက် ...မေ သိမ်းဆည်းထားတာတွေကို မေမေ မပြောနိုင်ခဲ့ရင် သမီး ဘယ်



www.burmeseclassic.com

တော့မှ ရမှာ မဟုတ်တော့ဘူး .. မေမေမှ မရှိတော့ရင် သမီး ပြန်လာမှာ မဟုတ်ဘူးဆိုတာ မေမေ သိတာပေါ့ ..”

ခေါ်နှင်းနှင်းမြတ် ကိုယ့်အခြေအနေကို သိနေပါပြီ .. ဒါပေမယ့် သူမ ရင်ထဲမှာ စိုးရွံ့မှုတွေ ရှိမနေတော့ပေ ..၊ သမီးလေးက ရင်ခွင်ထဲ ရောက်နေခဲ့ပြီ ..။

ပစ္စည်းတွေ ရှိနေတာရော .. ဘယ်မှာ ဝှက်ထားတယ်ဆိုတာရော သူမ ပြောခဲ့နိုင်ပြီမို့ သေမယ်ဆိုလည်း သေပျော်နေပြီ ဖြစ်၏။

“မေမေ သိမ်းထားတာတွေကို မပြောရင် ဘယ်သူမှ သိမှာ မဟုတ်ဘူး.. ပြီးတော့ သမီးကို သမီးဖေဖေ မွေးနေ့လက်ဆောင်ပေးခဲ့တဲ့ စိန်လက်ကောက်ရဲ့ချိတ်က အဲ့ဒါ သော့လေးပဲ .. ဒီသော့မှာ လျှို့ဝှက်ကုတ်ဒ်နံပါတ်တွေ ပါတယ် ..”

စိန်လက်ကောက် ပေးခဲ့တဲ့ မွေးနေ့က အနှင်း ဘွဲ့ရသည့်နှစ်ပဲ ဖြစ်သည်။ မွေးနေ့လက်ဆောင်ပေးခဲ့သမျှမှာ တန်ဖိုးအကြီးဆုံး ဖြစ်သလို ထူးခြားသည့် အမှတ်တရလည်း ဖြစ်၏။

“သမီးဖေဖေ မရှိတော့ပေမယ့် ဒီလက်ကောက်ကို ဒီနှစ် မွေးနေ့မှာ ပေးဖို့အတွက် သူကိုယ်တိုင် သတ်မှတ်ခဲ့တာ .. လက်ဆောင်ယူပြီး တော့ ပြန်လာခဲ့ပါ သမီးရယ် ..”

လို့ အနှင်း ကို မေမေက ပြန်မလာမချင်း ခေါ်သည်။ အနှင်း ပြန်လာတော့ ဖေဖေ့ဆန္ဒတွေကို ရှင်းပြခဲ့၏။

“သမီးအဖေက အရမ်းကြိုးစားတာ .. ပြီးတော့ စိတ်ကူးယဉ်တတ် တယ် .. ဖြစ်အောင်လည်း လုပ်တယ် .. အကောင်းဆုံး အသန့်ဆုံး စိန် တွေ စိတ်ရှည်လက်ရှည်စုပြီး ဒါကို ထိန်းသိမ်းနိုင်တဲ့အရွယ် .. ပညာ လည်း စုံပြီလို့ သတ်မှတ်နိုင်တဲ့ ခုလိုနှစ်မှာ ပေးမယ်လို့ သူ ရည်ရွယ်ထား ခဲ့တာပေါ့ ..” တဲ့ ..။

တကယ်ဆို ဒီလောက် တန်ဖိုးကြီးတဲ့ပစ္စည်းကို မပျောက်မပျက်





ထိန်းသိမ်းထားခဲ့ပြီး ဖေဖေ့ဆန္ဒအတိုင်း အနှင်း လက်ထဲ ရောက်အောင် ဆည့်ပေးခဲ့တဲ့ မေမေ့အပေါ်မှာ သူမ ထိုစဉ်တည်းက နားလည်ပေးဖို့ ကြိုးစားသင့်သည်။

ခုတော့ ဒီလူကို ယူပြီးကာမှ အားလုံးကို မေ့သွားခဲ့ပြီလို့ ထင်ခဲ့တာ နှစ်ရှည်လများ ..၊

“သမီး ..”

“ရှင် .. အနှင်း နားထောင်နေတာပါ ..”

စိန်လက်ကောက်၏ ရာဇဝင်ကို ပြန်တွေးလိုက်မိသည့်စိတ်က မေမေ ခေါ်လိုက်မှ ပစ္စုပ္ပန်ကို ပြန်ရောက်သည်။

“ပစ္စည်းတွေကို သမီး ရအောင် ယူရမယ် .. သမီး ဒီမှာပဲ နေရ မယ် ..၊ မေမေ့ကို ကတိပေးပါ သမီးရယ် .. ကိုထက် နဲ့ ဘယ်လို အတောက်ကဆတွေဖြစ်ဖြစ် .. ဒီအိမ်ကနေ ထွက်မသွားပါဘူးလို့ ..”

“ဘာတွေ မှာနေတာလဲ မေမေရယ် .. မေမေနဲ့ အတူတူနေ တော့ မယ်လို့ အနှင်း ပြောနေတာပဲ .. မေမေ့နားက အနှင်း ဘယ်မှ မသွား တော့ဘူး ..”

“မေမေ မရှိတော့ရင်လည်း ဒီမှာပဲ နေမယ်ဆိုတဲ့ကတိကို ပေး ပါ ..”

“မေမေ ..”

“နောက်မှ ဘာတွေဖြစ်ဖြစ် .. အခု .. အခု အဲ့ဒီကတိကို မေမေ လိုချင်တယ် ..၊ ပြီးတော့ ပထွေးနဲ့ သမီး မသင့်တော်ဘူး .. သမီး .. သမီး အိမ်ထောင်ပြုပါ ..”

မေမေ့ မျက်နှာကို အနှင်း အကဲခတ်ချင်မိသည်။ ဒီစကားတွေကို မေမေ ဘာလို့ ပြောနေတာလဲ ..၊

“သူ့ သမီးကို မကျေနပ်တဲ့စိတ် ရှိနေသရွေ့ ဒီမှာ နေမှာပဲ .. [illegible]ကလည်း မြှောက်ထိုးပင့်ကော်တွေ လုပ်လိမ့်မယ် .. မေမေ ပိုင်ဆိုင်

www.burmeseclassic.com



သမျှ သူ့လက်ထဲမှာလို့ သိထားတဲ့အတွက် သမီးကို အနိုင်ပိုင်းပြီး ပြော မှာ ..၊ သူ ဘာပြောပြော သမီး သည်းခံရမယ် .. ဒီအိမ်က ခွာလိုက်တာ နဲ့ သမီး ဘာမှ ရမှာ မဟုတ်တော့ဘူး ..”

ပြောနေရင်း အသက်ရှူတွေ ကျပ်လာခဲ့၏။ မျက်လုံးထဲမှာ အဖြ ရောင် .. အနီရောင်တွေသာ ပြေးလွှားနေကာ သမီးမျက်နှာလေးထ ပျောက်ကွယ်နေသည်။

“ဘာ .. ဘာဖြစ်လို့လဲဆိုတော့ ..”

“မေမေ .. မေမေ မောနေပြီ .. ဆေး အရင်သောက် ..”

“နားထောင် .. ဆွေးနေတဲ့ နံရံထဲမှာ ..၊ နံရံ သုံးဖက်စလုံးမှာလေ အရင်ဆုံး ပြုပြင်ဖို့ လိုအပ်တဲ့နေရာကို သူ ရှာမိသွားရင် သမီး ရမှာ မဟုတ်တော့ဘူး ..”

ဒီလောက်တိုက်ကြီးမှာ ဘယ်နံရံလဲ .. ဘယ်ဘက်ခြမ်းကလဲ ဆိုတာ မသိရင် သမီးလည်း လက်ဦးနိုင်ဖို့ မသေချာ ..၊ ဒါပေမယ့် ဒါကို ပြောမယ်ဆိုမှ ခေါ်နှင်းနှင်းမြတ် အင်အားမဲ့သွားခဲ့၏။

စကားပြောဖို့ ကြိုးစားနေခြင်းက နှုတ်ခမ်းတွေ ဟလိုက် မောနေ လိုက်မို့ အသက်ငင်နေသလို ဖြစ်နေခဲ့ရင် သမီး ဝမ်းနည်းသွားတော့ မည်။

သို့သော် ပြင်းထန်လာသည့်ဝေဒနာကို မခံစားရသလိုမျိုး ဘယ်လို မှ ဟန်မဆောင်နိုင် ..၊ ထိုစဉ် ...

“ဘယ်လိုဖြစ်လို့ လူမမာအိပ်ခန်းထဲမှာ အိပ်ရာတွေ တိုးနေတာ လဲ ..”

ဦးထက်နိုင် ..၊

ဒီအသံ ကြားလိုက်တာနှင့် အမုန်းမီးက အရင် ဟုန်းခနဲ ထလောင် သည်။ ပြီးတော့ ထိတ်လန့်သွားခဲ့၏။ သူမ မျက်လုံးမမြင်တာ ဦးထက် နိုင် ဖော်လိုက်ရင် သွားပြီ ..၊





သို့သော် ဦးထက်နိုင် နောက်ကနေ ခေါ်သဲမြ ထပ်ကြပ်မကွာ ပါလာခဲ့သဖြင့် ...

“ဆရာ.. ဒီ .. ဒီလိုပါ .. မမကြီးကလည်း အနှင်းလေး ကို အနား မှာပဲ နေပါဆိုလို့ .. အနှင်း ကလည်း ..”

“ခင်ဗျားကို ဘယ်သူက မေးနေလို့လဲ ..”

ဦးထက်နိုင် က မီးခိုးရောင် ကုတ်အင်္ကျီစကို သိမ်းဖယ်၍ ခါး ထောက်လိုက်ကာ ...

“ညှီသည်လို လာရင်လည်း ညှီသည်လို နေမှပေါ့ ..၊ ဒါ လင် ထားနေတဲ့ အခန်းဆိုတာ မင်း နားမလည်ဘူးလား ..”

“နားလည်တယ် ဦးထက်နိုင် .. ဒါ လူမမာ နေတဲ့ အိပ်ခန်း ..”

“လူမမာက ငါ့မိန်းမ .. ငါ့မိန်းမ အခန်းထဲကို ငါ ဘယ်အချိန်ဖြစ် ဖြစ် ဝင်တယ် .. ပြန်ထွက်သွားချင်မှ သွားတယ် ..”

ပြောနေရင်း အနှင်း အတွက် ပြင်ထားသည့် ခုတင်နဲ့ မွေ့ရာကို ကြည့်လိုက်ကာ ...

“ဒီအိမ်ဖြစ်ဖြစ် .. ဘယ်နေရာကိုမဆို မင်းသဘောနဲ့ ဘာမှ ညွှန် ကြား ပြောင်းရွှေ့လို့ မရဘူး .. မိဘအိမ်ဆိုတာ မှန်ပေမယ့် သားသမီးက သားသမီးလို မနေတတ်ရင် သင့်တော်တဲ့နေရာမှာ ထားရမှာပဲ ..”

ပြောချင်နေသမျှ ဘာတစ်ခွန်းမှ မပြောနိုင်ဘဲ နှုတ်ဖျားမှာ အာဝေ ညှိခံထားရသလို ဖြစ်နေခဲ့၏။ သူမအတွက်က ဒီအခန်းထဲမှာပဲ နေမှ အဆင်ပြေမှာ ဖြစ်သည်။

ကန်းနေသည့်အဖြစ်ကို မေမေ မသိဖို့အတွက် တစ်အိမ်လုံး မသိ အောင် ဟန်ဆောင်ထားရသည့်အဖြစ်ကြောင့် သူမ ဒီတိုင်းပဲ လုပ်ခဲ့ရ သည်။ ပြီးတော့ မေမေ့ စိတ်ချမ်းသာရေးအတွက် ရန်ဖြစ်ခြင်းကို ရှောင် ရမှာဖြစ်ကာ ...

“ဘာပဲဖြစ်ဖြစ် အခု အနှင်း ဒီမှာပဲ နေမယ် .. မေမေ့ ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



အတွက် မေမေ သက်သာလာတဲ့အထိ ..”

“ရတယ် နေလေ.. ငါ့မိန်းမအခန်းမှာ မင်း ရှိနေတာ .. ငါ့အတွက် ဝန်ထုပ်ဝန်ပိုးမှ မဟုတ်ဘဲ .. ဟွန်း .. မင်း ကျေနပ်ဖို့ပဲ လိုတာ ..”

“ရှင် ဘာစကား ပြောတာလဲ ..”

“မင်း ပြောတဲ့အတိုင်း ပြောတာပဲ .. ဒါ ငါ့မိန်းမအခန်းလို့ ပြောပြီး သား ..”

ဦးထက်နိုင် က ခပ်သဲ့သဲ့ ရယ်ရင်း ပြန်လှည့်ထွက်သွား၏။ ဒေါ်နှင်းနှင်းမြတ် ၏ မှိတ်ထားသည့် မျက်ဝန်းထောင့်များမှ မျက်ရည် တွေ ယိုစီးကျလာခဲ့၏။

သူမ မျက်လုံးပွင့်နေလျှင် ဦးထက်နိုင် အနားရောက်လာဦးမှာ သိနေသောကြောင့် အိပ်နေသလို မှိတ်ထားလိုက်တာ ဖြစ်သည်။ ဒါ ကြောင့်ပဲ သူမ မကြားနိုင်ဘူးထင်ပြီး ထင်တိုင်း ပြောသွားတာလား ..

မအေတစ်ယောက်ရဲ့ရှေ့မှာ သူ့သမီးကို သားပြော မယားပြော ငါ့သမီးလေး ..၊

မျက်လုံးတွေ ဖွင့်လိုက်တော့ အနှင်း နှုတ်ခမ်းလေး ကိုက်ထားရင်း တောင့်တောင့်လေး ငြိမ်သက်စွာ ထိုင်နေ၏။ သူမ ငိုနေမှာပါ ..၊

“သမီး ..”

“ဟင်!...”

လွတ်ထွက်သွားသည့်စိတ်နှင့် မေမေ့အသံ ကြားလိုက်တော့ လ သွားသည်။ လှမ်းလိုက်ပြီးဖြစ်သည့် လက်ကလည်း မေမေ့လက် ဘ မှာမှန်း မသိသဖြင့် လေထဲမှာပဲ တုံ့ခနဲ ရပ်၏။

သို့သော် ...

“သမီးလေးရယ် .. မေမေ့ကြောင့်ပါ ..”

အနှင်း ရဲ့လက်ကို ဒေါ်နှင်းနှင်းမြတ် က ဖျစ်ညှစ် ဆုပ်ကိုင်လို ကာ ...





“သမီး .. သမီးလေး အိပ်တော့ .. အိပ်တော့နော် .. ဒါပေမယ့် ဒီထဲမှာ မအိပ်ပါနဲ့ ..”

“မမကြီးရယ် .. သားအမိ အနီးကပ် ပြုစုသင့်တာပဲဟာ .. ဆရာ ဘာပြောပြော ဆွဲတော့ မထုတ်ပါဘူး ..”

ဒေါ်သဲမြ ကလည်း အနားကပ်လာပြီး ဖျောင်းဖျသည်။ ဒေါ်နှင်း နှင်းမြတ် က ခေါင်းခါ၏။

“မနေနဲ့ .. မနေရဘူး ..၊ မသဲ .. သမီးကို သူ့အခန်းမှာပဲ ပြန်အိပ် ပါစေ .. လုပ်ပါ ..”

“မေမေရယ် .. အနှင်း မေမေ့နားမှာပဲ နေမှ ဖြစ်မှာပေါ့ .. သက် သာတယ်ပြောနေပေမယ့် မေမေ လန်းလာသလိုဖြစ်လိုက် .. ပြန်ကျ သွားလိုက်နဲ့ အနှင်း သိတယ် ..”

ဒေါ်နှင်းနှင်းမြတ် က ဘယ်လိုမှ လက်မခံတော့ပေ ..၊

“သွားပါ သမီးရယ် .. သူ .. သူ့စိတ်ကို မေမေ သိတယ် .. သမီး ကို ဒုက္ခပေးဖို့အတွက် သူ ဘာဖြစ်ဖြစ် လုပ်မှာ .. သမီး မေမေ့ကို ညှာ ရင်း ဒုက္ခရောက်လိမ့်မယ် ..”

“သမီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ပါတယ် မေမေရယ် ..”

“မေမေ့စကားကို နားထောင်ပါ သမီးရယ် .. သူ ပြောသလိုပဲ .. ဒါ .. ဒါက သူ ဝင်ထွက်ခွင့်ရှိနေတဲ့အခန်း .. သူ အခွင့်အရေး ရှိ သလောက် တကယ် ယူတာဖြစ်ဖြစ် .. ပါးစပ်အရသာခံပြောတာ ဖြစ် ဖြစ် .. မေမေ ဘယ်လိုမှ နားထောင်နိုင်စွမ်း မရှိဘူး ..၊ သမီးလေး မေမေ့အတွက် သည်းခံနေရတာရော .. သူ မေမေ့ကို ညှာရမှန်း မသိဘဲ သမီးကို အနိုင်ယူဖို့ ကြိုးစားမှာရော .. မေမေ ဘာမှ ကာကွယ်နိုင်စွမ်း ရှိမှာ မဟုတ်ဘူး ..”

ပြောနေရင်း ရှိုက်သံတွေ ပါလာသဖြင့် အနှင်း လက်လျှော့လိုက် ရသည်။ ဒါပေမယ့် မေမေ့ရှေ့မှာ ထလို့ သွားလို့လည်း မဖြစ်ပြန်ရာ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီ .. ဒီညတော့ ဒေါ်ဒေါ်သဲ နဲ့အတူ ဒီမှာပဲ နေပါရစေ မမေ ရယ် .. ဒါမှမဟုတ်ရင်လည်း မမေ အိပ်ပျော်သွားရင် အနှင်း ရွှေ့ပါ့ မယ် .. ဒေါ်ဒေါ်သဲ မမေ့ကို ဆေးတိုက်ပါဦး .."

"အေး .. သမီး အေး .."

ဒေါ်သဲမြ ပျာပျာသလဲ လုပ်ပေးရှာပါသည်။ သို့သော် ...

"ခွမ်း .."

"ဟင်!..."

"မမေ!..."

ဆေးနဲ့ ရေခွက်ကို ဖယ်ချပစ်လိုက်၏။ ပုတ်ထုတ်လိုက်သလို ဖြစ်သွားတော့ ဖန်ခွက်က ကျကွဲလေသည်။ ဒေါ်နှင်းနှင်းမြတ် က တောင်းပန်သလိုမျိုး လက်ရော ခေါင်းပါ ခါနေလျက် ...

"မသောက်ချင်ဘူး .. ငါ .. ငါ အေးဆေး နေပါရစေ .."

"မမေ .. မမေ နေမကောင်းဘူးလေ .. ဆေးသောက်မှ ဖြစ်မှာပေါ့ မမေရယ် .."

အနှင်း က မမြင်ဘဲ တတွတ်တွတ် တောင်းပန်သည်။ ဒေါ်နှင်းနှင်းမြတ် ရင်ဘတ်ကြီး နိမ့်ချီမြင့်ချီ ဖြစ်နေကာ စကားမပြောနိုင်ဘဲ တကာကာ ခါပြနေသည့်လက်ပါ ဘုတ်ခနဲ ပြုတ်ကျ၏။

"မမကြီး!..."

အာလုံးကို မြင်နေရသဖြင့် ဒေါ်သဲမြ မျက်ရည်တွေပါ ကျလာခဲ့၏။

"မမကြီး အိပ်ရာပေါ်မှာ နေရာတကျ လှဲလိုက် နော် .. သက်သောင့်သက်သာ နေလိုက်ပါ .."

"မမေ .. မမေ ဘာဖြစ်သွားတာလဲ .."

ဒေါ်သဲမြ ငိုသံကြောင့် အနှင်း ဟန်ဆောင်ဖို့ မေ့သွားသည်။ မမေ့ကိုယ်ပေါ်မှာ လက်တို့ စမ်းတဝါးဝါး တိုးလျှောက်ရင်း ကယောင်ကတမ်း မေးမိသည်။





"ဒေါ်ဒေါ်သဲ .. မမေ ဘာဖြစ်တာလဲ .."

"ဘာ .. ဘာမှမဖြစ်ပါဘူး သမီးရယ်.. စကားပြောလွန်းလို့ မောသွားတာပါ .."

"မမေ့ .."

အနှင်း မမေ့ရင်ဘတ်ကို စမ်းမိသွားသည်။ နွေးကွေးသော နှလုံးခုန်ခြင်းက လူကို အသက်ရှုရပ်သွားစေသည့်အတိုင်း ...၊

"မမေ .. မမေ ဘာမှ မဖြစ်ပါနဲ့ .. ဘာမှ မဖြစ်ပါနဲ့ မမေ .. အနှင်း တောင်းပန်ပါတယ် .."

မျက်ရည်တို့ ရေတံလျှောက်ကဲ့သို့ ဒလဟော စီးကျလာကြ၏။ ခုချိန်မှာ သူမ ဟန်ဆောင် ချုပ်ထိန်းနေဖို့ထက် လိမ်ညာထားခဲ့ရသည့် အဖြစ်ကိုပဲ အပြစ်လို့ ခံစားမိနေသည်။

"မမေ .. မမေ အနှင်း ကို စကား ပြန်ပြောပါဦး .."

"သမီးရယ် .. မမကြီး မှိန်းနေတာပါ .. မရှိုးပါနဲ့ .. ခဏလေး ငြိမ်နေပေးလိုက် နော် .."

ထိုအချိန်မှ စ၍ မကြားရတော့သည့် မမေ့အသံကို သူမ နောက်ထပ် ဘယ်တော့မှ ကြားခွင့်မရှိတော့မှန်း မနက် သုံးနာရီတိတိမှာ သိလိုက်ရ၏။

ဒေါ်နှင်းနှင်းမြတ် သေဆုံးခဲ့ပါပြီ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

မေမေ့ရဲ့ နောက်ဆုံးခရီး ...။

မေမေ့ မျက်နှာလေးကိုတောင် သူမ နောက်ဆုံးမြင်ခွင့် မရတော့ပါ ...။ ရှိုက်၍မရသော ရင်ဘတ်တစ်ပြင်လုံးက ငြိမ်သက်နေခဲ့လျက်...။ ကြောင်ငေးနေသည့် မျက်ဝန်းတို့က မျက်ရည်ထုတ်စက်ကဲ့သို့ မျက်ရည်တို့ကို အဆက်မပြတ် သွန်ကျနေစေ၏။

"သမီး ... သမီးလေး ငိုလိုက်လေ ..."

"သမီး နှင်းဆီ ..."

"မိန်းကလေးက မျက်လုံးကွယ်နေရှာတာကိုး ..."

"သနားပါတယ် ..."

"နှင်းဆီမျက်နှာ က အရမ်း မာနကြီးတဲ့ ကောင်မလေး ... သူ့ခမျာ မအေအသက်ကို မီးလိုက်ရဲ့သားနဲ့ ... မမြင်ရရှာဘူး ..."

ဒေါ်နှင်းနှင်းမြတ် ရဲ့ ဈာပနမှာ လူတွေက ကျပ်ခဲနေသည်။ မေမေ့ကို မီးသဂြိုဟ်စက်ထဲ မထည့်မီ နောက်ဆုံးကြည့်ခွင့်လည်း ပေးခဲ့သေးသည်။ ဒါပေမယ့် ...





"အရာအားလုံးဟာ မှောင်အတိကျနေခဲ့တယ် မေမေ... အဲ့ဒီအားလုံးထဲမှာ အလင်းရောင်တစ်ချက် ခဏလေးပဲ လင်းလက်သွားစေချင်ပါတယ် ... အဲ့ဒီ အလင်းရောင်လေးထဲမှာ မေမေ့မျက်နှာကို မြင်လိုက်ရရင် သမီးရဲ့ တစ်ဘဝစာအတွက် ခွန်အားတွေအဖြစ် ကျန်ရစ်မှာပါ ..."

ဒါပေမယ့် မေမေ့ကို သမီး မြင်ခွင့် မရတော့ဘူး ...။

မေမေ့နားကို ရောက်လာခဲ့ပေမယ့် မေမေ့မျက်နှာကို သမီး မမြင်ခဲ့ရဘူး ... ကိုင်ကြည့် ခွင့်လေးတောင် မရခဲ့ဘူး မေမေရယ် ... သမီးလေ... သမီးရဲ့ မျက်လုံးတွေ ဘာမှ မမြင်ရဘူး မေမေ ဆိုပြီး မေမေ့ရင်ခွင်ထဲမှာ လွတ်လပ်တဲ့ မျက်ရည်တွေနဲ့ ငိုချင်ခဲ့တာ ...။ မေမေ့နှုတ်ခမ်း ... မေမေ့ရဲ့ မျက်လုံးနဲ့ နဖူးပြင် ပါးပြင်တွေအနံ့ သေချာ စမ်းကြည့်ပြီး မေမေနဲ့ အလွမ်းသယ်ချင်ခဲ့တာပါ မေမေရယ် ...။ ဒီတော့ မေမေ့ရဲ့ နောက်ဆုံးခရီးမှာတောင် သမီး မေမေ့ကို မြင်ခွင့် မရှိတော့ဘူး ...။

ကြေးစည်ထုသံတွေ ... လူအများရဲ့ တီးတိုး ဝေဖန်သံတွေ ... ဘာဆိုဘာမှ အနှင်း အာရုံထဲမှာ မရှိတော့ပေ ...။ သူမ သိနေတာ မေမေ့ကို သူမ ဘယ်တော့မှ မြင်ခွင့် မရတော့ခြင်း ...။

"မသဲမြ သူ့ကို ခေါ်သွား ..."

"ဟင့်အင်း ..."

ဦးထက်ခိုင် မျက်နှာကြီးကလည်း နီရဲနေကာ မျက်ဝန်းမှာ မျက်ရည်တွေနဲ့ ဖြစ်သည်။ ဇနီးသည်အတွက် ယူကျုံးမရခြင်းအားလုံးက နှင်းဆီမျက်နှာ ဆိုသည့် သူမအပေါ်မှာပဲ အမုန်းတွေ တစ်ရစ်ပြီးတစ်ရစ် တိုးခဲ့ရကာ ...

"ခေါ်သွားစမ်းဗျာ ..."

"ခဏလေးပါ ... ဟင့်အင်း ..."

နှင်းဆီ မေမေ့အလောင်းကို အတင်း ဖက်ထားသည်။ ဒေါ်သဲမြ ထိုလက်ကလေးတွေကို ဖယ်မချရက်ဘဲ သူမကိုယ်တိုင် ရှိုက်ကြီးတငင်



www.burmeseclassic.com

www.burmeseclassic.com



ငိုနေမိလျက် ...

"သမီးလေးရယ် .. မမကြီးကို လွှတ်လိုက်ပါတော့ နော်.. အားလုံး ပြီးသွားပါပြီ .. စိတ်ကို ထိန်းပါဦးကွယ် .."

"ဒေါ်ဒေါ်သဲ.. မမေက အနှင်း ပြန်မလာမချင်း သူ မသေနိုင်ဘူးဆိုတာ သိနေတယ်တဲ့.. အခု အနှင်း ပြန်လာလို့ ထွက်သွားတာလား ဟင်.."

"သမီးရယ် .."

အနှင်း ကယောင်ချောက်ချားတွေ ပြောနေပြီဖြစ်ကာ အလောင်းကိုလည်း အတင်း ဖက်ထား၏။

"မမေ .. မမေပဲ အနှင်း နဲ့ စကားတွေ ပြောနေချင်လို့ ထမင်းတွေ စားထားတယ် ဆို .. အနှင်း ပြန်ရောက်လာမှ စိတ်တွေ လန်းလာတာ ဆို .. ဘာဖြစ်လို့ .. ဘာဖြစ်လို့ ချက်ချင်းကြီး .."

"သမီး .."

"ဟင့်အင်း .. မခေါ်သွားပါနဲ့ .. မမေ့ကို မခေါ်ပါနဲ့ .."

မမြင်လိုက်ရဘဲ မမေ့ကို လွှတ်ပေးလိုက်ရမည့်အဖြစ်က ရင်နဲ့မဆံ့အောင် နာကျင်စေခဲ့၏။ ဒီတစ်ခါ လက်လွှတ်လိုက်ရခြင်းဟာ မမေ့ကို နောက် ဘယ်တော့မှ သူမ မြင်ခွင့်မရတော့ခြင်းပဲဖြစ်ရာ ...

"ဒေါ်ဒေါ်သဲ .. ဒေါ်ဒေါ်သဲ မမေ့ကို ဆွဲထားပေးပါ .. အနှင်း မမေ့ကို မြင်ချင်တယ် .. အနှင်း ရဲ့ မျက်လုံးတွေ .. မျက်လုံးတွေကို ဘာလုပ်ရမလဲ .. မမေ့ကို မြင်ရအောင် တစ်ခုခု လုပ်ပေးကြပါ .."

"တောက်!..."

ဦးထက်နိုင် လူတွေရှေ့မှာမို့ ထိန်းချုပ်နေပေမယ့် ဘယ်လိုမှ မရတော့ဘဲ အနှင်း ကိုယ်လေးကို လက်မောင်းကနေ ဆောင့်ဆွဲ၍ တွန်းထုတ်ပစ်လိုက်၏။

"မမေ .. အား!..."

"ဟာ!..."





"ကိုထက်နိုင် မလုပ်ပါနဲ့ဗျာ .."

"ဟုတ်ပါတယ်ရှင် .. မိန်းကလေးက မျက်မမြင်လေး မို့လား.."

"သမီး .. သမီးလေး အနှင်း .."

ဒေါ်သဲမြ အနှင်း ကို ပြေးပွေ့သည်။ လူတွေကြားထဲ နောက်ပြန်လဲသွားတာမို့ ဘာမှ မဖြစ်ပါ ...၊ ဒါပေမယ့် အနှင်း ရှဲမလျှော့ဘဲ အတင်း ပြန်ကျုံးထ၏။

"မမေ .."

"သမီးလေး .. စိတ်ထိန်းနော် .. သေခြင်းတရားကို ဘယ်သူမှ လွန်ဆန်လို့ မရကြပါဘူးကွယ် .."

"ရတယ် .. လွန်ဆန်လို့ ရပါတယ် .. မမေနဲ့ အနှင်း စကားပြောနေကြတာ .. မမေ ဘာမှ မဖြစ်ဘူး .."

အရာရာဟာ အကောင်းတိုင်း ပြန်မရနိုင်တော့သည့်အတိုင်း လုံးဝငြိမ်သက် အေးခဲသွားခဲ့သော စိတ်တို့သည် မမေ့ နောက်ဆုံးခရီးဆိုသော အခြေအနေ အသံ .. အဖြစ်အပျက်တို့၏ လှုပ်ခါမှုကြောင့် ပွက်ပွက်ဆူ၏။

ထိုရှုပနမှာပဲ ဦးထက်နိုင် မညာတာတတ်သော အပြုအမူ .. တင်းမာနေသည့် မျက်နှာထက်က အခြေအနေအရပ်ရပ်တို့ကို ပတ်ဝန်းကျင်က နားလည်သွားခဲ့ကြပြီး ...

နာတူးလည်း မဟုတ် .. ဂန္ဒူးလည်း မဟုတ် ..၊ ဘယ်လို ပထွေးမျိုးလဲ..၊ ဒါမှမဟုတ် လိုအပ်ချက်တစ်ခုခုအတွက် ဟန်ဆောင်နေတာလား..၊

ဦးထက်နိုင် နဲ့အတူ ဒေါ်ကြာဖြူ ကိုပါ အကဲခတ်နေကြရင်း ပတ်ဝန်းကျင်အမြင်မှာ အနှင်း တို့ မိသားစုသည် ...၊

"ဒီကောင်မလေး အဖြစ်ကလည်း ရင်လေးစရာပဲနော် .." ဟု သတည်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဖြစ်ပါ့မလား သမီးရယ် .. ဒီမှာ သမီးတစ်ယောက်တည်း .."

"အနှင်း ရဲ့အိမ်က လွဲရင် ဘယ်နေရာမှာမှ အန္တရာယ် မရှိဘူး ဒေါ်ဒေါ်သဲ .. ဒါက စားသောက်ဆိုင် .."

ဒေါ်သဲမြ နေရာမှ ထရပ်လိုက်သလိုလို .. အကျီဆွဲချသလိုလိုနှင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိသည်။ ကိုယ့်ဝိုင်းနဲ့ ကိုယ့်အကန့်ကို သေသေသပ်သပ်လေး ခြားပေးထားကာ တစ်ဝိုင်းနဲ့ တစ်ဝိုင်းက ခပ်ကျဲကျဲပါ ..၊

"ဒါဆို ဒေါ်ကြီး သွားလိုက်မယ် နော် .."

ပြောပြီးမှ ပြန်ထိုင်ကာ စားစရာတွေနဲ့ အအေးဘူးကို သူမလက်နဲ့ ထိ၍ အကွာအဝေး သေချာ ပြပေးထားခဲ့၏။

"သီတာ နဲ့ တွေ့ရင် ဒီကိုပဲ ခေါ်လာခဲ့မယ် .. မတွေ့ရင်လည်း မှာယားခဲ့ပြီး ဒေါ်ကြီး ပြန်လာမယ် .. သမီး ဘာမှ ထပ်မမှာနဲ့နော် .. ဘယ်ကိုမှလည်း မသွားနဲ့ .."

ဒေါ်သဲမြ စိတ်မချနိုင်စွာ သေချာ မှာနေ၏။ ဒါပေမယ့် အနှင်း တစ်ချက်ပဲ ခေါင်းညိတ်ကာ မျက်နှာလွှဲနေလိုက်၏။





သူမ ခေါင်းထဲမှာ ဦးထက်ခိုင် နဲ့ ရှေ့ဆက် ရင်ဆိုင်စရာ ရှိတာတွေကိုသာ အပူတပြင်း စဉ်းစားနေခဲ့မိသည်

"ဟော့ .. ဒရိုင်ဘာ မင်း ခေါ်သွားလို့ မရဘူး .."

"မင်း .. ငါနဲ့ ဘာမှ လာမပတ်သက်မိအောင် နေ .. ပြီးတော့မှ ..အဆိုး မဆိုနဲ့ .."

"ကန်းနေရင် တုတ်လေးဘာလေး ဆွဲရတယ် .. ကန်းတာကို ကန်းသလို နေလို့ကတော့ ငါကလည်း မြင်ပေမယ့် မမြင်သလို နေ .. ငါနဲ့ အတူတူ နေမယ်ဆိုရင် မင်း သတ္တိရှိရဲ့လား ပြန်မေးဦး .."

"မင်းက ဒါကို စကားထဲ ထည့်ပြောမနေပါနဲ့ ကိုခိုင် ရယ် .. ..အေ မရှိဘဲနဲ့ သူတောင် ပထွေးနဲ့ နှစ်ယောက်တည်း နေရဲသေးတာ.. ..င်းဘက်က ပူစရာ မရှိဘူး .. ရောင်တတ် တိမ်းတတ်ဖို့က သူ့အလုပ်.."

"ဟဲ့ .. ပထွေးစာမိမှာပဲ ပြောပြော .. ပထွေးက ကြံမှာပဲ ဆိုဆို .. ..တ်ဝန်းကျင်ကတော့ ပြောမှာပဲ .. ဒါတွေ သူ ကြားရဲ့သားနဲ့ နေနေ ..တာ ..၊ သူကိုယ်တိုင်က ဂရုမစိုက်လို့ပေါ့ .. မဟုတ်ရင်လည်း ဒီလိုပဲ .. ဖြစ်ချင်သလားမှ မသိတာ .."

"ဟုတ်တယ် .. ဘာဖြစ်ဖြစ် ကျွန်တော့်ဘက်က အရှုံးမရှိမှန်း ..ပါတယ် .. ကြောက်တဲ့လူက ပြေးပေါ့ .. ဒါပဲ ရှိတယ် .."

"မကြောက်ရင်လည်း ကြောက်စရာမှန်း သိသွားအောင် ပြရမှာပဲ ..ာ့ .."

မိုးလင်းက မိုးချုပ် ဒါတွေပြောနေကြတာ ကြားအောင်တစ်မျိုး..၊ ..ကြားအောင် တစ်မျိုး ..၊

ဒေါ်ကြာဖြူ နဲ့ ပြောနေကြတာတွေရော .. ဒီနေ့ထိ မျိုသိပ်သည်းခံ ..ခဲ့သမျှ ရင်ထဲမှာ ဆူးခြစ်ရာတွေနဲ့ ပြည့်နှက်နေပြီ ဖြစ်သည်။ ထိုထဲမှာ .. ဒရိုင်ဘာ မရှိလို့ ကားစီးခွင့်မရှိသည့်အဖြစ်က အဆိုးဆုံး ..၊

ဟိုအရင်လို စိတ်က ဒိုင်းခနဲ ဆို ခြေလှမ်းပြင်ပြီးသား ပြုမူနေလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ် ..၊ ဒီအိမ်မှာ သူက ကိုယ် မနေနိုင်အောင် ဖန်တီးနေတာပေမယ့် တကယ် ထွက်သွားရမည့်လူက ကိုယ် မဟုတ် ..၊

ဘာကိုမှ မမြင်ရတာတွေ .. ပြီးတော့ မေမေ့ ကျန်းမာရေးကြောင့် မလာဘဲ နေခဲ့ပြီးမှ တွေ့ချင်လွန်းလို့ လာခဲ့ပေမယ့် မေမေ စိတ်ဆင်းရဲမှာ စိုးလို့ ဖုံးဖိ ဟန်ဆောင်ခဲ့ရတာတွေ ..၊

ဒါတွေကိုလည်း ဦးထက်ခိုင် တို့ သိသွားခဲ့ပြီ ဖြစ်သည်။ အနှင်း ကိုယ်တိုင်ကလည်း သူတို့သိတာထက် ပိုပြီး မခြွင်းမချန် ပြောပြခဲ့ သေးသည်။ ထို့ပြင် သူမ ဒီအိမ်မှာပဲ နေတော့မှာ ဖြစ်တဲ့အကြောင်း

"မင်း သတ္တိရှိနေရင် နေပေါ့ .. ငါက မင်းအဖေ မဟုတ်ဘူးဆိုတာ တော့ မမေ့နဲ့ .."

ဦးထက်ခိုင် က ဤသို့ စိန်ခေါ်၍ အပြုံးမပျက် ခေါင်းညိတ်သည် အိမ်မှာ ရှိသမျှ အလုပ်သမားအားလုံးက ဦးထက်ခိုင် တို့ကို မကျေနပ် ကြ ..၊

"မမကြီးကဖြင့် မရှိတော့ဘဲနဲ့ သူနဲ့ ဘာမှ မဆိုင်ဘဲ သက်သ ကပ်နေတာ .."

"ဟုတ်တယ် .. ဆင်းသွားသင့်တာက သူပဲ .."

"သူ့မှာလည်း တိုက်နဲ့ တာနဲ့ .. လုပ်ငန်းတွေနဲ့ ဥစ္စာ .. မမလေး မှန်းလို့ တမင် ဒုက္ခပေးဖို့ ကပ်နေတာပါ .."

"အန်တီကြီးကလည်း အရင်ဆို ပြန်ပြန်သွားသေးတယ် .. ခု ကော်နဲ့ကပ်ထားတာ ကျနေတာပဲ .."

စသဖြင့် ကွယ်ရာမှာ တီးတိုးစကားတွေ ဖြစ်ကုန်ကြ၏။

စိတ်တွေလေတိုင်း ပတ်ဝန်းကျင်မှာ ဆူညံနေတဲ့ အသံတွေထဲ ပျောက်ဖျက် ပျော်ဝင်ဖို့ ကြိုးစားမိသည်။ ဒါပေမယ့် ဒီမျက်နှာ .. စကားသံတွေသာ အာရုံထဲမှာ ဝဲလည်နေခဲ့၏။

ထိုအခါ လက်နဲ့ သေချာ ထိကိုင်ပြထားခဲ့သည့် အအေးဘူး





လည်း သတိမရ ..၊ မုန့်ပွဲတွေကိုလည်း မေ့၏။

"ဒုတ် .."

ဟင်!...

လက်က အအေးဘူးကို ကိုင်တာပေမယ့် အကွာအဝေးကို မှန်း ချက်လွဲသွား၏။ ဘူးကို လက်နဲ့တိုက်မိကာ ဘူးကနေ ဘေးက မုန့်ပွဲကို ထိခတ်သွားကာ ...

"ကျွတ်!... ဒုက္ခပါပဲ .. ငါ့နှယ် .."

မျက်မှန်တပ်ပြီး ခပ်တည်တည် မှင်သေသေနဲ့ ထိုင်နေခဲ့ပြီးမှ လူတွေ သတိထားမိအောင် အသံပြု၍ 'ကျွန်မက မျက်မမြင်ပါရှင်'လို့ အသိပေးနေတဲ့အတိုင်း ..၊

လက်ကို ပြန်မရုတ်ဘဲ ဘာမှ မဟုတ်သလို နေလိုက်ရပေမယ့် စိတ်က လှုပ်ရှားနေပြီ ဖြစ်၏။

"ကိုယ် မမြင်ရတာကို လူ သတိမထားမိအောင် နေနော် သမီး.. သမီးက တစ်ယောက်တည်း နေခဲ့ရဦးမှာ .." တဲ့ ..၊

ဒေါ်ဒေါ်သဲ သေချာ မှာသွားတာတောင် ဖြစ်ရလေခြင်းဆိုသည့် ဒေါသစိတ်တွေလည်း ဖြစ်မိကာ ...

"အစ်မ .. ဒီမှာ ဖန်ခွက် .."

"ဟင့်အင်း .."

အနားမှာ လူရောက်လာတာကို မသိ.. သိလိုက်ကာမှ လှုပ်ရှားသွား သည့် သူမ အမှုအရာတွေကိုရော ဘေးလူ မသိဘဲ နေမလား ..၊ စားပွဲပေါ် မှာ ဖန်ခွက်ချလိုက်သံ ..၊ ပြီးတော့ သူမ ရှေ့ထိ ဆွဲတွန်းပေးသံ ..၊

"ဒါ .. ဘာလဲ ..၊ ငါ မမြင်ရတာကို သိသွားလို့လား .."

စိတ်ထဲမှာ တွေးလိုက်မိ၏။ အအေးဘူးအတွက် ဖန်ခွက်လာ ချပေးတာက 'ဒီမှာ ဖန်ခွက်'လို့ ပြောနေစရာမှ မလိုတာ ..၊ ဒါမှမဟုတ် လူတွေ ကိုယ့်ကိုပဲ ဂရုစိုက် ကြည့်နေခဲ့တာလား ..။



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်ကျမှ ပတ်ဝန်းကျင်ဆီ စိတ်က ရောက်၏။ ဒါပေမယ့် သူမ နောက်ကျခဲ့လေသည်။ နှာခေါင်းထဲမှာ ရေမွှေးနံ့တစ်ချက် ဝေ့သွားကာ ထိုမွှေးနံ့က ပျောက်လွင့်မသွားဘဲ ကိုယ့်နားမှာပဲ နီးကပ်စွာရှိစွာ ရှိနေခဲ့ပြီး ...

ဟင်!...

သူမ လက်နဲ့ ထိနေသော အအေးဘူးကို အသာလေး ဆွဲယူသွားတာ သိလိုက်သည်။ ပိုသေချာအောင် လက်ကို နည်းနည်းလေး ရွှေ့ကြည့်လိုက်တော့ ရယ်သံတွေ ထွက်လာ၏။

"အဟွန်း .. နည်းနည်းလေး ထပ်တိုးလိုက်ရင် ရပြီ .. အဝေးကြီးကို မရွှေ့ပါဘူး .. နီးနီးလေးရယ် .."

"လုပ်ပါ .. အအေးဘူးကို တန်းခနဲ ကိုင်မိရင် မုန့်ကျွေးမယ်.."

အနှင်း နှုတ်ခမ်းလေး တင်းခနဲ ဖိပိတ်သွား၏။

"ဟော .. တင်းသွားပြီ .."

"မင်းကလည်း ခင်လည်း မခင်ဘဲနဲ့ ချက်ချင်းကြီး သွားစတာကိုး ကွ .."

"ခင်ပါတယ်ကွာ .. ဒီလောက် ခင်ဖို့ကောင်းတဲ့ မျက်နှာလေးကို မြင်မြင်ချင်းကို ခင်သွားတာ .."

"သူကမှ မမြင်ဘဲ .."

"မမြင်တော့ ဘာဖြစ်လဲ .. စမ်းကြည့်ရင် သိတာပဲဟာ .."

"တောက်!..."

"ဟော .. ဟော .. တက်ခေါက်ပြီ .. မင်းတော့ ပါးကွဲတော့မယ်.."

"ကွဲချင်လွန်းလို့ပါကွာ .. သူသာ ငါ့ပါးကို ထိအောင် ရိုက်မယ် ဆိုရင် .."

"ဖက် .. ဒုန်း .. ခွမ်း .."

"ဟာ!..."





"ဟာ .. ကြည့်စမ်း .."

စကားမဆုံးခင် မုန့်တွေ ထည့်ထားသည့်ပန်းကန်ကို ကောက်၍ သူ့မျက်နှာဆီ ပစ်လွှတ်လိုက်တာ တန်းခနဲ ..။

"အား!... စပ်လိုက်တာ .."

"ဆော့တွေ ပေကုန်တာ .. နေဦး .."

နှစ်ယောက်တည်း ရှုပ်ယှက်ခတ်ကုန်သည်။ မျက်နှာမှာ စားသောက်စရာတွေ ပေကျံလျက် တက်ခေါက်သံ တစ်ချက်က ပြတ်ရှနေကာ ...

"နင် တော်တော် မိုက်ရိုင်းပါလား .. ငါတို့က ခင်လို့ စတာ .."

"ဘယ်သူက ခင်တယ် ပြောလို့လဲ ..၊ ခု ထွက်သွားကြ .."

"ဘာ!..."

ရုတ်ရုတ်သဲသဲတွေ ဖြစ်မယ့်ပုံ ရှိလာတာနှင့် ဆိုင်ရှင်နဲ့ ဝိတ်တာ သုံးယောက် ရောက်လာကြသည်။

ဘယ်သူမှ အနှင်း ကို သတိမထားမိကြဘဲ တမင် စောင့်ဖမ်းပြီး နှောင့်ယှက်ကြသည့် သူတို့ကြောင့် ဆိုင်ထဲမှာ သူမက ကပြနေရသည့် မျောက်တစ်ကောင်ထက် လူကြည့်များနေရကာ ...

"ဘာမှ မဖြစ်ဘူးကွ .. အစတုန်းက အေးဆေး .. ဘလိုင်းကြီး ဘုပုတ်တာ .."

"ဟုတ်ပါပြီဗျာ ကျွန်တော်တို့က ငြိမ်းချမ်းဖို့ပဲ တောင်းပန်တာပါ.."

"အစ်ကိုတို့ကလည်း မင်းတို့ချင်း သင့်မြတ်နေရင် ဝင်ပါစရာ မရှိပါဘူးကွာ .. အခု သူက .."

"လုပ်မနေနဲ့ .. ကန်းနေတာတောင် မူးတင်းပဲ့တင်း လုပ်နေတာ..၊ အလကား ကြီးကျယ်တာ .."

ယောကျ်ားမတန်မယ့် ပြောသွားတဲ့စကားတွေက မလိုရင် မပို သလို ရင့်သီး ကြမ်းတမ်းစွာ ..။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါ ပြောသားပဲ .. ဒါ အငြိမ်လိုင်းပါဆိုတာ .."

"ငြိမ်နေတာက ကန်းနေလို့ပါကွာ .."

စကားသံတွေကို အနင်း ဒီတိုင်း ကြားနေရသည်။ လက်စသတ်တော့ ဘေးချင်းကပ်လျက်စားပွဲက လူတွေပဲ .. သူတို့တွေ ကိုယ့်လှုပ်ရှားမှုတွေကို ဘယ်လောက်ထိ စိတ်ဝင်စားပြီး အငိုက်ဖမ်းဖို့ စောင့်နေခဲ့ကြသလဲ ..၊

ထိုနှစ်ယောက်ကတော့ လူတွေ ကြည့်ခံရတာကိုလည်း ရှက်သည် ..၊ သူမကိုလည်း ဘယ်လိုမှ မကျေနပ်နိုင်ကြဘဲ နေရာမှာ ပြန်ထိုင်ပြီးမှ စားပွဲခုံကို လက်သီးဆုပ်နှင့် ထု၏။

ကံမကုန်လို့ ဆုံကြရမည့်ကံ ပါလာခဲ့သဖြင့် ထိုစားပွဲမှာ ခိုင်းလည်း ရှိနေခဲ့ပြီး ...

"မင်းတို့ မြို့ကြီးသားတွေ လမ်းသရဲတွေပဲလို့ ထင်ခံရတာ နည်းတောင် နည်းသေးတယ် .."

"အံမာ .. ဟောကောင် ငါ မပါဘူးနော် .. သူတို့နှစ်ယောက်ပဲ.."

လွှဲချနေကြတော့ ခိုင်း က ရယ်သည်။

"ဟိုဘက်က ကောင်မလေး မျက်လုံး မမြင်ဘူးကွ .."

လို့ သူမနဲ့ မျက်နှာချင်းဆိုင်မှာ ရှိနေကြသည့် ခန့်ဝင်း နဲ့ အာကာတို့ တီးတိုး ခေါင်းချင်းရိုက်ကြတည်းက သူ လှည့်ကြည့်မိသည်။

ထိုင်နေပုံ သုံးချိုး မကျတကျနှင့် မျက်နှာတစောင်းကို မြင်လိုက်သည်။ သူမ ရှေ့မှာ မုန့်ပွဲတွေ .. အအေးဘူးတွေလည်း တွေ့၏။

သူ့ စိတ်ဝင်စားမှုက ဒီလောက်ပဲဖြစ်ကာ ရှေ့ပြန်လှည့်၍ မဆိုင်သလို နေလိုက်သည်။ ဒီလေးယောက်ထဲမှာ သူပဲ လောလောလတ်လတ်နယ်က ရောက်လာသူဖြစ်ကာ မင်းခမ်း ကလည်း တောင်ကြီးသားဖြစ်မယ့် ရန်ကုန်မှာ အနေကြာခဲ့ပြီ ဖြစ်သည်။

ခန့်ဝင်း တို့က ရန်ကုန်သားစစ်စစ်တွေ ဖြစ်လျက် ...





"ဟုတ်တယ် .. တောသားရဲတော့ ဆွဲထုတ်ဆိုတဲ့ စကားတောင်ရှိသေးတာ .. မြို့သားတွေ ရဲလို့ လမ်းသရဲ အခေါ်ခံရတာ မှန်တယ် .. ဒါပေမယ့် ရဲတဲ့လူတိုင်း ရမ်းကားနေကြတာ မဟုတ်ဘူး .."

"ဒါဆို မင်းတို့က သူတော်ကောင်းလေးတွေပေါ့ .."

"သူတော်မှ ကိုယ်ကောင်းမှာပေါ့ကွ .."

ခန့်ဝင်း က ခေါင်းဆောင်ပြီး ထသွားသူဖြစ်ကာ သူပဲ မကျေနပ်နိုင် ဖြစ်နေဆဲ ...

"ငါတို့က လွန်လွန်ကျူးကျူး ဘာမှ မပြောရသေးဘူး .."

"ဟား .. ဟား .. ဟား ..."

"မင်းက ဘာရယ်တာလဲ .."

"ဟေ့ကောင် .."

ခိုင်း က ရယ်လိုက်သဖြင့် မင်းခမ်း စိုးရိမ်သွားပြီး ခုံအောက်ကနေ ခြေထောက်နဲ့ တို့ပြီး သတိပေးသည်။ ဒီကောင်တွေနဲ့လည်း သိပ်ရင်းနှီးသေးတာ မဟုတ်ဘဲ ခိုင်း လုပ်ပုံက မတည့်ရာ မတည့်ကြောင်း ..၊ ဒါပေမယ့် သူကသာ စိုးရိမ်သွားတာဖြစ်ပြီး ခိုင်း က အရယ် မပျက်..၊

"မိန်းကလေးတစ်ယောက်ကို ဘယ်လောက်ထိ ပြောချင်လို့လဲ.."

"ဟ .. ပြောလို့ရမယ့် မိန်းမမျိုးမို့ ပြောတာလေ .. မင်း မသိရင် အသာနေစမ်းပါ .. တောင်ပေါ်သား ရာ .."

သူ ဆက်ပြောမှာစိုးလို့ မင်းခမ်း က စားပွဲအောက်ကနေ ခြေထောက်နဲ့ တွင်တွင် တို့နေသဖြင့် ခိုင်း ပါးစပ်ပိတ်နေလိုက်သည်။ ကိုယ့်ကိစ္စလည်း မဟုတ်ပါ ..။

သို့သော် နည်းနည်း အမြင်ကတ်လာသည်မို့ စိုးရိမ်ပိုနေသည့် မင်းခမ်း ခြေထောက်ကို ဘေးတိုက် ကန်ထုတ်ပစ်လိုက်၏။

"အ!..."

သူတောင်းစား ခွန်ခိုင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



အသံလည်း ထွက်သွားသည်။ မျက်နှာလည်း မဲ့သွားပေမယ့် ခန့်ဝင်း တို့နဲ့ မျက်လုံးချင်း ဆုံသွားသဖြင့် စိတ်ထဲကပဲ အကျယ်ကြီး ဆဲပစ်လိုက်မိ၏။

"ဟိုမှာ အဘွားကြီး ပြန်ဝင်လာပြီ တွေ့လား .. နောက်မှာ ပါလာ တဲ့ဘဲက ဖလံတောင်ရေး .. အဲ့ဒီ အဘွားကြီး လှုပ်ရှားနေတာ ပျာယာ ခတ်နေတာပဲ .. ငါတို့ကျမှ .."

"တောက် .. ဘာမှတောင် မစရသေးဘူး .."

လှည့်မကြည့်မိအောင် နေလိုက်ရပေမယ့် စိတ်ကတော့ က ကအောင့် ဖြစ်နေပြီ ဖြစ်၏။ မျက်လုံးကလည်း မင်းခမ်း ဆီ ရောက်သွာ ခဲ့သည်။ ရန်ကုန်မှာ သူငယ်ချင်းအသစ်တွေနဲ့ မိတ်ဆက်ပေးမယ်ဆို ဒီလိုနေရာတွေမှာ ကျွမ်းကျင်ဖို့လား ...၊

"သွားကြပြီ .. လာကွာ .. လိုက်မယ် .. ငါ့ကို ဖဲ့ထားတာ လုံး မကျေနပ်ဘူး .."

"မင်းခမ်း .."

အာကာ က မင်းခမ်း ကို လှည့်ခေါ်သည်။ မင်းခမ်း က ခိုင်း ပြန်ကြည့်၏။

"နေကွာ .. အိုင်တီမှာ ညနေ ပြန်ဆုံမယ် .."

အသံကို ထားခဲ့ပြီး လူတွေက ထထွက်သွားကြ၏။ ခိုင်း မျက်လုံး တစ်ချက်မှ လှန်မကြည့်ပါ ...၊ သူတို့ သွားကြရင်တော့ ကို လည်း ထဖို့ ပြင်ပြီးသား ဖြစ်သည်။

အိတ်ထဲမှာ မှုးစေ့ ပဲစေ့တွေ မဖြစ်ခင် အလုပ်တစ်ခုခု အမြန် ဖြစ်မှာမို့ မလိုလားအပ်တာတွေအပေါ်မှာ စိတ်က သိပ်မရှည်ချင် –

"ခိုင်း .."

"ခိုင်း မနေနဲ့ .. မင့်ကောင်တွေက ဘာတွေလဲ .. အဲ့ဒါ အ ပြော .."





"သူတို့က .."

"ခွေးသေကောင်ပုပ် လိုက်ရှာနေတဲ့ ယင်စိမ်းကြီးတွေလား .."

"အဲ့လောက်ထိတော့ မဟုတ်ဘူးကွ .. ဒါပေမယ့် သူတို့အလုပ်က ရေလျှံတယ်လေ .. ရလည်း ရတယ် .. ဖြုန်းလည်း ဖြုန်းတယ် .. ဒီဘက် မှာချည်းပဲ အားသန်တာမျိုး မဟုတ်ပေမယ့် ကြုံကြိုက်လာရင်တော့ ငါးပါးသီလ တစ်ပါးမှ မကျန်အောင် ကျူးလွန်ပစ်ဖို့လည်း ဝန်မလေး ဘူး .. အလုပ်ကတော့ သမ္မာအာဇီဝပါ .."

"တော်ပြီ .. ဝဝ မဝဝ စိတ်မဝင်စားတော့ဘူး မိုးကြီး .. ဒီလိုအလုပ် တွေကို အမေ မရှိ .. နှမ မရှိတဲ့လူတွေပဲ လုပ်လိမ့်မယ် .. ငါနဲ့မဖြစ်ဘူး.."

လောကမှာ ကိုယ်က တစ်ကောင်ကြွက်ပါပဲ.. ဒါပေမယ့် အရာရာ ချို့တဲ့ခဲ့ရသည့်အတိုင်း အမြဲတမ်း မကျေနပ်ဖြစ်နေတတ်သည့်စိတ်ဟာ သည်းမခံတတ်တာ တစ်ခုမှ လွဲ၍ ...

"ဒါတွေ ငါ ရှင်းလိုက်ရမလား .."

"ဟာ .. မလုပ်ပါနဲ့ .. မင်းကလည်း .. ငါ ရှင်းပါ့မယ် .."

မင်းခမ်း က ပိုက်ဆံရှင်းနေစဉ် သူ ထွက်လာခဲ့သည်။ ကားတွေ တန်းစီနေသည့်ဘက်ကို ရှောင်၍ ဒီဘက်အစွန်ကနေ ဖြတ်ထွက်လာ ကာမှ ...

"မလုပ်ကြပါနဲ့ကွယ် .. တော်ကြပါတော့ .. သူက ရှေ့နေလေး ပါ .. အဒေါ်တူမလေးက မျက်လုံးမမြင်တဲ့သူပါ .. အဒေါ်တို့က မင်းတို့ ထင်သလို မဟုတ်ပါဘူး .."

ဒီအသံကို သူ သိနေသည်။ ခြေလှမ်း တုံ့သွားကာ အသံလာရာကို လှမ်းကြည့်လိုက်မိတော့ အံ့သြခြင်းပါ အပိုဆောင်းသွားခဲ့၏။

ဒီဒေါ်ကြီးနဲ့ သူမ ...၊

အိမ်ဆေးကပ်လျက်မှာနေသည်ဆိုပြီး နာမည်တွေလည်း သိခဲ့..၊ ဒီလောက်ထိ အမှတ်တရတွေနဲ့ ဆုံစည်းနေခဲ့တာတောင် တစ်ခါပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ရင်းနှီးနေရမည့်အစား သူနဲ့ သူမကတော့ ...။

"မင်း အေးဆေး ဖယ်မလား .. အသားနာခံမလား .."

"ဟိတ်ကောင် .. ငါတို့က ပါးပါးလေးပဲနော် .. သူ ခုနက ငါတို့ကို ကပ်လိုးသွားတာလေး စာနာတတ်အောင် လက်ဆင်နှ်ပေးရုံပဲ .. အဲဒီတော့ မင်း အေးဆေးနေခဲ့ရင် သက်သာမှာပဲ .."

"ဟာဗျာ .. ခင်ဗျားတို့ ဒီလိုတော့ မလုပ်နဲ့လေ .."

မြင်ကွင်းက ကြည့်မကောင်းပေ ...။ ရပ်စထရန့်၏ ဘေးထောင့်က လူရှင်းသောနေရာမှာ ဒေါ်ကြီး ဘယ်လိုမှ ဖြေရှင်းလို့ မရဘဲ ဖြစ်နေကာ ရှေ့နေဆိုသည့်လူလည်း နှုတ်ခမ်းထောင့်မှာ သွေးစနှင့် ...

"ဟော့လူတွေ မလုပ်နဲ့လေ .."

"ဘာလုပ်တာလဲ .. ဖယ် .. လွှတ် .."

"အောင်မယ်လေး .. ပြောလည်း မရပါလား .. မင်းမဲ့တိုင်းပြည် ကျနေတာပဲ .. လုပ်ကြပါဦး .. ဒီမှာ .."

ဒေါ်သဲမြ အကူအညီတောင်းရင်း မျက်လုံးက ဇိုင်း နဲ့ တည့်တည့်တိုး၏။

"ဟယ်!... မင်း .. မင်း .."

ဝမ်းသာလွန်းလို့ ထခုန်မိမလားတောင် မသိ ...။ ဒေါ်သဲမြ လက်ညှိုးထိုးရင်း မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားလေသည်။

"လူလေးရယ် .. အဒေါ်တို့ကို ကူညီပါဦး .."

ဇိုင်း က တည့်တည့်လျှောက်လာတာပဲ ဖြစ်သည်။ ဒါပေမယ့် ကူညီဖို့လည်း မဟုတ် .. ဒေါ်သဲမြ ကို မြင်လို့လည်း မဟုတ်ပေ ...။ သူ့မျက်လုံးတွေက နှင်းဆီမျက်နှာ ပေါ်မှာပဲ ဖြစ်နေကာ ...

ခန့်ဝင်း တို့ ပြောနေကြတဲ့ မျက်လုံးမမြင်ဖူးဆိုတာ သူလား ...။

ဖြူနုသည့် မျက်နှာလေးက မျက်မှန်နက်ကို တပ်ထားသဖြင့် မျက်လုံးတွေကို မမြင်ရပေ ...။ ကိုယ်ပေါ်မှာ ကပ်ချပ်နေသော ရှပ်အင်္ကျီ





လက်ရှည် အနက်ပြောင်နှင့် ဘောင်းဘီရှည်ကလည်း အနက် ...။

ကြေးနီရောင်ရင့်ရင့် ပခုံးကျော်သော ဆံနွယ်တို့နှင့် သူမပုံစံက မျက်မမြင်တစ်ယောက်လို့ ဘယ်လိုမှ ထင်ချင်စရာ မရှိ ...။ သူမကို မျက်မမြင်တစ်ယောက် ဖြစ်နေမယ်လို့လည်း သူ တစ်ခါမှ မတွေးမိခဲ့...။

အံ့သြခြင်းနှင့်အတူ သူ့ဘက်က မြောက်မြားစွာသော လွဲမှားမှုတိုင်းဟာ သူမ မျက်မမြင်ဖြစ်နေရခြင်းနှင့်သာ သက်ဆိုင်ကြောင်း သိလိုက်ရလျှင် ...

"ဟော့ .. ဇိုင်း .."

သူ့ရှေ့ကနေ ခန့်ဝင်း က လက်ဆန့်တားလိုက်၏။

"မင်း ဘာလာလုပ်တာလဲ .."

အာကာ မျက်နှာကလည်း မှုန်ကုပ်ကုပ်နှင့် ...

"ငါတို့ မင်းကိုတော့ ရှင်းပြနေဖို့ မလိုဘူး ထင်တယ် .."

"ဟုတ်တယ် ခွန်ဇိုင်း .. မင်းက ငါတို့လူ .. ပြီးမှ အေးဆေးညှိလို့ရတယ် .. ခုက .."

"ခဏလေး .."

ရင်ဘတ်ရှေ့မှာ ကန့်လန့်ဖြတ် ခံထားသည့်လက်ကို ဇိုင်း က အသာလေး ဖယ်ချသည်။ ပြီးတော့ ရှေ့ကို ဆက်တိုး၏။

အခြေအနေက အဆိုးအကောင်း တစ်ခုခုနဲ့ ဆုံးဖြတ်ကြတော့မှာ မှန်သည်။ သို့သော် ဇိုင်း က နှင်းဆီ ကိုသာ စူးစိုက်ကြည့်၍ ...

"သူက မျက်လုံး မမြင်ဘူးလား .."

"မမြင်ပါဘူး သားရယ် .."

ကိုယ့်မျက်နှာကြည့်ပြီး မေးတာ မဟုတ်ပေမယ့် ဒေါ်သဲမြ က ပျာပျာသလဲ ဝင်ဖြေသည်။

"တောင်ကြီးကို ပြောင်းလာဖို့နေ့တည်းက ကားအက်ဆီးဒင့်ဖြစ်ပြီးကာစ .. သူ့မျက်စိ ကွယ်နေပါပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုင်း .. မင်းက ဘာလဲကွ .."

ခန့်ဝင်း တို့ ရှေ့တိုးလာကြပြီး သူ့ပခုံးကို နောက်ကနေ ဖက်ခနဲ ပုတ်သည်။ ဖိုင်း က လှည့်မကြည့်ပါ ..၊ ရှေ့နေဆိုသူကို တစ်ချက်ကြည့်ပြီးမှ ...

"သူတို့က မင်းတို့ ထင်သလို မဟုတ်ဘူး .."

"သိတယ် .. မင်း ဟီးရိုး ဝင်လုပ်တော့မယ်ဆိုတာ .."

ဖိုင်း က သူတို့နဲ့ ရင်ဆိုင် လှည့်ရပ်လိုက်ကာ ...

"သူတို့ ငါတို့အိမ်ဘေးမှာ လာနေသွားသေးတယ် .."

"ဟား .. ဟား .. ဟား ..."

"အဲဒီတော့ ဘာဖြစ်လဲ .. ဘယ်မှာနေနေ ဘာလုပ်စားစား ရတယ် ..၊ မင်းက ဘာတွေ သိလို့ လာဖောနေတာလဲ .. ဒါမျိုးတွေ ရိုးနေပြီ ဖိုင်း .. မင်း နုပါသေးတယ် .."

"ခဏ နေကြပါဦး .."

ပြေးလွှားရောက်လာသူက မင်းခမ်း ဖြစ်ကာ အခြေအနေကိုလည်း ကြိုတင် နားလည်နေသကဲ့သို့ ...

"မင်းတို့ကလည်း အချင်းချင်းတွေကွာ .."

"မလိုဘူး ဟော့ကောင် .. ငါတို့က ပွဲတော်တည်ဖို့အတွက် ပွဲတော်အုပ် တောင်းတာ မဟုတ်ဘူး .. ကိုယ့်ဘုန်း ကိုယ့်ကံ ဘယ်လောက် ရှိသလဲ ပြချင်လို့ .."

"ဘုရင့်ပွဲတော်အုပ် စားတိုင်း ဘုရင် မဖြစ်ပါဘူးကွာ .. သူခိုးမိုးမှောင်ဆို ပွဲတော်အုပ်လေး နောက်ဆုံးစားခွင့်ရပြီး သေရတာပဲ .."

ဖိုင်း က ပြောပြီးတာနှင့် ရှေ့နေလေး မျက်နှာကို လှည့်ကြည့်ပြီး မေးဆတ်ပြလိုက်သည်။

ဒေါ်သဲမြ ဝမ်းသာအားရ ဖြစ်သွားကာ လူငယ်တွေ အခြေအနေ မကောင်းတာကိုလည်း မတတ်နိုင် ..၊





ကျေးဇူးတင်စကားလေးတောင် မပြောခဲ့နိုင်ဘဲ နှင်းဆီ လက်လေးကို မြဲမြဲ ဆုပ်ကိုင်ပြီး နေရာမှ တစ်ချိုးတည်း လစ်ထွက်လာခဲ့တော့သည်။

ရှေ့နေလေးကတော့ နောက်ကို ပြန်လှည့်ကြည့်ကာ ...

"အဲဒီနေရာမှာ လူ ဘာလို့ ဒီလောက်တောင် ပြတ်နေတာလဲ မသိဘူး .. ဒီလူတွေ မလွယ်ဘူး .."

ဒေါ်သဲမြ ရင်တွေတုန်ပြီး စကားပင် မပြောနိုင် ..၊ နှင်းဆီ ဘာဖြစ်လို့ အသံ လုံးဝ တိတ်နေသလဲ မသိပေမယ့် သူမကတော့ လွတ်ရာကျွတ်ရာ ရောက်လည်း ရင်တုန်နေတာက မပြေ ..။

"အိမ်မှာ ကားတွေ ရှိပါတယ်ကွယ် .. ဒရိုင်ဘာ လောလောဆယ် မရှိလို့ပါ .. ဒုက္ခပါပဲ .."

အနားမှာ ရှေ့နေလေးကို ထားပြီး ဒရိုင်ဘာမရှိတဲ့ ကိစ္စကြောင့် ညည်းညူနေရ၏။ ညနေပိုင်းမှာ မျက်လုံး အထူးကုဆရာဝန်ကြီးနဲ့ တွေ့ဖို့လည်း ရှိနေသေးသည်။

အိမ်ကိစ္စအတွက် ရှေ့နေနဲ့ တွေ့ဖို့ .. မျက်လုံးအတွက် ခွဲစိတ်အထူးကုဆရာဝန်နဲ့ .. ဒရိုင်ဘာအတွက် ပွဲစားနဲ့ .. စသဖြင့်သော လိုအပ်သမျှ ဖြည့်ဆည်း ဆောင်ရွက်သွားဖို့မှာ ကိုယ်က အိမ်အကူသာသာပါ ..။

ဘယ်လိုပုဂ္ဂိုလ်နဲ့ တွေ့မယ် .. ဘယ်သူနဲ့ ဆက်သွယ်မယ်ဆိုတာတွေအတွက် ပြေးလွှား ချိတ်ဆက်ဖို့ ဒေါ်သဲမြ ဖတ်ဖတ်မောနေခဲ့၏။

ခိုင်းမှ လုပ်တတ်ခဲ့သည့် နေရာကနေ ဦးဆောင် ညွှန်ကြားနိုင်ဖို့က မလွယ်ပေ ..

ခက်နေတာက နှင်းဆီမျက်နှာ အတွက် သူမမှတစ်ပါး တခြား ရင်းနှီး ယုံကြည်ရမည့်လူလည်း မရှိ ..။

အားလုံး အမြန်ဆုံး အဆင်ပြေ ချောမွေ့ရပါစေ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဒေါက်တာ ဦးစိုးမင်းအောင် က မျက်လုံးပြဖို့ဆိုတာ ထားပါဦး.. သူ့သမီး ရှေ့နေမနဲ့ အစွယ်အပွားတွေနဲ့ တွေ့ကြတာက ဘာလုပ်တာတုံး"

"သိတာ နဲ့ ကျွန်မက ကျောင်းနေဖက် သူငယ်ချင်းတွေပါ .. ရှေ့နေပဲဖြစ်နေနေ .. ဝန်ကြီးပဲဖြစ်ဖြစ် .. ကျွန်မတို့ချင်း အချိန်မရွေး တွေ့လို့ ရတယ် .."

"ဟွန်း .."

ဦးထက်ခိုင် က မဲ့သည်။ အလုပ်က ပြန်လာတာနှင့် ဘောင်းဘီ ရှည်နဲ့ ကုတ်အင်္ကျီကိုတောင် မလဲနိုင်ဘဲ နှင်းဆီ ခြံထဲမှာ ထိုင်နေတာကို အရောက်သွားပြီး မေးခွန်းတွေ ထုတ်နေ၏။

ဒေါ်သဲမြ လည်း နှင်းဆီ နားမှာ နေနိုင်ရေးအတွက် ဦးထက်ခိုင် မောင်းထုတ်လို့ မရအောင် နှင်းဆီ ရဲ့ ရှေ့မှာ ခုံပုလေးချ၍ ခြေသည်း လက်သည်းတွေကို သေချာ လှီး၍ သန့်စင်ပေးနေလိုက်၏။

ဦးထက်ခိုင် က မကျေနပ်သည့်အကြည့်တော့ ဆဲ့ပေမယ့် ဘာမှ မပြောတော့ဘဲ အနားမှာပဲ တစ်လှမ်းချင်း လျှောက်နေရင်း ...

"အေးလေ .. မင်းဘာသာ ဘယ်သူနဲ့တွေ့တွေ့ .. ဘာတွေလုပ်လုပ် ပါ .. မင်းကို ငါ သိချင်လို့ မေးနေတာ မဟုတ်ဘူး .. ငါ သိတယ်ဆိုတာ မင်း သိအောင် ပြောပြတာ .."





"ရှင် သိတာ မသိတာလည်း ကျွန်မအတွက် အရေးမပါဘူး ဦးထက်ခိုင် .. ရှေ့နေတွေနဲ့ ဆက်သွယ်နေတယ်ဆိုလို့ ရှင် လန့်သွားတာ လား .."

နှင်းဆီ က မျက်လုံးချင်း မဆုံနိုင်ပေမယ့် ဦးထက်ခိုင် ရှိသည့် နေရာကို မျက်နှာလေး မော့၍ ...

"တရားဥပဒေ ဆိုတာကို ကြားရင် မတရားတဲ့လူတွေ လန့်ကြ တာပဲ .."

"ငါ့ကို မတရားဘူးလို့ မင်းက တိုက်ရိုက် စွပ်စွဲနေတာလား .."

"ရှင့်ကိုယ်ရှင် သိဖို့ပါ .. တရားတယ် မတရားဘူးဆိုတာ လုပ်ရပ် အပြုအမူတွေမှာ ကြည့်နိုင်သလို .. အပြောအဆို အယူအဆတွေမှာ လည်း ရှိတယ် ... ရှင် ပြောတာ .. ရှင် လုပ်ခဲ့တာတွေမှာ အဖြေ ရှိလိမ့် မယ် .. စိတ်ဝင်စားရင် ပြန်ရှာကြည့်ပေါ့ .."

"ငါ ဘာလုပ်ခဲ့သလဲ ဆိုတာတွေက ငါ့အတွက် အရေးမပါဘူး နှင်းဆီမျက်နှာ .. ငါ စိတ်ဝင်စားတာ .. ငါ့အတွက် လောလောဆယ် အရေးပါတာက မင်း .."

"ဘာ!..."

"ဟား .. ဟား .. ဟား .. ဟား ..."

နှင်းဆီ အခုလေး ရှုံ့ရှုံ့ဝါးဝါး ဆောင့်ထွက်သွားတော့ ဦးထက် ခိုင် က အားပါးတရ ရယ်၏။ ထိုစဉ် ဒေါ်ကြာဖြူ က ခပ်မိန့်မိန့် လျှောက်လာနေလျက် ...

"ဘယ့်နှယ် ဒေါသတွေ ထွက်နေတာလဲ နှင်းဆီ .. ညည်းမှာ မျက်စိလည်း မမြင်ဘူး .. မွေးချင်းမောင်နှမ မပြောနဲ့ ဆွေမျိုးတောင်မှ နီးနီးနားနား မရှိဘူး .."

ဒေါ်ကြာဖြူ့ စကားသံတွေကြောင့် နှင်းဆီ ဒေါသတွေ တလှိုက် လှိုက် ဟက်ကာ ခုံတန်းလေးမှာ ထိုင်ရာကနေ တဖြည်းဖြည်းဆရပ်



www.burmeseclassic.com

www.burmeseclassic.com



မိ၏။

"ဆက်ပြောပါဦး .. အဲဒီတော့ ကျွန်မ ဘာဖြစ်သွားနိုင်သလဲ .."

"ဒုက္ခ အကြီးအကျယ် တွေ့မှာပေါ့အေ .. မမြင်မစမ်းနဲ့ သူများ စော်ကားရင်လည်း ခံရမယ် .. ညည်း မာနတွေ ဘယ်လောက်ကြီးကြီး စီးပွားထွက်ရှာလို့ရော ရသလား .."

"သွားမပြောပါနဲ့ မမဖြူ ရာ .. တော်ကြာ 'ထွက်တောင်းစားမယ်' လို့ ပြောပါဦးမယ် .. အဟွန်း .. ဟွန်း .."

စကားတွေ ဘယ်ကို ဦးတည်လာပြီမှန်း သိကာ ထိရောက်စွာ ပြန်လည်ချေပနိုင်စွမ်း မရှိသည့်အဖြစ်ကြောင့် နှင်းဆီ လက်သီးနှစ်ဖက် ဆုပ်ထားမိ၏။

မျက်လုံးနှစ်လုံး မမြင်ရသည့်အဖြစ်ကြောင့် ဘဝတစ်ခုလုံး စုံးစုံး မြုပ်ရမှာလား ..၊

ပြီးအောင် ပြောကြစမ်း ..၊

"မျက်လုံး ကောင်းနေရင်တောင်မှ ညည်းအမေရဲ့ စီးပွားရေး လုပ်ငန်းတွေကို ညည်း ဘာမှမှ မသိခဲ့တာ .. ညည်းအမေကိုယ်တိုင် တောင်မှ လုပ်ပါဦး .. ကယ်ပါဦးဆိုပြီး အကူအညီပေးဖို့ တောင်းဆိုခဲ့ ရတာလေ ..၊ ငါ့မောင်သာ မကယ်ရင် ညည်းတို့သားအမိ ဘဝပျက် နေတာ ကြာပြီပေါ့ .."

"သေသွားတဲ့လူနဲ့ မျက်မမြင် နှစ်ယောက်ကြားမှာ ရှင်တို့ ပြော သမျှ ကြားလို့ကောင်းနေဦးမှာပေါ့.. ဒါပေမယ့် ဒီနေ့ထိ ကျွန်မ ရပ်တည် စရာနေရာ ရှိတယ် .. ကျွန်မ စားစရာ ဆန်ရှိသေးတယ် .. ကမ္ဘာ့မြေကြီး ငါ်မှာ ငတ်လို့ သေသွားတဲ့ မသာ ကျွန်မက ပထမဆုံး ဖြစ်ခဲ့ရင်တောင် ခွေးကို ဘုရားထူးမိလို့ မိုးကြိုးပစ်ချခံရပြီး မသေရင် ကျေနပ်တယ်.."

"ညည်း ဘာစကား ပြောလိုက်တာလဲ .. မိုက်ရိုင်းလှချေလား





မိနှင်းဆီ .. ဟင် .. ညည်းက ဘာအားကိုးနဲ့လဲ .."

ဒေါ်ကြာဖြူ ထဘီတစ်ဖက်စ 'မ'ပြီး ရှေ့တက်လာ၏။ ဦးထက် နိုင် က လက်ကာထားလိုက်မှ ရပ်တန့်သွားပြီး တက်ခေါက်၍ ...

"လူဝါးဝလို့ .. ငါတို့ကသာ ဖွတ်တက်ခံပြီး ညည်းကို လက်ခံ ထားခဲ့ရတာ သိရဲ့လား .. ဒါ ညည်းအမေအိမ်မို့လို့ ညည်း နေခွင့်ရှိတာ မှန်တယ် .. ဒါပေမယ့် ပတ်ဝန်းကျင်က ဘယ်လောက်ပြောကြသလဲ ညည်း ကြားမိရဲ့လား .."

"ကြားတယ် .. ကျွန်မက ကျွန်မ တစ်သက်လုံး နေလာခဲ့တဲ့အိမ် မှာ ကိုယ့်စည်းစိမ် ကိုယ့်အခြေအရံနဲ့ နေနေတာ .. ရှင့်မောင်သာ မေမေ့ ကြောင့် ဒီမှာ နေတယ် .. မေမေ မရှိတော့ပေမယ့်လည်း နေတုန်းပဲ.."

"ဟဲ့ .. ငါ့မောင်က ခိုကပ်နေခဲ့တာ မဟုတ်ဘူး .. နှင့်အမေရဲ့ ယောကျ်ား .. ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး ..၊ အဲဒီလို ဖြစ်အောင်လည်း ညည်းအမေကပဲ ကြံဖန် ကြိုးစားခဲ့တာ ..၊ ကူညီပေးနေတဲ့ယောကျ်ားကို ဆက်ကျန်သံယောဇဉ် အပေါင်းလေးတွေနဲ့ ဆက်ရန်တွေဖြစ်အောင် မြှူဆွယ်ပြီး ရအောင် လက်ထပ်ခဲ့တာ .."

"ဩော် .. တော်တော် အတွင်းကျကျ သိထားတာပဲ .. ကျွန်မက ဦးထက်နိုင် နဲ့ အချင်းများ ရန်ဖြစ်ရမယ် ထင်နေတာ .. ခုတော့ ရှင့်အသံ ချည်းပါပဲလား .."

"ယောကျ်ားဆိုတာ မိန်းမတွေလောက်မှ လျှာစောင်းမထက်တာ.. ဘာလဲ .. ညည်း ငါ့ကို နိုင်အောင် မပြောနိုင်တော့လို့ လှည့်ရမ်းတာလား.. ငါတို့က အစတည်းက မတန်မရာ ဖြစ်သွားတာကို ဒေါသတွေ တနုံ့နုံ့ နဲ့ ကြည့်နေခဲ့ရတာ .."

မိန်းမသားနှစ်ဦး ရန်ဖြစ်နေကြပေမယ့် တစ်ဖက်က မျက်မမြင် မိန်းမငယ်လေးဖြစ်ကာ တစ်ဖက်ကတော့ စကားတတ် ကျွမ်းကျင်သော အပျိုးသမီးကြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲမြ အဲလုပ်မရှိ အလုပ်ရှာရင်း နှင်းဆီ စားသောက်ထားသည့် ပန်းကန်ဘူးခွက် လက်စတို့ကို တလှုပ်လှုပ် သိမ်း၍ အချိန်ဆွဲနေမိသည်။

ကိုယ် ဘာမှတော့ ဝင်မပြောနိုင်ပါ ..။ ဒါပေမယ့် သူမ ဒီနားက ထွက်သွားလို့ မဖြစ် ..။ ဒေါ်ကြာဖြူ ကလည်း ဒေါ်သဲမြ သိမ်းဆည်းနေ တာကိုရော .. နှင်းဆီမျက်နှာ ကိုရော ခေါက်တုံ့ခေါက်ပြန် ကြည့်၍ ခါးထောက်လိုက်သေးသည်။

"ငါ့မောင်က ညည်းအမေလို မုဆိုးမ ကလေးအမေကြီးနဲ့ မပြော နဲ့ .. နုနုရွရွ ငယ်ငယ်လှလှလေးတွေကိုတောင် ခေါင်းခေါက် ရွေးယူနိုင် သေးတယ် .."

"ငွေသာ ရှိမယ်ဆိုရင် ငွေလိုချင်နေတဲ့ မိန်းမတွေက ခေါင်းသုံးလုံး ဖြစ်နေတဲ့အရွယ်ဆိုရင်လည်း ယူကြမှာပဲ .. ကြံဖန် ဂုဏ်ယူမနေပါနဲ့.."

"ယူရပါသော်ကောအေ .. ငါ့မောင်က ခေါင်းသုံးလုံးအရွယ် လည်း မဟုတ်ဘူး.. ရုပ်ရှိရေလျှံ ယောကျ်ား ..။ နှင်းနှင်းမြတ် လို မိန်း ကို မယူဘဲ သူ့သမီးနဲ့ဆိုရင်တောင် .."

"ရှင် လူကြီးဖြစ်ပြီး မမိုက်ရိုင်းပါနဲ့ .."

"ညည်းက စ ရိုင်းတာပါအေ .. လူကြီးတွေမှာလည်း ဒေါသနဲ့ပဲ ဒီမှာ နှင်းဆီ .. ငါ ရှင်းရှင်းပဲ ပြောမယ် .. ခုချိန်မှာ ငါ့မောင်က လုပ်ငန်း နှစ်ဖက်က အောင်မြင်မှုတွေနဲ့ .. ရုပ်ရှိ အရွယ်ရှိ .. ညည်းကတော့ ပထွေးနဲ့ တစ်အိမ်တည်းနေနေတဲ့ ဘယ်လိုယောကျ်ားကမှ .."

"ရှင်!... ရှင် .. ခု တော်တော့ .."

နှင်းဆီ အသားဆတ်ဆတ်တုန်ကာ ရှေ့ကို ဆင်ကန်းတောတိုး ဖွတ်ဝင်သည်။ ဒေါ်သဲမြ က အတင်းလိုက်တားနေရကာ ...

"သမီး .. သမီး ဒီလို မလုပ်နဲ့လေ .. ဘာဖြစ်ဖြစ် ကိုယ့်သဘော ကိုယ် ဆုံးဖြတ်ခွင့် ရှိတာပဲကွယ် .. ဒေါသဖြစ်စရာပြောတိုင်း ဝုန်းဒိုင်း ထမဖြစ်ရဘူး .."





"ဖြစ်စမ်းပါစေ .. ကန်းနေတဲ့လူတစ်ယောက် ဘယ်လောက်ထိ လုပ်နိုင်သလဲဆိုတာ တစ်ခါတည်း သိသွားတာပေါ့ .. လွှတ်လိုက်စမ်း ပါ .. ဟား .. ဟား .. ဟား ... နှင်းဆီမျက်နှာ .. နှင်းဆီမျက်နှာ .. ဒေါသတွေ ထွက်နေတာကလည်း ရုပ်တော့ ဆိုးမသွားပါဘူး .. မင်းက သိပ်လှတာကိုးကွ .. ဟား .. ဟား ..."

သူမ ရှေ့ဆက်တိုးတာနဲ့ ဦးထက်နိုင် နဲ့ တွေ့တော့မှာကို သိကာ ဒေါ်သဲမြ တားဆီးနေသည့်လက်ထဲမှာပဲ လှုပ်ရှားမှုတွေ ရပ်တန့်ခဲ့ရ၏။

ပြီးတော့ မျက်ရည်တို့သည် မခြိမ်းဘဲ ရွာသောမိုးလို ..။

"မင်းက မမဖြူ ပြောတာ မကြိုက်ဘူးဆိုတော့ ငါနဲ့ ပြောရ အောင် ..။ အခု ငါတို့ ပြောနေကြတဲ့စကားတွေ ဘယ်ကို ဦးတည်နေ ဘယ်ဆိုတာ မင်း သိနေတာပဲ .."

"အဲ့ဒီလို ဘယ်တော့မှ မဖြစ်စေရဘူး .. ကျွန်မဘဝ ကျိုးကန်းနေပဲ နေပါစေ .."

"နေဦး .. နေဦး .. စကားကို အဲ့လောက် အကုန်မပြောလိုက်နဲ့.. မင်းမှာ ပြောဖို့ အင်အားရှိရဲ့လားဆိုတာလည်း ပြန်တွေးဦး .. ငါက မင်းအတွက်ပဲ စဉ်းစားပေးထားတာ .. မင်းက ကိုယ့်အတွက်ကိုယ် ပဲသာရမှန်း မသိဘူး .."

"တောက်!..."

"အခု ဒီအိမ်မှာ လိုအပ်နေတာက ငါ့အတွက် အိမ်ရှင်မ အရေး ကြီး မဟုတ်သေးဘူးနော်.. မင်းအတွက် အားကိုးထိုက်မယ့်သူ လိုတာ"

စကားပြောတိုင်း ကျေနပ်အားရစွာ ရယ်နေတာက နားထဲမှာ ခက် ဆိုးရွားနေ၏။

"အခုကက မင်း မျက်လုံးကွယ်နေတယ် .. ငါနဲ့ အတူမနေသင့် တဲ့ အခြေအနေမှာ မင်း နေနေရတယ် .."

"ကျွန်မက ကန်းနေလို့ ဒီမှာ ခိုကပ်နေရတယ်ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါ လူတိုင်း သိတာပဲ .."

"ဘယ်သူမှ မသိနိုင်တဲ့အကြောင်း ကျွန်မမှာ ရှိတယ် .."

"ဘယ်သူမှ မသိပေမယ့် ငါတော့ သိတယ် ထင်တာပဲ .."

ဦးထက်ခိုင် ရဲ့အသံက ပိုပို နီးလာသဖြင့် ရှေ့ကို တိုးကပ်လာ နေမှန်း သူမ သိလိုက်သည်။

"စကားပြောရတာ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ.. ဟော .. ဒီမှာ ကိုခိုင် .. မင်းအိမ်က သပွတ်အူကို အမြန်ဆုံး ရှင်း.. ပြီးရင် ငါ ပြန်မယ်.."

ပြောပြီး ဝေးကွာ တိတ်ကျသွားသဖြင့် ခေါ်ကြာဖြူ စကားဝိုင်းထဲ က ထွက်သွားပြီ ..၊

"ဟုတ်တယ်မို့လား နှင်းဆီ .. ဘယ်သူမှ မသိဘူး ထင်ပေမယ့် ငါ သိပါတယ် .. မင်း ဒီအိမ်က ထွက်သွားလိုက်တာနဲ့ ပြန်တက် ခက်သွားပြီ .. မင်း ဘာမှ မရလိုက်မှာ စိုးနေတယ်မို့လား .."

"ရှင် တွေးကြည့်ပေါ့ .. လျှို့ဝှက်ချက်ဆိုတာ ပြောပြလိုက်ရင် လျှို့ဝှက်ချက် ဘယ်ဖြစ်တော့မလဲ .."

"မလိုပါဘူးကွာ .. စီးပွားရေးအပြင် ထပ်ထည့်ပြီး တွေးနေရ ပင်ပန်းတာပေါ့ .. မင်း မမိုက်ချင်ပါနဲ့ နှင်းဆီ ရယ် .. ငါ့စီးပွားရေး မင်းအမေရဲ့ လုပ်ငန်းတွေအပြင် ဒါတွေကို ကျွမ်းကျင်စွာ ဦးဆောင်နိုင် တဲ့ ငါ့ကိုပါ မင်း ပိုင်ဆိုင်ခွင့် ရမှာ .."

"ယုတ်မာတဲ့လူ .."

အံကြိတ် တွေးနေရင်း နှင်းဆီ ပင့်သက်ရှိုက်၍ စိတ်ကို ထိန်း ရ၏။

"ရှင် အဲဒီလို လူယုတ်မာကြီးမှန်း ကျွန်မ အစတည်းက သိတယ်"

"မင်းလို ကန်းနေတဲ့မိန်းမကို ရဖို့အတွက် ငါ လူယုတ်မာဖြစ် တယ်ဆိုရင် သိပ်တော့ မတန်ဘူး နှင်းဆီ .. ဒါပေမယ့် မင်းအမေ ငါ စွဲလမ်းခဲ့ဖူးသလောက် မင်းကျတော့ မင်းအမေထက် အများ





လှနေတယ် .. မင်းကြောင့် ငါ့စိတ်နှတွေ မကောင်းတဲ့ဘက်ကို ယိုင်ကုန် တာပဲ .. မင်းအမေ မသေခင်အထိ မင်းကြောင့် ငါ အဖေဖြစ်ခွင့် မရှိခဲ့ ရတဲ့ အကြောင်းတွေနဲ့ပဲ မွန်းကျပ်နေခဲ့တယ် .. အဲ့ဒါကြောင့် မင်းကို မုန်းပြီးရင်း မုန်းတယ် .."

ဦးထက်ခိုင် ရင်ထဲက နှစ်ချို့အမုန်းတွေကို တကယ့် ခံစားချက် တွေအတိုင်း ဖွင့်ချနေခဲ့၏။ တကယ်ဆို မြတ် ကို သူ အသည်းနှင့်အောင် ချစ်ခဲ့သည်။ အကြောင်းမဆုံလို့ မပေါင်းခဲ့ရပေမယ့် ပေါင်းခွင့်ရခဲ့ကြ တော့လည်း မြတ် ကို သူ ချစ်နေဆဲသာ ..၊

ဒါပေမယ့် ကိုယ့်အခြေအနေ ကိုယ့်အဆင့်အတန်းနဲ့ မယားပါ သမီးက ခါးသီးစွာ မုန်းနေခဲ့သည့်အဖြစ်ကတော့ ခံရခက်စေခဲ့၏။

ကိုယ် စဉ်းစားခဲ့တာက သူမတို့ သားအမိအတွက် စိတ်ရင်းနဲ့ အားမတ်မတ် ရပ်တည်ပေးဖို့ပေမယ့် မလောက်လေး မလောက်စား မိန်းမငယ်လေးတစ်ယောက်က တံတွေးနဲ့ ထွေးတော့မတတ် မုန်းတီး နေခဲ့တာကို ရှက်မိသည်။

ကင်ဆာလို အကြိတ်အခဲတစ်ခုက ထိုအချိန်ကစပြီး မပြေပျောက် နိုင်ခဲ့တာ ဖြစ်သည်။ နောက်တစ်ခုက မြတ် ကိုယ်တိုင်က သူ့အပေါ်မှာ ... ရှာမှဲ့ခဲ့ခြင်းပင် ..၊

သူ လက်ခံခဲ့တာက ကိုယ် ဖြစ်ချင်သလို ဖြစ်ခွင့်မရခဲ့ပေမယ့် ဖြစ်လာတဲ့အတိုင်း လက်ခံနိုင်အောင် ကြိုးစားဖို့ ..၊

မြတ် ကတော့ ဖြစ်လာတဲ့အတိုင်းကို လက်မခံနိုင်ဘဲ ကိုယ့် ... သွေးကို မလွှယ်နိုင်ပါဘူးဆိုသည့်အဖြစ်နှင့် ဘယ်တော့မှ ကိုယ်ဝန် ... ရှိရေးအတွက် ပြတ်သားစွာ ဆောင်ရွက်ခဲ့၏။

ဒါကို သိရပြီး လင်မယားချင်း ဝုန်းဒိုင်းကြဲ ပေါက်ကွဲကြသည်။ ... ကိုလည်း သူ ရိုက်နှက် ကိုင်ပေါက်ပစ်မိသည်အထိ ထိန်းချုပ်နိုင် ... မှဲ့ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူမကို သူ ရက်စက်စွာ မထားခဲ့နိုင်တော့ခြင်း ဖြစ်သည်။ ထိုအဖြစ်ကိုရော အိပ်ရာပေါ်မှာ လဲနေခဲ့သည့် လူမမာအဖြစ်ကိုပါ သည်းခံ ပေါင်းသင်းခဲ့သည်။ သူမ သေဆုံးချိန်မတိုင်မီအထိ သူ့စိတ်ထဲမှာ နှင်းဆီမျက်နှာ ကို မုန်းတာကလွဲပြီး ဘာမှမရှိ ...၊

"မင်းကို ငါ ရထိုက်တယ်လို့ ယူဆခဲ့တာကလည်း မက်မောလွန်းလို့ မဟုတ်ဘူး နှင်းဆီ ..."

ကိုယ့်အတွေးထဲမှာပဲ 'ငါ မှန်တယ်'လို့ သတ်မှတ်လိုက်ပြီးမှ ထိုအကြောင်းကို ပြန်စမိ၏။

"မင်းကို ကယ်တင်ချင်တဲ့ဆန္ဒလည်း ပါတယ် .. ငါ ပေးဆပ်ခဲ့ရတာတွေအတွက် ဒီတိုင်း ဆုံးရှုံးမခံနိုင်ဘူးဆိုရင်လည်း မှန်တယ် .. မင်းဘာကိုမှ မဟုတ်ရဘဲ မျက်လုံးခွဲစိတ်ဖို့ ကိစ္စတွေရော .."

"ဦးထက်နိုင် .."

"ဟေ့ .. မင်း ငြင်းဖို့ဆိုရင်တော့ ငါက သိပ်စိတ်မရှည်တတ်ဘူးနော် .."

"သြော် .. သြော် .. ကျွန်မဘဝက သနားစရာလေးပဲ .."

"ငါ့ဘဝလည်း ဒီတိုင်း ဖြစ်ခဲ့တာပဲ .. မင်း ငါ့ကို လက်မခံချင်ရင်လည်း မင်းနဲ့ ငါ့ကို ကင်းရှင်းပါတယ်လို့ .."

"ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါ .."

"ဟား .. ဟား .. ဟား .. ဟား ..."

"ပတ်ဝန်းကျင်စကား ဘာပဲလောက် ဖောင်းကားနေပါစေ .. အမှန်တရားက ရှိပြီးသား .. ကျွန်မ အိမ်မှာ ကျွန်မကို စောင့်ရှောက်မယ့် အခြွေအရံနဲ့ ကျွန်မ ဂုဏ်ပါကွာနဲ့ .."

"ဘာအခြွေအရံလည်း .. မင်းကို ငါ သနားလို့ ခွင့်ပြုထားတာနော် .. အဲဒီ အခြွေအရံတွေကို တစ်ယောက်မကျန် ငါ ကန်ထုတ်ပစ်လိုက်လို့ ရတယ် .."





နှင်းဆီ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဒေါ်သဲမြ ကိုင်ထားသည့် အမှိုက်ပုံးလေး 'ဘုတ်ခနဲ' ပြုတ်ကျ၏။

ထိုအဖြစ်အားလုံးကို ကြည့်ပြီး ဦးထက်နိုင် က အောင်နိုင်သည့် မျက်နှာကြီးနှင့် အားပါးတရ ရယ်မဆုံး ...၊

"ဟွန်း .. ရှင်က ဝှက်ဖဲမထားဘဲ ဖွင့်ပြောတော့ .. ကျေးဇူးတင်ပါတယ် .."

"မလိုဘူး .. ပြောပြတာကိုက မင်းကို ဂရုမစိုက်လို့ ပြောတာ .. မင်းအတွက် ရွေးစရာ မရှိဘူးဆိုတာရော .. မင်းကို ငါ လိုချင်တဲ့အချိန် ယူလို့ရတယ် ဆိုတာရော .. သိစေချင်တာက အဲ့ဒါပဲကွ .."

ပြောပြီးတော့ အားပါးတရ ရယ်၏။ ရယ်နေရင်း ထွက်သွားလေသည်။ နှင်းဆီ နားကို ဒေါ်သဲမြ ရောက်လာကာ ...

"သမီးလေး .. သမီးလေး ဘာမှ မပူနဲ့နော် .. သမီး နှင်းယုတ်ချင်း ဒေါ်ကြီးက ဘယ်မှ မသွားဘူး .. မမကြီးက နှင်းနဲ့မှ ငါ့သမီးကို စိတ်ချတယ် ဆိုတဲ့စကား ပြောသွားတယ် .. ဒေါ်ကြီး မသေမချင်း သမီးနားက ဘယ်ကိုမှ မသွားဘူး .."

ရက်သော .. နာကြည်းမုန်းတီး၍ မခံရပ်နိုင်သော ဒေါသများနှင့် မျက်ရည်စက်တို့ တစ်ပေါက်ချင်း ပြိုဆင်းလာကြသည်။

သူမ ဒီအိမ်မှာ နေနေသမျှ ပတ်ဝန်းကျင်က သဘာဝအတိုင်းပဲ ဖြစ်ပျက်ရှုကြလိမ့်မည်။ ဘာတွေပြောပြော သူမ ထွက်မသွားနိုင်သမျှ ဦးထက်နိုင် ကလည်း သူ့အိတ်ထဲက ဖားသူငယ်လို့သာ ထင်နေမှာ ဖြစ်သည်။

ထိုပြင် အချိန်အရွေး မတော်မတရား ကြံစည်လာဖို့လည်း ရှိသေးသည်။

သူမ ဘာလုပ်သင့်သလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဟဲ့ .. ဒရိုင်ဘာ ဘယ်ရောက်သွားတာလဲ .."

"မရှိဘူးလား .."

"မရှိဘူး .. သြော် .. ခုကွဲပါပဲ .. မိုးကလည်း မှောင်လာပြီ .."

အထုပ်အပိုးတွေနဲ့ ဒေါ်သဲမြ စိတ်ညစ်သွားမိသည်။ နှင်းဆီ က သူ့လက်မောင်းကို ကိုင်ထားလျက် ပတ်ဝန်းကျင်ကို နားစွင့်နေကာ

"ကားလမ်းမနဲ့ ဝေးတာပဲ .. ကားကို ဘယ်မှာ လာရပ်ထားတာလဲ .."

"ဖုန်းဆက်တော့ ပါကင် မရလို့တဲ့ .. ဈေးတောင်ဘက်ကို လာ ပါတဲ့ .. အပေါက်ဝမှာ သူ လာကြိုပါ့မယ်တဲ့ .."

တဲ့ပေါင်း များစွာနှင့် ရှင်းပြရင်း ဒေါ်သဲမြ ပတ်ဝန်းကျင်မှာ လှည့် ပတ်ရှာမိသည်။ သူမမှာလည်း လက်နှစ်ဖက်စလုံး မအားပေ ...၊

ပစ္စည်းတွေကို ကားထဲလည်း ထည့်လို့ မရ ...၊ ဈေးထဲ ပြန်ဝင် အောင်လည်း ငြိမ်ငြိမ်သက်သက် မိုးခိုနေလို့ ကောင်းမည့်နေရာ ဘယ် မှာလဲ ...။





မိုးကောင်းကင်ကို မော့ကြည့်လိုက် .. ဒရိုင်ဘာကို ရှာလိုက်နှင့် နှင်းဆီ အတွက် ဘာလုပ်ပေးရမလဲလို့ အပြေးအလွှား စဉ်းစားနေမိ သည်။

"ဘယ်လိုလဲ သမီး .. ခေါ်လို့ ရလား .."

ဖုန်းထုတ်ခေါ်နေသည့် နှင်းဆီ က ခေါင်းခါပြကာ မရမက ဆက် ခေါ်နေ၏။ သူမအတွက် ခလုတ်ဖုန်းလေး တမင် ဝယ်ထားရသည်။ ပြီးတော့ ကုတ်အင်္ကျီ အမြဲတမ်း ဝတ်ထားရကာ အိတ်ထဲမှာ ဖုန်းတွေ နှစ်လုံး သုံးလုံး ဆောင်ထားရ၏။

သူမအတွက်က ဖုန်းမရှိလို့ မဖြစ်သလို ဖုန်းပျောက်သွားလို့လည်း မဖြစ် ...၊

"ကျွတ်!... ဖုန်းက မအားဘူးဖြစ်လိုက် .. ဆက်သွယ်မှုပြင်က ဖြစ်လိုက်နဲ့ .."

"ဟော .. မိုးဖွားတွေ ကျလာပြီ .. လာ .. သမီး လာ .. ဟိုနားက အမိုးစုတ်လေးအောက်မှာ နေရာသွားဦးရအောင် .. မိုးရွာလာရင် မိုးခိုတဲ့ လူ ရောက်လာမှာ .."

"ဒေါ်ဒေါ်သဲ ဈေးထဲ ပြန်ဝင်မလို့လား .. အရမ်းဆူတာပဲ .. အနှင်း မခံနိုင်ဘူး .."

"မဝင်ပါဘူး သမီးရယ် .. လာ .. လာ .. ခလုတ်တိုက်စရာ မရှိ ဘူး ရဲရဲလျှောက် .. ကွမ်းယာဆိုင်လေး ထင်တယ် ...၊ ခုံဟောင်းလေးပဲ ရှိတယ် .. ဘာမှ မရှိဘူး .."

အနှင်း ကို ဆောင့်ခေါ်ရင်း မိုးဖွားလေးတွေတော့ စိုကုန်၏။ ထိုစဉ် ဖုန်းလာသဖြင့် နှင်းဆီ က ထုတ်ကိုင်လိုက်ကာ ...

"ဘာ!... ဘာပြောတယ် .."

"... ... ... ..."

"တောက်!..."



www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘာဖြစ်လို့လဲဟင် .."

"ဒရိုင်ဘာ လေ .."

"ဟင် .. ဘာတဲ့လဲ .."

"ဦးထက်ခိုင် နဲ့တွေ့လို့ သူ့ကားကို အိမ်ပြန်ပို့ပေးနေရတယ်တဲ့.."

"အို .. သူ့ကို တို့က ငှားထားတာ .. ဘာဖြစ်လို့ သူ့သဘောနဲ့သူ လုပ်နေတာလဲ .. ဒါ .."

"ဟိုလူကြီး တမင် လုပ်တာလေ .. အနှင်း ဒုက္ခရောက်အောင် သူ ဘယ်လောက်ထိ လုပ်လို့ရတယ်ဆိုတာ ပြတာ .. ခုလောက်ဆို တစ်နေရာက ကြည့်ပြီး ရယ်နေလောက်ပြီ .."

"ဟုတ်မယ် .. ဒီလူ .."

ဒေါ်သဲမြ စိတ်မသက်မသာ ဖြစ်သွားမိသည်။ အိမ်မှာ အကူ မိန်းကလေးတွေကိုလည်း တစ်ယောက်ပြီးတစ်ယောက် ဖြုတ်ထုတ် လဲဖယ်နေတာ လူဟောင်းတွေ မရှိတော့ပါ ..။

ပုရှူး ကိုတောင် ကိုယ့်တူမ တော်နေတာမို့လို့ ..၊ ကြီးတော့ တစ် အိမ်လုံး ချက်ပြုတ် စီမံရေးမှာ ပုရှူး က လက်မလွှတ်နိုင်အောင် တော် နေတဲ့သူ ..၊

"ဒီလူကွယ် .. ထင်ကို မထင်ပါဘူး ဒီလောက်ထိ .."

"ဒေါ်ဒေါ်သဲ က ဘာကို မထင်တာလဲ ..၊ ဘာတွေ အထင်ကြီးစရာ ကောင်းနေလို့လဲ .."

နှင်းဆီ က ဒေါသထွက်နေကော ဒေါ်သဲမြ ထိတ်ပျာသွားကာ...

"မဟုတ်ပါဘူး သမီးရယ် .. မကြီး ရှိတုန်းကတော့ .."

"တော်ပါတော့ .. ပထွေးဆို ဘယ်ပထွေးမှ မကောင်းဘူး .. မလွယ်ရင် နေမယ် .. သွယ်ရင် ကြံမှာပဲ .."

ထိုစဉ် နောက်ထပ် ဖုန်းဝင်လာတော့ နားထောင်လိုက်မိလျှင် ...

"နှင်းဆီ .. မင်းတို့ကို .."





"တောက်!..."

ဦးထက်ခိုင် အသံ ကြားလိုက်တာနှင့် ဖုန်းကို ဆောင့်ပိတ်ပစ်လိုက် သည်။

"သင်းကများ .. လူယုတ်မာ .."

"သမီး ဘယ်သူလဲ ဟင် .. ကိုထက်ခိုင် လား .."

"ဟုတ်တယ် .."

ဒေါ်သဲမြ မျက်နှာ ရှုံ့မဲ့သွားသည်။ ဒီကနေ ကားတားစီးလို့လည်း မရ ..၊ ကိုယ့်ကားကို မြင်နေရပါလျက်နှင့် ဒရိုင်ဘာ မလာမချင်း စောင့် ရမည့်ဒုက္ခကလည်း မသေး ..၊

နှင်းဆီ ကို ထားခဲ့ပြီး ကားသွားငှားဖို့ မဖြစ်နိုင်တာမို့ မိုးဖွဲလေး တွေကို မော့ကြည့်ပြီး စိတ်ညစ်နေမိသည်။ ထိုစဉ် ...

"ဟင် .. ဟိုမှာ ဖိုင်း ဆိုတဲ့ကောင်လေး ထင်တယ် .."

"ဘာလဲ .. တောင်ကြီးက သတ္တဝါလား .. ဒေါ်ဒေါ်သဲ မခေါ်နဲ့.."

"မခေါ်ရဘူးလား ဟင် .. သူ .. သူ ဒေါ်ကြီးတို့ကို မြင်တယ် .. ဟိုမှာ လာနေပြီ သမီးရယ် .. ခုချိန်မှာ မိတ်ဆွေတိုးတော့ ကောင်းတာ ပေါ့ကွယ် .. မချေမင် မပြောလိုက်ပါနဲ့နော် .. ဟိုတစ်ခါကလည်း သူ ကူညီခဲ့တာပဲ .."

"အဒေါ်တို့ တစ်ခုခု စောင့်နေတာလား .."

"ဘာမှမစောင့်ဘူး.. စောင့်နေတယ်ဆိုရင်လည်း ရှင်နဲ့ မဆိုင်ဘူး.."

တောင်းပန် ပြောထားကာမှ ပြောချလိုက်တာ စက်သေနတ်ပစ်တဲ့ အတိုင်း ..၊

ဒေါ်သဲမြ ပါးစပ်အဟောင်းသားနှင့် နှင်းဆီ ကိုလည်း မတား လိုက်နိုင် ..၊ ဖိုင်း ကို တောင်းပန်ဖို့ကလည်း ...

"ကျွန်တော်ကလည်း သက်ဆိုင်ကြောင်း လာပြနေတာမှ မဟုတ် တာ .. ခင်ဗျားကိုလည်း ဘာမှမမေးဘူး .. ဒီက လူကြီးကို မေးတာ.."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ .. ဟုတ်ပါတယ် လူလေးရယ် .. အခေါ်တို့ကို တကွစီ တစ်စီးလောက် ခေါ်ပေးပါလား ဟင် .. ကားက .."

"ဒေါ်ဒေါ်သဲ .."

နှင်းဆီ က ခပ်ဆောင့်ဆောင့် ခေါ်ကာ ...

"အနှင်း တို့ ဘာသာ ဒီကနေ ကားသွားငှားလို့ မရဘူးလား .. ဘာဖြစ်လို့လဲ .."

"သမီးရယ် .. ခေါ်ကြီးမှာ ဆွဲရတဲ့ အထုပ်တွေနဲ့ .. သမီး လက်ထဲမှာလည်း ဆွဲထားရတာ ပါသေးတယ် .. ကားက ဘယ်နားထိ သွားငှားရမယ်မှန်း မသိဘူးလေ .. မိုးကလည်း မသည်းပေမယ့် စိပ်နေတာ .."

"ဘာဖြစ်ဖြစ် လူစိမ်းတစ်ယောက်ကို အားမကိုးပါနဲ့ .. ဘယ်လိုလူကိုမှ မယုံကြည်သင့်တာ ဒေါ်ဒေါ်သဲ သိရဲ့သားနဲ့ .."

"ယုံကြည်တာ မဟုတ်ပါဘူး.. ဒါလေးလောက်က လက်တိုလက်တောင်း အကူအညီမျိုးပါ သမီးရယ် .."

နားစွင့်လိုက်တော့ ဟိုတစ်ယောက်၏ လှုပ်ရှားသံ ဘာမှ မကြားရဘဲ ...

"နောက်ကိုလည်း ခုလို မဖြစ်ရအောင် ခေါ်ကြီး ကြိုးစားမှာပါ..၊ သမီးရဲ့ စားဝတ်နေရေးအတွက် အစစအရာရာ ထောင့်စေ့အောင် မစီစဉ်နိုင်တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ .."

"အဲ့ဒါတွေ ပြောနေရမယ့်အချိန်လား ဒေါ်ဒေါ်သဲ ရယ် .. အခုထီးပဲ ဖွင့်ပေး .. အနှင်း တို့ဘာသာ သွားမယ် .."

"ဟိုးမှာ နိုင်း လက်ပြနေတယ် .. ကားရပြီ ထင်တယ် သမီး .. ဟုတ်တယ် .. ဟိုကား ဖြစ်မယ် .."

"သူ ဘယ်တုန်းက ထွက်သွားတာလဲ .."

"တကွစီ ခေါ်ပေးပါ ပြောလိုက်တည်းက သူ တန်းထွက်သွားတာ .."





ဒီလူက ဘာလဲ ..၊

ကားပေါ်မှာတုန်းကတော့ ဒေါ်ဒေါ်သဲ က ဝမ်းသာအားရ နှုတ်ဆက်တာကိုတောင် မခေါ်ချင်သလိုလို .. မပတ်သက်ချင်သလိုလို ..၊

လူကို ပြောဆိုဆက်ဆံခဲ့သမျှ ဘယ်တုန်းကရော ချိုသာ ယဉ်ကျေးတာ ရှိခဲ့သလဲ ..၊

ကားထဲ ဝင်ထိုင်ပြီးကာမှ ဒေါ်ဒေါ်သဲ ဝင်မလာသေးတာကို သတိထားမိသည်။ ထိုစဉ် မိုးတွေ သည်းချလာကာ ...

"ဒေါ်ဒေါ်သဲ .."

ပြန်ထူးသံလည်း မကြား.. သားမှာ စမ်းကြည့်တော့လည်း မတွေ့..၊ ခဏကြာမှ ဒေါ်သဲမြ ဝင်လာကာ ...

"ရပြီ ကားဆရာ ရေ .. မောင်း .. မောင်း .."

"ဒေါ်ဒေါ်သဲ က မိုးရေထဲမှာ ဘာလုပ်နေတာလဲ .."

"ဪ.. နိုင်း ကို ထီးယူသွားဖို့ ပြောရင်းနဲ့ပါ..၊ ကိုယ့်ကို ကူညီနေတာ .. သူ့ကျတော့ မိုးရေထဲမှာလေ သမီးရယ် .. အဲဒါနဲ့ ဟိုမေးဒီမေး ဖြစ်သွားတာ .."

"ဘာကိုလဲ .."

"ဘာရယ်လို့ မဟုတ်ပါဘူး .. ဘယ်မှာနေတာလဲ ဘာလဲပေါ့ .. သူက ရန်ကုန်မှာပဲ အလုပ်လုပ်မယ်ဆိုပြီး ထွက်လာတဲ့ပုံပဲ ..၊ ဒီမှာ ကြာဦးမယ်ထင်တယ်လို့ ပြောတယ် .. ဒီကောင်လေး ဟိုအိမ်ကလူတွေနဲ့ အဆင်ပြေပုံ မပေါ်ဘူး .."

"ဒီလိုပုံနဲ့ ဘယ်သူနဲ့မှ ပြေမှာ မဟုတ်ဘူး .. ဒေါ်ဒေါ်သဲ နောက်ကို အနှင်း က တားရင် ဖွတ်မလုပ်ပါနဲ့ .."

ကားထဲမှာပဲ စကားများရတော့မလို ဖြစ်လာလျက် နှင်းဆီ က ရှေ့ရေးနောက်ရေးလည်း ဂရုမစိုက်ပေ ..၊ ဒီလူ ရင့်သီးစွာ ပြောဆိုလှောင်ရယ်ခဲ့သမျှ ခံစားခဲ့ရတာတွေကို ဘယ်လိုအရာနဲ့မှ ချေဖျက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ် ...၊ သို့သော် ...

"တစ်ခုတော့ ပြောပါရစေ သမီးရယ် .. သမီးကို မလေးစားလို့ ဘောင်ကျော်ပြီး ပြောတာလည်း မဟုတ်ပါဘူး .. သမီး ဘယ်အခြေအနေ ရောက်နေနေ .. ဒေါ်ကြီးက သမီးရဲ့ .."

"ဒေါ်ဒေါ်သဲ ဘာပြောမလို့လဲ .. အဲ့တစ်ယောက်အကြောင်း ပြောချင်လို့ ဒီလောက်တောင် စကားတွေ ခင်းနေတာလား .."

"ဟုတ်တယ် သမီး .. ဒေါ်ကြီးတို့မှာ မိန်းမသားနှစ်ယောက်တည်း ဖြစ်နေတာရယ် .. ထက်ထက်မြက်မြက်ရှိတဲ့ သမီးက မျက်မမြင် ဖြစ်နေတာရယ် .. အဲ့ဒါတွေကြောင့် ဘေးအမျိုးမျိုး ရန်အမျိုးမျိုးကို စိုးရိမ်ထိတ်လန့်နေရတာ .. ပြောရမယ်ဆိုရင် ဒေါ်ကြီးက အစတည်းက သမီးရဲ့ အလုပ်သမားပါ .. အိမ်မှာဆိုရင် တစ်မိန့် တစ်ဩဇာတည်းကို နာခံနေရတာ မဟုတ်တော့ သမီးအတွက် ထိရောက်အောင် မကာကွယ်နိုင်ဘူးလေ .."

မျက်မှန်ကို ချွတ်ပစ်လိုက်ပြီး နှင်းဆီ နှုတ်ခမ်းလေး မဲ့၏။ ဘာမှတော့ မပြောပေမယ့် စိတ်ပျက်သည့်မျက်နှာလေးကို လွှဲထားကာ ...

"အဲဒီတော့ ဒီလူ့ကို မြင်လိုက်တာနဲ့ အားကိုးထိုက်တဲ့လူလို့ သတ်မှတ်လိုက်တယ်ပေါ့ .."

"အကြမ်းဖျင်းတော့ .."

"ခုမြင် .. ခုတွေ့တဲ့လူကို ဒေါ်ဒေါ်သဲ က .."

"ခုမြင် .. ခုတွေ့တဲ့လူ မဟုတ်ပါဘူး သမီးရယ် .. သူ့ရဲ့မိသားစု အခြေခံကိုလည်း ဒေါ်ကြီးတို့ သိထားတယ်လေ.. ပြောတာဆိုတာ အချိုးမပြေဘူးဆိုတာလည်း သူ့မှာ ကူညီချင်စိတ်လေး ရှိနေတာကို ကြည့်ရင် စိတ်ရင်းမဆိုးဘူးလို့ သတ်မှတ်ရမှာ မဟုတ်ဘူးလား .."

"တောက် .. ဘာတွေ လုပ်နေကြတာလဲ .. ထွက်ပါဟ .."

ကားသမားကလည်း သူ့ဒေါသနဲ့သူ ရှိကာ မှန်ချ ခေါင်းထွက်ပြီး





လှမ်းအော်တဲ့အထိ သည်းမခံနိုင် ဖြစ်နေ၏။

ဒေါ်သဲမြ စကားစ ပြတ်သွားကာ အပြင်ကို လှမ်းကြည့်လိုက်တော့ လမ်းပေါ်မှာ ကားတန်းကြီးတွေ ကပ်ထပ်နေလျက် မီးပွိုင့်မရောက်မီမှာပင် ဘယ်နှစ်ခါလောက် ပြန်မိမည်ဆိုတာ မသိ ...၊

ရန်ကုန်မြို့မှာ မိုးသည်းပြီဆိုတာနှင့် ကားတွေ ကျပ်ပါတော့သည်။

မျက်လုံးက နှင်းဆီ ထံ ပြန်ရောက်တော့ သူမက မျက်မှန်ကို ပြန်တပ်၍ ...

"ဒီလူကို ဒေါ်ဒေါ်သဲ ဘာတွေ ပြောပြခဲ့သေးလဲ .."

"မပြောပြပါဘူး သမီးရယ် .. သူကလည်း မမေးပါဘူး .. သူ့အကြောင်း မေးတာတောင် သိပ်ဟုတ်ဟုတ်ပက်ပက် မပြောပါဘူး .."

"အဲ့ဒီပုံစံမျိုးပဲလေ .. လူကြီးမှန်း မသိ .. ဘုန်းကြီးမှန်း မသိ .. လူဖြစ်ပြီး အထူအပါး မသိတဲ့လူ .. ဒေါ်ဒေါ်သဲ မို့လို့ အကြိမ်ကြိမ်စော်ကားခံနေတာ .."

ဒေါ်သဲမြ သက်ပြင်းချမိ၏။

"လူငယ်တွေရဲ့အကြောင်းကို လူကြီးတွေ အသိဆုံးပေါ့ သမီးရယ်.. အထူးသဖြင့် လူငယ်တွေ မှားကြတိုင်း လူကြီးတွေက သည်းမခံနိုင်ရင် လူကြီးသိက္ခာဆိုတာလည်း ဘယ်ရှိတော့မလဲ .."

ဒေါ်သဲမြ နှင်းဆီ နားလည်အောင် ကြိုးစားရမှာပါ ...၊ ဘာဖြစ်လို့လဲဆိုလျှင် ...

"ပြီးတော့ အရာရာကို ကြုံဖူး တွေ့ဖူးနေလို့လည်း ဘယ်လိုလူ ဘယ်လိုပုံစံဆိုရင် ပေါင်းအပ်တဲ့လူ .. မပေါင်းအပ်တဲ့လူဆိုတာတွေကို လူကြီးတွေ အကဲခတ်နိုင်တာပေါ့...၊ သမီး မမြင်နိုင်တဲ့ တောက်လျှောက်မှာ သူနဲ့ ဒေါ်ကြီး မကြာခဏ ဆုံဖူးတယ် .. ပထမဆုံးက သူ့ကို မခေါ်ရဘဲ သူ့ဘာသာ ဒေါ်ကြီးကို လာကူညီတာ .."

ဒီအကြောင်း ဘောင်ကြီးမှာတည်းက ဒေါ်ဒေါ်သဲ ပြောပြခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့် ကူညီခဲ့တယ်ဆိုတာ ပြောပေမယ့် ဖိုင်း ဆိုတဲ့လူမှန်းတော့ မသိခဲ့ ...။

"ဒေါ်ကြီး သမီးကို ပြောခဲ့ဖူးမှာပါ .. ဒါပေမယ့် အဲဒီတုန်းက တောင်မှ ဒေါ်ကြီးကို ကူညီတဲ့ကောင်လေးက မမြတ်ညွှန့် ရဲ့ မွေးစားသားမှန်း မသိခဲ့ဘူး .. ကိုယ့်အိမ်ဘေးမှာနေနေတဲ့ ကလေးမှန်း ဆက်စပ်မသိခဲ့တာလေ .. သိရတော့လည်း ပြန်ဖို့အစ်ဖို့ကိစ္စတွေနဲ့ ရှုပ်ပြီး မပြောမိခဲ့ဘူး ထင်တယ် .."

ကားပေါ်မှာ ပြန်ဆုံကြတော့ တစ်လမ်းလုံး ခင်မင်စွာ ပြောဆိုရင်းနှီးသွားကြမည် ထင်ခဲ့ပါသည်။ ဘာစကားမှတောင် အဆုံးမသတ်လိုက်ရဘဲ ရန်ပွဲနဲ့စ၍ ရန်ပွဲမပြီးခင်မှာပဲ ဖိုင်း က ပြန်ပျောက်သွားခဲ့၏။

"အနီးစပ်ဆုံး ဥပမာပြရရင် ညီအစ်ကိုဆိုတဲ့ ခွန်မင်းထွန်း နဲ့ဆိုလူပုံချင်းရော .. ပြောဆို ဆက်ဆံတဲ့အနေအထားရော .. ဖိုင်း နဲ့ တခြားစီပဲ .."

"တခြားစီပေါ့ .. မွေးစားသား မဟုတ်ဘူးလား .."

"ဒါက သွေးသားတော်စပ်ရမယ့်ကိစ္စပါ သမီးရယ် .. တံငါနားနီးတံငါ .. မုဆိုးနားနီး မုဆိုးလေ .. ဒီလောက် တစ်သက်လုံး အတူတူနေလာတာ ဆင်တူတာလောက်တော့ ရှိရမှာပေါ့ .. ခွန်မင်းထွန်း ဆိုရင် သမီးကို ဘယ်လောက် လိုက်လျှောချင်နေလဲ ..၊ သမီး အိမ်ထဲက အပြင်မထွက်တာတောင် အမျိုးမျိုး အကြောင်းရှာပြီး ရောဖို့ ကြိုးစားတာလေ .."

နှင်းဆီ က တံခါးဘက်ကို ထပ်တိုးကာ မှန်ချလိုက်၏။

"ဟာ!.. အဲကွန်းဖွင့်ထားတာ မှန်မချနဲ့လေ .. မိုးစိုကုန်မှာပေါ့.."

ကားသမားက ပျာပျာသလဲ လှည့်ကြည့်ပြီး တား၏။

"ရှင့် အဲကွန်းက အေးမှ မအေးတာ .. မိုးလည်း မစိုဘူး .. ကျွန်မကိုယ်နဲ့ ခံထားပေးမယ် .. မပူနဲ့ .."





"ဟုတ်ပါပြီ .. ကားရပ်ထားရလို့ ပိတ်ထားတာ .. ခု ဖွင့်ပေးပါ့မယ် .. မှန်ပြန်တင်လိုက်ပါ .."

"ဒါဆိုလည်း နောက်ကို အေးအောင် ပို့ပေး .."

ကားဆရာ မျက်နှာ ရှုံ့တွတွ မဲ့တဲ့တဲ့နှင့် ပြန်လှည့်သွားသည်။ ...ါသဲမြ အားနာပေမယ့် မတတ်နိုင် ...၊

နှင်းဆီ အဲကွန်းမဖွင့်ဘဲ ဘယ်တော့မှ ကားမစီးတတ်တာကို သိ...ားသဖြင့် တက္ကစီငှားဖို့ ရှိလာရင်တောင် ကားရွေးရတာ အမော ...၊

ကားပေါ်မှာ စကားပြောရတာလည်း ဟိုရောက် ဒီရောက်နဲ့ပါ...၊

ပြောချင်နေသေးတာက ဖိုင်း နဲ့ ပတ်သက်ရမှ ဖြစ်မယ့်အကြောင်း...ွေ ...၊

ဒါပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အမိပွာယ်မရှိတာ သီတာ ရယ် .."

"အမိပွာယ်တော့ ရှိတယ် အနှင်း .. ခွန်ဖိုင်း ဆိုတဲ့လူကို မပြော ရသေးတာက မသေချာဘူး ဖြစ်နေတာ .. ဒေါ်သဲ ကိုလည်း နင် စိတ် မတိုနဲ့ .. နင်နဲ့ ပြောရေးဆိုခွင့်ရှိနေတဲ့ ငါ့ကို သူ လာပြီး အကူအညီ တောင်းတာက ငါက ဥပဒေအကျိုးဆောင် ဖြစ်နေလို့လည်း ပါတယ်-"

"ဘာဆိုင်လို့လဲ .."

"ဪ .. ကဲ .. ဒေါ်သဲ ကို ဦးထက်ခိုင် က မြိမ်းခြောက်စကား တွေ နင့်ကွယ်ရာမှာ ပြောတယ်တဲ့ ..၊ ဒေါ်ကြာဖြူ ကလည်း လည် တယ် .. ပြောရမယ်ဆို ဒေါ်ကြာဖြူ က နင့်ရဲ့စည်းစိမ်ဥစ္စာတွေကို မ တယ် .. ဦးထက်ခိုင် က လူကို လိုချင်တယ် .."

"သီတာ ရယ် .. ငါ ကန်းနေတာနဲ့ပဲ .."

"ဟုတ်တယ် .. နင် ကန်းနေလို့ အပိုင်တွက်ပြီး မှန်းနေတာပေါ့- အခု နင့်ကို အထင်သေးပြီး သူ သိမ်းပိုက်နိုင်တဲ့ မိန်းကလေးတစ် ယောက်လို့ မြင်နေတာ .. နောက်ဆိုရင် .."

"တော်ပါတော့ သီတာ ရယ် .."

"တော်ပါတော့ဆိုရင်တော့ လက်စသတ် ပြောရရင် နင် ခိုင်း ကို စဉ်းစားသင့်တယ် .."





"လုံးဝ မစဉ်းစားဘူး .."

"တကယ်မှ မဟုတ်တာ .."

"အဲ့ဒါကြောင့် ပိုဆိုးတာပေါ့ .."

"ဒါဆို အတည် လက်ထပ်ချင်ဘာလား .."

"သီတာ နော် .."

သီတာ က အသံမထွက်အောင် ရယ်ပေမယ့် သူမ ရယ်တာကို နှင်းဆီ ကြားနေရ၏။

"ဒေါ်ဒေါ်သဲ အဲ့ဒီတစ်ယောက်ကို ဘာဖြစ်လို့ ခေါင်းထဲ ထည့်နေ မှန်း စဉ်းစားလို့ကို မရဘူး .. ငါ ဘာကယ် အံ့ဩတယ် .."

နှင်းဆီ မျက်နှာလေး ရှုံ့မဲ့နေတာကို သီတာ က ပြုံးကြည့်နေကာ...

"ငါ့ကို သူ ပြောပါတယ်.. ခွန်ဖိုင်း ကို မြင်တည်းက သူ့ရဲ့ မသိ စိတ်က ဒီကောင်လေး 'မဆိုးဘူး' လို့ ခံစားမိခဲ့တာတဲ့ .."

"ဟုတ်တယ်မှာ .. သူ့ကို ဆိုင်ကယ်လ်ပေါ်တင်ပြီး အိမ် လိုက်ပို့ ပေးခဲ့တာကို ကျေးဇူးတင်မဆုံး ဖြစ်နေတာ .."

"ဒီထက် လေးနက်တာကို တွေးစမ်းပါ အနှင်း ရယ် .. အဲဒီတုန်း က နင့်လူမှန်း ဘာမှန်း ခွန်ဖိုင်း က သိတာ မဟုတ်ဘူးဆို .. နင်နဲ့လည်း ည်းနည်းမှ မတည့်ဘူး ဆို .."

"အေးလေ .. အဲ့ဒီလိုလူကို ဘာဖြစ်လို့ စဉ်းစားရတာလဲ .. အိမ်မှာ ခိုင်းဖို့ဆို ဟုတ်သေးတယ် .. ဥပမာ ဒရိုင်ဘာခန့်ဖို့ ဘာညာ .. တော့ ဟန်ဆောင်လက်ထပ်ဖို့တဲ့ .. ငါ အရမ်း စိတ်တိုတယ် သိလား.."

"သိတယ် .. သူကလည်း ဒါကို သိလို့ ငါ့ကို အကူအညီတောင်း တာပေါ့ .."

ခြံထဲမှာပေမယ့် ပန်းရုံကြီးတွေ ထူသိပ်နေတာမို့ သီတာ က ကားပြောနေရင်း ပတ်ဝန်းကျင်ကို မကြာခဏ အကဲခတ်နေ၏။ ဦးနော့ ခုံရောလူပါ နှင်းဆီ နားကို ထပ်တိုးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာ လုပ်ဖို့ရော .. ငါတို့ စီစဉ်တာကို လက်ခံဖို့ရော - သူ့ဘက်က ဘာအဖြေမှ မလာသေးဘူးလေ .. ဒရိုင်ဘာအဖြစ်နဲ့ပဲ နင် တွေးကြည့်ပါဦး .. လိုချင်တာက ကိုယ့်ဘေးမှာ ကာကွယ်မယ့်သူ - သူ့နေရာက ဒရိုင်ဘာဆိုရင် သူ နင့်ကို ဘယ်လို ကာကွယ်နိုင်မှာလဲ- နင်က ကားပေါ်မှာ နေမှာ မဟုတ်ဘူး အနှင်း .. အိပ်ခန်းထဲမှာ နေမှာ- ပြီးတော့ အိမ်က အလုပ်သမားတွေအပေါ် နင့်ထက် သူ့သြဇာ ပိုညောင်း တယ်ဆိုတာ မမေ့နဲ့ .."

နှင်းဆီ ငြိမ်သက်သွားခဲ့သည်။ ဒါပေမယ့် မဖြစ်နိုင်ဘူးဆိုသည့် ငြင်းဆန်ခြင်းက သူမ မျက်နှာမှာ အတိအလင်း ရှိနေခဲ့၏။

"ခုတောင် ဒေါ်သဲ ကို ပညာပြလိုက် .. နင့်ကို ငါ ရှာပေးထားတဲ့ ဒရိုင်ဘာကို သူ့ဒရိုင်ဘာ ယူလုပ်လိုက် ..၊ အိမ်တစ်အိမ်က အလုပ်သမား ဆိုတာ အဲ့ဒီအိမ်မှာရှိတဲ့ လူတွေရဲ့အမိန့်ကို နာခံရတာပဲဟ .. ဦးထက်နိုင် လို အိမ်မှာ အကြီးဆုံးပုဂ္ဂိုလ်ဆို ပိုလန့်ကြတာပေါ့ ..၊ နင် မာန တွေ ကြီးမနေပါနဲ့ဟာ .. ခုချိန်မှာ ဖိုင်း က လက်ခံအောင်ပဲ နင် ကြိုးစားသင့် တာ .. ဘာဖြစ်လဲ .. တကယ်မှ မဟုတ်တာ .."

နှင်းဆီ ခေါင်းတွင်တွင်ခါနေတော့ သီတာ သက်ပြင်းချမိ၏။

"ငါ့ဘက်ကတော့ ဒေါ်သဲ ကိုလည်း ယုံသလို ဒေါ်သဲ ပြောပြ အချက်တွေပေါ်မှာ သုံးသပ်ပြီး သူ စီစဉ်တာကို နင် လက်ခံသင့်တယ် ထင်တာပဲ .. နင်သာ လက်ခံမယ်ဆိုရင် ဖိုင်း ကို သေချာ ပြောပြ အကူအညီတောင်းမယ် .. နင့်ဘက်က ငါ ရှိတာပဲ အနှင်း ရဲ့ .. လိုအ ရင် ပြနိုင်အောင် လက်ထပ်စာချုပ်တော့ ရှိရမယ် .. သူ ဒီစာချုပ်ပေါ် ဘာမှ မဖောက်ဖျက်ရဲအောင် လိုအပ်တဲ့ အချက်အလက်တွေနဲ့ အ စာချုပ်မယ် .. ဒါကို ငါ့တာဝန် ထားပါ .. နင့်ဘက်မှာ လုံးဝ နစ်န မရှိရဘူး .."

သီတာ က နှင်းဆီ လက်မောင်းလေးကို ဆုပ်ကိုင်ပြီး သေ





ရှင်းပြနေသည်။

"နင့်ဘက်က ရှင်းချင်တဲ့အချိန်မှာ အားလုံး ကလီးယား ဖြစ်စေ ရမယ်ဟာ.. အဲဒီလောက်ထိ အာမခံတယ် .. နင် သေချာ စဉ်းစားစမ်းပါ ဟာ.. ငါ နင့်ကို ခုလောက်ထိ ဒုက္ခရောက်နေမှန်း တကယ်ကို မသိခဲ့ဘူး အနှင်း ရယ် .. ဖုန်းဆက် အကူအညီတောင်းလို့ လုပ်ပေးလိုက်တော့ သည်း ငါ ပို့ပေးလိုက်တဲ့ ဒရိုင်ဘာက ဟိုဘက် ပါသွားတယ် .."

"အဲ့ဒါတွေ မပြောပါနဲ့ဟာ .."

"ပြောရမှာပဲ အနှင်း .. ငါတို့ ကွဲကွာနေကြတာ ကြာပြီပေမယ့် တကယ့် သူငယ်ချင်း အရင်းကြီးတွေပါ.. နင့်အတွက် ငါ တစ်ခုခု ကူညီ ချင်တယ်.. ဒေါ်သဲ လာပြောတော့ အဲ့ဒီကိစ္စအတွက် ငါ ဝင်ပြီး အင်တိုက် အားတိုက် ဆောင်ရွက်ပေးမယ်လို့လည်း ဆုံးဖြတ်လိုက်တယ်.."

"ငါ့ကို ဒီလူနဲ့ လက်ထပ်ဖြစ်ဖို့လား .."

"နင့်ဘဝ အညွန့်မကျိုးအောင်လို့ပါ .. မိန်းမကစ်ယောက်ရဲ့ဘဝ ပျက်စီးဖို့ဆိုတာ မိနစ်ပိုင်းလေးလောက်နဲ့ မွမွကြေသွားလို့ ရတယ် .. ကျားချောင်းသလိုချောင်းနေတဲ့ ယောကျ်ားတစ်ယောက်ရဲ့ရန်ကို ကာ ကွယ်ဖို့ဆိုတာလည်း မလွယ်ဘူးဟ .. နင့်လို မျက်မမြင်ဘဝနဲ့ အနီးကပ် ဆုံးရှိနေတဲ့ ဒီလူရဲ့ရန်ကို ဘယ်လို ကာကွယ်မလဲ .."

"ငါ့ယောကျ်ားအဖြစ် ဟရားဝင် အနားရောက်လာမယ့် အဲ့ဒီလူရဲ့ စရိုက်ကိုရော .. ငါတို့က ဘယ်လောက်ထိ ယုံရမှာလဲ ပြောပါဦး ..၊ ဘယ်သူနဲ့ပဲ နေနေ ငါက အကန်းပဲ သီတာ .. ကျားကြောက်လို့ ရှင်ကြီး ကိုး .."

"ရှင်ကြီး ကျားထက်ဆိုးမှာ မဟုတ်ဘူးဆိုတာတော့ ငါ ပြောရဲ တယ်ဟာ .."

"ဘာကြောင့်လဲ .."

"ဒါကတော့ မတော်လို့ ထပ်မှားခဲ့ရင်ဆိုတဲ့ မကောင်းခြင်းနှမ်ခု



www.burmeseclassic.com

www.burmeseclassic.com



မှာ ကံကိုယုံပြီး ရွေးချယ်ရမယ့်အပိုင်းပဲ .. ထပ်ရွေးခဲ့တာလည်း မှားပြန်ပြီဆိုရင်တောင် နံပါတ်တစ် .. နင် ဦးထက်နိုင် လက်ကတော့ လွတ်မြောက်မှာပဲ ..၊ နံပါတ်နှစ် .. ဒါက ငါတို့ဘာသာ တွက်ကြည့်ထားတာပဲ ရှိသေးတယ်ဆိုတော့ ရှစ်ဆယ်ရာခိုင်နှုန်းက ကောင်းဖို့ ရှိနေသေးတယ် .. နံပါတ်သုံး .. ဒါ တကယ် ဖြစ်လာရင်လည်း အဆိုးဆုံး ကံဆိုးခြင်းကနေ လွတ်မြောက်လာခြင်းလို့တော့ ယူဆနိုင်တယ် .. ဦးထက်နိုင် နဲ့ ခွန်ဖိုင်း က အစစအရာရာ အရမ်းကို ကွာခြားတယ်လေ .."

သီတာ က အကြာကြီး ပြောနေပြီးမှ နှင်းဆီမျက်နှာ ကို စိုက်ကြည့်၍ စကားစောင့်သည်။ ပြီးမှ ...

"နင့်မျက်လုံး ခွဲစိတ်ဖို့လည်း ဖေဖေက အစခပ်သိမ်း ကူညီမှာပါ- ဒီကိစ္စကို ငါ ပြောပြတော့လည်း ဖေဖေက ထောက်ခံတယ် .. ဒါ စိတ်ကူးယဉ်ဆန်ပေမယ့် နင့်အတွက် အနီးကပ် စောင့်ရှောက် ကာကွယ်ပိုင်ခွင့် ရှိတဲ့သူမှသာ ဦးထက်နိုင် ကို ရင်ဆိုင်မှာတဲ့ ..၊ သူ့မှာ ချစ်သူ မရှိခဲ့ဘူးဆိုရင်တော့ ဒီတိုင်း လုပ်ရမှာပဲတဲ့ .."

နှင်းဆီ ဘာတစ်ခွန်းမှ မပြောနိုင်ခဲ့ပေ ..၊ မိဘဆိုသောအရိပ် မဲ့ရခြင်းနှင့်ပတ်သက်၍ သူမအတွက် နောက်ထပ် ကံဆိုးခြင်းလက်ဆောင်ကပါ ရောက်ရှိလာခဲ့သေးသည်။

နင် ဘာကို လုပ်ဦးမှာလဲ ..၊

"ငါတို့ နင့်အတွက် အရမ်းစိတ်ပူလို့ ပြောနေတာပါ အနှင်း ရယ် ခွန်ဖိုင်း ဘက်က မလှုပ်ရဲအောင် ငါတို့အင်အားနဲ့ ဖိအားပေးထားကြမှာပါ ..၊ ကိုယ် မရင်းနှီးတဲ့ လူစိမ်း ဖြစ်ပေမယ့် လူယုံဆိုတာတွေလည်း ဖောက်ပြန်တတ်ကြတာပဲ .. လူစိမ်းတစ်ယောက်ကို ယုံကြည်ဖို့ စွန့်စားရတော့ ကျတာပေါ့ဟာ .. ငါတို့တွေ ဒီလိုမှ မလုပ်ရင် ဒေါ်သဲ က လည်း မလည်ဝယ်ရတဲ့အပြင် သဘောကောင်းလိုက်တာလည်း အရမ်းပဲ .. နင်က မကြောက်တတ်ပေမယ့် မျက်မမြင် ဖြစ်နေတယ် .."





"တော်ပါတော့ သီတာ ရယ် .. နင် အဲဒါတွေ ပြောဖို့အတွက် ဘာကူးတက လာရတာ ငါ အားတော့ နာပါတယ် .."

"နင်က လက်မခံနိုင်ဘူးပေါ့ .."

"အခု အဲ့ဒါကို လုံးဝကို စဉ်းစားကြည့်လို့ မရဘူး .."

"အခု မရသေးရင် နောက်ထပ်ပြီး စဉ်းစားပေါ့ အနှင်း ရယ် .. ယောကျ်ားမှန်ရင် ဒါမျိုးတွေပဲလို့တော့ သိမ်းကျုံးမတွက်ပါနဲ့.. သူတော်ကောင်နဲ့ ဘုရား ရဟန္တာတွေက ယောကျ်ားတွေပါ ..၊ နောက်ပြီး နင်တို့ ငါတို့ရဲ့ အဖေတွေကို လေးစားရမယ် .."

သီတာ့ စကားတွေက နှင်းဆီ အတွက် ထိရောက်တဲ့ ထောက်ပံ့မှုတွေပါ .. ဒါပေမယ့် ခွန်ဖိုင်း ကို နာမည်ခေါ်မိတာနဲ့တင် နာခေါင်းရှုံ့မိပြီး ဖြစ်နေခဲ့သည့်ရင်ထဲမှာ အနားမှာ ထားပြီး ချိုသိပ်ဆက်ဆံဖို့က မဖြစ်နိုင် ..၊

သူမအတွက် အိမ်ထောင်ပြုဖို့က ဘာဖြစ်လို့ ပထမ အရေးကြီးဖြစ်နေရတာလဲ ..၊

"သမီး အိမ်ထောင်ပြုရမယ် .."

မေမေကလည်း ဒါကိုပဲ ထည့်ပြောသွားခဲ့၏။

ဘာဖြစ်လို့လဲ ..၊ ဘာကြောင့် သူမကျမှ ဒီလို ဖြစ်ရတာလဲ ..၊

ပထွေးဆိုသူကြောင့်လား ..၊ မျက်မမြင်ဘဝကြောင့်လား ..၊

ဒီမေးခွန်းကို အဖြေ သိနေပါလျက်နှင့် မကျေနပ်စွာ အထပ်ထပ်ပြန်မေးနေမိ၏။ သီတာ့ ကို ရင်ဖွင့်ပြောပြမိရင်း မျက်ရည်ကျတော့ သူမက သက်ပြင်းချသည်။

ပြီးတော့ သက်သာရာ သက်သာကြောင်း နှစ်သိမ့်ရှာပါ၏။

"အဲ့ဒီ နှစ်ခုစလုံးက နင့်မှာမှ လာဖြစ်နေတာကိုး .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"မတတ်နိုင်ဘူး ဟေမာ .. ကိုယ့်ပြဿနာ ကိုယ်ရှင်း .."

ဖုန်းချပြီး သုန်မှုန်နေသည့်မျက်နှာကို မင်းခမ်း က အကဲခတ်ေ[illegible]၏။ ဖုန်းပြောပြီးရင်တော့ ဒီဘက်လှည့်လာမှာပဲ ထင်ပေမယ့် နိုင်း [illegible] စီးကရက် မီးညှိနေသဖြင့် စိတ်မရှည်ချင် ..၊

"ဘာတွေ ဖြစ်ပြန်ပြီလဲ နိုင်း .."

"ဟေမာ ရန်ကုန်ရောက်နေတယ် တဲ့ .."

"သိပါတယ် .. မင်းနဲ့ ဘယ်လိုငြိဖို့ ရှိနေသလဲလို့ မေးတာ .."

"ဘယ်လိုမှ မငြိဘူး .."

"ဒါဖြင့် မင်းမျက်နှာကြီးက ဘာဖြစ်နေတာလဲ .. ဆောဆော[illegible] လာသွားတဲ့ ဒေါ်ကြီးကြောင့်လား .. ဟေမာ့ ကြောင့်လား .."

"ဘာကြောင့်မှ မဟုတ်ဘူး .."

ပြောပြီးတော့ စီးကရက်သောက်နေတာ စိမ်ပြေနပြေ .. သူ [illegible] နေတာကို သူပဲ နားလည်သည်။ ပြောပြချင်ပေမယ့် ပြောရမယ့်အကြော[illegible] လည်း မဟုတ် ..၊





ရန်ကုန် ရောက်လာပြီးမှ အလုပ်အကိုင်က အဆင်မပြေသေးဘဲ စိတ်ပါ အဆင်မပြေ ဖြစ်လာရတော့ နောက်ထပ် မပြေဖွယ်ကို တွေးလည်း မတွေးချင် .. ပြောလည်း မပြောချင် ..၊

ဒါပေမယ့် မင်းခမ်း ကလည်း ဒါကိုပဲ သိချင်နေရာ ...

"နေစမ်းပါဦး .. ဟေမာ တို့က မင်းကို တစ်သက်လုံး လူရာမသွင်းခဲ့ဘဲနဲ့ ခုကျမှ တစ်နေ့တည်းမှာ ဖုန်းခေါ်တာ လေးခါ .. ဘာတွေ အရေးကြီးနေတာလဲ .. သူ ရန်ကုန်ရောက်နေတာကို မင်းကို ဘာလုပ်စေချင်တာလဲ .."

"ရန်ကုန်မှာ သူ့အသိမှ မရှိတာကွ .."

"ခလုတ်ထိမှ နိုင်း ကို 'တ'တယ်ပေါ့ .."

"'တ'ရုံတင် မဟုတ်ဘူး .. သူက စိုင်းမော် နောက်ကို လိုက်လာတာ .."

"ဟင်!... ခိုးရာ လိုက်လာတယ် .."

"မဟုတ်ဘူး .. သူ့ဟာသူ လာတာ .. ဒီရောက်မှ စိုင်းမော် က လာမတွေ့တာ .."

"ဟာ .. တကယ့် ရှော့ခ် အကြီးကြီးပါလား .."

"သူ့ဟာသူ မီးပဲ ထလောင်လောင် ကိုယ့်ပြဿနာ ကိုယ် ရှင်းပဲ..၊ ငါ သူ့ကို ခဏခဏ သတိပေးတယ် .. ပေးခဲ့တိုင်း ငါပဲ အပြောခံရတယ် .."

"မင်း တကယ် အဲ့လို နေနိုင်လို့လား .."

"ဘာလို့ မနေနိုင်ရမှာလဲ..၊ ဒီမှာ မင်းခမ်း .. အမေတစ်ယောက်ကလွဲရင် ငါ့ရဲ့အတိတ်မှာ လွမ်းလောက်စရာ လူသား တစ်ယောက်မှ မရှိဘူး .. အားလုံးက မလွမ်းသင့်တဲ့လူတွေ .. ငါ့ရင်ဘတ်ထဲကို နာကျင်ကြေကွဲမှုတွေပဲ ပေးခဲ့တဲ့လူတွေအပေါ် ငါက ဘာကို လွမ်းရမှာလဲ .."

နိုင်း မျက်နှာက ခက်ထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစတည်းက ပါးမို့တွေပါ ရဲနေအောင် ဖြူသည့်မျက်နှာက တစ်ပြင်လုံး ပန်းရင့်ရောင်တက်နေ၏။

ရင်ထဲက ပူလောင်မှုတွေကို ဘယ်သူမှ သိမှာ မဟုတ်ပေမယ့် မျက်နှာမှာတော့ အပူဟပ်နေပြီဆိုတာ ကိုယ့်ဟာကိုယ် သိသည်။ ဟောမာ ဆိုသည့်အသံ ကြားလိုက်တည်းက ရိုးစင်းသောအတိတ်ထဲကနေ ရှုပ်ထွေးသောဖြစ်ရပ်တစ်ခုကို စိဘ်က အလိုလို ရောက်သွားခဲ့၏။

ဒါကလည်း ဟောမာ ဆိုသော စီးပွားစ ဟစ်ခုပင် ...၊

"ငါ တောင်ကြီးက ထွက်လာတည်းက ဘယ်တော့မှ ပြန်မလှည့်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား .."

"မင်းက ကိုယ့်ခံစားချက်နဲ့ကိုယ်ပေမယ့် သူတို့ကတော့ မင်းက သူတို့နဲ့ ဘယ်တော့မှ ကင်းနိုင်မှာ မဟုတ်တဲ့ ကျေးဇူးခံ ကျေးဇူးစား တွေနဲ့ ပေသီး ခေါက်နေမှာပဲ .."

"ဟုတ်တယ် .."

"ဒီထဲမှာ မင်းအမေ မပါပေမယ့် သူ့သားသမီးအရင်းတွေနဲ့ ဦးလေး ဦးထွန်းငွေ တို့ကို သူ မထိုးဖောက်နိုင်ဘူးကွ .."

"အမေ့ကို ငါ နားလည်ပါတယ် .. ချစ်လည်း ချစ်တယ် .. ဒါပေမယ့် သူတို့ရဲ့ အသိုက်အမြုံထဲက တစ်ယောက်ပါပဲ ...၊ သူတို့ အမေ့ကို ငြိုငြင်ကုန်အောင် ငါ့အတွက်နဲ့ ဘယ်တော့မှ ရွေးနုတ် ဆွဲမထုတ်ဘူး.. ထွက်လာတည်းက အားလုံး ပြီးခဲ့ပြီလို့ ထားခဲ့တာပါ ဆို .."

"ခု သူတို့က မပြီးတာ မင်း ဘယ်လိုလုပ်မလဲ ..၊ ခုလောက်ဆို မင်းက ဘယ်လို မသိတတ်တာတွေ .. ဘယ်လို ပြောလွှတ်လိုက်တာ တွေ အိမ်ကို ပြန်ပြောပြီးနေလောက်ပြီ .."

"မတတ်နိုင်ဘူး .."

"မင်း ဟိုတစ်ယောက်အကြောင်းပါ ပြောလိုက်သေးလား .."

"ဘယ်တစ်ယောက်လဲ .."





"နှင်းဆီမျက်နှာ .."

"မပြောပါဘူး .. ဘာဆိုင်လို့လဲ .."

"မင်း အင်တင်တင် ဖြစ်နေတာ .. သူတို့ကြောင့် ပါသေးလား.."

"မပါပါဘူး .. ငါ မှန်တယ်ထင်ရင် ဘယ်သူ ဘာပြောပြော ဂရုမစိုက်ဘူး .."

"ဒါဆို ဘာလို့လဲ .. မင်းပဲ သူတို့နှစ်ယောက်ကို တကောက်ကောက် လိုက်ကူညီနေပြီးတော့ .. အခု သူတို့မှာ အခက်အခဲ ဖြစ်နေတယ် .. မင်းလည်း ငွေလိုနေတယ် .. ဒါကို အလုပ်တစ်ခုလို သဘောထားလိုက်ရင်တောင် စရိတ်ငြိမ်းမယ် .. ငွေတွေ အပုံလိုက် ရမယ် .. ကောင်မလေးနဲ့လည်း .."

"နှင်းဆီမျက်နှာ က မလွယ်ဘူး .."

"မလွယ်လို့ မင်းကို စာချုပ်တွေ နှစ်ခု သုံးခုနဲ့ ဖမ်းထိန်းထားတာ ပေါ့ကွ .. ကိုယ်က မဟုတ်မတရား လုပ်မယ့်လူမှ မဟုတ်တာ .. သူ့ဟာသူ ဘယ်လိုစာချုပ်တွေရှိရှိ ဂရုစိုက်ဖို့ မလိုပါဘူး .. သတ်မှတ်တဲ့ကာလ ပြည့်ရင် ငွေထုပ်ပိုက်ပြီး ထွက်လာခဲ့ရုံပဲ .."

အရာရာဟာ ပြောသလောက် မလွယ်ဘူးဆိုတာ သူ သိနေသည်။ နှင်းဆီ ဆိုတဲ့သူမကို ပထမဆုံး သူ သိတွေ့ခဲ့တာက အလွန် အထင်သေး စက်ဆုပ်ဖွယ် မိန်းကလေးအဖြစ် ...၊

ဒီနည်းနဲ့ပဲ သူမကို နောက်ထပ် တွေ့သည်။ ပြီးတော့ ကားပေါ်မှာ ထိုပုံစံအတိုင်း ကိုယ်ထိလက်ရောက် ကျူးလွန်လာတာ သိလိုက်ရတော့ သူ အားပါးတရ နှိပ်ကွပ်ခဲ့သည်။

မညှာမတာ စကားလုံးတွေနဲ့ မိန်းကလေးတစ်ယောက်ကို ချိုးဖဲ့ စော်ကားခဲ့၏။ တကယ်တမ်း သူမက မျက်မမြင်မိန်းကလေး ဖြစ်နေခဲ့ သောအခါ ထိုအမှန်တရားအတွက် သူ့မှာ ဖြေရှင်းစရာ မရှိတော့ပေ..။

သူမ ကိုယ့်အပေါ် ဘယ်လောက်ထိ နာကြည်းမုန်းတီးနေပြီလဲ..၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုယောကျ်ားလို့ ထင်နေမလဲ ..။ သူ အမှတ်တမဲ့ ဖြတ်သန်းခဲ့သော နေ့ရက်တွေထဲမှာ မိန်းကလေးတစ်ယောက် မရှုမလှ ရှုံးနိမ့် ခံစားနေခဲ့ရ၏။

ဒါတွေကို ခုကျမှ မင်းခမ်း ကို သေချာ ပြောပြမိကာ ...

"ငါ သူ့ကို မျက်လုံးမမြင်ဘူးဆိုတာ သိလိုက်ရတဲ့အချိန်မှာ သူ့ကို ငါ ထင်ခဲ့ ကြည့်ခဲ့မိသမျှ မရှုးစမ်းခဲ့တဲ့ ကိုယ်အဖြစ်ကိုပဲ ရှက်မိတယ်..၊ မမြင်ရတဲ့လူက မှားယွင်းနေခဲ့သမျှကို ငါက မြင်နေရက်နဲ့ မိုက်ရိုင်းခဲ့တာ .."

"ဒါကတော့ကွာ ဘယ်ယောကျ်ားမဆို ဒီလိုကြုံလာရင် အထင်သေးမိမှာပဲ .. အရင်းမစိုက် လှေထိုးလိုက်တဲ့ကောင်တွေသာဆို ဒါမျိုးများ တွေ့ရင် ကြာသလားလို့ပဲ.. မင်းသာ အထင်သေးပြီး မဆက်ဆံချင်.. မပတ်သက်ချင် ဖြစ်သွားတာ ..၊ သူလည်း မမြင်လို့ .. မင်းလည်း မသိလို့ပဲကွ .."

"ဒါပေမယ့် ဒါကို ထည့်ပြောပြီး ချိုးဖဲ့နှိမ့်ချခဲ့တာ ငါ ယောကျ်ားမဆန်ခဲ့တာပဲ ..၊ ခန့်ဝင်း တို့နဲ့ ပြဿနာတက်တော့ ငါ ရောက်သွားခဲ့တယ် .. သူ့ပုံစံက လူရမ်းကားတွေ ဝိုင်းနေတာကိုလည်း ထိတ်လန့်နေပုံမရှိဘူး ..၊ ငါ ရောက်သွားတာ ကူညီခဲ့တာကိုလည်း ဂရုမစိုက်ဘူး .. ငါက သူ မျက်မမြင်မှန်း သိလိုက်လို့ အံ့သြနေချိန်မှာ သူက ငါ့အသံကြားလိုက်တာနဲ့ လူသတ်ချင်စိတ်ပေါက်အောင် ဖြစ်သွားတာ ပြန်တွေးကြည့်တော့ သိသာတယ် .."

"ဧကန္တ .. မင်း သူနဲ့ ပြန်ဆုံပြီးတည်းက သူ့အကြောင်းပဲ တွေးနေပုံပဲ .."

"ဟုတ်တယ် .."

"ဟမ်!..."

"ငါ အပြစ်ကျူးလွန်မိထားသလို ခံစားနေရတာ .."





"မဟုတ်ပါဘူးကွာ .. မှားမိတာလေးကို တွေးပြီး မချိမဆံ့ သနားနေတာပါ .."

ခိုင်း က မကျေမနပ် လှည့်ကြည့်သည်။ ဒါပေမယ့် ဘာမှမပြောဘဲ မျက်နှာလွှဲ၍ ...

"လှတာတွေထဲမှာမှ ထူးခြားပြီး ဆွဲဆောင်မှုရှိနေတဲ့ မိန်းမတစ်ယောက်ကို လှလိုက်တာဆိုပြီး ကြည့်တော့ကြည့်မိကြတာပဲ ..၊ ငါ ပြောချင်တာက ဘယ်လိုကောင်ဖြစ်ဖြစ် လှတာမြင်ရင် ကြည့်မှာပဲ .."

"သူ အရမ်းလှတာကို မင်း ပြောချင်တာလား ..၊ ဒါဆိုလည်း ကြည့်ရုံတင်မကပါဘူးကွာ .. လှတဲ့မိန်းကလေး မြင်ရင် သဘောကျတဲ့စိတ်တွေ ဖြစ်ကြတာပါပဲ .. ဒါက သဘာဝ ..၊ မင်း ပြောသလို ဘယ်ကောင်ဖြစ်ဖြစ်ဆိုရင် မင်း သူ့ကို သဘောကျတဲ့စိတ်နဲ့ ကြည့်ခဲ့မိတယ်.. ဒါပေမယ့် မထင်မှတ်ဘဲ ဟိုထင်ဒီထင်ဖြစ်ဖွယ်တွေ တွေ့တော့ စိတ်က ဆန့်ကျင်ဘက် ဖြစ်သွားတယ် .. ဟုတ်တယ်မို့လား .."

"မင်းခမ်း .."

"ဘာလဲ .."

"မင်းကိုယ်မင်း နိမိတ်ဖတ် ဆရာကြီးများ မှတ်နေသလား .."

"စကားမလွှဲပါနဲ့ .. မှန်ရင် မှန်တယ်လို့ ဝန်ခံစမ်းပါ .. မင်း သူ့အကြောင်းချည်းပဲ တွေးနေတည်းက အချစ်နဲ့ မကင်းရာ မကင်းကြောင်းတွေ စ နေပြီ .."

"ဟွန်း .."

"ဘာမဲ့တာလဲ .. စီးပွားရေးကို စီးပွားရေးလို့ မတွေးဘဲနဲ့ .. မုန်းတီး နာကြည်းမှာတွေ တွေးပြီး ရပေါက်ရလမ်းရှိတာကို လက်လွှတ်ခဲ့တာက ဒုတိယအဆင့် သေချာသွားတာ .."

"ဘာ သေချာတာလဲ .."

"မင်း မရိုးသားတာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .. လျှောက်ပြောမနေနဲ့ .."

"ဟား .. ဟား .. ဟား ... ငါ မပြောဘူးလား ဖိုင်း ရာ .. မင်းလို ကောင်မျိုးတွေ ထိပြီဆိုရင် အချိုကြီး ထိကြတာပဲလို့ .."

သူ့စကား သူ ပြော၍ သဘောတွေ ကျနေသည်။

"မင်းဆီက အိပ်ခန်းလခ ယူနေရတာလည်း ငါ ရျုံမကျတော့ပါဘူးကွာ .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"အဲဒီအလုပ် လက်ခံလိုက်ပေါ့ကွ .. စားဝတ်နေရေး ပြေလည်သွားမယ် .. အွန်လိုင်းပေါ်တက်စရာ မလို .. ပွဲစားမလိုဘဲ ချောချောလှလှ .. အဲ .. ကန်းနေတာလေးကလွဲရင်ပေါ့ကွာ ...၊ ချစ်စရာ ဇနီးချောလေး အော်တိုမစ်တစ် ရမယ် .. ဒီ့ထက် မြန်တာတောင် ဒီလောက် မမြန်ဘူး .."

ဖိုင်း က သူ့အိပ်ခန်းထဲက ထွက်သွားကာ ရှေ့ ဝရန်တာကျဉ်းကျဉ်းလေးမှာ ရပ်နေရင်း စီးကရက်တိုကို ဆက်ဖွာသည်။

ဒီအိမ်က မင်းခမ်း တို့ တူဝရီးရဲ့အိမ် ဖြစ်သည်။ အိမ်မကြီးပေါ်မှာ မင်းခမ်း တို့က နေကာ ဖိုင်း အတွက်ကို ဘေးကပ်လျက် အိမ်လေးမှာ ထားသည်။ သူငယ်ချင်းပေမယ့် အဒေါ်ဖြစ်သူ ကြည်ဖြူအောင် မင်းခမ်းကို ဖိုင်း က အိမ်လခပေးနေခဲ့တာ ဖြစ်သည်။

အိမ်က ပျဉ်ထောင်ပျဉ်ခင်းလေးပေမယ့် ရှေ့မှာ ဝရန်တာလေး ပတ်ခွေထားကာ နေချင်စရာလေးပင် ...၊

"ဖိုင်း .."

"ဘာလဲ .."

"မင်းက စီးကရက်နှစ်သိပ်လောက်ကုန်မှ အကြံထွက်တာပေမယ့် ခုကိစ္စက စီးကရက် တစ်လိပ်တောင် တိုစရာ မလိုဘူး .. မင်း ထိပေါက်တာထက် ကိုက်တယ်နော် .."





"မင်းခမ်း တော်တော့ .. ငါ့စိတ်ကူးနဲ့ ငါ အေးဆေးနေတာ .."

"ဒေါ်သဲမြ ဆိုတဲ့ မိန်းမကြီးခများ မင်းကို တော်တော် ခင်နေတဲ့ပုံနော် .. ပြောပုံဆိုပုံကလည်း မင်းက တူသားအရင်းလိုပဲ ...၊ နှင်းဆီမျက်နှာကလည်း .."

"သူ ငါ့ကို လက်ခံမှာ မဟုတ်ဘူး .."

"မင်းက သူ့ကို ဒူးထောက်ပြီး လက်ထပ်ခွင့် တောင်းမှာမှ မဟုတ်ဘဲကွ .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် လူကို မျက်နှာကြည့်ပြီး နေ့ရှိသမျှ မေတ္တာပို့နေရင် ဘယ်သူ ခံနိုင်မှာလဲ .."

"မင်းမျက်နှာကို သူက ကြည့်နေရင်တောင် မြင်မှာမို့လို့လား .."

ဖိုင်း မျက်နှာ နီသွားသည်။ ပြီးတော့ ပြုံးယောင်သမ်း၏။

"မင်းကသာ သူ့ကို တစ်လုံးတစ်ဝကြီး ကြည့်ပြီး နေ့ရှိသမျှ .."

"မင်းခမ်း .."

"မင်းဘဂ်က အသာချည်းပဲလေ .. အဲ့ဒါကို ပြောတာ .. ပြီးတော့ စဉ်းပဲ စဉ်းစားကြည့်ပါဦး .. ကိုယ့်ကို ကူညီ ကာကွယ်ဖို့ ရှိနေတဲ့လူကို တစ်နေ့ အခါရှစ်ဆယ်လောက် ထိုင်ဆဲနေတဲ့လူ ရှိပါ့မလား .. အေး .. ဆဲချင်အောင် တစ်ခုခု လုပ်နေတာဆိုရင်တော့ မပြောတတ်ဘူး .."

စောင်းချိတ်ချိတ် ကြည့်ပြီး ပြောတော့ ဖိုင်း က ရယ်သည်။ တကယ် မဟုတ်သော လက်ထပ်ခြင်းအကြောင်းနှင့် ပတ်သက်၍ သူတို့အတွက် ပြုံးရယ်စရာတွေ ဖြစ်ခဲ့ပေမယ့် တစ်နေ့ရာတွင် တစ်ယောက်သောသူအတွက်က ...၊

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"မဟုတ်ပါဘူး .. ဒါတွေ ကျွန်မ မခိုးပါဘူးရှင် .. သူဌေးဆီမှာ အလုပ်လုပ်လာခဲ့တာ သက်တမ်းလည်း မနည်းတော့ပါဘူး .. ကျွန်မရဲ့ ကိုယ်ကျင့်တရားကို ရဲမှူးကြီးတို့ စုံစမ်းကြည့်လိုက်ပါ .."

"ကဲဗျာ .. ကျုပ်တို့က တိုင်တဲ့လူရှိလို့ ခင်ဗျားကို ခုလို ဖမ်းရတာ .. ပစ္စည်းတွေကလည်း မိနေပြီဆိုတော့ စခန်းကို လိုက်ခဲ့ပါ .. ကျန်တာ ဟိုရောက်မှ ဆက်ရှင်းကြတာပေါ့ .."

"မ .. မလုပ်ပါနဲ့ရှင် .. ကျွန်မ .. ကျွန်မ .."

အိမ်ကို အချိန်နဲ့ ပြန်မရောက်ခဲ့ရင် အနှင်း ရဲ့လုံခြုံရေးကို စိတ်မချရပေ ..၊ ဆက်မပြောနိုင်ပေမယ့် ရင်ထဲမှာ ဗလောင်ဆူသွားသည်။

ဒါဟာ လုပ်ကြံမှုပဲဆိုတာ သိလိုက်တော့ ပိုဆိုး၏။ ကိုယ့်အိတ်ထဲကို ဒီလက်ဝတ်ရတနာတွေ ဘယ်လို ရောက်လာတယ်ဆိုတာ လုံးဝမသိခဲ့ပေ ..၊ ဖိုင်း နဲ့ သွားတွေ့ပြီး မချေရာခဲ့သော အခြေအနေအတွက် ရင်လေးစွာ တွေးတောနေတုန်း ကားတစ်စီး ရှေ့မှာ ပိတ်ရပ်သွားသည်။

ပြီးတော့ ကိုယ့်ရှေ့မှာ သုံးလေးယောက် ဝိုင်းထားလိုက်ကြကာ သူဌေးအိမ်က ပစ္စည်းတွေ ခိုးထုတ်ရောင်းချနေသည်ဟု တပ်အပ်ပြောပြီး ဆွဲကိုင်ထားသည့်အိတ်ကို ဖွင့်ပြနိုင်း၏။





ရဲကို မြင်ကတည်းက တုန်လှုပ်ချောက်ချားနေရကာ ကိုယ့်အိတ်ကို ဖွင့်ပြလိုက်တော့ အထုပ်နဲ့ အထည်နဲ့ ပစ္စည်းတွေ ရှိနေတာကို မြင်လိုက်ရလျှင် ...

"ကျွန်မ မလိမ်ပါဘူး .. ဒါ တစ်ယောက်ယောက် ထည့်ထားတာပါ ..၊ ကျွန်မ သူများပစ္စည်းကို ဘယ်တုန်းကမှ မခိုးခဲ့ဖူးပါဘူး .. မသိအောင်လည်း ယူသုံး စားသောက်တာ မလုပ်ခဲ့ပါဘူး .."

အသက်ကြီးမှ ရဲစခန်း ရောက်ရကာ ခိုးမှုနှင့် လက်ထိပ်ခတ် ခံရသော ဒေါ်သဲမြ ကတုန်ကယင် မျက်ရည်တို့နှင့် ဘုရားကိုသာ တမ်းတဆုတောင်းမိ၏။

"တပည့်တော်မ ဒါတွေကို ခိုးယူတာ မဟုတ်ပါဘူး ဘုရား .. အိတ်ထဲကို ဘယ်လိုရောက်နေမှန်းလည်း မသိပါဘူး .. တပည့်တော်မ ခိုးယူခဲ့မိတာ မဟုတ်ကြောင်း မှန်ကန်ပါက သူတော်ကောင်း၏ စောင့်ရှောက်မှုဖြင့် ဒီအချုပ်အနှောင်မှ လွတ်မြောက်ရပါစေ .. အိမ်မှာ ကျန်ခဲ့သည့် မျက်မမြင်မိန်းကလေးကိုလည်း မသူတော် ဖျက်ဆီး စော်ကားခြင်းမှ ကင်းဝေးပါစေ .."

အချုပ်ကျ ခံရသည်နှင့် တသွင်သွင် ကျသော မျက်ရည်တို့သည် ကိုယ့်အပူထက် နှင်းဆီ အတွက် ပူတာကြောင့်သာ ပိုခဲ့လေသည်။

ထိုမေတ္တာကြောင့် သစ္စာစကားကလည်း ထိရောက်ပါသည်။ နှင်းဆီ ဒေါ်သဲမြ ကို မျှော်ရင်း အချိန်ကုန်လွန်သည်အထိ ပြန်ရောက်မလာခဲ့လျှင် သီတာ ဆီ ဖုန်းဆက်လိုက်၏။

ထိုအချိန်မှာ ဦးထက်နိုင် ကလည်း သူမနားကို ရောက်နေပြီ ဖြစ်သော ...

"မသဲမြ ကို စိတ်ပူနေတာလား နှင်းဆီ .. သူ ပစ္စည်းခိုးမှုနဲ့ အချုပ်ထဲ ရောက်နေပြီ .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ဟန်မဆောင်နိုင်လောက်အောင် ထိတ်ထိတ်ပျာပျာ ဖြစ် သွားလေသည်။ ဦးထက်ခိုင် က သဘောကျစွာ ရယ်လျက် ...

"မမဖြူ လက်ဝတ်လက်စားတွေ သူ့အိတ်ထဲမှာ မိသွားတော့ လက်ပူးလက်ကြပ် မိနေကာမှ ..."

"အဲ့ဒါ ရှင်တို့ ထောင်ချောက်ဆင်လိုက်တာပဲ.. ဒေါ်ဒေါ်သဲ ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး .. သူ့အိတ်ထဲကို ပစ္စည်းတွေ တမင်ထည့်သွား လိုက်တာ .."

"ဖြည်းဖြည်းအော်ပါကွာ .. ဒေါ်သဲတွေ ထွက်ပြီး မောနေပါ့မယ်.. သူ မင်းအတွက် ပြေးလွှား ခြေရှုပ်နေလို့ မျက်စိနောက်လာတာနဲ့ ... လိုက်တာ .. ပစ္စည်းတွေနဲ့ မိကာမှတော့ သူ ဘယ်လိုငြင်းငြင်း မရ... လေ .."

"တောက်!... မကြီးမငယ်နဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မရှက်... ဘူး .."

"ကိုယ် ကောင်းဖို့အတွက်ပဲဟာ ကိုယ့်ကိုယ်ကိုယ် ရှက်နေ... ဘာရမှာလဲ နှင်းဆီ ရဲ့ .."

မခြင်နိုင်သည့် မိန်းမလှလေးကို ဦးထက်ခိုင် က စူးစူးရဲရဲ ကြည့် ပြုံးနေသည်။ နို့စိမ်းရောင် အင်္ကျီလက်ရှည်ပွပွ ဘောင်းဘီရှည်ပွပွ... နှင့် ဆိုးဆေးမကူဘဲ အသည်းယားအောင် ချစ်စရာကောင်းနေသော... နှုတ်ခမ်းလေးကို အားမနာတမ်း ကြည့်နေကာ ...

"သူ့ကို မင်းနားမှာ နေခွင့်ပေးထားတာ မင်းကို အလိုလိုက်... တာမှန်း သိစေချင်လို့ တမင် ပြလိုက်တာပဲ .. အိမ်ဖော်က အိမ်ဖော်... မနေဘဲ နေရာတကာ တလွှားလွှားနဲ့ စီမံနေတော့လည်း မျက်စိနော... တာပေါ့ .. ဒါနဲ့ သူ ဘာလုပ်နေသလဲ မင်း သိလား .."

"သိသိ မသိသိ မလိုဘူး .. ဒေါ်ဒေါ်သဲ က နောက်ကျောက ... ထိုးမယ့်လူ မဟုတ်ဘူး .."





"ဒါပေမယ့် မင်း တစ်ဘဝလုံးကိုတော့ ငါက ကိုင်မြှောက်လို့ ရတယ် .. ဆွဲချလို့လည်း ရတယ်နော် .. မေ့မှာစိုးလို့ ပြောနေရတာ .. အခု သူ့ကိုလည်း အချုပ်ထဲမှာ ဆက်ထားမလား .. ထောင် တစ်ခါတည်း ကျသွားအောင် လုပ်မလား .. ငါ့သဘောပဲ .."

"အဲဒီတော့ ရှင်က ဘာပြောချင်တာလဲ .."

"ကောင်းတယ် .. လိုရင်းက အဲဒါ ..၊ မင်းတို့ ရှေ့နေမတွေနဲ့ တိုင်ပင်ပြီး ယောက်ယက်ခတ်နေတဲ့ကိစ္စကို လက်လျှော့မလား .. ရှေ့ ဆက်ဦးမှာလား .. အဲ့ဒါ ဖြေ .."

"ဒါတွေထိ ရှင်တို့ တော်တော် စပ်စုထားကြတာပဲ .."

"မသဲမြ က အိမ်ဖော်ဆိုတာ မင်း မေ့နေပြီ ထင်တယ် .. အိမ်ဖော် ကို သူ့ရှေ့ရှေ့က ဦးဆောင်ခိုင်းရင် ဘာနဲ့တူမလဲ သိလား .."

"မသိဘူး .. ဦးဆောင်ခိုင်းတာလည်း မဟုတ်ဘူး .. ကျွန်မကိစ္စ အတွက် .. ကျွန်မ ခိုင်းနေတာ .."

"ဘာကိစ္စလဲ .."

နှင်းဆီ ခဏ တိတ်သွားသည်။ ပြီးမှ မျက်နှာလေး ဆတ်ခနဲ မော့ လိုက်ပြီး ...

"ကျွန်မယောက်ျားနဲ့ အဆက်အသွယ်ရဖို့ .."

"ဘာ!... ပြောတယ် .."

ဖြန်းခနဲ ဒေါသသံ ထွက်သွားပြီးမှ ဦးထက်ခိုင် က လှောင်ရယ်သံ နှင့် ...

"ပြောပါဦး .. မင်းရဲ့ စိတ်ကူးယဉ်ဇာတ်လမ်း .."

"စိတ်ကူးယဉ်တာ မဟုတ်ဘူး .. ကျွန်မ နောက်ဆုံးထွက်သွားပြီး တဲ့အခေါက်မှာပဲ လက်ထပ်ခဲ့တာ .."

စိတ်ကူးယဉ်ဇာတ်လမ်း ဆိုမှတော့ စိတ်ကူးထဲမှာ ရှိတဲ့အတိုင်းပဲ ပြောချလိုက်ဖို့ ဆုံးဖြတ်မိ၏။



www.burmeseclassic.com

စိတ်ကို ပိုတည်ငြိမ်အောင် စုစည်းလိုက်သည်။ ကိုယ့်မျက်နှာ ရှုးစိုက် အကဲခတ်နေမှာမို့ ဒီမျက်နှာမှာ တည်ငြိမ်မှုရှိနေမှ ဖြစ်မည် ဘယ်လိုပဲ အကဲခတ်ပါစေ လိမ်ညာမှုတစ်စုံတစ်ရာကိုမှ ရှာမတွေ့စေရ

"မေမေ့ကို အရွဲ့တိုက်ချင်စိတ်နဲ့ ချစ်တာ မေတ္တာကိုလည်း မသိဘဲ ချက်ချင်း ဆုံးဖြတ်ခဲ့တာ .."

ဦးထက်နိုင် ထံမှ အသံတိတ်နေသဖြင့် ကြိတ်၍ ကျေနပ်သွား ကာ ...

"သူက စင်ကာပူမှာ အလုပ်လုပ်ရင်း ငွေရှာဖို့တက်လာတဲ့ တော ပေါ်သားပါ .. ဒီလိုလူကို လက်ထပ်တယ်ကြားရင် မေမေ ဒေါသထွက် မယ် .. အဲ့ဒီအခါကျမှ ဘယ်လို ရွဲ့မယ်ဆိုပြီး ကျွန်မ မိုက်ခဲ့တာ.. ဒါပေ မယ့် တကယ်တမ်းကျတော့ မေမေ့ကို မပြောရဲခဲ့ဘူး .."

"ဟွန်း .. ဆက်ပြောပါဦး ..၊ ယုံတော့ ယုံချင်စရာပါပဲ .."

"ရှင် ယုံချင်ယုံ မယုံချင် နေ .. အခု ကျွန်မ ဒုက္ခရောက်နေတယ် ဆိုတာကို သူ ယုံဖို့ပဲ လိုတာ ..၊ ပြီးတော့ ကျွန်မတို့ချင်း သဘောထား မတိုက်ဆိုင်ကြတိုင်း ရန်တွေဖြစ် .. စကား အနိုင်လုပြီး ပြော .. ဒီလို ပြောတာတွေထဲမှာ ကျွန်မဘက်က စကားမှားခဲ့တာတွေ အများကြီး ပဲ .. ဒါတွေကို ခုကျမှ သူ ခွင့်လွှတ်ပါ့မလား .."

ခဏနားပြီး အကဲခတ်လိုက်တော့ ဦးထက်နိုင် ထံမှ လှောင်ရယ် သံ တိတ်နေခဲ့၏။

"ကျွန်မကလည်း သူ့ကို မေ့ချင်ခဲ့တဲ့သူပါ .. ဒါကြောင့် ကျွန်မ ကွာရှင်းခွင့် တောင်းခဲ့တာ .. ဒါပေမယ့် သူက ကွာမပေးဘဲ မြန်မာပြည် ကို ကျွန်မထက်အရင် ပြန်သွားတယ် .. ကျွန်မ ပြန်ရောက်လာတော့ လည်း သူ့ကို စုံစမ်းလို့ မရဘူး ..၊ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆေးရုံရောက် တော့လည်း မေမေ စိတ်ဆင်းရဲမှာစိုးလို့ သူ့အိမ်ကိုပဲ အရင်ဆုံး ဆက် သွယ်တာပါ ..၊ ဒါပေမယ့် ရောက်မလာခဲ့ဘူး .."





"ဒါဆို .. မင်းတို့ မြန်မာပြည် ပြန်ရောက်နေတာ ကြာပြီပေါ့.."

"ဟုတ်တယ် .. ဒီရောက်မှ မျက်လုံးကွယ်တာလေ .. မိဘကို ဒုက္ခမပေးချင်လို့ သူ့ကို အရင်ရှာနေခဲ့တာ .."

"ဒါဆို သူ့အိမ်က ဘယ်မှာလဲ .."

"တောင်ကြီးမှာ .. သူ့ဘဝက ကျွန်မထက် ဆိုးပါတယ် .. အလယ် အလတ်တန်းစား မိသားစုတစ်ခုထဲမှာမှ သူက မွေးစားသား ဖြစ်နေ တယ် .. သူ့အိမ်က သူ့အကြောင်း ဘယ်သူမေးတာမှတောင် မကြိုက်ကြ ဘူး .."

"ဘာလဲ .. ငါ စုံစမ်းမှာစိုးလို့ မင်း တစ်ခါတည်း ပိတ်ပြောလိုက် တာလား .."

"စိုးရိမ်စရာ မရှိဘူး ဦးထက်နိုင် .. ကျွန်မ မိဘကို ရွဲ့မိလို့ ချေးကျ ခံရတာပဲဆိုတဲ့ နောင်တနဲ့ ဒီအဖြစ်ကို ဒီနေ့ထိ ကျွန်မ ဘယ်သူ့ကိုမှ မပြောဘဲ ထားခဲ့တာ .. ဒါပေမယ့် ကိုယ့်ဘေးမှာ ယုတ်မာမယ့်လူတွေ ဝိုင်းဝိုင်းလည်နေတော့ ကိုယ့်လင်သားကိုပဲ အားကိုးမယ်ဆိုတဲ့စိတ် ပေါ်လာတာ .."

ပြောနေရင်း ကိုယ့်စိတ်ကူးတွေ ရမ်းသမ်း တည့်မှန်သွားပြီမှန်း သိလိုက်ကာ ...

"သူနဲ့ ကျွန်မ လက်ထပ်ထားတာရော .. ကွဲခဲ့ကြတာရော ဘာမှ မကြာသေးဘူး ဦးထက်နိုင် .. တကယ်လို့ သူ ရောက်လာခဲ့ရင် ရှင် သိသွားမှာပါ .."

"ဘာ!..."

"သူ့ကို သတင်းရလို့ ဒေါ်ဒေါ်သဲ ကို တကောက်ကောက် လိုက် နေရတာလေ .. ကျွန်မ အက်ဆီးဒင့်ဖြစ်တဲ့ ဆေးရုံကို သူ သွားစုံစမ်း သတင်း ကျွန်မဆီ ရောက်လာတယ်.. အဲ့ဒါကြောင့် ကျွန်မ ပြန်ဆက် သယ်ဖို့ ကြိုးစားနေတာ..၊ ဒေါ်ဒေါ်သဲ ကို ဒုက္ခပေးဖို့ ကြိုးစားရင် ရှင်တို့



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ရေကြီးမယ် .. ယုတ်မာတာတွေ ပိုတိုးသွားမယ် .. ဒါပဲ အဖက်တင်မှာ..၊ ကျွန်မကို စောင့်ရှောက်မယ့်သူက ရှိပြီးသားပါ ..”

ဦးထက်ခိုင် တွေဝေသွားသည်။ နှင်းဆီ ကလည်း နားစွင့်နေခဲ့၏။ ဦးထက်ခိုင် ယုံကြည်လောက်အောင် ပြောနိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားပေမယ့် ဒေါ်ဒေါ်သဲ က အချုပ်ခံနေရသည်။

ပြီးတော့ ဖိုင်း ဆီကို သွားသည့်ကိစ္စက ဘယ်လိုဖြစ်လာမည် မသိ..၊ ဒေါ်ဒေါ်သဲ ခမျာ ထွက်သာသွားရပေမယ့် လက်ထပ်ဖို့ကိစ္စကို သူမကလည်း လက်ခံခဲ့တာ မဟုတ် ..၊

“ဒေါ်ကြီးရဲ့ စေတနာကို နားလည်ပါ သမီးရယ် နော် .. ကိုထက်ခိုင် ရဲ့ရန်ကို ကာကွယ်နိုင်ဖို့က ဒီတစ်နည်းပဲ ရှိတော့တာ ..”

အိမ်က ထွက်ခါနီးထိ ပြောနေရတုန်း ..၊

ဒါကို သူမ ခေါင်းမညိတ်နိုင်ခဲ့ပေ ..၊ ခုကျမှ ဦးထက်ခိုင် ရဲ့ လက်ဖျစ်တစ်ခတ်မှာ ဒေါ်ဒေါ်သဲ အချုပ်ထဲ ရောက်သွားခဲ့သည့်အဖြစ် က သူမ ဘာလုပ်သင့်သည်ကို မီးမောင်းထိုးပြလိုက်သလို ဖြစ်ခဲ့ရ၏။

ဒါပေမယ့် ဖိုင်း ဆိုတဲ့လူက ဘယ်လို ဆုံးဖြတ်လိုက်သလဲ ..၊

“မနှင်း .. ထမင်းစားဖို့ အားလုံး အဆင်သင့် ဖြစ်နေပါပြီ ..”

ဒေါ်ပုစူး အသံကို ကြားလိုက်ရသဖြင့် ဦးထက်ခိုင် မျက်နှာပျက် သွားသည်။ နှင်းဆီ အခန်းကို သူ ဘယ်တော့မှ တစ်ယောက်ချင်း လာ စကားပြောလို့ အဆင်မပြေ ..၊

အိမ်အကူ မိန်းကလေးတွေ ရှိသမျှ ဟိုအကြောင်း ဒီအကြောင်း အမျိုးမျိုးနှင့် ဝင်ထွက်နေကြသည်။ ဒါကို မျက်စိရှုပ်လို့ အလုပ်ဖြုတ်ပစ် လိုက်တာတွေလည်း ရှိပေမယ့် တစ်ယောက်တည်း .. နှစ်ယောက်တည်း ကျန်ခဲ့တဲ့လူတွေက နှင်းဆီ နားက မခွာကြပေ ..။

သူ့မှာ ဂုဏ်သိက္ခာကို ထမ်းပိုးရင်း အလွယ်လေး ကောက်စား လိုက်လို့ရသည့် ဘုရင်မရုပ်ကို ဒီတိုင်း ကြည့်နေခဲ့ရ၏။





စကားတွေလည်း လွန်နေခဲ့ပြီ ..၊ ကိုယ်ကပဲ အကြောပေး ကစားခဲ့ ပြီမှ ...

“တောက်!...”

ထွက်လာခဲ့ရပြီးမှ ခပ်ကြိတ်ကြိတ် တက်ခေါက်မိသည်။ ဒီက အလုပ်သမားတွေက ဘာလဲ ..၊ ကန်းနေတဲ့ မိန်းကလေးဆီက ဘာတွေ နေလို့ ဒီလောက် ကိုယ်ကျိုးစွန့်ပြီး ကာကွယ်နေကြတာလဲ ..။

သူ့ဘက်က ဒီ့ထက်ပိုပြီး ရုပ်ပျက်ဆင်းပျက်လုပ်လို့ မသင့်တော် တော့သည့်အခြေအနေမှာ ဒေါ်သဲမြ ကိုလည်း အစတည်းက ခြောက်လှန့် အကျပ်ကိုင်ရုံ လုပ်ခဲ့တာပါ ..။

ကိုယ့်လက်ခုပ်ထဲက ရေလို့ အပိုင်တွက်ခဲ့သည့် နှင်းဆီ ကိုရော.. ရှု ရနိုင်ပါ့မလား ..၊

မဟုတ်ဘူး .. ရကို ရရမှာ ..၊

သူ့ဘဝ တစ်ခုလုံးကို ပေးဆပ် နာကျင်ခဲ့ရသမျှ သူမကို လက်ထပ် ရမည် ..၊ မိသားစုဘဝတစ်ခု ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားမည် ..၊ ဒါမှ သူ ဆုံးရှုံးခဲ့ရတာတွေအတွက် တန်ရာတန်ကြေး ဖြစ်မည်။

ဦးထက်ခိုင် ခိုင်မာစွာ ဆုံးဖြတ်၍ သူ ဘာလုပ်ရမည်ကို စဉ်းစား သည်။

ပြီးဆုံးခဲ့သမျှကို တစ်က ပြန်စလို့ မရနိုင်တော့ပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"စိတ်တော့ မဆိုးနဲ့ အနှင်း .. သူလည်း သူ့မာနနဲ့သူတော့ ရှိရှာပေါ့ ..၊ ခုဆိုရင် နှင့်ရဲ့ ဒေါ်ဒေါ်သဲ အာမခံရဖို့တောင် သိပ်မလွယ်ဘူး ဦးထက်နိုင် ကိုယ်တိုင် မပါဘဲ သူ လွတ်မှာ မဟုတ်ဘူး .. ဒါက လောလောဆယ် ပြောတာ .. မတရားမှုတစ်ခုမှာ အဖြစ်မှန်ဆိုတာ ရှိပေမယ့် ဖော်ထုတ်ဖို့က အရမ်းကို ခက်ခဲတာဟ .. ခု အရေးကြီးနေတာက နှင့်လုံခြုံရေးပဲ .."

"ဒါဖြင့် သူက .."

"သူက နင်နဲ့ စကားပြောချင်တယ်တဲ့ ..၊ အစတုန်းကတော့ သူ ဒါကို စဉ်းစားတဲ့ပုံ မပေါ်ဘူး .. ဒေါ်သဲ အချုပ်ခံလိုက်ရပြီဆိုမှ .."

"ဟွန်း .."

"ငါလည်း ခုမှ သေချာ စကားပြောဖူးတာပေမယ့် စိတ်ကောင်းတော့ ရှိတဲ့ပုံပါ .. ယောကျာ်းကောင်းတို့ အင်္ဂါရပ်မျိုးလည်း ရှိတယ် နင် မာနကြီးမနေနဲ့ အနှင်း .. နင်တို့အတွက် တစ်ယောက်ကိုတစ်ယောက် နှစ်သက်ကြည်ဖြူမှုတွေ မလိုပါဘူးဟာ.. အဓိကက လက်ထပ်ဖြစ်ဖို့ပဲ.."





သူမ ဖုန်းပြောနေသည့်နားကို ဒေါ်ပူရူး က ရောက်လာကာ အိပ်ရာခင်းနဲ့ ခေါင်းအုံးစွပ်တွေ လဲပေးနေတာကို သိသည်။

ထို့ကြောင့် မတ်တတ်ကနေ ခြေထောက်လေးတစ်ဖက် ဆုတ်ပေးလိုက် .. ဘေးရွှေ့ပေးလိုက်နှင့် ကိုယ့်အဖြစ်ကိုလည်း တွေးမိပါ၏။

သူမဘဝက ဒီလူတွေသာ မကောင်းခဲ့လျှင် နာရီ စက္ကန့်တွေတိုင်းမှာ ပျက်စီးဆုံးရှုံးဖို့တွေ နီးကပ်နေသလို မနက်ဖြန်တွေတိုင်းမှာ ဘယ်လို ရှင်သန်မလဲ ..၊

"သူကတော့ သူ့ကို နင် ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် လက်ခံမှာ မဟုတ်ဘူးလို့ပဲ ပြောနေတာ .. ဘာဖြစ်လို့လဲဆိုတာ နင် သိတယ် တဲ့ .."

သိတာ ဆက်ပြောလာသည့် စကားကြောင့် ရင်ထဲမှာ စူးခနဲ တစ်ချက်ဖြစ်သွားသည်။ ကိုယ် အထက်ကရောက်ပြီဆိုတာက တစ်ဖက်လူကို ပြစ်ချက်ထောက်တာ .. အနိုင်ယူတာပဲ မဟုတ်ဘူးလား ..။

သူနဲ့ ကိုယ် ဒီလို ရှိခဲ့ပေမယ့် အခု လိုအပ်နေလို့ပဲ ကိုယ်က စပြီး အကူအညီတောင်းခဲ့ရပြီ ..၊

"ငါနဲ့ မပြောရရင် သူက လက်မခံဘူးပေါ့ .."

"နှင်း ရယ် .. ဒီလိုဖြစ်ကြဖို့ဆိုရင် နင်တို့ချင်း စကားပြောထားကြတာလည်း ပိုကောင်းတာပဲ မဟုတ်ဘူးလား .. ဟိုလူကြီးရှေ့ကျမှ အိုးနင်းခွက်နင်းဖြစ်မှာထက် စာရင် .."

"ကောင်းပြီလေ .. ငါ့ကို ဖုန်းချိန်းပေး .."

"သူ ရှိတယ် အနှင်း.. ငါက သူ့ကို ကော်ဖီဆိုင်မှာ ချိန်းပြီး အဲ့ဒီကိစ္စ လာပြောနေတာ .. ဒေါ်သဲ အချုပ်ထဲရောက်သွားပြီဆိုတာ သိရတော့ နှင့်ကိစ္စကို ငါက ဆက်လုပ်မှ ဖြစ်မှာလေ .."

"အင်း .."

"အခု .. ငါ သူ့ဆီသွားပြီး ဖုန်းပေးလိုက်မယ် .. ဒါမှမဟုတ် သူ့ဖုန်းကို ခေါ်မလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းပေးလိုက်ပါ .."

သူမ ပြောနေတာတွေကို ဒေါ်ပွစူး အကုန်လုံး ကြားသည်။

လျှော်စရာရှိတာတွေကို ခြင်းထဲ ထည့်ပြီး အခန်းထဲက ထွက်ခါနီးမှ အနှင်း များ တစ်ခုခု အဆာပြေ စားဦးမလားလို့ တွေးမိပြီး ခြေလှမ်း တုံ့သွား၏။

ပြီးတော့ အဝတ်လျှော်စက်ထဲ ထည့်ရမယ့်အဝတ်ကို သွားထည့်ရမည်။ လက်နဲ့ လျှော်ရမှာကို ရေချိုးခန်းထဲမှာ စိမ်ရဦးမည်။

ဒီအချိန်တွေမှာ နှင်းဆီ ကို တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်...

"မသဲမြ နဲ့ နင့်ကိုပဲ ငါ စိတ်ချတယ် .. မသဲမြ ဆီက ဘာသတင်း ဖြစ်ဖြစ် ဘယ်သူမှ မသိအောင် လျှို့ဝှက်ထား နော် .. ငါကလွဲပြီး ဘယ်သူ့ကိုမှ မပြောနဲ့ .. တကယ်လို့များ ငါ့သမီးလေးကို မမြင်လိုက်ရဘဲ ငါ သေသွားခဲ့ရင် ငါ့သမီးကို နင်တို့ စောင့်ရှောက်ကြပါ .. ဒီအိမ်မှာ ငါ ဘယ်သူ့ကိုမှ မယုံဘူး" တဲ့ ...။

စိတ်ထဲမှာ ဦးထက်ခိုင် ကို ကြောက်သည့်စိတ် ပေါ်လာရင်တောင် မမကြီး ရဲ့ စကားတွေကို သတိရမိတိုင်း ကိုယ့်စိတ်ကို ပြန်တင်းထားမိသည်။

အိမ်မှာ အလုပ်သမားတွေကို ဖြုတ်ထုတ်ရှင်း လုပ်ထားသဖြင့် အလုပ်တွေက တစ်ဖက် နှင်းဆီ ကို နောက်ဆံတင်းနေရတာက တစ်ဖက် ...၊

မသဲ မရှိတော့ ပိုပြီး အနေကျပ် အစားကျပ်ပါ ...၊

"ဟင် .. သူဌေး .."

အခန်းတံခါးဝမှာ ရပ်၍ ထွက်သွားရမလား .. ပြန်ဝင်နေရမလား တွေဝေနေဆဲ .. မျက်နှာရှေ့မှာ ဦးထက်ခိုင် က ဘွားခနဲ ပေါ်လာ၏။

ဦးထက်ခိုင် ဟိုဘက် စာကြည့်ခန်းထဲမှာ ရှိနေတာကို လုံးဝ မသိခဲ့ ...၊ ပြန်မရှောင်ရသေးသည့် အခန်းတံခါးကနေ ဖုန်းပြောနေသည့် နှင်းဆီ





ကို ဦးထက်ခိုင် က လှမ်းကြည့်သည်။

"ရှင့်ကို ကျွန်မ ပြောနေတာ မရှင်းလို့လား .. ဘာ ထပ်သိချင်တာလဲ .."

နှင်းဆီ အသံလေးကို ကြားနေရသဖြင့် ဦးထက်ခိုင် တံခါးကို အသာလေး တွန်းဖွင့်လိုက်ပြီး တစ်လှမ်းချင်း ဝင်သွား၏။

သွားပြီ ...၊ လျှို့ဝှက်စီစဉ်ထားတာတွေ ပေါ်ကုန်တော့မည်။

ဒေါ်ပွစူး ထိတ်ထိတ်ပျာပျာ ဖြစ်သွားရကာ ...

"သူဌေး .. သူဌေး ထမင်းစားတော့မလား .."

တမင်တကာ သူဌေး ရောက်နေမှန်း နှင်းဆီ သိသွားအောင် ပြောချလိုက်မိ၏။ နှင်းဆီ စကားသံလေး ရပ်တန့်သွားသလို ဦးထက်ခိုင် ရဲ့ မျက်လုံးပြူးကြီး ဒေါ်ပွစူး ထံ မိုးကြိုးသွားကဲ့သို့ ကျ၏။

"ဟို .. ဟင်းတွေ နွေးထားမလို့ပါ .."

ပြောပြီး ခေါင်းငုံ့လိုက်မိ၏။ ပြီးတော့ အဝတ်ခြင်းကိုလည်း ကိုင်ထားပြီးပြီမို့ ပြန်ထိုင်နေလို့ မဖြစ်တော့သည့်အတူတူ အပြင်ကို အမြန်ထွက်ခဲ့မိ၏။

ဦးထက်ခိုင် ကျိုခနဲ အံကြိတ်ကာ ဒီဘက်ကို ပြန်လှည့်၏။

"ပြန်လာခဲ့ပါ .. ကျွန်မကပဲ တောင်းပန်ပါတယ် .."

မမြင်ရပေမယ့် အခြေအနေကို သိလိုက်ကာ နှင်းဆီ အရှိန်ထပ်မြှင့်၍ ဆက်လိမ့်နေလိုက်၏။ တစ်ဖက်က မာကျောကျော စကားသံတို့ကို မာနနဲ့အပြိုင် မကြဲရဘဲ ချက်ချင်း ညှတ်ကျ ခယလိုက်ရသဖြင့် နာကျင်သည့်မျက်ရည်စတို့ ချက်ချင်း ဝဲလာသည်။

"အဲ့ဒါ နင် ကန်းနေလို့ .. ယောကျ်ားတစ်ယောက် အလျှင်အမြန်လိုအပ်နေတဲ့ နင့်ဘဝပဲ နှင်းဆီ .."

မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်းသွားကာ ...

"ကျွန်မ ပြောခဲ့သမျှအတွက် ရှင် ဘာတွေပြောပြော ကျွန်မကပဲ



www.burmeseclassic.com

www.burmeseclassic.com



မှားခဲ့တာပါလို့ ဝန်ချပြီး .."

ဦးထက်နိုင် က မဲ့လိုက်ကာ အနားတိုး၍ ဖုန်းကို ဆွဲယူပစ်လိုက်၏။ နားထောင်ကြည့်လိုက်တော့ တကယ်ပဲ ယောက်ျားသံ ...၊

"မင်း ဘာပြောလိုက်တာလဲ နှင်းဆီ .. ရှင် ဘာတွေပြောပြော ဆိုတာက မင်း ငါ့ကို ရွဲ့တာလား .."

"ရှင် ဘာလုပ်တာလဲ .. ပြန်ပေး .."

လက်ထဲက ဖုန်းကို ကောက်လုယူလိုက်သည်ဆိုတော့ ဇော်ကား ခံလိုက်ရသည့်အဖြစ်ကို ဆတ်ဆတ်ခါ နာသွားမိရင်း နှင်းဆီ အတင်းဝင် လုသည်။

"ဟော့ .. မင်း .."

"ဖယ် .. ရှင် လူယုတ်မာ .."

"ဖြန်း .."

"အံမာ!..."

ဖုန်းက မွေ့ရာပေါ် ပစ်ကျသွားကာ ပါးကို ထိထိမိမိ ရိုက်ခံလိုက်ရသည့် ဦးထက်နိုင် ၏ဒေါသက ကျားနာတစ်ကောင်ကဲ့သို့ ...၊

တစ်ဖက်မှာ ဖုန်းပြောရင်း ပြောင်းလဲသွားသည့် အခြေအနေတွေကို နိုင်း ဒီတိုင်း ကြားနေရသည်။ ဖုန်းက တစ်နေရာကို ရောက်သွားပြီးမှ အသံဝင်နေတာမျိုး ...၊

"ရှင် .. မယုတ်မာနဲ့ နော် .. လွှတ် .."

"အဲ့ဒါ မင်းကြောင့်လေ .."

"ဟင့်အင်း .. ဒေါ်ပူစူး ရေ .. ဒေါ်ပူစူး လာပါဦး .."

အသံတွေက တိုးသွားပေမယ့် အကုန်လုံး ဝင်နေ၏။

"ဟား!..."

နိုင်း ကျွတ်ခနဲ ဖြစ်ကာ ဖုန်းကို ကြည့်၍ ပြန်လှည့်လာခဲ့၏။

"ဘာဖြစ်လို့လဲ ခွန်နိုင်း .. အဆင်မပြေဘူးလား .."





ချက်ချင်း အနားပြန်ရောက်လာသဖြင့် သီတာ စိုးရိမ်သံလေးနှင့် မေးသည်။

နိုင်း က ဖုန်းကို ပြန်ပေးကာ ...

"ကျွန်တော့်ကို အိမ်လိပ်စာ ပြောစမ်းပါ .."

"ဟင်!..."

"ခု သွားမှ ဖြစ်မယ် .. ဟိုမှာ ပြဿနာတက်ကုန်ပြီ .."

ဘုရားရေ!...

သီတာ ဘာမှ မသိရသေးဘဲ နိုင်း မျက်နှာပေါ်က ရေဆူအမှတ်ကို မြင်လိုက်တာနှင့် ရင်တွေ တုန်သွား၏။

ဘာမှ မဖြစ်ကြပါစေနဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"အပြင်မှာ ညှေ့သည်ရောက်နေတယ် ကိုနိုင် .."

"ဘယ်သူလဲ .."

"ခွန်ဖိုင်း တဲ့ .."

ဒေါ်ကြာဖြူ မျက်နှာက ဒေါသတွေနှင့် ပြည့်သိပ်နေကာ အပေါ်ထပ်ကိုလည်း လှမ်းကြည့်သေးသည်။

"ဟိုကောင်မရဲ့ ယောကျ်ား .."

"ဟွန်း .."

ဦးထက်နိုင် မျက်နှာက ပါးတစ်ဖက်မှာ အနီရောင်ရင့်နေကာ အမြဲတမ်း သေသပ်စွာ ဖြီးထားသည့် ဆံပင်တွေကလည်း နဖူးပေါ်မှာ မသေမသပ် ပြုဆင်းနေ၏။ ဖုန်းထဲမှာ ယောကျ်ားသံကို သူ ကြားလိုက်သည်။ နှင်းဆီ မှာ တစ်ယောက်ယောက် ရှိနေပြီဆိုတာ သေချာနေရကာ ထိုလူဟာ သူမ ယောကျ်ား ဟုတ်မဟုတ်တော့ မသေချာ ...၊

ပါးရိုက်ခံလိုက်ရခြင်းနှင့် ပတ်သက်၍ ဒေါသအလျှောက် ပေါက်ကွဲပစ်ချင်သည့်ဆန္ဒတွေကလည်း မအောင်ခဲ့သဖြင့် သွေးတို့က ခုချိန်ထိ ပွက်ပွက်ဆူနေဆဲ ...၊ ဒီအိမ်ဖော်တွေကို မျိုးဖြုတ်ပစ်မည် ...၊ ဒေါ်သဲမြကိုလည်း ဘယ်တော့မှ လွတ်ခွင့်မရှိတော့အောင် တစ်ဆုံး ပို့ပစ်မည်ဆိုသည့် ဆုံးဖြတ်ချက်တွေက ...၊





"ဒီကောင်က သူ့ကိုယ်သူ နှင်းဆီ ယောကျ်ားပါလို့ အာမခံနေတာလား .."

"ဟုတ်တယ်.. သူ့ကို ဝင်ခွင့်မပေးရင် သူ့မိန်းမကို ခေါ်သွားမယ်တဲ့"

"ဘာ!..."

"ဘာ.. မနေနဲ့ လူက အမေရိကန်ပုံနဲ့ စကားပြောပုံက သူ့ကိုယ်သူ စခန်းမှူး မှတ်နေသလား မသိဘူး.. မင်း နေရာတကာ လျှော့မတွက်နဲ့ ကိုနိုင် .. အဲ့ဒီကောင်မ ကန်းနေပေမယ့် သူ့မှာ အသိုင်းအဝန်း ရှိတယ်.."

ဦးထက်နိုင် မျက်နှာပျက်သွားသည်။ ခုချိန်ထိ မမဖြူ က နှင်းဆီ ညာနေတယ်လို့ထင်ပေမယ့် ဖြစ်နိုင်ချေရှိနေတာကို သူ သိပြီးပြီဖြစ်သည်။ ခြေလှမ်းတွေက ရှေ့ကိုတိုးလျှောက်လာခဲ့လျှင် သူ ထင်သလို ခြံဝကိုမသွားလိုက်ရဘဲ ပေါ်တီကိုအောက်ကို ဝင်လာသည့် ဆိုင်ကယ်လ်ပေါ်မှာ ...

"ဟော့ .. မင်းကို ဘယ်သူ ဝင်ခွင့်ပေးလို့လဲ .."

ဖိုင်း က ဆိုင်ကယ်လ်ပေါ်က မဆင်းမီ ဟဲလ်မက်ကို ချွတ်ရင်း လှည့်ကြည့်သည်။ ဘာမှမဖြေဘဲ သူ့ကိစ္စကို အေးဆေးလုပ်ပြီးမှ သူ့ရှေ့ထိ လှေကားထစ်တွေအတိုင်း တက်လာကာ ...

"နှင်းဆီမျက်နှာ ရဲ့ ယောကျ်ားဆိုတာ သိရင် နှင်းဆီမျက်နှာ ရဲ့ အိမ်ကို အချိန်မရွေး ရောက်လာခွင့် ရှိတယ်ဆိုတာ ခြံစောင့်ကတောင် သိတယ် .."

"အေး .. ခြံစောင့်က ဦးနှောက်ပျက်နေလို့ကွ .. ကောင်းနေရင် ဒါ မယုံသင့်မှန်း လူတိုင်း သိတယ် .. နှင်းဆီမျက်နှာ ရဲ့ယောကျ်ားလို့ ပြောတိုင်း တံခါးဖွင့်ပေးနေရအောင် .. ဒီအိမ်ကလူတွေကို ဘာတွေ မှတ်နေသလဲ .."

"သူ့နဲ့ ဘာမှ မတော်စပ် မပတ်သက်တော့တဲ့ လူတွေချည်းပဲ ရှိနေကြတယ်ဆိုတာ ခုနကပဲ သူ ပြောလို့ သိတယ် .."

ဦးထက်နိုင် မျက်နှာ ရဲခနဲ ထပ်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်တွေ မျက်စိရှုပ်အောင် ကျနေပေမယ့် ပါးမို့တွေနီကာ မျက်နှာက ဖြူဝင်းနေသည့်လူငယ်..၊ အရုပ်အမောင်းကလည်း ယောကျ်ားချင်း မျက်လွှာပင့်ကြည့်ရလောက်အောင် မြင့်သည်။ အဆီပိုမတင်သော လူငယ်တစ်ယောက်၏ ပါးလျားသော ဒီဇိုင်းမျိုးမို့ စိတ်ထဲမှာ မနာလို စိတ်က သိသာစွာ ဖြစ်ထွန်းလာသည်။

သူ့အတွက် ကိုယ်က ပြိုင်ဘက်မဟုတ်နိုင်မှန်း သိသာနေပေမယ့် ယှဉ်ပြိုင် အနိုင်လုရမည့်ပစ္စည်းက ကိုယ့်လက်ထဲမှာ ..၊

"ခင်ဗျား စဉ်းစားနေတာဆိုရင် .. အလကား အလုပ်ရှုပ်ခံမနေပါနဲ့ ..၊ နှင်းဆီ ကို ခေါ်လိုက်ပါ .."

"ဘာကွ!..."

"ဟွန့် .."

ဦးထက်ခိုင် မျက်နှာမှ အခြေအနေကို ဖတ်ကြည့်ပြီးတာနှင့် ဇိုင်း က နားလည်သွားသလို ခပ်မဲ့မဲ့ပြုံးကာ ...

"နှင်းဆီ .. ဟော .. ဒီမှာ ကိုယ် ရောက်နေပြီ .. မင်း ထွက်လာခဲ့.."

"ဟဲ့ ကောင်လေး .. မင်း သူများအိမ်မှာ ဘယ်လိုလဲ .."

"သူများအိမ်မှ မဟုတ်တာ .. ဒါ နှင်းဆီ ရဲ့အိမ်ပဲ .."

"ငါတို့က အုပ်ထိန်းသူတွေ .. မင်းဘာသာ ဘယ်လိုသက်ဆိုင်မှုတွေ ရှိရှိ .. ငါတို့ကို ကျော်လို့ မရဘူး .."

"ဟုတ်ပါပြီ .. နှင်းဆီ က သူ့အုပ်ထိန်းသူတွေရဲ့ သဘောပါပဲ ဆိုရင် ခင်ဗျားတို့ ဆန္ဒရှိတဲ့အတိုင်း ကျွန်တော် နာခံမှာပါ .."

"သူက အခု မျက်မမြင်ဒုက္ခိတ .. သူ့ ဆုံးဖြတ်ခွင့်နဲ့လည်း ဘာမှ လုပ်လို့ မရဘူး .."

ဒေါ်ကြာဖြူ က အတင်း ရှေ့တိုး၍ ပြောနေသည်။ ဘာဖြစ်ဖြစ် နှင်းဆီ ကို ပေးတွေ့လို့ မဖြစ်တာ သေချာပြီးသား ..၊

"မင်း ပြန်တော့ ဟဲ့ သူငယ် .. မဟုတ်ရင် ငါ ရဲကို ဖုန်းဆက်





လိုက်မှာနော် .."

"လုပ်ပါ .. ပိုကောင်းတာပေါ့ .."

ဇိုင်း က နည်းနည်းလေးမှ အမူအရာ ပျက်သွားတာ မရှိ ..၊ သူ့ လက်ထဲမှာလည်း ဆိုင်ကယ်လ်သော့မှလွဲ၍ ဘာမှ ကိုင်မထားပါ ..။

ဒေါ်ကြာဖြူ ကို စိုက်ကြည့်ကာ သော့ကို မြှောက်တင်လိုက်ပြီးမှ ပြန်ဖမ်း၍ ...

"နှင်းဆီမျက်နှာ က အရွယ်ရောက်ပြီးတဲ့ မိန်းကလေး .. ကျွန်တော်က တရားဝင် လက်ထပ်ထားတဲ့ သူ့ယောကျ်ား.. ခင်ဗျားတို့ လုပ်ပိုင်ခွင့်ရှိတယ်ထင်ရင် လုပ်လိုက် .. အဲ့ဒီလိုဖြစ်မှ ရှင်းလို့ ပိုကောင်းမှာ.. စကားပြောရ သက်သာတာပေါ့ .."

"ဟော .. ဒီမှာ .."

"သူ့ကို အထဲဝင်ပါစေ အန်တီဖြူ .. ကျွန်မတို့ စကားပြောမှ ဖြစ်မယ် .."

စကားသံတွေ တိခနဲ ပြတ်ကျသွားကာ အသံလာရာသို့ လှည့်ကြည့်မိကြ၏။ လှေကားခြေရင်းရောက်နေပြီဖြစ်သော နှင်းဆီ ကို ဒေါ်ပုစူး က လက်တစ်ဖက်က ကိုင်ပြီး တွဲထား၏။

"ဇိုင်း .. ဝင်ခဲ့လေ .."

သူကပဲ ဖြစ်နေတဲ့အတိုင်း ..၊

ဒေါ်ကြာဖြူ ဒေါသတွေ တနုံ့နုံ့နှင့် အံကြိတ်၏။ ဒါ ဟိုအိမ်ဖော်မတွေ ကပ်သင်ပေးနေတာ ..၊ သင်းတို့ရှိနေလို့ ဒီအကန်းမ ..။

စိတ်ထဲမှာ မျိုးစုံ ကျိန်ဆဲရင်း မောင်ဖြစ်သူကို ကြည့်မိ၏။ ဦးထက်ခိုင် မျက်လုံးတွေ စူးစူးရဲရဲဖြစ်နေကာ အံတကြိတ်ကြိတ်နှင့် ...

ခုလိုတွေ ဖြစ်လာတော့ သင်း ဘာတတ်နိုင်လို့လဲ ..၊ အစတည်းက ဖြစ်လာနိုင်တာတွေကို ပြောပြခဲ့သည်။ ဘယ်လို လုပ်ထားသင့်တယ် ဆိုတာတွေလည်း ပါ၏။ ဒါကို သင်းက နားမထောင် ..၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း မလောပါနဲ့.. ကိုယ့်လက်ခုပ်ထဲက ရေပါ"တဲ့..။

"ရုပ်ပျက်ဆင်းပျက် လုပ်လို့ မဖြစ်ဘူး .. ပတ်ဝန်းကျင်မှာ ကိုယ့်ရဲ့ဂုဏ်သိက္ခာက ရှိသေးတယ်"တဲ့ ..။ ပြီးတော့ 'ဒီကောင်မလေးကို ကျွန်တော်ကလွဲပြီး ယူမယ့်သူ မရှိတော့ဘူး .. ပထွေးနဲ့ အတူနေနေတယ်ဆိုတည်းက တစ်ဝက် သေချာပြီးသား' တဲ့ ..။

ခုတော့ ဘာတွေ ဖြစ်ကုန်တာလဲ ..၊

နှင်းဆီ မှာ ယောက်ျားရှိခဲ့တယ်လို့ ထင်လည်း မထင် ..၊ မောင်ဖြစ်သူ ပြောတုန်းကလည်း နှစ်ယောက်သား ရယ်စရာတစ်ခုလိုပါ ..။

"ပြောပုံကတော့ တကယ် သဘာဝကျတယ်နော် မမဖြူ .. သူ့အမေကို ရွံ့တယ်ဆိုတာ ဖြစ်နိုင်ဆုံးပဲ .. ပြီးတော့ သူတို့ချင်း မချစ်ကြဘူးလို့ ထည့်ပြောတယ် .."

"တကယ် ဟုတ်နေရင် ဘယ်လိုလုပ်မလဲ ..၊ သိပ်လည်း အထင်မသေးနဲ့ဦး .."

"ဟုတ်နေရင်လည်း ကောင်းနေတုန်းကတောင် ထားခဲ့သေးတာ.. ကန်းနေကာမှ ဘယ်ကောင်က စိတ်ဝင်စားမှာလဲ ..၊ ပြီးတော့ သူတို့ မကွာရှင်းရသေးဘူးလို့ ထည့်ပြောတည်းက ကွာရှင်းပြီးသား ဖြစ်နေဖို့လည်း ရှိတယ် .."

ဖြစ်နိုင်ချေတွေတော့ ထည့်ပြောဖြစ်ကြသေးသည်။ ဒါပေမယ့် ဟာသပြက်လုံးတွေလို ပြောပြီး ပျောက်ခဲ့ကြသည်။

ခုကျတော့ ဖြစ်နိုင်ခြင်း .. မဖြစ်နိုင်ခြင်းတွေ ချန်လုပ်ပြီး လူကိုယ်တိုင် အိမ်ပေါ်ရောက်လာခဲ့ပြီ ဖြစ်၏။

ဘာက အမှန်တရားလဲ ..၊





## အခန်း (၂၆)

"ဒါတွေက တကယ်လိုအပ်တယ် ကိုခွန်မိုင်း .. အနှင်း ဘက်ကို ...ာတယ်ဆိုရင်တော့ ဘာကိုမှ သာတယ် နာတယ် မတွေးဘဲ.. လက် ...လေး ထိုးပေးပါ .."

သီတာ က သူငယ်ချင်းဘက်ကနေ ငွေချေးစာအုပ်နှင့် လက်ထပ် ...ျပ်ကို တစ်ခါတည်း ပူးတွဲလုပ်သည်။

ကြွေးမြီအတွက် ခွန်မိုင်း ဘက်ကနေ နှင်းဆီ ရဲ့ ကိုယ်ရံတော် ...ုပ်ဖြင့် ပေးဆပ်သွားမည့်အကြောင်း အချိန်ကာလဖြင့် ကန့်သတ် ...သည်။

အကယ်၍ နှင်းဆီ ဘက်ကမှ စိတ်ကျေနပ်မှုမရှိကြောင်း အကြောင်း ...း နိုင်လုံစွာ ထောက်ပြလာခဲ့လျှင် ပေးဆပ်ပြီးခဲ့သော လုပ်အား ...ိုး အားလုံး ပျောက်ပျက်သွားမှာ ဖြစ်သည့်ပြင် မူလ တင်ရှိခဲ့သော ...၏ သုံးဆကို နှင်းဆီ သတ်မှတ်သည့်အတွင်း ခွန်မိုင်း မှ ပြန်ပေး ...ရမည်။

...တ်ကြည့်ပြီး ခွန်မိုင်း က ရယ်သည်။ ထိုအသံကြောင့် နှင်းဆီ ...ခုံးတန်းလေးတွေ ကုတ်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သီတာ က ပျာပျာသလဲ ဖြစ်သွားကာ ...

"ဒီလိုရှိပါတယ် ကိုခွန်ဖိုင်း ရယ်.. ဒီပြဿနာအတွက် ရှင် အင်ထ
ဝင်လိုက်တာကို ကျေးဇူးတင်ပါတယ် .. အနှင်း အတွက် ရှင်သာ
အခိကဖြစ်သွားပြီမှန်းလည်း သိပါတယ် .. ဒါပေမယ့် ဒီစာချုပ်တွေ
တော့ ရှင် ကြည်ကြည်ဖြူဖြူ လက်မှတ်ထိုးမှာပဲလို့ ကျွန်မတို့က မျ
ကြည်ထားပါတယ် .."

"ဘာဖြစ်လို့လဲ .."

BURMESE CLASSIC

"ရှင့်ဘက်က ရိုးသားတယ်လို့ တွက်မိလို့ပါ .."

"အဟွန်း .."

"စာချုပ်တွေအရ ရှင် နစ်နာတာ မှန်ပေမယ့် မိန်းကလေးဘ
ကတော့ လိုအပ်ပါတယ်ရှင် .. တွေးကြည့်ရင် လင်မယားအဖြစ် လူ
ကြည်အောင် နေထိုင်သွားဖို့က ထင်သလောက် မလွယ်ဘူး.. ယောက်
သားဘက်က ဖောက်ပြန်ဖို့ အခြေအနေ အခွင့်အလမ်းတွေ အများကြ
ရှိနေသလို .. မိန်းကလေးဘက်ကတော့ အကာအကွယ်မဲ့ပါတယ် ..

သီတာ က ခွန်ဖိုင်း မျက်နှာပေါ်က အခြေအနေကို အကဲခတ်
ရင်း ခပ်ရွံ့ရွံ့ ရှင်းပြနေခဲ့၏။ ဒီကိစ္စကို ခွန်ဖိုင်း က ခေါင်းခါလိုက်လျှ
နှင်းဆီ ဘက်မှာ မတွေးဝံ့စရာ ဖြစ်နေပြီမို့ စကားမှားသွားမှာလည်
စိုးရိမ်နေမိ၏။

"ခင်ဗျား တော်ပါတယ် .. ရှေ့နေ ပီသတယ် .."

"ဒီလိုလည်း မဟုတ်ပါဘူးရှင် .."

ဘယ်လို ကာကွယ်ထားလို့ ရတယ်ဆိုတာ နှစ်ယောက် တိုင်
ကြပြီးတာနှင့် နှင်းဆီ က ဒါတွေ ဒီလိုထည့်ပေးပါလို့ အသေးစိ
အကြံပြုခဲ့တာပါ ..။

တကယ်တမ်း ရှေ့နေမဟုတ်ဘဲ တော်နေတာက နှင်းဆီ ဖြ
သည်။ အလယ်တန်းကျောင်းမှာ အတူတူ တက်လာကြတည်





င်းဆီ နိုင်ငံခြားထွက်မသွားခင်အထိ ကျောင်းမှာဆို နှင်းဆီ က အတော်
ဆုံး ..။ ကြွပ်ဆတ်ဆတ် မာကျောကျော နှင်းဆီ ရဲ့ပုံစံကြောင့် 'နှင်းဆီ
မျက်နှာ' ဆိုတာ သတင်းကြီးခဲ့သည်။

"စာဆိုလည်း မင်းက တော်တယ်.. ဆရာ ဆရာမ ချစ်တဲ့သူရယ်.."

ထိုစာသားလေးနှင့်ပဲ သီချင်းကို တစ်ပိုင်းတစ်စ ဆို၍ ယောကျ်ား
လေးတွေ ပါးစပ်များမှာလည်း ရေပန်းစားခဲ့တာလည်း နှင်းဆီမျက်နှာ
ပဲ ဖြစ်သည်။

စိတ်က အတိတ်ဆီ ဖျတ်ခနဲ ရောက်သွားမိတာနှင့် နှင်းဆီ ကို
ခိုးကြည့်လိုက်မိသည်။ မှုန်ညက်ညက် မျက်နှာလေးက မကျေနပ်
ချက်တွေတင်ကာ ပို၍ မှုန်ကုပ်နေတော့သည်။

ဖိုင်း ကလည်း သူမကိုပဲ စိုက်ကြည့်နေလျက် ...

"ဒီစိတ်ကူးတွေ သူ့မှာလည်း ရှိနေတဲ့ပုံပဲ .."

လေသံက လူကို ဟပ်သွားသလို ရှိကာ နှင်းဆီ မေးဖျားလေး
ဆတ်ခနဲ ပင့်လာ၏။

"ရှင် ကျွန်မကို ပြောတာလား .."

"ဟုတ်တယ် .. မင်းကို .."

ပြောပြီး ဆိုဖာမှာ ပက်ခနဲ မှီလိုက်၏။

"ငါ အကဲခတ်ကြည့်တာလေ .. မင်းအတွက် အရမ်းကို စိုးရိမ်ပြီး
ဦးပေးနေကြတဲ့လူတွေက ဒီစာချုပ်တွေကို ဖတ်ကြည့်လိုက်တာနဲ့
မကျေနပ် ဖြစ်သွားမှာပဲဆိုတာ ကြိုတွေးမိကြမှာပဲ .."

"အခု ရှင် မကျေနပ်ဘူးပေါ့ .."

"ဘယ် ကျေနပ်မလဲ .."

အမေးရှိတာနှင့် အဖြေက တန်းခနဲ ထွက်၏။

"မိန်းကလေးဘက်ကို ငဲ့ပေးဖို့တွေဘာတွေဖြစ်ဖို့ အဲ့ဒီမိန်းကလေး
ငါနဲ့မှ မဆိုင်ဘဲ .."

www.burmeseclassic.com



နှင်းဆီ မျက်နှာလေး ရှုံ့တွတွ ဖြစ်သွားသည်။ ဒေါသနှင့် ခံရခြင်းက စိတ်ရှိလက်ရှိ ပြောချင်နေသော စကားတို့ကို မရမက ထိန်း နေရမှန်းလည်း သိသာ၏။

ဖိုင်း က ထိုမျက်နှာလေးကို မတည်မပြုံး နှုတ်ခမ်းတို့ ခပ်လွန့်လွန့် နှင့် ကြည့်နေကာ ...

"ပြောပြတာ .. မင်းကို ငါ ခန့်မှန်းမိလိုက်တဲ့အကြောင်းက အဲ့ ပဲ .. ဒီလို ထောင့်စေ့ပြီး ပြည့်စုံနေတဲ့အချက်တွေ ထည့်ဖို့ .."

သူ့စကားကို ပြန်ဆက်ရင်း နှင်းဆီ ထံမှ မျက်လုံးကိုလည်း မလွှဲ

"မင်းကတော့ ငါ့ကို မကျေနပ်နေတဲ့သူလေ .. မမြင်မစမ်းမို့ မျက်နှာမပူတာ .. အားမနာတတ်တာတွေလည်း ပါချင် ပါမှာပေါ့ .. ကြည့်စမ်း ..။

ဒေါသက ထောင်းခနဲ ထဖြစ်၏။ ဒါပေမယ့် သူ ပြောသလို ကိုယ့်ဘဝကို ဒီလောက်ထိ ပေါ့ပျက်ပျက် မတွေးခဲ့ပေ ..။

ဒီနေ့ထိ ခရီးနှင်လာခဲ့ပြီးမှ လက်ထပ်ခြင်းကိစ္စ ဖြစ်ဖြစ် .. မဖြစ်ဖြစ် ဂရုမစိုက်ရလောက်အောင်လည်း မမိုက်မဲပါ ..။ ဒါပေမယ့် သူ့စည်း ကိုယ့်စည်းဆိုတာ မလိုဘူးလား ..။

အခြေအနေ အချိန်အခါအရ ဖောက်ပြန်လာမှာတွေအတွက် ကွယ်ထားရတယ်ဆိုတာရော .. သူမဘက်က ဘာလွန်ခဲ့လို့လဲ ..။

"ဒီမှာ ခွန်ဖိုင်း .. ကျွန်မဘာသာ ဘာစာချုပ်တွေနဲ့ပဲ ချည်ထားထား ထားပေ့စေ .. ရှင် မှန်ရင် ပြီးတာပဲ မဟုတ်ဘူးလား .. ကျွန်မတို့ တွေးခဲ့တာ အဲ့ဒါပဲ ..။ အနာပေါ် တုတ်ကျတာမျိုး ဖြစ်သွားဖို့ မရှိလောက်ဘူးလို့လေ .."

"အဟွန်း .. ဟွန်း .."

"ရှင် ဘာရယ်တာလဲ .."

သီတာ ကတော့ စိတ်ညစ် ရင်ပူတာတွေနဲ့ လုံးထွေးကာ တင်း





ပဲ မှိုချနေမိသည်။ ဖိုင်း ကိုလည်း ဘယ်လိုမှ အကဲခတ်မရလောက် အောင်ပါ ..။

စာချုပ်နဲ့ပတ်သက်ပြီး သူ့မျက်နှာမှာ မကျေနပ်တာ ဒေါသဖြစ်တာ ဘာမှမရှိဘဲနဲ့ .. ပြောတဲ့စကားတွေကျတော့ တစ်မျိုး ..။

တကယ်တမ်းကျတော့ ဖိုင်း ကလည်း ဒီတိုင်းဖြစ်အောင် တမင် လုပ်တာ ဖြစ်သည်။ စာချုပ်ချုပ်မှာ .. သဘောတူ ကျေနပ်ကြတာတွေ ဖြစ်ဖို့အချိန်ထိ သူမက စကားဟဟ မပြောခဲ့ပေ ..။

ဒါကြောင့် သူမ စကားပြောလာဖို့ လိုအပ်သည်။ ပြောလာနိုင်မယ့် မေးခွန်းနဲ့ပဲ တမင် နှိုးဆွခဲ့တာ ဖြစ်၏။ သူများတွေ ဖြစ်စေချင်နေကြတာထက် သူမ ဘာဖြစ်ချင်နေသလဲဆိုတာပဲ သူ သိချင်သည်။ သိလိုက်ရလို့လည်း ကျေနပ်သွားမိ၏။

"ငါ ထင်ပါတယ် .. မင်းက ပျော့ညံ့ညံ့ မိန်းမတစ်ယောက်တော့ မဟုတ်ဘူးဆိုတာ .."

"ရှင့်ကို ကျွန်မ ဘယ်လိုမိန်းမမျိုးလဲ ဝေဖန်ခိုင်းနေတာ မဟုတ်ဘူး .. ခုကိစ္စကိုပဲ .."

"လိုတယ် .. ဘာဖြစ်လို့လဲဆိုတော့ ငါက သူများခိုင်းတိုင်း လုပ်မယ့်ကောင် မဟုတ်ဘူး .. ပြောတာ ရိုင်းသွားရင်တော့ ဆောရီးပဲ .."

မမြင်ရပေမယ့် နှင်းဆီ က မဲ့၍ တစ်ဖက်လှည့်၏။ 'သိပြီးသား' ဆိုသည့် မဲ့ပြုံးမျိုး ဖြစ်သည်။ သီတာ ဖိုင်း ကို အားနာသွားပေမယ့် ဖိုင်း ကလည်း ထိုမဲ့ပြုံးကို နားလည်သော်ငြား ...

"သနားပါဆိုတိုင်း သနားရမယ်ဆိုရင်လည်း တစ်နိုင်ငံလုံးမှာ သနားစရာ မိန်းမတွေမှ အများကြီးပဲ .. ဆိုလိုချင်တာက ငါ လက်ထပ်ရမယ့်မိန်းမက မင်း ဖြစ်နေလို့ .."

"ဟန်ဆောင် လက်ထပ်ရမှာကို ထည့်ပြော .."

"နေရာတကာမှာလား .."



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ အသံတိတ်သွားသည်။ သီတာ မျက်နှာလေး မဲ့ကာ ခေါင်းကုတ်နေ၏။

"ဒီ လက်ထပ်ခြင်းက မင်းအတွက် အဆင်ပြေရုံပဲ .. လိုအပ်သလို လုပ်တာပေမယ့် ကိုယ်ကတော့ မိန်းမ ရသွားတာပဲလေ .."

"ကျွန်မတို့ တတ်နိုင်သမျှ တိုးတိုးတိတ်တိတ် .."

"ဘယ်လောက်ထိ တိုးတိတ်နိုင်မှာလဲ .. ကိုယ်က မင်းယောကျ်ားပါလို့ ဦးထက်ခိုင် ယုံကြည်ဖို့အတွက်က နောက်ထပ် ယုံကြည် လက်ခံထားပြီးတဲ့ လူတွေ လိုတယ် .. အခု လက်ရှိ ပြန်ပေါင်းထုပ်ကိစ္စက သင့်တော်ပါတယ်လို့ ထောက်ခံကြမယ့်လူတွေလည်း လိုတယ် .."

"ကျွန်မက ငွေစကားပြောရင်လည်း ရှင် ကြိုက်မှာ မဟုတ်ဘူး.."

"ငါက ပိုလိုချင်လို့ ပြောနေတယ် ထင်လို့လား .."

"ဒါပဲ ရှိတော့တာလေ .. ရှင့်ကို ကျွန်မတို့ အခက်အခဲတွေ ပြောပြပြီး အကူအညီ တောင်းခဲ့ကြတာပဲ .."

"ဟုတ်တယ် .. အခက်အခဲတွေကို သိတယ် .. ဒါပေမယ့် အဲဒီ အခက်အခဲတွေကို ကြုံနေရတဲ့ မိန်းကလေးက မင်း ဖြစ်နေလို့ ဒီထိ ငါ ရောက်လာခဲ့တာ .."

ပြောပြီး နှင်းဆီ မျက်နှာလေးက ပြောင်းလဲခြင်းကို သူ စောင့်ကြည့်သည်။ ပြီးမှ ...

"မင်းကို ငါ အထင်လွဲပြီး ပြောခဲ့ ဆိုတဲ့တာတွေ .."

"ရှင် အဲ့ဒါတွေကို ပြန်မပြောပါနဲ့ .."

ချက်ချင်း တင်းမာ နီမြန်းသွားသည့် မျက်နှာလေးကို သီတာ အံ့သြသွားမိသည်။ ကြည့်လိုက်တော့ ဖိုင်း ကလည်း တည်ကြည်သော မျက်ဝန်းတို့နှင့် ဘာမှ ဆက်မပြောဘဲနေလျှင် ...

"အနှင်း .. ဘာ .. ဘာဖြစ်လို့လဲ ဟင် .."

ဘာမှ မဖြစ်ဘူး .."





သီတာ နဲ့ နှင်းဆီ ဖြေနေတာကို ဖိုင်း က ပြုံးကာ ...

"မင်းကို အဲ့ဒါအတွက် အရင် တောင်းပန်မလို့ပါ .."

"မလိုဘူး .. ပြောနေပြီပဲ .."

"ကျေနပ်ပေးတာလား .. မကြားချင်တာလား .."

"ဘယ်တော့မှ မကျေနပ်ဘူး .."

ပြောချလိုက်တာ မဆင်မခြင်ပါလား ..၊

ဖိုင်း စိတ်ဆိုးပြီး ထပြန်သွားမှာစိုးကာ သီတာ ဘယ်လိုစကားနဲ့ ဝင်ပြီး ဖြေသိမ့်ရမှန်း မသိ ..၊

"ရှင့်ကို မမြင်ရပေမယ့် ရှင့်စကားတွေ.. ရှင့်စကားရဲ့သက်ရောက်မှုတွေကြောင့် ကျွန်မ တစ်နေရာတည်း လဲသေသွားနိုင်တယ် .. အဲဒါ ရှင် သိရဲ့လား .."

"မသိဘူးလေ .. မင်း ကန်းနေမှန်းမှ ငါ မသိတာ .."

ပြောပုံက ..၊

သီတာ စိတ်ညစ်နေမိတော့သည်။ တောင်ငူကလည်း တောင်ငူ.. မောင်းထောင်ကလည်း မောင်းထောင် ..၊

"အဲ့ဒီတုန်းက .."

"တော်တော့ .."

"မတော်နိုင်ဘူး နှင်းဆီ .. မင်း စိတ်ဆိုးနေတာကို ငါ နားလည်တယ် .. ငါ့ဘက်က အရမ်းလွန်သွားမှန်း သိလို့ မင်းကို မျက်မမြင်မှန်း သိကတည်းက ငါ့မှာ အပြစ်ကြီးတစ်ခုလို ခံစားနေခဲ့ရတာ .."

"ဟွန်း .."

"ငါ့ဘက်က မသိလို့ ပြောမိပါတယ်ဆိုရင် မင်း ကျေနပ်မပေးသင့်ဘူးလား .."

"အဲ့ဒါကို မမေးရင် ရှင်လည်း တောင်းပန်နေဖို့ မလိုဘူး .. ကျွန်မလည်း ဒေါသတွေ တစ်က ပြန်စနေစရာ မလိုတော့ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. တစ်ကနေ့ပဲ ပြန်စလိုက် .. လိုရင်းက မင်း ကျေအေးနေဖို့ပဲ .."

တွေးမိတိုင်း ဒေါသထွက်နေပါတယ်ဆိုမှ ကျေအေးခိုင်းနေပြန်ပါပြီ ..၊ သီတာ နှင်းဆီ ကို ကြည့်တော့လည်း မြင်သာ မြင်ရလျှင် ထသတ်တော့မည့် မျက်နှာမျိုး ..၊

ဒီဘက်မှာ ဖိုင်း ကလည်း ဖွတ် ..၊

"အိုခေ .. အိုခေ .. ရှင်နဲ့ အနှင်း အတွက် အဆင်ပြေဖို့ တစ်ခုရှိတယ် .."

သီတာ နှစ်ဖက်စလုံးကို လက်ကာပြကာ ...

"ရှင်လည်း အနှင်း ပေါ်မှာ အပြစ်ပြုမိတယ်လို့ ယူဆပြီး ဒီပြဿနာထဲ ဝင်ပါခဲ့တာမို့လား .. ဒီတည်းက ရှင့်ရဲ့စိတ်ရင်းမှန်ကို ခန့်မှန်းလို့ရနေပါပြီ .."

နှင်းဆီ က မဲ့ပြီး မျက်နှာလွှဲ၏။ သူမကတော့ 'နီးပဲ'ဆိုတဲ့ သဘောမျိုး ..၊

ဝတ်ထားသည့် အနီရောင်ရင့်ရင့် ဆွယ်တာလေးက ဒေါသမပြေသော နှုတ်ခမ်းသားလေးတွေကို ပို၍ အရောင်တင်ပေးထားသလိုရှိကာ မမြင်မစမ်းကနေ မျက်စောင်းရွယ်နေသည့် မျက်ဝန်းလေးတွေကလည်း အသက်ဝင်၏။

စကားဝင်ပြောပေးနေရင်း ဖိုင်း က နှင်းဆီ ကို စိုက်ကြည့်နေတာမြင်တော့ သီတာ ကိုယ့်စကားကို ဆက်ပြောရမလား ..၊ ခဏ ရပ်စောင့်နေရမလား ..။

"အဲ့ဒီတော့ .. အဲဒီတော့လေ .. အဟာမ်း အနှင်း ကလည်း ဟိုတုန်းက စိတ်ဆိုးစရာ ဘယ်လောက် ဖြစ်ခဲ့ဖြစ်ခဲ့ .. အခု လက်တွဲပြီး ပြဿနာတစ်ရပ်ကို ရင်ဆိုင်ဖြေရှင်းကြရတော့မှာဆိုတော့ ရဲဘော်ရဲဖက်ချင်းလို့ပဲ သဘောထားလိုက်ပါ .."





ရင်တထိတ်ထိတ်နဲ့ ခဏရပ်စောင့်လိုက်ရပေမယ့် နှင်းဆီ ဘာမှမပြောဘဲနေသဖြင့် စိတ်သက်သာသွား၏။

"နောက်ဆို လက်တွဲရင်း ရင်းနှီးသွားကြတော့ တစ်ယောက်သဘော တစ်ယောက် ပိုနားလည်လာကြဦးမှာ ..၊ ကိုခွန်ဖိုင်း ကလည်း သူ့ဘက်က ပြောမှားဆိုမှားရှိခဲ့ရင် ရှင့်အပြစ်အတွက် ပြန်ပြီး ပေးဆပ်တဲ့သဘောနဲ့ နားလည်ပေးစေချင်တယ် .."

ဖိုင်း က မျက်မှောင်ကုတ်ထားလျက်နှင့် ခေါင်းညိတ်သည်။

"ကျွန်တော်က ဟိုအိမ်ထဲကို ဝင်သွားမိတည်းက ဒါကို လက်ခံဖို့ ဆုံးဖြတ်ပြီးသားပါ ..၊ တစ်ခုရှိတာက ကျွန်တော်က သည်းခံတတ်တဲ့ အကျင့် မရှိဘူး ..၊ တကယ်လို့ သူ့ရင်ထဲက မကျေနပ်မှုတွေနဲ့ နေ့ရှိသရွေ့ ပစ်ပေါက်နေရင် ကျွန်တော့်ဘက်က သည်းခံနိုင်ဖို့ မလွယ်ဘူး .."

"ဒါ သဘာဝကျပါတယ်.. တစ်ဖက်သတ်ကြီး ပြောဆိုခံနေရမယ်ဆိုရင် .."

"ဘာ သဘာဝကျတာလဲ သီတာ .. သူ ငါ့ကို မိန်းမပျက်တစ်ယောက်လို ပြောဆို လှောင်ပြောင်ခဲ့တုန်းက ဘာမှန်း မသိလိုက်ဘဲ ငါ တစ်ဖက်သတ် ခံခဲ့ရတာ .."

"ဟင်!..."

သီတာ့ အကြည့်ကြောင့် ဖိုင်း မျက်နှာပူသွားသည်။ မိန်းကလေးတစ်ယောက်လို ပက်ခနဲ ပြန်မပြောတတ်သဖြင့် နဖူးခြစ်လိုက် .. နှာခေါင်းပွတ်လိုက် ဖြစ်သွားရင်း ...

"ဟုတ်ပါတယ် .. အဲ့ဒါတွေကလည်း .."

"ရှင့်ကို ရှင်းပြခိုင်းနေတာ မဟုတ်ဘူး .."

"ဪ .. မင်း ပြောချင်တာ ပြောနေတော့ ကောင်းသားသား .. မင်း ပြောလို့ရသလို ငါ မဟုတ်တာကိုလည်း ပြောခွင့်ရှိတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"နေကြပါဦး .. ခဏလေးပါ .. ဒုက္ခပါပဲ နော် .."

ဒေါသ မာနတွေနဲ့ ပြန်လှန် ရန်ဖြစ်နေကြပုံက သူငယ်ချင်းချင်း ဖြစ်နေကြတာနဲ့လည်း တူကာ လင်မယား ရန်ဖြစ်နေတာနဲ့ ပိုတူပါသည်။ ပြောပြန်ရင်လည်း မကောင်း ..၊

"ဘာမှ ပြန်ပြောနေစရာ မလိုဘူး .. ကျွန်မက သိတာ ပြောတာ သဘာဝမကျတာကိုပဲ ပြောချင်တာ .."

"ကျကျ မကျကျ မသိတာ ကလည်း ဒီပြဿနာကို ဖြေရှင်းသွားကြဖို့ပဲ ဦးတည်နေတာ.. ငါ ရှင်းပြချင်တာကလည်း.. မင်းနဲ့ ပြေလည်.."

"ပြေလည်ဖို့ မလိုဘူး .. ရှင့်ကို ကျွန်မက ဒေါ်ဒေါ်သဲ က ယုံကြည်ထိုက်သူပါလို့ လမ်းညွှန်ပေးတဲ့အတွက် ယုံယုံကြည်ကြည်နဲ့ အကူအညီတောင်းခဲ့တာ .. ရှင်က ကူညီမယ်ဆိုရင် ပြီးပြီ .. အဲ့ဒီလူက ကျွန်မကို မို့ချိုးမျှစ်ချိုး ဝေဖန်ကဲ့ရဲ့ခဲ့တဲ့လူဆိုတာကို ခေါင်းထဲက ထုတ်ထားပြီးသား .."

"ခေါင်းထဲက ထုတ်ပေမယ့် မင်းပါးစပ်ကတော့ ပေါက်ပေါက်ဖောက်နေမှာပဲလေ .. ငါ ပြောဆိုခဲ့မိတာက ဘာကြောင့်ပါဆိုတဲ့ နိုင်လုံတဲ့ သက်သေပြချက် ရှိတယ် .. ဒါကို မင်းပဲ .."

"မသိဘူး .. ရှင့်ကို အဲ့ဒီအတွက်တော့ လုံးဝ ယုံကြည်မပေးနိုင်ဘူး .. အိမ်ချင်းကပ်နေပြီး အဲဒီအိမ်က မိန်းကလေး ကန်းနေတာတောင် မသိဘူးဆိုတာ လုံးဝ မဖြစ်နိုင်တဲ့ကိစ္စ .."

"နှင်းဆီမျက်နှာ .."

ထွေလီကာလီတွေ စီကာပတ်ကုံး ရှင်းမပြတတ်သည့်အခါ ဒေါသတွေပဲ ဆောင့်ခုန်ထွက်၏။

"မင်း ငါ ရှင်းပြတာကို နားမထောင်ဘဲ အဲ့ဒီလို ပြောလာမှာတွေကို ငါ ကြို သတိပေးနေတာ .."

စားပွဲကို လက်သီးဆုပ်နှင့် ခပ်ဖိဖိ ဆောင့်ချကာ ...





"စာချုပ်မကလို့ ငါ့တစ်ကိုယ်လုံးကို ဖောက်ပြီး ကြိုးနဲ့ တွဲတုပ်ထားလည်း ခွန်ဖိုင်း ဆိုတဲ့ကောင်က စိတ်မပါရင် သေမယ့်လမ်းဖြစ်ဖြစ် ကိုယ်ထင်ရာ ကိုယ်လုပ်ကြေး ပဲ .."

"သိတယ် .. ရှင့်အကြောင်းကို အများကြီး ကြားထားတာ .."

ပြန်အော်တာ မှန်ပေမယ့် နှင်းဆီ ငိုနေပါပြီ ..၊

မျက်နှာလွှဲပစ်ချင်ပေမယ့် ပြောလက်စကလည်း မကုန်သေး ..၊ ထိုအခါ နေရာမှ ဆတ်ခနဲ ထရပ်လိုက်ရင်း ...

"အခုပဲ ကျွန်မ ထပ်ပြောမယ် .. ရှင့်စကားတွေကို ဘယ်တော့မှ မမေ့ဘူး .. ဘယ်တော့မှလည်း ခွင့်မလွှတ်ဘူး .. ကျွန်မကို မကူညီချင် အခု ရှင် ထပြန်သွားစမ်းပါ .."

လက်ညှိုးထိုး၍ ပြောနေပေမယ့် ဖိုင်း ရဲ့မျက်နှာဆီ မရောက်ဘဲ မျက်ရည်တွေ တသောသော ကျနေကာ ...

"ရှင်ကလည်း ကူညီရပြီး ကျေးဇူးတင်တော့ ခံချင်တာပဲမို့လား..၊ အခု ကျေးဇူးမတင်ဘူးဆိုတာ ကြိုပြောလိုက်မယ် .. ရှင် ကြိုက်သလို ဆုံးဖြတ် .."

နှင်းဆီ မျက်နှာကို လက်ခုံလေးနဲ့ ဖြစ်သလို ပွတ်ဆွဲပစ်ကာ ဆိုဖာကြားထဲကနေ ထွက်ဖို့ ခြေထောက်နဲ့ စမ်းတော့ စမ်းတာပဲ ဖြစ်သည်။

ဒါပေမယ့် စိတ်က လောနေသဖြင့် ခြေထောက်ထုတ်လိုက်တာမှာပဲ စားပွဲခြေထောက်နဲ့ တိုက်မိကာ ...

"အား!..."

သူမ ခြေလွှတ်လက်လွှတ် လဲသွားပြီဆိုတာ သိလိုက်၏။ သို့သော်...

"ရှင်!..."

နွေးနေသော ရင်ခွင်ကျယ်မှာ မျက်နှာကပ်မိလိုက်ကာ ဖိုင်း ပဲ ဆိုတာ ချက်ချင်း သိလိုက်၏။

"ဖယ်ပေး .. သွား ..၊ သိတာ .. သိတာ ငါ့ကို ပြန်ပို့ပေးပါ .."

www.burmeseclassic.com



သူမ လက်ကို လွှဲ၍ တွန်းဖယ် ရုန်းပစ်ကာ ...

"သီတာ .."

"ငါ ရှိပါတယ် .. ခဏလေး နေပါဦး အနှင်း ရယ် .. နင် နှစ်ယောက်တွက်လာပြီးမှ တစ်ယောက်တည်း ပြန်သွားရင် ဘာတွေဖြစ်ကုန်မလဲ သိရဲ့လား .. အဲ့ဒီအိမ်ထဲမှာ နင့်အတွက် မလုံခြုံတော့ဘူးလေ.."

"အဲ့ဒါ ငါ့ဘဝပဲ သီတာ .. ဒီတစ်နည်း မဖြစ်လည်း နောက်တစ်နည်းပေါ့ ...၊ ငါ့အတွက် မပူနဲ့ .. ပြန်ပို့ပေးပါ .."

"ပို့ပေးမယ် .."

ဇိုင်း က ဝင်ပြောပြီး နှင်းဆီ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ နှင်းဆီ က ပြန်ရုန်းပေမယ့် ဖိဆုပ်ထားကာ ...

"စာချုပ်တွေမှာ သူ့လက်မှတ် ပါနေပြီပဲ .. ကျွန်တော် ထိုးပေးပါ့မယ် .. ပြီးမှ တစ်ခေါက် ပြန်ထွက်ခဲ့မယ် .."

သီတာ ဝမ်းသာအားရ ခေါင်းညိတ်သည်။ ပြီးတော့ သိလိုက်သည်က ...

စာချုပ်သည်သာ ဟန်ဆောင် လက်ထပ်စာချုပ် ဖြစ်နိုင်ပေမယ့် လက်မှတ်တွေမှာတော့ မမြင်နိုင်သော တစ်စုံတစ်ရာ ...၊







## အခန်း (၂၇)

"ဘာကွ!..."

"မကြားလိုက်ဘူး ထင်တယ် .."

နှင်းဆီ မျက်နှာလေးက ကျားသစ်ပျို့မလေးကဲ့သို့ ရူးရဲတက်ကြွသော မဲ့ပြုံးတို့နှင့် ခက်ထန်နေကာ ...

"ဒေါ်ဒေါ်သဲ ကို ရှင် ပြန်ထုတ်မပေးဘဲ ကျွန်မဘာသာ ထုတ်လို့သူ ထွက်လာခဲ့ရင် .."

"ပြောပါဦး ဘာဖြစ်မလဲ .."

"ဖြစ်လာရင် ရှင် သိရမှာပါ .. အခု ရှင် ရင်ဆိုင်ရဖို့ ရှိသေးတာကို ကလစ်ထောက်လိုက်တာ .. ရှင် ဝင်ကြည့်မယ်ဆိုရင်တော့ ဒေါ်ဒေါ်သဲကို ထုတ်မပေးနိုင်ဘူးလို့ တစ်ခွန်းပဲ ပြောလိုက် .."

"ဟား .. ဟား .. ဟား .. မင်းက ငါ ပြောလာတာကိုပဲ လိုချင်နေတယ်နဲ့ တူတယ် .."

"ဟုတ်တယ် .. ရှင် ယုတ်မာတာတွေ ကျွန်မ များများ စုဆောင်းချင်တာလေ .. လိုအပ်လို့ပါ .."

"သိပ်သိတာပေါ့ နှင်းဆီ .. ငါကရော မသဲမြ လို အိမ်ဖော်တစ်ယောက်အတွက်နဲ့ ခေါင်းစားခံမယ့်လူမို့လို့လား .."



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မျက်လုံးက အိမ်ထဲကို ဝေ့၏။ ဟိုကောင် ဘယ်ရောက်သွားသလဲ …။

"မင်း ဘာလုပ်မယ်ဆိုတာ ငါ ဂရုမစိုက်ပေမယ့် ငါ လုပ်မယ့် အလုပ်ကို နှောင့်နှေးမခံနိုင်ဘူး .. မင်းရဲ့ ဒေါ်ဒေါ်သဲ လွတ်လာမှာပါ.."

"ဒါဆိုလည်း အလုပ်တစ်ခု အရှုပ်သက်သာတာပေါ့ .."

"နေပါဦး မယ်နှင်းဆီ .."

ဒေါ်ကြာဖြူ က ဘယ်ကဘယ်လို ထွက်လာသည် မသိ …။ စကားဝိုင်းမှာ လုံးဝ မပါခဲ့ဘဲ ခပ်လှမ်းလှမ်းကနေ ပြောရင်း လျှောက်လာတာမျိုး …။

"ညည်းက လင် အားကိုးရတော့ မျက်နှာက တစ်မျိုးပါလား.."

"ဟုတ်တယ်လေ .. လင် မရှိဘဲ အကန်းဖြစ်နေရတော့ မသူတော်တွေ ဝိုင်းဝိုင်းလည်နေတာကိုး .. အဲ့ဒါကြောင့် ပြီးခဲ့တဲ့ ဇာတ်လမ်းကို ပြန်ဆက်ပြီး တမင် အားကိုးရှာထားရတာ .."

ဖိုင်း နဲ့ သူမ ရန်ဖြစ်ရဦးမှာပါ …။

ဒါကြောင့် ပဋိပက္ခဖြစ်နေကြတုန်း မလိုအပ်ဘဲ မြင်သွား ကြားသွားခဲ့ရင် အစတည်းက မသင့်မြတ် မကြင်နာခဲ့ကြဘူးဆိုတာ သိထားမှ ရုတ်တရက် သံသယကြီးထွားနှုန်းကို တားဆီးနိုင်မှာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် နှင်းဆီ ရဲ့လုပ်ရပ်က ထိရောက်သွားတာတော့ အမှန်ပင် …။ မထင်မှတ်ဘဲ ပြောင်းလဲသွားခဲ့သော အခြေအနေနှင့် ပတ်သက်ပြီး ဦးထက်ခိုင် ဗျာများသွားခဲ့သလို .. ဒေါ်ကြာဖြူ မျက်လုံးပြူးသွားခဲ့၏။ ဒါတွေကို ယုံလည်း မယုံနိုင် …။ မယုံလို့လည်း မရ …။

"နောက်ထပ်တစ်ခု ရှိသေးတယ် .. ကျွန်မက အိမ်ထောင်ပြုလိုက်ရပြီဆိုတော့ ဒီအိမ်မှာ အိမ်ထောင်ဦးစီးဖြစ်နေတဲ့ ယောက်ျားနှစ်ယောက် ရှိလာပြီ .."

"ဟား .. ဟား .. ဟား …"





ဦးထက်ခိုင် က အားပါးတရ ထရယ်၏။

"ခွန်ဖိုင်း ဆိုတဲ့ ကောင်လား .. မင်းရဲ့ အိမ်ထောင်ဦးစီးဖြစ်မှာ..၊ ဒီမှာ နှင်းဆီ .. မိန်းမတစ်ယောက် ယူတာ ယောက်ျားတိုင်းအတွက် ဘာမှ မခက်ဘူး .. မိန်းမယူတတ်တိုင်း အိမ်ထောင်ဦးစီးကောင်းဖြစ်ဖို့ ဆိုတာ လွယ်တယ်မှတ်လို့လား .."

"အို .. လွယ်တာ ခက်တာ သူလုပ်ရမယ့်အလုပ်ပါပဲ .. ကောင်းတာ တော်တာတွေကလည်း သူ့အရည်အချင်းပဲ .. ကျွန်မယောက်ျားကို သူတော်လူတတ်ကြီး ဖြစ်နေဖို့ထက် ယုတ်မာတတ်တဲ့ပညာတွေ ပါလာရင်ပဲ ကျေးဇူးတင်လှပြီ .."

မောင်နှမ မျက်လုံးချင်း ဆုံသွားကြသည်။ ပြီးတော့ နှစ်ယောက်လုံး အံကြိတ်၏။

"ကျွန်မ ပြောချင်တာက ဦးထက်ခိုင် ကလည်း 'ငါက ဒေါ်နှင်းနှင်းမြတ် ရဲ့ယောက်ျား' ဆိုတဲ့ သက်ဆိုင်မှု ရှိတယ် .. ကျွန်မကလည်း သမီး .."

"နှင်းဆီမျက်နှာ .."

"ပြောပါ .."

"ငါက မင်းအမေရဲ့ လက်တစ်ဝါးလောက် စက်ရုံ ကုမ္ပဏီပေါက်စလေးတွေကို မက်မောနေတယ်လို့ မင်း ထင်နေသလား .."

"ရှင် ဘာမက်မက် ကျွန်မ စိတ်မဝင်စားပါဘူး .. ဒီအိမ်ပေါ်မှာ ရှင် နေနိုင်ခွင့် ဘယ်လောက်ရှိသလဲပဲ တွေးတာ .."

"တွေးတော့ ဘာတွေ သိလာသလဲ .."

ပြောဖို့တော့ အစီအစဉ် မရှိခဲ့ပေမယ့် ဒေါသကို ပုတ်နှိုးနေသော ဦးထက်ခိုင် ရဲ့ မုန်းတီးစရာအသံကြီးကြောင့် သူမ မျိုသိပ်မထားနိုင်တော့ပေ …။

"ရှင့်ကို ဒီအိမ်ပေါ်က မောင်းချခွင့် ရှိတယ်ဆိုတာတွေ သိလာတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ..”

“ဘာပြောတယ် မိနှင်းဆီ ..”

“အန်တီဖြူ တိတ်တိတ်ဆိတ်ဆိတ် နေပါ ..၊ ကျွန်မတို့ လမ်းပေါ်မှာ ရန်ဖြစ်နေကြတာ မဟုတ်ပါဘူး .. တန့်ဖိုးကြီးတဲ့စကားဆိုတာ သက်ဆိုင်တဲ့လူချင်း ပြောကြတာပဲ တရားဝင်တယ် ..”

“ဘာ!...”

ဦးထက်နိုင် က ဒေါ်ကြာဖြူ ကို လက်ကာ၍ ...

“မင်း တတ်သလို ငါကလည်း မညံ့သေးဘူး နှင်းဆီ .. အေး တစ်ခုပဲ ပြောမယ် .. မင်း သေလုမြောပါး ကြိုးစားခွင့် ရှိသေးတယ်ဆိုတာ သိအောင်ပါ ..”

ဦးထက်နိုင် ကလည်း မခြွင်းမချန် ကြေညာဖို့ ဆုံးဖြတ်ပြီးပြီကာ ...

“ငါ နေစရာမရှိလို့ နေနေတာ မဟုတ်ဘူး .. ငါ ဆုံးရှုံးခဲ့ရတဲ့ ငါ့ရဲ့သက်တမ်းတစ်လျှောက်လုံး ပူလောင်မှုတွေ .. အနီရောင်ဖြစ်နေခဲ့တဲ့ ငါ့ရဲ့အနာဂတ်တွေ .. အဲ့ဒါတွေကို အကောင်းဆုံး ပြန်လိုချင်လို့ပဲ .. အဲ့ဒါတွေ အားလုံး ငါ မင်းကို သိမ်းပိုက်နိုင်ရင် ပြီးပြီ ..”

နှင်းဆီ ရင်တစ်ချက် တုန်သွား၏။ သူမ လက်မတင်လေး လား ..၊

သူ့လက်ခုပ်ထဲ ရောက်နေတဲ့ သားကောင်လို ချက်ချင်း မစား ကစားနေတုန်း မလွတ်မြောက်နိုင်ဘူးထင်ပြီး အထင်မြင်သေးတဲ့စိတ် အမေ့တလျှော့ ရှိနေတုန်း ...၊

ဒီအချိန်လေးအတွင်းမှာ ဒေါ်ဒေါ်သဲ နဲ့ သီတာ တို့ လှုပ်ရှားလိုက်တာ မြန်လို့ ..၊ ဒါတောင်မှ သူမ ဘဝပျက်မယ့်ဆဲဆဲလေးရယ်ပါ .. ဖုန်းဝင်လုပြီး စိတ်လွတ်ကိုယ်လွတ် သူ့ပါးကို ရိုက်ပစ်လိုက်သည်။ ယောကျ်ားတစ်ယောက်၏ ဒေါသမာနကို နှိုးဆွသလို ဖြစ်သွား





ထိုအချိန်လေးမှာပဲ ဦးထက်နိုင် က သူမကို မွေ့ရာပေါ် ဆွဲလှဲပြီး မဟားတရား ကြံစည်ခဲ့တာ ဖြစ်၏။

ဒေါ်ပူစူး သာ ကိုယ်ကျိုးစွန့်ပြီး ဝင်မကယ်ခဲ့ရင် သူမ ဘယ်လိုမှ မလွတ်မြောက်နိုင် ..၊ ပြီးတော့ အိမ်မှာ ရှိသမျှလူတွေ ရောက်လာခဲ့ကြသည်။

ဒေါ်ကြာဖြူ ကတော့ ဒီမတရားမှုကို တားဆီးဖို့ ပြေးလာတာ မဖြစ်နိုင်ပါ ..၊ ဒေါ်ပူစူး အော်ဟစ် အကူအညီတောင်းခဲ့သဖြင့် ပြေးလွှား ရောက်လာရင်း တခြားလူတွေပါ ပါလာခဲ့တာ ဖြစ်သည်။

ဒါကို တွေးမိတိုင်း ကြက်သီးထမိ၏။ လူတွေ စုရုံးလာတော့ ရှန်းရင်းဆန်ခတ် ရန်ဖြစ်နေကြသလိုလို .. ဦးထက်နိုင် က ဝုန်းဒိုင်းကြဲပြီး ထွက်သွား၏။

ထိုအဖြစ်ကြောင့် ဒေါ်ပူစူး ကို မကြည်ဖြူကြတော့ပေမယ့် ခွန်နိုင်း ရောက်လာပြီး အခြေအနေက တစ်ဖက်သတ် မဟုတ်တော့ဘဲ ဘက်ညီသွားခဲ့သည်။ ထို့ကြောင့် ဒေါ်ပူစူး ကိစ္စက ပျောက်ပျက်သွားခဲ့၏။ သီတာ ကဆို တဖွဖွ အပြစ်တင်လို့ မဆုံး ..၊

“နောက်ဆို စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ အနှင်း ရယ်.. ယောကျ်ားတစ်ယောက်နဲ့ ရင်ဆိုင်မိရင် ကိုယ်ကစပြီး လက်မပါပါနဲ့ .. ပြီးတော့ နင်က လူကောင်းလည်း မဟုတ်ဘူး” တဲ့ ..။

ပက်စက်ရင့်သီးတာတွေ ပြောဆိုခံရပါ များတော့လည်း စိတ်က ဆောင်းခနဲဆို ကိုယ့်ကိုယ်ကိုယ် မျက်မမြင်ဆိုတာကိုလည်း မေ့သွားတတ်၏။ ခုလည်း သီတာ တားထားတဲ့ကြားကနေ လျှို့ဝှက်သင့်တာကို ပြောလိုက်မိပြန်ပြီ ..၊

ဖိုင်း ဘယ်ရောက်နေသလဲ ..၊

တိတ်ကျသွားသည့် အခြေအနေကြောင့် ကိုယ့်တစ်ယောက်တည်း ဆိုတဲ့ အသိက ဖိုင်း ကို သတိရသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အခု ငါ အလိုချင်ဆုံးက မင်းနဲ့ ဖိုင်း ရဲ့ ဟန်ဆောင်လင်မယား အဖြစ်ကို လူသိရှင်ကြား ဖော်ထုတ်ဖို့ပဲ .."

ဟင်!...

တွေးနေမိတုန်းမို့ ဦးထက်ခိုင် ရဲ့ စကားကြောင့် ထိတ်ခနဲ ဖြစ်သွားတာကို ဟန်မဆောင်လိုက်နိုင် ..၊ ဦးထက်ခိုင် က သူ့ခိုးဖမ်းမိလိုက်သလို အားတက်သရော ပြုံးလိုက်ရင်း ...

"လူသတ်ဖူးတဲ့လက်က နောက်ထပ် သတ်ရမှာလည်း ဝန်မလေးဘူး .. မင်းပဲ ငါ့ကို လူယုတ်မာပါလို့ ကြေညာပေးခဲ့တာ လူယုတ်မာတို့ လုပ်ထုံးလုပ်နည်းတွေ စုံအောင် လုပ်ရတော့မှာပေါ့ .."

"စိတ်ချ နှင်းဆီ .. မင်းက ဒဿဂီရိလို ခိုးယူပေါင်းသင်းဖို့အထိ ငါ့အတွက် မတန်ပါဘူး .. ဒါပေမယ့် မင်း လုပ်ချင်တာတွေ မအောင်မြင်စေရဘူး ..၊ အားကိုးရှိသွားလို့ မာကျောနေတဲ့ မင်းရဲ့လေသံတွေ ခယ ညွတ်ပျောင်းလာအောင် ငါ လုပ်နိုင်တယ်ဆိုတာ မင်း သိစေရမယ် .."

ကြိမ်းဝါးသွားတာ ကြောက်စရာပါလား ..၊ ဒီလူကြီးနဲ့ အတူတူ တစ်မိုးအောက်တည်းမှာ နေနေရသရွေ့ သူမအတွက် နေ့စဉ်နဲ့အမျှ ရင်ပူနေရဖို့လည်း သေချာနေသည်။

သူ ဘာတွေ ကြံစည်မှာလဲ ..၊ ကိုယ်က ဘာတွေ လုပ်ရမှာလဲ ..၊

အနားမှာ ရှိသည့်လူကိုပဲ စိတ်တိုမိ၏။

ခွန်ဖိုင်း ဆိုတဲ့လူ ..၊ သူကတော့ အေးဆေး ..။





## အခန်း (၂၈)

"မင်း ရှိနေပြီလား .."

"ဟုတ်တယ် .. ယောက်ျားတစ်ယောက်နဲ့ တစ်ခန်းတည်း နေနေရတဲ့ မျက်မမြင်ဘဝနဲ့ ဘယ်လိုလုပ် ကောင်းကောင်း အိပ်ပျော်မှာလဲ.."

ဖိုင်း က မှန်တင်ခုံမှာ ဘီးယူလိုက်ပြီး ပြုံးသည်။

"ရှင်ကတော့ အေးဆေးပဲ နော် .."

"မအေးဆေးလို့ မင်းကို ငုတ်တုတ်ထိုင် ကြည့်နေရမှာလား ..၊ ကြည့်ဆိုရင်လည်း ပြော .. ကြည့်ပေးမယ် .."

"စကားပြောတာ တည်တည်တံ့တံ့ ပြောစမ်းပါ .."

နှင်းဆီ က တွဲလာပေးသည့် ခေါင်းဖီးဘီး ကို တွန်းဖယ်ကာ တုတ်ကောက်နဲ့ ခုတင်ကို စမ်းသည်။ ပြီးတော့ သူမဘာသာ ထိုင်လိုက်ပြီး...

"အခု ဘယ်ကိုသွားဖို့ စီစဉ်နေတာလဲ .."

"သွားစရာ ရှိတယ် .. မင်းပါ လိုက်ခဲ့ .."

"ဘာ!..."

"မလိုက်ဘူးဆိုရင် နေခဲ့မှာလား .."

"ခွန်ဖိုင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ယောက်ျားကို လူကြားကောင်းအောင် ခေါ် .."

"ရှင့်ကိစ္စနဲ့ မနေ့ကလည်း အချိန်မတော်ကြီးကျမှ အပြင်ထွက်ခဲ့ရတယ် .."

"အချိန်မတော်မှ ကိစ္စပေါ်လာတာ ဘယ်လိုလုပ်ရမလဲ .. မင်းကို ထားခဲ့လို့လည်း မရတော့ .."

"အခုလည်း မရဘူး .. ရှင်လည်း မသွားနဲ့ .."

"ဘာ!..."

ဘီးကိုင်လျက်နှင့် သူမကို လှည့်ကြည့်မိ၏။ သူ အပြင်သွားတော့မယ်ဆိုတိုင်း သူမက ကြိုသိနေသည်။ ဘယ်တော့မှလည်း ကြည်ကြည်သာသာ သွားရတယ်ဆိုတာ မရှိ ..၊

"ကိုယ် ဒီနေ့ ပွဲစားတွေနဲ့ ချိန်းထားတယ် .."

"ရှင် သွားရမှာက အဲဒီပွဲစားတွေနဲ့ တွေ့ဖို့ မဟုတ်ဘူး .."

"မဟုတ်တော့ ဘာလဲ .."

"ကျွန်မ နားမှာ နေဖို့ .."

"အမြဲတမ်းတော့ ရမလားကွ .."

နှစ်ယောက် စကားများဖို့ ရှိလာသည်နှင့် ခေါ်ပူစူး အခန်းပြင်ထွက်စောင့်ရတော့သည်။ လူသူလေးပါး အရိပ်အခြည်ကြည့်၍ အနားမနီးခင် အချက်ပြဖို့ပါ ..။

မဟုတ်လျှင် သူတို့ ပြောကြတာတွေ နည်းနည်းလောက် ကြာသွားတာနှင့် ပြဿနာက မတွေးရဲစရာ ..၊

"ဒီမှာ နှင်းဆီမျက်နှာ .."

"နာမည် ဂစ်စတက်ဆုံး ခေါ်တာကိုလည်း ပြင်ပါ.. အဲ့ဒါက စပြီး သဘာဝမကျတာ .."

"ဒါကတော့ သဘာဝမကျမှာတွေ ရှိလာဖို့အတွက် မင်းနဲ့ ငါ အဆင်မပြေတာတွေ မင်း ကြိုပြောထားတာပဲ .. ငါ မင်းကို ခြင်ကိုက်ရာ





င်အောင် စောင့်ရှောက်နိုင်တယ် .. အဲ့ဒီတာဝန်ပဲ ငါ ယူထားတာ..၊ ကို ဆရာ မလုပ်ဖို့ မင်း ဆင်ခြင် .."

"ဆရာလုပ်နေတာ မဟုတ်ဘူး .. ရှင်နဲ့ ကျွန်မအကြောင်းကို ဖော် ်မှာပဲလို့ သူက ကြိမ်းထားတာ .."

"ဘာဖြစ်လဲ ဖော်ပေါ့ .. လက်ထပ်စာချုပ် ရှိတာပဲ .."

"စင်ကာပူမှာတည်းက လက်ထပ်ထားခဲ့တာလို့ ကျွန်မက ပြောခဲ့ .."

"ဒါပေမယ့် ကွဲခဲ့တယ်မို့လား .. အခု ပြန်လက်ထပ်တယ်.. ဘာ နိုင်လို့လဲ .."

"အစတည်းက မကွာရှင်းရသေးဘူးလို့ ပြောခဲ့တာ .."

"ဟား!..."

ဖိုင်း စိတ်တိုသံနှင့် သူမရှေ့ကို ချက်ချင်း ရောက်သွား၏။

"မင်း အဲလောက်ထိ ဒီလူကို ဂရုစိုက်နေသလား နှင်းဆီ .."

"ဘာပဲဖြစ်ဖြစ် .. ကျွန်မတို့က ညာထားတာပဲ .."

"နေရာတကာမှာ အမှန်တရား မရှိဘူး .. မုသားမပါ လက်မချော ာထက် 'မုသားမပါ နေလို့မကောင်း' ဆိုတာ ပိုမှန်တယ် .. မွေးလာ ်းက အနီးလေးနဲ့ ကောက်ပတ်ထားလိုက်တာ .. အဲ့ဒါ မုသား.."

တော်တော်ကို ကပ်ဖဲ့သပ်တဲ့လူပါလား ..၊

နှင်းဆီ နှာခေါင်းလေးပါ တွန့်မဲ့သွားကာ ...

"ဟုတ်တယ် .. ကကြီးကို ယပလက်လို့ ရှင်ပဲ ပြောတတ်တာ .. သ်သူမှ မသိဘူး .."

"သိကြတာ လူတိုင်းပဲ .. ဒါပေမယ့် မတွေးကြတာကို ငါ ာက်ပြတာ .. မုသားပြောတာ ငရဲကြီးမှန်း သိပေမယ့် နေရာတကာ မုသားလွတ်တာ ဘာရှိလို့လဲ ..၊ ကမ္ဘာပေါ်မှာ ရှိသမျှ အလှအပတိုင်း မုသားရှိတယ် .. အဲ့ဒါကိုရော မင်း လက်ခံလား .. ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ တချို့ အမှန်တရားတွေက အန္တရာယ်ကြီးတယ် .. မုသားကျ
တော့ ထာဝစဉ် ချိုတယ်တဲ့ .."

"နေပါ .. ရှင့်တရားနဲ့ ရှင် နေပါ .. အခု ကျွန်မ လိုချင်တာ
ကိုယ့်ရည်ရွယ်ချက် မပြည့်ဝခင်မှာ မလိုလားအပ်တဲ့ ပြဿနာတွေ
မရှင်းချင်တာ .."

"လူတိုင်း ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရနေရင် မင်းနဲ့ ငါ ညားကြ
မဟုတ်ဘူးလေ .."

"ရှင် ဘာပြောတယ် .."

ဖိုင်း က မွေ့ရာစပ်မှာ ထိုင်လိုက်တော့ သိမ့်ခနဲ ဖြစ်သွားသည့်
အထိအတွေ့ကြောင့် နှင်းဆီ က ဟိုဘက်တိုးလိုက်၏။ ဖက်ဖူးစိမ်းရောင်
လေး ဝတ်ထားသည့် သူမမျက်နှာလေးက နံနက်အခင်းအလှနဲ့အပြိုင်
လန်းဆန်းနေ၏။

ကြေးနီရောက်လက်နေသည့် ဆံနွယ်တို့က ပါးရိုးလေးတစ်ဖက်
မှာ ခပ်နွဲ့နွဲ့ဖြတ်ဆင်းနေကြသဖြင့် နှာတံချွန်ကော့ကော့လေးနဲ့ ကြည့်
ကောင်းနေသည်။

နီးနီးကပ်ကပ်လေး ကြည့်မိတိုင်း ဖျတ်ခနဲ မျက်နှာလွှဲပစ်ဖို့ ခက်
သည့်အဖြစ်က လူကို တော်တော် ဒုက္ခပေးပါ၏။

"ရှင် စကားလုံးနဲ့ ရင့်ရင့်သီးသီးတွေ ပြောတတ်တာ ကျွန်မ မကြိုက်
ဘူး .."

"မင်းကြိုက်မယ့်စကား ရွေးပြောဖို့တော့ အဆင်မပြေဘူးကွ -
အစတည်းက ငါက မယဉ်ကျေးခဲ့တဲ့ကောင် .."

"ဘာဖြစ်ဖြစ် ရှင် ဆင်ခြင်စမ်းပါ .. ကျွန်မကို သားပြော မယား
ပြောတာတော့ ခဏခဏ ဖြစ်လာရင် ကျွန်မ လုံးဝ သည်းမခံဘူး -"

ဖိုင်း က ပြုံးလိုက်ကာ ...

"သားပြော မယားပြောဆိုတာ ဘာမှန်းတောင် ကိုယ် မသိဘူး-"





"သြော် .. ကျွန်မကတော့ သိနေတယ်ပေါ့ .."

"မဟုတ်ဘူးလေ .. မင်းက မိန်းကလေးပဲ .. မင်းကို ပြောချင်တာ
မဟုတ်ဘူး .. အဲ့လို ဖြစ်သွားခဲ့ရင် နားလည်ပေးဖို့ ကြိုပြောချင်တာ ..
မယဉ်ကျေးတဲ့လူတစ်ယောက် ဖြစ်ရတာ ကြွားစရာမှ မဟုတ်တာ ..
မင်းကို ကိုယ် ခဏခဏ ထည့်ပြောနေရတာ ဂုဏ်ယူပြီး ပြောနေတာ
မဟုတ်ဘူး .. တကယ် တောင်းပန်တာပါ .. ကိုယ်က ဟိုတုန်းတည်းက
အရိုင်းအစိုင်းပဲ .."

နှင်းဆီ ဘာမှမပြောဘဲ ငြိမ်သက်နေခဲ့သည်။

"နှင်းဆီ .."

သူက လက်တစ်ဖက် ထောက်လိုက်ပြီး မျက်နှာ ကပ်ခေါ်သဖြင့်
မွေ့ရာက ညွတ်ခနဲ ဖြစ်သွားကာ အသံက မျက်နှာနား ရောက်လာ၏။

နှင်းဆီ ပခုံးလေး ကျုံ့သွားပြီး လက်ပိုက်၏။

"မင်းနဲ့ ကိုယ် ဟိုအရင်က အတိတ်အကြောင်းတွေ ပြောကြည့်ရ
အောင် .. မင်း စိတ်ပါမလား .."

"ဟင့်အင်း .."

"ဒါဆိုလည်း ကိုယ့်အကြောင်း ပြောပြမယ် .."

"ရှင့်ကို သူများ မွေးစားတာဆို .. အတိတ်ကို ဘယ်လိုလုပ် သိနေ
တာလဲ .."

"အမေ ပြောပြခဲ့တာတွေပေါ့ .."

သူမ ခဏလေး စဉ်းစားနေပြီးမှ ...

"ရှင် အပြင်မသွားဘဲနဲ့ ပြောမှာလား .."

ဖိုင်း က ရယ်လိုက်ကာ ...

"မဟုတ်ဘူး .. သွားရင်းနဲ့ ပြောမှာ .."

"ရှင့်ကို မသွားဖို့ ကျွန်မ ပြောနေတာ နော် .."

"သွားမှ ဖြစ်မှာလို့ ပြောထားတာပဲကွ .."



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေက ဟုတ်တော့မလိုနှင့် ပြန်လည် အေးစက်သွားခဲ့သဖြင့် ဇိုင်း က နေရာမှ ပြန်ထရပ်ကာ ...

"မင်းက လူမမာ .. ပြီးတော့ မိန်းကလေး ..၊ မင်း နေသလို ကိုယ်က အိမ်တွင်းအောင်း နေနိုင်မလား .."

"ရှင်က လွန်ကို လွန်လွန်းတာ ဇိုင်း .."

"ကိုယ် ခြေလှမ်းသမျှ မင်းက လိုက်ပြောနေတော့ လွန်တယ် ထင်တာပေါ့ .. ယောကျာ်းလေးတစ်ယောက်ကို ခြေချုပ်နဲ့ ထားရင်တောင် ခြေချုပ်မိထားတဲ့ ခြေထောက်ကို ဖြတ်ထားခဲ့ပြီး လေးဖက်ထောက် ထွက်မှာပဲ အဲ့ဒီကောင် .."

"ငါပဲလို့ ပြောလိုက်စမ်းပါ .."

"ဟား .. ဟား .. ဟား .. ဟား ..."

နှုတ်ခမ်းလေး လုံးချွန်နေအောင် ပြောနေတာကို ဇိုင်း အသည်းယားသွားသည်။ သူမ ပွစိပွစိ ရေရွတ်နေတဲ့ပုံစံ ဘာနဲ့တူနေပြီလဲဆိုတာသာ ပြောလိုက်ရရင် ပွဲက ကြည့်ကောင်းဦးမည် ...၊

အငြိုးထား အမုန်းပွားခဲ့တာတွေကို ဖြေရှင်းခွင့် မသာပေမယ့် ရန်ဖြစ်ဖော်တော့ ရနေသေးသဖြင့် ဒါက သူ့အတွက် ရင်းနှီးခွင့်အတွက် လမ်းစတစ်ခု ...၊

သူမကို သူ ဘယ်အခြေအနေမှာဖြစ်ဖြစ် နားလည်ခွင့်လွှတ်ပေးနေမှာပဲဆိုတာ သနားကြင်နာခြင်းက အစပြုခဲ့၍လား ...၊ သူ မှားခဲ့တာအတွက် ပေးဆပ်ချင်ခဲ့တာကတော့ အသေအချာပါပဲ ...။

မျက်မမြင်လေးမို့ ငေးချင်ရာ ငေးနေသည့် ကောင်မလေးကို သူ ထင်ပစ်လိုက်တာ ပက်ပက်စက်စက် ...၊





## အခန်း (၂၈)

"သူက ဘာလဲ ရှမ်းလား .. ဘာကပြားလဲ .. တော်င်ပေါ်သားဆိုတာတောင် မင်းတို့ သူ့လိပ်စာကို မရှာနိုင်ဘူးလား .."

"... ... ... ..."

"ဟာ .. ဒီထိပ်ပြောင်တော့ မင်း ငါ့ရှေ့မှာ ရှိရင် သေဦးမှာပဲ .. တောက်!... ဘာ အမေရိကန်လဲ .. ဘာအမေရိကန်မှ မဟုတ်ဘူး .. မင်း သူတို့ရဲ့ .."

"မေးချင်ရင် တည့်တည့်မေးလို့ ရတယ် ...ဗီလိန်ဆန်ဆန်တွေ ခလုပ်စမ်းပါနဲ့ .."

ဟင်!...

နားမှာ ကပ်ထားသည့် ဖုန်းကို ကပျာကယာ ချပြီး လှည့်ကြည့်လိုက်မိသည်။ ဇိုင်း က သူ့နောက်မှာ ...၊

"ရှုပ်ရှင်မဟုတ်တော့ သိပ်ကြည့်မကောင်းဘူး .."

ဇိုင်း မျက်နှာက ပြောရလောက်အောင် ဖြူဝင်း နုရဲနေသည်။ ဆံပင်ရောင်က ဖြူဖတ်ဖတ် ဝါကြင့်ကြင့်မို့ ဒီကောင်တွေ ဟိုထင်ဒီထင် ဖြစ်နေကြတာကို တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မြင့်လွန်းသည့်အရပ်က ရင်အုပ်ပြေပြေ၏ ကျယ်ပြန့်ခြင်းကြောင့် ကြည့်ရမဆိုးဘဲ ဖြစ်သွားသည်။

"မင်း သူများ ဖုန်းပြောတာကို နားထောင်နေတယ်ပေါ့ .."

"ဟုတ်တယ် .. ဝါသနာပါတယ် .."

"ဟွန်း .. မင်းက အဲ့ဒီလို အဆင့်အတန်းထဲကလား .."

"ဟုတ်မယ် ထင်တယ် .. ကျုပ်က ကလေကချေပဲလေ .. မိဘမရှိဘူး .. မွေးစားမိသားစုက ထပ်ဆင့် ဖယ်ကြဉ်ထားတဲ့လူ .."

နားထောင်နေသည့် ဦးထက်ခိုင် မျက်နှာက အထင်မြင်သေးစွာ ရှုံ့မဲ့နေ၏။

"အဲဒီတော့ တောင်ပေါ်သားပဲဖြစ်ဖြစ် .. နတ်ပြည်ကပဲ လာလာ.. လူဆိုရင် လူဆင်းရဲ .. နတ်ဆိုရင်လည်း နတ်ဆင်းရဲထဲကပဲ .. ခင်ဗျား စိတ်ဝင်စားဖို့ မရှိပါဘူး .."

"မင်းက စိတ်ဝင်စားဖို့ မရှိပေမယ့် မင်းလိုကောင်ကို လက်ထပ်ခဲ့တဲ့ကိစ္စကတော့ စိတ်ဝင်စားစရာပဲကိုး .."

"ဒါကတော့ မနာလို မရှိနဲ့လေ.. ကျုပ်က ဘယ်ကိုရောက်ရောက် ချစ်သူခင်သူ ပေါပြီးသား .. လူဆင်းရဲပေမယ့် အချစ် မဆင်းရဲတဲ့လူပေါ့ .."

ဇိုင်း က ဦးထက်ခိုင် မျက်နှာကို စေ့စေ့ကြည့်ပြီး မထိတထိ ရယ်သည်။

"အဲဒီထဲမှာ ကောင်မလေး ချမ်းသာလို့ အရမ်းလှလို့ ဘာညာကြောင့် မဟားတရား ကြံစည်ရယူခဲ့တာမျိုးတွေ မပါဘူးနော် .. ဒါမျိုးတွေ လုံးဝ ရှင်းတယ် .."

ဦးထက်ခိုင် မျက်နှာကြီး ပိုတင်းသွားသည်။

"ချစ်ထိုက်သူ မချစ်ထိုက်သူကို ကိုယ်တိုင် ရွေးချယ်ခဲ့တယ် .. ကိုယ်က ပေးတာထက် အများကြီး ပိုပေးနိုင်မှ ရွေးတယ် .."





"ဒါကြောင့် နှင်းဆီမျက်နှာ ကို ရွေးလိုက်တာလား .."

"ရွေးခဲ့တယ် .. ဒါပေမယ့် ပြန်ပယ်ခဲ့တယ်လေ .. ခင်ဗျား ဒါတွေ သိပြီးပါပြီ .. တစ်ခု ရှိတယ်နော် .. ကျုပ် ပြောတာမှာ အချစ်အကြောင်းချည်းပဲ ကျန်တာ မပါဘူး .."

"ဟား .. ဟား .. ဟား ... ရယ်စရာပဲ ဇိုင်း ရာ .. မင်း ပြောနေတဲ့ မာနမျိုးက မိန်းမတစ်ယောက်က လိုအပ်သလို ခေါ်နိုင်းတိုင်း ဒူးထောက်ရောက်လာတဲ့ ခုလိုပုံနဲ့ တခြားစီကြီးပါ ..၊ မင်းက ကလေကချေဆိုမှတော့ ကလေကချေဆန်တဲ့ မိန်းမမျိုးတွေပဲ ပေါမှာပါ .. နှင်းဆီကိုကျတော့ မင်း ခြေသလုံး ဖက်နေရပြီမို့လား .."

"ခြေသလုံးပဲ ဖက်ဖက် .. ခြေဖမိုးပဲ ငုံ့နမ်းနမ်း .. ဒါ ကျုပ်တို့ လင်မယားကိစ္စပါ .."

"ငါ ပြောချင်တာက မင်းရဲ့ ပေါ့ပျက်မှုတွေ အားလုံးက နှင်းဆီလို မိန်းမနဲ့ တွေ့တော့ 'ဘုရား'ထူးရတာပဲမို့လား .."

"ဟုတ်တယ်.. သူက ဘယ်မိန်းမနဲ့မှ မတူအောင် လှတယ်လေ.."

"မဟုတ်ဘူး .. သူ ချမ်းသာလို့ပါ .."

"ခင်ဗျား ပြောတော့ သူ့အမေ ပိုင်ဆိုင်သမျှ ခင်ဗျားလက်ထဲမှာဆို .."

ဦးထက်ခိုင် မျက်နှာပျက်လေသည်။

"အပြိုင်အဆိုင် လုကြရင်တောင် ဒီခြံကို တစ်ဝက်ပိုင်းကြတာလောက်ပဲ ရှိမှာပါ .."

"ဟော့ .. အဲ့ဒါလည်း ငါ သဘောတူမှ ဖြစ်တာကွ .."

"ထားလိုက်ပါ.. ကျုပ်တို့ အမွေကိစ္စ ဆွေးနွေးနေကြတာမှ မဟုတ်တာ .."

ဇိုင်း က သူ ကိုင်ထားသည့်ဖုန်းကို စိုက်ကြည့်ပြီးမှ မျက်နှာကို ရောက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စုံစမ်းနေရတာ ကြာမှာစိုးလို့ ပြောပေးနေတာ .. ကျုပ်အကြောင်းဆိုရင် စုံစမ်းမနေနဲ့ .. ကျုပ်မှာ ဇာတိ မရှိဘူး .. ဇာစ်မြစ်မသိဘူး .. ကျုပ်ကို မွေးစားခဲ့တဲ့အိမ်က လူတွေကလည်း ခွန်ဖိုင်း ဆိုရင် မိုက်ရိုင်းရမ်းကားလွန်းလို့ အသံတောင် မကြားချင်ပါဘူး တဲ့ .."

"အဟွန်း .. အဲဒီလူတွေကို ငါ လှမ်းမေးလိုက်မှာ ကြောက်နေတဲ့ပုံပဲ .."

"ခင်ဗျား အရာမထင်မှာ ကြိုပြောတာပါ.. ကျုပ်က ကလေးကချေဖြစ်ပေမယ့် ကိုယ့်တာဝန် ကိုယ်ယူတဲ့လူ .. ကျုပ်နဲ့ပတ်သက်တဲ့ တာဝန်ကို ယူမယ့်လူ မရှိဘူး .. သိအောင် ပြောပြတာ .."

"မသိအောင် ပြောနေတာ မဟုတ်ဘူးဆိုရင် မင်းအိမ်ရဲ့လိပ်စာ ပေးပါလား .."

"ဟား .. ဟား .. ဟား ..."

ဖိုင်း က ရယ်လိုက်ပြီး ကျောခိုင်းထားသည့်ကိုယ်ကို မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်လိုက်ကာ ...

"ခင်ဗျား ဒီလောက် စိတ်ထားဖြူစင်ပြီး သဘောထား မြင့်မြတ်နေတာ .. ကျုပ်က မရိုးသားခဲ့ရင်တောင် ဒီနေ့ထိ ငုတ်တုတ်ထိုင်နေပါ့မလား ဦးထက်ခိုင် .."

"မင်း!..."

ဒါကိုတော့ သည်းခံနိုင်စွမ်း မဲ့သွား၏။ လူကို ပက်ပက်စက်စက်ကြီး ဖွဲ့ချလိုက်တာ ..၊

"မင်း မိုက်ရိုင်းလှချေလား ဟိတ်ကောင် .."

"ရိုင်းပါတယ်လို့ ပြောနေတာကို ခင်ဗျား မကြားလိုက်လို့ ဖြစ်မယ် .."

ဦးထက်ခိုင် လက်သီးဆုပ်ထားရင်း ရှေ့တစ်လှမ်း တိုး၏။ သူ့ခြေလှမ်းကို မျက်တောင်ဖျားတို့ စင်းကြည့်၍ ခပ်မဲ့မဲ့ ပြုံးလိုက်တော့ တုံ့ခနဲ





ပြန်ရပ်မိသည်။

ဖိုင်း က သူ ကယောင်ကတမ်း ဖြစ်ပျက်နေတာတွေကို မမှိတ်မသုန် စိုက်ကြည့်နေ၏။ ပြီးမှ ဟွန့်ခနဲ မဲ့ကာ ...

"ခင်ဗျားရဲ့ အာရုံခံကိရိယာတွေ တစ်နေရာမှာ ငြိနေပြီထင်တယ်.. ရှေ့ကြောင်းနောက်ကြောင်း မမြင်တော့ဘူး .. ကျုပ်က ဖုံးဖိချင်မှဖြင့် ခင်ဗျားကို လာပြောနေစရာလား .. ကိုယ့်အိမ်နဲ့ ကိုယ် ညှိပြီးတာ ကြာပြီပေါ့ .."

ပြောပြီးတာနှင့် ဘောင်းဘီအိတ်ထဲကို နှိုက်၍ တစ်စုံတစ်ရာကို ရှာရင်း ...

"ကျုပ်တို့က မကွာရှင်းရသေးပေမယ့် စိတ်လိုက်မာန်ပါတွေ လုပ်ခဲ့ကြလို့ လက်ထပ်စာချုပ်တွေက မရှိတော့ဘူးလေ .. အဲဒါကို နှင်းဆီက လူယုတ်မာတချို့ အကွက်ထောက်စရာ ဖြစ်မှာစိုးလို့ လက်ထပ်စာချုပ်အသစ်မှာ ပြန်လက်မှတ်ထိုးပြီး လက်ထပ်မယ်တဲ့လေ .."

ပြောလိုက်တဲ့ စကားလုံးတိုင်းက ကိုယ့်ဘက်ချည်း တဝဲဝဲ ..၊

သူ့ကိုယ်သူ မိုက်ရိုင်းတတ်သူလို့ ခေါင်းစဉ်တပ်ပြီး ပြောချင်းတိုင်း ပြောနေသည်။ အနာပေါ် တုတ်ကျသလို ဖြစ်လာသည့် စကားလုံးတွေကြောင့် ဦးထက်ခိုင် အံကြိတ် သည်းခံနေရ၏။

ဖိုင်း က ပြောချင်ရာ ပြောနေရင်း နောက်ဆုံးကျမှ စာရွက်လေး တစ်ရွက် လက်ထဲမှာ ပါလာကာ ...

"တွေ့ပြီ .. ရော့ .."

စာရွက်ကို သေချာ ပြန်ဖတ်ကြည့်ပြီးမှ သူ့ကို လှမ်းပေးကာ ...

"ဟိုတယ်လ်မှာ ညနေခံပွဲလေး လုပ်ချင်လို့တဲ့ ..၊ ရန်ကုန်မှာ တစ်မင်္ဂလာ ထပ်လုပ်တဲ့သဘောပေါ့ .. ဖိတ်စာအတွက် လိုအပ်လာလို့ ကျုပ်ရဲ့ဇာတိ အဲ .. ချက်မြှုပ်မမြှုပ် မသေချာတဲ့ လိပ်စာပေါ့ .."

သူ လှမ်းယူလိုက်တော့ ပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ နော်.. တောဆိုတော့ ဖုန်းတော့ မရှိဘူးဗျာ .. ကျူပ် ထွက်လာခဲ့တဲ့ သက်တမ်းက မနည်းတော့ဘူးဆိုတော့ နောက်ပိုင်းမှာ ဖုန်းတွေဘာတွေ ရှိရင်လည်း ရှိနေနိုင်တယ် .. ကျူပ်ကတော့ မသိဘူး .."

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ စာကြည့်ခန်းထဲမှာ သူ တစ်ယောက်ပဲ ကျန်ရစ်၏။

"တောက်!..."

စာကြည့်ခန်းကြီးက ကျယ်ပေမယ့် ဒါ ဝင်ချင်တိုင်း ဝင် .. ထွက်ချင်တိုင်း ထွက်လို့ရတဲ့ နေရာလား ..၊

ပြောတဲ့အတိုင်းပဲ စည်းမရှိ ကမ်းမရှိ တော်တော် ကလေကချေဆန်တဲ့ကောင် ..၊

ကိုင်ထားသည့်စာရွက်ကို ဖတ်ကြည့်ချင်စိတ်တောင် မရှိတော့ဘဲ တလွှားလွှား လျှောက်သွားပြီး မီးခြစ်ယူကာ မီးရှို့ပစ်လိုက်၏။

"ဟယ်!... စာအုပ်တွေ .. စာရွက်တွေကြားထဲမှာ မီးရှို့နေတယ်.."

နောက်ထပ် ရောက်လာသူက ဒေါ်ကြာဖြူ ..၊

"အန္တရာယ်ကြီးလိုက်တာ ကိုနိုင် ရယ် .. ဘာကို မီးရှို့နေတာလဲ.."

"ဘာဖြစ်ဖြစ် ဗျာ .."

"ဟဲ့ .. အို!..."

မီးလောင်နေသည့် စက္ကူကို ကြမ်းပေါ် ပစ်ချကာ ဖနောင့်နဲ့ ပေါက်ပြီးမှ ထွက်၏။ ဒေါ်ကြာဖြူ ကမန်းကတန်း မရှောင်လိုက်လျှင် လူကိုပါ တိုးတိုက်သွားတော့မလား မသိပါ ..။

စာရွက်ကို မီးသတ်လိုက်နိုင်ပေမယ့် တချို့တစ်ဝက်သာ ကျန်တော့သည့်စာတွေကို ဖတ်လို့လည်း မရတော့ပေ ..၊

သေချာတာကတော့ လိပ်စာတစ်ခုခု ဖြစ်နိုင်၏။ ခုနက ဒီနားမှာ ခွန်ဇိုင်း ကိုလည်း မြင်လိုက်မိသေးသည်။

ဘာတွေ ဖြစ်ကုန်ကြတာလဲ ..၊





ကိုယ့်မောင် ကမ္ဘာရှုးထိုး ဖြစ်နေရှာတာကိုလည်း မကြည့်ရက်တော့ပါ ..၊ ဒါပေမယ့် အခြေအနေကို တွက်ပြီး ကြိုပြောခဲ့တုန်းက သူက မလိုက်နာ ..။

ခုကျမှ လွတ်တဲ့ငါး ပိုကြီးနေသည်။ နှင်းဆီမျက်နှာ ကို မရရင် သေသွားတော့မလိုလို .. ဒါမှမဟုတ် ရူးသွပ်သွားတော့မလား ..။

ဒေါ်ကြာဖြူ သက်ပြင်းရှည်ကြီး ချရင်း စက္ကူနဲ့ ပြာကြွေစတွေကို ရှင်းလင်းနေမိသည်။ အရာရာကို ကိုယ်လိုတဲ့ပုံစံအတိုင်း လိုအပ်တဲ့အချိန်မှာ ရယူနိုင်အောင် ဖန်တီးလို့ ရမလား ..၊

အထူးသဖြင့် 'ငါ ဘာလုပ်လုပ် ဖြစ်တယ်'လို့ မာန်မာန ပြည့်ဝနေတဲ့လူတွေ လုပ်သမျှ လွဲချော်တတ်တဲ့အခါ ရူးချင်လာတော့သည်။

ငါသည်း မင်းလို ရူးခဲ့ဖူးတာပဲ မောင်လေးရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ရှင် ဘာဖြစ်လို့ အဲဒီလောက် ရဲတင်းရတာလဲ .."

"ဘာဖြစ်လို့လဲ .."

"မတော်လို့ သွားမေးလိုက်ရင် ပေါက်ကွဲမှာပေါ့ .."

"ပေါက်ကွဲမှာလည်း မစိုးဘူး .. ဂရုလည်း မစိုက်ဘူး .. မင်းနဲ့ကို[illegible] အခု ဟန်ဆောင်နေကြတာကလွဲရင် သူ့ကို ပြောလိုက်တဲ့ထဲမှာ ကို[illegible] ညာတာ တစ်ခုမှ မပါဘူး .."

သူ ကားမောင်းနေရင်း နှင်းဆီ မျက်နှာလေးကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးမှ ရှေ့ပြန်လှည့်၍ သက်ပြင်းချကာ ...

"မင်းအပေါ်မှာ လျှို့ဝှက်ထားခဲ့တာ တစ်ခုပဲ ရှိတယ် .. ဒါပေမ[illegible] ဒါကို လျှို့ဝှက်သည်ဖြစ်စေ .. အသိပေးသည်ဖြစ်စေ .. မင်းနဲ့ကိုယ့်[illegible] မှာ ဘာမှ ထိခိုက်ကြဖို့ မရှိပါဘူး .. အဲ့ဒါကြောင့် မပြောတော့တာ[illegible] နောက်ပြီး ပြောချင်စိတ်လည်း မရှိဘူး .."

"ကျွန်မက သိချင်တယ် ဆိုရင်ရော .."

"မလိုအပ်တဲ့ကိစ္စလို့ ကိုယ် ပြောပြီးပြီပဲ .. မင်း စိတ်ဝင်စား[illegible] မဟုတ်တဲ့ ကိုယ့်အကြောင်း တစ်ခုပါ .."

နှင်းဆီ မျက်နှာလေးက ကဝင်မကျစွာ မှုန်ကုပ်ကုပ်လေး ဖြစ်[illegible] သည်။ ပြီးမှ ဒါကို ထားခဲ့လိုက်ဖို့ စိတ်ကူး၍ ...





"ကျွန်မက ဒီလူကြီးနဲ့ တစ်အိမ်တည်း မနေရဖို့ဘဲ အဓိကထားပြီး ကြိုးစားချင်တာ .. သူကတော့ ကျွန်မကိုပဲ .."

"ဟုတ်တယ် .. မင်းကိုမှ မရရင် ရူးလောက်အောင် ဖြစ်နေတာ..၊ သူ ဒီလောက် တပ်မက်နေသားနဲ့ မင်းကို ခုချိန်ထိ အလကြည့်နေခဲ့တာ အံ့သြစရာပဲ .."

"အံ့သြစရာ မရှိပါဘူး .. ဒေါ်ဒေါ်သဲ တို့က အမုန်းခံပြီး ကာကွယ် နေကြတာကိုး ..၊ ပြီးတော့ အခုက ဒီလိုပုံစံ မဟုတ်ဘူး .. တည်တည် ခန့်ခန့်ပဲ .. ခုကျမှ .. ဟွန်း .."

နှင်းဆီ က မဲ့ကာ ...

"ကျွန်မ ရွံပား အဲ့ဒါပဲ.. သူ တဏှာရူးကာတွေ မုံးဖိမရတော့တာ"

"တဏှာရူးတာ ဖြစ်နိုင်ပေမယ့် သူ မင်းကို မရမက ကြံစည်ခဲ့တာ မျိုးတော့ မရှိဘူးမို့လား ..၊ ဘယ်သူတွေ ဘယ်လောက်ပဲ ကာကွယ်နေ ပါစေ .. တစ်အိမ်တည်း အမြဲ အတူရှိနေကြတာ တစ်ချိန်မလစ်ရင် တစ်ချိန် လစ်မှာပဲ .."

"ရှင်က ဘာကို ပြောချင်တာလဲ .."

"သူ မင်းကို လိုချင်နေတာမှာ အလျှော်အစားဆန်တာတွေ ရှိ တယ် .. မင်း ပြောပြတာရပင် .. သူ ကြိမ်းဝါးတာတွေရယ်မလေ..၊ ဒါတွေ ကို တွက်ကြည့်ရင် မင်းအမေကို သူ့စိတ်နဲ့သူ သည်းခံ ပေးဆပ်ခဲ့ပေမယ့် သူ့အတွက် အလိုအလျောက် ကျန်ခဲ့တဲ့ မင်းကိုတော့ သူ ရသင့်တဲ့ အလျော်အစားလို့ တွက်လိုက်တာ .."

နှင်းဆီ က မျက်မှောင်လေး ကုတ်ထားရင်း အလေးအနက် နား ထောင်နေသည်။

"အခု ဒီလိုလည်း ဖြစ်မလာတော့ သူ့ကိုယ်သူ အရှမ်း နစ်နာသွားပြီ ဆိုပြီး ဘယ်လိုမှသည်းမခံနိုင်တဲ့ အတ္တလောဘတွေ အဆိပ်တက်လာတာ"

"သေပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မာန်မာနက လူကို တကယ် သေစေနိုင်တာပဲ .. သူ မင်းအိမ်ရှေ့
ခိုကပ်နေချင်တာ မဟုတ်ဘူး .. မင်းကိုပဲ အရ လိုချင်နေတာ .."

"အား!..."

"ဆောရီး .."

ကားကို ဘရိတ် ဆောင့်အုပ်လိုက်သဖြင့် နှင်းဆီ ကိုယ်လေး ဒတ်
ဘုတ်နဲ့ ပစ်ဆောင့်တော့မလို့ သီသီလေး ..၊

"ရှင် ကား ဘယ်လိုမောင်းနေတာလဲ .."

"မင်းမျက်နှာကို ကြည့်လိုက်မိလို့ .."

"ဘာ!..."

"စကားပြောရင် မျက်နှာကို ကြည့်ရတာပေါ့ .. ဆောရီးလို့ ပြေ
နေတာကိုကွာ .."

နှင်းဆီ စိတ်တိုတိုနှင့် မျက်စောင်းထိုးမိ၏။ မမြင်တဲ့လူက မျ
စောင်းထိုးတာ ဘာပုံစံပေါက်နေပြီလဲတော့ မသိ ..၊ လူကို တည့်တည့်
ကြည့်ခွင့် မရသဖြင့် မျက်စောင်းထိုးရတာ အရသာ မရှိ ..၊

ဖိုင်း က သွားတွေပေါ်အောင် ရယ်ရင်း အသံမထွက်အော
ပခုံးတွေ တွန့်ပစ်လိုက်ရ၏။

"ရှင် ရယ်လိုက်တာလား .."

"ဟင်!..."

"ဒီမှာ မှန်ခွဲထွက်သွားတော့မလို ဖြစ်သွားတာကို သဘော
ကျနေတယ် ဟုတ်လား .."

"ဖြစ်စရာလားကွာ .. နှမြောစရာကြီးကို .."

"ရှင် ဘာပြောတယ် .."

"ဟော် .. ကိုယ် နောက်နေတာ မဟုတ်ဘူး .."

ကြည့်စမ်း .. ပြောပုံက ..၊ ဆောရီး ဆိုရင်တောင် အောင့်သ
သက်နဲ့ ခွင့်လွှတ်ပေးလို့ ရသေးသည်။





"မင်း ဒီလောက်လှနေတာ လိုချင်သူတွေလည်း ဝိုင်းနေတာပဲ ..
ခုနေ ဒီတိုင်း သေသွားရင် နှမြောဖို့ မကောင်းဘူးလား .."

"ခွန်ဖိုင်း .. ရှင် မမိုက်ရိုင်းနဲ့ နော် .."

"မင်းက အရင် စွပ်စွဲတာလေ .. ကိုယ် ကာကွယ်ဖို့ တာဝန်ယူ
ထားတဲ့ မိန်းကလေးကို သေမလိုဖြစ်သွားတာ သဘောကျစရာလား.."

"ရှင်ဟာလေ .. ကျွတ်!..."

"ပြောထားတယ် နော် .. အရှိကို အရှိအတိုင်းပဲ ဆိုတာ .."

"ရှင် ပြောတော့ မှန်တိုင်း မကောင်းဘူး ဆို .."

"အဲ့ဒါ ဆိုင်လို့လား .."

"တော်ပြီ .. တော်ပြီ .. ဘယ်မှာလဲ ..၊ ရှင့်ကိစ္စဆိုတာ .. မရောက်
နိုင်ဘူးလား .."

"ရောက်တော့မယ် .. ဘာလဲ .. မင်းပါ ဆင်းလိုက်မလို့လား .."

"မလိုက်ပါဘူး .. ရှင်နဲ့ ကျွန်မက လက်တွဲပြီး နေရာတကာ
လိုက်နေစရာလား .."

"ဘယ်သူနဲ့ဖြစ်ဖြစ် မင်း တွဲရမှာပဲ .. မြင်မှ မမြင်တာ .."

"ဒါပေမယ့် ရှင်နဲ့ ကျွန်မက လက်ထပ်ထားတာလေ .. အခြေ
အနေအရ လုပ်လိုက်ရတာ .. လူမသိလေ ကောင်းလေ .." -

"ကိုယ်ကလည်း မင်းလက်ကို ဆွဲပြီး ကိုယ့်မိန်းမပါလို့ ကြွားနေ
မှာ မဟုတ်ပါဘူး .. မင်းက သူခွေး .. ကိုယ်က ဒရိုင်ဘာ .."

"ဘယ်လို!..."

"မဟုတ်တာကို အဟုတ်လုပ်ပြီး ဘာလို့ လျှောက်ပြောရမှာလဲ.."

"ခွန်ဖိုင်း .. ရှင် အဲလိုတော့ မလုပ်နဲ့လေ .. တော်ကြာ ဦးထက်ခိုင်
နားထဲ ရောက်သွားရင် ဘယ်လိုလုပ်မလဲ .."

"မတတ်နိုင်ဘူး .. ကိုယ်လည်း ကိုယ့်လောဘကို ကြိုးသတ်ထား
ရတာ .. အဲလိုမှ သဘောမထားရင် မင်းနား ကပ်နေရတာ အန္တရာယ်



www.burmeseclassic.com

www.burmeseclassic.com



များတယ် ..”

နှင်းဆီ မျက်နှာလေး ပျက်သွားသည်။ သူ ပြောတဲ့ ဘာလိုလိုကို နားလည်ပေး ပ့် ကိုယ့်မှာလည်း ကိုယ့်အကြောင်းနဲ့ ကိုယ် ..၊

“အဲလိုလုပ်လို့ မရဘူး ဇိုင်း .. ကျွန်မက အိမ်ထောင်ပြုလိုက်တဲ့ သက်သေပြပြီး သူ့ကို သီးခြား ခွဲထုတ်ပစ်ဖို့ ကြိုးစားနေတာ ..”

“အဲ့ဒါကို မင်း လက်မထပ်ခင်တည်းက ကြိုးစားရမှာ မဟုတ်ဘူးလား ..”

“အဲ့ဒီအချိန်မှာ အမှုအခင်းတွေ ဆင်နေရင် ကျွန်မ ဘာမှ မလုပ်လိုက်ရဘဲ သူ့မိန်းမ ဖြစ်သွားမှာပေါ့ .. မလိမ်ပိုး မလိမ္မာပုံနဲ့ ကျွန်မ ပိပိရိရိ နေခဲ့လို့ သူ လျှော့တွက်ခဲ့တာ .. သီတာ တို့နဲ့ ဆက်သွယ်နေတာ သိလိုက်တာနဲ့ သူ စပြီး လှုပ်ရှားလာတာ .. ရှင် အဲ့ဒါတွေ မသိလို့လား..”

“သိသိ မသိသိ ငါ တွက်ထားသလောက် ပြောရရင် မင်းတို့လုပ်ပုံတွေက ခုတ်ရာတခြား ရှရာတခြား ဖြစ်နေတယ် ..”

“ဘာဖြစ်လို့လဲ ..”

“စောင့်ကြည့်လိုက်လေ .. အမှုတစ်ခု ဖြစ်လာရင် ဖြစ်စဥ်ရယ်.. စည်းကမ်းရယ် .. နှစ်ကြောင်း ပြန်ကြည့်ရတယ် ..၊ မင်းတို့ရဲ့ သက်သေပြချက်တွေက သူ့ကို ဘာမှ ထိခိုက်မှာ မဟုတ်ဘူး ..”

မျက်တောင် တဖျပ်ဖျပ်အောက်မှာ တည်ငြိမ်စူးစိုက်နေသည့် မျက်ဝန်းလေးတွေက သူ့ဘက်ကို ရွေ့လျားလာသည်။

“သူက နာမည်တစ်လုံးနဲ့ ရပ်တည် အောင်မြင်နေတဲ့သူ .. မာနကြီးတယ်.. အတ္တကြီးတယ်.. လိုချင်ရင် ရမှ ကျေနပ်တဲ့လူ.. သူ့ရဲ့ ရလို့အတွက် အချိန်ပေး အားထုတ်ရမှာတွေ စိတ်ဝင်စားမှာ မဟုတ်ဘူး..”

“ဘယ်လိုမျိုးလဲ ..၊ ရှင် ထင်တာကို ပြောစမ်းပါ ..”

“မင်းနဲ့ ကိုယ့်ကို မသင်္ကာနေတဲ့အတွက် မင်းကို သူ မျှော်လင့်ရှုတာ .. သူ မျှော်လင့်လို့ မရတော့ဘူးထင်ရင် နောက်ဆုတ်သွားမှာပဲ..”





“ဦးထက်နိုင် ကို ရှင် အဲလောက်ထိ လျှော့တွက်တယ်ပေါ့ ..”

“အရှိအတိုင်း တွေးတာပါ ..”

“သူ ကျွန်မရဲ့ စီးပွားလုပ်ငန်းတွေကို လုံးဝ မမက်ဘူးလို့ ရှင် ဆင်နေတာဆိုရင်တော့ သူ့ကို အထင်ကြီးလွန်းနေတာပဲ ..”

“ဖြစ်နိုင်တယ် .. ကိုယ့်စိတ်ကိုတောင် အစိုးမရတာ သူများစိတ်ကို ဘယ်လို ဖတ်မလဲ ..”

“ဒါဆိုရင် ရှင် ကျွန်မစကားကို နားထောင်ပါ ..”

“ဘာလဲ .. မယားနိုင်မင်း ဖြစ်အောင်လား ..”

“ဘာ!...”

“သီချင်းထဲကလိုလေ ..”

“ရှင့်ကို သီချင်းဆိုပြနေတာ မဟုတ်ဘူး ..”

“ဒါဆိုလည်း ဒဲ့ပြောလေ .. ကိုယ် ဘာလုပ်ရမလဲ ..”

“ဟွန်း ..”

စိတ်တိုရလွန်းလို့ ပြောချင်ဆိုချင်တဲ့စိတ်တွေပါ ကုန်၏။

“ဟော့ .. ပြောလေ ..”

“ရှင့်ကိုယ်ရှင် ဒရိုင်ဘာလို့ မပြောဖို့ ..”

“အိုခေ ..”

ချက်ချင်း လက်ခံလိုက်တာ အကောင်း ..၊ ပြီးမှ ...

“ကိုယ်က မင်းယောကျ်ား နော် ..”

“သေလိုက် ..”

ရယ်သံ ခပ်တိုးတိုးက မုန်းတီးဖွယ်ကောင်းနေ၏။ ဒီလမ်းကြောင်းက ရှည်နေတာ .. ရောက်ပါ မရောက်နိုင် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"ဝမ်းသာလိုက်တာ သမီးလေးရယ် .. သားနဲ့ သမီးကို ခုလို မြင်လိုက်ရတာလေ .."

"ဒေါ်ဒေါ်သဲ ကလည်း ဘယ်လိုကြီး ပြောမှန်း မသိဘူး .."

အချုပ်က လွတ်လာလို့ အိမ်ပြန်ရောက်တယ်ဆို ဒေါ်သဲမြ က ဝမ်းသာအားရ ပြောသည်။

"မဟုတ်ပါဘူး သမီးရယ်.. သမီးတို့ သင့်သင့်မြတ်မြတ်နဲ့ ဇေါ်ကြီး ဖြစ်စေချင်သလို နာခံခဲ့ကြတာကို .."

"ဩော် .. ပိုဆိုးကုန်ပြီ .. ဒုက္ခပါပဲ .."

နှင်းဆီ နှုတ်ခမ်းလေး ရှုကာ ထရပ်လိုက်သည်။ ဖိုင်း က ပြတင်းပေါက်နားမှာ ဖုန်းပြောနေလို့ ဒီဘက်ကို လှည့်မကြည့်သလို ကြားလည်း မကြားပေ ..။

"ဟဲ့ .."

ဒေါ်ကြာဖြူ က အိမ်ထဲက ထွက်လာပြီး မျက်စိမျက်နှာပျက်ပျက်နှင့် ...

"အချုပ်သနှောင်တို့.. မသာအိမ်တို့က ပြန်လာရင် တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပြီး ရွှေရည်ငွေရည်လောင်းပြီးမှ ဧည့်ခန်းမှာ ထိုင်ရတယ်.. မဟုတ်ရင် ဘယ်လောက်ကျက်သရေယုတ်ပြီး လာဘ်ပိတ်တယ် မှတ်လဲ"





အသံစူးစူးကြောင့် ဖုန်းပြောနေသည့် ဖိုင်း က လှည့်ကြည့်သည်။ နှင်းဆီ နားစွင့်ရင်း ခေါင်းလေး မတ်သွားကာ ...

"အန့်တီဖြူ ဒေါ်ဒေါ်သဲ ကို ပြောတာလား .."

"ဟုတ်တယ်လေ.. ခိုးမှုနဲ့အချုပ်ကျခံရတာ ဘယ်သူရှိသေးလို့လဲ"

"ဘယ်သူလုပ်လို့ ဖြစ်သွားတာလဲဆိုတာ အားလုံး သိတယ်နော်.."

"ဟဲ့ .. ပေါက်ပင်ကိုင်းတာ ဖျိုင်းနားလို့လေ .. ဖျိုင်း ဘာကြောင့် နားရတာလဲဆိုတာ ငါ့အလုပ် မဟုတ်ဘူး .. အိမ်မှာ ကျက်သရေယုတ်လာရင် အဆင်မပြေတာတွေ ဖြစ်တော့တာပဲ .."

"ကျက်သရေက အစတည်းက ယုတ်နေတာပါ .."

"ဘာ!... အေ့!.."

နှင်းဆီ က မမြင်ရပေမယ့် ဒေါ်ကြာဖြူ့ အသံဘက်ကို မျက်နှာမူ ရပ်လိုက်ကာ ...

"ဘယ်သူတွေ အဆင်မပြေ ဖြစ်နေသလဲတော့ မသိဘူး .. အနှင်းကတော့ ခုမှ အရမ်း အဆင်ပြေနေတာ .. ဒါတောင် .. သံပုံးတီးပြီး တောထုတ်ဖို့ ကျန်သေးတယ် .."

"နှင်းဆီမျက်နှာ .. ငါက လူကြီးမို့လို့ ညည်းကို သင်ပြနေတာ.."

"သင်ပြတာ ဆိုရင်လည်း ကျွန်မက မိဘလို သဘောထားနေတဲ့ လူတွေကို စော်ကားတဲ့စကားမျိုး မပြောပါနဲ့ .. ဒီအိမ်မှာ ကျက်သရေမဲ့နေတယ်ထင်ရင် အန့်တီဖြူ ကျက်သရေရှိမယ်ထင်တဲ့နေရာကို သွားလို့ရတယ် .."

"နှင်းဆီ .. ဟေ့ .."

ဦးထက်ခိုင် ဘောင်းဘီရှည်ပွပွ ကုတ်အင်္ကျီရှည်ကြီးနှင့် တလွှားလွှား ထွက်လာသည်။ ဧည့်ခန်းမှာ ရှိသမျှလူတွေကို ကြည့်ပြီးမှ ခါးထောက်လိုက်ကာ ...

"လူကြီးကို ခံကိုက်နေတာ ခွေးတစ်ကောင်လိုပါပဲဟား .. မင်း

www.burmeseclassic.com



ပြောနေတဲ့ စကားတွေ ဘယ်လောက်တောင် ရှိုင်းစိုင်းနေသလဲ .. နားလည်ရဲ့လား နှင်းဆီ .."

"နားလည်လို့ အပြန်အလှန် ကိုက်နေကြတာ ဖြစ်မှာပါ .."

ဦးထက်ခိုင် တစ်ကိုယ်လုံး တုန်ခါသွား၏။ ရှူးရဲပြင်းထန်သည့် မျက်လုံးတွေက ဖိုင်း ထဲသို့ တန်းမတ်စွာ ..၊

"ခွန်ဖိုင်း .. မင်း .. မင်း လူက မွေးတာ ဟုတ်ရဲ့လား .."

"ဒါဆိုရင်တော့ ခင်ဗျားက စပြီး လူမှန်သမျှကို စစ်ဆေးဖို့ လိုပြီ.."

"တောက်!.. နှစ်ယောက်စလုံး စိတ်ရှိလက်ရှိ လုပ်လိုက်ရရင် မင်းတို့ သေတော့မယ် .."

"ဟား .. ဟား .. ဟား ..."

ဖိုင်း က ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်၍ ရယ်နေကာ ...

"ရယ်ရတယ် .. သေဖူးတယ်ရှိအောင် သေကြည့်သင့်တယ် ထင်တယ် .. နှင်းဆီ ဘယ်လိုလဲ .."

"ဟိတ်ကောင် .. တိတ်စမ်း .. မင်းကို ငါ မပြောချင်ဘူး .."

"ဘယ်သူကရော ပြောချင်လွန်းလို့လဲ .. မိန်းမသားချင်း ပြောဆိုအငြင်းပွားနေကြတာကို ဝင်မပါသင့်မှန်း သိလို့ မပါဘဲနေတာ .. ဒီနားထိ ခါးထောက်ပြီး ဝိုင်းရန်တွေ့တာ ဘယ်သူလဲ .."

"မင်း .. မင်း .. ကိုင်းကွာ .."

လက်သီးကြီးကို အကြောတွေ ထောင်ကားနေအောင် ဆုပ်ကျစ်ပြီးမှ လေထဲမှာ အားပါးတရ မြှောက်ရွယ်ပြီး ပြေးထိုးသည်။

ဖိုင်း ဒီတိုင်း ရပ်ကြည့်နေရင်း မျက်နှာရှေ့ရောက်မှ မျက်နှာကို လှန်ကာ ကိုယ်တစ်ခြမ်း စောင်းပေးလိုက်သည်။

"ဒုန်း .."

"အ!.."

"မောင်လေး .."





ဦးထက်ခိုင် သူ့အရှိန်နဲ့သူ မထိန်းနိုင်တော့ဘဲ ကြမ်းပေါ်မှာ ဒူးထောက် ပစ်ကျသွားသည်။ ပြီးတော့ နဖူးနဲ့ စားပွဲစွန်း ပြေးဆောင့်၏။

သွေးတွေ ချက်ချင်း ယိုစိမ့်ကျလာခဲ့သည်။

"မင်း .. မင်း တော်တော် ရန်လိုတဲ့ ကောင် .."

"ဟမ် .. ရန်လိုနေတာ ကျွန်တော်လား ..၊ ခင်ဗျားလူကို ဘာမှ မလုပ်ရသေးဘူး .."

"ဟဲ့..ရန်ဖြစ်တော့ ဖြစ်တဲ့လူက လွန်တယ်လေ.. ဒီလိုဖြစ်ချင်အောင် မင်း မိုက်မိုက်ရိုင်းရိုင်း နှိုးဆွပေးနေတာကျတော့ မပြောဘူးလား .."

"ခင်ဗျား ပြောတော့ ဖျိုင်း ဘာကြောင့်နားရတယ်ဆိုတာ မပါဘူးဆို"

ဒေါ်ကြာဖြူ တက်ခေါက်သံက နာကြည်းမှုကြောင့် ပြင်းရှနေ၏။ ဖိုင်း ကလည်း ဂရုမစိုက် ..၊

"ကျုပ်ကတော့ မိန်းမတွေ မိန်းမအလုပ် လုပ် .. ယောကျ်ားတွေက ယောကျ်ားလို နေကြေးပဲ .. မနေတတ်လာရင်တော့ .."

လက်ဝါးနှစ်ဖက် ဖြန့်၍ ပခုံးတွန့်ပြီး အဆုံးသတ်ပြလိုက်သည်။ ပြီးတော့ နှင်းဆီ လက်လေးကို လှမ်းဆွဲကာ ...

"အဲဒါကြောင့် မင်းကို စိတ်မချတာ .. ကိုယ်တို့နှစ်ယောက် ခွဲနေလို့ မဖြစ်ဘူး .."

ပြောပြီးမှ ပြန်လှည့်ကြည့်၍ ...

"နောက်ဆို အတွဲလိုက် ကစားနည်းတွေပါ လေ့လာထားမှ .."

ဦးထက်ခိုင် ဒယိမ်းဒယိုင် ထရပ်လိုက်လျှင် နဖူးက သွေးတွေကို ကြည့်ကာ ဒေါ်သဲမြ မျက်လုံးပြူးလျက် ...

"ဆ .. ဆရာဝန် ခေါ်ပေးရမလား ဟင် .. ကျွန်မ .."

"မလိုဘူး .. ထွက်သွားစမ်း .."

ဦးထက်ခိုင် အသံကြီး ဟိန်းထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

ပူနွေး အိုက်စပ်နေခြင်းက လူကို လှုပ်နှိုးနေတာထက် ဆိုးသည်။ မျက်လုံးတွေ ဖွင့်လိုက်ပေမယ့် လင်းတာ မှောင်တာကို မခွဲခြားနိုင် ...।

သို့သော် အဲရ်ကွန်းလည်နေသံ မကြားရခြင်းနှင့် လုံးဝ တိတ်ဆိတ် ပူလောင်နေခြင်းက မီးပျက်နေပြီကို သိလိုက်၏။ အင်ဗာတာ လက်ကိုင် မီးအိမ်လေး ဘယ်မှာလဲ ...।

လက်က စားပွဲဆီကို စမ်းနေမိကာ ခွမ်းခနဲ ကျကွဲသွားတာ သူမ ဆေးသောက်သည့် ဖန်ခွက် ...। နောက်ထပ်တိုးပြီး မစမ်းရဲတော့ဘဲ အိပ်ရာထဲကနေ ငုတ်တုတ် ထထိုင်လိုက်မိ၏။ ဒေါ်ဒေါ်သဲ နဲ့ အတူတူ အိပ်နေတုန်းကတော့ သူမထံမှ ချုတ်ခနဲ အသံလောက်လေး ကြားတာ တောင် ခေါင်းထောင်ကြည့်တတ်သူပါ ...।

ဒီလောက် ကွဲရှသံကြီး ကြားတာတောင် ဟိုလူ မနိုးပါလား ...।

နားစွင့်ကြည့်ပေမယ့် အိပ်နေရင်း လူးလွန့်သံတောင် မကြားရ သဖြင့် စိတ်တိုသွားမိသည်။ ပူအိုက်လာသည့်အရှိန်က လည်ပင်းကြားမှာ ချွေးပြန်ချင်လာ၏။ ခုတင်ပေါ်က ဆင်းကာ တုတ်ကောက်ကို လှမ်းဆွဲ လိုက်တော့ မမိ ...। စောစောက ဖန်ခွက်ကျကွဲထားတာကို သတိမရဘဲ ခြေထောက် ရွှေ့ပြီး ထပ်စမ်းလိုက်မိလျှင် ...

"အား!..."





ခြေထောက်မှာ စူးစူးရှရှ နာကျင်သွားကာ ကိုယ်ကို ဖော့လိုက်မိ လျှင် မွေ့ရာပေါ် ဘေးတိုက် ပြိုကျသွားလေသည်။

"နှင်းဆီ!..."

ဇိုင်း အသံကို အခန်းတံခါးဝက ကြားလိုက်ရကာ ပြေးလွှား ဝင် လာ၏။

"မလာနဲ့ .. အောက်မှာ ဖန်ကွဲစတွေ ရှိတယ် .."

"မင်းကို ထိသွားသလား .."

"ဟုတ်တယ် .. နာလိုက်တာ .. အား!..."

"ခဏလေး .."

ဇိုင်း အသံနှင့်အတူ ခဏကြာတော့ ဖျတ်ခနဲ မီးလင်းလာ၏။ အင်ဗာတာမီးအိမ်က သူ့ဆီမှာ ...

"ဟာ!... သွေးတွေ တအားထွက်နေတာပဲ .. နေဦး .. အဲ့ဒီအတိုင်း ငြိမ်ငြိမ်လေး နေ .."

"အား!..."

သူ ပြေးလွှားပြီး ဘာတွေ လုပ်နေမှန်း မသိ ...। ဖန်ကွဲစူးသည့် ခြေထောက်ကို ထပ်လည်း မကိုင်ရဲတော့ဘဲ နာတာကိုပဲ ဆိုးရွားစွာ ခံစားနေရ၏။

"ဖယ် .. လက် ဖယ်လိုက် .."

မျက်လုံးထဲမှာ နီးကပ်နေသည့် မီးရောင်ကို ခံစားမိသည်။ ပြီးတော့ ခြေထောက်နားမှာ ဇိုင်း ထိုင်နေ၏။

"ခဏလေး အောင့်ခံ နော် .. ခဏလေးပဲ .."

"ဘာဖြစ်သွားလဲ ဟင် .. အကြီးကြီး စူးနေတာလား .."

"... ... ... ..."

"ကျွန်မ တစ်ချက် ကိုင်လိုက်သေးတယ်.. ဖန်ကွဲစကို စမ်းမိတယ်"

"သိပ်မကြီးပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"အား!... အ .. အရမ်းနာတယ် .. ဘာလုပ်နေတာလဲ .."

"နုတ်ပစ်ရမှာပေါ့ကွ .. ဖန်ကွဲစက အပ်ဖျားလောက်ပဲ ရှိတာ .. အသည်းငယ်လိုက်တာ မင်းပဲ.. မမြင်မစမ်းနဲ့ ဘာထလုပ်မှန်း မသိဘူး.."

"ဘာ!..."

"အဲ့ဒါပဲ .. 'ကျိုးဆော့ .. ကန်းမော့' ဆိုတာ .."

"ရှင် လူကို ပက်ပက်စက်စက် မပြောပါနဲ့ .."

နာလွန်းလို့ ငိုချင်နေတာတွေ ပျောက်ကုန်တဲ့အထိ ဒေါသက ရှူးခနဲ ဆောင့်ထွက်သွားသည်။

"မမြင်မစမ်းမို့ မထရဘူးဆိုရင် ကျွန်မ တစ်သက်လုံး အိပ်ရာထဲမှာ ခွေနေရတော့မှာလား .. ကျွန်မက အကန်းလေ .. အား!..."

"ကန်းနေတာကိုပဲ ပြောတာ .."

"တောက်!... ရှင် မလုပ်နဲ့တော့ .. ဖယ် .. အား!... သေပါပြီ .."

"မသေတော့ဘူး ပြီးပြီ .."

"ပြီးပြီး .. မပြီးပြီး ရှင် သွားတော့ .. သွား .."

"အဟွန်း .."

ဗိုင်း က ရယ်ရင်း သူမ မျက်ရည်လည်ရွဲနှင့် ရန်တွေ့နေတာကို မော့ကြည့်ကာ ...

"အခု ဒေါသတွေ ဆူပွက်ပြီး သိပ်မနာလိုက်ဘူးမို့လား .. မင်းခြေထောက်ထဲမှာ ဝင်နေတာ ဖန်စက နည်းတာကြီး မဟုတ်ဘူး .."

"ဟင်!..."

"မနက်ကျရင်တော့ ဆရာဝန်နဲ့ ပြမှ ရမယ် .."

"အခု ထုတ်ပြီးပြီလား .."

"ပြီးပြီလေ .. ငါ ထုတ်နေတာ မင်း ခံစားနေရင် သတိလစ်သွားမှာ စိုးလို့ .. တမင် ရန်ဖြစ်အောင် စ နေရတာ .. ဆောရီး .."

ပတ်တီး စည်းပေးနေတာကို သိနေကာ ဆေးနံ့တွေကိုလည်း ခုမှ





သတိထားမိသည်။ လူကို ရန်ဖြစ်စရာတွေ ပြောနေပြီး ဆေးထည့်တာအထိ အားလုံး ပြီးအောင် လုပ်သွားတာ ခဏလေးရယ် ...

ကျေးဇူးလည်း တင်ပေမယ့် အားတော့ မနာပါ ...၊ တမင် ရန်စနေတာဆိုပေမယ့် ပြောတဲ့စကားလုံးတွေက လူကို အလုံးလိုက် ပစ်မှန်နေသလို မညှာမတာ ပြောပဲ ပြောရက်လွန်းသည်။

"ကဲ.. အခု ဘာလုပ်ချင်တာလဲ ပြော.. ရေအိမ် သွားချင်လို့လား.."

"မီးပျက်နေတာ ရှင်က ဘယ်ကို ရောက်နေတာလဲ .."

"ဒီလိုပဲ ညညဆို ကိုယ်က ကြက်အိပ် ကြက်နိုးပဲ .. မအိပ်ဘဲနဲ့ အိပ်ရာထဲ လှဲမနေတတ်တော့ ဟိုသွား ဒီသွား .."

"ဒါ ပန်းခြံမှ မဟုတ်ဘဲ .. ညဥ့်နက်သန်းခေါင် သွားလာပြီး .."

"ဟုတ်တယ် .. ဘာခိုးရကောင်းမလဲလို့ လျှောက်ကြည့်နေတာ.."

နှင်းဆီ စိတ်တိုသွားကာ အသံကြားနေရတဲ့ဆီ မျက်မှောင်ကုတ်ကြည့်မိ၏။

"ဒါဆိုလည်း လျှောက်ကြည့်နေတာ ကြာတာပေါ့ .. ကျွန်မကိုမေး .. ဘယ်နေရာမှာ ဘာရှိသလဲ ပြောပြပေးမယ် .."

"ဟာ .. အဲလောက် လွယ်လွယ်ကြီးကျတော့ ဘယ်ကောင်းမလဲ..၊ သူခိုး သိက္ခာကျတာပေါ့ .."

ပြောပြီးတော့ ရယ်နေတာ မပြီးနိုင် ...၊

"ဟွန်း .. နည်းနည်းမှကို မေတ္တာထားဖို့ မကောင်းတဲ့လူ .. ဒါနဲ့များ လူနာစောင့် လုပ်နေသေးတယ် .."

"လွဲနေပြီ နော် .. ကိုယ်က မင်းယောက်ျား .."

"စိတ်ကူးတွေ ရင့်ပြီး ရူးသွားဦးမယ် .."

"ရူးပါစေကွာ .. ရူးလောက်အောင် ချစ်တဲ့ကောင်ဆိုပြီး ရာဇဝင်တွင်သွားတာပေါ့ .."

ချစ်တဲ့ အစွန်းအစလေးတွေ ပါလာမှ ကိုယ့်စကားကို အရိုက်အနှပ်



www.burmeseclassic.com

www.burmeseclassic.com



ထားဖို့ သတိရသည်။

"ကျွန်မကို အင်တာတာ ဖန်(န်) ဖွင့်ပေးစမ်းပါ အရမ်းအိုက်နေလို့.."

"ဖွင့်ပေးမယ် .."

"ဒေါ်ဒေါ်သဲ ကိုပါ သွားခေါ်ပေး .."

"ဘာလုပ်မလို့လဲ .. နှစ်နာရီခွဲနေပြီ .. လူကြီးကို .."

"မတတ်နိုင်ဘူး .. ဒီမှာ ချွေးတွေ ထွက်နေတာ အင်္ကျီလဲချင်လို့.."

"ညဝတ်အင်္ကျီ လဲမှာလား .. ကိုယ် ယူပေးမယ်လေ .. ချွတ်တာ လဲတာလောက်ကို ကိုယ့်ဘာသာ မရဘူးလား .."

"အို.. ရှင် ရှိနေတဲ့ဟာ.. ကျွန်မက ဘယ်လိုလုပ် ကျောလုံမှာလဲ.."

"ဘာမှ ကျောမလုံစရာ မရှိဘူး .. မင်းကို ကြည့်ချင်မှဖြင့် ရှေ့ကပဲ ကြည့်မှာပေါ့ .."

"ရှင် နော် .. ရှင် .."

"ပြောပြတာလေ .. တစ်ခန်းတည်း အတူတူနေနေပြီးတော့ မင်း ဒီလောက်တောင် ကိုယ့်ကို မယုံဘူးလား .."

"မယုံဘူး .."

နှင်းဆီ ကလည်း သူ့အပေါ်မှာဆို အားမနာတတ်အောင် ကျင့်ထားပြီးသား ..။

"ရှင် ကြည့်နေလား .. မနေဘူးလား .. ကျွန်မက မြင်ရတာမှ မဟုတ်တာ .."

"လုံးဝ မကြည့်ဘူး .. အောက်ထပ်မှာ ဖြူး(စ်) သွားစစ်ရဦးမှာ.."

ပြောပြီးတော့ မျက်လုံးထဲမှာ ရှူးနေတဲ့ အလင်းရောင်က ရွေ့လျားသွားသည်။ ပြီးတော့ အဝတ်ဗီရိုဖွင့်သံ ကြားရ၏။ ပြီးတော့မှ မီးရောင်နဲ့အတူ သူ့အသံ ဒီဘက် လှည့်လာကာ ...

"ရော့ .. ညဝတ်အင်္ကျီတွေ ထင်တာပဲ .."

သူမ ပေါင်ပေါ်ကို အဝတ်တွေ ကျလာသည်။





"မင်း အေးအေး လဲနေလိုက် .. ရော့ .. ဒီမှာ ဖုန်း .. မင်း မခေါ်ဘဲ ကိုယ် ပြန်တက်မလာဘူး .. အိုခေ .."

နောက်ထပ် လက်ထဲကို ဖုန်းထည့်ပေးပြီး သူ လှည့်ထွက်သွားလျှင် ...

"ဖိုင်း .."

"ပြော .."

"မီးက အနှင်း တို့ တစ်အိမ်တည်း ပျက်သွားတာလား .."

သူမကိုယ်သူမ အနှင်း လို့ ထည့်ပြောလိုက်တာကို သတိထားမိပြီး ဖိုင်း က ပြုံးသည်။

"ဟုတ်တယ်.. မပူပါနဲ့ .. နည်းနည်းပါးပါးတော့ နှိုက်တတ်ချွတ်တတ်ပါတယ် .. ကလေးကချေတို့ အရည်အချင်း ပြည့်ဝပြီးသား .. ဘာဖြစ်ဖြစ် မသိတာ မရှိဘူး .."

"ဟုတ်မှာပါ.. ကန်းနေတဲ့လူကို အကန်းမှန်း မသိတာကလွဲရင်ပေါ့"

ဖိုင်း က ဟားခနဲ ရယ်ကာ .. အပြင်ထွက်သွားသည့်အသံနှင့် ...

"သိသာအောင် ကန်းတဲ့လူက တုတ်မှ မဆွဲတာ .. ကိုယ် ညံ့တာ မဟုတ်ဘူး .."

"ဖိုင်း .. ရှင် ကြာမယ်ဆိုရင်လည်း ဒီက ဖုန်းခေါ်ရင် ပြန်တက်လာ နော် .."

ဖိုင်း လို့ ခေါ်သံ ကျယ်သွားပြီးမှ ညဥ့်ယံကို သတိရကာ အသံကို ပြန်တိုးလိုက်ရသည်။ သူ ကြားမှ ကြားရဲ့လား..။ ဒီမှာ ဒီလောက် စကားတွေ ပြောနေကြတာကို တစ်ယောက်ယောက် ကြားသွားနိုင်လား ..။

အပေါ်ထပ်နဲ့ အောက်ထပ် နေကြပေမယ့် စိတ်တော့ ပူသွားမိသည်။ ဒေါ်ဒေါ်သဲ ကို အခန်းထဲ ခေါ်ထည့်မထားရဲတာလည်း သူတို့ကြောင့်ပဲ ဖြစ်သည်။ ဒီလူတွေနဲ့ မြန်မြန် ရေစက်ကုန်ပါစေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

ညက နိုင်း ရဲ့ ကြင်ကြင်နာနာ ပြောဆို နှစ်သိမ့်ပုံလေးတွေ အကြောင်း ပြန်ပြောမိတော့ သီတာ က ပါးစပ်လေး ပိတ်၍ ရယ်နေ၏။ နှင်းဆီ က နားစွင့်၍ ...

"အံမယ် .. ငါက သူ ရယ်ဖို့ ပြောတာ ကျနေတာပဲ .. လူမမာ လာမေးပြီးတော့ ဘဝင်ခွေ့နေတယ် ဖြစ်ဦးမယ် .. အသံ မထွက်အောင် ရယ် .."

"ပါးစပ်ပိတ်ထားပါတယ် အနှင်း ရယ် .. ခစ် .. ခစ် .. နှင်တို့ နှစ်ယောက် ဖြစ်နေတဲ့ပုံက ငါ ထင်သလို နေရခက်ကြီးမှ မဟုတ်ဘဲ .."

"ဘာ!..."

"ဟုတ်တယ်လေ .. မရင်းနှီးတဲ့လူချင်း ချက်ချင်းကြီး တစ်ခန်းတည်းမှာ လင်မယားအဖြစ် အတူနေရတာ ဘယ်လောက် နေရခက်မလဲ .. ပြီးတော့ ဒေါ်ဒေါ်သဲ ကို ခေါ်အိပ်လို့ကလည်း မဖြစ်ဘူး .. တစ်ခါတစ်ခါကျတော့ နိုင်း သာ လူဆိုးဖြစ်နေရင်လို့ တွေးပြီး စိတ်ပူတယ် .."

"သြော် .. ဒါကြောင့် ဖျားနေတယ် ဆိုမှပဲ .."





"ဒါကတော့ အလုပ်တွေ အရမ်းများနေလို့ပါ အနှင်း ရယ် .. တကယ်ပြောတာ .. တစ်နေ့ညကဆို ဖုန်းဆက်မလို့ ကိုင်ဖြစ်တာ ခါတောင်မှ .. ည ရှစ်နာရီလောက်က တစ်ခါ .. ညဉ့်နက်တော့ ခါ .. ငါ လျှောက်လွှဲချက်တွေ ပြန်စစ်ပြီး စိတ်တော့ ကျေနပ်ပါရဲ့.. လုံးကြောင်သွားတော့ အိပ်လို့လည်း မရတော့ဘူး .. အဲ့ဒါနဲ့ ဗီဒီယို ားထိုင်ကြည့်မိတာ .."

"အဲဒီတော့ ဘာကားတွေ ကြည့်မိလိုက်လဲ .."

"ထိုင်းသရဲကားပါဟာ .. ငါကလည်း အဲဒီကားမျိုးတွေပဲ ကြိုက် လေ .. ဓာတ်လမ်းထဲမှာ လူသတ်သမားက တောက်လျှောက် သတ် ပြီးမှ မျက်စိမမြင်တဲ့ ချာတိတ်မလေးကျမှ စိတ်ပျော့ပြန်ပြီး စော် းလိုက်တယ် .."

"ဟင်!..."

"အဲ့ဒီကောင်မလေးကို စော်ကားပြီးတော့လည်း ကြိုးဆွဲချ သတ် ခဲ့တယ်ဟ .."

"ရက်စက်လိုက်တာ .."

"အမလေး .. မသတ်ခင်မှာ တစ်ကိုယ်လုံး စိတ်ကြိုက်မွှန်းပြီး ရာတွေပေး နှိပ်စက်တာ ပိုတောင် ရက်စက်သေးတယ် .. အဲ့ဒီ င်မလေးဟာ သရဲမ ဖြစ်မယ့် ကောင်မလေးပေါ့ .."

"ဖြစ်ရလေဟယ် .. နှင် အချိန်မတော်မှ အဲဒီလိုကားတွေ ကြည့်ရဲ ယ် ဟုတ်လား .."

"အချိန်မတော်မှပဲ ကြည့်ရတာက အကြောင်းရှိတယ်လေ .. နိုင်ငံ ားတွေက အစိုးရတာ မဟုတ်ဘူး .. တော်ကြာ မိသားစု ထိုင် ည့်လို့ မတော်တဲ့ ဘာညာတွေ ပါလာရင် .."

"သြော .. သြော ... သိပြီ .. ဒါကြောင့် တစ်ယောက်တည်းကျမှ ာ်လွှက်လပ်လပ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. မဟုတ်ပါဘူး အနှင်း နော် .."

နှင်းဆီ က နှုတ်ခမ်းလေးတွေပေါ် လက်ဖဝါးလေးနဲ့ ကပ်ပိတ်ပြီး ရယ်သည်။ သီတာ ဟိုတုန်းကလို တရင်းတနှီး ထုချလိုက်ဖို့ လက်ဖျော့ ရွယ်ဖြစ်ပေမယ့် မထုရက်ခဲ့ပါ ..၊ ရွယ်ထားသည့်လက်ကို ပြန်ချ၍ ..

"မဟုတ်တာတွေ ပါလာရင် ကျော်ပစ်လိုက်တာပေါ့ .. နိုင်ငံခြား ကား ကြိုက်ရတဲ့ ဒုက္ခက အဲ့ဒါပဲ .. မေမေတို့ရှေ့မှာ ဒါမျိုးကြီး တန်းခနဲ တွေ့သွားရင် နောက် ဒါတွေ မကြည့်ရဘူး ထဖြစ်မှာ ..၊ သိသာသိအောင် မမြင်နဲ့ပေါ့ .. ဒုက္ခပဲဟယ် .. ပြောရတာ လိုရင်းကို မရောက်တော့ဘူး"

"လိုရင်းက ဘာလဲ .."

"ဟဲ့ .. နှင့် .. နှင့်မျက်နှာ နီလာသလိုပဲ .. အဖျားတက်တာလား"

"မဟုတ်ပါဘူး .. ရယ်နေရလို့ပါ .."

သီတာ က စိတ်မချဘဲ နဖူးလေးကို လှမ်းစမ်းလိုက်ကာ ...

"ဟယ်!... ဟုတ်တယ် .. ကိုယ်ပူလာတယ် .."

"မဟုတ်ပါဘူး .. ပြောမှာသာ ပြောစမ်းပါ .."

"အနှင်း .. ငါ တကယ် ပြောတာ .. ကိုယ်ပူလာကာ သိသိသာသာ ကြီး .."

"ရပါတယ် သီတာ ရယ် .. ငါ့မှာ နင် လာမှပဲ စကားပြောဖော် လေး ရတာ .."

"ဖိုင်း ကလည်း ရန်ဖြစ်ဖော်တော့ ရတယ်မို့လား အနှင်း ရယ်"

"နင် လာမနောက်နဲ့ နော် .."

"မနောက်ပါဘူး .. ငါ အကောင်းပြောတာ .. နင် ခုလို ရယ်နိုင် မောနိုင် ဖြစ်လာခဲ့တာ တကယ်တော့ ငါ လာလည်လို့ မဟုတ်ဘူး အနှင်း .. နင့်စိတ်တွေ ပေ့ါပါးသွားတာမျိုးပဲ ဖြစ်မှာ .."

နှင်းဆီ ရဲ့ ပြုံးနေသည့် မျက်နှာလေးက တည်သွားသည်။

"ငါ ခုန ပြောချင်တာတွေက အဲ့ဒါပဲ .. သူ့ကို မြင်တာနဲ့ ရုပ်ညော်





သန့်တယ် .. တည်ကြည်ပုံ ရှိတယ်လို့ တွက်ပြီး ဒေါ်သဲ အားကိုးနဲ့ ငါလည်း မျက်လုံးစုံမှိတ် ယုံခဲ့ရတာ .. ခုဆိုရင် သူက ပထမအဆင့် စိတ်ချနိုင်သူအဖြစ်တော့ သတ်မှတ်လို့ရပြီ မို့လား .."

မျက်တောင်ဖျားလေးတွေ ပင့်သွားလိုက် .. စိုက်ကျသွားလိုက်နှင့် အကြာမှ နှင်းဆီ က ခေါင်းညိတ်သည်။

"ခုချိန်ထိတော့ နင် ပြောသလိုပါပဲ .. ငါ ပြောတာထက် နင်ကိုယ် တိုင် ခံစားမိနေတာပါဟာ .. နင် သူနဲ့ မကျေလည်ခဲ့တဲ့ အစိုင်အခဲ ကြောင့် ရင်းနှီးလို့ မရဘူး ဖြစ်နေတာ .. မသိစိတ်ကတော့ ယုံကြည်စိတ် တွေ ရှိနေပါတယ် .."

"လာအစ်မနေနဲ့ ရှေ့နေမကြီး .. ငါ့ကိုယ်ငါတောင် မသိသေး ဘူး .."

"ဘာဖြစ်ဖြစ် နင့်မျက်နှာမှာ ရယ်တာပြုံးတာတွေ ကင်းဝေးနေခဲ့ တာ ကြာပါပြီ ..၊ အခု မြင်လာရတာ ငါ ဝမ်းသာတယ် .. သူ့ပါးစပ်က ကန်းတယ်ပြောတာကြီးကို မခံနိုင်ရင် ခွဲစိတ်ကုသဖို့ မြန်မြန် ပြင်ဆင် ပေါ့ .."

ကန်းတဲ့စကား ပါလာတော့ ညက သူ့စကားတွေကို သတိရမိပြီး နှင်းဆီ နှုတ်ခမ်းလေး မဲ့သွားသည်။

"ဟွန်း .. ဇွှကိုများ ကျိုးဆော့ ကန်းမော့ တဲ့ .."

"အနှင်း ရယ် .. နင် ဒဏ်ရာဆီ စိတ်မရောက်အောင် ဒေါသဖြစ်ဖို့ အတွက် သူ ကြံဖန် ကြိုးစားတာ .. ကျေးဇူးတောင် တင်ရမှာကို .."

"ဟုတ်တယ် .. စကားတစ်ခုကို လုံးတယ်ဖြစ်လိုက် .. ပြားသွား ပြန်ပြီဖြစ်လိုက် .. သူပဲ ပြောတတ်တယ် .. အဲ့ဒါလည်း ကြားကောင်း အောင် ပြောတာပါ .. စေတနာလေး ပိစိနောက်တောက်လောက်တော့ ပါရင် ပါမှာပေါ့ .. အခွင့်သာတုန်း အားပါးတရ နှိပ်ကွပ်ပစ်လိုက်တော့ အသိသာကြီး .."



www.burmeseclassic.com

www.burmeseclassic.com



"ခစ် .. ခစ် .. ခစ် ..."

"တွေ့သား .."

"ဟုတ်တယ် .. နင် အဲ့ဒါကိုပဲ ဒေါကန်နေတာ ရယ်စရာ ဖြစ်
တာကိုး .. ခစ် .. ခစ် .."

သီတာ့ ရယ်သံလေးက ခုလေးတင် နူးညံ့ ကြင်နာသည့်လေး
တွေနဲ့ ဖေးမစကားတွေ ပြောသွားခဲ့တာ မဟုတ်တဲ့အကိုင်း ကျောင်း
လေးတစ်ယောက်လို လွတ်လပ် ပေါ့ပါးနေကာ ...

"နင်တို့ချင်းက ခုမှ ထိပ်တိုက် တွေ့ကြရပေမယ့် မြင်တွေ့..

"ဟုတ်ပါတယ် .. ငါကသာ မမြင်တာ .. သူက ငါ့ကို မြင်
အကောင်းမှန်း မသိ .. အကန်းမှန်း မသိ .."

"အဲ့ဒါ ငါ့ကို ပြောပြစမ်းပါ .. ငါ အဲ့ဒီအချက်ကို ခုထိ မသိ
နင့်ကို သူ ဘာလုပ်ဖူးတာလဲ ဟင် .."

"သီတာ ရေ .."

"မဟုတ်ပါဘူး .. အထင်သေး အမြင်သေး ချိုးဖဲ့ပြောခဲ့တယ်
တော့ .."

"အေး .. တစ်ခုခု လာစမ်းလိုက်တာကမှ ပါးရိုက်ထည့်လိုက်
ရသေးတယ် .. သူ့ကို ငါက ကြည့်နေတယ်ထင်ပြီး တစ်လွဲတွေးနေ
တွေကို ဘယ်လို ဖြေရှင်းမလဲ .."

"ဖြစ်ရတယ်ဟယ် .. မိန်းကလေးတစ်ယောက်က ကြည့်တာ
ကြည့်နေတယ်ဆိုရော သူ့အသား ပဲ့ပါသွားမှာမို့လို့လား .."

"အဲ့ဒါ နင်ပဲ သွားမေးတော့ .."

"ဒါပေမယ့် ဒါလည်း မဆိုးဘူး ပြောရမှာပဲ ဟ .."

"တော်ပြီ .. တော်ပြီ .. ပြန်တော့ .."

"ငါက သူ့ဘက် လိုက်ပြောတာ မဟုတ်ပါဘူး .."

"ဟုတ်ဟုတ် .. မဟုတ်ဟုတ် သူ့ကို ငါ အဲ့ဒီလူ မဟုတ်ဘူး







သတ်မှတ်ထားတယ် .. ကားပေါ်မှာ ငါ မျက်ရည်ကျခဲ့ရတာကို ဘယ်
တော့မှ မမေ့ဘူး .."

"နင်ကလည်းဟာ .. ခုချိန်ထိ သူ့စိတ်ရင်းက မဆိုးသေးပါဘူး..
နင်တို့ချင်း တစ်ခုခု လွဲနေကြတာ ဖြစ်မှာပါ ..၊ သူ ရှင်းပြမယ်ဆိုတာကို
နားထောင်လိုက်ရင် ပြီးတာပဲ .."

"ဘာကို ရှင်းပြမှာလဲ .. ရှင်းပြီးသားကို ထပ်ရှင်းမယ်ဆိုတာ နား
ထောင်ရအောင် ငါ ကန်းနေပေမယ့် မရူးသေးဘူး ..၊

"အနှင်း ရယ် .."

"ငါ မရူးရင် သူ ရူးတာပဲ .. တော်ပါဟာ .. ငါ သူ့ကို ယုံကြည်
သလိုလို .. ရင်းနှီးသလိုလိုစိတ် ဝင်ပါတယ် .. ဒါပေမယ့် တောင်ကြီးက
ခွန်ဇိုင်း ဆိုတဲ့ လူရိုင်းကိုတော့ မဟုတ်ဘူး .."

ရယ်မောနေရင်း အမုန်းတွေ ခေါင်းထောင်လာတော့လည်း
ပြောင်းပြန်လှန်လိုက်သလိုပါလား ..၊

"အေးပါ .. ငါ နင် မကြိုက်ရင် အဲဒါတွေ မပြောတော့ပါဘူး ..
နင့်မျက်လုံးတွေ နီလာပြီ .. နားရင် နားလေ .. ငါ မပြန်သေးပါဘူး ..
နင့်အကျီ အဝတ်အစားတွေ နေရာကျအောင် ပြန်စီပေးခဲ့မယ် .."

"မလုပ်ပါနဲ့ သီတာ ရယ် .. ဒေါ်ဒေါ်သဲ ရှိနေပြီပဲ .. အဲ့ဒါတွေ
မလိုပါဘူး .. ငါတို့ တိုင်ပင်ထားတဲ့ကိစ္စက ဘယ်လိုလဲ .."

"အင်း .."

သီတာ က အလေးအနက် ပြောမည့်စကားမို့ သေချာ စဉ်းစား
သည်။ ပြီးမှ ...

"ပြောရမှာတော့ ခက်သေးတယ်ဟ .. အရမ်းကို ရှုံးစင်းလွန်းလို့
ခက်နေတာ .."

"ဘာကိုလဲ .."

သီတာ က လေသံကို ပို၍ လျှော့ချကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေဘောင်ထဲကနေ အမွေကိစ္စကို ခွဲခြမ်း စိတ်ဖြာတယ်ဆိုတာက .."

"မဟုတ်ဘူး .. အမွေကိစ္စလို့ ခေါင်းစဉ်တပ်စရာ မလိုဘူး .. သူကိုင်တွယ် သုံးစွဲနေတာတွေ သူ ကြိုက်သလို လုပ်သွား .. ဒီမှာ ငါ့ဝဲကျန်ခဲ့ရင် ရပြီ .."

"မှန်တယ် .. ဒါပေမယ့် ဥပဒေဘောင်ထဲက ရင်ဆိုင်ကြတော့မယ်ဆိုရင် ကိုယ်လိုတာချည်းပဲ ဖဲ့လိုချင်လို့ မရဘူး .. နှစ်ဦးနှစ်ဖက် ဥပဒေက အရမ်းကို အသေးစိတ်လွန်းတယ်ဆိုတာ နင် သိပါတယ် .. ဖေဖေကလည်း အဲ့ဒါကို ပြောနေတယ် .. ဒီကိစ္စကို .."

"သီတာ .. နင် ငါ့ကို မဖြစ်မနေ ကူညီစမ်းပါ .. ငါ မလိုလားသူ-ငါ အရမ်းမုန်းတဲ့သူ .. အဲဒီယောက်ျားတွေနဲ့ ငါ နေနေရတာ နင် တွေးကြည့် .."

"တွေးကြည့်ပါဟယ် .. ငါ တတ်နိုင်တာဆို ဘာပဲလုပ်ပေးရ .. လုပ်ပေးရပါဟာ .."

"အခု နင် မတတ်နိုင်ဘူးပေါ့ .."

"တတ်နိုင်တယ် .. ဒါပေမယ့် နည်းနည်းတော့ သည်းခံပါဦး.."

နှင်းဆီ ခါးလေးတောင့်မတ်၍ မျှော်လင့်နေရာကနေ သက်ပြင်းလေး မှုတ်ထုတ်ရင်း ခွေကျသွား၏။ သီတာ က နဖူးလေး စမ်းလိုက်.. လက်ဖျားလေး ဆုပ်ပေးလိုက်နှင့် ...

"ငါ အစွမ်းကုန် ကြိုးစားပါ့မယ် သူငယ်ချင်းရယ် နော် .. နင့်အတွက် ဒီလူကြီးကို ငါလည်း မုန်းပါတယ် ..၊ ခက်နေတာက သူက ဒီအိမ်မှာ အိမ်ထောင်ဦးစီးအဖြစ် ရှိနေခဲ့တာ နှစ်တွေ မနည်းတော့ဘူး.. ပြီးတော့ နင်ရယ် .. သူရယ် .. အန်တီမြတ် ရယ် .. အတူတူ ရှိနေစဉ်မှာ သူ့ ဝုဏ်သိက္ခာက ရွှေရောင်အဆင့်နဲ့ တင်းနေခဲ့တာ .."

"ဘာဖြစ်ဖြစ် .. သူ ငါ့ကို ဓားကားဖို့ ကြိုးစားခဲ့တာလေ .."





"ရှင်းပြရ အရမ်းကို ခက်လို့ပါ အနှင်း ရယ်.. အန်တီမြတ် ကိုယ်တိုင်က နင့်ကို စွန့်လွှတ်ထားသလိုလို .. သမီးအရင်း မဟုတ်သလိုလို.."

နှင်းဆီ မျက်ရည်တွေ ဝေ့လည်လာကာ အိပ်ရာပေါ်မှာ ခွေခွေလေး လှဲချလိုက်တာ သနားစရာပါ ...၊

"သူ့ကို အန်တီမြတ် ရဲ့ခင်ပွန်းကောင်းအဖြစ် လူသိများသလောက် နင်က ပျောက်နေခဲ့တာ သိလား .."

သူမ နှုတ်ခမ်းလေးကိုက်ရင်း ကျေကျေနပ်နပ် ခေါင်းညိတ်မိသည်။

"ဟုတ်ပါတယ် .. ငါ ဘွဲ့ယူတာတောင် မြန်မာပြည်မှာမှ မဟုတ်တာ.. ငါလေ.. အဲ့ဒီတုန်းက ဒီလူကြီး ငါ့ကို နှင်ချနေတာတောင် မေမေ တစ်ခွန်းမှ ဝင်မတားရဲတာကို အရမ်း နာကြည်းသွားခဲ့တာ .. ဒီလူကို စိတ်နာတိုင်း မေမေနဲ့ ဝေးအောင် နေခဲ့တယ် .. ငါ မရှိလည်း ဟိုလူကြီး ရှိနေရင် ဖြစ်နေတာပဲလို့ တွေးမိတိုင်း မေမေ့ကို လွမ်းတဲ့စိတ်တွေလည်း ပျောက်တယ် .."

"နင် အရမ်းမိုက်တာပဲ အနှင်း ရယ် .. မိဘဆိုတာ မိုက်တဲ့အရွယ်ကို ထောင်ပေးလိုက်ရင် အားလုံး မှားကုန်မှာပဲဆိုတာ တွေးမိမှာပေါ့.. 'ဆန်ရင်း နာနာဖွပ်'တဲ့ .. ပြီးတော့ 'အရင်းလဲမှ အဖျား ထင်းဖြစ်တယ်'တဲ့ ..၊ သူ့ဘက်ကကြည့်တော့ တစိမ်းဖြစ်နေတဲ့ ဦးထက်နိုင် အတွက် သူက အရင်းဖြစ်နေတာလေ .."

နှင်းဆီ ဘာမှ မပြောခဲ့ပါ ..၊ ဒီစကားတွေကို တခြားလူတွေလည်း ပြောဆို ဖျောင်းဖျဖူးသည်။ ဒါပေမယ့် မေမေ ရှိနေတုန်းကတော့ သူမ နည်းနည်းလေးမှ နားမဝင်ခဲ့ ..၊

"နင့်အဖေ ဆုံးသွားတဲ့အချိန်မှာ အန်တီမြတ် က လုပ်ငန်းအကြောင်းတွေ ဘာမှ မသိဘဲ ကျန်ခဲ့တယ် .. အရှုံးပေါ်သွားတဲ့ငွေတွေရော.. လူယုံလိမ်သွားတဲ့ငွေတွေပါ တွက်ကြည့်ရင် ဆုံးရှုံးခဲ့တဲ့ငွေအမောင့်



www.burmeseclassic.com

www.burmeseclassic.com



က ထောင်နား ကပ်နေသေးတယ် ..”

“နင် .. အဲ့ဒါတွေကို ..”

“ဟုတ်တယ် .. ငါ့ဆရာကိုရော .. မိတ်ဆွေတချို့နဲ့ပါ တိုင်ပင်ပြီး ငါ နင့်အတွက် နင်ဖြစ်ချင်တဲ့အတိုင်း အမြန်ဆုံး ဖြစ်နိုင်ချေကို သိချင်လို့ လုပ်ငန်းပိုင်းက စပြီး စုံစမ်းခဲ့တာ ..”

သီတာ့ ရင်ထဲက တကယ့်စေတနာကို သိလိုက်ရသဖြင့် ရင်ထဲမှာ ကြေကွဲနေပေမယ့် ကြည်နူးမိပါသည်။ ခုချိန်မှာ သူမအတွက် မိတ်ဆွေကောင်းက ရတနာထက် တန်ဖိုးကြီးပါ၏။

“အဲ့ဒါတွေက အတိအကျ မဟုတ်ဘူး နော် .. အများကြီး ပိုများဖို့ကို ရှိနေတာ .. ငါ ပြောချင်တာက နင်တို့သားအမိရဲ့ ပိုင်ဆိုင်မှုတွေက အဲ့ဒီမှာ အပျက်နဲ့ စတာပဲ ..၊ ဒီအခြေအနေတွေဖြစ်လာတော့ အဲ့ဒီမှာတည်းက ဆုံးသွားခဲ့တာလို့ပဲ ပြောရတော့မယ် .. ဘာဖြစ်လို့လဲဆိုတော့ အခု လက်ရှိ ဦးထက်ခိုင် ကိုင်တွယ် သုံးစွဲနေတဲ့ လုပ်ငန်းနဲ့ လည်ပတ်ငွေတွေက သူ့ယက်ထက်ပွားတွေအဖြစ်ပဲ ရှိတော့တာလေ ..”

“ဘာ!...”

“ငါက ပုဒ်မတွေ ကျင့်ထုံးတွေနဲ့ ပြောနေတာ မဟုတ်သေးဘူး.. နင် ရှင်းရှင်းလင်းလင်း သိနိုင်မယ့် သဘောအချက်အလက်တွေအဖြစ် ပြောပြနေတာ .. ဥပဒေဘောင်ထဲက ရှင်းကြတော့မယ်ဆိုရင်လည်း အနှင်း ရှယ် .. တရားလိုနဲ့ တရားခံ ရင်ဆိုင်ကြပြီဆိုရင် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြရတာပဲ .. ဘယ်သူ့ဘက်မှာ အမှန်တရား ရှိနေနေ .. ဒီ အမှန်တရားကို အခိုင်အမာ မဖော်ထုတ်နိုင်သရွေ့ ဆွဲထုတ်ပြီး အပြစ်ပေးလို့ မရဘူး ..”

ပြောနေရင်း သီတာ က သက်ပြင်းရှည်ကြီး ချသည်။

“အခြေအနေကို နင် သုံးသပ်နိုင်အောင် ပြောပြနေတာပါ အနှင်းရှယ် .. နင် စိတ်ဆင်းရဲစရာတွေ ငါလည်း မပြောချင်ပါဘူး ..”





“ရပါတယ်.. ငါ သိချင်ပါတယ် .. နင် အဲ့လောက်ထိ ကြိုးစားပေးနေတာကို သိရလို့ အရမ်းလည်း ကြည်နူးမိတယ် .. ဆက်ပြောပါ .. ငါ ခံနိုင်ရည် ရှိနေပါပြီ ..”

“အန်တီမြတ် ကို နင် နားမလည်ခဲ့တာကနေ အမှားတွေ စခဲ့တာလေ .. မညှာမကာ ပြောရရင် ဦးထက်ခိုင် က အစက လူကောင်းတစ်ယောက်ပါ.. ဒါကို မေမေကိုယ်တိုင် ပြောတာ .. နင် စိတ်တော့ မဆိုးပါနဲ့နော် ..”

နှင်းဆီ ရင်နှင့်သွားပေမယ့် မချိုပြုံးလေးနှင့် ခေါင်းညိတ်ပြမိသည်။

“ငါ ဒီကိစ္စတွေကို သိရမှ ဥပဒေဘောင်ထဲက လိုက်ဖို့ လွယ်ကူမှာဆိုပြီး အန်တီမြတ် နဲ့ ချိတ်ဆက်မိဖူးတဲ့ လူကြီးတွေ .. ငါ့အမေက အစပေါ့ .. တခြား မိတ်ဆွေတွေ .. လုပ်ငန်းကိစ္စတွေ .. အားလုံးကို အသေးစိတ် ပြန်စုံစမ်းခဲ့ရတယ် ..၊ သိလာရတဲ့ထဲမှာ အန်တီမြတ် ရဲ့ အားနည်းချက်က သူ ဘာမှ ဦးမဆောင်နိုင်တဲ့အတွက် အရမ်းတော်တဲ့ ဦးထက်ခိုင် ကို လုံးဝ ပုံပြီး အားကိုးထားခဲ့တာ ..”

မေမေ စိတ်ထားနူးညံ့လွန်းတာကိုတော့ သူမ သိပါသည်။ ဒါကြောင့် သီတာ ပြောနေတာတွေလည်း အားလုံး မှန်နေတာပင် ..၊

“ဒါကြောင့် နင်နဲ့ ဖြစ်ကြတိုင်း နင့်ကို ကလေးအမိုက်လေးဆိုပြီး ဘေးဖယ်ဖယ် တွေးခဲ့တာ .. နင်ကတော့ ဘာမှဝင်မပြောဘူး .. မတားဘူးဆိုပြီး စိတ်နာမှာပေါ့ .. အရွယ်ရောက်ရင် နားလည်လာအောင် ပြောပြမယ်ဆိုတဲ့ စိတ်ကူးတွေလည်း ရှိခဲ့မှာပဲ .. ဒါပေမယ့် နင်က အိမ်က ထွက်သွားခဲ့တယ် ..”

“အခု ငါ ဘာမှ လုပ်ခွင့်မရှိတော့ဘူးလား ဟင် .. ငါကပဲ သွားရမယ် .. ဒီလူကြီးက သွားဖို့ မလိုဘူးပေါ့ ..”

“မဟုတ်သေးဘူး .. ငါ ပြောပြီးပြီလေ .. ဘယ်သူ့မှာပဲ အမှန်တရားတွေ .. အခွင့်အရေးတွေ ရှိနေနေ ရင်ဆိုင်ကြတော့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်စလုံးမှာ အခွင့်အရေး အပြည့်ရှိတယ် …၊ အရှုံးအနိုင် မပေါ်ခင် အထိပေါ့ .. စိတ်ခတ်ကျစရာတွေလို့ မထင်ဘဲ အဆိုးကို ကြိုမြင်ထားမှ ဒဏ်ခံနိုင်တယ် ဆိုတာမျိုးတွေဟာ.."

"ရပြီ .. ငါ နားလည်ပြီ သီတာ .."

တစောင်းလေးကနေ ပက်လက်လေး ပြောင်းကာ စောင်ကို ရင်ဘတ်ပေါ်ထိ ဆွဲတင်၍ …

"သူ နှင်မချအောင် ငါက သိုသိုသိပ်သိပ် ငြိမ်ငြိမ်ကုပ်ကုပ်လေး နေရဖို့လည်း ရှိသေးတယ်ပေါ့ .."

"အဲဒီလိုပုံစံ ဖြစ်နေရင်တောင် တိုင်းပြည်နဲ့ ဝေးရာမှာ ပုန်းရှောင်နေရတဲ့ နန်းကျဘုရင်တွေလို .. ငါ ကံကောင်းတဲ့နေ့ကို စောင့်မယ်ဆိုပြီး နက္ခတ်တာရာတွေ နေ့စဉ် ညတိုင်း မော့ကြည့်ပြီး စောင့်စားနေတာမျိုး.. နှင် ခွဲရှိစမ်းပါ …၊ ဒီလူကြီး အစက ဘယ်လိုလူပဲဖြစ်ဖြစ် .. အခု လူယုတ်မာကြီး ဖြစ်နေပြီဆိုတာ သိတဲ့လူတွေ ဆယ်ယောက်မက ရှိနေပြီ …၊ ဒီပါးစပ်တွေကနေ နာရီ စက္ကန့်မဆိုင်း ပျံ့သွားမှာပါ .."

သီတာ နေရာရွှေ့ထိုင်ကာ နှင်းဆီ လက်ဖဝါးလေးကို ထပ်ဆုပ်ထားလိုက်၏။

"အန်တီမြတ် လည်း ဘာမှ မလုပ်ခဲ့နိုင်ဘူး .. ဦးထက်နိုင် ကလည်း တမင် ဖန်တီးခဲ့တာတော့ မတွေ့သေးဘူး .. သူ့လုပ်ရပ်တွေပေါ်မှာ မိတ်ဆွေ အပေါင်းအသင်းတွေ အမှတ်ပေး သတ်မှတ်ကြတာပဲရှိတာ .."

"ဘာကိုလဲ .."

"အမွေကိစ္စပေါ့ .. ဘာစာချုပ်စာတမ်းနဲ့မှ အတည်ပြု ခိုင်မာခဲ့ကြတာ မရှိဘူး .. ဒါကြောင့် အခြေအနေတစ်ခုပေါ်မှာ ဦးထက်နိုင် က အလိုအလျောက် နေရာရသွားတာပဲ .. ဒါကို ဥပဒေကြောင်းက လိုက်မယ်ဆိုရင် .."





"ငါ နားလည်ပါပြီ .. နှင် ကြိုးစားနေတာလည်း သိပြီပဲ .. ငါ နောက်ထပ် မလောတော့ပါဘူး .. လောလောဆယ်မှာ ဥပဒေတွေ လမ်းကြောင်းတွေနဲ့ မဟုတ်ဘဲ ဖိအားတစ်ခုရဲ့ လွှမ်းမိုးမှုအောက်မှာ ငါ အများကြီး နစ်နာသွားနိုင်တာ မှန်ပါတယ် .. အဲ့ဒီလိုဖြစ်ခဲ့ရင် ငါ ရှုံးလို့ မဖြစ်ဘူး သီတာ .. မေမေ မှာခဲ့တဲ့စကားတစ်ခွန်းကြောင့် မေမေ ခေါင်းချခဲ့တဲ့ ဒီအိမ်ကနေ ငါ ဘယ်မှ မသွားဘူး .."

သီတာ က စာနာစွာ ခေါင်းညိတ်နေ၏။ နှင်းဆီ ကလည်း သိပါသည်။ သီတာ ကတော့ သူမ မေမေ ခေါင်းချခဲ့တဲ့ အိမ်ကို အစွဲအလမ်းကြီးစွာ မက်မောနေသည်ဟု ထင်လိမ့်မည်။

နောက်ထပ် ရှိနေသေးသည့်အကြောင်းကိုတော့ ဘယ်သူမှ မသိနိုင် …၊

သူမလည်း ဘယ်သူ့ကိုမှ ဖွင့်ပြောမိမှာ မဟုတ်ပေ …၊

ဒါက ထာဝရ လျှို့ဝှက်အပ်သည့်အရာ …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ညှိခန်းကို ရောက်ကာမှ ဒေါ်ကြာဖြူ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ တလွန့်လွန့်တက်နေသော စီးကရက် မီးခိုးဖြူတွေက ညှိခန်းထဲမှာ ပြည့်လုခမန်းဖြစ်နေကာ နှစ်ယောက်ဘွဲ့ ဆိုဖာမှာ ဖိုင်း က အခန့်သား လှဲနေ၏။

ပြီးတော့ စီးကရက်က တစ်ဖက် .. ဖုန်းက တစ်ဖက် ...၊

ဒေါ်ကြာဖြူ ရှေ့နည်းနည်းတိုးကြည့်တော့ ဖုန်းကို သေချာမြင်ကာ နှုတ်ခမ်းမဲ့သွား၏။ သင်းကများ ရာရာစစ ...၊ iPhone ကိုင်ပြီး သေပျော်နေပျော် ဖြစ်နေသလား မသိ ...၊

နာရီ မော့ကြည့်လိုက်တော့ ညဥ့် တစ်နာရီ ...၊

"ဘယ့်နှယ် တံခါးတွေ အလုံပိတ်ထားပြီးမှ မီးခိုးအူနေရတာယ်လို့ .. မင်းက ဒီမှာ ဘာလုပ်နေတာလဲ .."

"လှဲနေတာ .."

တစ်ချက်မှ မော့မကြည့်ဘဲ ဖြေပုံက လူရောက်လာတာကိုပဲ သိနေသလိုလို ...၊

ပြီးတော့ စီးကရက်ကို နှုတ်ခမ်းမှာ တပ်သည်။





လှဲသလို ထိုင်သလို ဖြစ်နေသည့် ကိုယ်ကို လက်ထောက်၍ နေရာပြင်သည်။ ပြီးမှ အကျအန လှဲချလိုက်၏။

လှဲပြီးမှ နှုတ်ခမ်းက စီးကရက်ကို ပြန်ဖြုတ်၍ ဖုန်းကနေ မျက်နှာမခွာဘဲနေတာ မြေးကန်ပစ်ဖို့ ကောင်း၏။

"ခွန်ဖိုင်း .."

"ပြောလေ .."

"မင်းနဲ့ ငါ စကားလာပြောတာ မဟုတ်ဘူး .. ဒါ အိပ်ခန်းမဟုတ်ဘူးဆိုတာ မင်း နားလည်ရင် ဒီပုံစံမျိုးနဲ့ ဒီအချိန်ထိ နေရမယ့်နေရာ မဟုတ်ဘူးဆိုတာလည်း နားလည်သင့်တာပေါ့ .."

"တစ်အိမ်လုံး ဘယ်နေရာမှာဖြစ်ဖြစ် ထိုင်နေနေ .. လှဲနေနေ .. ဘာဖြစ်လို့လဲ .."

"သြော် .. မင်းက ပြန်မေးတယ် .. ဟုတ်လား .."

"ဟုတ်တယ် .. နားမလည်လို့တော့ မဟုတ်ဘူး .. အံ့သြလို့ .."

"အံ့သြစရာ မရှိပါဘူး .. မင်းမှာ ရုပ်လေး သနားကမားနဲ့ ဘွဲ့လေး တစ်ခုကလွဲပြီး ခမ်းနားတဲ့ဘဝ ရှိခဲ့တာမှ မဟုတ်ဘဲ .."

"ဘာလိုင်းကြီးပါလား .."

"ဟွန်း .. အဆောင်အယောင် အခမ်းအနားနဲ့ မင်း ဘယ်နေတတ်ပါ့မလဲ ...၊ ပြီးတော့ သူဌေးသမီးနဲ့ ညားပြီဆိုပြီး တော်တော်လေး ဘဝင်မြင့်နေတော့ ညှိခန်းဆိုဖာကလည်း ကျောချလိုက်တာနဲ့ နတ်ခည်းစိမ်လောက် မက်မောစရာ ဖြစ်နေနိုင်တယ်လေ .."

ဖိုင်း က ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ ပြီးတော့ စီးကရက် မီးခိုးမှုတ်ရင်း ပြုံးလိုက်၏။ ထိုမျက်နှာကို ဒေါ်ကြာဖြူ က အထင်မြင်သေးသလို ကြည့်နေလျက် ...

"အခု မင်း မသိတာတွေကို ပြောပြမယ် .. ညှိခန်းဆိုတာ တစ်အိမ်လုံးရဲ့ ကျက်သရေဆောင်ပဲ .. ညှိကောင်းစောင်ကောင်းတွေ လာ



www.burmeseclassic.com

www.burmeseclassic.com



ရှင် တူတူတန်တန် ရည့်ခံဖို့ ပြင်ဆင်ထားတဲ့နေရာ .. ဒီလိုနေရာမှာ ဒူးတင်ပေါင်တင် နေရမှာ မဟုတ်ဘူး ..”

ခိုင်း က စီးကရက် သောက်လိုက် .. လက်ကို ဆိုဖာမှာ ဆန့်တင်ထားလိုက်နှင့် စကားတစ်ခွန်းမှ မဆို ...၊

“မင်း ထိုင်လိုက် လှဲလိုက် လုပ်နေတဲ့အတွက် ဒီက ခေါင်းအုံးတွေ .. ဆိုဖာအုပ်တွေ ရှုံ့ရွှဲ့ ပုံပျက်ကုန်ပြီ .. အဲ့ဒီလက်ထဲကနေ မီးပွားကျသွားရင် ဆိုဖာ လောင်နိုင်တယ် ..”

ခိုင်း က မျက်ခုံးတွေ ပင့်လိုက်ရင်း စီးကရက်ကို ပြန်ကြည့်သည်။ လုပ်နေတဲ့ပုံက နားထောင်နေတာ မဟုတ်ဘဲ ပြောနေတဲ့လူကို လှောင်ပြောင်နေတာမျိုး ...၊

“မင်း စကားတတ်တိုင်း လက်တစ်လုံးခြားစကားတွေနဲ့ ငါ့ကို ပြန်ဖဲ့ဖို့ စိတ်မကူးနဲ့နော် .. မင်း နေပုံထိုင်ပုံကို မြင်တာနဲ့ ငါ သိတယ်..”

သိသွားပြန်ပြီလားဆိုသည့် အကြည့်နှင့် မျက်နှာ ဖျတ်ခနဲ လှည့်လာတော့ ဒေါ်ကြာဖြူ က လက်ကာ၍ ...

“ဆက်နားထောင်ဦး .. ဒီအိမ်ကို ကျုပ်မိန်းမ ပိုင်တာပဲလို့ မင်း ပြောချင်တယ်ဆိုရင် အဲ့ဒီစကားကို ပြန်မျိုချလိုက် .. မင်းက အကြံကောင်းပေမယ့် တစ်သက် စံရမှာ မဟုတ်ဘူး .. မင်း ရထားတဲ့ သူဌေးသမီးက နာမည်ပဲ ရှိတော့တာ ..”

ပြောပြီးသွားတော့ စကားသံတွေ တိတ်ကျသွားသည်။ ခိုင်း က လှည့်ကြည့်ပြီး မေးဆတ်၍ ...

“ပြောလေ .. ပြီးသွားပြီလား ..”

“မင်း ဒီဆိုဖာပေါ်က မထမချင်းတော့ ပြီးမှာ မဟုတ်ဘူး ..”

“ဒါဆို အဆင်ပြေတာပေါ့ .. ထိုင်လေ ..”

ဘေးကို ဖင်နည်းနည်းရွှေ့လိုက်ပြီး ရေတစ်ဝက်လောက် ရှိနေသည့် ဖန်ချိုင့်ကို ဒေါ်ကြာဖြူ ရပ်နေတဲ့ဘက်ကို တွန်းရွှေ့လိုက်၏။





စားပွဲမျက်နှာပြင် မှန်သားပေါ်မှာ ခင်းထားသည့် အဖြူဆွတ်ဆွတ်ဆောင်းကြွဇာ အပူခံပြားက ဖန်ချိုင့်ဖင်နဲ့ ပွတ်ဆွဲသွားသဖြင့် တွန့်ရှုံ့သိပ်ပါသွား၏။

ဒါကိုကြည့်ကာ ဒေါ်ကြာဖြူ မျက်လုံးတွေ ပြူးထွက်မတတ် ဖြစ်သွားလျက် ...၊ ခိုင်း က ဖန်ချိုင့်ကို မေးဆတ်၍ ...

“ရေသောက်ဦး .. စကားများများ ပြောရရင် အာခြောက်တယ်..”

“ခွန်ခိုင်း ..”

“ဟင် ..”

“မင်း ဘယ်လိုကောင်စားလဲ ..”

“ကျွန်တော်လား ..”

ခိုင်း က စီးကရက်ကို စားပွဲမျက်နှာပြင် မှန်ပေါ်မှာ ဖိချေပြီး ငြိမ်းတိုင်း ထားလိုက်ကာ ...

“ခင်ဗျားပဲ ခုနက အများကြီး ရွတ်သွားတာလေ.. အဲ့ဒါ ကျွန်တော် ..”

“သိတယ် .. သိပြီးသားကိုပဲ ထပ်ပြီး အံ့သြလောက်အောင် မင်း ..နေတာ ..”

ခိုင်း က မဲ့လိုက်ကာ ...

“အဲ့ဒါ ခင်ဗျား အံ့သြရမှာ မဟုတ်ဘူး .. ကျေနပ်ရမှာ ..”

“ဘာ!...”

“ခင်ဗျားက ပါဠိလို ဆဲနေတာကို ကျွန်တော်က အနက်အဓိပ္ပာယ်တွေ ဖွင့်ပြတာလေ .. ခင်ဗျား မသက်သာဘူးလား ..”

သိ..ည ...၊ ဒီသတ္တဝါ ငြိမ်နေတည်းက လူကို အချိုကြီး ပြန်တွယ်..ညဆိုတာ ...၊

ဒေါ်ကြာဖြူ ဒေါသထွက်လွန်းသဖြင့် အသက်ရှူတွေ မြန်လာ၏။ ..း က ဆိုဖာမှာ ပက်ခနဲ မှီ၍ စားပွဲပေါ် ခြေတစ်ဖက် လှမ်းတင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဏ်။ ပြီးမှ ...

"ခင်ဗျားက ကျုပ်ကို ဓမ္မတေး ဆိုပြနေတာမှ မဟုတ်တာ - ဘယ်လိုတုံ့ပြန်စေချင်လို့လဲ .."

"တောက်!..."

စီးကရက်တိုနှင့် ပျက်စီးနေသော စားပွဲမျက်နှာပြင်ကို ကြည့်ကာ ဒေါ်ကြာဖြူ လက်သီးနှစ်ဖက် ဆုပ်၏။

"တွေ့မယ် .. မင်း ဒီအိမ်မှာ ဘယ်လောက်ထိ ကြာကြာခံမှာလဲ ခွန်ဖိုင်း .. မန္တန်ကြောင့် ဘုရင်ဖြစ်သွားခဲ့ရင်လည်း မြေခွေးက မြေခွေးပဲ"

"ဟား .. ဟား .. ဟား .. ဟား ..."

ညဉ့်နက်နက်မှာ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိသည်။ လူတိုင်းမှာ ဒေါသရှိတယ်ဆိုတာ ဒီမိန်းမကြီး မေ့နေသည် ထင်၏။

"မြေခွေးပဲဖြစ်ဖြစ် .. ခြသေ့ံပဲဖြစ်ဖြစ် ပလ္လင်ပေါ်မှာ ထိုင်ရင်တော့ ဘုရားထူးရတာပဲ မို့လား .."

"အေး .. အခု ဒါက ပလ္လင်ပေါ်မှာ မဟုတ်ဘူးဆိုတော့ မင်းကို ငါ မောင်းထုတ်ခွင့် ရှိတာပေါ့ .."

"ဘယ်ရှိမလဲ .. ဒါက ပလ္လင်မဟုတ်ပေမယ့် ကျုပ်က မြေခွေး မဟုတ်ဘူး .. ခင်ဗျားက ဦးထက်နိုင် နဲ့ ဘာမှ မတော်ပေမယ့် ကျုပ်က နှင်းဆီမျက်နှာ ရဲ့ ယောက်ျား .."

"ဘာ!..."

အနာပေါ် တုတ်ကျသွားစေသည့် စကားတစ်ခွန်းကြောင့် ဒေါ်ကြာဖြူ ဆတ်ခနဲ ဖြစ်သွားသည်။

"ပြောရေးဆိုခွင့်ရှိရင် ကျုပ်က ပိုမယ်ထင်တယ် .. ဒါပေမယ့် လောလောဆယ် အတူနေကြတဲ့လူတွေပဲ .. ကျုပ်က သန်းခေါင်ကျော် ညဉ့်နက်တဲ့အထိ သူများဘာလုပ်နေသလဲ စောင့်ပြောဖို့လည်း ဝါသနာ မပါတော့ .. ခင်ဗျားလို .."







"ခွန်ဖိုင်း .. မင်းက အောက်ကလည်း နေသေးတယ် .. ကြောက်ဖြိုလားလည်း မေးသေးတယ် .. ဟင် .. တော်တော်ကို 'ငါ့စကား နွားရ' ပြောတဲ့ကောင်ပဲ .."

ဒေါသတွေကြောင့် စကားလုံးတွေက ကြမ်းတမ်းလာခဲ့၏။ ဖိုင်းက ပခုံးတွန့်၍ ...

"အဲ့လို ဖြစ်သွားသလား .. ကျုပ်ကတော့ ကျုပ်လောက် သမားသမတ်ကျကျ တွေးတောဆင်ခြင်ကြည့်တတ်တဲ့လူ မရှိဘူး ထင်နေတာ .. ဘာဖြစ်လို့လဲဆိုတော့ .."

ဖိုင်း က ဖုန်းကို ထောင်ကိုင်လိုက်ပြီးမှ လှည့်ကြည့်ကာ ...

"ဝှက်လ်မှာ ကြည့်လိုက်ရင် .."

"ဘာလဲ .. သူများ ကိုယ်ရေးကိုယ်တာတွေ လိုက်စပ်စုပြီး အတင်းအဖျင်း ပြောနိုင်ဖို့အတွက် ညဉ့်နက်တဲ့အထိ ထိုင်ပြီး တွေးတောဆင်ခြင်ကြည့်တာတွေလား .."

"ဝှက်လ်မှာ ကြည့်တာ ဘယ်အချိန်ဖြစ်ဖြစ် ရပါတယ် .. ညဉ့်နက်သန်းခေါင် ထိုင်နေတာကတော့ .."

မျက်ခုံးတွေ ခပ်တွန့်တွန့်နှင့် မချိုမချဉ် မော့ကြည့်လာသည့်မျက်နှာကြောင့် ဒေါ်ကြာဖြူ့ မျက်နှာ မီးရောင်အောက်မှာ သိသာစွာ ဖျက်ယွင်းသွား၏။ ပြီးတော့ ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ချက် ...

"မင်းကိုလည်း အဲဒီလို တစ်ညလုံး တချောက်ချောက်နဲ့ မြင်နေရ လို့ မသက်ာခဲ့တာပဲ .. အဲ့ဒါ ဘာလုပ်လုပ်နေတာလဲ ..၊ မင်းကို နှင်းဆီယောက်ျားလို့လည်း ငါတို့က အသိအမှတ်ပြုသေးတာ မဟုတ်ဘူး.."

"ဟွန်း .."

ဖိုင်း က နဖူးက ဆံပင်တွေ သပ်တင်ရင်း ရယ်ကာ ...

"ကေနွှ တချောက်ချောက် သမားချင်း တွေ့နေတာ ထင်တယ်.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... ပြောတယ် .."

"ကျုပ် တစ်ညကို နှစ်နာရီ အဲ .. သုံးနာရီ အလွန်ဆုံးပဲ အိပ်တတ်တာ .."

"ပြောရင် ဖြစ်တာပဲ .."

"ခင်ဗျားကို ယုံဖို့ ပြောတာ မဟုတ်ပါဘူး .. သိစေချင်တာ .."

"ဘာ!... ဘာကို သိစေချင်တာလဲ .."

"သြော် .. မအိပ်မနေ အသက်ရှည်တဲ့ .. အိပ်လို့လည်း မပျော်တော့ .. အင်တာနက်လိုင်းဖွင့်ပြီး ဟိုကြည့်ဒီကြည့် .. ဟိုရှာဒီရှာလုပ်ရင်း အချိန်ဖြုန်းတာလေ .. တစ်ခါတလေ အင်တာနက်မှာ မပါတဲ့ သတင်းတွေတောင် ရတတ်သေးတယ် .. အိပ်စက်ချိန်ဆိုပေမယ့် မအိပ်နိုင်ကြတဲ့ တချို့ .."

"တီ .."

ခြံဝက ဟွန်းသံနှင့်အတူ ကားမီးရောင် ဝင်းခနဲ ဖြာသွား၏။ ပြီးတော့ ကားသံနှင့်အတူ မီးရောင်က အိမ်ဆီ တည့်တည့်ဝင်လာ၏။ ဖိုင်း က အပြင်ကို မကြည့်ပါ ..။

မျက်နှာပျက်ပျက်နှင့် တင်းလည်း တင်းနေသော ဒေါ်ကြာဖြူ မျက်နှာကိုပဲ စိုက်ကြည့်၍ ခပ်ဖြည်းဖြည်း ထရပ်ကာ ...

"ကျုပ် ဒီတိုင်း ငုတ်တုတ်ထိုင်နေတာတောင် ခင်ဗျား အိပ်ရေး ပျက်ရတာ နော် .. အဲ့ဒီကားသံကြောင့် ကျုပ်ရဲ့အိပ်ချိန်တွေ ပျက်စီးရတာ တစ်ခါတလေမကဘူး .."

ထွက်သွားတဲ့ပုံစံက တစ်လှမ်းချင်း ခပ်လှုပ်လှုပ် ..၊ ဒေါ်ကြာဖြူ နေရာမှာပဲ အကြာကြီး ရပ်နေမိတာ ငုတ်တုတ်မေ့သွားသလိုပင် ..

"ဂျိမ်း .. ဂျိမ်း .."

"ဟင် .. လာပြီ .."

တံခါးပုတ်သံ ကြားလိုက်ကာမှ ကမန်းကတန်း ပြေးသွားမိကာ—





"အရမ်း သောက်လာပြန်ပြီ ကိုနိုင် ရယ် .."

"မများပါဘူး မမဖြူ ရာ .. အိုခေ .. ဘိုင့် .."

ကားထဲမှာလည်း စုံတွဲတစ်တွဲနှင့် အမျိုးသမီး နှစ်ယောက် ..၊ အချင်းချင်း နှုတ်ဆက်ပြီး ကားက ပြန်ထွက်သွားသည်။

"ဘယ်မှာလဲ .. ကားရော .."

"ထားခဲ့ပြီ .."

တံခါးပြန်ပိတ်နေတုန်း ဒယိမ်းဒယိုင်နှင့် လှမ်းဝင်သွားသည့် ဦးထက်နိုင် က ဧည့်ခန်းရှေ့ရောက်မှ ခြေလှမ်းရပ်လိုက်တော့ ကိုယ်ကြီးက ရှေ့တိုးနောက်ငင် ဖြစ်သွား၏။

ပြီးတော့ စားပွဲပေါ်ကို လှမ်းကြည့်၏။ ကြည့်နေရင်း မျက်စိမှိတ်ပြီး ခေါင်းတွေ ခါနေသေးသည်။

"ကဲ .. လာပါ .. ဘာတွေ ကြည့်နေတာလဲ .."

ဒေါ်ကြာဖြူ အသံတိုးတိုးနှင့် ကပ်ပြောကာ ဦးထက်နိုင် လက်မောင်းကြီးကို ဆွဲခေါ်သွားသည်။ မူးနေသည့်ကိုယ်ကို ထိန်းရင်း နောက်ပြန်လန်နေသေးတာကြောင့် ပိုဆိုး၏။

"ဘယ်လိုဖြစ်နေတာလဲ ကိုနိုင် .. လာပါဆိုမှ .."

"ဟိုမှာ .. ဟိုမှာ ဟိုကောင် ထိုင်သွားတာလား .."

"သြော် .. ညဥ့်နက်နေမှ တိုးတိုးပြောစမ်းပါ .. အရက်တွေ လူမှန်းမသိအောင် သောက်နေတာ ဘယ်လောက်ကြာပြီလဲ .."

"ဘယ် .. ဘယ်မှာ ကြာလို့လဲ .. အော .. ကျွန်တော် .. ကျွန်တော် ဟိုတုန်းတည်းက အသည်းကွဲတယ် .. ခုလည်း မယားနိုး ခံရတယ် .. နှစ်ခါ .. နှစ်ခါ .. ဆိုတော့ အော .. နှစ်ခါဆို သေပြီ .. မခံနိုင်တော့ဘူး.."

ပြောချင်ရာတွေ ပြောနေသည့် တစ်ကိုယ်လုံးကို ထမ်းပိုး ထိန်းခတ်ရင်း အိပ်ရာပေါ်ချတော့ သေသေသပ်သပ် မဟုတ်ဘဲ နှစ်ယောက်စလုံး လုံးထွေး လဲကျ၏။



www.burmeseclassic.com

"ကိုခိုင် .. မင်း .. မင်း ..."

"မမဖြူ ရယ် .. ကျ .. ကျွန်တော် မှားတယ် .. မမဖြူ အပေါ်မှာ အေး .. မ .. တရားခဲ့ပါဘူး .."

"မောင်လေးရယ် .."

"ကျွန်တော် .. ကျွန်တော် .. ကြီးမိုက်ကြီးကို ခွင့်လွှတ် .. လွှတ် နော် .."

"မောင်လေးရယ် .. ငါက မင်းအတွက် အဖြည့်ခံပဲဖြစ်ဖြစ် .. ပေးဆပ်သူပဲ ဖြစ်ရဖြစ်ရ .. ထာဝရအဖြစ် ရှိနေခွင့်ပဲ ရချင်တာပါ .."

"ရှိရမယ် .. ကျွန်တော် .. ကျွန်တော် လိုအပ်လာရင်လည်း မမဖြူ ပဲ .. ဆို .. ဆိုတော့ .. အဲဒါ ထာဝရ .."

ဗလုံးဗထွေး စကားသံတွေ တိတ်ကျသွားသည်။ ညဥ့်၏ အိပ်စက်ခြင်းက ပို၍ ခြောက်သွေ့မှုကို ဦးတည်နေခဲ့ပြီး ...။

နောက်တစ်နေ့ မိုးသောက်အတွက် ...။





## အခန်း (၃၅)

"ဟာ!... နှင်းဆီ .. ဘာလုပ်နေတာလဲ .."

"ဘာလုပ်လုပ် ဖယ်စမ်းပါ .. ရှင်ကရော ဘာလာလုပ်တာလဲ .. ယ် နော် .."

"ဟာကွာ .. သွေးတွေ မနည်းဘူး ကျကုန်ပြီ .."

ကြမ်းပေါ်မှာ ငုတ်တုတ်လေး ထိုင်ရင်း ခြေဖဝါးက ဒဏ်ရာကို တ်တီးကအစ ဂွမ်းစတွေအဆုံး အကြမ်းပတမ်း ဆွဲဖြုတ်ပြီး ငိုလည်း ိုနေသေးသည်။ ဗိုင်း ပြေးဝင်သွားကာ သူမ လက်လေးတွေကို အမိအရ မ်းချုပ်ထားလိုက်ပြီး ...

"ကိုယ့်ဘာသာ အနာခံပြီး မင်း ဘာလုပ်တာလဲ .."

"အနာကို ဆွနေတာလေ .. ရှင် မမြင်ဖူးလား .."

"ကျွတ်!... မင်း ရူးနေသလား .."

"မရူးဘူး .. မရူးလို့ လုပ်နေတာ .."

ပြောပြီး ပါးရိုးလေးနှစ်ဖက်ကနေ မျက်နှာတမ်ဖက်စီမှာ အုပ် ွယ်နေသည့် ဆံပင်တွေကို ခေါင်းမော့၍ ခါထုတ်ပစ်၏။

ထိုအခါ ဖုံးပေါလအော ကျနေသည့် မျက်ရည်စက်တချို့က သူ့လက်ခုံပေါ် စင်ကျလာခဲ့လျက် ...

www.burmeseclassic.com



"ဒီဒဏ်ရာက ကျွန်မကို ဒုက္ခပေးနေတာ .. ပျောက်လိမ့်နိုးနိုး စောင့်နေရင်း ကြာရင် နှစ်နဲ့ချီတော့မယ် .."

"ငါတို့လည်း ကုသနေကြတာပဲ .. ပျောက်ချိန်တန်ရင် ပျော သွားမှာပေါ့ကွ .. ကျွတ်!..."

သူမ လက်တွေကို လွှတ်ကာ အလွယ်တကူ ထားသည့် သေတ္တာလေးကို သွားယူလိုက်သည်။

"အ!..."

"ဟာ!... ကြည့်စမ်း .. မင်း .."

ပြန်လှည့်ကြည့်လိုက်တော့ ခိုင်း မျက်လုံးပြူးသွားသည်။တော် လည်း ထိတ်ပျာသွားကာ နှင်းဆီ နားကို လွှားခနဲ ရောက်သွားခဲ့

"မင်း .. မင်း ရူးနေပြီ .. အဲ့ဒါ အရူးမှ လုပ်တာ .."

ဒဏ်ရာထဲကို လက်မနဲ့ ဖိထည့်ကာ နာသွားလို့ လူလည်း အံကြိတ်နေရပြီ ...၊

"သွေးထွက်တာ နည်းသေးတယ် .. ဟုတ်လား .. ကြည့် .. ကြ စမ်းပါ .."

"ဟုတ်တယ် .. နည်းသေးတယ် .. ဓားမ သွားယူပေးမယ် ခုတ်မလား .."

စိုးရိမ်ဘာရော .. ဒေါသတွေပါ စုပေါင်းကာ ခိုင်း အော်ပစ်လို သည်။ နှင်းဆီ က လက်ခုံနဲ့ မျက်နှာကို ပွတ်တိုက်ပစ်ကာ ...

"ဓားမ မလိုပါဘူး .. ဒီဒဏ်ရာအသစ် ဖြစ်သွားရင် ပြီးတာပဲ"

"ဘာ!..."

"ဆရာဝန်က ဒဏ်ရာကို မြဲသွားမှာ စိုးရတယ်တဲ့ .. သျှော် မ ှယ်ဘူးတဲ့ .."

ပြောရင်း ငိုသံ ပါလာကာ ...

"အန်တီဖြူ က ကြက်သွန်ဖြူတွေ နိုင်းချင်းနဲ့ နယ်ထားတဲ့





ဖက်သုပ်ပန်းကန်ကြီး ကျွန်မရှေ့မှာ ချလိုက် .. ဗယာကြော်သည်ကို ခြံထဲ ခေါ်ထည့်ပြီး စိတ်ကြိုက် ကြော်ခိုင်းလိုက်နဲ့ .."

"သျှော်လာရင် အသျှော်လွှတ်တဲ့နေရာ ရှောင်နေလိုက်ပေါ့ .. မင်း ဒီလိုလုပ်တာနဲ့ ဘာဆိုင်သလဲ .. ဒဏ်ရာ သွေးသံတရဲရဲ ဖြစ်သွားတော့ သျှော် မကြောက်ရတော့ဘူးလား .."

"ကျွန်မ ဒေါ်ဒေါ်သဲ ပတ်တီးလဲပေးတုန်းက စမ်းကြည့်လိုက် တယ် .. အနာဝက ပိတ်နေတာ .. သျှော်တွေက ထပ်မိတော့ မြုံမှာပဲ .. ဒီဒဏ်ရာပျောက်မှ မျက်စိခွဲရမှာ .. အဲ့ဒါကြောင့် အသစ်ပြန်လုပ်ပြီး မြန်မြန်ပျောက်အောင် ကုမယ် .."

"ကောင်းတယ် .. မင်းတွက်တာတွေ အားလုံးပဲ .. မင်း ဖြစ်စေချင် တဲ့အတိုင်း ဖြစ်လာမှာလေ .. လုပ်ပေါ့ .."

ပြောနေပြီး သူလည်း ဥပေက္ခာထားပြီး ထွက်သွားနိုင်တာ မဟုတ်.. ဒဏ်ရာကို ဆေးပြန်ထည့်၍ ပတ်တီး သေချာစည်းပေးနေမိလျက် ...

"မြန်မြန်ပျောက်ချင်ရင် ဒဏ်ရာကို ဂရုစိုက်ရမှာ .. မိန်းကလေးဖြစ် ပြီး ဒီလောက်တောင် မိုက်ရူးရဲ လုပ်ရသလား.. တွေ့ကို မတွေ့ဖူးဘူး.."

"ရှင် .. လူကို ကလေးဆူသလို ဆူမနေနဲ့ .."

"ကလေးသာဆို ဆူမနေဘူး .. တိုင်မှာ ကြိုးနဲ့ကပ်တုပ်ပြီး ကြိမ် လုံးနဲ့ သတိလစ်သွားအောင် ရိုက်ပစ်လိုက်မှာ .."

ကိုယ့်ကိုယ်ကိုယ်လည်း ဒီလောက်ထိ တစ်ခါမှ ဒေါသမထွက်ဘူး ခဲ့ဖူးဆိုတာ သိနေသည်။

"အခေါ်က ခြံထဲမှာ ဘုရားပန်း ခူးနေတယ် .. အခု ငါ ပြန်ရောက် မလာရင် ဒီဒဏ်ရာကို မင်း ထင်သလို လုပ်နေတာ ဘာတွေ ထပ်ဖြစ် သွားမလဲ သိလား .."

"ဖြစ်ဖြစ်လေ .. ဖြစ်အောင် လုပ်တာ .. ကျွန်မ .. ကျွန်မ သေသွား လည်း ကောင်းတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသမျှ ကရုဏာဒေါသတွေက သူမရဲ့ ရှိုက်သံလေးတွေ အောက်မှာ ပြားပြားဝပ်ဆင်းသွားခဲ့၏။

"ကျွန်မ ကန်းနေလျက်နဲ့ အရှုံးမပေးချင်ဘူး .. မယှဉ်သာတော့ဘူးဆိုရင်တောင် ကျွန်မ ကန်းမနေချင်ဘူး .."

"မင်း မျက်လုံးတွေ ပြန်ကောင်းလာဖို့ ခြောက်ဆယ်ရာခိုင်နှုန်း ရှိတယ်လို့ သီတာ့ အဖေက ပြောတာပဲ .. ဘာဖြစ်လို့ ဒီလောက်တောင် ဆန္ဒစောနေရတာလဲ .. ဘယ်သူတွေက ဘာတွေ ပြိုင်နေလို့လဲ .."

"ရှင် မသိဘူးမို့လား ..၊ ဘယ်သိမလဲ .. ရှင် ဒေါ်ဒေါ်သဲ ရောက်လာတည်းက လမ်းပေါ်မှာပဲလေ .."

နှင်းဆီ က သူ့လက်တွေကို ပုတ်ခတ် ဖယ်ချပစ်ကာ ခြေထောက်ကို ဂါဝန်အောက်ဖျားစလေးတွေထဲ ထည့်ပစ်၏။

"ရှင် ကျွန်မ အပေါ်မှာ သစ္စာထားပါတယ် .. အဲ့ဒီအတွက် ကျေးဇူးတင်တယ်.. ရှင့်ကို ကျွန်မက စေတနာနဲ့ကူညီပါလို့မှ မပြောခဲ့တာ.."

"မဟုတ်ဘူး နှင်းဆီ .. ကိုယ်က .."

"ရှင့်ကို စကားနာထိုးနေတာ မဟုတ်ပါဘူး .. ကျွန်မ လုပ်နေတာကို အထင်သေး အမြင်သေး မကဲ့ရဲ့ဖို့ ပြောပြချင်တာ .."

"ကဲ့ရဲ့နေတာ မဟုတ်ဘူး.. မင်းကို စိုးရိမ်လို့ ပြောမိတာ .. မင်း ဦးထက်နိုင် တို့ကို အရမ်း အလေးထားလွန်းနေတယ် .. ရင်ဆိုင်ဖို့ ကြိုးစားနေပြီး မင်း ကြောက်နေတာ .."

"ကျွန်မက မကြောက်သင့်ဘူးပေါ့ .."

"ဘာကို ကြောက်ရမှာလဲ .. သူ ဒီအိမ်မှာ အခွင့်အာဏာ ရှိနေတယ်ဆိုရင် သူ အခွင့်အရေး ရှိသလောက် လုပ်ပါစေ .. ဒါပေမယ့် မင်းမှာလည်း လုပ်လို့ရတာတွေ ရှိတယ် .."

"ဘယ်လို!..."

"ငါ မင်းနဲ့ မပြောဖြစ်တာတွေကို သီတာ တို့ ပြောပြတယ် ..





သီတာ ပြောသမျှ ငါ မသိဘူးလို့ မင်း ထင်ထားတာတွေ မင်းလိုပဲ ငါလည်း သိတယ် .."

သူ့မျက်နှာ ကိုယ့်မျက်နှာနဲ့ နီးနေတာကို ခံစားမိသည်။ သူ့နှုတ်ဖျားက စီးကရက်နံ့ တစ်ချက်ဝေ့သွားတော့ သူမ မျက်နှာလွှဲလိုက်မိ၏။ ဒါပေမယ့် ပြန်လှည့်မိကာ ...

"ရှင် မသိသေးတာ ရှိသေးတယ် ဖိုင်း .. အဲ့ဒါက ကျွန်မက ဒီအိမ်က ဘယ်တော့မှ ထွက်မသွားဘူး ဆိုတာပဲ .."

"ဒါ သဘာဝကျပါတယ် .. မင်း နေခဲ့တဲ့ .. မိဘ ခေါင်းချခဲ့တဲ့ အိမ်ပဲ .. ဒါပေမယ့် ဘာကိစ္စပဲဖြစ်ဖြစ် ဆန္ဒမစောနဲ့ .. စိုးရိမ်နေစရာလည်း မလိုဘူး ..၊ အကောင်းဆုံးကို လူတိုင်း ဖြစ်ချင်တယ် .. လိုချင်တယ် .. တချို့က ကြိုးစားနေပေမယ့် ရင်မောနေကြမယ် .. တချို့ကျတော့ ရောင့်ရဲခြင်းနဲ့ လောဘသတ်မယ် .."

"ကျွန်မကို ဘာလုပ်စေချင်တာလဲ .."

"အကောင်းဆုံး လုပ်နေဖို့ပဲ လိုတာ နှင်းဆီ .. လောဘတကြီး ကြိုးစားနေတာလည်း မဟုတ်ဘဲနဲ့ ကိုယ့်ကြိုးစားမှု အရာထင်ရမယ် ဆိုတဲ့ ယုံကြည်ချက်နဲ့ .."

နှင်းဆီ က ကြမ်းပေါ်မှာ တုတ်ကောက်ကို လိုက်စမ်းတော့ .. သူက လက်မောင်းလေးကို ကိုင်လိုက်ကာ ...

"ထိုင်မှာလား .. ဒရင်းမ်ဘက်ဒ်ပေါ် လှဲချင်လို့လား .."

"လမ်းလျှောက်မလို့ .."

"ဘာ!..."

"ဖယ်ပါ .."

"နှင်းဆီ .. မင်းကို ကိုယ် ပြောနေတာ နည်းနည်းလေးမှ နားထဲ မဝင်ဘူးလား .."

"ဝင်တယ် .. ဒါပေမယ့် ဒီဘက်က ဝင်ပေမယ့် ဟိုဘက်နားက



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွားတယ် .. နာကျင်မှုတွေနဲ့ ပြည့်နှက်နေတဲ့ ရင်ထဲမှာ ဆုံးမစကားတွေလောက် နားခါးတာ မရှိဘူး .."

"မင်း ကိုယ့်ကိုမှ အကောင်းမထင်ဘဲ .."

သူမ လက်ထဲကို တုတ်ကောက်လေး ထည့်ပေးလိုက်ပြီးမှ လက်ဖျားလေးကို ဆွဲထားမိပြန်ကာ ...

"ဒီလောက် နာကျင်ရတာကို မပြောနဲ့ ...၊ လင်သေ .. သားသေ.. မိဘတွေ သေပြီး ကိုယ်မှာ အဝတ်စား မကပ်နိုင်အောင် သောကမီးတွေ လောင်မြိုက်နေတဲ့ မပဋာ ကိုတောင် ကျွတ်တမ်းဝင်အောင် ဘုရားက တရားပြ ဆုံးမခဲ့တာ .."

"ရှင်က ဘုရားမှ မဟုတ်တာ .."

"မင်းလည်း မပဋာ မဟုတ်ဘူး နှင်းဆီ .. ငါ အပြင်ထွက်နေတာက ငါ့အကြောင်းနဲ့ ငါ .. မင်းကို စေတနာမရှိလို့ မဟုတ်ဘူး .. မဆိုင်သလို နေရလောက်အောင်လည်း ငါ အကြင်နာ မမဲ့ဘူး .. ငါ မပြောနိုင်တာ တစ်ခုပဲ ...၊ မင်း စိတ်ချမ်းသာစေရမယ်လို့ ငါ အာမ မခံနိုင်ဘူး.. ဒါပေမယ့် ငါ သွားလာနေတဲ့ ခြေလှမ်းတွေထဲမှာ မင်းအတွက်တွေ ပါတယ်ဆိုတာကို မင်း ယုံပါ .."

နှင်းဆီ က အဖြူရောင် ဂါဝန်လေးပေါ်မှာ ဂျင်းဂျက်ကက်လေး ထပ်ဝတ်ထားကာ မျက်နှာလေးကတော့ ညှိုးနေဆဲပါ ...၊ သို့သော် နှုတ်ခမ်းလေးတွေ စေ့ပိတ်ထားရင်း တစ်ဖက်လှည့်နေ၏။

"နှင်းဆီ .."

သူမနဲ့ ပခုံးချင်း မထိတထိလေးမှာ တိုးရပ်လိုက်ကာ ...

"မင်း ဒီကနေ ဘယ်မှမသွားရပါဘူး.. စိတ်ကို လျှော့ထားစမ်းပါ"

သူ ဟိုဒီ လိုက်ကြည့်ရင်း ဖုန်းကို မွေ့ရာခေါင်းရင်းက ခေါင်းအုံးတွေ အစွန်းမှာ မစို့မပို့ ပေါ်နေတာကို မြင်လျှင် ...

"ဖုန်းနဲ့ မင်း ဒီလောက်ဝေးဝေးနေတာ အန္တရာယ် ရှိတယ် .."





"သူတို့ မရှိကြမှန်း သိလို့ပါ .."

"မရှိကြဘူးလို့ ထင်အောင် တမင် ထွက်ပြကြတာရော မဖြစ်နိုင်ဘူးလား ...၊ မင်း ကြားပဲ ကြားရတာ ဘာမြင်ရလို့လဲ .."

"အခု သူတို့ ရှိနေတယ်ပေါ့ .."

"ရှိတယ် .. ဒီခြံထဲမှာတော့ မဟုတ်ဘူး .."

"ဟင်!..."

နှင်းဆီ အံ့သြသွားသည်။ သန်လျင်ကို သွားကြမည် ...၊ နှစ်ညအိပ်လောက် ကြာမည်ဆိုတာ သေချာ ပြောနေကြတာပဲ ...။ ဒေါ်ဒေါ်သဲကိုတောင် လိုအပ်တာတွေ စီစဉ်ခိုင်းနေတာ နှစ်ရက်စာ ...၊

"ဘာမှ တွေးမနေနဲ့တော့ .. ဒဏ်ရာကလည်း သွေးကျနေတာ.. လမ်း နောက်မှလျှောက် .."

ခိုင်း က နှင်းဆီ မျက်နှာလေး နွမ်းညှိုးသွားတုန်းမှာ ချော့မော့သည့်လေသံနှင့် ပြော၍ လက်တစ်ဖက်ကို ကိုင်၏။

"အို .. မျက်စိကန်းနေရတဲ့ကြားထဲ ခြေကျိုး ထပ်ဖြစ်နေတာ .. ဒီတိုင်း အကြာကြီး မနေနိုင်ပါဘူး .."

ဒီလောက် ကံဆိုးခြင်းတွေချည်း ဖြစ်နေရတဲ့ ကိုယ့်ဘဝကို ဘယ်လောက်ဆိုးဦးမလဲဆိုတာ မေးကြည့်လိုက်ချင်သည်။ မိုက်တယ်ပဲပြောပြော သူမ ငုတ်တုတ်ထိုင်ပြီး စိတ်ညစ်နေရခြင်းကို မခံစားနိုင်တော့ပေ..။

ထို့ကြောင့် ခိုင်း ရဲ့လက်ကို ဖယ်ပစ်လိုက်ပြီး တုတ်ကောက်ကို အားပြု၍ ခြေလှမ်းလိုက်လျှင် ...

"အား!... သေပြီ .."

တုတ်က 'ချွတ်'ခနဲ မြည်သွားကာ နှင်းဆီ ရှေ့ကို စိုက်ခနဲ ပြိုကျသွား၏။ သို့သော် အမှတ်တမဲ့ လန့်သွားလျှင် လက်က နီးစပ်ရာကို အကူအညီရှာတတ်သည့်အတိုင်း ခိုင်း ရဲ့လက်ကိုပဲ ပြန်ဆွဲလိုက်မိသော ခိုင်း ကလည်း ဖမ်းဆွဲလိုက်သဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် .."

ဒဏ်ရာနှင့် တုတ်ကောက်က နှင်းဆီ လက်ထဲကနေ လူကို ခဏ တစ်ဖြုတ် မှီနေပြီးမှ ကြမ်းပေါ်ကို လူပ်လီလူပ်လဲ့ ပြုတ်ကျ၏။ မထင် မှတ်သည့် အခြေအနေတစ်ခုတွင် သူ့ခါးကို နှင်းဆီ က ဖက်ထားလျက် သူမကိုယ်လေးကို ဖိုင်း ပွေ့ဖက်မိလျက်သားနှင့် စက္ကန့်တွေ တရှပ်ရှပ် ပြေးသွားနေကြ၏။

နွေးအိ ဖြူဝင်းနေသော သူမ၏ကိုယ်ကို ပွေ့ပိုက်ထားမိသည်နှင့် သူ့ရင်ထဲမှာ ပူရှိန်း လှုပ်ခါသွားသော ခံစားချက်တို့က အသိစိတ်တို့ ကိုပါ တစ်မျိုးတစ်မည် ပြောင်းလဲသွားစေခဲ့၏။

ရှိထားခဲ့သမျှ အေးဆေး တည်ငြိမ်မှုကို ပျောက်ဆုံးသွားခဲ့လျက်..၊ ကတုန်ကယင် ပြင်းရှသော ...

"ရှင် .. လွှတ်စမ်းပါ .."

"ဟင်!..."

ဖျတ်ခနဲ လွင့်သွားသည့်စိတ်ကို ဖမ်းမိလိုက်သည်နှင့် သူမကို တင်းကျပ်စွာ ဖက်ထားမိသည့်အဖြစ်ကို သိလိုက်သည်။ သူ ထိတ်ခနဲ ဖြစ်သွားကာ ကမန်းကတန်း လွှတ်ပေးလိုက်ရင်း ...

"ဆောရီး .."

သူ့အသံတွေပါ နဂိုနေ ပျက်ယွင်းနေခဲ့လျက် ...

"ဆောရီးပါ .."

ဆောရီးတွေ ဘယ်နှစ်ခါ ပြောမိမှန်း မသိပေမယ့် လှုပ်ခါပူနွေး၍ ကျန်ရစ်သော ဝဲဘက်ရင်အုံမှာ ရင်ခုန်သံတို့သည် တစ်သက်မှာ တစ်ခါ ဆိုသလောက် ..၊

ဖိုင်း ကိုယ့်ကိုယ်ကိုယ် ဘာတွေ ဖြစ်ကုန်မှန်း မသိခဲ့ဘဲ ..၊





## အခန်း (၃၆)

"ဖိုင်း .."

ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။

"မင်းကို ကွိုင်ရှာမယ့်သူ ရောက်လာပြီ ဖိုင်း .."

မင်းခမ်း က ကပ်ပြီး သတိပေးသည်။ အရပ်လေးက လေးပေငါး လောက်ပဲ ရှိမည်။ ကိုယ်လုံးကလည်း ပါးပါးလျားလျားလေးပဲဖြစ်ကာ မျက်လုံး မျက်ခုံး မဆိုးပေမယ့် အသားက ညို၏။

ဒါပေမယ့် ဟိုတစ်ခါ ရန်ကုန်ရောက်ကာစမှာ ခဏတစ်ဖြုတ် စကားပြောဖြစ်လိုက်တုန်းကပုံစံနှင့် ခုပုံစံက တခြားစီ ..၊

ဟောမှာ မျက်နှာမှာ မိတ်ကပ်ပြေပြေနှင့် ဆံပင်တွေလည်း အဖျား တွေ လိပ်ထား၏။

"လှတော့ လှလာသားဟ .."

သူမ လျှောက်လာပုံလေးကို ကြည့်ကာ မင်းခမ်း က နှုတ်ခမ်း မလှုပ်ဘဲ တစ်ခုပြီးတစ်ခု ပြောနေသည်။

"အရပ်အမောင်းနဲ့ ကိုယ်လုံး ကပ်နေတာလေးကလွဲရင်..အဟွန်း.."

"ငါ့ကို ဘာကြည့်နေကြတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"နင် ခေါ်လို့ ကြည့်နေတာလေ .. ဘာလဲ .."

ဟေမာ က ဖိုင်း ကို ဟိုတုန်းက ဆက်ဆံပုံ မျက်နှာထားအတိုင်း နှင့် ကြည့်ကာ ...

"အမလေး .. ကိုယ့်အစ်မ တစ်ယောက်လုံးကို တစ်နယ်တစ်ကျေး မှာ လာတွေ့တာများ .. ပုံစံက .."

"ဘာလဲ .. နင့်ကို ငါ ပြေးဖက်ရဦးမှာလား .."

ဖိုင်း မျက်နှာကလည်း သုန်မှုန်နေ၏။ ပြီးတော့ မျက်မှောင်ကုပ် ထားသဖြင့် ခက်ထန်သလို ဖြစ်နေခဲ့လျက် ...

"ဘာကိစ္စလဲ .."

"ဟွန်း .."

ဖိုင်း ပုံစံကို ကြည့်၍ အပိုအလိုတွေ ပြောလို့ကောင်းမည့်ပုံ မရှိမှန်း သိလိုက်ကာ ဘေးမှာ ချထားသည့် iPhone ကိုလည်း အကြည့်ရောက် လျက် ...

"နင် ကြီးပွားနေတယ် ဆို .."

"ဘယ်သူ ပြောတာလဲ .."

"ဘယ်သူပြောပြောပေါ့ .. ဟုတ်လား မဟုတ်ဘူးလားပဲ ဖြေ .."

"ဟုတ်ဟုတ် .. မဟုတ်ဟုတ် ငါ့အလုပ် ငါ လုပ်နေတာ နင်နဲ့ ဘာဆိုင်လို့ သိချင်နေတာလဲ .."

"ဖိုင်း .."

ဟေမာ က ခုံပွတ်မှာ ဆတ်ခနဲ ထိုင်ချလိုက်ကာ မျက်နှာချင်း ဆိုင်မှာ ရှိနေသည့် ဆေးခန်းကြီးဆီ မေးဆတ်၍ ...

"နင် မိန်းမရနေတာတော့ မဟုတ်ပါဘူး နော် .."

"ဟုတ်တော့ .."

"ဒီလိုကိစ္စကိုတော့ လူကြီးတွေကို အသိပေးသင့်တာပေါ့ဟ .. တောင်ကြီးက ဝေးနေရင်တောင် ငါ ရှိနေတာပဲ .. နင့်ကို စေတနာတွေ





ထားပြီး အားလုံးနဲ့ အတိုက်အခံလုပ်နေတဲ့ အမေ့ကိုတောင် နင် ဂရု မစိုက်ဘူး.."

"ဟုတ်တယ် .. ငါ ထွက်လာတည်းက အမေ့ကို ပြောခဲ့ပြီးသား.. ငါ့အတွက် အမေ ရင်ဆိုင်နေရတာတွေ နောက် ဘယ်တော့မှ မရှိစေရ ဘူးလို့ .. နင်တို့လည်း ဝမ်းသာခဲ့ကြတယ်မို့လား .."

"ဟော့ .. ပိုက်ဆံ ရှင်းမယ် .."

မင်းခမ်း က အသံကျယ်ကျယ် လှမ်းအော်လိုက်သဖြင့် ပြောဖို့ ပါးစပ်ပြင်လိုက်သည့် ဟေမာ့ မျက်နှာလေး နီသွားသည်။ မင်းခမ်း ကိုလည်း တင်းတင်းမာမာ လှည့်ကြည့်မိသည်။

ဒီလူကို သူမ မရင်းနှီးပေမယ့် တောင်ကြီးသားမှန်း ကောင်း ကောင်း သိနေသည်။ သူ့မျက်နှာကလည်း သိသိနဲ့ တမင် လုပ်လိုက် တာမှန်း အသိသာကြီးပါ ...။

ဒီမှာ စကားပြောနေတာကို မလိုလားစွာ ဖြတ်တောက်ပစ်ခြင်းက ဘနုံ့နုံ့ ဖြစ်စေလျက် ...

"ငါ နင့်ကို တွေ့ချင်ရင် ဆက်သွယ်ဖို့ ဖုန်းနံပါတ် လိုချင်တယ် ဖိုင်း .."

"ဘာလုပ်ဖို့လဲ .."

"ဟဲ့ .. နင် ဘယ်လို ပြောလိုက်တာလဲ ...၊ ငါက မိန်းကလေးတစ် ယောက်တည်း ဒီမှာ .."

"ဘယ်သူက ခေါ်လို့လဲ .."

"ငါ့ကိစ္စနဲ့ငါ လာတာပေမယ့် နင်လည်း ရှိတယ်ဆိုပြီးတော့လေ..၊ အမေကလည်း သူ့သား ကောင်းကြောင်းတွေ ပြောလိုက်တာမှ .. လက် တွေ့ကိုတော့ မမြင်ဘူး .."

ဖိုင်း မျက်နှာပျက်သွားကာ ဟေမာ့ ကို စူးရဲသည့်မျက်ဝန်းတို့နှင့် ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. လက်တွေ့မှာ ဒီလိုဖြစ်လာတယ်ဆိုတာ ပြန်ပြောပြလိုက် .. ပြေလည်ဖို့ မရှိကြတဲ့လူတွေ တစ်သက်လုံး နာကြည်းသွားကြရင် ပိုကောင်းတယ် ..၊ ငါ့ဖုန်းနံပါတ် မပေးနိုင်ဘူး .. ဒါ ငါ့သူဌေးရဲ့ဖုန်း .. ပေါက်ကရ ခေါ်တဲ့ဖုန်းတွေ ဝင်လာလို့လည်း မရဘူး .. အဲ့ဒါပါ ပြန်ပြောလိုက်ဦး .."

"ရှင်းပြီးပြီ ဖိုင်း .. မင်း နေခဲ့ဦးမလား .."

"လိုက်မယ် .."

စားပွဲတစ်လုံးမှာ ယောကျ်ားလေး နှစ်ယောက်က ထရပ်လိုက်ကြပြီး သူမ တစ်ယောက်တည်း ငုတ်တုတ် ကျန်ရစ်၏။ ကိုယ် လာတာနဲ့ စားစရာ တစ်ခုခု မှာပေးခဲ့ရင်တောင် အရှက်ပြေသေးသည်။

"တောက်!..."

ခံပြင်းစိတ်နှင့် တက်ခေါက်မိ၏။ ထိုစဉ် သူမအားကို ဥမ္မာ ရောက်လာကာ ...

"ဘာတွေဖြစ်သွားတာလဲ ဟေမာ .. နင် ပြောတဲ့လူက သူလား.."

"ဟုတ်တယ် .."

ဥမ္မာ ပါးစပ်လေး အဟောင်းသားနှင့် လည်ပင်းတစ်ခုလုံး ရှည်ထွက်လာသလား ထင်ရအောင် လိုက်ကြည့်သည်။

"ဥမ္မာ ငါတို့ တစ်ခုခု မှာရအောင် .."

"ဟင်!..."

ဥမ္မာ က မထိုင်သေးဘဲ လက်လေးတစ်ဖက် ထောက်၍ ငုံ့ကြည့်သည်။ ဝိတ်တာ လာသိမ်းသွားသည့် စားပွဲတွေနဲ့ မီးနူးကိုလည်း ကြည့်မိကာ ...

"မှာမယ် ဟုတ်လား .. ဒီဆိုင်တွေက ဈေးကြီးမှာ နော် .. နင့်မှာ ပိုက်ဆံပါလို့လား .."

"ပါပါတယ် .. နင် ထိုင်လေ .."





"အဟွန်း .. စားရချေသေးရဲ့ .."

ထိုင်ချလိုက်တာ တက်ကြွစွာနဲ့ ဖြစ်၏။ အဆောင်မှာ ဆုံကြတဲ့ သူငယ်ချင်းမို့ ချက်ချင်း ရင်းနှီးသွားကြတာပဲ ရှိသည်။ အနစ်နာခံ ပေါင်းသင်းကြတဲ့အထိတော့ မဟုတ်ကြပေ ..၊

သူမတို့ကလည်း နယ်က လာပြီး အလုပ်လုပ်ကြတာ ဖြစ်ကာ ငွေရှိတာလေးတွေကို ကုတ်ခြစ် စုနေကြတာ ဖြစ်သည်။ တစ်နေ့ တမင်း သုံးနပ်အပြင် တစ်ခါတလေ မနက်စာ အလွတ်ခံပြီး ပိုက်ဆံစုကြတာက ရှိသေးသည်။

ခုလို အပိုစာဆိုလျှင် သူများ ကျွေးမှသာ ..၊

"ဟေမာ .. နင် လာရှာတဲ့လူကလည်း မလာ .. နင့်ရဲ့ ဟို .."

"တော်ပါတော့ဟာ .. ငါတို့ အအေးပဲ သောက်ရအောင် နော်.."

"ရပါတယ် .. ဘာဖြစ်ဖြစ်ပါ ..၊ ခွန်ဖိုင်း .. ခွန်ဖိုင်း ဟုတ်လား.."

စားစရာထက် ပိုပြီး စိတ်ဝင်စားနေတာကို ဟေမာ စိတ်ညစ်သွားသည်။

"အရပ်မြင့်တော့ ဆံပင်ရှည်ကြီး ထားတဲ့ပုံနဲ့ မိုက်တယ် နော်.. ဘော်ရိန်နာနဲ့ တူတယ် .. သူနဲ့ ယှဉ်ရပ်လိုက်ရင် နင်က ပုပုလေးဆိုတော့ ဟက်ညှိုးနဲ့ လက်မ ကပ်ကြည့်လိုက်သလို နေမှာပဲ .. ဟိ .. ဟိ .."

"ဥမ္မာ ရယ်.. အအေးတိုက်မယ့် မျက်နှာလေးလည်း ထောက်ပါဦး"

ကိုယ့်ရှေ့မှာ သူများကို ပုံနဲ့ ပတ်နဲ့ ကဲ့ရဲ့နေတော့ ရယ်ရလွန်းလို့ အောင့်ပ်နေခဲ့ရသည်။

"လုပ်ပြတာလည်း တူလိုက်တာဟယ် .. တစ်ပုံစံတည်းပဲ .. ဟား.. ဟား .. ဟား ... လုပ်ပဲ လုပ်တတ်တယ် တကယ် .."

ဥမ္မာ ပြောပြီဆို အဆောင်မှာ သူမတို့ အားလုံး သဘောတွေ ကျခဲ့ကြတာ အဲ့ဒီအတိုင်း ..၊

"ဟေမာ .. ဟဲ .. ဟဲ .. ဆော့ရီးပါဟယ် .. ငါက ပြောမနာဆိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ချင်းမို့လို့ ပြောလိုက်တာပါ ..၊ စိတ်ဆိုးသွားတာလား .."

"မဆိုးပါဘူး .."

ဒီလောက်ပြောပြီးမှ စိတ်ဆိုးသွားလားလို့ မေးပဲ မေးရက်သည်၊ ပြီးတော့ ဒါကိုပဲ အလိုက်ကမ်းဆိုး မသိ ..၊

"ဖိုင်း လို့ ခေါ်တာလေးကို ကြားတည်းက ငါ စိတ်ဝင်စားနေ တာ.. တော်တော်ချောတယ် နော် .. အေးလေ .. သူက နင်တို့နဲ့ လုံးလုံး မတူတော့ မွေးစားသားဆိုတာ သိသာနေတာပေါ့ .."

ဒါကိုပဲ ပတ်ခွေပြောဖို့ ကြိုးစားနေကာ ...

"နင် အခု သူ့ကို ဘာမှ မပြောလိုက်ရဘူးလား .."

"ဟင့်အင်း .."

"ပြောလည်း နင် အဆင်ပြေမှာ မဟုတ်ဘူးလို့ ငါ ထင်တယ်.."

"ဘာဖြစ်လို့လဲ .."

"နင့်ပုံနဲ့ သူ့ပုံစံ ဒီလောက် အကွာကြီးဥစ္စာ .."

"ဘာရယ်!..."

"ဟင် .. ခြော် .. ဒီလိုပြောတာပါ ..၊ တစ်ယောက်နဲ့တစ်ယောက် ခင်မင်တွယ်တာကြပုံ နည်းနည်းမှ မရှိဘူးလေ .. အစတည်းက အတူနေ ပြီး နီးစပ်ခဲ့ကြတာလည်း မဟုတ်တော့ ခုမှ နင် လိုသ ပုံသွင်းယူဖို့ ဆိုတာ ဖြစ်နိုင်မလား .."

မဖြစ်နိုင်ဘူးဆိုတာ သိသည်။ ရွာမှာ နောက်ဆုံး တွေ့ကြသည့် မှာ ပြဿနာ အကြီးအကျယ် တက်ခဲ့ကြတာလည်း ဒါကြောင့် ..၊

"ဆောရီးပဲ အဖေ .. ဟောမာ့ ကို ကျွန်တော် မယူနိုင်ဘူး .."

"ဘာကွ!..."

ဦးထွန်းငွေ လက်သီးချက်က အားပါးတရမို့ ပြင်းထန်သည်။ ... တောင် မျက်နှာ လည်ထွက်သွားပေမယ့် ဖိုင်း ခြေတစ်လှမ်းမှ ... မသွားခဲ့ပေ ..၊





ငယ်ငယ်တည်းက ကြွပ်ဆတ်မာကျောတတ်သည့်မျက်နှာက ထို ခနဲ့မှာ သွေးစွန်းခဲ့သဖြင့် အပြင်းထန်ဆုံး နာကြည်းမှုတို့ လွှမ်းခြုံနေ ခဲ့၏။

"သားရယ် .. မင်းအစ်မ ဒုက္ခရောက်နေတာကို မင်း ကူညီဖို့ ပြောနေတာပါ .."

"ကူညီဖို့က တခြားနည်းတွေနဲ့ဆို စဉ်းစားလို့ ရတယ် .. လက်ထပ် ယူရမယ်ဆိုရင်တော့ ဆောရီးပဲ အမေ .."

"ဆောရီး ..၊ လာပြန်ပြီလားကွ ဆောရီး .."

"အို .. တော်ပါတော့ ကိုထွန်းငွေ ရယ် .. တော်ကြပါတော့ .. ပြဿနာကြီးလေ လူသိမြန်လေပေါ့ - ဟောမာ လည်း ပြန်ရောက်နေ ဘာ .. သူ ကြားရင် ရှက်ရှာမှာ .."

"ဟွန်း .."

ဖိုင်း က မဲ့ရွဲ့နေရင်း နှုတ်ခမ်းထောင့်က သွေးကို သုတ်သည်။

"နင်က ဘာမဲ့တာလဲ အရိုင်းအစိုင်းကောင် .."

ဟောမာ ပြေးဝင်လာပြီး သူ့ကို ပါးပြေးရိုက်သည်။ ဒါပေမယ့် အရပ်ချင်းကလည်း ကွာသည် ..၊ နှစ်ခါ အညှံခံမှာ မဟုတ်သည့် ဖိုင်း ကလည်း ဟောမာ့ လက်ကို လက်ပြန်ရိုက်ထုတ်ပစ်ကာ ...

"ရိုင်းတာ အစတည်းက သိရင် မပြောခင်က စဉ်းစားလိုက် .. ကျေးဇူးတွေ .. ထောက်ထားတာတွေကြောင့် ကိုယ် စိတ်မဝင်စားတဲ့ အလုပ်ကို ငါ ဘယ်တော့မှ မလုပ်ဘူး .."

"ဘာကွ!... ဟိတ်ကောင် .. မင်းကို ဒီကိစ္စ ငါ ပြောခဲ့တာ .. ငါ့ မျက်နှာကို ကြည့်ပြောစမ်း .."

စိန့်ခေါ်လိုက်တာနှင့် ဖိုင်း က ရိုင်းစိုင်းစွာ လှည့်ကြည့်၏။ တစ် သက်လုံးက ဖိနှိပ် နှိမ်ချခြင်း ခံလာခဲ့ရသော နာကျင်မှုတွေက နာကြည်း ဘာတွေ .. ဂရုမစိုက်ချင်တာတွေအဖြစ် ထပ်ဆင့် ပြောင်းလဲနေခဲ့လေ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရိုင်းရင် နာမည် မခေါ်ဘဲ လူရိုင်း လို့ပဲ ခေါ်ပါ ..."

"သား .."

ပြောတော့မည့် စကားတွေက မျက်ရည်လည်ရွဲနှင့် ရင်ခွင်ထဲ ပြေးဝင် ဖက်တွယ်လာသည့် ဒေါ်မြတ်ညွန့် ရဲ့ ရှိုက်သံများမှာ ပျောက်ထင် ပြေကျ၏။

"မေ့လိုက်တော့ အမေ .. ကျွန်တော် ဘယ်တော့မှ ပြန်မလာဘူး ..."

ဒါက သူ နောက်ထပ် ထွက်ဖို့ပြင်သည့် ခြေလှမ်းအစမှာ နောက် ပြန်လှည့်ကြည့်ပြီး ပြောသွားသည့်စကား ..၊ ထိုညမှာ ပြောင်းလဲမှုတွေ အများကြီး ဖြစ်ခဲ့သည်။

နောက်မနက်မှာ လူတွေ နေရာတွေပါ ပြောင်းလဲကုန်၏။ ထိုင်တွင် တုန်းကတော့ သူမ စိတ်ထဲမှာ ဖိုင်း ကို နောက်ထပ် တမ်းတလာစရာ မရှိ ..၊ ပြန်ဆုံဖို့လည်း မလိုဘူးဆိုတာ သေချာခဲ့သည်။

အပြင်းအထန် တွန်းပို့နေသည့်ဆန္ဒတစ်ခုက ကိုယ့်တာဝန်ကို ချစ်တဲ့သူသာ ယူရမည် ..၊ ကိုယ့်ချစ်သူနဲ့ပဲ ပေါင်းဖက်ချင်၏။ သူ့ကို တွေ့အောင် ရှာဖို့က လွဲပြီး ဘာမှ မရှိ ..၊

ခုတော့ ..၊ သူမ စောင့်နေရင်း .. စောင့်နေရင်းနဲ့ ..၊





## အခန်း (၃၇)

ညနေခင်းရဲ့ လေပြည်နုနုက ပန်းရနံ့တို့ကို မစို့မပို့ သယ်ဆောင်လာတတ်သဖြင့် အေးမြ မွှေးပျံ့သော လေပြည်အရသာကို နှင်းဆီ နှစ်သက်နေမိ၏။

ဝရန်တာ ဆိုပေမယ့် နှစ်ထပ်ခွဲတိုက်ကြီး၏ ခေါင်မိုးအစွန်းမှာမို့ ခုလို ညနေခင်းဆို မြင်ကွင်းက လှသည်။ လေပြည်ညင်းကလည်း လတ်ဆတ်နေတတ်၏။

အလှအပတို့ကို မမြင်နိုင်တော့ပေမယ့် ရှူးစိုက်၍ အာရုံခံတတ်သည့်အကျင့်လေး ရလာတော့လည်း အဆင်ပြေနေပါပြီ ..၊

"နှင်းဆီ .."

"ဟင် .."

"ကိုယ့်ကို မေ့နေတာလား .."

"ဘာဖြစ်လို့လဲ .."

"ကိုယ် အနားမှာရှိရင် မင်း ဘယ်မှာ ပြုံးရယ်တာ ရှိလို့လဲ.. အခု ပြုံးနေလိုက်တာ လိုချင်တာရတဲ့ ကလေးလိုပဲ .."

နှင်းဆီ မျက်နှာလေး မော့ပြီး ရယ်သည်။ ပြီးတော့ ပြန်ငုံ့သွားပြီးမှ ခေါင်းလေး ညိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. မျက်လုံးခွဲရတော့မှာကို တွေးပြီး မျှော်လင့်ချက်တွေ ဖြစ်လာတယ် .. အခု ဘာမှ မမြင်ရပေမယ့် ကိုယ် နေခဲ့တဲ့နေရာမို့လို့ စိတ်ထဲက မှန်းကြည့်လို့ ရတယ်လေ .. ပြီးတော့ နှင်းဆီ နဲ့ စံပယ်နံ့တွေ ဒီထိပျံ့တက်လာတာကို ခံစားပြီး စိတ်ထဲမှာ ကျေနပ်သွားကယ်-"

"စိတ်ကြည်လင် လန်းဆန်းနေတာပေါ့ .."

"အင်း .."

"ကိုယ် ဝမ်းသာပါတယ် .."

"ရှင်ရော .. ဘာတွေ တွေးနေသလဲ .."

"ခုလား .."

"အင်း .."

"မတွေးအားပါဘူး .."

"ဘယ်လို!.."

"တွေးတယ်ဆိုတာ တွေးစရာရှိမှ ဖြစ်တာ .. ကိုယ့်မှာ တွေးစရာမရှိဘူး .."

မယုံသလို ပခုံးတွန့်၍ မဲ့လိုက်ပဲတာလေးကို ဇိုင်း က အပြုံးမပျက်ကြည့်နေ၏။

"မင်း ယုံဖို့ ခက်မှာပေါ့ .. လူရယ်လို့ ဖြစ်လာရင် အတိတ်မရှိဘူးဆိုတဲ့လူ မရှိဘူး .. အတိတ်ရှိရင် လွမ်းစရာ မဟုတ်ရင်တောင် တွေးစရာတော့ ရှိကြမှာပဲ .."

"ရှင်ကတော့ မရှိပါဘူးလို့ ထပ်ပြောဦးမလို့လား .."

"အတိတ်ရှိပေမယ့် မလွမ်းသင့် .. မတွေးသင့်တဲ့ အတိတ်တွေပါ"

"အဟွန်း .. မုသားလွတ်ရုံပေါ့ .. မဆိုးပါဘူး .."

"လွတ်ရုံပဲသဘောနဲ့ တမင် ရည်ရွယ်ပြောနေတာ မဟုတ်ဘူးကွ-မင်း ကိုယ့်ဘဝကို မသိလို့ပါ .."

"သိသင့်သလောက်တော့ သိပါတယ်.. တစ်လောကလုံး လူချမ်းသာ





တွေချည်း ရှိကြတာမှ မဟုတ်တာ .. မိဘအစုံအလင်ရှိတိုင်းလည်း ချစ်ခြင်း မခံကြရပါဘူး .. မိဘ မရှိပေမယ့် နီးစပ်တဲ့ အုပ်ထိန်းသူ .. ပတ်သက်သူတွေက ယုယကြင်နာကြတာတွေလည်း အများကြီးပဲ .. ရှင်က ဘယ်လို အမျိုးအစားထဲမှာ ပါနေလို့ လူထူးဆန်း ဖြစ်ရတာလဲ .."

"အဲ့ဒါ ကိုယ် မသိဘူး .. ဒါပေမယ့် ကိုယ့်ရဲ့အတိတ် .. မနေ့က နဲ့ ဒီနေ့ကွာ .. အဲ့ဒီလို ကျော့ချင်းကပ်နေတဲ့ အလင်းနဲ့အမှောင် ခြားနားရုံ နေ့ရက်တွေကိုတောင် ကိုယ် ပြန်မတွေးဘူး .."

သူ တကယ် ခံစားနေခဲ့တာမှန်း သိလာတော့ နှင်းဆီ အလေးအနက် မျက်နှာလေး ဖြစ်သွားပြီး ငြိမ်ငြိမ်လေး နားထောင်နေခဲ့သည်။ ဇိုင်း က သူ ငယ်ငယ်ကနေ ဒီအချိန်ထိ မလိုလားကြသူများနဲ့ ဘယ်လို နေထိုင်ခဲ့ရတာတွေ အားလုံးကို စိတ်ထဲမှာ အရိပ်ထင်ခဲ့ဖူးတဲ့အတိုင်း ပြောပြသည်။

"ကိုယ် ရှစ်နှစ်သားမှာ ကျောင်းက သူငယ်ချင်းရဲ့မွေးနေ့ အိမ်ကို လိုက်သွားရင်း သူ့မိသားစု ဘယ်လောက် နွေးထွေး ကြင်နာကြသလဲ ဆိုတာ မြင်ခဲ့ရတယ် ..၊ အိမ်မှာမွေးထားတဲ့ တိရစ္ဆာန်လေးတစ်ကောင်ကိုတောင် နှိပ်ပူနေရင် မှတ်တိုက်တယ် .. အရိုးက အသားကို ၎င်းပြီး တယုတယ နယ်ဖတ်ကျွေးတယ် .. မှိုင်နေတော့ 'ဒီကောင်ကြီး ဒီနေ့ မျက်နှာမကောင်းပါလား' တဲ့ .."

ပြောနေရင်း ရယ်သံ ကြားရပေမယ့် ရင်ထဲက နာကျင်မှုကို သူမ ခံစားမိနေသလိုပင် ..၊

"ဟွန်း .. ပြောရရင် ကိုယ့်ဘဝက အိမ်မှာ ခွေးတစ်ကောင်ထက် ဗျားကြီး ဆိုးနေခဲ့တာ .."

"ရှင့်အမေကတော့ အိမ်မှာ လာပြောသွားတာ .. ရှင့်ကို ချစ်ခဲ့မှာပါပဲ .."

"အရိုက်ခံရတိုင်း ပြေးကွယ်စရာ နေရာတစ်ခုတော့ ရှိနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ .. အမေ့ကြောင့် ကိုယ် ပညာတတ်တစ်ယောက်အဖြစ်နဲ့ လူတစ်လုံး သူတစ်လုံး ရှင်သန်ခွင့် ရခဲ့တာပါ .. ဒါပေမယ့် အဖေ့ရဲ့ ရာဇဝင်တွေကို ဝါးမျိုရင်း ကြီးပြင်းလာခဲ့ရတော့ သူ မကြည်ဖြူစွာ ကျွေးပေမယ့် ကိုယ့်ရဲ့ ကျေးဇူးရှင်ပါပဲ .."

ဒီကျေးဇူးကြောင့် ပစ်ပစ်ခါခါ ကျောမခိုင်းနိုင်ခဲ့ဘဲ သူ အရှုံးပေးခဲ့ရတဲ့အဖြစ်က ဖျတ်ခနဲ ပေါ်လာသည်။ ဖိုင်း အံတစ်ချက်ကြိတ်၍ အသံတိတ်ခဲ့မိသည်။ ပြီးတော့ ဆက်၍ ...

"အဲဒီမွေးနေ့ပွဲက အပြန်မှာ ကိုယ် နားလည်သွားတယ် .. ဘယ်သူ ဘယ်လို အော်ငေါက် ဆူဆဲနေပါစေ .. ဒူနာပေနာတတ်ခဲ့တဲ့ ကိုယ့်ဘဝက ဘယ်လောက် နိမ့်ကျ ဆိုးရွားခဲ့သလဲဆိုတာကို အစကနေ ပြန်ပြီး နားလည်သွားတာ .."

"ဒါဆိုရင် နည်းနည်းတော့ အံ့ဩဖို့ ကောင်းတာပေါ့နော် .. တချို့ဆို မွေးစားမယ်ဆိုတုန်းက သဘောမတူရင်တောင် အတူတူနေကြတဲ့အခါ မချစ်သော်လည်း အောင့်ကာနမ်းဆိုတာမျိုး ..၊ ပြီးတော့လည်း ပြီးသွားတာပဲလေ .. သူတို့တွေက နေ့စဉ် ငြူစူစွာ ဆက်ဆံနေတာကျတော့ .."

"ကိုယ် ပြောပြီးပြီလေ .. ကိုယ့်ကမ္ဘာလေးနဲ့ကိုယ် နေနေတုန်းကတော့ နာရကျင်ရမှန်း မသိဘဲ ဘယ်သူ ဘာပြောပြော ထုံဆေးမိနေသလိုပဲ ..၊ တခြားမိသားစုကို မြင်လိုက်ကာမှ အချစ်က ဒီလိုရှိပါလားဆိုတာ နားလည်ခဲ့တာ .."

"သူတို့က သူတို့မိသားစုချင်းတော့ ချစ်ကြမှာပါ ..၊ ခွဲခြားဆက်ဆံနေတာတွေ ရှင် ငယ်ငယ်တည်းက မသိဘူးလား .."

"သိတယ် .. 'မင်းက မွေးစားသား .. ခွေးသူခိုး အလကားကောင်' ဆိုတာတွေက ကြားရ ခံရပါများတော့ နားတွေ ထူနေတာ .."

နှင်းဆီ မျက်နှာမှာ အားနာခြင်း .. စိတ်မကောင်းခြင်းတွေနှင့်





'သြော် ..'သံသဲ့သဲ့ကိုတောင် သူ မကြားအောင် ဘရိတ်အုပ်ရှာ၏။

"ဆောရီးကွာ .. မင်း ပျော်နေတာ ကိုယ့်ရဲ့ အနာအဆာတွေကြောင့် ပျက်စီးကုန်လိမ့်မယ် .. မပြောတော့ဘူး .."

"ပြောပါ .. ရပါတယ် .. ကျွန်မ ရှင့်ကို စိတ်တိုနေရတာနဲ့ ရှင် ဘာပြောပြော ဘာမှ နားမထောင်ခဲ့မိဘူး .."

"အဲ့ဒါကြောင့် အခု သနားသဖြင့် နားထောင်ချင်နေတာလား .."

"မဟုတ်ပါဘူး .. ရှင် ပြောချင်စိတ်ရှိမှ ပြောပါ .."

"ဒါဆို မပြောချင်တော့ဘူး .."

နှင်းဆီ ပင့်သက်လေးရှိုက်၍ ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ရှင် မလွမ်းချင်တာပါ .. ရှိနေတဲ့အတိတ်ကို မေ့ချင်တာ .. အဲ့ဒါ အတိတ်မရှိဘူးလို့တော့ ပြောလို့ မရပါဘူး .."

"မင်းက အဲ့ဒါကို လက်မခံချင် ဖြစ်နေတာပဲ .."

"မဟုတ်ဘူး .. အဲ .. ဟုတ်တော့ ဟုတ်တယ်လေ .. မနေ့က အတိတ်ကိုတောင် မလိုချင်တဲ့အထိ ကိုယ့်ဘဝကို ခါးသီးနေတာမျိုး..၊ အဲဒီလိုလူမျိုး ရှင့်ကို မဖြစ်စေချင်တာ .."

"ဘာဖြစ်လို့လဲ .."

"အစွန်းရောက်လွန်းတာဆို ဘာမှ မကောင်းဘူး .."

"အဟွန်း.. ဒါကြောင့် ထင်တယ်.. နှင်းဆီမျက်နှာ ဆိုတဲ့ ကောင်မလေးကို ဘယ်အစွန်းချွတ်ဆေးမှ မတိုးတာ .."

နှင်းဆီ နှုတ်ခမ်းစူမလိုလေး ဖြစ်သွားပြီးမှ ရယ်သည်။ ညနေမှောင်ရီဖျိုးဖျမှာ သူမ ဝတ်ထားတာက လိမ္မော်ရောင်ဖျော့ဖျော့လေးကာ နက်ပြာရောင် အပေါ်ထပ်ပါးလေးလည်း ပါသည်။

ဆံနွယ်ပျော့ပျော့လေးတွေ ပါးရိုးပေါ်မှာ ဖြာဆင်းနေလျက် ..၊ ဘေးတိုက် မြင်နေရသော ပါးပြင်နုညက်ညက်လေးက ပို၍ ဝင်းစိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေပြည် တစ်ချက် တစ်ချက် ပြေးဆော့သွားတိုင်း ရှေ့ဆံပင်တွေ အားလုံး နောက်ကို လွင့်တက် လှုပ်ခတ်နေတာကိုလည်း ကြည့်မဝနိုင်ပါ ...။

သူမကို ဘေးတစောင်း ကြည့်မိတိုင်း နှာတံချွန်ချွန်လေးက ပိုထင်းနေတတ်ကာ နှုတ်ခမ်းလေးတွေကို ငေးမိသည်။ စိတ်ကို ဘယ်လိုပဲ တားဆီး ချုပ်ထားပါစေ .. သူမ မကြည်ဖြူမှန်း သိသိနဲ့ပဲ ငေးမော ကျေနပ်နေခဲ့မိ၏။

"ခိုင်း .. ရှင် ဘာလုပ်နေတာလဲ .."

"အမှန်အတိုင်း ဝန်ခံရရင် မင်းကို ကြည့်နေတာ .."

မျက်မှောင်လေး ကုတ်သွားကာ ပြုံးနေတာတွေ အနည်းငယ် ပျက်ယွင်းသွားခဲ့၏။

"ပြောဖို့ ကျန်နေတာတစ်ခုကို ပြောရကောင်းမလား စဉ်းစားနေတာပါ...၊ ဒါကို ဘယ်တော့မှ မပြောပါနဲ့လို့ မင်းက ပြောထားခဲ့တော့.."

"ဒါဆိုလည်း မပြောနဲ့ပေါ့ .."

"ပြောချင်နေတာ ကြာပြီလေ .. မင်း အနားမှာ နေနေရတာ ကိုယ့် ကျေနပ်တယ် .. ဒါပေမယ့် အဲ့ဒါကို မပြောရမချင်း ကိုယ့်စိတ် ဘယ်လိုမှ အေးချမ်းနိုင်မှာ မဟုတ်ဘူး .."

"ရှင့်လိုပဲလေ .. ကျွန်မကလည်း ဒါကို ပြန်ကြားရရင် အေးချမ်းနိုင်မှာ မဟုတ်ဘူး .."

"ဟွန်း .."

ခိုင်း က အတူတူ ယှဉ်တွဲရပ်နေရာကနေ ဝရန်တာမှာ ကျောမှီရပ်လိုက်ပြီး နှင်းဆီ မျက်နှာလေးကို ရှေ့ကနေ ကြည့်သည်။ သူမ မျက်နှာလေး တည်သွားကာ ...

"အထဲဝင်တော့မယ် .."

"ဘာဖြစ်လို့လဲ .. ကိုယ် ကြည့်နေတာ သိလို့လား .."





"ဟုတ်တယ် .. ရှင် လူကို ဘေးက ကြည့်လိုက် .. ရှေ့က ကြည့်လိုက်နဲ့ .."

"ကြည့်မိတာကတော့ ကြည့်ချင်စရာကောင်းအောင် လှနေလို့ ကြည့်တာပါ ...၊ ဒါပေမယ့် ကိုယ် ပြောမယ့်စကားကို ဆုံးအောင် နားထောင်ဖို့ မင်းကို သေချာ တောင်းပန်ချင်လို့ နေရာပြင်လိုက်တာ .."

နှင်းဆီ မျက်နှာညိုနေတာလေးက မပြေနိုင် ...၊

"ကိုယ်ပြောတဲ့သဘောက မင်းကို ကြည့်ဖို့အတွက် တမင်တကာ နေရာပြင်တာ မဟုတ်ဘူးလို့ .."

"ပြော .. ရှင် ဘာပြောချင်တာလဲ ...၊ ကျွန်မ ကန်းနေမှန်း မသိလို့ အထင်လွဲတယ် .. ဒါပဲ မဟုတ်ဘူးလား .. ကျွန်မကလည်း မယုံပါဘူးလို့ ပြောပြီးပြီ .."

"မဟုတ်ဘူး နှင်းဆီ .. ဒါထက် .."

"ဒါထက်မကတာ ဘာရှိသေးလဲ .. ရှင့်အမေ အိမ်မှာ အဝင် အထွက် ရှိတယ် .. ခွန်မင်းထွန်း ဆိုတဲ့ ရှင့်အစ်ကို ရေချိုးခန်း လာလုပ်ပေးသေးတယ် ...၊ ကျွန်မတို့ ဒီကို အခြေအနေအရ ပြန်ပြောင်းရဖို့ ဖြစ်တော့လည်း ဒေါ်ဒေါ်သဲ ကိုယ်တိုင် အကျိုးအကြောင်း သွားပြောတော့ အဲ့ဒီအိမ်ကို ရောက်တယ် .. တစ်အိမ်နဲ့တစ်အိမ် ဒီလောက် အဝင်အထွက် အဆက်အဆံတွေ ရှိခဲ့ကြတာ ဘယ်သူ့ဆီကမှ ရှင် မကြားမိဘူးလား .."

"မကြားဘူး .."

"နောက်ဆုံး ယောကျ်ားလေးချင်း ဆုံမိတဲ့အချိန်မျိုးမှာရော ရှင့် အစ်ကို ရှင့်ကို တစ်ခွန်းလေးမှ မဟခဲ့ဘူးလား .."

"မဟဘူး .."

နှင်းဆီ မျက်မှောင်ကုတ်ထားရင်း စကားသံ ရပ်သွား၏။ ခိုင်း က သူမဘက်ကို ပိုတိုးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း နဲ့ မပြောဖြစ်ခဲ့တာတွေ .. အိမ်ကလူတွေနဲ့ မပြောဖြစ်ကြတဲ့ အကြောင်းတွေ .. အဲ့ဒါတွေကိုတော့ ပြန်ပြောမပြချင်တော့ဘူး.. ဒါပေမယ့် ကိုယ် မညာဘူးဆိုတာ ယုံကြည်ပေးပါ .. မင်းကို အဲ့ဒီဘက်က ပြတင်းပေါက်မှာ ရပ်နေတာ လှမ်းမြင်လိုက်တယ် .. အဲဒါ ပထမဆုံးတွေ့ဖူးတာပဲ .."

နှင်းဆီ မျက်နှာလေး လွှဲထားသလို နေပေမယ့် ဘာမှ မပြောဘဲနေ၏။

"မိန်းမတစ်ယောက်ကို လှလိုက်တာဆိုပြီး ငေးကြည့်မိခဲ့တဲ့အချိန်မှာ သူကလည်း ကိုယ့်ကို မျက်နှာမလွှဲဘူး ..၊ ပြီးတော့ ကိုယ်က ရေချိုးမယ့်ပုံစံနဲ့ မင်းနဲ့ ထပ်ဆုံတယ် .."

နှင်းဆီ မျက်နှာလေးမှာ လှုပ်ရှားမှုတွေ ဖြစ်လာခဲ့၏။ ဒါပေမယ့် သူမ ဘာမှမပြောခင် ဖိုင်း က ပြီးဆုံးအောင် ပြောသွားခဲ့ရင်း ...

"ယောကျ်ားတစ်ယောက် ရေချိုးနေတဲ့အထိ သေချာ ကြည့်နေတာကွာ .. အဲ့ဒီလို ပုံစံမျိုးကို .."

"ဒီမှာ ဖိုင်း .."

"ခဏလေးပါ .. ကိုယ် ပြီးအောင် ပြောပါရစေ .. ကိုယ့်ကို ကြည့်နေတဲ့ မိန်းမလို့ ခံစားမိလိုက်တာနဲ့ ကိုယ်ကိုယ်တိုင် ဘာဖြစ်သွားမှန်းမသိဘူး .. အိမ်ထဲကို ပြန်ဝင်လာခဲ့မိတယ် .. အဲ့ဒီအချိန်မှာ မင်းရဲ့မျက်လုံး.. မင်းရဲ့ ငြိမ်သက် စူးစိုက်မှုတွေ နော်မယ်လ် ဟုတ်တာ မဟုတ်တာ ဂရုမစိုက်မိဘူး .. ဆက်ကြည့်နေဖို့လည်း စိတ်မဝင်စားတော့ဘူး..၊ လွှဲခဲ့တာတွေက အဲဒါက စခဲ့တာပါ .."

"ရှင့်ကိုယ်ရှင် သိဒ္ဓိတင်နေတာလား .. ကျွန်မကို ရှင်းပြချင်တာလား .."

"မင်း ကြိုက်သလို ထင်နိုင်ပါတယ် .. ကိုယ်ကတော့ ဒါ အမှန်ပဲဆိုတာ မင်းကို ပြောခွင့်ရရင် ကျေနပ်ပြီ .. ဘုရားရှေ့ ရောက်လို့ လက်





အုပ်ချီ ရှိခိုးနေတာကို စိန်လက်စွပ်ကြီး ကြွားနေတာပါလို့ ထင်တာမျိုးဆိုရင် ထင်တဲ့လူလည်း ထင်လို့ရတယ် .. လက်စွပ်နဲ့လူမှာလည်း သူ့အမှန်တရားနဲ့ သူပဲ .."

"ဟွန်း .."

"ကိုယ် မင်းကို သိစေချင်တာ အဲ့ဒါတွေ မဟုတ်ဘူး .."

"ရတယ် .. ဆက်ပြော .."

"ကားပေါ်မှာလည်း .."

"ဒါကို ရှင် ထပ်ရှင်းနေဖို့ မလိုဘူး ဖိုင်း .."

"လုံးဝ လိုတယ် .. အဲ့ဒါကြောင့် ကိုယ် နင့်နေအောင် ခံစားလိုက်ရတာ .."

"ဘာ!... ဘာပြောတယ် .."

နှင်းဆီ သူ့ဘက်ကို လှည့်ကြည့်ကာ မျက်ဝန်းချင်း ဆုံဖို့ ကြိုးစားရှာ၏။ ဒါပေမယ့် တလွဲလေး စူးစိုက်ရင်း ...

"တနင့်တပိုးကြီး ပြောပြီး အဖက်မတန်သလို ဆင်းကျွန်ရစ်ခဲ့တာက ဘုင် ..၊ ရှင်က ခံစားလိုက်ရတယ် ဟုတ်လား .."

"မဟုတ်ဘူး .. ကိုယ် ဆင်းကျန်ရစ်ခဲ့တာ အဲ့ဒါနဲ့ မဆိုင်ဘူး .."

အိမ်မှာ ပြဿနာတွေ တစ်ထွေးကြီးနဲ့ ကားပေါ်ရောက်နေတဲ့သူကိုပါ ချက်ချင်း ဆင်းနေခဲ့ဖို့ ဖုန်းဆက်ရသည့်အဖြစ်တွေက ပေါမှာကြောင့် ..၊ ဒါတွေကိုတော့ သူ့ဘက်က လုံးစေ့ပတ်စေ့ ရှင်းပြနိုင်ဖို့ မလွယ်ပါ ..၊

"ကိုယ့်မိသားစု ပြဿနာလေး ရှိလို့ပါ ..၊ အရေးတကြီး ဖုန်းလှမ်းဆက်လို့ ကိုယ် ဆင်းနေခဲ့တာ .. အဲ့ဒီတုန်းကထိ မင်းကို ကိုယ် .."

"ထပ်မပြောပါနဲ့ သိပြီးသားတွေပါ .."

"ကိုယ် အဲဒီလို အထင်လွဲခဲ့မိတာကို အနူးအညွတ် တောင်းပန်ပါတယ် ..၊ ကားပေါ်ရောက်ကာစ ကိုယ် မထိုင်ရသေးဘူး .. ခုံကြားထဲက



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့လက် ထွက်လာတော့ ..”

“ကျွန်မက မိန်းမပျက်ပေါ့ ..”

“ဆောရီး .. ကျွတ်!...”

သူ တောင်းပန်ရင်း ပိုရှုပ်လာသဖြင့် နှောင်တရလာမိသည်။ တချို့ကိစ္စတွေဟာ ရှင်းမှ ပိုရှုပ်တယ်ဆိုတာ ဒါမျိုးလား ..၊

တွေးရင်း နားလည်လာကာ ...

“ကိုယ့်စိတ်ထဲမှာ ခံစားရတာ မလိုလားခြင်းတွေပဲ နှင်းဆီ .. မင်းပြောလိုက်တာမျိုး တစ်ဆုံးကြီး မဟုတ်ဘူး .. ဒါပေမယ့် အဲ့ဒီတိုင်းဖြစ်သွားတယ် .. အားလုံးက မင်းကို မျက်မမြင်တစ်ယောက်မှန်း ကိုယ်မသိခဲ့တာကြောင့်ပါ ..၊ ရန်ကုန်မှာ ပြန်ဆုံပြီး ဒါကို သိလိုက်ရတော့ အရမ်းကို အံ့သြသွားတာ ..”

ထိုနေ့က သူ့အသံကို ကြားလိုက်ရတာ နှင်းဆီ မှတ်မိပါသည်။ ‘သူက မျက်လုံးမမြင်ဘူးလား ..’ဆိုသည့် အံ့သြသောမေးခွန်းနှင့် သူ့အသံ ..၊

ထိုနေရာမှာပဲ သူ သိထားခဲ့သော ခွန်စိုင်း ဆိုသည့် မုန်းတီးစရာ ပြောဆိုသံများနှင့်လူက မထင်မှတ်စွာ ပြောင်းလဲသွားခဲ့သည်။ ပြီးတော့ ကူညီလိုက်ပါသေးသည်။ ဒါပေမယ့် သူ့ဆီက ကောင်းနိုးရာရာ ဘာကိုမှ သူမ ခံစား နားလည်လို့မရတော့တာ နာကြည်းခဲ့၍ ထင်သည်။

“အဲ့ဒီကစပြီး ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားခဲ့တာ .. သူ့ကိုယ်သူတောင် အသားကျအောင် မနေတတ်သေးတဲ့ မျက်မမြင်မိန်းကလေးတစ်ယောက်ကို ငါ ဒီလောက်ထိ ပြောဆို စော်ကားခဲ့မိပြီဆိုပြီး တစ်နေ့လုံး ဒီစိတ်က ဖိစီး နှိပ်စက်နေခဲ့တယ် ..၊ ဒေါ်သဲကိုလည်း ကိုယ့်စကားတွေ ကျူးလွန် စော်ကားသလို ရှိခဲ့တာတွေပေါ်မှာ ဒေါသနဲ့ တုံ့ပြန်ခဲ့တာ မရှိဘူးလေ .. ကိုယ် ယောကျ်ားမဆန်ခဲ့တာပါ..၊ သပ်ပြီး တောင်းပန်ပါတယ် ..”





နှင်းဆီ မျက်နှာလေး ငုံ့နေကာ ဘာတွေ တွေးနေမှန်း မသိပေမယ့် သူ့ကို ခွင့်လွှတ်နိုင်ဖို့ မလွယ်မှန်းတော့ သိနေပါသည်။

“တကယ်ဆိုရင် ကိုယ် ဘယ်လောက် ဆင်းရဲပါစေ .. ဒီလိုအလုပ်မျိုးကိုတော့ လက်ခံမှာ မဟုတ်ဘူး ..”

“ဘယ်သူမှ မပေးနိုင်တဲ့ အခွင့်အရေး အတိုင်းအတာတွေ ရှင့်ကို ပေးထားတာပဲ .. လောဘ မရှိဘူးဆိုတဲ့ စကားတော့ မပြောစမ်းပါနဲ့.. ရှင် ရန်ကုန်ဆင်းလာတာကိုက ဘာအတွက်လဲ ..”

“အလုပ်အကိုင်အတွက်ပေမယ့် ..”

“မပင်မပန်းဘဲ ရွှေဘုံပေါ်မှာ ထိုင်ပြီး ငွေတွေ အပုံလိုက် ထပ်ရယ်ဆိုရင် ..”

“ဘယ်သူမှ ငြင်းမှာ မဟုတ်ပေမယ့် ကိုယ်ကတော့ လက်ခံမှာ မဟုတ်တာ သေချာတယ် .. ကိုယ့်ဘက်က ပေးဆပ်ချင်တာ သက်သက်ပဲ ..”

“ဟွန်း ..”

“ကိုယ့်ကို အဲဒီမျက်နှာမျိုးနဲ့ မမဲ့ပါနဲ့ ..”

“မဲ့တယ် .. မုန်းတာတွေလည်း ပြန်ပေါ်လာတယ် .. အစ မဖော်ပါနဲ့လို့ ရှင့်ကို ပြောခဲ့သားပဲ .. ဘယ်ယောကျ်ားမဆို မိန်းကလေးတစ်ယောက်က အထင်ကြီးအောင် ရပ်တည်ကြီးနဲ့ တခမ်းတနား ကြွားကြတာပဲ .. တစ်ဖက်မှာ လောဘတကြီး သိမ်းထုပ်ထားတာတွေကို ခိုင်မနင်း ဖုံးဖိထားရင်းနဲ့ပေါ့ ..”

“နှင်းဆီ ..”

“ရှင် ဘာလုပ်တာလဲ ..”

ပခုံးလေးနှစ်ဖက်ကို မျက်နှာချင်းဆိုင် ဆွဲလှည့်ယူလိုက်တော့ နှင်းဆီ မျက်နှာလေး နီရဲသွားသည်။ ထိုစဉ် ခြံထဲက ပန်းချုံအကွယ်ကနေ ဦးထက်ခိုင် နဲ့ ဒေါ်ကြာဖြူ တို့ လှမ်းကြည့်နေတာကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရကာ ...

"ခိုင်း .. ရှင့်!..."

လူကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ဖက်ထားလိုက်သဖြင့် နှင်းဆီ တစ်ကိုယ်လုံး ဒေါသကြောင့် သတိလစ်သွားသလား ထင်ရ၏။ ရုတ်တရက် ဆောင့်ရုန်းပစ်ဖို့ သူ့ရင်ဘတ်ကို ကိုင်လိုက်မိလျှင် ...

"ဟိုလင်မယား ကြည့်နေတယ် .. ခဏလေး နေ .."

ရင်ဘတ်ပေါ် တင်လိုက်မိသည့် လက်လေးတွေကို သူက ဖယ်ရှ ကာ ပြန်ရုန်းလို့မရတော့အောင် လက်တွေကိုပါ သိမ်းဖက်ထား၏။ ပြီးတော့ တရစ်ရစ် တိုး၍ ဖက်သည်။ ပါးချင်းကပ်ထားပြီး ရင်ခုန်သံ ဖိကပ် တိုးတိုက်နေတာမျိုး ...၊

စီးကရက်နံ့နှင့် သူ့နှုတ်ဖျားတို့က လေငွေ့နွေးကြောင့် ရှောင်ဖယ် မရသမျှ နှင်းဆီ အံကြိတ်ထားမိသည်။

ထို့ပြင် နှစ်ကိုယ့်တစ်စိတ်လို ပူးကပ်ထားသည့်ကိုယ်မှ လူ နှိပ်စက်နေတာ သူ့ထံမှ ဆပ်ပြာနံ့ကဲ့သို့ မွှေးနံ့တစ်မျိုး ...၊ သူ့လက်တွေ ကို ဖယ်ချပစ်ဖို့ လက်တင်ထားမိရင်း ပင့်သက်ရှိုက်ကာ ...

"သူတို့ သွားကြပြီဆိုရင် ရှင့်လက်တွေကို လွှတ်လိုက်ပါ .."

နှင်းဆီ အသံလေးကို ကြားမှ မိုတ်ထားမိသည့် မျက်လုံးတွေ သတိရသည်။ ပထမ ဒေါသနဲ့ မာန ...၊ နောက်တော့ အခြေအနေတစ် ပေါ်မှာ ...၊ နောက်ထပ် သူမကို ပွေ့ပိုက်မိခဲ့ပြီး သူ ဘာဖြစ်သွားခဲ့မှန်း မသိ ...၊ သူမ ကိုယ်လေးကို ကမန်းကတန်း လွှတ်ပေးမိကာ ...

"ကိုယ် .."

"ဆောရီး .. ပြောမလို့လား .."

"ကိုယ် မှားသွားပါတယ် .."

သူ ရှက်လည်း ရှက်မိပါသည်။ ဒါပေမယ့် ရှက်နေလို့လည်း ဒါ ကျေပျက်သွားမှာ မဟုတ် ...၊





"ရှင် မှားတာကို ကျွန်မက ခွင့်မလွှတ်ဘူး ဆိုရင်ရော .."

"မင်း ကြိုက်သလို လုပ်လိုက် နှင်းဆီ .."

"ဟုတ်တယ် .. ရှင့်ကို ကျွန်မ ပါးရိုက်ပစ်ချင်တယ် .. ဒါပေမယ့် ကျွန်မက ကန်းနေတော့ .."

လက်သီးဆုပ်လေး ဖြစ်ထားသည့် လက်နှစ်ဖက်ကို ခိုင်း မြင်နေ သည်။ ထို့ကြောင့် သူမရဲ့ ဘယ်လက်လေးကို ဆွဲ၍ သူ့ပါးတစ်ဖက်မှာ ထိကပ်ထားလိုက်ရင်း ...

"အဲ့ဒါ ကိုယ့်မျက်နှာပဲ .. မင်း ရိုက်လို့ ရပြီ .."

"ဖြန်း .."

"ကဲ .."

"ဖြန်း .."

မျက်နှာသည် ဘယ်ရောညာရော လည်ထွက်သွားခဲ့ပြီး ကျိန်းစပ် ပြင်းသော နာကျင်မှုဖြင့် မျက်ရည်တွေပါ ဝေ့၏။ ခိုင်း က အသံ တစ်ချက်မှ မထွက်ခဲ့ဘဲ မျက်နှာပေါ် ရှုပ်ဖွာကျလာသည့် ဆံပင်တွေကို လက်တစ်ဖက်နဲ့ အသာသိမ်းတင်၍ ...

"ကျေနပ်ရဲ့လား .."

"မမြင်မစမ်းနဲ့ ရိုက်ရတော့ သိပ်မကျေနပ်ဘူး .."

"မင်း မြင်တဲ့အခါ ထပ်ရိုက်ဖို့အတွက် ဒီနေ့ ကိုယ့်အပြစ်ကို မကျေ သေးဘူးလို့ မှတ်ထားပေးပါ့မယ် .."

"အို .. ဘာလုပ်တာလဲ .."

ပြောပြီးတာနှင့် သူမ ကိုယ်လေးကို ပွေ့ယူလိုက်လျှင် နှင်းဆီ အတင်း ပြန်ရုန်း၏။

"ကိုယ် အပြင်သွားချင်လို့ .."

"အဲ့ဒါ .. ကျွန်မနဲ့ .."

"မင်းကို အခန်းထဲ ပြန်ပို့ခဲ့မယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ထားချင်ရာ ထားခဲ့ရအောင် ကျွန်မကို အရုပ်တစ်ရုပ်လား.. လွှတ် .. ခု ပြန်ချပေး .."

"ချမပေးနိုင်ဘူး နှင်းဆီ .. အိမ်မှာ လူတွေစုံနေရင် မင်း တစ်ယောက်တည်း အပြင်မှာ မနေရဘူး .. ကိုယ် ဆင်းသွားရင် ဒေါ်သဲ အောက်မှာ အလုပ်လုပ်နေတယ် .. လွှတ်လိုက်မယ် .."

မွေ့ရာပေါ်ထိ သေချာ ပြန်ချပေး၏။ သူ အမိန့်ပေးတဲ့အတိုင်း နာခံရသလို ဖြစ်နေလို့လား ..၊ မဟုတ်ရင် ဘာဖြစ်တာလဲ ..၊

ဘာမှန်းမသိသော မျက်ရည်စတို့ ပါးပြင်ပေါ်သို့ ကျူးကျော်ဖြတ်သန်းကြသည့်အခါ ဖိုင်း က ထွက်သွားပြီ ဖြစ်သည်။

သူမ လက်ဖဝါးလေးတစ်ဖက်မှာ နာကျင်နေခဲ့တာ ပြန်ဆုပ်ကြည့်လို့တောင် မရ ..၊

ဒါဆို .. သူ့ကို ရိုက်ရတာ ငါ့လက် နာတယ်ဆိုပြီး သူမ ငိုမိတာလား ..၊ မျက်ရည်တို့ တာတမံကျိုးလေသည်။

"ဟင်!... သမီး .. သမီးလေး ဘာဖြစ်တာလဲ ဟင် .. သမီး ဘာလို့ ငိုနေတာလဲ .."

ဒေါ်သဲမြ ၏ အူယားဖားယား မေးသံကြောင့် နှင်းဆီ ခေါင်းခါမိသည်။ အနားရောက်လာပြီး မျက်နှာကို မော့ယူဖို့ ကြိုးစားသဖြင့် ဒေါ်သဲမြ လက်တွေကိုပါ ဖယ်ချပစ်မိသည်။

ဘယ်လို ပြောရမလဲ ..၊ ဘာဖြစ်လို့ပါ ဆိုတာကို တစ်လောကလုံး ကြားသွားအောင် အော်ပစ်ရပါလျှင် ...

'ငါ ငိုနေတာ ဘာမှန်း ငါ မသိ ..'







အခန်း (၃၈)

"ဟား .. ဟား .. ဟား .. ဟား ..."

"ဘာတွေ သဘောကျလို့ ဒီလောက် ရယ်နေတာလဲ .."

ဦးထက်ခိုင် မျက်နှာကြီးက အောင်နိုင်သူလို ပြုံးနေရာကနေ တဖြည်းဖြည်း အကျည်းတန်လာခဲ့၏။ အင်းယားကန်ပေါင်မှာ အချစ်အနုအရွ ပသာဒတို့ဖြင့် ကြည်နူးချမ်းမြေ့နေကြသူတွေ သူ့လူနဲ့သူ .. ကိုယ့်အုပ်စုနဲ့ကိုယ် အများကြီးပါ ..။

ဒါပေမယ့် သူတို့ကတော့ ဒီလို မဟုတ်ကြဘဲ ဒေါသ မောဟတွေ ချည်းပြိုင်လို ပြေးလွှားနေခဲ့ကြတာ ဘယ်မှာ ပန်းဝင်ကြမည်ဆိုတာ မသိ ..။

သူ့ကိုယ်မှာ ဝတ်နေကျ အနက်ရောင် ကုတ်အင်္ကျီ .. ဘောင်းဘီရှည်အနက်နဲ့ဖြစ်ကာ ဖိုင်း က အဖြူဆွတ်ဆွတ် ရှပ်အင်္ကျီလက်ရှည်ကို နာရီလွှတ်ရုံ ခေါက်တင်ထားလျက် အဖြူရောင်သမ်းနေသော ဖြူဖပ်ဖပ်ဂျင်းဘောင်းဘီနဲ့ ဖြစ်သည်။

လူမိုက်ရုပ်ပေါက်အောင် ရှည်လျား၍ ဖရိုဖရဲဆန်သော ဆံပင်တွေက အုပ်ထိန်းသူမဲ့နေသည့် ကလေးလို ထင်တိုင်းကြဲနေပေမယ့် ဖြူဖြူသော မျက်နှာက ရုပ်ပျက်ဆင်းပျက်တော့ ဖြစ်မသွားပေ ..။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားချင်းတူပေမယ့် ဒီကောင့်မှာ ဆုတောင်းကောင်းနေ တာတွေ ရှိသည်။ ဒါပေမယ့် နှင်းဆီ က မျက်မမြင်တစ်ယောက်ပဲ … ဒီကောင့်ကို စွဲလမ်း နှစ်သက်နေတယ်ဆိုတာ မဖြစ်နိုင် …။

ဒါပေမယ့် မနေ့ကတော့ သူတို့ကိုယ်တိုင် သေချာ မြင်ခဲ့တာပါ။ ဒီကောင်နဲ့ နှင်းဆီ ကြင်နာနေကြတာတွေ …။

"မင်း ကြာကြာ မရယ်နိုင်တော့ပါဘူးကွာ … ဟွန်း …"

ကိုယ့်ဘက်က နိုင်ကွက်ရှိနေတာတွေကို ပြန်တွက်မိကာ ဦးထက် ခိုင် က အောင်နိုင်သူလို မဲ့ပြုံးနှင့် ပြန်စ၏။

"ထာဝရ လျှို့ဝှက်ထားနိုင်တဲ့အရာဆိုတာ မရှိဘူး …"

"ဟုတ်တယ် …"

"အမြဲတမ်း အနိုင်နဲ့ ပိုင်းသွားနိုင်တယ်ဆိုတာလည်း မရှိဘူး …"

"မှန်တယ် …"

"ဘာဖြစ်လို့လဲဆိုတော့ နေ့နဲ့ည အလင်းနဲ့အမှောင်တွေ ပြောင်းလဲ ဖြစ်ပေါ်နေသလိုပေါ့ … အချိန်တွေက ရွေ့လျားနေတယ် … ဒါပေမယ့် နှစ်ဆယ့်လေးနာရီ ပြည့်တာနဲ့ တစ်ကနေ ပြန်စတယ်လေ … လူတွေရဲ့ အတိတ်ကို ဘယ်အချိန်က စတယ်လို့ သတ်မှတ်သလဲတော့ မသိဘူး … ငါတို့ရဲ့ အချိန်တွေလည်း အမြဲတမ်း တစ်ကနေ ပြန်စနေကြတာပဲကွ …"

"သံသရာလည်တယ်လို့ တစ်ခွန်းတည်းပဲ ပြောလိုက်ပါ … အခု မတ်တတ်ရပ်နေရတဲ့အချိန်တွေ သက်သာတာပေါ့ …"

"သံရာလည်တယ် ဆိုတာက …"

"ခင်ဗျား နားမလည်သေးပါဘူး ဦးထက်ခိုင် … ပြောချင်တာက ကျွန်တော့်နောက်ကြောင်း တစ်ခုခုကို ခင့်ဗျား သိနေတယ်… ဒါပဲမို့လား"

"ဟုတ်တယ် … မင်း ငါ့နောက်ကို လိုက်နေတဲ့အချိန်မှာ ငါက မင်းရဲ့နောက်ကို ပြန်ရောက်နေမယ်ဆိုရင် …"

"ဟား … ဟား … ဟား …"





နောက်ထပ် ရယ်မောလိုက်ခြင်းကြောင့် ဦးထက်ခိုင် မျက်နှာ ဘည်သွားပြန်သည်။

"မှားနေပြီ ဦးထက်ခိုင် … လိုက်နေတာက ခင်ဗျား … အခု ခင်ဗျား ရဲ့နောက်မှာ ရှိနေတာက ကျွန်တော် …"

ပိုင်နိုင်သည့်အပြုံးနှင့် ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်း ရယ်နေသေးသည်။

"ဒါပေမယ့် ခင်ဗျားက ချိန်းတဲ့သူဆိုတော့ ပြောပါ … ကျွန်တော် နားထောင်ရမယ့်အလှည့်ပေါ့ …"

"အေး … ငါကလည်း မင်းလိုကောင်နဲ့ တွေ့ဆုံ ဆွေးနွေးဖို့အထိ ဖြစ်လာရတာကိုပဲ ရှက်နေမိတာ …၊ ငါ့အဆင့်အတန်း … ငါ့ဂုဏ်သိက္ခာ က သူများက ငါ့ကို တွေ့ချင်ရင်တောင် အပွိုင့်မန့် ယူရတယ် … တံခါး ရှေ့ ရောက်နေရင်လည်း ငါ ခွင့်ပြုမှ ဝင်ရတယ် …"

"အခု ကျွန်တော့်ကိုလည်း ခင်ဗျားက တွေ့ချင်တာလို့ မမှတ်ဘဲ ခါတွေ့တယ်ပဲ သဘောထားလိုက်ပါ …၊ တော်ကြာ ခင်ဗျားရင်ထဲက လောင်မြိုက်နေတဲ့မီးတွေနဲ့ မာနတွေ အရည်ပျော်သွားပါဦးမယ် …"

"အေး … ပြောမယ် … မင်းမှာ လက်ထပ်ထားတဲ့မိန်းမ ရှိတယ် ဆိုတာ ဝန်ခံလား …"

ခိုင်း မျက်နှာပျက်သွားသည်။ ဦးထက်ခိုင် က အားပါးတရ ပြုံး၏။ အဖြေမရှိခဲ့ပေမယ့် ဒါ အမှန်တရားပဲဆိုတာ သိလိုက်ပြီး …

"မင်းက နိမ့်ကျတဲ့ မိသားစုထဲမှာတောင် သားအရင်း မဟုတ်တဲ့ ကောင်ပဲ ခိုင်း …၊ မင်းကိုယ်မင်း ကလေကချေလို့ ပြောရဲနေတာ ငါ နားလည်သွားပြီ …၊ တစ်ခုပဲ ကျန်တော့တယ် … နှင်းဆီ နဲ့ မင်း ဘယ်လို ဆက်စပ်မိပြီး ဒီလို ဟန်ဆောင် လုပ်ကြံဇာတ်လမ်းတွေ ဖြစ်သွားတာလဲ ဆိုတာ …"

ဦးထက်ခိုင် က ဆက်မပြောဘဲ ရပ်ထားလိုက်ပြီး ခိုင်း ကိုအကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်သည်။ ခိုင်း မျက်နှာမှာ ခုနက ပျက်ယွင်းမှုမျိုးတွေ ရှိမနေတော့ဘဲ တည်ငြိမ်နေသည့် အကြည့်တို့နှင့် ...

"အခု .. ကျုပ် ပြောလို့ ရပြီလား .."

"မှန်တာတွေပဲ ပြောဖို့တော့ လိုတယ် .."

အပိုင်အနိုင် မေးဆတ်ပြောရင်း လက်ပိုက်ထားလိုက်သေးသည်။

"မင်းအကြောင်းတွေ ငါ သိထားပြီးပြီ"လို့ ပြောလိုက်တုန်းက ဟားတိုက်ရယ်ခဲ့တဲ့ ကောင် ..။

ခုတော့ ဘာတတ်နိုင်သေးလဲ ..။

ကိုယ့်မေးခွန်းနဲ့ကိုယ် ဦးထက်ခိုင် သဘောတွေ ကျနေမိသည်။

ဟိုနေ့က မိန်းကလေးတစ်ယောက်နဲ့ မပြေမလည် ဖြစ်နေကြတာကို သူ မြင်ခဲ့သည်။ ထို့ကြောင့် မိန်းကလေးနောက်ကို လိုက်ပြီး သူ သေချာ စုံစမ်းခဲ့၏။ သူမက တောင်ကြီးက ခိုင်း ရဲ့အစ်မ .. သို့မဟုတ် ခိုင်း နဲ့ လက်ထပ်ထားတဲ့ ယောမာ ..။

"ပြောလို့ရနေပြီ ခွန်ခိုင်း .. ဘာလဲ .. ဒါတွေ ငါ မသိနိုင်ဘူးထင်လို့ အံ့ဩပြီး မလိမ့်တပတ်ပြောဖို့ စကားလုံးတွေ ပါမလာခဲ့ဘူးလား.."

"ဟုတ်တယ် .. မလိမ့်တပတ် ပြောဖို့တွေ ပါမလာဘူး .. ကျုပ်က လူကောင်းမဟုတ်ပေမယ့် လူဆိုးမဖြစ်အောင် ကိုယ့်ကိုယ့်ကိုယ် စည်းသုံးတန် တားပြီး နေခဲ့တဲ့လူ .."

"လာသေးတယ် .. ရှမ်းပုတ်ရာ .. ဟား .. ဟား .. ဟား ..."

"ခင်ဗျား ယောမာ့ နောက် လိုက်သွားတာ ကျုပ် သိနေတာပဲ .."

"ဘာ!..."

"ကြောက်နေရင် ခင်ဗျား မေးလာတဲ့အထိ ကျုပ် ဒီလို အေးဆေး စောင့်နေမလား .."

ဦးထက်ခိုင် အံ့ဩသွားတာကို စိုက်ကြည့်ပြီး ခိုင်း က ခပ်ယဲ့ယဲ့ ပြုံးသည်။





"ကျုပ် နားမလည်နိုင်တာ တစ်ခုပဲ .."

မျက်နှာသည် နာကျင်မှုတို့ဖြင့် တင်းတော့မလို မဲ့တော့မလို ဖြစ်နေခဲ့ပြီး ...

"သူ ဒီတိုင်း ပြောလိုက်တာကို အံ့ဩတယ် .."

"သြော် .. ဒါများကွာ .. မင်းက သူ့ကို ထားခဲ့မှတော့ ဘယ်သူက မင်း ထားခဲ့သလို ကျေနပ် ငြိမ်သက်နေပါ့မလဲ .. ဒါတွေ ထားလိုက်ပါ.. အခု ငါ ပြောချင်တာက မင်းရဲ့ လျှို့ဝှက်ချက်ကို ငါ မဖော်ခင် မင်းဟာ မင်း ထွက်သွားမလား ..။ ငါက ထုတ်ဖော်ပြီး လိမ်လည်မှုနဲ့ တရားစွဲ ထောင်ချတဲ့အထိ မင်း နေချင်သလား .."

"ကျုပ်ကလည်း ထွက်သွားမှာ မဟုတ်ဘူး .. ခင်ဗျားလည်း ကျုပ်ကို တရားစွဲလို့ မရဘူး .."

"ဘာလို့ မရရမှာလဲကွ .. မင်းနဲ့ လက်ထပ်ထားတဲ့ မိန်းကလေး အခု ရောက်လာပြီ ..။ သူ လာရင် .."

"လာပါစေ .. သူ လာရဲရင် နှင်းဆီ နဲ့ ကျုပ်ကိုယ်တိုင် တွေ့ပေးလိုက်မယ် .."

"ဘာကွ!..."

ဦးထက်ခိုင် ဒေါသတွေထွက်ကာ ရှူးရှူးရှားရှား ဖြစ်သွားသည်။ ခိုင်း က ပြုံး၍ ...

"ကျုပ်မှာ အမှန်တရား ရှိတယ် .."

"ဘာ အမှန်တရားလဲ .. မင်း ဘာတွေ ထပ်လိမ်ဦးမလို့လဲ.. နှင်းဆီက ဘာမှ မြင်တာ မဟုတ်ဘူး .. မင်း လိမ်ချင်သလို လိမ်လို့ ရတယ် ဆို၊ .."

"တော်စမ်းပါဗျာ .. ကျုပ်က လိမ်နေတယ်ဆိုရင်တောင် မျက်မမြင်တစ်ယောက်ကို အခမ့်ကြံဖို့ ကြိုးစားတဲ့ ခင်ဗျားလောက်တော့ မဆိုးသေးပါဘူး ..။ နောက်ထပ် ခင်ဗျားထက် ကျုပ် ပိုပြီး သဘောထား



www.burmeseclassic.com

www.burmeseclassic.com



ကြီးခဲ့တာ ရှိသေးတယ် ..."

ဦးထက်ခိုင် မျက်မှောင်ကုတ်သွားသည်။

"မောင်နှမဝမ်းကွဲ တော်ပါတယ်လို့ ကြေညာထားပြီး လူတွေ ကွယ်ရာမှာ ပေါင်းသင်းနေကြတဲ့ ခင်ဗျားနဲ့ ဒေါ်ကြာ ..."

"ဟိတ်ကောင် .. တော်တော့ .."

ဦးထက်ခိုင် မျက်လုံးတွေ ပြူးထွက်လာမတတ် အော်ပစ်သည်။

ပတ်ဝန်းကျင် မနီးမဝေးကလူတွေပါ တအံ့တသြ လှည့်ကြည့်လာကြ၏။ ဦးထက်ခိုင် ကိုယ့်အသံကို သတိရပေမယ့် တုန်လှုပ်သွားခဲ့ခြင်းကို ဘယ်လိုမှ ထိန်းချုပ်မရခဲ့ပေ ..၊ အသက်ရှူတွေ ပြင်းလာကာ ရှေ့ကို တစ်လှမ်း တိုးတက်၏။ ပြီးတော့ ဖိုင်း မျက်နှာကို လက်ညှိုးထိုးကာ...

"မင်း .. မင်း .. စကားကို ပြင်ပြောစမ်း .."

"ပြင်ရအောင် ကျုပ် အမှားတွေ ပြောနေတာမှ မဟုတ်တာ .. ကျုပ်က ညဘက် သိပ်မအိပ်တတ်တော့ ညကျမှ လှုပ်ရှားကြတဲ့ အရိပ်တွေကို ဘယ်သူဘယ်ဝါတွေမှန်း သိနေတာပေါ့.. ခင်ဗျား မူးလာတိုင်း.."

"ငါ .. ငါ အဲ့ဒါတွေကို မသိဘူး .."

"ဟုတ်လား ..၊ မူးတုန်းမို့လို့ မှားတာတွေပေါ့ .."

"မင်း ငါ့ကို မခနဲ့နဲ့ ဟိတ်ကောင် .. မူးလာရင် ငါက သွေးဆိုးတတ်တယ် .."

"ဟား .. ဟား .. ဟား .. ဟား ..."

ဖိုင်း က မကျယ်သောရယ်သံနှင့် ဟက်ဟက်ပက်ပက် ရယ်၍ ခေါင်းခါသည်။

"သွေးဆိုးတာလား .. သွေးကောင်းတာလား .. ဒါတော့ ခင်ဗျားပဲ သိမှာပေါ့ ..၊ ကျုပ် တွေ့တာတော့ အဲ့ဒီညတွေမှာ ခင်ဗျား အရမ်းနူးညံ့ပြီး အထူးသဖြင့် ချစ်တတ်နေတာတွေပဲ .."

ဦးထက်ခိုင် တံတွေးမျိုချရင်း ဖျတ်ခနဲ ခေါင်းငုံ့၏။ ပြီးတော့





နှုတ်ခမ်းတွေကို လျှာသပ်ရင်း နဖူးကိုလည်း ပွတ်နေသည်။

"ကျုပ် အသိထဲမှာတော့ ဗုဒ္ဓဘာသာဖြစ်ဖြစ် .. ဘယ်ဘာသာဝင် ဖြစ်ဖြစ် အရက် ဘယ်လောက်မူးမူး ကိုယ့်အမေ အစ်မ ညီမကိုတော့.."

"တော်ပါတော့ .."

ဦးထက်ခိုင် တုန်လှုပ် ချောက်ချားသံကြီးနှင့် တားဆီး၏။ ပြီးတော့ တိုးထားသည့်ခြေလှမ်းကို ပြန်ဆုတ်လိုက်ရင်း ယိုင်ခနဲ ဖြစ်သွား၏။

ဂုဏ်သိက္ခာဆိုသည့် မဟာတံတိုင်းကို ကိုးကွယ်ရာတစ်ခုလို ထာဝရ မြတ်နိုး အားကိုးခဲ့သောစိတ်က လူကို ရုတ်တရက် သွက်သွက် ခါ ရှူးသွပ်သွားသူကဲ့သို့ ..၊

"မင်းက သူများအတွင်းရေးတွေကို အဲ့ဒီလို ယုတ်မာချင်လို့ တမင် လိုက်ချောင်းနေခဲ့တာလား ..၊ မင်းလိုကောင်ရဲ့ စကားကိုရော ဘယ်သူက ယုံမှာမို့လို့လဲ .."

"စီစီတီဗွီကင်မရာက ပြောရင်တော့ ယုံမှာပေါ့ .."

"ဘာ!..."

နောက်ထပ် ဦးထက်ခိုင် ကိုယ်ကြီး တုန်ခါသွားခဲ့၏။

"မင်း!..."

"တစ်ကြိမ်တစ်ခါ မဟုတ်တော့ဘဲ မြင်လာရတော့ လိုအပ်မယ် ထင်လို့ လုပ်ခဲ့ရတာပါ ..၊ ခင်ဗျား ပြောခဲ့သလိုပေါ့ .. ထာဝရ လျှို့ဝှက် နိုင်တဲ့အရာ မရှိဘူးလေ .."

နီရဲနေသည့် ဦးထက်ခိုင် မျက်နှာကြီးကို ဖိုင်း က ကြည့်နေလျက်...

"အမြဲတမ်း အနိုင်နဲ့ပိုင်းနေနိုင်တယ်ဆိုတာလည်း မရှိဘူး.. ခင်ဗျား ချမ်း ာတာက ငွေကြေးစည်းစိမ်တွေ .. ခင်ဗျား ကိုးကွယ်တာကလည်း ဂုဏ်သိက္ခာတစ်ခုပဲ ..၊ နှင်းဆီ ရဲ့အမေကို မာနတွေ ခဝါချပြီး ယူခဲ့ရ ပေမယ့် မာနစိတ်တွေကြောင့် ခင်ဗျား မအေးချမ်းခဲ့ဘူးမို့လား.. ကိုယ် တော့ ခင်ဗျားရဲ့ဂုဏ်သိက္ခာတွေက မောင်နှမတော်တဲ့ ကိုယ့်အစ်မကို.."



www.burmeseclassic.com

www.burmeseclassic.com



“မတော်ဘူး .. ငါနဲ့ မတော်ဘူး .. ခွေမျိုးမကင်းရုံလောက်ကို အစ်မပါလို့ ဘယ်လို ပြောနိုင်မှာလဲ ..”

“ဒါပေမယ့် ခင်ဗျား အစ်မဝမ်းကွဲဆိုတာပဲ အားလုံး သိကြတာလေ.. ဒါကလည်း ကျုပ်သာ အင်တာနက်ပေါ် တင်လိုက်ရင် ခင်ဗျားတို့ရဲ့ ဆက်ဆံရေးကအစ လူတွေ သိကုန်ကြမှာပါ ..”

“ဟိတ်ကောင် .. မင်း!... မင်း .. မယုတ်မာနဲ့ ..”

“ဝါသနာမပါဘူး ဦးထက်နိုင် .. ဒါတွေ ကျုပ် သိနေတာ ကြာပြီ ...၊ ခင်ဗျားကို ဒါနဲ့ ဒုက္ခပေးဖို့က လွယ်လွယ်လေးပါ ...၊ ကျုပ် ဘာပြောခဲ့ဖူးသလဲ ..”

ဦးထက်နိုင် မျက်နှာမှာ ချွေးစတို့ကြောင့် စိုလက်လက် ဖြစ်နေခဲ့၏။ ပြီးတော့ မာန်မာနအစား ထိတ်လန့်စိုးရိမ်မှုတွေပဲ ဖြစ်နေခဲ့လျက်...

“မင်းပါးစပ်ကို ပိတ်ထားရမယ် .. အဆင့်အတန်းမရှိတဲ့ ဒီစကားတွေကို လျှောက်ဖွရင် .. မင်း!... မင်းကို ငါ သတ်ပစ်မှာ ..”

“ဟား .. ဟား .. ဟား .. ဟား ...”

“ဟိတ်ကောင် ..”

ရှက်ဒေါသတို့ကြောင့် ဘာကိုမှ ဆင်ခြင်ရမှန်း မသိတော့ဘဲ ဗိုင်းရဲ့ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပစ်ဖို့ အလောတကြီး ရွေ့တက်၏။

ဗိုင်း က ခြေတစ်လှမ်း ဖျတ်ခနဲ ဆုတ်၍ သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး ...

“သိက္ခာတွေ စွတ်တင်နေပြီး ဘယ့်နှယ် ထိုးလားကြိတ်လားတွေနဲ့ .. ခင်ဗျား မရှက်ဘူးလား ..”

လူငယ်တစ်ယောက်၏ တည်ငြိမ်အေးဆေးသော မေးခွန်းနှင့် အတူ ပတ်ဝန်းကျင်ဆိုတာကို သူ ရှက်ရမှန်း သတိရသွားသည်။

ထို့ကြောင့် ယိမ်းယိုင်သွားသည့် ကိုယ်ကို ထိန်းရင်း ကုတ်အင်္ကျီ ရင်ဘတ်စကို့ကို ပြေပြစ်အောင် ဆွဲချ ပြုပြင်၍ ...





“မင်းနဲ့ ငါ နောက်ထပ် ဆွေးနွေးမယ် ..”

“ဟား .. ဟား .. ဟား ...”

“ဟော့ .. မင်းပါးစပ်ကြီးကို ပိတ်ပြီး တိတ်တိတ်ဆိတ်ဆိတ် နေဖို့ ကြိုးစားလိုက် ..”

“ဟား .. ဟား .. ဟား ...”

“တောက်!...”

‘ခွေးသူခိုး’လို့ ဆဲသွားတာကို ဒီတိုင်း ကြားလိုက်သည်။ ဒါပေမယ့် ဗိုင်း က ရယ်မောမပျက်ဘဲ ကျန်ရစ်ခဲ့၏။

ဒီလိုနေ့ကို ရောက်လာမယ်ဆိုတာ သူ တွက်ထားပြီးသား ...၊ တပ်အပ်သိနေတာ မဟုတ်ပေမယ့် ဦးထက်နိုင် လိုလူမျိုးက ဘယ်လို အကွက်ရွှေ့လာနိုင်မလဲဆိုတာ စဉ်းစားသည့်အခါ ဒါတွေပဲ ပေါ်လာခဲ့သည်။

ဟောမှာ့ နောက်ကို ဦးထက်နိုင် လိုက်နေသည်ဆိုသည့် သတင်းကို အတိအကျ သိထားခဲ့တာတောင် သူ မတုန်လှုပ်ခဲ့ပေ ...၊ ဦးထက်နိုင်ရဲ့ အားနည်းချက်ကို ရှာကြည့်ပြီးတည်းက ဘာတွေဖြစ်လာလာ ရင်ဆိုင်ဖို့ အသင့်ရှိခဲ့၏။

ခုတော့ အားလုံးက သူ တွက်ထားသည့်အတိုင်း ကွက်တိ ...၊

နှင်းဆီ ရဲ့ပြဿနာကို ပြီးဆုံးအောင် ဖြေရှင်းပေးမည် ...၊ ဒါကို တာဝန်တစ်ရပ်လို မဟုတ်ဘဲ သူမအတွက် အရာရာကို စွန့်လွှတ်စွန့်စားဖို့ .. အနစ်နာခံ ပေးဆပ်ဖို့ စေတနာ ကရုဏာတွေနဲ့ ရင်းနှီးထားခဲ့တဲ့ အကြောင်းကိုတော့ ...၊

သူ မသိလည်း ရှိပါစေ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"လုံးဝ အခြေအနေကောင်းတယ် သမီး .. ခွဲစိတ်မှု အောင်မြင်မှာ ပါ ..၊ သမီး မျက်လုံးမြင်နိုင်ခွင့်က ခုနစ်ဆယ်ရာနှုန်းပဲ .."

"ဟုတ်ကဲ့ .."

နှင်းဆီ ဝမ်းသာလွန်းလို့ လက်ဖျားလေးတွေပါ ကတုန်ကယင်ဖြစ်ရှာ၏။ သီတာ က ထိုလက်လေးတွေကို ထွေးဆုပ်ပေးနေရင်း ရယ်ကာ...

"ဒီလောက်မြန်မြန် ခွဲစိတ်ဖြစ်မယ်လို့ မထင်ခဲ့ဘူးနော်.. နှင် အရမ်း ကံကောင်းတာပဲ .."

"ဒါလည်း ပါတယ် သမီး.. ဒါပေမယ့် သမီးသူငယ်ချင်းက အရမ်းကို ဆန္ဒပြင်းပြနေတာလည်း အမှန်ပဲ .. ဒီမျက်လုံးအတွက် ဆရာဝန်လမ်းညွှန်တဲ့အတိုင်း ဂရုစိုက် နာခံတယ် .. ကျန်းမာရေး ဂရုစိုက်ကယ်.. ဒါတွေကလည်း အထောက်အကူပဲ ..၊ ကဲ .. ကဲ .. သမီးတို့ စကားပြောကြဦး .. ဖေဖေတို့က ဧည့်ခံပွဲ သွားစရာ ရှိသေးလို့ .."

သီတာ့ ဖေဖေက နှင်းဆီ ရဲ့ မျက်လုံးတွေကို သေချာ စမ်းသပ်ကြည့်ပြီးမှ အားတက်စရာတွေ ပြောသွားခဲ့၏။ သီတာ က နှင်းဆီလက်လေးကို ဆွဲ၍ အပြင်ဧည့်ခန်းကို အတူတူ ထွက်လာခဲ့ရင်း ...

"မျက်နှာကလည်း ပြုံးနေတာ ခတ်ပုံရိုက်ထားတဲ့အတိုင်းပဲ ဟယ် .. တော်တော်ကို ပျော်သွားတာလား .."





"ပျော်တာပေါ့ သီတာ ရယ်.. ငါ့မျက်လုံးတွေ မမြင်ရတာ ငါ့ဘဝတစ်ခုလုံး နွံနစ်နေသလိုပဲ .. လေတိုးသံ ကြားလည်း ကြောက်ရ .. ကြွက်ပြေးသံ ကြားလည်း ကြောက်ရ .. ဖုန်းကတစ်ဖက် .. တောင်ဝှေးတစ်ဖက်နဲ့ အမြဲတမ်း သက်ဆွဲနေရတာလေ .."

"ဟုတ်ပါတယ် .. ငါက ဝမ်းသာလို့ ပြောတာပါ ..၊ နှင့်မျက်နှာခုလို ကြည်ကြည်လင်လင် ပြုံးနေတာမျိုး မမြင်ရတာ ကြာပြီ .. နောက်ဆို မျက်လုံးတွေ ပြန်မြင်တာနဲ့ အပျော်တွေ လွန်ပြီး ဟိုတုန်းကလိုပဲ ငါ့ကို မေ့ထားဦးမှာမို့လား .."

"မေ့စရာလား သီတာ ရယ် .."

"အေးပါ .. ပြောပါ .. ငါဖြင့် ဒီလိုဖြစ်နေပါပြီလို့ ဖုန်းဆက်မှပဲ သိလိုက်ရတာ စိတ်ကို မကောင်းဘူး .."

"ငါကိုက မြန်မာနိုင်ငံမှာ သိပ်မရှိခဲ့တာပါ .. ပြီးတော့ အထက်တန်းအောင်တာနဲ့ တခြားစီ ဖြစ်ကုန်ကြတဲ့ဥစ္စာ .."

"အဲ့ဒါလည်း ဟုတ်တယ် .. ဒါပေမယ့် ငါကတော့ သတိရပါတယ် .. ဘာဖြစ်လို့လဲဆိုတော့ လူကြီးတွေ ဆုံကြတိုင်း ပြန်လာရင် နှင်တို့အကြောင်းတွေပဲ ပြောနေကြတာကိုး .."

နှစ်ယောက်အတူ ဧည့်ခန်းမှာ ထိုင်မိကြကာ သီတာ က ပြန်ထသွားပြီး လှီးထားပြီးသား နာနတ်သီးစိတ်တွေ ရေခဲသေတ္တာထဲက ထုတ်လာသည်။ ပြီးတော့ လက်ဖက်သုပ်ပန်းကန်နှင့် ...

"လက်ဖက်သုပ်ကတော့ နှင် မလာခင်က ငါ စားလက်စပဲ .. ဒါပေမယ့် နှင့်အကြိုက် စပ်စပ်ချဉ်ချဉ်လေးမို့လို့ ..၊ ဒီမှာ နာနတ်သီး.. စားချင်တာကို စားလို့ ရတယ် .."

"ငါ မစားချင်ပါဘူး ချထားစမ်းပါဟာ.. စကားပဲ ပြောချင်တယ်.."

"အံမယ် .. ငါ ကိုင်ထားတာ သူက သိနေပြန်ပြီ .."

"သိနေပြန်ပြီ .. နှင့်ဆီကပဲ အနံ့တွေ ထွက်နေတာ.. ပြီးကော့



www.burmeseclassic.com

www.burmeseclassic.com



ချထားလိုက်တဲ့အသံမှ မကြားသေးတာ .."

"ဟုတ်ပါပြီ ပါမောက္ခရယ် .. မြင်နေရတဲ့လူထက် အနံ့ခံ ကောင်းတာရော .. အကြားအာရုံ ကောင်းတာရော တကယ့်ဆရာကြီးပါပဲ .. မျက်မမြင်တွေ သူများထက် တော်တာ ကြားပဲ ကြားဖူးတယ် .. ခုမှပဲ လက်တွေ့ မြင်ရတော့တယ် .."

"သူများထက် တော်တာကိုများ အားကျနေသလား သီတာ ရယ်.. ငါ့ဘဝကို ကြည့်ပါဦး .. စိတ်မခိုင်ရင် သေသွားနိုင်တယ် .."

"မသေသေးပါဘူး အနှင်း ရယ် .. နင့်လို ယုံကြည်ရတဲ့ အခြေအရံနဲ့ ရပ်ချော ကတိတည်ပြီး အားကိုးရတဲ့ .."

"တော်ပြီ .. အဲ့ဒါ မပါကြေး .."

"ပါမှ ဖြစ်မှာပေါ့ .. နင့်အခြေအနေ ဒီလောက်ထိ ချောမောအောင်မြင်နေတာ သူ့ကြောင့်ပဲဟာ .."

"တစ်ဖက်တစ်လမ်းက ဟုတ်ရင် ဟုတ်လိမ့်မယ် .. ဒါပေမယ့်.."

"တစ်ဖက်တစ်လမ်းလောက်တော့ မဟုတ်နိုင်ပါဘူးဟယ် .. ဦးထက်နိုင် က ဟိုအရင်တည်းက အောင်မြင်ကျော်ကြားခဲ့တဲ့ လူကြီးနော် .. သူ့မှာ နင့်ကို အနိုင်ယူဖို့ ဖိအား အမျိုးမျိုး သုံးနိုင်တယ် .."

"အဲဒီလိုလူက ဖိုင်း ကို ကြောက်လို့ ငြိမ်နေတယ်ပေါ့.. ဟုတ်လား"

"ဘာပဲဖြစ်ဖြစ် လူရှိန်တယ်လေ .. ပြီးတော့ ဖိုင်း က သူ့ကတိအတိုင်း နင့်အပေါ်မှာလည်း .."

"အထင်ကြီးလိုက်တာ သီတာ ရယ် .."

"ကြီးထိုက်တဲ့လူပါ အနှင်း ရယ် .. နင်ကလည်း .."

မျက်ဝန်းလေးတွေ ငြိမ်သက် ငေးနေရင်း နှုတ်ခမ်းရှူနေကာလေးကို ကြည့်၍ သီတာ က ကိုင်ထားတဲ့ပန်းကန်တွေကို စားပွဲပေါ် ချသည်။

"နင် ပြောတာတွေကို ငါ စာနာပါတယ် အနှင်း ရယ် .. ဒါပေမယ့် သူ့လောက် အနေနီးရင် သူ့ထက် ပိုဆိုးမယ့်လူတွေချည်းပဲနော် ..





ဒေါ်ဒေါ်သဲ ရှာဖွေ ခေါ်လာပေးတာဆိုတော့ ဒေါ်သဲ ကိုလည်း ကျေးဇူးတင်ရမှာပဲ .."

"ဟုတ်တယ် .. ကျေးဇူးတင်ထိုက်တဲ့အပိုင်းကိုတော့ တင်မှာပါ.. ဒါပေမယ့် .."

"ဒီစာချုပ်ပြီးရင် ပြီးကြပြီပဲဟာ .. ဒါမှမဟုတ် နင် မျက်လုံးတွေ ပြန်မြင်လာရင်လည်း အခြေအနေ တစ်ခုခု ပြောင်းသွားနိုင်တာပဲ .. ခုတော့ နင် သူ့ကို စိတ်ထဲမှာ အခုအခံ မထားပါနဲ့ .. ငါ ပြောတာက ချေမင်း ပြောမိတာမျိုး .. ဟိုလေ .. ပါးရိုက်တာမျိုးက ပိုဆိုးတာပေါ့.."

ဖြစ်ပျက်ခဲ့ပြီးသမျှကို သီတာ့ ကို အကုန် ပြောပြထားခဲ့သည်။ ဒါပေမယ့် သီတာ ကတော့ ဖိုင်း ကို ဘယ်တော့မှ မကောင်း မပြော..။

"ယောက်ျားလေးတစ်ယောက်က ချစ်နေတာ အကြောင်းမဟုတ်ဘူး .. မုန်းလာရင် အရမ်း အန္တရာယ်များတာ.. နင်တို့က တစ်ခန်းတည်း အတူတူ နေကြရတာလေ .."

"ချစ်နေတာကို အန္တရာယ် မများဘူးလို့ နင်က ထင်လို့လား .."

"များတယ်ဆိုရင်လည်း သူ နင့်ကို ခုလို ထိမိ ငြိမိတာတွေလောက်ပဲလေ .. ပြီးတော့ ငါ့အတွေ့အကြုံအရ ပြောရရင် ကိုယ်ချစ်တဲ့ မိန်းကလေးကိုတော့ ဒုက္ခမပေးရက်ကြပါဘူး .. အထူးသဖြင့် အလိုမတူဘဲ စော်ကား ဖျက်ဆီးတာမျိုးတွေ .."

"ဘယ်အဆင့်ထိလဲ ငါ မသိဘူး သီတာ .. ဒါပေမယ့် သူ ငါ့ကို အကန်းဆိုပြီး .."

"သြော် .. စော်ကားချင်မှဖြင့် နင်တို့ အနေအထားက လွယ်လွယ်လေးပါ အနှင်း ရယ် .. ခု နင် ပါးရိုက်လိုက်တာရော .. ငြိုးချက်နဲ့ သူ ဘာတွေ ကြိမ်းမောင်းခဲ့သလဲ ..၊ ထိတ်စရာ လန့်စရာ လုပ်လာတာမျိုးရော ရှိလို့လား .."

နှင်းဆီ က ဘာမှ မဖြေ ..၊



www.burmeseclassic.com

www.burmeseclassic.com



"သူ နင့်ကို စိတ်ဝင်စားနေမှန်း ငါ သိတယ် .."

"ဘာ!..."

"နင်က မမြင်ရတဲ့လူပဲ .. ငါတို့ကတော့ .."

"ငါတို့ဆိုတာ .."

"ဒေါ်သဲ နဲ့ ငါပေါ့ဟ .. သူ့ရဲ့ မျက်လုံးအကြည့်တွေ .. နင့်ကို ပြောဆို ဆက်ဆံပုံတွေကအစ ငါတို့က မြင်နေရတာ .. နောက်ပြီး ဒီလိုနေရာမှာ အေးလူ အကဲခတ်တာက တစ်ခါတလေ မှန်နေတာ တယ် .. ဒီအလုပ်ကို လက်မခံချင်ဘဲနဲ့ လက်ခံခဲ့တာကိုက .."

"ငွေ လိုချင်တာလည်း ပါပါတယ် .. အကောင်းတွေချည်း ထည့် စဉ်းစားမနေစမ်းပါနဲ့ .."

"မဟုတ်သေးပါဘူး အနှင်း ရယ်.. နင်က အရမ်း တယ့်သန့်တာပဲ"

"နင်ကလည်း သူ့ဘက်ကပဲ တစ်ယူသန်စွာ ရပ်တည်နေသလို နော် .."

"ငါက နင့်သူငယ်ချင်းပါ ဟယ် .. ဘာဖြစ်လို့ သူ့ဘက်က ရပ် တည်ရမှာလဲ .. ဒါပေမယ့် နင့်အတွက် စိတ်ချထိုက်တဲ့လူမို့လို့ သူ့ကို ကျေးဇူးတင်တယ် .. လက်တွဲလည်း ဖြုတ်မသွားစေချင်ဘူး .. ခုချိန် ငါတို့က ပူပင်နေကြတာပဲရှိတာ .. သူ့လိုမျိုး နင့်တာဝန်ကို မယူနိုင် လေ .. နောက်ထပ် ယောကျာ်းတစ်ယောက် ရှာပါလားဆိုတော့လည်း အိမ်မှာ ဒရိုင်ဘာခန့်ဖို့မှ မဟုတ်ဘဲ .."

"ဟုတ်ပါပြီ .. အဲ့ဒါကို ငါ နားလည်ပါတယ် .. ဒါပေမယ့် သူ့ကို ယုံကြည်တာက သပ်သပ် .. မရင်းနှီးချင်တဲ့စိတ်ကလည်း အမှ အမာပဲ .. ဘာပဲဖြစ်ဖြစ် ဆင်းရဲတဲ့လူတစ်ယောက်က ချမ်းသာချင်မှာ ငါ့ကို သူ ချဉ်းကပ်လာခဲ့ရင်လည်း .. ဒါကြောင့်ပဲ .."

"လုပ်ပြီ အနှင်း ရယ် .. နင်ကတော့ .."

"ငါ တောင်ဝှေးကျိုးတုန်းကလည်း အခွင့်အရေးယူပြီး .."





ထိုစဉ်က ဒဏ်ရာကို စိတ်ပေါက်ပေါက်နှင့် သူမ တုတ်ကောက်ကိုပါ ထုရိုက် ချိုးပစ်မိသည်။ မကျိုးကျိုးအောင် ချိုးတာတော့ မဟုတ်ပေမယ့် နံရံနဲ့ လွှဲရိုက်ပစ်ခဲ့တာ စိတ်ရှိလက်ရှိ ..।

ပြီးတော့ ဒီအဖြစ်ကို မေ့သွားခဲ့သည်။ တောင်ဝှေးကို လက်ထဲ လာထည့်ပေးတာနှင့် အမှတ်တမဲ့ ထောက်လိုက်တာ သူ့ကို ပြေးဖက်မိတဲ့အတိုင်း ..। ဒါကို သူ အခွင့်အရေးယူပြီး ...

"ငါ သိတယ်.. သူ ငါ့ကို စိတ်ကူးယဉ်ပြီး သွေးတိုးစမ်းချင်တာ.."

"ဒါဆို နင် ပြဿနာတွေ အေးချမ်းတဲ့အထိ ဘယ်လိုလုပ်မလဲ.."

"ဘာကို ပြောတာလဲ .."

"နင်က မမျှိနိုင် .. မသိပ်နိုင် နာကြည်းနေတာလေ .. စာချုပ်မှာ လက်မှတ်မထိုးခင်တည်းကကို နေ့စဉ် အမုန်းပွား စော်ကားနေရင် သူ ခံနိုင်မှာ မဟုတ်ဘူးလို့ ပြောခဲ့တာ .."

"ငါ ဒီလောက်ထိလည်း ကလေးမဆန်ပါဘူး သီတာ ရယ် .. သူသာ ဟိုကိစ္စကိုပဲ ဦးတည်မလာခဲ့ရင် ငါလည်း ဘာမှ မဟုတ်ခဲ့ကြသလို နေနိုင်တယ် .."

"အဲ့ဒါကလည်း ထန်းသီးကြွေခိုက် ကျီးနားခိုက်လေ .. သူက မျက်လုံးမမြင်တဲ့လူမှန်း မသိတဲ့အချိန်မှာ နင်က မမြင်မစမ်းနဲ့ လျှောက်စမ်းတော့ .."

"သိတာ နော် .."

"ဩော် .. ကားပေါ်ကကိစ္စကို ပြောတာပါ ..। နင်က ခေါင်းအုံးစမ်းတာပေမယ့် သူ့မျက်စိအောက် ဝင်လာတော့ ဘယ်လိုပုံစံ ဖြစ်သွားမလဲ တွေးကြည့်လေ .. သူက နင် မမြင်ရတာ သိမှ မသိတာ .."

"မသိဘူးဆိုတာက စပြီး ငါ မယုံတာ .."

"အေး .. ကောင်းပါတယ် .. ပြောစရာ မရှိတော့ဘူး .."

"မရှိရင် မပြောနဲ့တော့ .."



www.burmeseclassic.com

www.burmeseclassic.com



စကားပြောနေကြတုန်း ဘဲလ်သံ မြည်လာသည်။ နှင်းဆီ အသံကြားတဲ့ဆီ နားစွင့်၏။ သီတာ က လှမ်းကြည့်ကာ ...

"ဖိုင်း ရောက်နေပြီ ထင်တယ် .. သူ မြန်သားပဲနော် .."

ခါတိုင်းဆို ဆရာဝန်နဲ့ လာတွေ့တိုင်း သူ အနားမှာ ရှိနေတတ်ကာ ဒီတစ်ခေါက်ကျမှ သူငယ်ချင်းနဲ့ ချိန်းထားလို့ ခဏ သွားမည်ဆိုပြီး နှင်းဆီ ကို ချထားခဲ့ပြီး ထွက်သွားခဲ့၏။

"နင် သူ့ကို အထဲကို လိုက်မလာနဲ့တော့လို့ ပြောထားတာလား .. ခါတိုင်းဆို ဝင်လာတာပဲဟာ .."

"မပြောပါဘူး .. ငါ့ကို တင်းနေတာ ဖြစ်မှာပေါ့ .. ပူမနေနဲ့ မယ်သီတာ .. ငါ ဂရုမစိုက်ဘူး .."

"အေးပေါ့ .. နင်က ဆင်ပြောင်ငါးစီး အားမာန်ကြီးတဲ့ ဝိသာခါ ရဲ့ တစ်ရာ့ရှစ်ဝမ်းကွဲ မြေးကိုး .."

သီတာ ရွဲ့ပြောတော့ နှင်းဆီ က ရယ်သည်။

"ဒါပေမယ့် ဝိသာခါ ရဲ့မြေး ဖြစ်တိုင်း ဆင်ပြောင်ငါးစီး အားမာန်ကြီးမယ် မထင်နဲ့ .. ငါးလသား အယ်လ်ဖေးရှင်းခွေးတစ်ကောင်ထိုတောင် မချီနိုင်ဘဲနဲ့ .."

"တော်ပါတော့ .."

လူကို တွန်းပစ်ပြီး နှင်းဆီ ရယ်နေတော့ သီတာ က သူပဲ ပြောပြီး ဗိုက်နှိပ် ရယ်၏။ ခဏကြာမှ မျက်နှာပိုးသတ်ကာ ...

"တော်မှ .. တော်မှ .. လူခေါ်ဘဲလ်တီးပြီး ဝင်လည်း မလာဘူး .. ဘာလုပ်နေလဲ ထွက်ကြည့်ဦးမှ .."

သူမ ထွက်လာတော့ ဖိုင်း က ဖွင့်ထားသည့်တံခါးရဲ့ဘေးမှာ ဒီတိုင်း ရပ်နေလျက် ...

"မသီတာ .."

"ကိုခွန်ဖိုင်း က အထဲ မဝင်ဘူးလား .."





"မဝင်တော့ပါဘူး .. ကျွန်တော် ရောက်နေတာ မသိမှာစိုးလို့ .. ကားက လမ်းမှာ ဆီကုန်သွားတာနဲ့ ရပ်ထားခဲ့ရတယ် .."

"ဟင်!... ဆီကုန်တာ ဘယ်ဆိုင်မှာဖြစ်ဖြစ် ဝင်ထည့်လို့ ရတာပဲ ကိုခွန်ဖိုင်း ရဲ့ .."

"ဟုတ်တယ် .. ကျွန်တော့်မှာ ပိုက်ဆံ ပါမလာတော့လို့ .."

ပြောပြီး ရယ်ကာ ဘောင်းဘီအိတ်ထဲက တစ်ထောင်တန် နှစ်ရွက်ကို ထုတ်ပြ၏။

"ပိုက်ဆံအိတ် ဂျာကင်ထဲမှာ ကျန်ခဲ့တာ လုံးဝ သတိမရဘူး .. ဒါပဲ ပါတယ် .."

"ဩော် .. ဖြစ်ရလေ .."

ရယ်လက်စနှင့် သီတာ့ မျက်နှာက ဖိုင်း အဖြစ်ကိုလည်း ရယ်ချင်ကာ မချိုမချဉ်လေး ဖြစ်သွားမိတာကို ရုတ်တရက် ထိန်းလို့မရ ..။

ဒါဆို ဘယ်တုန်းတည်းက လမ်းလျှောက်ပြန်လာခဲ့လို့ ခု ဘယ်လို ပြန်ကြမှာလဲ ..၊ နှင်းဆီ ကလည်း ပိုက်ဆံကိုင်သုံးနိုင်တာ မဟုတ်တော့ သူမ လက်ထဲမှာ ဖုန်းနဲ့ ဓားတစ်ချောင်းကလွဲပြီး ဘာမှ မဆောင် ..၊

ရယ်ချင်လာတာနဲ့ 'ခဏလေး' လို့ ပြောခဲ့ပြီး အထဲပဲ မြန်မြန် လှည့်ဝင်လာခဲ့ရ၏။ ဒီလူကို အရမ်းချစ်နေရှာတဲ့ နှင်းဆီမျက်နှာ ကို အကြဲပေးလိုက်ဖို့လည်း စိတ်ကူးတွေ ဖြစ်လာခဲ့သည်။

'နှစ်ယောက် အတူတူ လက်ချင်းချိတ်ပြီး ပလက်ဖောင်းအတိုင်း ခြေလှမ်းညီညီ လျှောက်ပြန်ကြတော့' လို့ ..။

ဒီတိုင်းသာ အကြံပေးလိုက်လျှင် နှင်းဆီ ဝမ်းသာအားရ ထခုန်ပြီး ဒီအကြံပေးတဲ့ သူမကို ဆုတွေဘာတွေတောင် ချနိုင်သေးသည်။

တွေးရင်းနဲ့ ပါးစပ်ပိတ် ရယ်မိလေသည်။

တကယ့် ရိုက်ပေါက် ..!



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

"အိမ်မှာလည်း ကားမရှိလို့ပါဟယ် .. ငါ စိတ်ညစ်လိုက်တာ.."

"ရပါတယ်ဟာ .. ကားဆီ ပြန်ရောက်ရင် ဖြစ်တာပဲဟာ .."

သူများပိုက်ဆံလည်း မလိုချင်ပါ ..၊ ဒါကြောင့် အိတ်ဆောင်ထားတဲ့ ပိုက်ဆံ ရှိသေးသည်လို့ အကြောင်းပြုပြီး သီတာ့ ကို နှစ်သိမ့်ခဲ့၏။

"ရှင် .. ဒီလောက်တောင် သတိမရှိရလား .."

ခြံထဲရောက်တာနှင့် တွဲကိုင်ထားသည့် သူ့လက်ကို ပုတ်ချပစ်ပြီး ဒေါသသံက တန်းထွက်လာ၏။

"ဟိုမှာ သီတာ ရပ်ကြည့်နေသေးတယ် .. တော်ကြာ ပြေးလိုက်လာလိမ့်မယ် .. အပြင်ရောက်မှ ပြော .."

ဇိုင်း က သူမ လက်လေးကို ပြန်ဆွဲထား၏။ ပြီးမှ တောင်းပန်သည့် လေသံနှင့် ...

"ခါတိုင်းဆို ဆောင်းဘီအိတ်ထဲမှာပဲ ထားတာပါကွာ .. ဒီနေ့ကျမှ မေ့လာတာ .. မင်းမှာ ပိုက်ဆံပါတယ်ဆို .. ပေးလေ .."

"တစ်ပြားမှ မပါဘူး .."

"ဟင်!..."

"နေပေ့စေ .. ကျွန်မကို တက္ကစီ ငှားပေး .."





"ဘယ်လို!..."

သူက ပြန်ငုံ့မေးကာ ...

"မင်းကို တက္ကစီပေါ် တင်လွှတ်လိုက်ရမှာလား .."

နှင်းဆီ ခြေလှမ်းလေး တုံ့ခနဲ ဖြစ်သွား၏။

"ဟုတ်တယ် .. ရှင် ကားဆီ ပြန်သွားပြီး ထမ်းလာခဲ့ .."

"မဟုတ်ပါဘူး .. ကိုယ် ပြောတာက မင်းကို တက္ကစီ ငှားပေးဆိုတော့ .."

"ဪ .. ဟုတ်တယ် .. အဲ့ဒါ ဟုတ်တယ် .. လူခွဲပြန်မှ နှစ်လုပ်ပြီးမှာ .. ရှင် ကား ပြန်ထမ်းခဲ့ .. ကျွန်မက အကန်းဆိုတော့ တက္ကစီနဲ့ပြန်လည်း ပူစရာ မလိုပါဘူး .."

"ဟား .. ဟား .. ဟား ..."

"မရယ်နဲ့ .."

ဘာဖြစ်လို့မှန်း မသိဘဲ သူ့ကို လက်ပြန် တွန်းပစ်လိုက်မိသည်။ သူက ရယ်နေရင်း အနားပြန်ကပ်လာကာ ...

"ဒါဆို ပိုကောင်းတာပေါ့ .. အတူတူ လမ်းလျှောက်မယ် .. မင်းကို ကိုယ် ဘာမှ မပြောသရွေ့ ရဲရဲလျှောက် ..၊ ရော့ .."

"ဘာလဲ .."

"မျက်မှန်လေး တပ်ထား .."

လက်ထဲကို မျက်မှန် လာထည့်ပေးကာ ...

"ဒါလေး တပ်ထားပြီး လျှောက်ရင် ဘယ်သူကမှ မျက်မမြင်မှန်း သိတော့ဘူး .."

"ရှင့်မျက်မှန်လား .."

"ဟုတ်တယ် .. ခိုပြာရောင်လေး .. သိပ်တော့ တန်ဖိုးမကြီးပေမယ့် သုပါတယ် .."

နှင်းဆီ လက်ထဲက ပြန်ယူပြီး သူကိုယ်တိုင် တပ်ပေးသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပါးရိုက်ပစ်ခဲ့တာ ဘယ်မှာ ကြာသေးလို့လဲ ..၊

သူ့လေသံ ဟန်ပန်တွေထဲမှာ ဒီအဖြစ်နဲ့ပတ်သက်တဲ့ အစွန်းအထင်းမျိုး အနည်းငယ်မျှ မပါပါလား ..။

"လှတယ် .."

"ဟင်!..."

"ဒီတိုင်းပဲ ရဲရဲတင်းတင်း လျှောက် .. မင်းကို ဘယ်သူမှ မရိပ်မိစေရဘူး .."

"ဘယ်သူက လမ်းလျှောက်မယ် ပြောလို့လဲ .. တက္ကစီ ခေါ်လေ.."

"လျှောက်နိုင်သလောက်တော့ လျှောက်ပါကွာ .. ဒါက ကိုယ်တို့ စံရိပ်ငြိမ်ကနေ ထွက်လာပြီ .. ကန်လမ်းလောက်ထိတော့ လျှောက်ရအောင် .. နေညိုသွားပြီဆိုတော့ အေးလည်း အေးနေပါပြီ .."

"ဒီအချိန် ဒီလိုနေရာကြီးမှာ လူတွေ ရှုပ်နေမှာပေါ့ .."

"လူရှုပ်မှ မင်း ခံစားလို့ ရမှာပေါ့ကွ .. ဘာမှမမြင်ရတဲ့ထဲ.. ဘာသံမှ မကြား .. ဘာမှ တွေးခွင့်မရရင် ဝေါက်သွားမှာပေါ့ .."

"ဘာကို တွေးရမှာလဲ..၊ လမ်းဘေးပလက်ဖောင်း ရှုပ်ရှုပ်ပေါ်မှာ.."

"ဩော် .. အသံကြားရင် ဒါက ဘာသံလဲ .. အနံ့ ဝင်လာရင် ဘာနံ့လဲ .. ဗယာကြော်နံ့လား .. ပန်းနံ့လား ..၊ ပန်းဆိုရင် ဘာနံ့လဲ .. ဘာကြောင့် ရနေတာလဲ .. ဒီနားမှာ ပန်းသည်ရှိနေလို့လား .. ခြံတစ်ခြံထဲက လာတဲ့ အနံ့လား .."

"ဟုတ်တယ် . ရှင်ပဲ တွေးကြည့်တော့ .."

"အပွန်း .. တကယ်ပြောတာ .. တွေးစရာတွေ ရှုပ်ကုန်တော့ အိမ်က ပါလာတဲ့ တွေးစရာတွေ ပျောက်ကုန်ရော .."

နှင်းဆီ နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းလာသည်။ သူ ဆုပ်ကိုင်ထားသည့်လက်ကို ပြန်၍ ဖိဆုပ်ရင်း ခြေလှမ်းနေရင်း တထိတ်ထိတ် ဖြစ်နေသော ရင်ထဲမှာ ခြေဖျားလေးတစ်ချက် နစ်သွားတိုင်း ဘေးမှာ





လူဖြတ်သွားသည့် လေငွေ့နွေးတစ်ချက်လောက် လူကို လာဟပ်သွားတိုင်း ...

"စိုးရိမ်နေတာလား .."

"အင်း .. နည်းနည်းကြောက်တယ် .."

"မကြောက်နဲ့ .. ဘာမှ ခလုတ်တိုက်စရာ မရှိဘူး .. အတက်အဆင်း လမ်းဖြတ်ရှိရင် ကိုယ် ကြိုပြောမယ် .."

"ကားမှတ်တိုင်လား ဟင် .."

"ဟုတ်တယ် .. မာလာဆိုလား ဘာလား အဲ့ဒီမှတ်တိုင် .. သိပ်မသိဘူးကွာ .. ကိုယ်က တောင်ပေါ်သား .."

နှင်းဆီ က ပြုံးလိုက်ကာ ....

"ကျွန်မလည်း သိပ်မသိပါဘူး .. ကိုယ့်ဓာတ်ပေမယ့် ဧည့်သည်လိုပဲ .. အ!..."

အမှတ်တမဲ့ ခြေခေါက်မလို ဖြစ်သွားကာ သူ့လက်ကို အားပြုရင်း လက်ချင်းချိတ်လျက်သား ဖြစ်သွား၏။ ထို့ပြင် ပခုံးချင်း ထပ်လျက် သူ့ရင်ခွင်ထဲထိ နှင်းဆီ ကိုယ်လေး ယိုင်သွား၏။

"ခဲလုံးလေးကို နင်းမိသွားတာကွ .. ဆောရီးကွာ .. သတိမထားလိုက်မိဘူး .. နောက် မဖြစ်စေရဘူး .."

ခဲလုံးကို သူ ပြန်ကန်ထုတ်နေတာကို သိလိုက်သည်။ ဘေးလူတွေ သတိထားမိမှာ စိုးကာ သူ့လက်ကို လွှပ်ရင်း ...

"ကျွန်မက ခုံမြင့်ဖိနပ် စီးထားမိလို့ပါ .. သွားရအောင် .."

"ခြေထောက် နာသွားသေးလား .."

"ဟင့်အင်း .. ဖိနပ်က မြင့်ပေမယ့် ခြေကြီးပေါ် ခြေခေါက်ကျသွားရင်တော့ စားသာမှာ မဟုတ်ဘူး .. ဘေးမှာ ရှင် ရှိနေတော့ .."

"အိုခေ .. ခြေလှမ်း ပိုစိပ်လိုက်မယ် .. ခဲလုံးတွေလည်း ကြည့်ပေးမယ် .. ဆက်လျှောက် .."



www.burmeseclassic.com

www.burmeseclassic.com



သူ ကိုင်ထားတာ လက်ဖဝါးလေး တစ်ဖက်ပဲဖြစ်ကာ လူတစ်ကိုယ်လုံး ပစ်စလက်ခတ် မှီကျသွားတာကိုတောင် သူ့ဘက်က ထိကိုင်ခြင်းတွေ မရှိအောင် တတ်နိုင်သမျှ ထိန်းချုပ်ထားတာကို နှင်းဆီ သတိထားမိသည်။

ဘာမှ မဖြစ်ခဲ့ကြသလို ပေါ့ပါးသည့် ရယ်သံတွေရဲ့နောက်မှာ နာကျင်မှုတို့ သိုသိပ်စွာ တင်ကျန်ခဲ့မှန်း ဒါက သက်သေပြနေသလိုပင် ..။

နှင်းဆီ စိတ်မကောင်း ဖြစ်သွားခဲ့၏။ ဒီလူဟာ ကိုယ့်ကို အထင်အမြင်သေးစွာ ဆက်ဆံ ပြောဆိုထားခဲ့ဖူးသည်။

ကိုယ်ကပဲ လက်ထပ်ပေးပါ .. ကာကွယ်ပေးပါလို့ ထပ်ပြီး အကူအညီ တောင်းခဲ့ရ၏။ ထို့ကြောင့် သူ့ဘက်က စကားနဲ့ဖြစ်စေ .. လက်နဲ့ဖြစ်စေ ထိပါး ကျူးလွန်လာသမျှက အထင်မြင်သေးစွာ စော်ကားခြင်းလို့သာ မြင်နေခဲ့၏။

ဒီစိတ်ကို သူမ ဘယ်လို ဖျောက်ဖျက်ရမလဲ ..၊ ကိုယ့်ကို ပြောဆိုခဲ့သော စကားလုံးတိုင်းက နားထဲမှာ သပ်ရိုက်ထားသလို စွဲနေသည်။

ဖိုင်း နဲ့ ပတ်သက်သမျှမှာ ခင်မင် ယုံကြည်စိတ် ရှိနေတာက တစ်ဖက် .. ပျောက်ပျက်မသွားနိုင်သော မကျေနပ် ခံခက်ခြင်းတွေက တစ်ဖက် ..၊

"နှင်းဆီ .."

"ဟင် .."

"ရှေ့မှာ ခြံရှေ့လမ်းဖြတ်တစ်ခု ရှိတယ် .. နည်းနည်းမြင့်တော့ မင်း ဆင်းလို့ကောင်းမှာ မဟုတ်ဘူး ..၊ မင်းခါးကို ကိုယ် နည်းနည်း ထိန်းလိုက်မယ် .. လန့်မသွားနဲ့နော် .."

နှင်းဆီ ဘာမှ မပြောနိုင်ခင် ထိုနေရာကို ရောက်သွားပြီဖြစ်ကာ ခါးကို သူ့လက်တစ်ဖက်နဲ့ သိမ်းဖက်၍ 'မ'လိုက်သလိုမျိုး ..၊





"အမေ့!..."

ပြောထားပေမယ့် လှပ်ခနဲ ဖြစ်သွားကာ သူ့လက်ပေါ်မှာ ထပ်အုပ်ကိုင်လိုက်မိ၏။ ထိုစဉ် နားထဲမှာ ရယ်သံသဲ့သဲ့နှင့် ...

"တွေ့လား သူများတွေ ကြင်နာကြတာ .."

"ကြင်နာတာ မဟုတ်ဘူး .. အဲ့ဒါ လမ်းပေါ်မှာ ဆော့နေကြတာ.."

"တော်တော့ .. မသိတတ်တဲ့ယောကျ်ားတွေ ပြောတဲ့စကား .."

"ဟား .. ဟား .. ဟား ... တကယ် စိတ်ကောက်တယ် ကြည့်စမ်း .."

မမြင်ရတဲ့လူမို့ စူးစိုက်အား ပိုကောင်းနေတာလား မသိ ..၊ စကားသံတွေ ဝေးသွားတဲ့အထိ ကြားနေခဲ့ရ၏။

"ဒီလောက်ထိမြင့်တာ ရှိမှန်း မသိလို့ပါ .. ကိုယ် အခွင့်အရေးယူချင်လို့ မဟုတ်ပါဘူး .. ခဏနေဦး နော် .. ကားငှားလိုက်မယ် .."

ဖိုင်း က စကားသံတွေကို နားစွန်နားဖျား ကြားလိုက်သဖြင့် သူ့ဘာသာ ဖြေရှင်းချက်ပေးနေ၏။ ပြီးတော့ ကားငှားဖို့ နေရာမှာပဲ ရပ်လိုက်ကြပေမယ့် ကားက တားလို့ မရ ..၊

"ကားတွေ ဒီနားမှာ မရပ်ကြဘူးကွ .. ရှေ့ နည်းနည်း ထပ်လျှောက်ရအောင် .."

"အင်း .. လျှောက်လေ .."

"ခဏ .."

နှင်းဆီ လက်လေးကို ဖိဆွဲထားပြီး ရပ်တန့်စေကာ ခဲလုံးလိမ့်သွားသည့်အသံကို ကြားလိုက်ရသည်။ သူ ကန်ထုတ်လိုက်တာ ဖြစ်မည်။

"ပြီ .. လာ .."

"ဖိုင်း .."

"ဟင်!..."

"ကားက ဘယ်မှာ ထားခဲ့တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"လမ်းပေါ်မှာ မဟုတ်ပါဘူး .. ကော်ဖီဆိုင်ရှေ့မှာ .."

"ကော်ဖီဆိုင်မှာထိုင်တဲ့ ပိုက်ဆံကိုရော ဘယ်သူ ရှင်းလဲ .."

"ကိုယ် သောက်တာ ကိုယ်ပဲ ရှင်းရတာပေါ့ .."

"ဒါနဲ့ ချိန်းထားတာ ရှိလို့ဆို .."

ခိုင်း ဖြေသံ ထွက်မလာခဲ့ပေ ..၊ နှစ်ယောက်အတူတူ သွားနေကြသည့် ခြေလှမ်းတွေ နှေးသထက် နှေးသွားကြကာ ...

"ရှင် တမင် ထွက်သွားတာမို့လား .."

"ကိုယ့်ဆန္ဒနဲ့ မဟုတ်ပါဘူး .."

"ကျွန်မက ရှင့်ကို မရှိစေချင်တာပေါ့ .."

"မင်း ကိုယ့်ကို စကားမပြောဘဲ နေခဲ့တာ နှစ်ရက် ရှိပြီလေ .."

"ကျွန်မကိုပဲ ပြောမနေပါနဲ့ .. ရှင်လည်း .."

"ကိုယ့်ဘက်က မင်းအတွက်ချည်းပဲ နှင်းဆီ .. မင်း ကိုယ့်ကို ရိုက်ခဲ့တာ မှန်ပါတယ် .. အဲဒီအချိန်မှာ ကိုယ့်ရင်ထဲမှာ လိုတာထက် ပိုသွားခဲ့တယ် ..၊ သူများ အကဲခတ်နေလို့ ဟန်ဆောင်လိုက်ရတာထက် ကိုယ့်ရဲ့ရင်ခုန်သံတွေကြောင့် .."

"အဲဒါ ကျွန်မ မသိချင်ဘူး .."

"မင်းကို သိစေချင်တာလည်း အဲ့ဒါ မဟုတ်ပါဘူး .. ကိုယ် တကယ် မရိုးသားတဲ့စိတ် ဖြစ်ခဲ့တဲ့အတွက် ကိုယ့်ဘက်က ကျူးလွန် စော်ကား ခဲ့တာပဲ .. မင်းပေးတဲ့ ပြစ်ဒဏ်ကို ကျေနပ်တယ် ..၊ ဒီနေ့ မင်း ကိုယ့်ကို စကားပြန်ပြောလာတော့ ပျော်သွားတယ် .. အဲ့ဒါ အမှန်အတိုင်းပဲ .."

မရိုးသားတာတွေကို ဝန်ခံနေတော့ စိတ်ထဲမှာ ဘယ်လို ဖြစ်လာမှန်း မသိဘဲ သူ ဆုပ်ကိုင်ထားသည့်လက်ကို ပြန်ရုန်းမိ၏။ ခိုင်း ထ ပို၍ ဖိဆုပ်ထားကာ သူမ မျက်နှာလေးကိုလည်း ငုံ့ကြည့်၏။

"တွဲထားမှ ဖြစ်မှာမို့လို့ပါ ..၊ ကိုယ့်ကို မကျေနပ်တာတွေ ပြန်ပေါ် သွားတာလား .."





"မဟုတ်ပါဘူး .."

"ဒါဆိုရင် ဒီနားရောက်တုန်း ကန်ပေါင်မှာ လမ်းလျှောက်ကြည့် ပါလား .. ထိုင်နေလို့လည်း ရတယ် .."

"လမ်းကူးရမှာမို့လား .. ဒီအချိန်က လူတွေ ရှုပ်ပါတယ် .."

နှင်းဆီ မျက်နှာလေးကို အကဲခတ်၍ သူ ခေါင်းညိတ်မိကာ ...

"ဒါဆို ကားငှားလိုက်မယ်နော် .. ဒီမှာ ခဏရပ်မယ် .."

"ခိုင်း .."

"ဟင် .."

"ကျွန်မမျက်လုံး လာမယ့်အပတ်ထဲမှာ ခွဲရတော့မယ် .."

"ကိုယ် တွက်မိပါတယ်.. အခြေအနေလည်း ကောင်းတယ်မို့လား.."

"အင်း .."

"ဝမ်းသာစရာပေါ့ .. မင်းကို မျက်လုံးတွေ ပြန်မြင်စေချင်တယ်.. သိတာ ပြောတဲ့ 'အရမ်းတော်တာ ..'ဆိုတဲ့ နှင်းဆီမျက်နှာ ရဲ့ ကာရိုက်တာလေးနဲ့ မင်းကို ပြန်ဖြစ်စေချင်တယ် .. ကိုယ် စိတ်ရင်းနဲ့ ပြောတာပါ ..၊ မင်းမျက်နှာပေါ်က အလိုမကျမှုတွေ .. ခက်ထန်နေတဲ့ အရာရာတွေက ဦးချိုးခံထားရတဲ့ မာန်မာနတွေကြောင့် ဖြစ်နေတာ .. မာနကြီးတဲ့လူတွေ နိမ့်ပါးသွားကြရင် သိပ်သိသာတာကွ .."

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုယ် မာနကြီးတဲ့သူလို့ မထင်ပါဘူး ..၊ အရွယ်ရောက်ပြီဆိုတည်းက မေမေ့ကို ဆုံးရှုံးခဲ့ရတယ် .. ဦးထက်ခိုင်ကြီး ကို အမြဲတမ်း ရှုံးခဲ့တယ်.. ဒီခြံမြေ ဒီအရိပ်ကနေ အရှုံးနဲ့ ထွက်ခွာခဲ့ရတာ တစ်ကြိမ်တစ်ခါမှ မကခဲ့တာ .."

လူတွေ သွားလာနေကြတဲ့ ပလက်ဖောင်းပေါ်မှာ ကားငှားဖို့လည်း မေ့နေခဲ့၏။ စကားပြောနေရင်း ကိုယ့်ကို တိုးတိုက်မတတ် နီးကပ်ဖြတ်သန်းသွားတဲ့ အငွေ့အသက်တို့ကို ခံစားမိတိုင်း ပခုံးလေး ကျုံ့သွားလိုက် .. ခြေလှမ်း ရွှေ့မိလိုက်နှင့် ခိုင်း နဲ့ သူမ ကပ်သထက် ကပ်ကာ

www.burmeseclassic.com



ရင်ဘတ်ချင်း ထပ်မိသလိုလည်း ဖြစ်သွားတတ်၏။

ဒါပေမယ့် စကားပြောနေရင်းမို့ ဒါကို ဂရုမစိုက်မိ ...၊

"မျက်မမြင်တစ်ယောက်အတွက် အားတက်ဖွယ်တွေ ပြောပေးကြတဲ့အတွက် သီတာ တို့ကို ကျေးဇူးတော့တင်ပါတယ် .."

"အားတက်စရာ ပြောပေးတာမျိုး မဟုတ်ဘူး နှင်းဆီ .. မင်းကိုက အဲ့ဒီလို မိန်းကလေးမျိုးပါ .. ဦးထက်ခိုင် လို လူတစ်ယောက်ရဲ့ စက်ကွင်းက လွတ်အောင် နေတယ် .. ဒီလူကြီးနဲ့ အတိုက်အခံလုပ်နိုင်တယ် .. အဲ့ဒါမျိုးတွေ မင်းမို့ လုပ်နိုင်တာ ...၊ နောက်ဆုံး မျက်လုံးတွေ မမြင်တော့တဲ့အထိ သူ့ကို အရှုံးမပေးဖို့ နည်းလမ်း ရှာနေဆဲပဲ .. အဲ့ဒါ မင်းရဲ့ မာနတွေ မဟုတ်ဘူးလား .."

သူ ပြောမှပဲ ကိုယ့်စိတ်ကို ပြန်ဖတ်ဖို့ သတိရသည်။ သူ ကိုယ့်အပေါ် ဒီလောက်ထိ ဂရုစိုက် သုံးသပ်နေခဲ့တာကိုလည်း ကျေနပ်သွားမိသလိုလို ...၊

"ဟိုကား လူမပါဘူး .. တားလိုက်ဦးမယ် .."

ခဏကြာတော့ ကားရောက်လာသံ ကြားလိုက်ရပြီး ...

"မြန်မြန်တက်ဟော့ .. ဒီမှာ ကြာကြာရပ်လို့ မရဘူး .."

"မျဉ်းဝါတွေ ရှိနေတာပဲဗျာ .."

"ဟုတ်တယ် .. အခု ဖြူတာ ဝါတာတွေ ဘာဖြစ်ဖြစ် ကြာကြာရပ်လို့ကို မရတာ .."

ကားဆရာက စိတ်ပျက်သလို ညည်းညူရင်း နှင်းဆီ ကို ဂရုတစိုက် ဖေးမတင်ပေးနေတာကို ရှုံ့မဲ့မဲ့ ကြည့်နေ၏။

သူ့အမြင်မှာ နှင်းဆီ က မျက်မမြင် မဟုတ်ဘဲ ဖိုင်း က တော်တော်ကို အကဲပိုနေသလို ဖြစ်နေခဲ့ရာ ...

"ဒီနေရာ အရမ်းကြင်နာကြတာ သိပ်တော့ မကောင်းဘူးကွ - အပျှန်း .."





မကြားတကြား ပြောပြီး အားနာသလို ရယ်သည်။

"ဘယ်ကိုလဲ ညီလေး .."

"ရွှေတောင်ကြား .."

ဖိုင်း က နှင်းဆီ ရဲ့ ဖိနပ်တစ်ဖက် ကျွတ်ထွက်သွားတာကို ငုံ့ကောက်ပြီး ခြေထောက်လေးမှာ ပြန်စီးပေး၏။

"ရပြီ ဖိုင်း .. ချထားလိုက်ပါ .."

"စီးပါကွာ .. ထပ်လိမ့်သွားမှာ စိုးလို့ .."

နှင်းဆီ ရင်တွေ ကတိမ်းကပါး ဖြစ်ကုန်လေသည်။ လူကို ထိကပ်ပွေ့ဖက်တာထက် ဆိုးသည် ထင်၏။

ကိုယ့်ရဲ့ခြေခုံကို ကိုင်၍ ဖိနပ်ထဲ သေချာထည့်ပေးနေသည့်အဖြစ်က တစ်ကိုယ်လုံးကို ကြက်မွေးနုနုနဲ့ ထိခတ် ကျီစယ်နေသလို နေရခက်နေသည်။

အားနာမိတာလား .. မဆီမဆိုင် သာယာမိတဲ့စိတ်တွေကြောင့် ရှက်မိတာလား ...၊

"လေ အရမ်းတိုးနေလား .."

"ဟင် .. ရတယ် .."

ဆံပင်တွေ မျက်နှာပေါ်မှာ ရှုပ်ယှက်ခတ်အောင် ပျံဝဲနေတာကို ကိုယ့်ဘာသာ သိမ်းဖယ်ရင်း နှင်းဆီ အလုပ်မရှိ အလုပ်ရှာမိသည်။

သူမ ရည်းစားလည်း မထားခဲ့ဖူးပါ ...၊ ယောကျာ်းလေးမိတ်ဆွေ ရှိဖူးပေမယ့် ပြောရလောက်အောင် ရင်းနှီးခဲ့တာမျိုးလည်း မရှိပေ ..။

တစိမ်းယောကျာ်းတစ်ယောက်၏ ဂရုစိုက်ခြင်းဆိုတာလည်း ဖိုင်းနဲ့ ပထမဆုံးပေမယ့် ဒီ့ထက် အနီးကပ် ဖေးမခဲ့တာတွေရော မရှိခဲ့လို့လား ..။

ဘာဖြစ်လို့ ဒါလေးကျမှ ...၊

"ကားဆရာ အဲရ်ကွန်း ဖွင့်ဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ .. ဖွင့်ပါ့မယ် .. ပြောမှသိတာ ကျုပ်အပြစ် .."

ကားဆရာကတော့ ပေါ်တင်ကြီး ညည်းညူတော့သည်။ ခိုင်း ထံမှ ဘာတစ်ခွန်းမှ တုံ့ပြန်သံ မကြားသဖြင့် နှင်းဆီ ပင့်သက်လေး ရှိုက်မိကာ ...

"ရှင် ရန်ကုန်ရောက်မှ ကားမောင်းသင်တာလား .."

"ဟွန်း .."

"ဘာရယ်တာလဲ ဟင် .."

"ရယ်ချင်လို့တော့ မဟုတ်ပါဘူး .. ရယ်ချင်စရာမှ မရှိတာ .."

"ရှင် မပြောချင်ရင်လည်း မပြောနဲ့လေ .. ဘာရယ် မဟုတ်ပါဘူး.. ဒီတိုင်းပဲ မေးမိတာ .."

"မပြောချင်လောက်အောင်လည်း မဟုတ်ပါဘူး .."

သူက သက်ပြင်းချလိုက်သေးသည်။ ခဏကြာမှ ...

"ကိုယ် ဆယ့်သုံးနှစ်သားလောက်တည်းက ကားမောင်းတတ်တာ .."

"ဟင်!..."

"အိမ်မှာ ပစ္စည်းတိုက်တဲ့ကားတွေ ရှိတယ်လေ.. ကိုယ်က ဒရိုင်ဘာကြီးနဲ့ နေရတာများတော့ သူ့နောက်လျှောက်လိုက်ရင်းနဲ့ တတ်နေတာ.."

"ဒရိုင်ဘာနဲ့ နေရတယ်ဆိုတာက ဘာလဲ .."

"အိမ်မှာ အမေ တစ်နေရာရာ ခရီးထွက်ပြီဆို ကိုယ့်ကို အိမ်မှာ မထားဘူး .. အပြစ်တစ်ခုခု ရှိပြီဆိုရင် အိမ်ပြန်မလာရဘူးဆိုပြီး တံခါးပိတ်ထားတယ် .."

ဟင်!...

နှင်းဆီ ရင်နင့်သွားမိ၏။ ထို့အတူ ...

"ကားဆရာ .. ဒီမှာပဲ ရပ်ပေးပါ .."

"ဟင် .. ဆင်းတော့မှာလား .."





နောက်က အကြောင်းတွေကို အသာကုန် နားစွင့်နေတုန်းမို့ ကားဆရာ ပြုံးပြုံးပြပြ လှည့်မေး၏။ ခိုင်း က အံ့သြသွားပေမယ့် ဘာမှ မမေးဘဲ ကြည့်နေခဲ့၏။

"ခဏပဲ ရှိသေးတာဆိုတော့ ရှင့်မှာပါတဲ့ နှစ်ထောင် ပေးလိုက်.."

ကားပေါ်ကနေ ချက်ချင်း ဆုံးဖြတ်ပြီး အတူဆင်းနေခဲ့ကြကာ...

"ဆက်ပြောလေ .."

"ဘာဖြစ်လို့လဲ .. ကားပေါ်မှာ ပြောတော့ .."

"မလွတ်လပ်ဘူး ထင်လို့ပါ .. ပြီးတော့ ခုန လမ်းလျှောက်ရင်း ကားပြောရသလို မအေးချမ်းဘူး ထင်လို့ .."

"အင်း .."

နှင်းဆီ လက်ဖဝါးလေးကို သူ လှမ်းကိုင်ထားလိုက်ရင်း ...

"အဲ့ဒီဘက်က လမ်းမကောင်းဘူး .. ကိုယ့်ဘက်ကို တိုး .."

နှစ်ယောက်သား ပခုံးချင်း ထိကပ် လျှောက်ကြရင်း ...

"ကိုယ့်အကြောင်းတွေက ဘာတစ်ခုမှ သာယာနာပျော်ဖွယ် မရှိဘဲနဲ့ကွာ .."

"သာယာတာတွေက ကိုယ့်မှာ မရှိရင်လည်း ဖန်တီးယူလို့ ရပါတယ် .. လောကဓံတရားဆိုတာ .."

"ဟုတ်တယ်နော် .. ဒီဒဏ်ကို ခံထိုက်တဲ့သူမှ ခံခွင့်ရတာ .."

ပြောပုံက ရယ်ကျဲကျဲနှင့် ...

"လောကမှာ မိဘမဲ့ချင်း တူရင်တောင် မေတ္တာငတ်ရတဲ့ဘဝမှာတော့ ကိုယ့်လိုလူ ကိုယ်ပဲရှိတယ် ထင်တယ် .."

"သူတို့က ဒီလောက်ထိ စေတနာခေါင်းပါးနေကြသားနဲ့ ဘာဖြစ်လို့ သူများသားသမီးကို ခေါ်မွေးကြတာလဲ .."

"ကိုယ့်ကံကြောင့် နေမှာပေါ့ .."

"မဟုတ်ဘူးလေ .. တခြားမိသားစုလက်ထဲ ရောက်ခဲ့ရင် ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဒီ့ထက်တော့ ကောင်းဖို့ ရှိတယ်ပေါ့ ..”

“ဘာပဲဖြစ်ဖြစ် ကိုယ့်ကို မွေးခဲ့တဲ့ မိဘကတောင် စွန့်ပစ်ခဲ့သေး တာကွာ ..”

“ရှင် ဒီအရွယ်ထိ နေလာခဲ့တာနော် ..”

“လူတစ်ယောက်ရဲ့ဘဝက ခွေးတစ်ကောင်လို အမှိုက်ပုံတစ်ပုံမှာ မှီတွယ်နေလို့မှ မရတာ .. ပြီးတော့ အမေကတော့ ကိုယ့်ကို ကာကွယ် ရှာပါတယ် .. အမေ့ကြောင့်ပဲ ကိုယ် ဘွဲ့ရ ပညာတတ် ဖြစ်ခဲ့တာ - နောက်ကွယ်က မကြင်နာကြပေမယ့် ဒီမိသားစုဝင်အဖြစ် ကိုယ် ရရ ရပ်တည်နိုင်ခဲ့တယ် .. တကယ်တမ်း အိမ်ရာမဲ့ဘဝကိုတော့ လူ ဘူးပေါ့ ..”

“အိမ်ရာမဲ့ပေမယ့် ရှင် အသောက်အစား လောင်းကစားသမား တစ်ယောက်တော့ မဖြစ်ခဲ့ဘူးမို့လား ..”

“ဟုတ်တယ် ..”

“လူပေါင်းစုံရဲ့ လက်ထဲမှာ ကြီးပြင်းခဲ့ရတဲ့အရွယ်က အပျံသင် ငှက်လေးတစ်ကောင်ပဲလေ .. ဒါလည်း ရှင် ကံကောင်းခဲ့တာပဲပေါ့-”

“အဲ့ဒါက ကိုယ် ပေါင်းသင်းခဲ့ရတဲ့လူတွေကိုက သူတို့ကိုယ် ပုလင်းထောင် ခေါင်းစိုက်နေလည်း ‘ဟေ့ကောင် .. မင်း အဲ့ဒါကို တောင် ခံမကြည့်နဲ့နော် .. ‘အစရှိ အနောင်နောင်’ အနေဆိုး အသေဆိုး မင်း လူညွန့်တုံးသွားမှာ’တဲ့ ..”

“ခြော် .. ဒီလို စိတ်ရင်းကောင်းတဲ့ အရက်သမားလည်း ရှိသေး တာပဲ ..”

“ဟုတ်တယ် .. ကိုယ် တွေ့ဖူးတဲ့ လူတွေက အဲဒီလိုလူတွေ - ကိုယ်က မလောက်လေး မလောက်စားဆိုတော့ အသက်ကြီးတဲ့လူ ကပဲ သနားကြတာလေ .. ကိုယ်က သူတို့ ပတ်ဝန်းကျင်မှာပဲ အနေ ခဲ့တာ .. သူတို့က လူဆိုး လူကြမ်းကြီးတွေပေမယ့် ကိုယ့်ကိုတော့





ကြပါတယ် .. ဦးကြာမှုံ ဆိုရင် နှစ်လုံး သုံးလုံး တအားထိုးတာ .. ကိုယ့်ကိုကျတော့ မလုပ်ရဘူးတဲ့ .. လောင်းကစားဆို လမ်းဘေးမှာ ခြွေဗေဒင် တွေ့ရင်တောင် ကောက်ပစ်မကြည့်နဲ့တဲ့ ..၊ လူတစ်ယောက် ရဲ့ ကံကြမ္မာက အဲဒီပန်းကန်လုံးလေးထဲမှာ မဟုတ်ဘူး တဲ့ ..”

နှင်းဆီ ပြုံးလိုက်မိရင်း သူ့ဘဝကို စာနာ နားလည်ခြင်းတွေ ဖြစ် လာခဲ့မိသည်။

“အဲဒါတွေကြောင့် ရှင် ကံကောင်းခဲ့ပါတယ်လို့ ကျွန်မ ပြောတာ ဆလ .. အဲဒါ မှားလို့လား ..”

“မှားတော့ မမှားပါဘူး .. ဒါပေမယ့် ကိုယ်က မိုက်ရိုင်းတဲ့လူတစ် ယောက်ဆိုတဲ့ ခေါင်းစဉ်နဲ့ ကြီးပြင်းခဲ့ရတာ .. ကိုယ့်ကိုယ်ကိုယ်တော့ ငါ့ခြေထောက်ပေါ် ငါ ရပ်တည်တာဆိုတဲ့ မာနတွေနဲ့ မှန်နေတာပဲ .. မှားနေတာက ဘာမှန်း ကိုယ် မသိဘူး ..”

“ရှင့်ရင်ထဲမှာ ဒဏ်ရာထင်နေတာကြောင့်ပေါ့ .. ဘဝမှာ နင့်သီးတဲ့ ခံစားချက်တွေ ရှိလာရင် မကျေနပ်ချက် သေးသေးလေးတွေကနေ နာကြည်းချက်တွေ ဖြစ်လာတာ .. အဲဒီလိုလူအတွက် နူးညံ့ဖို့က ခဲယဉ်း မှာပဲ ..”

“ဒါလည်း သိပ်မမှန်ဘူး နှင်းဆီ .. ကိုယ်က ကျေးဇူးရှိတဲ့လူတွေ ကို ကျေးဇူးကန်းတဲ့ကောင် .. စော်ကားနေတဲ့လူ ဆိုရင်ရော ..”

“ဒါကျတော့ ‘ကိုယ့်ဝမ်းနာ ကိုယ်သာ သိ’ဆိုတဲ့ စကားပုံနဲ့ ကိုးကားရမှာပဲ .. ရှင့်ရင်ထဲမှာ ရှင်ကိုယ်တိုင် ရှင်သန် ရင်ဆိုင်လာခဲ့ရ တဲ့ဘဝ ရှိတယ် .. ပြောတဲ့လူတွေကတော့ ဒီနေ့ ရှင် မိုက်မိုက်ရိုင်းရိုင်း ပြန်ပြောတာ မြင်ရင် မိုက်ရိုင်းလိုက်တာ .. ခေါင်းငုံ့ နာခံနေရင်တော့ နာခံတတ်လိုက်တာ .. ဒါပဲလေ ..”

သူ ကျေနပ်စွာ ပြုံးလိုက်မိကာ နှင်းဆီ ရဲ့ လက်ဖဝါးလေးကို ခပ်ဖိဖိ ဆုပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် အတူလျှောက်လှမ်းနေကြသည့် လမ်းကလေးက ကျဉ်းပေမယ့် နှစ်ယောက်တည်း ကမ္ဘာလေးသဖွယ် စည်းချက်ညီညီ တစ်လှမ်းချင်း လှမ်းနေကြရင်း ...

"မင်းကို ကျေးဇူးတင်ပါတယ် .."

"မလိုပါဘူး .. ရှင့် အကူအညီကြောင့်ပဲ ကျွန်မလည်း ခုချိန်ထိ စိတ်အေးချမ်းသာစွာ နေရတာပါ .."

"မဟုတ်ဘူး .. ကိုယ် ကူညီခဲ့တာက အပေးအယူတွေနဲ့ပါ - မင်းလိုမျိုး ကိုယ့်ဘဝ ကိုယ့်ခံစားချက်တွေကို ခံစား နားလည်ပေးဖို့ ဆိုတာ တောင်းယူလို့လည်း မရဘူး .. ငွေနဲ့ ဝယ်လို့လည်း မရနိုင်ဘူး- မင်းကမှ ကျေးဇူးတင်ထိုက်သူပါ .."

နှင်းဆီ က ရယ်သည်။ သွားတန်းလေးတွေပေါ်အောင် ရယ်နေသည့် မျက်နှာလေးကို သူ ငေးကြည့်မိရင်း လက်က ဖုန်းဆီ ရောက်သွား၏။

ညနေခင်း၏ အလှအပတွေက လူတွေ ကားတွေနှင့် ဆူညံ ရှုပ်ထွေးနေကာ အဲရ်ကွန်းဘတ်စ်ကားကြီးတစ်စီး ဝေါခနဲ ဖြတ်ကွေ့သွားသဖြင့် နှင်းဆီ ရဲ့မျက်နှာထက်က ဆံစလေးတွေ နောက်ဘက်သို့ လွင့်ခနဲ ဝေ့ပါသွားကြ၏။

မျက်နှာလေး မော့လိုက်ရင်း ဆံစတို့ကို ပြန်၍ ဖိသပ်ချနေသော ပုံစံလေးက ဘယ်လို ပြုရူ မောင်းမဲခြင်းမှ မပါခဲ့သော နဂိုအတိုင်း ဖြူဖြူစင်စင်လေး ...၊

နှင်းဆီမျက်နှာ ဆိုသည့် မိန်းမလှလေးကို သူ နှစ်သက် မြတ်နိုးခဲ့မိပြီ ...၊ သို့သော် ...

အိပ်မက်ထဲမှာပဲ ဖြစ်နေပါစေ ...၊





## အခန်း (၄၁)

"ဘာ!... ဘာပြောတယ် ကိုခိုင် .."

ဒေါ်ကြာဖြူ အသံက တအံ့တသြနှင့် ကြေကွဲ ဆို့နင့်နေခဲ့၏။

"မင်းက .. မင်းက .. ငါ့ကို ကိုယ့်စည်းကိုယ်ကမ်းနဲ့ နေခဲ့သင့်တယ် ဟုတ်လား .. မှားခဲ့ကြတာ ငါ့ကြောင့်ပေါ့ .. ဟုတ်လား ကိုခိုင်.. ငါ အနေအထိုင် မတတ်လို့ပေါ့ .."

"နှစ်ယောက်စလုံး မှားခဲ့ကြတာပါ .. ထိန်းသိမ်းသင့်ခဲ့ကြတာလည်း နှစ်ယောက်စလုံးပဲ .. ကျွန်တော်က ဖြစ်ဖြစ် .. မဖြူ က ဖြစ်ဖြစ်.. တစ်ယောက်ယောက်ကသာ ထိန်းထိန်းသိမ်းသိမ်း နေခဲ့မယ်ဆိုရင် .."

"ကိုခိုင် ရယ် .. ငါက မင်း မျက်နှာသိမှာလေးတောင် မခံနိုင်ခဲ့တဲ့ အစ်မပါ .."

"အဲဒီ အစ်မဆိုတာကြီး တော်ပါတော့ ဗျာ .."

ဦးထက်ခိုင် အသံကြီးကလည်း တုန်ခါနေခဲ့လျက် ...

"မျက်နှာသိမှာစိုးလို့ အလိုလိုက်ရအောင် ကျွန်တော်က ကစားစရာ လိုအပ်နေတာမှ မဟုတ်တာဗျ .."

ဦးထက်ခိုင် ထိန်းချုပ်နေရင်း ပေါက်ကွဲတော့သည်။ ကိုင်တွယ်သိမ်းဆည်းနေသည့် မပိတ်ရသေးသော အိတ်ကြီးကို အမြင့်ကြီး မြှောက်ပြီး ကိုင်ပေါက်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း .."

"ဖျော .. ဖျော ..."

အိတ်ထဲမှ ဖိုင်နှင့် စာရွက်စာတမ်းတွေ ကစဉ့်ကလျား ထွက်ကျ လွင့်ပျံကုန်ကြ၏။ ပြီးတော့ ထိုအိတ်နှင့်အတူ စားပွဲပေါ်မှာ ရှိသမျှ ဒေရာဝတ္ထု ပစ္စည်းအားလုံးကိုပါ တွန်းထုတ် ရိုက်ချပစ်ကာ ...

"မောင်နှမတွေ တော်နေကြသေးတယ် .. အဲ့ဒါကိုလည်း ခင်ဗျား သိတာပဲ .. ခင်ဗျား ကျွန်တော့်ထက် အသက် အများကြီး ကြီးပါတယ်ဗျာ.. လိုအင်ဆန္ဒ မပြည့်ဝလို့ မှုန်ရွှေလေလွင့်နေတဲ့ကောင်နားမှာ ဘယ်လို ဆင်ခြင်သင့်တယ်ဆိုတာ ခင်ဗျား သိရမှာပေါ့ .."

"ငါ ဆင်ခြင်ခဲ့တယ် .. မင်းကသာ .."

"တော်ပါတော့ .."

အသံကို ထိန်းချုပ်နေရင်း တိုးတိုးပြောမိလိုက် .. ကျယ်လောင်စွာ သွားလိုက် .. မိန်းမတစ်ယောက်ကို ချစ်ခဲ့မိသည်။ သူမအတွက် အနစ်နာခံ၍ တစ်ဘဝလုံး ပေးဆပ်ဖို့ ဆုံးဖြတ်ခဲ့၏။

ဒါပေမယ့် တစ်ဖက်သတ်ဆန်လွန်းသည့် မိခင်မေတ္တာတွေ့နှင့် သူမရဲ့တုံ့ပြန်မှုက ကိုယ်အတွက်ကျတော့ ဘာလဲ ..၊ အချစ်ဆိုတာ ထို အချိန်မှစ၍ မျိုသိပ် နာကျင်မှုများနှင့် မသန့်စင်ခဲ့တော့တာ ဖြစ်သည်။

ပြီးသော့ သူ့ဘက်က ဆုံးရှုံးခဲ့ရသမျှ သမီးဖြစ်သူက ပေးဆပ်ရမည် လို့ ကိုယ့်ဘာသာ သတ်မှတ်၍ နှင်းဆီ ဆိုသည့်မိန်းကလေးကို သိမ်း ပိုက်ဖို့ ဒုတိယဆန္ဒတွေ ဖြစ်လာခဲ့သည်။

ကိုယ့်ဘက်က နိုင်ကွက်တွေ နင်းထားနိုင်ကာမှ .. ခုတော့ အရှုံး ကြီး ရှုံးရပြန်၏။

"ဟိုကောင်က အလိမ်အညာကောင်.. နှင်းဆီ နဲ့ ဘာမှမဆိုင်ဘူး"

သူ တအား အော်ပြီးမှ အသံပြန်ချရသည်။ အခန်းထဲမှာဆိုပေမယ့် အပြင်မှာ လူရှိနေလျှင် ကြားသွားနိုင်၏။





"ဒီကောင် ဘယ်လောက်ထိ ရှုပ်ထွေး လိမ်ညာထားသလဲဆိုတာ ကျုပ် ကောင်းကောင်းကြီး ဖော်ထုတ်နိုင်တော့မှာ.. ဒါတွေ အခု အားလုံး သွားပြီ .. ဘာတစ်ခုမှ အစပြန်ကောက်လို့ မရတော့ဘူး .. ပြီးသွားပြီ.."

"ဘာမှ ပြီးစရာမလိုဘူး ကိုခိုင် .. မင်း လုပ်စရာရှိတာ ဆက်လုပ် ပါ ..၊ နာမည်ပျက် အရှက်ရဖို့ဆိုရင် မင်းနာမည် လုံးဝ စွန်းထင်းစရာ မလိုဘဲ ငါ တစ်ယောက်တည်း ခံသွားမယ်.. ဒုက္ခ သောကတွေ မှန်သမျှ ငါနဲ့ အပါယူသွားပါ့မယ် .."

"ဂုဏ်သိက္ခာဆိုတာ အထုပ်ကြီးတစ်ထုပ်နဲ့ ရှိနေတာ မဟုတ်ဘူး ခမဖြူ .. အစွန်းအထင်းဆိုတာလည်း ပဲဈေးထဲမှာ ကျောက်ခဲသလဲလို ရောနှောနေတာမျိုး မဟုတ်ဘူး .. ဘာကို ခွဲခြားထုပ်ပိုးပြီး အပါယူသွား မှာလဲ .. ကျွန်တော်နဲ့ ကျန်ခဲ့မှာက ဘာတွေလဲ .. တောက်!..."

"ကိုခိုင် ရယ် .. မင်း ဒီလောက် တုန်လှုပ်နေစရာ မလိုပါဘူး .. လူကြီးလူကောင်းတွေ မှန်သမျှလည်း သူတို့ရဲ့သမိုင်းတွေ အားလုံး သန့်စင် လှပမနေကြပါဘူး .."

"ဘယ်သူတွေ ဘာဖြစ်ဖြစ် .. ကျွန်တော့်သမိုင်း ကောင်းဖို့ ကျွန် တော် ကြိုးစားရမှာပဲ .. မိန်းမတစ်ယောက်ကို မုဒိမ်းမှုမြောက်လောက် အောင် ကြိုးစားယူမှ ရမယ်ဆိုရင် နေပါစေတော့ .. ဒီမိန်းမကို ယူဖို့ အတွက်နဲ့ ကိုယ့်ဂုဏ်သိက္ခာကို သူများတကာက ခွေးတစ်ကောင်လို ချနင်းပြမှာ မခံနိုင်ဘူး .."

"မဟုတ်ဘူး ကိုခိုင် .. အခု မင်း နှင်းဆီ ကို စွန့်လွှတ်နိုင်ရင်တောင် ဒီအိမ်ကနေ သွားဖို့ စိတ်မကူးနဲ့ .."

"ဘာလုပ်ရမှာလဲ ..၊ ဒီအိမ်မှာ ကျုပ်က နေပြီး မောင်နှမချင်း ညားနေကြတဲ့ကောင် .. မယားပါသမီးကို မြေခွေးချောင်း ချောင်းနေတဲ့ ခွေးယုတ် အဖြစ်နဲ့လား .."

"မင်း .. တစ်ယူသန်မနေပါနဲ့ .. မင်းနဲ့ ငါ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ မမဖြူ .. ကျွန်တော် ဘယ်သွားသွား .. ဘယ်သူနဲ့ ညားညား သွားလေရာ တကောက်ကောက်လိုက်ပြီး အစ်မကြီးစတိုင်လ် နဲ့ လိုက်ကပ်နေတာတွေကိုလည်း ရပ်တန်းက ရပ်ပါတော့ .."

"ဘာ!... ဘာပြောတယ် .."

"ကျုပ်ဘဝမှာ ဒီလိုပြဿနာမျိုး ထပ်မကြုံချင်ဘူး .. ဒီလို ခုံးမှုမျိုးနဲ့ နောက်ထပ် ပေးဆပ်ရဦးမယ်ဆိုရင် ကျုပ် ရူက်လို့ ရူးသွားနိုင်တယ် .."

"မင်းက ငါ့ကို နှင်ထုတ်နေတာလား .."

"မမဖြူ မှာ လုပ်ငန်းနဲ့ အခြေနဲ့ အနေနဲ့ပါ .."

"ဟုတ်တယ် .. မင်းကို ငါ ချစ်လွန်းလို့ .."

"တောက်!..."

"ဒုန်း .."

ဦးထက်နိုင် စားပွဲကို လက်သီးဆုပ်နဲ့ ထုချလိုက်ကာ ...

"ကျွန်တော် တားနေတာကို ကျေးဇူးပြုပြီး မပြောပါနဲ့တော့ .. ခင်ဗျား .. ခင်ဗျား သွားပါတော့ .."

"အေး .. သွားမယ် .."

ဒေါ်ကြာဖြူ က ခရမ်းရောင်ဇာအထူ လက်ပြတ်ခါးရှည်ကို ပြင်သလို ဆွဲလိုက်ချလိုက်ရင်း ရင်ကော့၍ ...

"မသွားခင် တစ်ခုတော့ ပြောခဲ့ချင်တယ် ကိုနိုင် .."

မာန်လုပ် တင်းနေရပေမယ့် စေတနာ စော်ကားခံရသည့် ကြေကွဲခြင်းကြောင့် ငိုသံတွေ ပါနေရကာ ...

"မင်း တစ်သက်လုံး မမြတ် ရဲ့ အနိုင်ယူ လှည့်စားမှုတွေပဲ ခံလာခဲ့ရတာကို မပြောရက်လို့ မပြောဘဲ နေခဲ့ရတာ .. အခု မင်းအနေနဲ့ လုပ်ပိုင်ခွင့် ရှိနေသေးတာကို ငါ ပြောခဲ့မယ် .. ဟောဒီအိမ်မှာ မခြင်းတို့ရဲ့ ဘိုးဘွားအမွေအနှစ် ရတနာတွေ ရှိတယ် .."





ဦးထက်နိုင် မျက်မှောင်ကုတ်သွားသည်။

"မမြတ် အသေမဖြောင့်နိုင်အောင် ဖြစ်ပြီး သူ့သမီး ရောက်လာကာမှ အသက်ထွက်သွားတာကို ကြည့် ..၊ မင်းက အပြင်မှာပဲရှိနေတော့ ဘယ်သိမလဲ ..၊ သူ့သမီးကို မမြတ် စကားတွေ အများကြီး ပြောတယ်..၊ အများကြီး မှာသွားတယ် ..၊ အမွေကိစ္စမှာ စာချုပ်စာတမ်းနဲ့ စီစဉ်ခဲ့တာ ဘာမှ မရှိပေမယ့် ဟောဒီအိမ်ကြီးထဲမှာ သိမ်းထားတာတွေ ရှိတယ် ကိုနိုင် .."

"ရှိနေတော့ ကျွန်တော်က ဘာလုပ်ရမလဲ .."

"မင်း ချမ်းသာတာ ငါ သိတယ် .. ငါလည်း ဆင်းရဲတဲ့သူမှ မဟုတ်တာ .. ဒါပေမယ့် မိန်းမတစ်ယောက်က လူလည်ကျပြီး ကိုယ့်ကို နွားလုပ် စီးသွားတာ .."

"အဲ့ဒါတွေကို ထားခဲ့လိုက်ပြီဗျာ .. မပြောစမ်းပါနဲ့ .. ဒီအိမ်မှာ ပစ္စည်းတွေ ဝှက်ထားတာရှိတော့ ကျုပ်က တိုက်ကို မီးပုံရှို့ရမလား .. အောက်ခြေကနေ လှန်ပြီး ဖြိုချရမလား .."

"မင်း ကြိုက်တာ လုပ်လို့ ရတယ် .. အဓိကက ငါတို့ မညံ့ဘူး ဆိုတာ ပြဖို့ပဲ ..၊ ဒီကောင်မလေး မင်းကိုလည်း ဂရုမစိုက် .. ဟိုကောင်ကို ဘာမှ မပတ်သက်ဘဲ အငှားလင်လုပ်ပြီး ဒီမှာ တွယ်ကပ်နေနေတာ .. မင်း စဉ်းစားကြည့် .."

"ဘာဖြစ်ဖြစ် ဗျာ .."

"ငါတို့ ချမ်းသာတာတွေထက် အများကြီး ပိုနိုင်တယ် ကိုနိုင် .. သူ့ရဲ့ လု[illegible]န်းတွေ .. ပိုင်ဆိုင်မှုတွေအားလုံး မင်း ဘာလုပ်လုပ် ထိုးပေးလ[illegible]းက ဝှက်ထားတဲ့ ရတနာတွေရဲ့ တန်ဖိုးကို .."

"အဲ့ဒါတွေကို ဘာဖြစ်လို့ ခေါင်းထဲ ထည့်နေသေးတာလဲ မမဖြူ .. ကျွန်တော့်စိတ်ကို ခင်ဗျား အသိဆုံးပါ ..၊ အစတည်းက ကျုပ်က ကိုယ့်ခံစားချက်တစ်ခုကလွဲပြီး ဘာကိုမှ ဂရုစိုက်ခဲ့တဲ့ကောင် မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက်ပဲ ပြောနေတာ .. မင်း အရှုံးပေးခဲ့ရတာတွေအတွက် မခံနိုင်လွန်းလို့ လုပ်စေချင်တာ .. သူ့ကို မင်း စိတ်မကူးတော့ရင်လည်း သူတို့နှစ်ယောက်စလုံးကို ကန်ချပစ်လိုက်ပေါ့.. သူက သမီးဆိုပေမယ့်.."

"ကျေးဇူးပြုပြီး အဲ့ဒီအကြံတွေ မပေးဘဲနဲ့ ဒီစကားဝိုင်းကို ရပ်လိုက်ပါတော့ .."

ဦးထက်ခိုင် မျက်လုံးတွေက နံရံတွေဆီ ဝေ့ဝဲသွားခဲ့ပြီး အံကြိတ်ကာ ...

"ဒီကောင် ဘာတွေ လုပ်ထားသလဲ .. ခင်ဗျား တာမှ မသိဘူး .. အဲ့ဒါကြောင့် မပြောနဲ့တော့ .. ကျုပ်နဲ့ ကျုပ် ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ဂုဏ်သိက္ခာတစ်ခုကိုပဲ ကျုပ် ပြန်လိုချင်တယ် .. ဒါကြောင့် လောလောဆယ် အလုပ်သင့်ဆုံးက ခင်ဗျားနဲ့ ဝေးဝေးနေလိုက်ဖို့ပဲ .."

"ငါတို့ တစ်သက်လုံး အတူတူ နေလာခဲ့တာ.. ဒီလို သတ္တဝါလေးကြောင့် မင်းက .."

"ဟုတ်တယ် .. ခင်ဗျားက အရမ်းကို ဖေးမ လိုက်လျောတတ်တဲ့ အစ်မဆိုတော့ မှားလက်စတွေပေါ်မှာ ကျုပ်က ထပ်မှားမိဦးမှာ ..၊ စပ်နိုင်မှပဲ တော်တော်.. အစွန်အဖျားလေးပဲ တော်တော် .. ကျုပ် ခွေးလုံးလုံး မဖြစ်ချင်ဘူး .. လိုရင်းက ဒါပဲ .."

"ခုန်း .."

စကား လက်စသတ်လိုက်တာနှင့် အပြင်က ပြုတ်ကျသံတစ်ချက်ကို နှစ်ယောက်စလုံး ကြားလိုက်ရသည်။

ဒေါ်ကြာဖြူ ကမန်းကတန်း ထသွားပြီး တံခါးဖွင့်ကြည့်လိုက်တော့ ဘယ်သူမှ မရှိဘဲ ပန်းအိုးက လဲနေ၏။

ဒါ .. ဟိုကောင် ခွန်ဖိုင်း လား ...၊





## အခန်း (၄၂)

"ဖိုင်း နဲ့တော့ ပတ်သက်တာ သေချာတယ် သမီး .. ဒေါ်ကြီးလည်း သေချာ မကြားဘူး .. ကြားအောင်လည်း ကြာကြာ မနေရဲဘူးလေ.. ဒါတောင် နိုးစားပါတယ်ဆိုမှ လသာတဲ့ ညကြီး ဖြစ်နေတာထက်ဆိုးတယ်..၊ ကြောက်ပါတယ်ဆို ပန်းအိုးက လဲလိုက်သေးတယ်.."

ဒေါ်သဲမြ ပြန်ပြောပြတာတောင် ကြောက်ရှိန် ပြေသေးပုံ မပေါ်ဘဲ အသံတွေ တုန်နေ၏။

"တကယ်ပါကွယ်.. ယေယေက အာလူးကောက်ပြိုင်ပွဲမှာတောင် အပြေးမသန်လို့ တစ်ခါမှ ဆုမရခဲ့ဖူးပါဘူး .. ခုမှ ပြေးလိုက်ရတာ .."

စိတ်ဝင်စားနေသည့် အကြောင်းအရာထဲမှာ နှင်းဆီ ရယ်ချင်သွားမိသည်။ ဒေါ်သဲမြ က အသံကို အတိုးဆုံး နှိမ့်ချထားရင်း ...

"သူတို့ ပြဿနာ အကြီးအကျယ် တက်နေကြတာ သမီး .. ဒါကတော [illegible]းသာစရာပဲ .."

ဟုတ်တယ် .. ဒါကြောင့် ခုတစ်လော ဦးထက်ခိုင် အသံ ပျောက်နေတာ .."

အရင်လည်း အလုပ်ရှုပ်နေတဲ့အခါ နှစ်ရက် သုံးရက်ထိ ပျောက်နေတတ်တာတွေ ရှိသည်။

ရွှေသမင်စာပေ

www.burmeseclassic.com



ဒါပေမယ့် ဖုန်းဆက်ပြီး ရိုလိုက် .. ခဏတစ်ဖြုတ် ပြန်လာပြီး စကားပြောလိုက် .. ပြန်ထွက်သွားလိုက် ရှိတဲ့အခါ ရှိသည်။

ခုတော့ ဦးထက်ခိုင် လူရော အသံပါ ပျောက်နေတာ ဖြစ်၏။

"သမီးကို နိုင်း ဘာမှ မပြောဘူးလား .."

"ဟင် .. ဘာကိုလဲ .."

"ကိုထက်ခိုင် အကြောင်းနဲ့ ပတ်သက်ပြီးတော့လေ .."

"ဘာမှမပြောဘူး.. သူ အပြင်ထွက်နေတဲ့ အချိန်တွေမှာ ဒေါ်ဒေါ်သဲနဲ့ အတူရှိနေဖို့ပဲ မှာတယ် .."

"နိုင်း နာမည်ကို ဒေါ်သတကြီး ပြောနေသံ ကြားတယ် .. မဖြူကို ဒီလိုလေသံနဲ့ ပြောတာ ဒေါ်ကြီး တစ်ခါမှ မကြားခဲ့ဖူးဘူး သိလား..၊ အခု ခင်ဗျားတွေ ဘာတွေနဲ့ .."

"ဟုတ်လား .."

"သေချာပါတယ် သမီးရယ် .. ဒေါ်ကြီး တစ်ခု တွေးမိတာတော့ နိုင်း နဲ့ ဒီနှစ်ယောက် တစ်ခုခုတော့ ဖြစ်နေတဲ့ပုံ .."

"ဟုတ်လောက်တယ်.. ဒါ ဖြစ်နိုင်တယ်..၊ ဦးထက်ခိုင် အကြောင်း ပြောမိရင် နိုင်း အသံက တစ်မျိုးပဲ.. သူတို့နှစ်ယောက်ကလည်း ပဋိပက္ခ ဖြစ်သင့်ဆုံးလူတွေပဲ .. ဒါပေမယ့် အနှင်း တို့ ရှေ့မှာ ဘာမှမဖြစ်ဘူး.."

"အော် .. သမီးတို့ လက်ထပ်လိုက်ကာမှ သူ ဘာလုပ်လို့ ရမှာလဲ ကွယ် .."

"ဒါကို မရမက ဖော်ထုတ်မှာပဲလို့ ဦးထက်ခိုင် ကြိမ်းဝါးထားတာပဲ .. ပြီးတော့ ဒီလူကြီး ခုလောက်ထိ ငြိမ်နေတယ်ဆိုတာ .."

"သမီးက ကိုထက်ခိုင် အကြောင်း သိပ်မသိလို့ပါ .."

"ဟင်!..."

ဒေါ်သဲမြ က နှင်းဆီ ရဲ့လက်ထဲက အင်္ကျီကို ယူ၍ သေချာ ဖြန့်ပြီး သူကိုယ်တိုင် ဝတ်ပေးနေကာ ...





"ဗီလိန်တွေ ဘယ်လောက်ကြမ်းကြမ်း ဇာတ်လမ်းဆုံးသွားရင် မင်းသားက နိုင်တာပဲ မို့လား .. အဲ့ဒါ ဇာတ်လမ်းတွေထဲမှာ ပရိသတ်သိအောင် ပြနေကြတာပေမယ့် အပြင်မှာလည်း ဒီတိုင်းပဲ သမီးရဲ့ .. သူများဆီက တစ်စုံတစ်ရာကို မတော်လောဘနဲ့ လိုချင်လာရင် လောဘစိတ်ကြောင့် အမှားအယွင်းတွေ ဖြစ်လာကြတာပဲ .."

ဒေါ်သဲမြ လေသံက ထိတ်လန့်မှုတွေ မပါတော့ဘဲ အေးဆေးဖြစ်နေခဲ့လျက် ...

"ပြီးတော့ ဒေါ်ကြီး ပြောချင်တာက ကိုထက်ခိုင် က မင်းသား မဟုတ်ခဲ့ပေမယ့် ဗီလိန်တော့ မဟုတ်ခဲ့ပါဘူး .. သူ့စိတ်ရင်းကို အကဲခတ်ကြည့်ရင် ဗီလိန်ဆန်တဲ့စရိုက်မျိုး အစက မရှိခဲ့ဘူး .. သမီးအမေကို သူ ချစ်ပါတယ် .. နောက်ထပ် ရှုပ်ထွေးကုန်တာတွေကိုတော့ မပြောတတ်ဘူးလေ .. ဒါပေမယ့်ကွယ် .. ပစ္စည်းတစ်ခုအနေနဲ့ ပြောရရင် 'လွယ်ရင် သူကြွယ်တောင် မနေဘူး' ဆိုတဲ့စကား ရှိတယ်မို့လား .."

"ဘာကိုလဲ ဒေါ်ဒေါ်သဲ .."

"သူ့စိတ် ပြောင်းသွားတာကို ပြောတာပါ .. သမီးအမေက သမီးကို ငဲ့ပြီး သူနဲ့ နောက်ထပ် ရင်သွေးမယူခဲ့ဘူးလေ .. ဒါက အဆိုးဝါးဆုံးပေါ့ .. နောက်တစ်ခုက သမီးက မိဘမဲ့ တစ်ကောင်ကြွက်ဘဝနဲ့ ကျန်ခဲ့တဲ့အပြင် မျက်မမြင်လေး ဖြစ်နေသေးတယ် .. သမီးသာ ရတနာထုပ်လေးဆိုရင် သူ့အပြင် ဘယ်သူ ရထိုက်မှာလဲ ..၊ ဒါကြောင့် သမီးကို သူ ရယူဖို့ ကြိုးစားလာတာ .."

နှင်းဆီ က နားထောင်နေရင်း မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေ၏။

"လာ သမီး .. ဒါလေး ထပ်ဝတ်ထား .."

နို့စိမ်းရောင် ဆွယ်တာအပါးလေးကို ဒေါ်သဲမြ က ထပ်ဝတ်ပေးသည်။ ပြီးတော့ ဘီး လှမ်းယူပြီး သူမကိုယ်တိုင် ခေါင်းဖြီးပေးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာလေးတွေသာ မရှိခဲ့ရင် သူက လူကောင်းပါ ..၊ သမီးက ဖိုင်း နဲ့ လက်ထပ်လိုက်တော့ သူ ရှက်ပြီး ရှက်ရမ်းရမ်းခဲ့တာ .. သမီး ပြောတာကလည်း သဘာဝကျနေတော့ သမီးတို့ကို ဒုက္ခပေးဖို့ စိတ်ကူး ရှိနေရင်တောင် သမီးကို ပြန်ရယူဖို့တော့ မဟုတ်လောက်ဘူး .."

"ဟုတ်တယ် .. ညဘက် မူးမူးပြီး ပြန်လာတယ်လို့တော့ ဖိုင်း ပြောဖူးတယ် .. ဖိုင်း နဲ့များ ထိပ်တိုက်ဖြပ်ခဲ့ကြသလား မသိဘူး .."

ပြောနေရင်းမှ သတိရသွားသလို ဖြစ်ကာ ...

"ဖိုင်း က ညညဆို ကြက်အိပ် ကြက်နိုးရယ် .. သူကလည်း ဘယ်လိုသိဒ္ဓိတွေ ပြီးနေသလဲ မသိဘူး .. ထူးထူးဆန်းဆန်းပဲ .."

"ကောင်းတာပေါ့ သမီးရဲ့ .. ယောက်ျားပျင်း ကျောခင်းတဲ့ .. အိပ်လုံးကြီး.. စားလုံးကြီးဆိုရင် အဲဒီယောက်ျားမျိုးက လူဖျင်း လူညံ့ပဲ.."

"ဒါပေမယ့် ဦးထက်ခိုင် နဲ့ ပတ်သက်ပြီး ဖိုင်း ဘာမှလည်း မပြောဘူး .."

"သမီးကရော မေးလို့လား .."

"မမေးမိဘူး .."

ဒေါ်သဲမြ က ရယ်ကာ ...

"မေးလည်း မေးမနေပါနဲ့တော့ကွယ် .. ခုချိန်ထိ အေးချမ်းနေသေးတာပဲ .. လူတစ်ယောက်မှာလည်း ဘုန်းကံ အဆီအတားဆိုတာ ရှိတယ် .. သမီးက မျက်မမြင်ပေမယ့် သူများ ကြံစည် စော်ကားတာ ခံရမယ့် မကောင်းတဲ့ကံဇာတာမျိုး မပါလို့ ဖြစ်မှာပါ ..၊ ပြီးတော့ .."

"ပြောလေ .. ပြီးတော့ ဘာဖြစ်လဲ .."

"သြော် .. ဒေါ်ကြီး ထင်တာလေ .. ခုလို ဆိုးဆိုးရွားရွားတွေ ထပ်မဖြစ်တော့တာ ဖိုင်း ကြောင့် မဟုတ်ရင်တောင်မှ ဖိုင်း ရှိနေလို့များ လားလို့ .."

ဒေါ်သဲမြ က မရဲတရဲ ပြော၍ နှင်းဆီ မျက်နှာလေးကို အကဲခတ်





နေ၏။

"ဘာကြောင့်ပဲ ဖြစ်ဖြစ်ပါ.. သူ ရှိနေတဲ့အတွက် စိတ်ထဲမှာ ပိုပြီး အားရှိနေသလို .. ဒေါ်ဒေါ်သဲ .."

"ဟင် .. ပြောလေ သမီး .."

"သူ အပြင်မှာ အိပ်ခန်းတစ်ခန်း လုပ်ထားသလား ဟင် .."

ဒေါ်သဲမြ က အိပ်ခန်းတစ်ခြမ်းမှာ ရှိနေသည့် ခုတင်နဲ့ မွေ့ရာကို လှမ်းကြည့်လိုက်မိကာ ...

"မဟုတ်ပါဘူး .. ဒေါ်ကြီးဆီမှာ ပိတ်ထားတဲ့ အခန်းလွတ်တချို့က သော့တွေ ရှိတယ် .. ဘာမှ မတောင်းပါဘူး .. ဘာဖြစ်လို့လဲ .."

ည ညဆို သူ ဝင်လာတာ .. ပြန်ထွက်သွားတာ .. အသံအားလုံးကို မှတ်မိနေသည်။ ပြီးတော့ ခုတင်နှစ်လုံးရဲ့ အလယ်ကနေ ကြိုးဆွဲ ကန့်လန့်ကာကြီးနဲ့ ကန့်သတ် ကာရံထားတာ ဖြစ်၏။

ညဘက် သူ ဝင်လာတာနှင့် ဒီကန့်လန့်ကာကို ဆွဲသံ ကြားနေကျ ..၊ ဒီအသံ အဖွင့်အပိတ်က နားထဲမှာ စွဲနေပါပြီ ..၊

"သူ အခန်းထဲမှာ ဝင်မအိပ်တာ ကြာပြီ .."

နှင်းဆီ က သေချာ စဉ်းစားရင်း ပြောကာ ...

"ဟိုအရင် ဦးထက်ခိုင် နဲ့ ရင်ဆိုင်နေကြတုန်းက သူ ဝင်တာ ပြန်ထွက်တာ အချိန်မှန်ပဲ .. နောက်ပိုင်းမှာ .."

"အဲ့ဒါကလည်း သမီးအတွက် သူ စိတ်ချနေရလို့ နေတာ ဖြစ်မှာပေါ့ သမီးရဲ့ .. သူ့အတွက်က ဘယ်နေရာမှာဖြစ်ဖြစ် ခဏလောက် လှဲလိုက်တာနဲ့ အိပ်ခြင်း မည်နေတာကိုး .."

ဒေါ်သဲမြ က စိတ်အားတက်ကြွစွာ ပြောနေကာ ...

"ဒေါ်ကြီးဖြင့် ဒီကောင်လေးကိုတော့ ကိုယ့်မြေးသားလေးလိုပဲ.. ဘာကြောင့်ဆိုတာ မသိဘဲနဲ့ စိတ်ချနေခဲ့တာ .. ပြီးတော့ သမီးကိုလည်း သူနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်သဲ .."

"ဩော်.. သူနဲ့ဆို စိတ်ချတယ်လို့ ပြောမလို့ပါ သမီးရယ် .. ဆိုလိုတာက သမီးနားမှာ သူ ရှိနေရင် သမီး ဘာမှ မဖြစ်နိုင်ပါဘူးလို့ ယုံကြည်နေတာမျိုး .."

ဒေါ်သဲမြ နေရာမှ ထသွားကာ နှင်းဆီ အိပ်ရာကို သိမ်း၍ ခေါင်းအုံးစွပ်တွေပါ ချွတ်ပစ်ပြီး အသစ်လဲသည်။ ပြီးတော့ အလုပ်လုပ်နေရင်း မှန်တင်ခုံရှေ့မှာ ထိုင်နေသည့် အနှင်း ကို လှမ်းကြည့်၍ ပြုံးနေရင်း ...

"သူက ညဘက် သိပ်မအိပ်တော့ သမီးကိုတင် မကဘူး .. အိမ်အတွက်ပါ စိတ်ချရတယ် .."

ပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားကာ နှင်းဆီ ကို လှည့်ကြည့်မိပြန်သည်။ နှင်းဆီ က သွားတန်းလေးတွေပေါ်အောင် ရယ်နေတာ မြင်လျှင် ...

"အေးနော် .. ဖိုင်း ကြားသွားရင်တော့ သူ့ကို ဟိုဟာ ဒီဟာနဲ့ နှိုင်းတယ် ထင်တော့မှာပဲ .."

ထပ်ပြောလိုက်မှ နှင်းဆီ က အသံထွက်အောင် ရယ်ကာ ...

"ဘာဖြစ်လဲ ဒေါ်ဒေါ်သဲ ကလည်း .. တစ်ခါတလေ ပြောချင်တဲ့ စကားကို သိသာပေါ်လွင်အောင် ဒီလိုပဲ နိုင်းနှိုင်း တင်စားပြောရတာပဲ.."

"ဟုတ်တယ် .. ဟုတ်တယ် .. ဒါဆို ဒေါ်ကြီး မမှားဘူး .."

ဒေါ်သဲမြ ခုမှ နှလုံးအေးသွားပုံရှိကာ ရယ်မော ရွှင်ပျသွားလျက်...

"ဒီကောင်လေး အစားအသောက်လည်း မလော်မာဘူး .. စာရိတ္တလေးလည်း မဆိုးပါဘူး ..၊ ပြီးတော့ အိပ်တာ နေတာလည်း စည. ခြ: ရှိတယ် .. ပြောရရင် ဟိုအရင်တုန်းကဆို မအိပ်မနေ အသက်ရှည်ပြဲ တဲ့..၊ မင်းကောင်းမင်းမြတ်တို့ ကျင့်ထုံးအရလည်း ညဥ့်သုံးယံ တစ်ယံပဲ အိပ်ကြတာလေ .."

"အဲဒီတော့ သူ့ကို ရှင်ဘုရင်လေးလို့ ခေါ်ရတော့မလား .."





"မဟုတ်ပါဘူး .. ဒီလို ယောက်ျားလေးတစ်ယောက်က ဘာဖြစ်လို့ မိဘမဲ့ .. အခြေအနေမဲ့ ဖြစ်နေရတာလဲဆိုတာ အံ့ဩလို့ပါ .."

နှင်းဆီ က နေရာမှ ထကာ တုတ်ကောက်ကို ဆွဲယူလိုက်သဖြင့် ဒေါ်သဲမြ က လက်လေးတစ်ဖက်ကို ဝင်တွဲ၍ ...

"လူကောင်းသူကောင်းတွေက နောက်ရောက်ပြီး မကောင်းတဲ့လူတွေက နေရာကောင်းတွေ ရနေကြတာလည်း အံ့ဩစရာပဲ .. ဒါကြောင့်လည်း တို့ဗုဒ္ဓဘာသာစကားနဲ့ လူတွေက အဟောင်းစားလို့ ပြောခဲ့တာနေမှာ .."

ဒေါ်သဲမြ တော်တော်ကို အံ့ဩနေတာပါ ..၊ သူမ မြင်မြင်သမျှမှာ ဒီလိုပဲ တော်တော်များများ ရှိနေကြတာမို့ ...

"အတိတ်ကံ အကျိုးပေးကောင်းနေကြတော့ ခုဘဝမှာ မကောင်းသူတွေ ဘာတွေလုပ်လုပ် ဖြစ်နေကြတာပဲ ..၊ လူကောင်းတွေကျတော့ လူပ်လေ နစ်လေ .. အလျှဉ်ခံမရှိတဲ့ ချဉ်ပတ်အိုးကြီးလိုပဲ .."

"ဒေါ်ဒေါ်သဲ က ဖိုင်း ကို တော်တော် သံယောဇဉ်ကြီးနေပုံပဲ.."

"ဟုတ် .. ဟင်!... ဘာဖြစ်လို့လဲ သမီး .."

နှစ်ယောက် အတူတွဲထွက်လာကြရင်း နှင်းဆီ က ပြုံးကာ ...

"သူ့ကို ကောင်းစားစေချင်နေတယ်မို့လား .. သူ ဆင်းရဲနေတာကိုပဲ ဒေါ်ဒေါ်သဲ ပြောနေတာ .."

"ဩော် .. ဟုတ်တော့ ဟုတ်ပေမယ့် သမီးရယ် .. သူလည်း ခုဘဝမှာ ကြွန်အင်လက္ခဏာနဲ့ စိတ်ဓာတ်စရိုက်လေး ကောင်းပေမယ့် အရင်ဘဝက ဘယ်လို အကုသိုလ်တွေ ကျူးလွန်ခဲ့သလဲမှ မသိတာ .."

သူ့စကားနဲ့သူ ပြန်ပြီးတော့လည်း ဖြေသိမ့်နေသေးသည်။ နှင်းဆီ က လှေကားထိပ်ကို ရောက်ခါနီးမှ ရပ်လိုက်ကာ ...

"ညတုန်းက အန်တီဖြူ အခန်းရှေ့ ရောက်လာသေးတယ်မို့လား.. ဘာလာလုပ်တာလဲ ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး သမီး .. ဖိုင်း နဲ့ စကားပြောတာတော့ တွေ့တယ် .. သူတို့ကတော့ တစ်ခုခုနဲ့ ပြဿနာရှာနေကျပဲ သမီးရယ် .."

"ဟုတ်လား.. အနှင်း က ဖိုင်း မရှိဘူး ထင်တာ .. သူ့ကို မေးကြည့် သေးလား .."

"မေးလည်း ဘာမှ မဟုတ်ဘူးပဲ ပြောတာ .."

"အနှင်း အဲဒါကို မကြိုက်ဘူး ဒေါ်ဒေါ်သဲ .. ဦးထက်ခိုင်ကြီး ဘာတွေ လုပ်နေသလဲ .. သူတို့ဆီက ဘာသံ ထွက်သလဲဆိုတာ အနှင်း တို့ မသိသင့်ဘူးလား ..၊ ပြောလိုက်ရင် 'မင်း ဘာမှ မဖြစ်စေရဘူး' ဆိုတာ ချည်းပဲ .."

"ဖြစ်လည်း မဖြစ်ဘူးမို့လား သမီးရယ် .. သမီးမှာ ဝေဒနာ တစ်ဖက်နဲ့ စိတ်ညစ်စရာတွေဆို မပြောပြချင်ဘူး နေမှာပေါ့.. ကိုထက်ခိုင် တို့ကလည်း သူ့ကို ကြောက်လို့ သမီးနား မကပ်ရဲဘဲ နေရတာမှ မဟုတ် ဘဲ .. တွေ့ကြဖို့အကြောင်းရှိရင် တွေ့ကြမှာပဲ .. ပြောကြရဖို့ ရှိရင်လည်း ပြောရမှာပဲ .. နေရာတကာ သိပ်လည်း ဂရုစိုက် မနေပါနဲ့ကွယ် .."

"အခု သူတို့တွေ အသံမကြားဘူး နော် .."

"မဖြူ တို့လား .."

"အင်း .."

"သူတို့က စောစောစီးစီး စားသောက်ပြီး ထွက်သွားကြတာ ကွယ် .. ဆရာက အလုပ်ရှုပ်နေကျလူပဲ .. မဖြူ ကိုတော့ မပြောတတ် တော့ဘူး .. သူ့ကြည့်လိုက်ရင်လည်း အမြဲတမ်း ရှုပ်နေတာပဲ .."

"ဟော .. ဟော .. ဒေါ်ဒေါ်သဲ သူများအတင်း တုတ်နေပြီ .."

"ဟုတ်လား .. အတင်းပြောမိကုန်ပြီလား ..၊ အေးပါ သမီးရယ် နည်းနည်းပါးပါး သတိပေးပါဦး .. အသက်က ကြီးလာတော့ မြင်မြင် သမျှ ပေါက်စီပွစ ပြောချင်လာတာပဲ .. ဒါကြောင့် ငယ်တဲ့လူတွေက လူကြီးတွေနား မနေချင်တာ ဖြစ်မှာ .."





"အဟွန်း.. အနှင်း ကတော့ ဒေါ်ဒေါ်သဲ နားမှာ နေချင်ပါတယ်.."

"အင်း .. ကြားရတာ ငြိမ်းချမ်းလိုက်တာ .. ဒါပေမယ့် သမီးရယ်.. သမီး ဒေါ်ဒေါ်သဲ နားမှာ နေနေလို့ လုံခြုံမှာ မဟုတ်ဘူး.. သမီးအတွက်.."

"ဟာ .. တော်ပြီ .. အဲ့ဒီကိစ္စတွေ မပါကြေး .."

နှင်းဆီ စိတ်ကြည်လင်နေတုန်းမို့ ကောင်းကောင်းပြော၍ တား လိုက်ပေမယ့် အဖျားခတ် စကားသံတို့က မာကျောနေခဲ့လျက် ...

"မေမေ့ကို ကြည့်ပြီး အိမ်ထောင်ရေးတွေကို စိတ်ကုန်လွန်းလို့.."

"ဒါပေမယ့် ကိုယ်ချစ်တာကိုပဲ ရှာရှာ .. အားကိုးအားထားအဖြစ်ပဲ ရွေးရွေး .. သမီး အိမ်ထောင်ပြုရမှာပဲ .. ဒေါ်ကြီးကလည်း သတိပေးတာ ပါ ..၊ အိမ်ထောင်ဖက် ရွေးချယ်တာမှာ သမီး အများကြီး စဉ်းစားရမှာ.."

"အား!..."

"သမီး .."

နှင်းဆီ တုတ်ကောက်နဲ့ စမ်းနေရင်း စိတ်နဲ့ လူက မကပ်တော့ ခြေချော်သွား၏။ အနီးမှာရှိသည့်လူကို ဖမ်းဆွဲမိသော်လည်း ဒေါ်သဲမြ ခမျှာ နိုင်နိုင်နင်းနင်း မထိန်းနိုင်ရှာ ..၊ ထို့ကြောင့် တစ်ယောက်ကိုတစ် ယောက် ကိုင်ထိန်းနေရင်း လှေကားလက်ရန်းပေါ် ထပ်လျက်သား ကျ၏။

"ကန်တော့.. ကန်တော့ပါ ဒေါ်ဒေါ်သဲ ရယ်.. နာသွားလား ဟင်.."

"ကျောပဲ နည်းနည်း အောင့်သွားတာ .. ရပါတယ် .. သမီးကို ကောင်းကောင်း မထိန်းလိုက်နိုင်မှာ စိုးလို့ ဒေါ်ကြီး လန့်သွားတာပဲ .. လှေကားပေါ်ကသာ ပြုတ်ကျရင် သေပြီ .."

ထိုစဉ် အိမ်ရှေ့ကနေ ဝင်လာသည့် ဖိုင်း ကို ဒေါ်သဲမြ လှမ်းမြင် လိုက်၏။

"ဟိုမှာ ဖိုင်း ပြန်ရောက်လာပြီ .. တော်သေးတာပေါ့ .. အား!..."

အားကိုးစရာ မြင်ငိုက်မှ ပခုံးတစ်ဖက်မှာ တော်တော် နာကျင် သွားတာကို အသံထွက် ညည်းမိ၏။ ဖိုင်း ကလည်း တစ်ခုခု မြင်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



မှန်း သိလိုက်သဖြင့် ပြေးတက်လာကာ ...

"ဘာဖြစ်နေတာလဲ .."

"အဲ့ဒီလို ဖြစ်နေအောင် တမင် စောင့်ကြည့်နေတာ မဟုတ်ဘူးဆိုရင် ပြီးတာပဲ .."

"ဟာ!..."

"ဒေါ်ငေါ်သဲ ဘာဖြစ်သွားသလဲ မသိဘူး .. ကျွန်မက မလိုဘူး.."

နှင်းဆီ မျက်နှာလေးက ဒေါသနှင့် တင်းမာနေကာ ခြေထောက်နဲ့ တောင်ဝှေးကို လိုက်စမ်း၍ ...

"တုတ် ဘယ်ရောက်သွားလဲ ..၊ အဲဒါ ပြန်ကောက်ပေး .."

သူမချည်းပဲ ရွတ်ကောနေတော့သည်။ ဒေါ်သဲမြ က သည်းခံဖို့ မျက်ရိပ်ပြကာ လှေကားအပေါ်ဆင့်ကို တက်သွားပြီးမှ ...

"တောင်ဝှေးက ဟိုးအောက်ဆင့်မှာ သမီး .. ဒေါ်ကြီးက လက်နာသွားလို့ မတွဲနိုင်တော့ဘူး .. လိုက်သွားလိုက် နော် .. သမီးတို့ စားသောက်ဖို့ ပူရူး လုပ်ထားပြီးပြီ .."

နှင်းဆီ ဘာမှ မပြောရသေးခင် သူမ ဘေးမှာ ဖိုင်း က ရောက်လာကာ ...

"ဘယ်လိုဖြစ်လို့ ဒေါသတွေ ကန်နေတာလဲ .. ကိုယ် ဒီလိုပဲ မနက်ပိုင်း အပြင်ထွက်နေကျ .."

"မနက်ပိုင်းဆို အပြင်ထွက်နေကျ .. နေ့လယ်ပိုင်းကျတော့ ဘယ်မှာမှန်း မသိဘူး .. ညနေကျ သူငယ်ချင်းတွေနဲ့ .. ညကျတော့ .."

"ပြောပါ .. ညကျတော့ ကိုယ် ဘာလုပ်နေလဲ .."

"ရှင့်ဟာရှင် သိမှာပေါ့ .."

"အဟွန်း .."

သူက ရယ်သံသဲ့သဲ့နှင့် နှင်းဆီ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်သည်။ လူကို တွဲပြီဆို လက်ဖဝါးချင်း ထပ်ဆုပ်ပြီးမှ ဆွဲခေါ်သွားတာ





တာ သူ့အကျင့် ..၊ တစ်ခါတစ်ခါကျတော့ လက်ဖဝါးကို ဆုပ်ကိုင်သောအပြီး တံတောင်ဆစ်လေးကို အောက်က အသာပင့်ထိန်း၍ တွဲခေါ်၏။

"ရှင်က ဘာတွေ သဘောကျနေတာလဲ .."

"မင်း နှုတ်ခမ်းစူနေတာ ချစ်ဖို့ကောင်းလို့ .."

"ဘယ်သူက နှုတ်ခမ်းစူလို့လဲ .. ဟွန်း .."

နှာခေါင်းလေး တွန့်သွားပြီး မျက်နှာလွှဲပစ်၏။ ဖိုင်း က ရယ်ကာ...

"ကိုယ် ဒီမနက် မင်းအတွက် မွေးနေ့လက်ဆောင် လုပ်လာခဲ့တာ သိလား .."

လာမယ့် စနေနေ့က သူမရဲ့ မွေးနေ့ ..၊

"ရှင် ဘယ်လိုလုပ် သိတာလဲ .."

"ဒီလောက် အတူတူ နေနေတာ မသိစရာလားကွ .."

"ရှင့်ကိုတော့ အနှင်း မသိရပါလား .."

"လိုမှ မလိုတာ .."

နှင်းဆီ မျက်နှာလေး ပျက်သွား၏။ ပြီးတော့ နှုတ်ခမ်းလေး စေ့ပိတ်ထားလိုက်ကာ ...

"ပြီးတာပဲ .. ကျွန်မကို ထမင်းစားခန်းထဲ လိုက်ပို့ .."

"ဘရေ့ဖတ်(စ်)ကို ထမင်းစားခန်းထဲမှာပဲ စားရမယ်လို့ သတ်မှတ်ချက် မရှိပါဘူးကွာ .. ခြံထဲကို ဒေါ်ပူရူး လာပို့လိမ့်မယ် .."

"ဟင်!..."

"မင်းဆီ တက်မလာခင်တည်းက ကိုယ် ဝင်ပြောခဲ့တာ .. မင်းကို လာခေါ်ပြီး ခြံထဲမှာ စကားသွားပြောမလို့လေ .."

"ရှင်နဲ့ ဘယ်သူက ပြောချင်နေလို့လဲ .."

"မင်းနဲ့ ကိုယ်က အရမ်း ပြောချင်နေလို့ .. ဒီနေ့မှ ထူးထူးခြားခြားလေ .."

"ရှင့်မွေးနေ့လက်ဆောင်ကို ဘယ်သူက ယူမယ် ပြောလို့လဲ.."

www.burmeseclassic.com



"မင်းကိုရော ပေးပါ့မယ် ပြောမိလို့လား .."

ကြည့်စမ်း ..၊

နှင်းဆီ ပါးပြင်လေးနှစ်ဖက် ရဲခနဲဖြစ်သွားတော့ သူက ရယ်သည်။

"ရှင် .. ဘာရယ်တာလဲ .. သွား .."

"ဟား .. ဟား .. ဟား ..."

ပြောလိုက်မှ ပိုရယ်နေသဖြင့် သူ့အင်္ကျီလက်မောင်းစကို ဆောင့်ဆွဲပစ်မိကာ ...

"ရှင် ဆက်ရယ်နေရင် ကျွန်မ လုပ်မှာ နော် .."

"မလုပ်ပါနဲ့ကွာ .. ရှက်ရမ်းရမ်းတာမျိုး မကြုံဘူးတော့ ဘာတွေလုပ်မယ်မှန်းလည်း မသိဘူး .. ကြောက်စရာကြီး .."

ပြောလေ ပိုဆိုးလေဖြစ်ကာ နှင်းဆီ သူ့မျက်နှာကို မမြင်ရဘဲနဲ့ မျက်နှာချင်း မဆိုင်ချင်အောင် ဖြစ်သွား၏။ ထို့ကြောင့် သူ ကိုင်ထားသည့်လက်ကို ဆောင့်ရုန်းကာ ကိုယ့်ဘာသာ ရောက်ချင်သလို ရောက်တိုက်ချင်တာနဲ့ တိုက် ..၊ မျက်နှာလွှဲမိတဲ့အတိုင်း လှည့်ထွက်လာခဲ့၏။

"နှင်းဆီ .."

"အို!... ဘာလုပ်တာလဲ .."

"မသွားပါနဲ့ .."

"ရှင်!... ရှင် နော် .."

သူ နှင်းဆီ ကိုယ်လေးကို ပြန်ဆွဲယူပြီး ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိကာ ...

"မင်းကို အရမ်းချစ်တယ် နှင်းဆီ .. မင်းက ကိုယ်နဲ့ မထိုက်တန်တဲ့ ပန်းကလေးပါ .. ဒါပေမယ့် ကိုယ် မင်းကို ဖွဲလမ်းနေမိပြီ .."

သူမ တစ်ကိုယ်လုံးကို လွတ်ထွက် ပျောက်ရှသွားမှာ စိုးသလိုမျိုး မြက်နိုးယုယစွာ ထွေးပွေ့ရင်း နူးညံ့သည့် ဆံနွယ်လေးတွေမှာ သူ့မျက်နှာ ဖိအပ်ထားမိသည်။





"ဖိုင်း .. ဘယ်လိုလုပ်နေတာလဲ .. သူများတွေ မြင်ကုန်တော့မယ်.. လွှတ်စမ်းပါ .."

"ကိုယ့်ကို မင်း ကြိုက်တဲ့အပြစ် ပေးပါ .. အခု ကိုယ်တို့ကို ဘယ်သူမှ ကြည့်နေလို့ မဟုတ်ဘူး .. ကိုယ့်ရင်ခုန်သံတွေနဲ့ မင်းကို ချစ်တာတွေ ပြောနေတာပါ ..၊ ကိုယ်လေ .. မင်း ဒေါသထွက်နေတာတွေ .. မင်းကို အရှုံးပေးနေရတာတွေ .. မင်း ကိုယ့်အပေါ် ဘယ်လောက်ဆိုးဆိုး ကိုယ် ချစ်တယ် .."

"အို!..."

"ကိုယ့်ကို စိတ်မဆိုးပါနဲ့နော် .."

"ဟင့်အင်း .. ဟင့်အင်း .. မလုပ်နဲ့ .."

သူမ မျက်နှာလေးကို အတင်း မော့ယူပြီး သိမ်းပိုက်ထားခဲ့သည်။ ရှက်လွန်းသဖြင့် သူမ အင်အားမဲ့ကာ နေရာမှာပဲ ခွေခေါက် လဲကျသွားလေတော့မလား မသိ ..၊

ဒါပေမယ့် သူမ ဒေါသထွက်ဖို့ မေ့နေခဲ့သည်။ သူ့ကို ဆောင့်တွန်းပစ်လိုက်ပြီး ဟိုတစ်ခါထက် ပို၍ ပြင်းရှသော ရိုက်ချက်တွေနဲ့ တုံ့ပြန်ဒဏ်ခတ်ဖို့လည်း သတိမရ ..၊

ထိုစဉ် စားစရာတွေ ပြင်ဆင်ထားသည့် ပန်းကန်လေးနဲ့ ဒေါ်ပုရှူးရောက်လာ၏။

"ဟင်!... သမီး .."

မျက်လုံး အဝိုင်းသားနှင့် ပြူးပြဲပေါ်လာသည့် မျက်နှာကြောင့် နှင်းဆီ ထိတ်လန့်သွားကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"အောင်မယ်လေး!..."

"ခွမ်း .."

"ဟင်!..."

သူမ တွန်းလှတ်လိုက်တာ ဖိုင်း ရဲ့ရင်ဘတ်ကြီး မဟုတ်ဘဲ စား သောက်စရာတွေနဲ့ ဗန်းတစ်ချပ်လုံး ...၊

ပြီးတော့ ဒေါ်ပူစူး ရဲ့အော်သံ ...၊

"ဒေါ် .. ဒေါ်ပူစူး လား ဟင် .."

"ဟုတ်ပါတယ် သမီးရယ် .. သမီး ခေါက်ဆွဲပြုတ် မကြိုက်လို့ လား ဟင် .."

"ဖိတ် .. ဖိတ်ကုန်ပြီလား .. ကွဲကုန်ပြီလား ဟင် .."

"သောက်ရေခွက်တော့ ကွဲသွားတယ် .. ခေါက်ဆွဲပြုတ်ပန်းကန် က မကွဲပါဘူး .."

နှင်းဆီ ဒရင်းမ်ဘက်ဒ်လေး ပေါ်ကနေ ငုတ်တုတ်ထထိုင်ရင်း ကိုယ့်အဖြစ်ကိုလည်း ရှက်မိပါ၏။ မနက်က ဒေါ်ဒေါ်သဲ နဲ့အတူထွ ဆင်းလာရင်း ဗရေ့ဖက်(စ်)ကို ခြံထဲမှာပဲ စားမယ်လို့ ဒေါ်ပူစူး ကို ပြောထားခဲ့သည်။





'ဘာစားမှာလဲ သမီး' လို့ မေးတော့လည်း အဆင်ပြေတာပဲ လုပ်ပါ လို့ ကိုယ်ပဲ ပြောခဲ့တာပါ ...၊ ဒေါ်ပူစူး ကတော့ ကြက်အူချောင်းလေး နဲ့ ခေါက်ဆွဲပြုတ်ချဉ်စပ်လေးကို သူမ ကြိုက်မှန်း သိလို့ ပြုတ်လာပေး ရှာတာ ဖြစ်မည်။

"သမီး အခေါ် ဘာလုပ်ပေးရမလဲ.. သမီး ဘာစားချင်လို့လဲ ဟင်.."

"ရပါတယ် .. ခေါက်ဆွဲပဲ လုပ်ခဲ့ပါ .. ဒီမှာ မေ့ခနဲ ပျော်သွားပြီး အိပ်မက်မက်လို့ လန့်သွားတာ .."

ဒေါ်ပူစူး ခုမှ ဝမ်းသာအားရ ဖြစ်သွားသံနှင့် 'အေး .. အေး ..' လို့ ပြောပြီး ကျကွဲကုန်တာတွေကို ကမန်းကတန်း ပြန်ကောက်နေ၏။ ကောက်နေရင်း စိုးရိမ်မကင်း မော့လည်း ကြည့်၏။

"သမီး ညက အိုင်လို့ ပျော်ရဲ့လား .."

"မပျော်ဘူး .. အဲ့ဒါကြောင့် အိပ်ဆေး သောက်လိုက်တာ ခုထိ ခေါင်းမကြည်ဘူး ဖြစ်နေတယ် .. ဒေါ်ဒေါ်သဲ ပြန်လာရင် ဒီကို လွှတ်ပေး နော် .."

"အေး .. သမီး ...၊ ရော့ .. ရော့ .. ဒီမှာ ဖုန်းပါ ပြုတ်ကျသွား တာ .. အခေါ် ခေါက်ဆွဲရတာနဲ့ ချက်ချင်း ပြန်ခဲ့မယ် နော် .."

ဖုန်းကို လက်ထဲ လာထည့်ပေးကာ ဒေါ်ပူစူး ထွက်သွား၏။

မရှက်ဘူးလား နှင်းဆီမျက်နှာ ...၊

ဒရင်းမ်ဘက်ဒ်မှာ အသာလေး ပြန်လှဲရင်း လေးလံနေသည့် မျက်ခွံ တွေကို အတင်းဖိမှိတ်၍ မျက်တောင်တွေ ခတ်ပစ်မိသည်။

ညည်း ဘာတွေ စိတ်ကူးပြီး အိပ်ပျော်သွားတာလဲ ...၊ ဒေါ်ပူစူး ... တစ်ခုခုများ ပြောလိုက်မိသေးလား ...။

"ဟွန်း .."

စိတ်မောသည့် ပင့်သက်ရှည်ကြီး မှုတ်ထုတ်ရင်း မျက်ခွံတွေ ဖန်စပ်စပ် ဖြစ်နေတာကို လက်ဖဝါးလေးနဲ့ ဖွဖွကပ်ထားမိကာ ရင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခုန်နေဆဲ ရှိသေးတာကို ရှက်နေမိသည်။

မမြင်မစမ်းနဲ့ ရှက်နေရတာလည်း ဒုက္ခပါလား ..၊ ကိုယ့်အဖြစ်ကို ဘယ်သူမှလဲ မသိ .. ကိုယ်လည်း သူများကို မမြင်ရဘဲ ရှက်တာက ရှက်တာပဲ ဖြစ်၏။

မနက်က လှေကားပေါ်က အဆင်းမှာ ဒေါ်ဒေါ်သဲ နဲ့ ထပ်လျက်လဲကျတာ ကံကောင်းလို့ နှစ်ယောက်စလုံး မသေခဲ့တာ ဖြစ်သည်။

ဒါပေမယ့် ဒေါ်ဒေါ်သဲ တော်တော် နာသွားမှာကို သူမ သိနေသည်။ သူမကိုယ်တိုင်လည်း လက်ခုံနှစ်ဖက်စလုံး လှေကားနဲ့ ကပ်ဖိမိကာ ခြေထောက်တစ်ဖက် ချော်သွားသဖြင့် ညာဘက်ခြေသန်းလေးမှာ ခြေသည်းလန်၍ သွေးစို့သွား၏။

ဒေါ်ဒေါ်သဲ စိတ်ပူမှာစိုးလို့ ဈေးထွက်သွားတဲ့အထိ ဒီတိုင်း နေခဲ့ရ၏။ ဒေါ်ပူစူး ကို ဘာမှမပြောဘဲ ပလတ်စတာ ယူခဲ့ခိုင်းကာ ကိုယ့်ဒဏ်ရာအတွက် ကိုယ့်ဘာသာ ဖြေရှင်းလိုက်သည်။

တကယ်ဆို အချိန်က ဘာများ ကြာသေးလို့လဲ ..၊ အိပ်ဆေးရှိန်နှင့် မျက်လုံးက စပ် .. ခေါင်းက မကြည်ဘဲ လှေကားပေါ်မှာ ထပ်ပြီးလဲရ ပြိုရတော့ စိတ်တိုတာတွေက ဖိုင်း အပေါ်မှာ စုပြုံသွားတာ ဖြစ်သည်။

ဒရင်းမ်ဘက်ဒ်ပေါ်မှာ ခဏလေး လှဲလိုက်မိတာနှင့် နံနက်ခင်း၏ အေးမြသော လေနုအေးကြောင့် မှေးခနဲ အိပ်ပျော်သွားတာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြမိသည်။

သူမ နေရာတကာမှာ အိပ်ပျော်တတ်တဲ့အကျင့် မရှိပေ ..၊ ခုကျမှ အိပ်ရာက ထလာတည်းက အိပ်ရေးမဝသလို ဖြစ်ခဲ့လို့လား ..၊

"ကျွတ်!..."

အိပ်ပျော်သွားတာလည်း ပျော်ပါစေ.. စိတ်တွေ ကယောင်ချောက်ချားနဲ့ အိပ်မက်တွေလည်း မက်ပါစေဦး ..၊





ဘာဖြစ်လို့ ဒီလိုအိပ်မက်မျိုးကိုမှ မက်ရတာလဲ ..၊

သူ့ရဲ့ ကိုယ်ငွေ့နွေးနွေးက ခုချိန်ထိ ကိုယ့်ရဲ့ကိုယ်မှာ ကျန်ရစ်နေဆဲ ..၊ ပြီးတော့ အတင်းအကျပ် နမ်းဖို့ ကြိုးစားနေခဲ့သော သူ့မျက်နှာသည် ..၊

မဟုတ်ဘူး ..၊ သူ့ဆီက ဒီလို ထိတွေ့မှုတွေကို သူမ ဘယ်တုန်းကမှ စိတ်ကူးထဲမှာ မရှိခဲ့ဘူး ..။

လှဲနေရာကနေ ထထိုင်မိပြန်ကာ သူ ပြောခဲ့တဲ့ စကားတွေကိုပါ သတိရလာသည်။ ဒီလောက်ထိ ပူးပူးကပ်ကပ် ပီပီသသကြီး မက်တဲ့ အိပ်မက်ကို ဘယ်လို ဖျောက်ဖျက်ပစ်မလဲ ..၊

"ဟင်!..."

နှာခေါင်းထဲမှာ သူ့ရဲ့ ကိုယ်သင်းနံ့ကို ရလိုက်သဖြင့် နှင်းဆီ ခါးလေးမတ်သွားသည်။ ပြီးတော့ ခြေသံ ..၊

သူ လာနေတာလား ..၊ ဒါတော့ အိပ်မက် မဖြစ်နိုင်ပါ ..။

"ဟော့ .. မိန်းကလေး .. မင်းကို ဘယ်သူ ဝင်ခိုင်းလိုက်တာလဲ .. မင်းက ဘယ်သူလဲ .."

ဒေါ်ဒေါ်သဲ ရဲ့ အော်ဟစ်မေးသံကို ကြားလိုက်ရသည်။ ပြီးတော့ အသံက ကတိုက်ကရိုက် ပြေးလာသလိုရှိကာ သူမ ရနေသော ကိုယ်နံ့ကတော့ ကိုယ့်ဘေးကို နီးသထက် နီးလာနေခဲ့၏။

"ဟော့ .. မင်းကို မေးနေတာလေ .. မင်း ဘယ်သူ့ဆီကို လာတာလဲ .."

"အဟုန်း .. အဒေါ်ကြီးပါလား .."

မတစ်ယောက်ရဲ့အသံ ပါလား ..၊ ဒီနားကို ဘယ်သူ ရောက်လာတာလဲ ..၊ ဖိုင်း မဟုတ်ရင် ဘယ်သူလဲ ..။

နှင်းဆီ မျက်နှာလေး ငုံ့ရင်း နားစွင့်နေမိ၏။

"ဒေါ်ကြီးက ကျွန်မကို မမှတ်မိပေမယ့် ကျွန်မကတော့ မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ..”

“မင်း ဘယ်သူလဲ ..”

“ဟောမာ .. အဒေါ်ကြီးတို့ အိမ်ငှားနေသွားတဲ့ ဘောအိမ်ကလေ.. ဒေါ်မြတ်ညွန့် ရဲ့သမီး ..”

“ဒေါ်မြတ်ညွန့် .. မမြတ် ..”

“အဟွန်း ..”

ဒေါ်သဲမြ ရေရွတ်ရင်း အံ့ဩနေတာကို ဟောမာ က လက်ပိုက်ကြည့်ရင်း မဲ့လိုက်၏။ ထိုအဖြစ်တွေကို တိုက်ကြီးရဲ့ပေါ်တီကို အောက်ကနေ လက်ပိုက်ကြည့်နေသည့် ဒေါ်ကြာဖြူ က သဘောတွေ ကျနေခဲ့လျက် ...

“ပြောပစ်လိုက်စမ်း .. အဲ့ဒီ မိန်းမလည် အကန်းမကို ..”

အားမလို အားမရ ဖွင့်ဟ ရေရွတ်နေခဲ့သည်။ ဒေါ်သဲမြ ကတော့ ဟောမာ့ ကို သေချာ စိုက်ကြည့်နေတာတောင် မမှတ်မိခဲ့ပေ ..၊ ဟိုမှာ ကိုယ် နေခဲ့ရတဲ့ကာလက သိပ်လည်း မကြာသည့်ပြင် ဒေါ်မြတ်ညွန့် နဲ့ ခွန်မင်းထွန်း နဲ့မှ လွဲလျှင် သူမ ဘယ်သူ့ကိုမှ မသိတာ အမှန်ပင်..။

ဖိုင်း ကို သိနေတာကလည်း ထိုအိမ်ကလူအဖြစ်နဲ့ မဟုတ်ဘဲ သီးခြား ရင်းနှီးမှု တစ်ခုသာ ..၊

“ဘယ်လိုလဲ .. အဒေါ်ကြီးက မေ့တတ်လှချေလား ..၊ ဒါပေါ့လေ ခုချိန်မှာ ဟောမာ တို့ကို မေ့ထားချင်မှာပေါ့ ..”

သူမက နှင်းဆီ ကို လှည့်ကြည့်ပြီးမှ တစ်လှမ်းချင်း လျှောက် သွား၏။

“ဟောမာ ..”

ဒေါ်သဲမြ က စိုးရိမ်စိတ်နှင့် ရှေ့ကနေ ကာကွယ် ရပ်လိုက်ကာ...

“တူမကြီးက ဖိုင်း ရဲ့အစ်မဆိုတော့ ဖိုင်း ဆီကို အလည်လာ တာထင်တယ် ..”





အခေါ်အဝေါ် ဆက်ဆံပုံတွေကို ချိုသာ ပျူငှာစွာ ပြောင်းလဲလိုက်ပေမယ့် ဟောမာ့ မျက်နှာက မဲ့ပြုံးတွေက ပျောက်ကွယ်မသွားခဲ့ပေ ..။

ထို့ပြင် တိုက်ကြီးနဲ့ နှင်းဆီ ကို မျက်လုံးအိမ် လည်ထွက်တော့ မတတ် ဝေ့ဝဲကြည့်ကာ ...

“ဖိုင်း နဲ့ ဟောမာ မောင်နှမဆိုတာ ဘယ်သူ ပြောတာလဲ ..၊ ဟောမာ့ ကိုတော့ မသိဘဲ ဖိုင်း နဲ့ မောင်နှမတော်တာကျမှ မှတ်ထားတယ် ဆိုတော့ လိုရာ ဆွဲတွေးလိုက်ပုံပဲ ..”

“ဒေါ်ဒေါ်သဲ .. သူက ဘယ်သူလဲ ..”

နှင်းဆီ နေရာမှ ထရပ်လိုက်သဖြင့် နောက်လှည့်ကြည့်ကာ ဒေါ်သဲမြ စိတ်ပူသွား၏။ ဖိုင်း ဘယ်ရောက်နေသလဲ ..၊ ဒီနေ့ကျမှ ဒီအချိန်ထိ အပြင်မှာ နေရသလား ..။

“သူက တောင်ကြီးက ဒေါ်မြတ်ညွန့် ရဲ့သမီးလတ်လေ .. ဟောမာတဲ့ .. ဖိုင်း ရဲ့ .. အဲ ..”

“အဟွန်း .. ဖိုင်း က မွေးစားသားပါ .. ဟောမာ က သမီး အငယ်ဆုံး .. ခွန်မင်းထွန်း နဲ့ ဟောမာ မောင်နှမနှစ်ယောက်ပဲ ရှိတာပါ ..”

“အဲ့ဒီတော့ .. နင် ဒီကိုလာတာ ဖိုင်း နဲ့ ဘာမှမတော်ဘူးဆိုတာ လာပြောတာလား ..”

“သိပ်ဟုတ်တာပေါ့ .. ဖိုင်း က မွေးစားသား .. အဲ့ဒါကြောင့် ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ရအောင်ဆိုပြီး ငါ့ချစ်သူနဲ့ ငါ ခိုးရာမလိုက်ခင် အဖေတို့က ငါ့ကို ဖိုင်း နဲ့ လက်ထပ်ပေးခဲ့တာ ..”

“ဘာ!...”

“ငါက ချစ်သူနဲ့ အခွဲခံခဲ့ရတဲ့အပြင် သူ့ကို ငယ်သံယောဇဉ်နဲ့များ နားလည်ပေးမလားဆိုပြီး နောက်ဆုတ်ပေးဖို့ တောင်းပန်ခဲ့တာလည်း မရဘူး .. ငါ့ကို မိဘအားကိုးနဲ့ မရအရ သိမ်းပိုက်တယ် ..ပြီးတော့ ဟိုလူ့ကို မုန်းသလိုလို .. ဒီလူ့ကို နာသလိုလိုနဲ့ ငါ့ဘဝကိုချက်ဆီးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ် ..''

''အို!... မဖြစ်နိုင်တာ ..''

ဒေါ်သဲမြ ဘယ်လိုမှ မယုံနိုင်အောင်ဖြစ်ကာ နားတွေကိုပါ ယောင်ရမ်းပိတ်မိ၏။ နှင်းဆီ ကတော့ နားတွေပိတ်ပစ်ဖို့ အားမထုတ်ပါ ...။

မာနဆိုသည့် မခံချင်စိတ်က အရှက်သိက္ခာတွေ တစုန်းစုန်း ပြိုဆင်းကျနေတာတောင် အံကြိတ်ထားရင်း တင်းခံနေမိသည်။

''နင်က ကန်းသာ ကန်းနေတာ.. ယောကျ်ားတစ်ယောက် ကောက်ကောက်ပါလာတဲ့အထိ ဆွဲဆောင်နိုင်သားပဲ နှင်းဆီမျက်နှာ .. အံ့သြတယ် .. ဒီလောက် ချမ်းသာနေတာတောင်မှ ယောကျ်ားတစ်ယောက်ကို ရှပ်ချော့တာလေး မက်ပြီး အိုမှန်းမသိ .. ပျိုမှန်း မသိ ..''

''ဟော့ .. မင်း သူများခြံထဲကို လာပြီး မိုက်ရိုင်းလှချေလား ..''

''ကျွန်မက ယောကျ်ားအခိုးခံရတဲ့ မိန်းမလေ .. အဒေါ်ကြီးတူမက မမြင်လို့ပဲ နော် .. မြင်များ မြင်ရင် ..''

''တောက်!...''

နှင်းဆီ စိတ်မထိန်းနိုင်တော့ဘဲ ဒေါ်သဲမြ ကို တွန်းဖယ်ပစ်လိုက်ကာ အသံလာတဲ့ဆီကို မှန်း၍ တုတ်ကောက်နဲ့ အားရှိသမျှ လွှဲရိုက်ပစ်လိုက်သည်။

''အား!...''

အမှတ်တမဲ့ ငေးကြောင်သွားသဖြင့် ဟေမာ အပြေးအလွှား ရှောင်လိုက်ပေမယ့် လုံးလုံး မလွတ်ခဲ့ဘဲ လက်မောင်းတစ်ဖက်ကို အဖျားခတ်မိသွား၏။

''ဟိတ် .. ဘာတွေလဲ ရပ်လိုက်စမ်း .. ခု ရပ် ..''

ကားတစ်စီးက ကြမ်းတမ်းစွာ မောင်းဝင်လာကာ ပန်းခြံထဲထိ ခေါင်းတိုးဝင်လာပြီးမှ ရပ်၏။ ပြီးတော့ ဦးထက်ခိုင် ပြေးလာ၍ ဆင်းလာရင်း လှမ်းအော်တာမှန်း သိလိုက်လျှင် ...





ဒေါ်သဲမြ မျက်လုံးတွေ ပြူးကျယ်သွားလေသည်။ တစ်ယောက်ပြီး တစ်ယောက် ရောက်လာနေကြပေမယ့် တစ်ယောက်မှလည်း နိုင်း မဟုတ်ခဲ့သည့်ပြင် ဒီလူတွေနဲ့ နှင်းဆီ ရယ် ...၊

''မင်းက ဒီထိ ဘာလာလုပ်တာလဲ ..''

''ဩော် .. ဦး ပါလား ..''

ဟေမာ က လှည့်ကြည့်ပြီး ရယ်လိုက်ပေမယ့် ဒဏ်ရာကြောင့် မဲ့မဲ့လေး ဖြစ်သွားကာ ...

''ဦးတို့ပဲ ဟေမာ့ ကို ..''

''တော်စမ်း ..၊ ဟိတ် .. မင်းကို ငါ သိချင်တာပဲ မေးခဲ့တာ .. သွား .. ခုချက်ချင်း ငါ့ခြံထဲက ထွက် ..''

''ဘယ်မှာလဲ .. ကျွန်မယောကျ်ား ..၊ ကျွန်မယောကျ်ားကို တွေ့ရမှ ပြန်မယ် ..''

နာကျင်နေသည့် လက်မောင်းကို ဖိအုပ်ကိုင်ရင်း ...

''ခွန်နိုင်း .. ဒီမှာ ရှိနေတာ ဦးပဲ ပြောပြတယ် .. ဦးရဲ့အစ်မက ဒီထိ ခေါ်လာပေးတယ် .. ခုတစ်ခါ ပြန်ထွက်နိုင်းပြန်ပြီ ..''

''အေး .. အဲဒါတွေ အခု ..''

''လူယုတ်မာတွေ .. သေကြစမ်း ..''

''ဟာ!... ဟိတ် .. နှင်းဆီ .. မလုပ်နဲ့ .. နေဦး ..''

တုတ်ကောက်နဲ့ အတင်းလိုက်ရမ်းနေသဖြင့် အားလုံး ဝရုန်းသုန်းကား ရှောင်ပြေးကြရကာ ဒေါ်သဲမြ ခြေထောက်ချင်းတိုက်မိပြီး ဖင်ထိုင်လဲ၏။ ထိုစဉ် တုတ်ချက်က ဝီခနဲ ခေါင်းထက်မှာ ပွတ်ကာသီကာလေး ...၊

''ဟော့ .. နှင်းဆီ တုတ်ချထားစမ်း ..''

ဦးထက်ခိုင် ရှောင်နေရင်း အနားလည်း ကပ်မရ ...၊ တားဆီးလည်း မရဘဲရှိကာ ဒေါသတွေ ဆူပွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယော့ .. ဒီဟာမလေးကို ဆွဲထုတ်စမ်း .."

ဒီတိုင်း သူ ဖြစ်စေချင်ခဲ့တာ မှန်ပေမယ့် အခု သူ လုပ်ရမှာက ဒီလိုအလုပ်တွေ မဟုတ်ပေ ...။

မမဖြူ ...။

သူမကို ဒေါသတွေထွက်ရင် တက်ခေါက်လိုက်မိသည်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သူ အပြတ်ပြောထားပြီးပြီ ...။ ကိုယ့်သဘောနဲ့ကိုယ် ဒီလိုလုပ်လိုက်တာ ဘယ်လိုအချိုးနဲ့လဲ ...။

"သွား .. အဲဒီတစ်ယောက်ကို ခေါ်ထုတ်သွားစမ်း .."

ခြံစောင့်နဲ့ ဒရိုင်ဘာနှစ်ယောက် ပြေးလာကြကာ ယောမှ ကို ဆွဲမလို့ လက်ပြင်ကြ၏။

"မကိုင်နဲ့ နော် .. ကျွန်မအသားကို ထိတာနဲ့ ဘာဖြစ်ကုန်မယ် ထင်လဲ .."

"ဘာမှ ဖြစ်စရာမရှိဘူး .. မင်းကိုတောင် ထောင်ချပစ်လို့ ရသေးတယ် ...။ သွား ဆွဲထုတ် .."

"ဘာတွေလဲ .. ဘာတွေ ပူးပေါင်းကြံပြီး အဝေမတည့် ဖြစ်နေကြတာလဲ ...။ သွား .. အားလုံး ထွက်သွားကြ .. သွားကြ .. ကဲဟာ .."

နှင်းဆီ ခေါင်းတွေ ချာချာလည်နေပြီဖြစ်ကာ ဘယ်သူက ဘယ်သူ့ဘက်က ဘယ်သူ့ကို တိုက်ခိုက် တို့ထောင်နေကြတာလဲဆိုတာ မသိ...။

တစ်ကိုယ်လုံး တုန်ယင်ကာ မောလွန်းသဖြင့် ရင်ဘတ်လေးက ဖားဖိုထိုးသလို ဟောဟဲဆိုက်နေ၏။ သို့သော် အရှက်ကြီး၍ ပွက်ပွက်ဆူနေသည့်သွေးက ဘယ်လိုမှ ငြိမ်သက်စေလို့ မရတော့ဘဲ အသံကြားသမျှကို နားစွင့်လိုက် .. လွှဲရိုက်လိုက်နှင့် ...

"အား!..."

ကျင်းချိုင့်လေးတစ်ခုကို ခြေကျွံနင်းမိကာ လွှဲရိုက်လိုက်သည့်အတိုင်း လူပါ ဟပ်ထိုးလဲသွားလေသည်။





သို့သော် သူမ တစ်ကိုယ်လုံးက မြက်ခင်းပြင်ပေါ်ကို မကျဘဲ ရင်ခွင်တစ်ခုမှာ အင့်ခနဲ ...။

ဖိုင်း ...။

ဒီရင်ခွင် ဒီအနံ့ကို သူမ သိနေသည်။ ဒါပေမယ့် ခုန ယောမှာ ရောက်လာတုန်းကလည်း ဒီကိုယ်နံ့မျိုးပဲ သူမ ရခဲ့တာ သတိရကာ ...

"လူယုတ်မာတွေ .. ဖယ်စမ်း .."

"နှင်းဆီ .. နှင်းဆီ ခဏလေး နားထောင် ...။ ကိုယ် ပြောမယ်.."

"မပြောနဲ့ .. ရှင် .. လူကို လွှတ်နော် .."

"မပြောပါဘူး .. မင်းကို ကိုယ် ရှင်းမပြဘူး ...။ ကိုယ့်ဒေါသနဲ့ ကိုယ် မင်း ဒုက္ခရောက်သွားလိမ့်မယ် .."

"ရောက်ရောက် သေသေ .. ရှင် မလွှတ်ရင် ကျွန်မ ကိုယ့်ခေါင်းကို ရိုက်ခွဲမှာ နော် .."

ဖိုင်း က နှင်းဆီ ကိုင်ထားသည့် တုတ်ကောက်ကိုပါ မရမက လုယူလိုက်ကာ ...

"ကိုယ် အခု ဒီကိစ္စကို သွားရှင်းမယ် ...။ မင်း အထဲဝင်ပါ .."

"သမီးရေ .. လာပါ .. လာပါ .. သမီးရယ် ...။ လာပါ နော် .."

ဒေါ်သဲမြ လက်ထဲမှာ နှင်းဆီ ရုန်းနေရင်း ဘာတွေဖြစ်ကျန်ခဲ့ပြီမသိ ...။ ဖိုင်း နေရာမှ မလှုပ်မယှက်ရပ်နေရင်း ခြံဝကနေ အော်နေသည့် ယောမှ ကို စူးစိုက်ကြည့်သည်။

ပြီးတော့ ဦးထက်ခိုင် ဆီ မျက်လုံးတွေ ရွေ့လျားသွားလျှင် ...

"ငါ မဟုတ်ဘူး ဖိုင်း .. ငါ သိလိုက်လို့ အချိန်မီ ပြေးလာတာ .. ငါ လုံးဝ မဟုတ်ဘူး ...။ အဲဒါတွေ မမဖြူ လုပ်လိုက်တာ .. မင်း ငါ့ကို ဒုက္ခပြန်ပေးဖို့ မကြိုးစားပါနဲ့ .. ငါ မလုပ်ဘူးဆိုတာ သစ္စာဆိုရဲပါတယ် ...။ ငါ့ဂုဏ်သိက္ခာအတွက် ဒီလိုကိစ္စလောက်မှာ ငါ ဘယ်တော့မှ စတေးမှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်နိုင် တတွတ်တွတ် ရှင်းပြရင်း ရှေ့ကိုတိုးလာသည်။ ဇိုင်းက အံကြိတ်ရင်း နောက်ထပ်ဆုတ်၏။ ပြီးတော့ ချာခနဲ လှည့်ပြေးကာ ခြံဝသို့ ...

"ဇိုင်း ငါ့ကို မင်း ယုံပါ .. မင်းကို ငါ မုန်းပေမယ့် ဒါမျိုးလုပ်ပြီး ငါ့သိက္ခာ ငါ မချဘူး .."

ဇိုင်း နဲ့ သူ ဘယ်လို နိုင်ကွက်တွေ ရှိခဲ့ကြသလဲဆိုတာ မသိဘဲ မမဖြူ လုပ်ရက်လွန်းသည်။

"ပွဲကပြီးပြီ .. အားလုံး ပေါ်သွားပြီလေ .. မင်းက ဘာကို တောင်းပန်နေတာလဲ .."

နားထဲမှာ ပူပြင်း လောင်မြိုက်သွားသည့် စကားသံ ..၊

လှည့်ကြည့်လိုက်တော့ မမဖြူ က တင်းမာသည့်မျက်နှာနှင့် —

"ဇိုင်း ဆိုတဲ့ သတ္တဝါ ဒီခြံထဲကို ပြန်ဝင်ရဲတော့မှာ မဟုတ်ဘူး — နှင်းဆီ ကို မင်း သဘောကျ .."

"ခင်ဗျား!... ခင်ဗျား တော်တော့ .."

ဦးထက်နိုင် မျက်နှာပြင်မှာ ချွေးတွေစို့ရွဲနေကာ ပြုကျနေသည့် ဆံပင်တွေကပါ နဖူးထက်မှ ချွေးစတို့နှင့် ဖရိုဖရဲ ကပ်ငြိနေကြ၏။

"ကျုပ် .. ကျုပ် အခု လိုချင်နေတာ နှင်းဆီ မဟုတ်ဘူး .."

ဒေါ်ကြာဖြူ မျက်နှာကို လက်ညှိုးနဲ့ ထိုးညွှန်ပြီးမှ ...

"ခင်ဗျားနဲ့ ဝေးရဖို့ပဲ ..၊ ခင်ဗျား ကျုပ်နားက ခု ထွက်သွား —"





## အခန်း (၄၄)

"နှင်းဆီ .."

ကိုယ့်နားမှာ သူ့ရဲ့ကိုယ်နံ့တွေ ရောက်လာတိုင်း ဟေမာ ဆိုတဲ့ မိန်းမကို သတိရသည်။ နှင်းဆီ ကိုယ်လေး မသိမသာ တောင့်မတ်သွားတာ နောက်ကို လှည့်မကြည့်ဘဲ အံကြိတ်၏။

"ကျွန်မ ဘယ်သူနဲ့မှ စကားမပြောချင်ဘူး .."

"ကိုယ်ကလည်း မင်းနဲ့ ပြောဖို့လာတာ မဟုတ်ပါဘူး .. ကိုယ်ပြောတာလေးကို ခဏ နားထောင်ပါ .."

"ဇိုင်း .."

နှင်းဆီ ဖျတ်ခနဲ နောက်လှည့်လိုက်သဖြင့် ဆံနွယ်တွေပါ လွင့်ထက်သွားခဲ့၏။

"ရှင် ပြောပြမယ့် အကြောင်းတွေကို ကျွန်မ ဘာမှမသိချင်ဘူးလို့ ပြောပြီးသား နော် .."

"ကိုယ်ပြောမယ်ဆိုတာ အဲဒါတွေ မပါဘူး နှင်းဆီ .. မင်းနဲ့ကိုယ် ဘယ်သူ့ကြောင့် ဘာပြဿနာတွေရှိလာလာ အဓိကက ကိုယ့်ကို ဘာအတွက် လက်ထပ်ခဲ့တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ခဏစောင့်နေပြီးမှ ရှေ့ကို နည်းနည်း ထပ်တိုး၍ ...

"ကိုယ်နဲ့ ဟေမာ လက်ထပ်ခဲ့တဲ့အကြောင်းကို ဘာကြောင့်ပါလို့ ကိုယ် ရှင်းမပြပါဘူး .."

"ရှင်းလည်း အပိုပဲလေ .. ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ရှင်က မိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့တဲ့လူ ..၊ ကျွန်မက ဟေမာ ပြောခဲ့သလို သူများယောကျ်ားကို .."

"မဟုတ်ဘူး .. အဲဒါကို ကိုယ် ရှင်းပြခွင့်မရရင် မင်းလည်း မပြောပါနဲ့တော့ .."

ဖိုင်း က မကြားရဲသလို ထိတ်ထိတ်ပျာပျာ တားဆီးရင်း ဆံပင်တွေထဲ လက်ထည့်၍ ဖွ၏။ ပြီးတော့ ကျွတ်ခနဲ ဖြစ်သွားလျက် ...

"ကိုယ် ခု ပြောချင်တာက မင်းနားမှာ ကိုယ်ရှိနေမှ ဖြစ်မှာ – အဲဒါလည်း အချိန်ကာလလေးတစ်ခုထိပဲ ..၊ မင်း ကိုယ့်ကို ဒီက မောင်းမထုတ်ပါနဲ့ နှင်းဆီ .. မင်းအတွက် ပြောနေတာပါ .."

နှင်းဆီ က ပခုံးပါသွားအောင် မဲ့သည်။ ပါးပြင်ထက်သို့ မှေးခ လိမ့်ဆင်းသွားသည့်မျက်ရည်စက်က သူမရဲ့ မဲ့ပြုံးနှင့် ဆန့်ကျင်သော နာကျင်မှုအရှိန်ကို ဖော်ပြနေကြ၏။

သူမကိုယ် သူမရော သိရဲ့လား..၊

အခန်းထဲကို ဝင်လာမလို့ တံခါးဝရောက်လာပြီးမှ ရပ်တန့်သွား သော ဒေါ်သဲမြ က ထိုမျက်ရည်စကို လှမ်းမြင်ပြီး ခေါင်းတခါခါ ဖြစ် သွား၏။

"မင်းအတွက် မလိုအပ်တော့တဲ့အချိန်ရောက်ရင် ကိုယ့်ဘာသာ ထွက်သွားမှာပါ .. မင်း နှင်လွှတ်ဖို့ မလိုပါဘူး .."

"ခုလည်း သွားလို့ရတယ် ဖိုင်း .. ဦးထက်ခိုင် ရဲ့ရန်စွယ် မ သေးပေမယ့် ကျွန်မဘာသာ ရှင်နဲ့ စာချုပ်ကို ဖြေပေးလိုက်မယ် – ချေးငွေအဖြစ် မှတ်ထားသမျှကို .."





"မဟုတ်ဘူး .. ကိုယ်ပြောနေတာ ငွေကြေးကဏ္ဍ မပါသေးဘူး..၊ ကိုယ့်အတွက်လည်း မပါဘူး .. မင်းကို စိတ်ပူလို့ပါ .."

နှင်းဆီ က နှုတ်ခမ်းမဲ့မဲ့လေးနှင့် ပြတင်းပေါက်ဘက်ကို ပြန်လှည့် သွား၏။ ဒီလူတွေကို မုန်းသည် တဲ့ ..၊ ဒီလူတွေထဲကပဲ သူ လက်ထပ် ပေါင်းသင်းခဲ့တာ ..၊

ပြီးတော့ မုန်းသည်ဆိုပြီး ထားရစ်ခဲ့သည်လို့ ဟေမာ အော်ဟစ် ပြောသွားခဲ့သည် ..၊ ဒါတွေကို သူ ရှင်းမပြနိုင်တည်းက အားလုံးက မှန်နေလို့ပေါ့ ..၊

မရှင်းပါနဲ့ .. မပြောနဲ့ ဆိုပေမယ့် 'မရှင်းပါဘူး'ဆိုတော့လည်း ရင်နာမိသည် ..၊ သူဟာ ဒီလိုယောကျ်ားမျိုး ဖြစ်လိမ့်မယ်လို့ ဖြစ်နိုင်ချေ ထဲမှာတောင် ထည့်မတွေးမိပါ ..။

လက်ထပ်ပြီးပြီဆိုတည်းက မြင်နေ ကြားနေခဲ့သမျှ သူက တည် ကြည်ဖြောင့်မတ်တဲ့ သူ ..၊

"လူကြီးတွေ ပြောတဲ့စကား မှန်တယ် .. ခုခေတ်မှာ လူရိုးဆိုတာ သချိုင်းမှာတောင် မရှိတော့ဘူး .. သင်္ချိုင်းမှာ...သကြိုဟ်စက်ထဲ ထည့်ပစ်တဲ့ခေတ်တဲ့"

"ပြောပါ .. မင်းရဲ့ဒေါသတွေကို ဖုံးလွှမ်းအောင် ကိုယ် ဘာမှ အငြင်းမပွားပါဘူး ..၊ ဒါပေမယ့် ကိုယ့်ကို မောင်းထုတ်လိုက်ပြီဆိုတဲ့ သတင်းက ဒီကလူတွေကြားထဲမှာ မပျံ့နှံ့ပါစေနဲ့ .."

သူ လှည့်ထွက်လာခဲ့တာ နှုတ်ဆက်ဖို့လည်း သတိမရပေ ..၊

"လူလေး .."

ဒေါ်သဲမြ နောက်ကပါလာမှန်း သိမှ ခြေလှမ်းတုံ့ စောင့်မိရင်း...

"ကျွန်တော် ဘယ်မှမသွားပါဘူး .. နှင်းဆီ ကိုပဲ စိတ်လိုက်မာန်ပါ မလုပ်ဖို့ ပြောပေးပါ .. အထူးသဖြင့် ဦးထက်ခိုင် ရှေ့မှာ ကျွန်တော်နဲ့ ကွာတ်လမ်းပြတ်ပြီ ဆိုတာမျိုး .."

"အဒေါ် သိပါတယ် သားရယ် .. သမီးလေးကလည်း သားကို



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ..”

သူ ခေါင်းခါလိုက်တော့ ဒေါ်သဲမြ စကား ရှေ့မဆက်နိုင်ဘဲ ရပ်တန့်သွားခဲ့၏။

“ကျွန်တော့်အတွက် သူ့ရဲ့ သနားသဖြင့် ခွင့်လွှတ်ပေးခြင်း မလိုပါဘူး ..”

“ဟင်!...”

“သူ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေ.. ကျွန်တော် ကျေနပ်တယ်”

“နေပါဦးကွယ် ..”

သူ အောက်ထပ်ကို ဆင်းလာတော့လည်း ဒေါ်သဲမြ က ပါလာကာ ...

“ယောမာ က လူလေးနဲ့ ဘာမှမတော်မှန်းက လူတိုင်း သိပါတယ်.. ဒါပေမယ့် လက်ထပ်ကြဖို့ ဆိုတာက ..”

“ကျွန်တော် တကယ် လက်ထပ်ခဲ့ရတာ ..”

“ဘာ!...”

“ဒါပေမယ့် မဟုတ်တော့ဘူး .. အားလုံးက ပြီးသွားပါပြီ ..”

“ဘာပြီးတာလဲ ဟင် .. ဘာကိုလဲ ..၊ လူလေးတို့ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘာကြောင့် ရှင်းမပြနိုင်တာလဲ ..”

“ရှင်းရအောင် ဘာမှ ကျွန်တော် မရှုပ်ခဲ့ဘူး အဒေါ် ..”

“ဒါပေမယ့် ယောမာ က ဒီလောက်တောင် အနိုင်အမာ ..”

“သူ ပြောသွားတယ် .. ယုံလည်း ယုံကြတာပဲလေ ..၊ ရှိပါစေတော့ ..”

“ဘယ်လို .. ဘယ်လို ..၊ ရှိစေတော့ဆိုတာက လူလေးက သူနဲ့ပဲ ပေါင်းသင်းသွားတော့မယ်လို့ ပြောတာလား .. ဒါတွေက အမှန်တွေပေါ့ ဟုတ်လား ..”

နိုင်း မျက်နှာ ဖျတ်ခနဲ ငုံ့ကြည့်လာတော့ မျက်ဝန်းထောင့်တွေပါ





နီရဲနေ၏။ ပြီးတော့ မေးရိုးနှစ်ဖက် လှုပ်ခတ်သွားတဲ့အထိ အံကြိတ်လိုက်ရင်း ...

“ပေါင်းရအောင် ကျွန်တော်တို့က လင်မယား မဟုတ်ဘူး အဒေါ်.. ဘယ်ဟာ အမှန်တရားပါဆိုတာ ပြောပြရင်လည်း ဘာမှမထူးပါဘူး..”

ရှိစေတော့ ထားလိုက်ချင်ပေမယ့် ယောမာ ဆိုတဲ့အသံ ကြားတိုင်း ဒီမျက်နှာတွေကို မြင်ယောင်ကာ ရင်ထဲမှာ နာကျင်မှုက ပြည့်တည်နာ ထက် ခံရခက်၏။ ထိုနေ့ကပဲ သူမ ပါးစပ်ကနေ အရှက်သိက္ခာမဲ့သော စကားတွေ ပြောသွားခဲ့တာ ကရားရေလွှတ် ..၊

“ငွေပေးလို့ လုပ်တယ်များ နင်က ထင်နေလား နိုင်း .. ဝေးသေးတယ် ..၊ နင့်ဟာမလောက် မချမ်းသာပေမယ့် ငါတို့လည်း မဆင်းရဲဘူး နော် .. ငါ ငွေမမက်ဘူး ..၊ နင် ဒုက္ခရောက်တာကိုပဲ လိုချင်တာ ..”

“နင့်လောက် မာန်မာနထောင်လွှားခဲ့တဲ့ကောင်က မြို့က ကျိုကျိုတက်ချမ်းသာတဲ့မိန်းမနဲ့ ရသွားရင် ကောင်းကင်လေ မိသွားပြီပေါ့..”

“နင် ငါတို့ထက် မကျော်ရဘူး .. ငါတို့ထက် အမြဲတမ်း နိမ့်ကျနေရမယ် ..၊ ငါ့ကို မတူသလိုမတန်သလို ပြောဆိုပြီး စားသောက်ဆိုင်မှာ သားခဲ့တည်းက ငါ့ရဲ့အငြိုးက စိဋ္ဌမာနထက် ပိုတယ် .. အဲဒါကြောင့် ဦးထက်နိုင် တို့ တစ်ယောက်တစ်မျိုး ဆက်သွယ်လာတည်းက ငါ ဘာလုပ်ရမလဲ ဆိုတာ နားလည်ခဲ့တာ ..”

“နင်နဲ့ ငါ လက်ထပ်ခဲ့တာပဲ မဟုတ်ဘူးလား .. ငါ မဟုတ်တာ မပြောဘူး နော် .. နင့်ကို ဒုက္ခပေးဖို့အတွက် မုသားတော့ သုံးလိုက်ရတာပေါ့ .. အခု ငါ ဖြစ်စေချင်သလို ဖြစ်သွားပြီ .. ငါ ကျေနပ်တယ်..”

“နင် ကောင်းစားမယ့်နေရာမှာ ငါ ရှိနေတာကိုက နင် ကံဆိုးတာပဲ .. နောက်ထပ်လည်း ငါ့ကိုမှ နင် လွတ်အောင် မရှောင်နိုင်ရင် ..က်ဦးမှာပဲ” တဲ့ ...။

ပြောသွားတာတွေက အများကြီးပါ .. သူ ဒေါသထွက်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်နေရုံကလွဲ၍ ဘာတစ်ခွန်းမှ မချေပနိုင် ...။

"လူလေးက သူ့နောက်ကို ပြေးလိုက်သွားတော့ အဒေါ်လည်း လူလေးတို့ကို လင်မယားလို့ပဲ ထင်ခဲ့တာ .."

သူ ဆေးငိုင် တိတ်ကျသွားသဖြင့် ဒေါ်သဲမြ က သက်ပြင်းမျှင်းမျှင်း ချ၍ စကားစလာခဲ့ရင်း ...

"လူလေးကို အဒေါ်ကိုယ်တိုင် ယုံကြည်ခဲ့တဲ့အတွက် မျက်မမြင် သူဌေးသမီးလေးတစ်ယောက်ရဲ့အနားမှာ ယုံကြည်အားကိုးစွာ နေစေခဲ့တာပါ .. ခုချိန်ထိလည်း မင်းကို အဒေါ် သူများတွေလို မယိုးစွပ်ချင်သေးဘူး .. မင်းတို့မိသားစုမှာ အကြောင်းတစ်စုံတစ်ရာ ရှိခဲ့တယ်ဆိုရင်တော့ အဲဒါကို ရှင်းပြစေချင်တယ် .."

ဖိုင်း ငြိမ်သက်နေတာကို ဒေါ်သဲမြ က ကြည့်ကာ ...

"အဒေါ့်ကို မဟုတ်ရင်တောင် သမီးကိုတော့ အကျိုးသင့် အကြောင်း သင့် .."

"ကျွန်တော် မရှင်းဘူး အဒေါ် .. ဘာပြောပြော မယုံကြည်ဖို့ အသင့်ရှိနေတဲ့သူကို သူ ယုံအောင် သက်သေပြဖို့လည်း ကျွန်တော် မတတ်နိုင်ဘူး .. ဟေမာ့ နောက်ကို ကျွန်တော် ပြေးလိုက်သွားတာက ခြံဝကနေ မဟုတ်တာမ်းတရားတွေ လျှောက်အော်နေရင် အားလုံး သိကွာ ကျကုန်မှာ စိုးလို့ပါ .."

"မင်းနှယ် ကွယ် .."

"အဲဒီလိုအဖြစ်မျိုး ကြုံလာနိုင်တယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် လည်း တစ်ခါမှ မတွေးခဲ့ဖူးဘူး .. ဒါပေမယ့် ဖြစ်နိုင်ချေတွေနဲ့ ယုံအောင် ပြောနိုင်တဲ့ သူ့စကားတွေကို တိုးပေါက်အောင် ကျွန်တော် မပြောတတ် ဘူး.. ကျွန်တော် ဟေမာ့ ကို လက်ထပ်ခဲ့ဖူးတယ် ...၊ ဒါပေမယ့် ကွာရှင်း စာချုပ်နဲ့ တစ်ခါတည်း ပူးတွဲ လက်မှတ်ထိုးခဲ့တာပါ .."

"ဘယ်လို!..."





"အဲဒီလက်မှတ်ပေါ်မှာ ချစ်ခင်တွယ်တာတွေ မပါဘူး .. ဓလေ့ဆင် အနှစ်နာခံလိုခြင်းတွေနဲ့လည်း မဟုတ်ဘူး .. ကျွန်တော့် တစ်သက်လုံး ဂရုမစိုက်ခဲ့ဖူးတဲ့ အမေ့ကျေးဇူးကို ပထမဆုံးနဲ့ နောက်ဆုံး ဆပ်ခဲ့တာ ပဲ .."

ဖိုင်း က ကြမ်းပြင်ကို ငုံ့ကြည့်နေရင်း နောက်ကို ပြန်လှည့်ကြည့် သည်။ ပြီးမှ ...

"နှင်းဆီ မျက်လုံးခွဲရတော့မှာဆိုတော့ သူ့ကို ဒီ့ထက်ပိုပြီး စိတ် အနှောင့်အယှက် မဖြစ်စေချင်ဘူး.. ဒီ မပြေလည်မှုတွေကြောင့် ဦးထက်နိုင် တို့က ကြားဝင်နှောင့်ယှက်မှာ စိုးတယ် .. ကျွန်တော်က ရှိနေမှာပေမယ့် သူ့နား ကပ်ခွင့်ရမှာ မဟုတ်ဘူးလေ .. အဒေါ်ကပဲ သူ့ကို ဟိုတုန်းက ထက် ပိုပြီး ဂရုစိုက်ပေးပါ .."

ဖိုင်း က နှုတ်ဆက်စကား မဆိုဘဲ လှည့်ထွက်သွား၏။ လက်ထပ် ခဲ့သည် ...၊ ကွာရှင်းခဲ့သည် ...။

ဘာတွေ ဘယ်လိုဖြစ်ဖြစ် ဟေမာ ဆိုတဲ့ကောင်မလေး တမင် လာနှောက်သွားတာပဲ ...၊

ဒီလိုတွေဖြစ်အောင် လုပ်ကြတာက ဦးထက်နိုင် တို့ မောင်နှမ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"ငါနဲ့ ဘာမှမဆိုင်ဘူးဆိုတာ မင်း ယုံမှဖြစ်မယ် ဖိုင်း .."

"ပြီးခဲ့တာကို စိတ်မဝင်စားဘူး ဦးထက်ခိုင် .. ခင်ဗျား ကိုယ့်အသိနဲ့ကိုယ် ဂုဏ်သိက္ခာ ပြည့်ဝနေတာကိုလည်း ကျုပ် မလိုချင်ဘူး ..၊ အဲဒီတော့ ကျုပ်တို့ချင်း အပေးအယူတစ်ခု လုပ်ထားပြီး ဒီကိစ္စကို လက်စတုံးမယ် .."

"အေး .. ရတယ် .. မင်း ဘယ်မှာလဲ .. အခု ငါ့ရုံးခန်းကို လာမလား .."

"ကျုပ် ရွှေစံအိမ်မှာ ရှိတယ် .."

ဖုန်းပိတ်လိုက်ရင်း တက်ခေါက်လိုက်မိသည်။

မလောက်လေးမလောက်စား ကောင်လေးက 'ကျုပ်'နဲ့ 'ခင်ဗျား'နဲ့ ပြောနေတာ နားထဲမှာ ခါးနေသည်။

ပြီးတော့ ဒီလိုကောင်မျိုးကိုမှ သူ အောက်ကျို့ ဆက်ဆံနေရ၏။ ကမ္ဘာကြီးမှာ ဥက္ကဋ္ဌရာထူးရွေးချယ်ပွဲသာ ရှိမနေခဲ့လျှင် သူ ဒီလောက်ထိ စိတ်ညစ်ခံနေမှာ မဟုတ် ..၊

ဘဝမှာ နှင်းနှင်းမြတ် ဆိုသည့်မိန်းမနဲ့ ဆုံစည်းခဲ့လေမှ သူ့ဘဝဘာတွေ ဖြစ်ပျက် ပြောင်းလဲနေခဲ့သလဲ ..၊





"ဒုန်း .."

ကားကို ဆိုင်ရှေ့မှာ ပါကင်သွင်းရင်း နောက်က ပလက်ဖောင်းအုတ်ခုံနဲ့ ဘန်ဘာ ဒုန်းခနဲ ပစ်ဆောင့်မိ၏။ လင်န့်ခရူဇာ မောင်းနေကျမို့ ဒီလိုခုံမျိုးကို သတိထားဖို့ မေ့နေခဲ့၏။

ကားနဲ့ ကိုယ့်ကို လူတွေ သတိမထားမိအောင် ကုတ်အင်္ကျီကိုလည်း ချွတ်ထားခဲ့သည်။ သူများရဲ့တက္ကစီကို ခဏယူမောင်းခြင်းဖြင့် ရုပ်ဖျက်လာခဲ့တာ ဖိုင်း လိုကောင်နဲ့ တကူးတက လာတွေ့ရတဲ့လူက ဦးထက်ခိုင်မှန်း လူ မသိစေချင်လို့ ..၊

လှမ်းကြည့်လိုက်တော့ ဖိုင်း ကို တန်းတွေ့သည် ..၊ သူ့ဘေးမှာ မျက်နှာပြားပြားနှင့် အသားဖြူဖြူ လူငယ်တစ်ယောက် .. ခြေလှမ်းတွေ မရပ်သေးခင် ဒီကောင်ရော ငါ့အကြောင်းတွေ သိနေပြီလားလို့ တွေးမိသေးသည်။

'လူကြီးတွေ မရှိကြတော့သည့်နောက်မှာ ကျွန်တော်တို့မောင်နှမပဲ အတူတူ နေလာခဲ့တာ'လို့ မိတ်ဆွေအသိုင်းအဝိုင်းတွေထဲမှာ သူ ပြောထားခဲ့သည်။

အိမ်မှာ ဒင်နာလုပ်ခဲ့တိုင်း ရောက်လာကြတဲ့ မိတ်ဆွေတွေကိုလည်း 'ဒါ ကျွန်တော့်အစ်မ'လို့ မိတ်ဆက်ပေးဖူး၏။ ဘယ်သူကများ ဝမ်းကွဲလား .. အရင်းလားလို့ နောက်ထပ် စပ်စုကြမှာလဲ ..၊

မောင်နှမအရင်းတွေလိုလို .. မရင်းပေမယ့် အရင်းကဲ့သို့ ချစ်ခင်ကြသလိုလို တစ်သက်လုံး နေလာခဲ့ကြတာ ..၊ ဒါကို ပြန်တွေးမိတိုင်း ဦးထက်ခိုင် တစ်ရေးနိုး ထလန့်သည် ..၊ အာခေါင်ခြောက်၍ ရေတွေ ထသောက်ရ၏။

တစ်ခါတလေ မှားခဲ့တာကို မေ့ထားခဲ့သည်..၊ မောင်နှမ ဆိုပေမယ့် သုံးဝမ်းလောက် ကွဲကြတာပဲ ..၊ တစ်ခါနှစ်ခါမက မှားလာတော့လည်း သူ့အပြစ်ကို ဖုန်ခံပေမယ့် မမဖြူ က အပြောတောင် မခံ ..၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်ထောင်ရေးကိုပဲ အကောင်းဆုံးဖြစ်အောင် နေပါ"တဲ့..၊

ဒါတွေမှာ ကျေးဇူးတင်ခဲ့ဖူးသည် .. ယောက်ျားတစ်ယောက်၏ ရယူခွင့်ရှိခြင်းတွေကို ပြန်တွေးပြီး မမဖြူ နဲ့ ကင်းကင်းနေဖို့က ကိုယ့်တာဝန် မဟုတ်သလိုလို ဘာသောကမှ မရှိခဲ့ ..၊ ဒါတွေ ခုကျမှ ဘာဖြစ်လို့ ရေကျမယ့်အပြစ်ကြီးတစ်ခုလို စုပုံ မီးလောင်ခဲ့တာလဲ ..၊

"မင်း ဘာဖြစ်ချင်တာလဲ .."

"ကျုပ်ဘက်က လိုချင်တာ ဘာမှမရှိဘူး .. ဒါပေမယ့် ခင်ဗျား လိုချင်တာကို ကျုပ် ဘယ်တော့မှ မပေးဘူးဆိုတာ သိစေချင်တာ .."

"ဘာကွ!..."

"ကျုပ် ပေးနိုင်တာက ခင်ဗျား နှင်းဆီ အပေါ်မှာ မဆိုးသရွေ့ ကျုပ် မဆိုးဘူး .."

"မင်းကို ငါက ဘယ်လို ယုံကြည်ရမှာလဲ .."

"ခင်ဗျားလည်း စာချုပ်စာတမ်းနဲ့ မှားခဲ့တာမှမဟုတ်ဘဲ .. ကျုပ်ကို ယုံကြည်အောင် ဘယ်ပေါ်မှာ လက်မှတ်ထိုးစေချင်တာလဲ .."

ဦးထက်ခိုင် စားပွဲအေးမှာ မထိုင်နိုင်ဘဲ ကုန်းကုန်းကွကွ ရပ်နေရင်း အံလည်း ကြိတ်၏။ ပြီးတော့ မင်းခမ်း ရဲ့မျက်လုံးတွေကို အကဲခတ်လိုက် .. ခိုင်း နဲ့ ပြောလိုက် ..၊

"မင်း ဘယ်နှစ်ယောက်လောက် ဖွပြီးပြီလဲ .."

"ဘယ်သူမှ မသိဘူး .. ခင်ဗျား ဒါအတွက် အသက်လောက် တန်ဖိုးထားသလို ကျုပ်အတွက်လည်း နှင်းဆီ က ကျုပ်အသက်ထက် တန်ဖိုးကြီးတယ် .."

"လုပ်မနေနဲ့ ဟိတ်ကောင် .. မင်းကိုယ်မင်း ဘာကောင်ဆိုတာ မမေ့နဲ့ဦး ..၊ ငါ မင်းကို အလဲထိုးနိုင်တယ် .. မနိုင်လို့ မဟုတ်ဘူး ..၊ ဒါပေမယ့် အောက်တန်းကျတာတွေ ပြိုင်မလားဆိုရင် ငါ မင်းကို မီမှာ မဟုတ်တော့ .."





"အဟွန်း .."

ခိုင်း က ခေါက်ဆွဲလက်စတွေနဲ့ ပန်းကန်ထဲက တူကို ကိုင်၍ ကစားစရာတစ်ခုလို ဆော့နေရင်း ...

"ခင်ဗျားဘာသာ အမြဲတွက်နေတာကတော့ သိပ်မမိုက်ဘူးဗျ.. အဲဒီတော့ ခင်ဗျား အခု ကျုပ်ကို အောက်တန်းကျတယ်လို့ စွပ်စွဲပြီးပြီ.. ခင်ဗျား အောက်တန်းကျတာကို စွပ်စွဲနိုင်ဖို့ ကျုပ်ဘက်က လိုသေးတာပေါ့ .."

ဦးထက်ခိုင် မျက်မှောင်ကုတ်သွားသည်။ မင်းခမ်း ကို ကြည့်တော့လည်း ခိုင်း ဘာပြောနေမှန်း နားမလည်သောမျက်လုံးတွေနှင့် ကြည့်နေတာ တွေ့၏။

သူ ရောက်လာတည်းက 'ဘာပြဿနာလဲ'ဆိုသည့် အကြည့်တွေကိုလည်း သူ သတိထားမိပါသည်။ ဘာပဲပြောပြော ခိုင်း ဟိုကိစ္စကို ပါးစပ်ဖွာမထားဘူးဆိုတာ သူ ယုံကြည်နေဆဲ ..၊

"ခင်ဗျားက ပြိုင်ဆိုင်ပြောလာတော့ ကျုပ်ကလည်း နိုင်ချင်တယ်လေ .. အခု အားလုံးသိသွားအောင် ကျုပ်ဆီက စီဒီလေးတစ်ချပ်ကို ဟိုစက်ထဲ သွားထည့်နိုင်းလိုက်ရင် .."

"ဟာ!... ဟေ့ .. မင်း ဒီလို မလုပ်နဲ့လေ .. မင်းနဲ့ ငါ ဒါကြောင့် ငြိနေတာ နော် .."

ခိုင်း က ရယ်လိုက်ရင်း တူကို ပန်းကန်ထဲ ပစ်ချလိုက်၏။ ပြီးတော့ စားပွဲမှာ ဖြန့်းခနဲ လက်ထောက်ပြီး ထရပ်လိုက်၏။

နှစ်ယောက် မျက်နှာချင်းဆိုင်မိကြတော့ နီရဲတင်းမာနေသည့် ခိုင်း ရဲ့မျက်နှာကို ဦးထက်ခိုင် ပြန်၍ အံ့ဩနေမိရကာ ...

"ငါ ပြောတာက .."

"မပြောနဲ့ ဦးထက်ခိုင် .. ခင်ဗျား ကျုပ်ဒေါသကို နောက်ထပ် နှိုးဆွလာရင် ကျုပ် သည်းခံနိုင်မှာ မဟုတ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘက်ကလည်း မင်းကို ယုံကြည်ဖို့က ..."

"မယုံကြည်ရင် ခု ပြန်သွားလို့ ရတယ် .. ခင်ဗျား တန်ဖိုးထားတာက ဂုဏ်သိက္ခာ ..၊ ကျုပ် တန်ဖိုးထားတာက မိန်းမတစ်ယောက်ရဲ့ အေးချမ်းလုံခြုံမှု .. နွံနစ်သွားတဲ့ပတ္တမြားကို ပြန်ကောက်ရ ခက်ပေမယ့် သဲထဲကျသွားတဲ့ သံကြားလုံးထက် အဖြစ်မဆိုးပါဘူး ..၊ ခင်ဗျားရဲ့ ရိုက်ချက်ကြောင့် ကျုပ် မသေနိုင်ပေမယ့် နာရာဝဲစွဲတဲ့ အဖြစ်မျိုး .."

"အဲဒါကို ငါ လုံးဝ မလုပ်ဘူး ဇိုင်း .."

"ဒေါ်ကြာဖြူ လုပ်တာလို့ လွှဲချမလို့လား .. ငါ့မယုံ ငါ့မယား မေးကြည့် ဆိုတာမျိုး .."

"မဟုတ်ဘူး .. သူနဲ့ ငါလည်း လိုင်းကွဲသွားပြီ .. မင်း ဒီအနာခံစိတ်နဲ့ ငါ့ကို အငြိုးမထားနဲ့ နော် .."

"မထားဘူး .. မပြောရလေ ကောင်းလေပဲ ..၊ အခု ခင်ဗျား ရောက်လာတဲ့ကိစ္စကို ကျုပ်တို့ အလုပ်ဖြစ်မဖြစ် ဆုံးဖြတ်ပြီးရင် ခင်ဗျား ပြန်လို့ရပြီ .."

ဦးထက်ခိုင် မျက်လုံးတွေ မင်းခမ်း ဆီ ရောက်သွားပြန်သည်။ မင်းခမ်း က မျက်ခုံးနှစ်ဖက် ပင့်၍ နေရာမှ လှုပ်လှုပ်ရွရွ ထဖြစ်ကာ...

"ငါ ပြန်နှင့်မယ်လေ .."

"မလိုဘူး ဟေ့ကောင် .. ထိုင်နေ .."

ဇိုင်း မျက်နှာတင်းနေကာ ဦးထက်ခိုင် ကို စူးစူးရဲရဲ စိုက်ကြည့်၍—

"ထပ်ပြောမယ် .. ခင်ဗျား ကျုပ်ကို မယုံကြည်တာတွေ ယုံကြည်နိုင်ဖို့ တစ်စုံတစ်ရာ မျှော်လင့်တာတွေ ဘာမှ ထပ်မပြောနဲ့.. ကျုပ်ဆီက ခင်ဗျား ဘာမှ ရမှာမဟုတ်သလို ခင်ဗျားဘက်က ဘာလုပ်သင့်တယ် ဆိုတာ ခင်ဗျားဘာသာ သိရမယ် ..၊ ဘယ်လိုနေရမယ်ဆိုတာလည်း ခင်ဗျားကိုယ်တိုင် နားလည်ရမယ်.. နှင်းဆီ နဲ့ပတ်သက်ပြီး သူနဲ့ ခင်ဗျား ရှိခဲ့ဖူးတဲ့ ပြဿနာမျိုးတွေ ထပ်ဖြစ်လာတဲ့ နေ့ .."





"ဟား .. ဟား .. ဟား .. မင်းက စကားလုံးတွေ အကြီးကြီးနဲ့ ငါ့ကို ပစ်ပေါက်နေပါလား .. ရှုပ်ထွေးမှု .. အဆင်မပြေမှုတွေ ဆိုတာ အချိန်တိုင်း ဖြစ်နေမှာ မဟုတ်ဘူးကွ .."

"ခင်ဗျား ကြိုက်သလို ဖြေရှင်းလေ .. ကျုပ်လက်ထဲမှာ ခင်ဗျားရဲ့ ဂုဏ်သိက္ခာ အစိတ်အပိုင်းတွေ ရှိနေတယ်ဆိုတာ မမေ့နဲ့ပေါ့ .."

"ဇိုင်း .."

"ဒီမှာ ဦးထက်ခိုင် .. ကျုပ်ဘက်ကို အဆိုးဝါးဆုံးထိ ခင်ဗျား တွန်းချလိုက်ပြီးပြီ .. ကျုပ့်မှာလည်း ဒေါသရှိတယ် ..၊ နှင်းဆီ ကြောင့်သာ မဟုတ်ရင် ခင်ဗျားရဲ့ဂုဏ်သိက္ခာတွေ ကျုပ်ရဲ့လက်တစ်ဖျစ်ထဲမှာတင် စုတ်ပြတ်သပ်သွားပြီ .. နားလည်လား .."

"အဲဒါက ငါနဲ့ .."

"ထပ်မပြောနဲ့ ခင်ဗျား!..."

ဇိုင်း မျက်နှာ နီရဲကာ အရှုံးကို ရင်မှာပိုက်၍ မရှိမဆဲ့ ကြေကွဲခံစားနေရမှန်းလည်း သိသာနေကာ ...

"ကျုပ်လက်ထဲမှာ နိုင်ကွက်ရှိနေလို့ဖြစ်ဖြစ် .. ဘာတွေရှိရှိ ဂရုမစိုက်ရင်ဖြစ်ဖြစ် .. ခင်ဗျား နှင်းဆီ ကို ဒုက္ခပေးဖို့ ကြိုးစားကြည့်လိုက် ..၊ ခင်ဗျား မယှဉ်ပြိုင်ရဲဘူးဆိုတဲ့ အောက်တန်းကျတဲ့နည်းတွေ ကျုပ်မှာ ဘယ်လောက်ထပ်ရှိသေးတယ်ဆိုတာ ခင်ဗျား သိသွားစေရမယ် .."

ဦးထက်ခိုင် မျက်နှာမှာ ဒေါသတွေဖြစ်လာတော့ ဇိုင်း က မဲ့လိုက်ကာ ...

"ကျုပ်တို့ရဲ့အိမ်ထောင်ရေး ဘယ်လိုအခြေအနေပဲ ရောက်သွားသွား .. နှင်းဆီ ကျုပ်ကို ဘယ်လိုပဲ သဘောထား ဆက်ဆံနေပါစေ သူ့ဘေးမှာ ကျုပ် အမြဲရှိနေတယ်ဆိုတာ ခင်ဗျား မမေ့နဲ့ .."

ကြိမ်းဝါးနေသူရဲ့မျက်ဝန်းမှာ အလင်းရောင်တွေ များပြားပြည့်လျှံနေတာကို မင်းခမ်း က မမိုတ်မသုန် မော့ကြည့်နေခဲ့၏။ ဇိုင်း နေရာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ပြန်ထိုင်ကျသွားတဲ့အထိ မျက်လုံး မလွှဲခဲ့ဘဲ ...

"နှင်းဆီ ကို မင်း တကယ်ချစ်နေပြီလား ဇိုင်း .."

ဇိုင်း မျက်နှာငုံ့ကာ စားပွဲပေါ် လက်တင်ရင်း ဆံပင်တွေကိုပဲ ထိုးသိပ် ဖွနေခဲ့၏။ မင်းခမ်း က ခေါင်းတခါခါ ဖြစ်နေခဲ့လျက် ...

"မမိုက်ချင်စမ်းပါနဲ့ကွာ .. မင်းရဲ့ နှင်းဆီ က မျက်မမြင်သာ ဆိုတယ် သူ့ကိုမြင်လိုက်တာနဲ့ ဘယ်လိုမိန်းကလေးဆိုတာ အသိသာ ကြီး .. အရမ်းကို ဘဝင်မြင့် မောက်မာမယ့်ပုံစံ ...၊ ဘယ်လောက်ထိ မာကျောသလဲဆိုရင် သူ့မျက်နှာလေး လှနေတာတောင် အဲဒီ မာကျောမှု တွေအောက်မှာ ပျောက်နေတယ် .. ကိုယ့်ကို လိုအပ်လို့ အသုံးချနေ တယ်ဆိုတာ မင်း နားလည်ရမှာ .."

ဇိုင်း က မလှုပ်ပေ ...၊ ဦးထက်ခိုင် ရဲ့စက်ကွင်းကနေ နှင်းဆီ ကို လွတ်ကင်းစေချင်သည်။ အခွင့်အရေးအားလုံးကို ပိုင်ဆိုင်နိုင်ထားတဲ့ ဦးထက်ခိုင် ကို အနိုင်ယူဖို့အတွက် သူ့မှာ ဘာရှိလို့လဲ ...၊

နှင်းဆီ နဲ့ သူ ဟန်ဆောင် လက်ထပ်ထားကြတဲ့အဖြစ်ကိုသာ ဟုတ် မဟုတ် သေချာသိသွားခဲ့ရင် ဦးထက်ခိုင် ကို သူ ဘယ်လိုထိန်းချုပ်မလဲ..

လက်ထပ်ပြီးသား မိန်းမရှိခဲ့တဲ့အဖြစ်ဟာ နှင်းဆီ က ခွင့်လွှတ် နိုင်ခြင်း .. မလွှတ်နိုင်ခြင်းနဲ့သာ သက်ဆိုင်သည်။ ဒါကြောင့် သူမနားမှာ သူ အမြဲရှိနေသည်လို့ ခြိမ်းခြောက်လိုက်ရပေမယ့် ...

"ဒီလူကြီးက ဘာကိုကြောက်နေတာလဲ ...၊ မင်း သူ့ကို ထိန်းထား နိုင်တာတော့ ငါ ချီးကျူးတယ်ကွာ .."

ဇိုင်း က တိတ်မြဲ တိတ်လျက် ...

"မင်း မပြောချင်နေပါ .. ငါ ဖွတ်မမေးပါဘူး ...၊ ဒါပေမယ့် နှင်းဆီ အတွက် ဆိုတာကြီးကို စာချုပ်အရ ကာကွယ်တယ်လို့ပဲ သဘော ထားစေချင်တယ် ဇိုင်း ရာ .. သူ့ကို ရင်ဘတ်ထဲ ထည့်မိရင် မင်း ခံသွား ရမှာ နော် ...၊ 'နှင်းဆီမျက်နှာ' ဆိုတဲ့ နာမည်နဲ့လိုက်အောင် တော်တော်





မာကျောမယ့် မိန်းမမျိုး .."

ဇိုင်း က ဘာမှပြန်မပြောဘဲ နေသဖြင့် မင်းခမ်း သက်ပြင်းချမိ ကာ ...

"အေးလေ .. မင်းကို ငါ ကိုယ်ချင်းစာပါတယ် .. သူက မမြင်ရတဲ့ လူပဲ .. မင်းက ဒီလောက်လှတဲ့မိန်းကလေးတစ်ယောက်နဲ့ အနီးကပ် နေရတာ ...၊ ကြားမြင် ထိတွေ့နေတာ ကြာလာတော့လည်း .."

"သူနဲ့ ငါ စတွေ့တည်းက အဆင်မပြေမှုတွေနဲ့ပဲ စခဲ့တာပါ ...၊ နောက်လည်း အဆင်ပြေဖို့ မလွယ်ဘူး .."

"အဲဒါကြောင့် ဂျူတီ အစ်(စ်) ဂျူတီ ပေါ့ကွာ.. ဖီလင်တွေ မထည့် ပါနဲ့ .. ခုဆို ဟောမာ့ ကြောင့် မင်းမှာ ဘာသိက္ခာမှလည်း မရှိတော့ဘူး.. ဒီကြားထဲ မင်းက ဘာမှ ဖြေရှင်းချက် မထုတ်ဘဲ ဝန်ခံနေသေးတယ်.."

"မင်း မသိပါဘူး မင်းခမ်း ရာ .."

"သိအောင် မင်း ဘာများ ပြောပြဖူးလို့လဲ .. မင်း အိမ်တွင်းရေး ဆိုလည်း အိမ်တွင်းရေးမို့လို့ .. နှင်းဆီမျက်နှာ နဲ့ ပတ်သက်တော့လည်း ငါ ဘာမှ သေချာ မသိဘူး .."

"မသိတာ အကောင်းဆုံးပဲမို့လို့ပေါ့ .. ဘာမှလည်း ထပ်သိချင် မနေနဲ့ .. ပြီးသွားပြီ .."

ပြီးသွားပြီ ဆိုကာမှ ဖုန်းဝင်လာသည်။ ထုတ်ကြည့်လိုက်တော့ ဘယ်သူမှန်း မသိပေမယ့် ...

"ဟလို .."

"ကိုခွန်ဇိုင်း လားဟင် .."

"ဟုတ်ပါတယ် .. ဘယ်သူလဲ မသိဘူး .."

"ကျွန်မက ဥမ္မာ ပါ .. အဟွန်း .. ဟွန်း .. ကိုခွန်ဇိုင်း က မသိပေ မယ့် ဟိုနေ့က ဖြစ်သွားတဲ့ပြဿနာကိုရော ကိုခွန်ဇိုင်း နဲ့ ဟောမာ့ အကြောင်းကိုရော ကျွန်မက သိ .."



www.burmeseclassic.com

www.burmeseclassic.com



"နေဦး .. မင်းကို မေးနေတာ ဖြေဦး .. မင်းက ဘယ်သူလဲ ..၊ ဘာဖြစ်လို့ ငါ့ကို သိနေတာလဲ .."

"ဩော် .. ဟောမှာ့ သူငယ်ချင်းလေ .. သူနဲ့ တစ်ခန်းတည်း ..."

ခိုင်း နားမထောင်တော့ဘဲ ဖုန်းကို ပိတ်ပစ်လိုက်သည်။ အသံတိတ်နားစွင့်နေသည့် မင်းခမ်း က မျက်မှောင်ကုတ်သွားကာ ...

"ဘယ်သူလဲကွ .."

"ဟောမှာ့ သူငယ်ချင်း တဲ့ .. တောက်!..."

"မင်းကလည်းကွာ .. သူ ဘာပြောချင်လို့လဲမှ မသိတာ .."

"ဟေ့ကောင် တော်တော့ .. ဟောမာ ဆိုတဲ့ နာမည် နောက်ထပ်ကြားရရင် ငါ လူသတ်မိတော့မှာ .. လုံးဝ ထပ်မပြောနဲ့ .."

"မဟုတ်ပါဘူး .. ငါ ပြောတာက .."

"ရော့ .. မင်း သိချင် ပြန်ခေါ်လိုက် .. ငါ သွားမယ် .."

ဖုန်းကို ပစ်ချပေးခဲ့ပြီး ခိုင်း က ထထွက်သွား၏။ မင်းခမ်း ဖုန်းကို ကမန်းကတန်း ကောက်၍ ...

"ခိုင်း .. ဟေ့ကောင် နေဦးကွ .."

တားလို့လည်း မရဘဲ သူပဲ ပိုက်ဆံရှင်းပြီး ပြေးလိုက်ရတာ ခလုတ်တွေ တိုက်လို့ တိုက် ..၊

နောက်တစ်ခါတော့ မှတ်သွားပြီ တကောင်းသား ..၊

ထပ်ပြောမိရင် သတ် ..၊





အခန်း (၄၆)

"မွေးနေ့လက်ဆောင် .."

မွေးနေ့လက်ဆောင် လာပေးနေတော့ ကိုယ့်ရဲ့အိပ်မက်ထဲမှာ သူလုပ်ထားသည်ဆိုသော လက်ဆောင်ဆိုတာလေးကို သတိရလိုက်သေးသည်။

'ကိုယ် လုပ်ထားတယ်' ဆိုတာကို သူမ စိတ်ဝင်စားခဲ့တာပါ..၊ မွေးနေ့လက်ဆောင်တွေ အမျိုးမျိုး ဝယ်လို့ရသည် ..၊ ဘယ်မှာဖြစ်ဖြစ် အော်ဒါမှာလို့လည်း ရသည်။ ဒါပေမယ့် ..၊

ကိုယ်တိုင် ဖန်တီးပြင်ဆင်ထားတာမှသာ ရင်ခုန်ဖွယ် တန်ဖိုးကြီးဆုံးလက်ဆောင် မဟုတ်ပါလား ..၊

အိပ်မက်မက်ပြီးတော့လည်း သူမ တွေးမိနေသေးသည်။

ကိုယ့်ရဲ့မွေးနေ့ကို သူ တကယ်များ သိနေသလား .. အပြင်မှာ တကယ်ပဲ ကိုယ့်အတွက် ပြင်ဆင်နေခဲ့တာလား ..၊ ဒါပေမယ့် လက်တွေ့မှာ ဖြစ်ခဲ့တာကတော့ သူပေးတဲ့ လက်ဆောင်ဟာ ရင်ခုန်ဖွယ် မွေးနေ့လက်ဆောင် မဟုတ်ခဲ့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် ရင်ခုန်စရာ ကောင်းချင်မှကောင်းမှာပါ .. ဒါပေမယ့် ကိုယ်ကိုယ်တိုင် မင်းကို ဒီနေ့ ပေးချင်လို့ ပြင်ဆင်ထားခဲ့တာ.."

သူ ထပ်ပြောတော့ ရင်ထဲမှာ ဒိန်းခနဲ မြည်၏။ ကျောပေးရပ်နေပေမယ့် သူမရဲ့ရင်ခုန်သံတွေက ဥပေက္ခာနဲ့မဟုတ်ဘဲ နာကျင်မှုတွေနဲ့သာ လှုပ်ခါနေခဲ့တာ ဖြစ်လျက် ...

"နှင်းဆီ .. မင်း ဘုရားသွားမယ်ဆို ကိုယ် အောက်ထပ်မှာ စောင့်နေမယ် နော် .."

"မစောင့်နဲ့ .."

သူ့ဘက်ကို လှည့်မလို ဖြစ်သွားပြီးမှ ကျောခိုင်းထားမိပြန်ကာ—

"ဘုရားကို သွားဖြစ်မှာ မဟုတ်ဘူး .. ကန်းနေတဲ့နှစ်မှာ မွေးနေ့ရောက်လာတာလည်း ဘာမှ မင်္ဂလာမရှိပါဘူး ...၊ ရှင့် မွေးနေ့လက်ဆောင်ကို ပြန်ယူသွားပါ .."

ခဏတော့ တိတ်ကျသွားခဲ့၏။ ဒါပေမယ့် သူ ထွက်မသွားသေးဘူးဆိုတာ သူမ သိနေသည်။ ပြီးမှ ...

"လက်ဆောင်ကိုတော့ မင်း လက်ခံပေးပါ နှင်းဆီ.. မင်း မကြိုက်ရင် ကိုယ် မင်း နားကို ထပ်မလာတော့ပါဘူး .."

ပျောက်ကွယ်သွားခဲ့သည့် သူ့ရဲ့ခြေသံနဲ့ ကိုယ်သင်းနံ့က ဒီတစ်ခါ နောက်ဆုံးဆိုတာ သူမ မသိခဲ့ ...၊

တစ်နေ့ကုန် အတွေးထဲမှာ ဇိုင်း နဲ့ ယောမာ ရယ် .. သူမရယ် — ငိုချင်လာလိုက် .. အံကြိတ်ရင်း လမ်းလျှောက်လိုက် ...၊ ဒေါသတွေ ဖြစ်လာခဲ့လိုက် .. ဘယ်လိုမှ ချုပ်တီးမရတဲ့အခါ မှီစရာတစ်ခုခု ရှိဘဲ့နေရာမှာ ခေါင်းလေးတင်၍ မျက်ရည်တွေ ကျနေခဲ့ရင်း ...

"သမီးရေ .. သတင်းကောင်းပဲ သိလား .. ဟိုမောင်နှမ အိမ်မှာ မရှိကြတော့ဘူး .."

"ဟင်!... ဘယ်ရောက်ကုန်ကြလို့လဲ .."





"ကိုထက်ခိုင် ကတော့ မနေ့တည်းက ညနေခြောက်နာရီလောက်က အိတ်နှစ်လုံးနဲ့ ထွက်သွားတာ .. မဖြူ ကတော့ ဒီညနေမှ ပစ္စည်းတွေ သယ်နေလို့ မေးကြည့်တာလေ .."

"ဒေါ်ဒေါ်သဲ သူ့ကို သွားမေးတာလား .."

"ဘယ်မေးရပ့ါမလဲ သမီးရယ် .. သူတို့ဒရိုင်ဘာတွေကို မေးကြည့်တာပေါ့ .. ဆရာက ဂျပန်က ကုမ္ပဏီမှာပဲ ထိုင်တော့မှာတဲ့..၊ ပြန်လာချင်မှ လာတော့မှာတဲ့.. သူ့ကိုလည်း ဒီက ဆက်ခိုင်းရင် လုပ် ...၊ မခိုင်းဘူးဆိုရင် ထွက်တော့ဆိုပြီး လစာတွေ အများကြီး ပုံပေးသွားတယ်တဲ့.."

နှင်းဆီ ကိုယ့်နားကိုပင် မယုံနိုင် ...၊

"ဒါ .. ဒါဆို အန်တီဖြူ ကရော .."

"သူလည်း သူ့အလုပ်ရှိတဲ့ဆီ ပြန်သွားတာပဲ .."

"တစ်ယောက် တစ်လမ်းစီပေါ့ .."

"ဟုတ်တယ် .. သူတို့မောင်နှမ တစ်ခုခု ပြဿနာရှိနေပါတယ်လို့ သမီးကို ဒေါ်ကြီး ပြောသားပဲ .."

သူမတို့နှစ်ယောက် စကားပြောနေကြတုန်း ဒေါ်ပူရှူး အူယားဖားယား ရောက်လာကာ ...

"မသဲ `ရေ .. အန်တီကြီး ပစ္စည်းတွေသယ်နေတာ တစ်အိမ်လုံးပြောင်တော့မယ် .. ခုထိ မပြီးနိုင်ဘူး .."

"ဟုတ်လား .."

နှင်းဆီ က ဒေါ်ပူရှူး အသံကို နားထောင်နေကာ ...

"ဘာသယ်နေလို့လဲ ဒေါ်ပူရှူး .."

"သမီးရယ်.. တန်ဖိုးရှိတာတွေ အကုန်လုံးပဲ .. အခန်းတွင်း အခန်းပြင်က ပရိဘောဂတွေလည်း ပါတယ် .. ဘူးကြီး သေတ္တာကြီးတွေထဲမှာတော့ ဘာတွေပါဦးမယ် မသိဘူး .. ကားကြီးတစ်စီး အပြည့်ပဲ .. အခုအဲဒီကားမျိုး နောက်တစ်စီး ရောက်လာပြန်ပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဆရာကလည်း မရှိဘူး .. သမီးက မျက်လုံးမမြင်တဲ့သူ .. သူတို့ချင်း ဘာတွေဖြစ်ကြလို့ ဘယ်လိုတွေ လုပ်နေကြတာလဲ မသိဘူး .. တကယ်ဆို ဒါ သမီးတို့ပစ္စည်းတွေ .. မဖြူ က ဘာမှ မသက်ဆိုင်တဲ့သူ ..၊ သူနဲ့ အပ်တိုတစ်ချောင်းတောင် မသက်ဆိုင်ဘူး .."

"ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ မသဲ ..၊ သမီး .. သမီး ဘာလုပ်မလဲ ဟင် .. အဒေါ်တို့ ဘာလုပ်ပေးရမလဲ .."

သူ ဘယ်ရောက်နေလဲ ..၊

ဒီကိစ္စကို ဇိုင်း ဝင်ရှင်းပေးလို့လည်း ရမှာမဟုတ်ပါ ..၊ ဒါပေမယ့် ဖျတ်ခနဲ သတိရလိုက်တိုင်း သူချည်းပဲ ဖြစ်နေ၏။

"ဇိုင်း လည်း ဘယ်ထွက်သွားလဲ မသိဘူး .. ပြန်ကိုမလာဘူး.."

"မသဲ ရယ် .. သူရှိတော့ရော ဘာပြောလို့ ရမှာလဲ ..၊ အန်တီကြီး ကဖြင့် စကားကလည်း တတ် .. စွာမှ စွာ .."

"ဟဲ့ .. သူက မဆိမဆိုင် သယ်ထုတ်နေတာလေ.. ဇိုင်း က အနှင်း ရဲ့ယောကျ်ားပဲ .. ဘာလို့ ပြောခွင့် မရှိရမှာလဲ .."

"ဒေါ်ဒေါ်သဲ ရယ် .. သူလည်း ဦးထက်ခိုင် အားကိုးနဲ့ လုပ်နေတာပဲ .. လုပ်ပါစေ ..၊ ကောက်ကပ်ထည့်လို့ ရဘာတွေ ဘာပဲယူယူ အိမ်လုံးချည်းပဲ ကျန်ခဲ့ရင် ပြီးရော .."

နှင်းဆီ ပြောနေတာကို ဒေါ်ပူစူး က တအံ့တသြကြီး ဖြစ်နေကာ မပြောရဲတော့ပေမယ့် နှမြောနေတာတွေက သူ့မျက်နှာမှာ အထင်းသား ပေါ်နေ၏။

"အနှင်း ရဲ့ဆီးမှာ သူတို့ မရှိတော့ဘူးဆိုရင် ဒီနေရာက လောလောနီးမှာနိပဲ .."

ပြောနေရင်း သတိရမိ၏။ သူတို့ ဘာတွေဖြစ်ကုန်ကြတာလဲ .. ဦးထက်ခိုင် ရဲ့ လောဘသတ္တာယတွေ ဘယ်ရောက်ကုန်တာလဲ ..

ဒီလူကြီးလောက် အတ္တမာနတွေကြီးတာ မရှိ ..၊ ပြီးတော့ ယောမာ





ရောက်လာတဲ့ညနေက ဒီလူကြီး ရောက်လာပြီး ဆူပူကြိမ်းမောင်းနေတာ ယောမာ့ ကို ဖြစ်သည်။

ဘာတွေဖြစ်ကုန်တာလဲ ..၊

ဦးထက်ခိုင် ဘယ်လိုဇာတ်ရုပ်တွေ ကနေမှန်း နားမလည်နိုင်တော့ပေ ..၊ ဒါမှမဟုတ် မုန်တိုင်းမကျခင် လေပြည်ညင်း လာတာမျိုးလား..၊

"ငါ့သမီး တစ်သက်လုံး ကြိမ်မီးအုံးသလို ပူလောင်ခဲ့ရသမျှ ဒီနေ့တော့ ပြီးပြီ ထင်တယ်နော် .. မနက်ဖြန်ကျရောက်မယ့်မွေးနေ့က ဘယ်လောက် မင်္ဂလာရှိလိုက်လဲ .. ဟင် .."

ဒေါ်သဲမြ က စိတ်ညစ်စရာတွေ ညည်းတွားနေရင်းကနေ ဝမ်းသာစရာတွေ ထပြော၍ ရယ်ကာ ...

"ယော .. နောက်နေ့ဆိုရင်လည်း မျက်လုံးခွဲရတော့မယ် .. သမီးရဲ့ မျက်လုံးတွေ အလင်းရတာနဲ့ သမီး မမြင်ချင်တဲ့မျက်နှာတွေလည်း မရှိတော့ဘူး .."

"အိမ်ရှေ့မှာ ဘယ်သူတွေလဲ မသိဘူး .."

စကားကောင်းနေတုန်း ဘဲလ်သံမြည်လာသဖြင့် ဒေါ်ပူစူး ကမန်းကတန်း ပြန်ထွက်သွားသည်။ ပြီးတော့ ခဏအကြာမှာ ပြန်ရောက်လာကာ...

"သမီး အိမ်ရှေ့မှာ မိန်းကလေးနှစ်ယောက် ရောက်နေတယ် ကွယ့် .."

"ဘယ်သူတွေလဲ .."

"ယောမာ့ သူငယ်ချင်းတွေ တဲ့ .. ဒါပေမယ့် ..."

"သူတို့ကို အနှင်း က ဘာလို့ ထွက်ဧည့်ခံရမှာလဲ .. ပြန်လွှတ်လိုက် .."

"မဟုတ်ဘူး သမီး .. သူတို့က ယောမာ မဟုတ်တရုတ်လုပ်တာတွေ သမီးကို ပြောပြချင်လို့ တဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ မျက်မှောင်ကုတ်သွားသည်။ သို့သော် မျက်နှာလေးမော့လိုက်ပြီး ခေါင်းခါ၍ ...

"ဟောမာ မဟုတ်တာတွေ လုပ်ခဲ့တယ်ဆိုရင် သက်ဆိုင်တဲ့လူကရှင်းပါစေ .. သူတောင်မှ ရှင်းရခက်လို့ မရှင်းဘဲနေခဲ့တာမို့လား ... ကြားလူတွေဆိုတာကရော ဘယ်လောက် ယုံရမှာမို့လဲ .. ပိုက်ဆံပေးခိုင်းရင် လွယ်လွယ်လေး .."

နှင်းဆီ က လုံးဝ ခေါင်းခါ၍ အပေါ်ပြန်တက်ဖို့ပဲ ဦးတည်နေသည်။

ဒေါ်သဲမြ နှင်းဆီ ကို ဖေးမရင်း လိုက်သွားရကာ ဒေါ်ပုရှူး ကိုခဲကြည့်လုပ်လိုက်ဖို့ အမူအရာတွေနဲ့ ပြန်ခိုင်းခဲ့ရ၏။

တစ်ယောက်ကလည်း မကျေနပ်နိုင် ...၊ တစ်ယောက်ကလည်း ကျေနပ်အောင် ရှင်းပြဖို့ မကြိုးစား ...၊

ဘယ်လိုလုပ်ရမလဲ ...၊





အခန်း (၄၇)

"ဒါက ဦးထက်ခိုင် နှင့်ကို ပေးသွားတာ .. နှင် လက်မှတ်ထိုးရုံပဲ ... မြန်မာနိုင်ငံမှာရှိတဲ့ နှင်တို့လုပ်ငန်းတွေကို နှင့်လက်ထဲကို အပြီးအပိုင်ပြောင်းပေးသွားတာ .."

"သူက တကယ် အပြီးထွက်သွားတာလား .."

"ဟုတ်မယ် ထင်တယ် .. ငါက နှင်နဲ့ နီးစပ်တဲ့ ရှေ့နေမို့လို့ ငါ့လက်ထဲ လာထည့်သွားတာ ထင်တယ် .. ဘာမှ သိပ်မပြောဘူး ...၊ ပြီးတော့ ဒီမှာ .."

နောက်ထပ် အိတ်ဖွင့်သံ ထိတွေ့ ပွတ်တိုက်သံတွေ ကြားရကာ တစ်ခုခုကို သီတာ သူမရှေ့မှာ လာချပေးတာမှန်း သိလိုက်၏။

"အဲဒါက နှင်နဲ့ ဖိုင်း တို့ ချုပ်ခဲ့ကြတဲ့ စာချုပ်တွေ .. ဒီအိတ်ထဲက နှင် သူ့အတွက် အလွယ်သုံးဖို့ ပေးထားတဲ့ ငွေတွေလို့ ပြောတယ် ...၊ ဘယ်လောက်လဲတော့ မသိဘူး .. သူ တစ်ပြားမှ ယူမသွားဘူးတဲ့ .."

"သူက ထွက်သွားတာလား .."



www.burmeseclassic.com

www.burmeseclassic.com



အနှင်း မှာ အေးချမ်းသွားပြီဆိုတာ သူက ဘယ်သူ့ကိုမှလည်း မအေးဘဲနဲ့ ဘယ်လို သိတာလဲ ..''

ဒေါ်သဲမြ က မေးခွန်းမမည်သော စကားတွေဆိုရင်း သီတာ့ ကို ကြည့်သလို နှင်းဆီ ဘာပြောမလဲဆိုတာကိုပါ စောင့်သည်။ ခဏကြာမှ ...

''တော်တော် ရှင်းရခက်မယ့်ကိစ္စကြီးက ဘယ်လိုမှ မထင်မှတ်ဘဲ ပြီးဆုံးသွားတယ် .. ပြီးတော့လည်း မွေးနေ့ကျမှပဲ ကြည့်ပါဦး ..''

''ဒါက ရှင်းတော့ ရှင်းနေတာပဲ ဒေါ်သဲ ရဲ့ .. နင် သိလား အနှင်း.. ဒါတွေ ဖြစ်ပျက်ပြောင်းလဲသွားတာ ဖိုင်း နဲ့ လုံးဝဆိုင်တယ်.. သူ့ကြောင့် လို့ ငါတော့ ထင်တယ် ..''

နှင်းဆီ က ပင့်သက်လေး ရှိုက်ကာ ...

''ဘယ်သူ့ကြောင့်ဖြစ်ဖြစ်ပါဟာ ဦးထက်နိုင် တို့ မရှိတော့တဲ့အဖြစ် က ငါ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲ ..''

''ဘယ်သူ့ကြောင့်ဖြစ်ဖြစ်လို့တော့ မပြောပါနဲ့ဟာ .. ဒါတွေကို ဖိုင်း စွမ်းဆောင်ခဲ့တာဆိုရင် နင်နဲ့ သဘောတူခဲ့တဲ့ အလုပ်သဘောထက် အများကြီး သူ လုပ်ခဲ့တာပဲ ..''

''အဲဒီတော့ ငါ ဘာလုပ်ပေးရမလဲ ... သူတောင်မှ ကျေးဇူးတင်မခံ ချင်လို့ ထွက်သွားတာပဲ ..''

''နင်က ဟိုကိစ္စကြောင့် သူ့ကို မောင်းထုတ်ထားတာ မဟုတ်ဘူး လား ..''

''အပြစ်ရှိနေတာကိုတော့ ကိုးကွယ်မထားနိုင်ဘူး သီတာ .. သူ လည်း သူ့မာနနဲ့သူပဲ ... ရမလားလို့ နောက်ပြန်ဆုတ်ကြည့်တာလည်း ဖြစ်နိုင်တာပဲ ..''

''ဘယ်လို!...''

''သူ လုပ်ပေးခဲ့တာတွေကို ငါ ကျေးဇူးတင်တတ်ရင် ထက်မက





နှင်းဆီ အသံလေး တုန်နေတော့ သီတာ က ဖျတ်ခနဲ ကြည့်သည်။

ပြီးတော့ ဘေးမှာရှိနေသည့် ဒေါ်သဲမြ ဆီ မျက်လုံးရောက်သွားပြီးမှ ...

''နင့်ကို သူ ဘာမှ မပြောသွားဘူးလား ..''

နှင်းဆီ က ခေါင်းခါပြသည်။

''ငါက နင် မလိုအပ်တော့လို့ စာချုပ်သက်တမ်းမပြည့်ဘဲ ဖြုတ် လိုက်တယ် မှတ်တာ ..''

သီတာ က ဒေါ်သဲမြ ကိုပါ လှမ်းကြည့်ကာ ...

''ထူးတော့ ထူးဆန်းတယ် .. ဦးထက်နိုင် က အရင်လာတယ် ... နေ့လယ်ပိုင်းကျတော့ သူ ရောက်လာတာပဲ .. သူတို့ချင်း နှစ်နာရီ လောက်ပဲ ကွာမယ်ထင်တယ် ..''

''ဖိုင်း က သမီးကို ဘာမှ ပြောမသွားဘူးလား ..''

''သူ့အတွက် ပြည့်စုံသွားပြီတဲ့ .. မျက်လုံးလည်း ခွဲတော့မှာဆို တော့ သူ ကာကွယ်ပေးဖို့လည်း မလိုတော့ဘူးတဲ့ .. သူ ပေးသွားတာ စာချုပ်တွေ အကုန်ပဲ ဒေါ်သဲ ..''

''ဟုတ်လား ..''

''သူ့အတွက် ခံစားခွင့်ချုပ်ထားတဲ့ စာချုပ်လည်း ထားခဲ့တယ်... သူက အစတည်းက နင့်ကို ကူညီချင်တာတဲ့ .. စာချုပ်ပါ ထားခဲ့မှန်း ငါလည်း သူ ပြန်သွားမှ ဖွင့်ကြည့်မိတာ ..''

နှင်းဆီ မျက်နှာလေးက တင်းမာနေသည်ထင်ရပေမယ့် မငြိမ်သက် နိုင် ဖြစ်နေသော မျက်တောင်ကော့လေးတွေ တဖျတ်ဖျတ် ခတ်နေရှာ တာကို ဒေါ်သဲ နားလည်နေမိ၏။

''အားလုံး အထူးအဆန်းတွေချည်းပါပဲကွယ် .. ဆရာတို့ မောင်နှမ နှစ်ယောက်စလုံး ထွက်သွားကြတယ် ... လုပ်ငန်းတွေကိုတောင် ပေးခဲ့ သေးတယ် ကြည့် .. ပြီးတော့ ဖိုင်း က ထပ်ကြပ်မကွာ ပါသွားတယ်...



www.burmeseclassic.com

www.burmeseclassic.com



ရသင့်တယ်လို့ တွက်ချင် တွက်မှာလေ .. ဒါကြောင့် ဒါတွေကို ပြန်ပေးခဲ့တာ မဖြစ်နိုင်ဘူးလား .."

"ဟုတ်ပဲ ဟုတ်ပါစေဦး သမီးရယ် .. အဲဒီလိုဖြစ်လာကာမှ သမီး ကြိုက်သလို ပြောပါ ..၊ မသေချာဘဲနဲ့ ကျေးဇူးရှိတဲ့သူကို စော်ကားရင် အရမ်းအပြစ်ကြီးတာ .. ထမင်းတစ်လုတ် ကျွေးဖူးတဲ့သူ .. ရေတစ်မှုတ် တိုက်ဖူးတဲ့သူ .. ဒါကိုတောင်မှ ခင်ပွန်းကြီးဆယ်ပါးမှာ ပါဝင်တယ်လို့ သတ်မှတ်ခဲ့တာ ..၊ သမီးအတွက် နေထိုင်စရာကို ပေးသွားတဲ့သူပါ.."

နှင်းဆီ ရင်ထဲမှာ နင့်သွားသည်။

ဒီကရော ပြောချင်လွန်းလို့လား ..၊

ခုလို မျက်နှာစုံညီနဲ့ သူ့အကြောင်းပြောနေကြတုန်းမှာ သူမပါးစပ်က ဒီလိုသာ ရက်စက်ရင့်သီးတဲ့စကားတွေ ပြောမနေရဘူးဆိုလည်း ရင်ထဲကဝေဒနာကို ဘယ်လို ဖုံးဖိ မျိုသိပ်မှာလဲ ..၊

ဟေမာ့ သူငယ်ချင်းတွေလည်း လာရှင်းပြသွားသည်။ ဟေမာ ရောက်လာတည်းက သူ့ချစ်သူ စိုင်းမော် ဆိုတဲ့လူကို သဲကြီးမဲကြီး ရှာနေခဲ့တာတွေ ပြောပြသည်။

စိုင်း ကိုတော့ တွေ့လိုက်တိုင်း ချိုးနှိမ်တဲ့စကားတွေ ပြောကျန်ရစ်ပြီး လက်ထပ်ထားတဲ့လူဆိုတာမျိုး တစ်ခါမှ ပြောသံ မကြားခဲ့ဘူးလို့ ဆိုသည်။

နောက်ဆုံး စားသောက်ဆိုင်တစ်ဆိုင်မှာ တွေ့တော့ ဟေမာ့ နားမှာ သူမကိုယ်တိုင် ရှိနေပြီး ဟေမာ က ငွေကြေးအခက်အခဲဖြစ်လို့ အကူအညီလိုချင်တာ ဖြစ်သည်။

စိုင်း က ရိုင်းရိုင်းပြောပြီး ထထွက်သွားလို့ ကျိန်ဆဲ ကျန်ရစ်တာပါပါ၏။

အဲဒီနေ့မှာပဲ ဦးထက်ခိုင် တို့ပါ လာပြီး စိုင်း နဲ့ ဘယ်လိုပတ်သက်တာလဲဆိုတာကို မေးသည် တဲ့..၊





နောက်တော့ ဟေမာ ငွေတွေ တအားသုံးလာပြီး ဖြူဖြူဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်နဲ့ စကားပြောနေတာ မြင်ရသည်..၊ နောက်တော့ ပြဿနာတက်ကြတဲ့အသံ ကြားရသည် တဲ့ ..၊

သူမတို့က ဟေမာ မရိုးသားမှန်း အစတည်းက ရိပ်မိကြလို့ တမင် သတိထားကြည့်နေကြတာမျိုး ဖြစ်သည်။ ဒီထိ လာပြောရတာကလည်း စိုင်း ကို သိနေသဖြင့် အားလုံး နစ်နာကုန်မှာစိုးလို့ စေတနာသက်သက်နဲ့လို့ ဆို၏။

ဒါတွေကို ဒေါ်ပုစုး ကို ရှင်းပြသွားကြတာ ဖြစ်သည်။

ဟေမာ လည်း ပြန်သွားပြီလား ..၊ သူ့ရည်းစားနဲ့ တွေ့သွားပြီလား မသိ ..၊

ငွေတွေ တော်တော်ရသွားသည်လို့ ပြောသွားကြသည်။

သူမ ဒါတွေကို ဘာမှမသိရခင်တည်းက ရှက်ဒေါသတွေ ဖြစ်နေခဲ့တာက သပ်သပ် ..၊ သူ့ကို မကျေနပ်တာက သပ်သပ်ပါ ..။

ဟေမာ က သူ့အစ်မဆိုတည်းက ဒီမိသားစုထဲမှာ သူသာ မျက်နှာငယ်ခဲ့တဲ့သူမို့ ပြဿနာရဲ့အရင်းခံမှာ ရှုပ်ထွေးမှုတစ်ခုခုတော့ ရှိနိုင်တယ်ဆိုတာ တွက်မိခဲ့သည်။

ဒါကို ဟေမာ အော်ဟစ် စွပ်စွဲနေတုန်းက ဘယ်ဟာက ပိုနေသည် ..၊ ဘယ်နေရာမှာ လိုနေသည်ဆိုတာ သူ ရှင်းပါလား ..၊

မျက်နှာစုံညီရှိနေတုန်းမှာ မရှင်းရဲဘူးဆိုတာ သူမ ဘာကို ခွင့်လွှတ်နားလည်ရမှာလဲ ..၊

ဒါတောင်မှ 'ရှင် ဒီအိမ်ကနေ ထွက်သွားတော့ .. ဘယ်တော့မှ မလာနဲ့တော့'ဆိုတဲ့ စကားမျိုး သူမ မပြောမိခဲ့ပါ ..၊

"ကဲပါဟာ .. ဒီနေ့က နင့်မွေးနေ့ကြီး .. မနက်ဖြန့်လည်း မျက်ပုံးခွဲရတော့မှာ ..၊ စိတ်ညစ်စရာတွေ ထားလိုက်တော့ .."

ကြေကွဲဖွယ် တိတ်ဆိတ်နေခြင်းကို သီတာ က ဖြိုခွင်း၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦးထက်ခိုင် ပဲဖြစ်ဖြစ် .. ဖိုင်း ဖြစ်ဖြစ် သူတို့ဘာသာသူတို့ ထွက်သွားကြတာ .. အားလုံး ရှင်းလင်းသွားပြီလို့ပဲ သဘောထားလိုက်ပါ..၊ ဒီစာချုပ်တွေ နှင် သိမ်းထား .. ဆုတ်ပစ်လိုက်ရင်လည်း ပြီးတာပါပဲ..၊ တကယ်လို့ ဖိုင်း က နှင်ပြောသလို တစ်ခုခု ထပ်ပြီး လောဘတက်လာရင်လည်း စာချုပ်တွေ မရှိတော့ဘဲ သူ ဘာမှလည်း လုပ်လို့မရတော့ဘူး .."

နှင်းဆီ မျက်နှာလေးကို ငေးကြည့်ရင်း ဒေါ်သဲမြ စိတ်မကောင်းဖြစ်နေမိ၏။

မာန်မာနနဲ့ အမြဲတမ်း မာကျောနေတတ်တဲ့မျက်နှာလေးမို့ ဖိုင်းကို ဘယ်လိုမှ ခွင့်မလွှတ်နိုင်တာလား ..၊ ဖိုင်း ကြောင့် ကြေကွဲ ခံစားနေရတာလားဆိုတာ ခွဲခြား အကဲခတ်ကြည့်လို့ ဘယ်လိုမှ မရခဲ့ပေ..။

ဒါပေမယ့် ဝမ်းသာခုန့်ပေါက်နေရမည့်အချိန်မှာ သူမမှာ အပြုံး အရယ်မဲ့နေသည် ဆိုတာကတော့ ..၊





အခန်း (၄၈)

မြေကြီးကားကြီးတွေ မောင်းနေတာ တစ်နေ့ကို နှစ်သောင်းလောက်တော့ ဝင်ငွေရှိသည်။ ဒါပေမယ့် ကိုယ့်အုံနှာနဲ့ ကိုယ့်ကား ရှိပြီးသားမို့ ခဏဝင်မောင်းရတာမျိုးပဲဖြစ်ကာ သုံးရက်လောက်မောင်းလိုက် သုံးရက်လောက် ပြန်နားနေရလိုက် ..၊

"မင်း တက္ကစီမောင်းပါကွာ .. မြေကြီးကားမောင်းရတာ အသားတွေပါ နီကုန်ပြီ .."

"အသားနီရုံမကလို့ အရေခွံပါ စုတ်သွားသွား တက္ကစီမောင်းဖို့ စိတ်မဝင်စားဘူး .."

"ဘာဖြစ်လို့လဲ .."

"သူများခိုင်းတာ မလုပ်ချင်လို့ ဝန်ထမ်း လခစားတောင် မလုပ်ဘဲနေတာ .."

"အေးလေ .. တက္ကစီက ..."

"လျှာမရှည်နဲ့ကွာ .. မလုပ်ဘူးဆို မလုပ်ဘူးပဲ .."

ဖိုင်း က ဖွတ်တရွတ် လုပ်တတ်သည့်ဖြင့် တစ်ခုခုဆို ခေါင်းမာလွန်းတာက စိတ်ပျက်ဖို့ ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ကားတော့ ငါ နေရာမှန် ရပြီ .."

"သေချာလို့လား .."

"သေချာတယ် .. အဲဒီကားမောင်းတဲ့လူက ကွန်တိန်နာ သွားမောင်းတော့မှာ .."

"မင်း အဲဒါမောင်းရအောင် လိုက်ပါလား .."

"တော်ပါကွာ .. ဒီကား မောင်းရဖို့တောင် ခြေတိုအောင် လိုက်နေရတာ .."

ရေချိုးပြီးစ ဓိုင်း ရဲ့ရင်အုပ်ကျယ်နှင့် ဖွေးနုနေသော ကာယဗလတို့ကိုကြည့်၍ မင်းခမ်း က ခေါင်းကုတ်၏။

"ဓိုင်း .."

"ပြော .."

"မင်းကို အဲဒီက အုံနာ အပျိုကြီးမမက ဘာပြောလိုက်လဲ .."

ဓိုင်း အင်္ကျီဝတ်နေသည့်လက်က လှုပ်ရှားမှုတွေ ရပ်တန့်သွား၏။ လှည့်ကြည့်တော့ မင်းခမ်း က နှာခေါင်းပွတ်လိုက် .. မေးဖျားပွတ်လိုက်နှင့် မျက်နှာလွှဲ၍ ...

"မေးကြည့်တာပါ .. အဲဒီအပျိုကြီးက အရမ်း အလှအပကြိုက်တာတဲ့ .."

"မင်းက တစ်ခေါက်ပဲ ငါ့ဆီလာဖူးတယ် .. တန်းသိသွားပါလား"

"သိတယ်လေ .. မင်းကို အဲဒီမမက ကြည့်တဲ့ .."

"ပေါက်ကရတွေ စ မလာနဲ့ ဟောကောင် .."

"အေးပါ .. မင်းက အဲဒီမှာ မလုပ်တော့ဘူးဆိုတော့ မပြောတော့ပါဘူး .. ဒါပေမယ့်နော် .. အသက်ကြီးကြီး အပျိုကြီးအမည်ခံ မမတွေက မင်းလို တောင့်တောင့်တင်းတင်း စမတ်ကျကျရုပ်မျိုးနဲ့ ယောကျ်ားလေးမျိုးဆိုလို့ကတော့ ဟွန်း.. 'ကြောင် ပုစွန်စား ကျွတ်ကျွတ်ဝါးသို့..'"

"သူတောင်းစား .."





လက်ချောင်းတွေနဲ့ ပါးစပ်ထဲကို ကျုံးသွင်း၍ ဝါးစားနေတဲ့ပုံစံလုပ်ပြနေသဖြင့် ဓိုင်း က ဆဲလည်း ဆဲ၍ ရယ်လည်း ရယ်၏။

"ပြောမယ့်သာ ပြောတာပါ .. မင်းက နှင်းဆီ လို မိန်းကလေးနဲ့ နီးစပ်ခဲ့ဖူးမှတော့ ဘယ်သူ့ကို မျက်လုံးထဲမှာ တိုးတော့မှာလဲ ..၊ မင်း ဘစ်ခါလောက်တော့ သွားနှုတ်ဆက်သင့်တယ်ကွ .."

"ဘာလုပ်ဖို့လဲ .."

"ဩော် .. လင်မယားချင်းပဲကွာ .. မင်းကလည်း .."

"မင်းခမ်း .."

"မဟုတ်ခဲ့လို့လား .. မင်း သူ့အပေါ် အများကြီး ကောင်းခဲ့တာကို .."

"အဲဒီတော့ ငါက တန်ရာတန်ကြေးပေးပါဆိုပြီး သွားတောင်းရမလား .."

"မတောင်းရပါဘူး .. ဒါပေမယ့် အမုန်းနဲ့ ရပ်စဲလိုက်တာတော့ လွန်တာပေါ့ကွ .. သူ့ဘက်က ပြန်သိတတ်ရမယ့်အပိုင်းကျမှ မသိချင်ယောင်ဆောင်လိုက်တာ လွန်တာပေါ့ .."

"မလွန်ပါဘူး .."

ဆံပင်ရှည်တွေကို စိတ်မပါသလို တစ်ချက် နှစ်ချက် သပ်ချ ပြီးကာ ဘီးကို မှန်တင်ခုံပေါ် ပစ်တင်လိုက်သည်။

ပြီးတော့ လက်ဖဝါးနှစ်ဖက်နဲ့ မျက်နှာကို ဖိပွတ်ရင်း ဆံပင်တွေဆီပါ နောက်လှန် သပ်ပစ်၍ ...

"သူ့စိတ်ထဲ ရှိတဲ့အတိုင်း နေလိုက်တာ ကောင်းပါတယ် .."

"ဘာကွ!..."

ဓိုင်း က ကုလားထိုင်မှာ ဝင်ထိုင်လိုက်ကာ ...

"သူ့စိတ်ထဲမှာ ဘာမှမရှိလို့ ဘာမှမဖြစ်သလို နေတာပဲ .."

"မင်းကရော .."



www.burmeseclassic.com

"ငါက ဘာဖြစ်လို့လဲ .."

"ညတိုင်း အရက်ထွက်သောက်တာ .."

"ဘီယာလေး နည်းနည်းပါကွာ .."

"မင်း ဘယ်တုန်းက သောက်ဖူးလို့လဲ ခိုင်း .. ဘီယာလည်း မသောက်ဖူးရင် မူးလွယ်တာပဲ .."

"ဘာလို့ မသောက်ဖူးရမှာလဲ .. ငါက အစတည်းက လမ်းပေါ်က ကောင် .. မလုပ်ဖူးတာ ဘာမှမရှိဘူး .."

"လမ်းပေါ်ကကောင် မဟုတ်ပါဘူး သားရယ် .. မင်းက အမေ့ သား ပါပဲ .."

ဟင်!... အမေ ...၊

ခိုင်း ဆတ်ခနဲ ဖြစ်သွားကာ လက်ရန်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။ ပြီးမှ နောက်လှည့်ကြည့်လိုက်လျှင် ...

"အမေ ..."

ဒေါ်မြတ်ညွှန့် က သိသာစွာ ပိန်လှီသွားခဲ့လျက် ...

"သား .."

ရှေ့ကို လျှောက်လာပြီး မတ်တတ်ရပ်လိုက်သည့် ခိုင်း ရဲ့ရှေ့မှာ ခြေစုံရပ်ကာ ...

"သားလေးက ပြောင်းလဲသွားလိုက်တာ .."

"အမေ ဘာလို့ လိုက်လာတာလဲ .."

ခိုင်း မျက်နှာမှာ တင်းမာခြင်းတို့ ပြန်လည် ဖြစ်ထွန်းနေခဲ့၏။

"ကျွန်တော် အမေ့ကွယ်ရာမှာ နေပါရစေ .. အမေလည်း ကျွန်တော် မရှိရင် ပိုအေးချမ်းမှာပါ .."

"ပြောရက်လိုက်တာ သားရယ် .."

"အဲဒီလိုပြောရက်ချင်တာ အမေ .. ကျွန်တော် အမေ့ကြောင့် အရှုံး ပေးခဲ့ပြီးပြီ .. အခု အမေ ထပ်လိုက်လာပြီး .."





"သားကို အမေ ဖိအားပေးဖို့ မဟုတ်ဘူး .. မင်းအစ်မ အဲ .. ဟေမာ ကို ပြန်ခေါ်ဖို့ လိုက်ခဲ့တာပါ..၊ သားဆီကို လိုက်လာတာ မဟုတ်ဘူးဆိုလို့ ဝမ်းမနည်းနဲ့ နော် .. သားနဲ့ နှင်းဆီ တို့ ဖြစ်ပျက်ကြတဲ့ အကြောင်းကိုလည်း မင်းခမ်း ဖုန်းဆက်လို့ သိပြီးပြီ ..၊ အဲဒါကြောင့်..."

ခိုင်း ရဲ့အကြည့်တွေ မင်းခမ်း ဆီ ရောက်သွား၏။ ပြီးမှ ...

"အမေ လိုက်လာခဲ့တာ သားအတွက် ဟေမာ ကို ဆုံးမချင်လို့ပါ .. နောက်ပြီး သား ဘာကြောင့် ဟေမာ ကို လက်ထပ်ခဲ့ရတယ်ဆိုတာရယ် .. လက်ထပ်စာချုပ်နဲ့အတူ ကွာရှင်းစာချုပ်မှာပါ လက်မှတ်ထိုးထားခဲ့တာဆိုတဲ့ အကြောင်းတွေကို နှင်းဆီ ကို .."

"ဘယ်လို အမေ .. အမေ သွားပြောခဲ့တယ် ဟုတ်လား .."

တင်းမာသွားသည့်မျက်နှာနှင့် ဒေါ်မြတ်ညွှန့် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ အလျင်စလို မေးလိုက်မိ၏။

ဒေါ်မြတ်ညွှန့် က ခေါင်းခါပြကာ ...

"အမေ နားလည်ပါတယ် သားရယ် .. သူတို့ အဲဒီလောက် ခံသာမှန်းလည်း ခြံရှေ့ထိ ရောက်မှ သိခဲ့တာပါ ..၊ သိလိုက်တည်းက အမေ ရှေ့ဆက်မတိုးရဲပါဘူး .. ဒီလို ကွာခြားတဲ့အခြေအနေမျိုးမှာ အမေ က ဖြေရှင်းနေရင် သူတို့က တလွဲတွေးပြီး ပိုပြီး အထင်သေးသွားမှာ .."

ခိုင်း ခေါင်းညိတ်ရင်း ဆုပ်ကိုင်ထားသည့်လက်တွေ တဖြည်းဖြည်း လျှော့သွားခဲ့၏။

"ဟုတ်တယ် .. အမေ့သမီးကိုသာ အမေ ခေါ်ပြီး ပြန်ပါ .."

"မဟုတ်သေးဘူး သား .. အမေကိုယ်တိုင် ဝင်တွေ့ပြီး ရှင်းပြဖို့ မသွားခဲ့ပေမယ့် သားရဲ့ဂုဏ်သိက္ခာကို အဖတ်ဆယ်ရမှာလေ .. ဒါကြောင့် ဖုန်းဆက်ပြီး အမေ ရှင်းပြခဲ့တယ် .."

"ဘား!..."

www.burmeseclassic.com



“ဒါတော့ လုပ်ရမယ် သား .. သူတို့က မပတ်သက်ချင်တော့လို့ အပြစ်ရှာပြီး ငြိမ်နေတာလည်း ဖြစ်နိုင်သလို သားက မရှင်းလို့ ဒီတိုင်း ထင်နေကြတာလည်း ဖြစ်နိုင်တယ် ...၊ သား တစ်သက်လုံး အမေ့အိမ်မှာ စိတ်မချမ်းမြေ့ခဲ့ရပါဘူး .. လွတ်လွတ်ခါခါ ထွက်လာခဲ့ပြန်တော့လည်း ပေါမှာ ကြောင့် ...”

“အားလုံး ပြီးသွားပြီပဲ အမေ .. အမေ့သမီးကို ကျွန်တော် အမေ့ မျက်နှာမထောက်ဘဲ ပြောမိဆိုမိတာတွေလည်း ရှိပါတယ် ...၊ အဲဒါ အတွက်ပဲ အမေ ခွင့်လွှတ်ပေးပါ ..”

အခြေအနေအရပ်ရပ်ကို အကောင်းတိုင်း ပြန်ရဖို့ သူ မမျှော်လင့် တော့ပါ ...၊ ကိုယ့်ဘက်က ရှင်းဖို့ ကြိုးစားလေ သူ့ဘက်က အထင်မြင် သေးစရာတွေပဲ ဖြစ်လာလေ ...။

ဒီလိုဖြစ်လာတာကို ရင်ဆိုင်ဖို့ထက် ဘယ်တော့မှ မမြင်မတွေ့ရ တော့ဘူးဆိုလျှင် ခံရ သက်သာဦးမည် ...၊

ဝေးနေတာပဲ ကောင်းပါသည်။





## အခန်း (၄၉)

“ဟော့ကောင် ရည်းစားနဲ့တွေ့ဖို့ သွားမှာလား .. ရောက်သီးဆေး ပြား ရောင်းမလို့လား ..”

ဘော်ဒီစပရေးတွေ ခန်းလုံးကြိုင်အောင် ရှူးနေရင်း မင်းခမ်း က ရယ်ကာ ...

“နှုတ်ခမ်းနီ မဆိုးသေးပါဘူးကွာ .. ရောက်သီးဆေးပြားရောင်း မယ့်ရုပ်ထိ မထွက်သေးပါဘူး ..”

“လိုအပ်ရင် ပြော .. လမ်းထိပ်က စတိုးဆိုင်မှာ သွားပြေးဝယ်ပေး မယ် ..”

နှစ်ယောက် အတူတူထွက်လာကြတဲ့အထိ ဖိုင်း က နှာခေါင်း တရှုံ့ရှုံ့နှင့် ...

“မွှန်ထွန်နေတာပဲကွာ .. ဟိုဘက် တိုးစမ်းပါ ..”

“ဟဲ .. ဟဲ .. ရည်းစားဦးလေကွာ .. ဒီလောက်တော့ ရှိမှာပေါ့ ..”

“အေးပါ .. မင်းရုပ်ကြီးကို ကြိုက်ရှာတဲ့ ကောင်မလေးအဖြေကို လည်း စာနာမိပါတယ် ..”



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်နဲ့ မဆိုင်ဘူးကွ .. မင်းတောင်မှ ခုချိန်ထိ စွဲလို့လား .."

"စိတ်ကို မဝင်စားဘူး .."

"ပြောလို့ ရမလားနော် .. ကန်တော်ကြီးထဲမှာ တွေ့ရင် တွေ့မှာပေါ့ .."

"ငါ ဘုရားကို သွားမယ် .. ပြီးမှ ပြန်ဆုံမယ် .."

"ဟာ!... မရဘူး ဟေ့ကောင် .. ဒီနေ့ လန့်ချ်ကို ငါ အကောင်းဆုံး ကျွေးမယ်လို့ ပြောပြီးသား ...၊ ညနေ မရောက်မချင်း မင်းကို ငါ နိုင်တယ် .."

"အံမာ ကွာ .."

ခိုင်း မျက်နှာကြီး ပုပ်ပွသွားတော့ မင်းခမ်း က ရယ်ကာ —

"လုပ်ပါ မင်းကလည်း .. တစ်ခါတလေ ပါရမီဖြည့်လိုက် — မင်းရဲ့ကွက်လပ်လေးပါ ပြည့်သွားလိမ့်မယ် .."

"ဘယ်သူက ကွက်လပ်ရှိတယ် ပြောလို့လဲ .. ဘယ်နေရာမှ မလပ်ဘူး .."

"လပ်တော့ လပ်ပါတယ်ကွာ .. ရှုံ့ပိတ် ဖုံးမနေပါနဲ့ .."

"ဝဲစား .. ငါ ထိုးမိတော့မယ် .."

တွန်းလိုက် ထိုးလိုက်နှင့် သူပါ ကန်တော်ကြီးထဲ ပါလာခဲ့ရသည်။ မင်းခမ်း က သူ့ကောင်မလေးကို နာရီတကြည့်ကြည့်နဲ့စောင့်ရင်း ... နိုင်တော့ ထသွား၏။

"မင်း ဒီနားမှာပဲ နေနော် .. ပြီးရင် ပြန်ဆုံမယ် .."

လို့ ပြောပြီး ထွက်သွားလိုက်တာ ပြန်ပေါ်မလာတော့ပေ —

ထိုအခါ 'ပြီးရင် ပြန်ဆုံမယ်'ဆိုတဲ့စကားကို တွေးပြီး ပြုံးမိသည်။

ဘာကို ပြီးရင်လဲ ...၊

နေမြင့်လာတော့ ထိုင်သည့်နေရာက နေပူလာသည်။





သူ ထလျှောက်ခဲ့ရင်း သစ်ပင်ရိပ်တစ်ခုအောက်ကို ဝင်ခဲ့လျှင် — ဟင်!...

ခြေလှမ်းတွေ တုံ့ခနဲ ဖြစ်သွား၏။

ပန်းရင့်ရောင်ဝတ်စုံလေးနှင့် အနီရဲရဲ ပဝါရှည်ကို လည်ပင်းမှာ သိုင်းထားသည့် နှင်းဆီမျက်နှာ ...၊

ဆံနွယ်လေးတွေက ငှက်ခါးရောင် နက်မှောင်းကာ မနေ့တစ်နေ့က ထက် ပို၍ တိုသွားသလိုပင် ...၊

စတက်ပ်ပုံစံ နွဲ့နေကာ အရောင်လေးတွေ လက်နေသေးသည်။ မျက်မှန်ကပါ အနက်ဆန်သော ငှက်ခါးရောင်ပဲဖြစ်ကာ နုရဲနေသည့် ပါးမို့လေးတွေနဲ့ လှချင်တိုင်း လှနေ၏။

ပြီးတော့ သူမ နှုတ်ခမ်းနီဆိုးထားတာ ဝတ်စုံနဲ့ တစ်ရောင်တည်း...၊ ဖိနပ်လေးကအစ ပန်းရင့်ရောင် ကြိုးပျော့လေးတွေနဲ့ဖြစ်ကာ ပြင်ဆင်နုသစ်နေသည့်ပုံစံလေးက သူမမျက်လုံးတွေ ပြန်မြင်နေပြီဆိုတာကို ဖော်ပြနေကြ၏။

ခိုင်း နောက်ကို ခြေတစ်လှမ်း ပြန်ဆုတ်ကာ အနားဝန်းကျင်မှာ ခေါ်သဲ တို့ ပါလာသလား လိုက်ရှာကြည့်မိ၏။

သူမကို နှုတ်ဆက်ရမလား .. ပြန်လှည့်သွားရမလား ...၊ ရင်တွေ တလှိုက်လှိုက် ဆောင့်ခါ တုန်ယင်လာကြ၏။

စဉ်းစားမရသည့်ခဏမှာ သူမ ဘာလုပ်နေသလဲဆိုတာ မျက်လုံး ရောက်သွား၏။ သူမအတွက် သူကိုယ်တိုင် ပေးခဲ့သော မွေးနေ့လက်ဆောင် ...၊

ဓာတ်ပုံစလက်ရှင်လေးနဲ့ သီချင်းကို သူမ ငုံ့ကြည့်ရင်း နားထောင်နေ၏။ သူ့ခြေလှမ်းတွေ သူမဆီကို ရောက်သွားခဲ့သည်။ ပြီးတော့ ခုံတန်းလေးဆီးစွန်းမှာ ဝင်ထိုင်လိုက်ကာ ...

"နှင်းဆီ .."



www.burmeseclassic.com

www.burmeseclassic.com



သူမက ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ တစ်ဖက်တည်း တပ်ထားသည့် နားကျပ်လေးကို ဖြုတ်ပစ်လိုက်သည်။ ပြီးတော့ မျက်မှန် ...၊

ပန်းဗေဒါရောင်ဖျော့ဖျော့လေး လက်နေသည့် သူမရဲ့မျက်ခွံစပ်မပ် လေးတွေက ပို၍ တောက်ပနေကြကာ ...

"ရှင်က ခွန်ဖိုင်း လား .."

"ခွန်ဖိုင်း ကို မုန်းနေတယ်ဆိုရင် တခြားတစ်ယောက်က လာရော တယ်လို့ပဲ သဘောထားလိုက်ပါ .."

"အဲဒီ တခြားတစ်ယောက်ကိုတော့ ကျွန်မက မမုန်းဘူးလို့ ထင် လား .."

မျက်နှာကို သေချာကြီး စိုက်ကြည့်ပြီး နှုတ်ခမ်းလေးမဲ့၍ မေးခွန်း ပြန်ထုတ်သည်။

ပြီးတော့ မျက်မှန်ပြန်တပ်၍ နားကျပ်နဲ့ ဖုန်းကိုပါ လုံးထွေးပြီး ချထားသည့်အိတ်လေးထဲ ဖြစ်သလို ထည့်၏။

"နှင်းဆီ .."

သူမ ထရပ်လိုက်တာနှင့် ဖိုင်း က ပြိုင်တူ ထရပ်လိုက်ကာ ...

"ကိုယ့်ကို စကားပြောခွင့်ပေးပါ .. နည်းနည်းဖြစ်ဖြစ် ပြောပါရ စေ .."

"ဟွန်း .."

သူမ မဲ့လိုက်တော့ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ ဒါပေမယ့်—

"ကိုယ် ဘယ်တော့မှ မပြောတော့ဘူးလို့ နေတာပါ .. ဒါပေမဲ့ အခု .."

"မပြောနဲ့ပေါ့ .. လူတိုင်း ကိုယ့်အမှန်တရားနဲ့ ကိုယ်ပဲ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် မင်းကို မြင်လိုက်တာနဲ့ ကိုယ့်ခံစား ချက်တွေက ဝရုန်းသုန်းကား ထဖြစ်ကုန်တာ .. ကိုယ် တောင်းပန်ထား





ပါ ...၊ နည်းနည်းတော့ ပြောခွင့်ပေးပါ .. မင်း ရှေ့ကို လုံးဝ ပြန်မသွားဖို့ အောင် ကိုယ် ကြိုးစားနေခဲ့တာလည်း အဲဒီလို စိတ်လွတ်ကိုယ်လွတ် ပြောမိသွားမှာစိုးလို့ပါ နှင်းဆီ ရယ် .."

"ခုလည်း ပြောလို့မဖြစ်ဘူး .. ရှင့်စကား မှားသွားတာနဲ့ ကျွန်မက ပါးရိုက်ပစ်မှာ .."

"အဲဒီလိုလုပ်ရင် ကိုယ်က ပိုကြိုက်ပါတယ် .. ဒါဆို မင်းလုပ်သမျှ ကိုယ် ခံနိုင်တယ်ဆိုရင် ကိုယ် ပြောချင်တာ ပြောလို့ ရပြီလား .."

"မပြောနဲ့ .. ဘာမှမပြောနဲ့ ...၊ ရှင့်ကို အရမ်းမုန်းတယ် .."

နှင်းဆီ မျက်မှန်ကို ဖြုတ်၍ ကန်ရေပြင်ထဲ လွှင့်ပစ်သည်။ ပြီးတော့ ချာခနဲ လှည့်ပြေး၏။

"နှင်းဆီ .."

ဖိုင်း က လက်ကိုပြန်ဆွဲကာ မျက်နှာချင်းဆိုင် လှည့်ပစ်လိုက်ပြီး—

"မင်း ငိုနေတယ် .."

"ဖယ်နော် .. လွှတ်လို့ ပြောနေတယ် .."

နှင်းဆီ ကိုင်ထားသည့် လွယ်အိတ်လေးနဲ့ သူ့ရင်ဘတ်ကို လွှဲရိုက် ပစ်သည်။ မျက်ရည်တွေနဲ့ ရှိုက်သံတွေသာ အားကောင်းလာခဲ့ပြီး ရိုက် ချက်တွေက အင်အားမဲ့နေခဲ့၏။

ဖိုင်း နားလည်သွားကာ နှင်းဆီ ကိုယ်လေးကို ရင်ခွင်ထဲမှာ ဖွေ့ ပိုက်ထားလိုက်၏။

"ကိုယ် မင်းကို အရမ်းချစ်တယ် .. မင်းကို ချစ်မိခဲ့တဲ့အတွက် မတန်မရာ မလှမ်းရဲလို့ နောက်ပြန်ဆုတ်ခဲ့တာပါ .."

"ဘာပဲဖြစ်ဖြစ် ရှင် တော်ပါတယ်...၊ ဘယ်လိုနေနေ ရှင် အေးအေး ဖြစ်နေခဲ့တာပဲ .."

နှင်းဆီ က သူ့ရင်ခွင်ထဲက ရုန်းထွက်ဖို့ ကြိုးစားသည်။ ဖိုင်း က အတင်းဆွဲချုပ်ထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ အေးဆေးတာလဲ .. ကိုယ် ညတိုင်း ဘီယာသွားသောက်ပြီး မင်းတို့ခြံရှေ့ ရောက်တယ် .."

"ဘာ!..."

"ဟုတ်တယ် .. ကိုယ်တစ်ယောက်တည်း လာတာ .. မင်းရဲ့ အိပ်ခန်းကို ခဏလေးဖြစ်ဖြစ် ကြည့်ချင်လို့ ..၊ ဒါပေမယ့် ကိုယ် ခဏပဲနေပြီး ပြန်ခဲ့တယ် .. တစ်ခုခု အမှားအယွင်းဖြစ်ရင် မင်း သိက္ခာကျမှာစိုးလို့ပါ .. ကြာရင် ကိုယ် အရက်သမားဖြစ်တော့မှာ .. မင်း သိရဲ့လား.."

နှင်းဆီ မျက်နှာလေး မော့လာသည်။ သူမ မမြင်ဖူးခဲ့သော ခွန်ဖိုင်းဆိုသည့်ယောကျ်ားကို မျက်လုံးတွေ မြင်ရပြီဆိုတည်းက သူမ မြင်ချင်ခဲ့သည်။

ဓာတ်ပုံလေးဖြစ်ဖြစ် ကြည့်ချင်ပါသည်ဆိုတာလည်း ဘယ်သူ့ကိုမှ မပြောရဲဘဲ မျိုသိပ် ခံစားခဲ့ရ၏။ အထင်လွဲနေတုန်းကလည်း သူ့ကို တမ်းတမိသည်။

ရှင်းပြကြလို့ အားလုံးကို သိရပြီးတော့ ပိုတွေ့ချင်၏။

ဒါကြောင့် မနေနိုင်သည့်အဆုံးမှာ သူမပဲ သူ့အကြောင်းကို စုံစမ်းခဲ့ရတာပါ ..။

မင်းခမ်း နဲ့ ဖုန်းအဆက်အသွယ်ရတော့ သူ့ကို ဘာမှမပြောဘဲ ခေါ်လာဖို့ သူမ ပြောခဲ့သည်။ ကိုယ်ကလည်း လိုက်ရှာဖို့ စိတ်မကူးခဲ့ဘဲ အချစ်စစ်မှန်လျှင် သူ့အလိုလို ဆုံစည်းပါရစေလို့ ကြိတ်ပြီး ဆုတောင်းနေခဲ့၏။

ဒါဟာ နောက်ဆုံး ကြိုးစားကြည့်ခြင်းသာ ..၊

မျက်လုံးတို့ ကြာမြင့်စွာ ဆုံစည်းနေကြစဉ် သူမပါးပြင်ထက်က မျက်ရည်စတို့ကို ဖိုင်း က သုတ်ပေး၍ ...

"မင်း သိပ်လှတာပဲ နှင်းဆီ ရယ် .."

"ရှင်ကတော့ မှန်းစရာကောင်းတယ် .."





"မုန်းလို့ ရပါတယ်.. ဒါပေမယ့် မရှန်းပါနဲ့ကွာ .. ကိုယ့်မှာ ရှ
ပြစရာတွေ အများကြီး ရှိသေးတယ် .."

"နောက်ကျသွားပြီ ဖိုင်း .. ခုမှ ရှင်းပြနေလည်း နားမထောင်
တော့ဘူး .."

"ခုမှ ရှင်းပြရတာကိုလည်း ရှင်းပြမယ်ကွာ .."

"မလိုပါဘူး .. မျက်စိရှေ့မှာ ကျွန်မကို တွေ့မှ .. ရှင် ..."

"ကိုယ်က မျက်နှာငယ်ရတဲ့သူပဲ နှင်းဆီ .. မင်း စိတ်ဆိုးတာ
မခံနိုင်တာက ကိုယ့်နှလုံးသားထဲကပါ .. ဒါပေမယ့် ဘာကြောင့် ဥ
ကြောင့်လို့တော့ အထင်မခံနိုင်ဘူး .."

"ခုတော့ ရှင့်ကို ဘယ်သူက နားလည်နေလို့လဲ .."

"ကိုယ် တောင်းပန်နေတာကွာ .. ဘုချည်းပြောနေတာပဲ ..၊ ကို
မင်းကို ကွယ်ရာကနေ အမြဲ လိုက်ကြည့်နေခဲ့တာပါ .."

"ဟွန်း .."

"မင်း မယုံဘူးလား .. ပြန်သွားရင် အိမ်ရှေ့တည့်တည့်က ယူ
လစ်ပင်ကို ကြည့်လိုက် .. ကိုယ် တစ်ညရောက်တိုင်း နှင်းဆီပန်းပုံတ
ဓားနဲ့ ခြစ်ခဲ့တယ် .."

ဟင်!...

ရင်ထဲမှာ သိမ့်ခနဲ ကြည်နူးသွားသည်။ မော့ကြည့်လိုက်မိသ
မျက်ဝန်းလေးတွေမှာ ဒေါသမပါသည်နှင့် ဖိုင်း က ဖျတ်ခနဲ နိုးနမ်း

"ရှင် နော် .."

"မင်းကို မပြောဖြစ်ခဲ့ပေမယ့် ကိုယ် ညတိုင်း အိပ်မက်တိုင်း
မင်းကို ရည်းစားစကားတွေ ပြောခဲ့တယ် .. မင်းရဲ့ပါးလေးကို န
တယ် ..၊ ပြီးတော့ .. ပြီးတော့ သိလား .. နှုတ်ခမ်းလေးကို နမ်းပါ
ဆိုရင် မင်းက ဟင့်အင့်းချည်းပဲ .."

"ဘာတွေ လာပြောနေတာလဲ .. ဖယ်ပေးပါ ဆို .."



www.burmeseclassic.com

www.burmeseclassic.com



လုံးထွေးကိုင်ထားသည့်အိတ်လေးက နှစ်ယောက်ကြားထဲကနေ ဘုတ်ခနဲ ပြုတ်ကျသွားသည်။

"ကိုယ့်ကို မင်း ပြန်ချစ်နိုင်မယ့် အရိပ်အယောင်လေးသာ ကိုယ် သိခဲ့ရင် ..."

"ဘယ်သူက ပြန်ချစ်မှာလဲ .. မချစ်ဘူး ..၊ ရှင့်ကို ကျွန်မ မကျေနပ်တာတွေ အများကြီး ရှိသေးတယ် .."

"ဒါဆိုလည်း အတူတူ ပြန်နေကာမှ ရန်ဆက်ဖြစ်မယ်ကွာ .. ခုတော့ ကိုယ့်ကို ပြေပြေလည်လည်လေး ပြောပေးနော် .."

"ဟင့်အင်း .. သွား .. ဘေးမှာ လူတွေနဲ့ .. ရှင် ဘယ်လိုဖြစ်နေတာလဲ .."

"ကိုယ် ဘာလုပ်လို့လဲ .. သူများတွေ ကိုယ့်ထက်တောင် ကဲသေးတယ် .."

ဖိုင်း မျက်နှာ အောက်စိုက်ဖြစ်နေရကာ နှာခေါင်းကြီး တဝဲဝဲနှင့် ဘာမှလည်း လုပ်လို့ မရ ..၊

"ရှင့်ကို မေးစရာ ရှိတယ် .."

"မေး .. ဒီမှာ ထိုင်မေး .. အားလုံး ဖြေမယ် .."

အိတ်လေးကျနေတာကို သူပဲ ငုံ့ကောက်ကာ နှင်းဆီ လက်လေးကို ဆွဲ၍ ခုံတန်းမှာ အတူတူထိုင်သည်။

ပြီးတော့ ကျောမှီမှာ လက်ဆန့်တင်လိုက်ရင်း နှင်းဆီ ဘက်ကို တစ်ကိုယ်လုံး ပစ်ကပ်တိုး၍ ...

"မေးလေ .."

"မမေးရသေးဘူး .. ညောင်းနေတာလား .."

"မဟုတ်ဘူး .. ခုလေးတင် အရိုးပျော့ရောဂါ ထဖြစ်သွားတာ-"

နှင်းဆီ က မျက်စောင်းလေးထိုး၍ သူ့ဗိုက်ကို ပြန်တွန်းပစ်တော့ ထိုလက်လေးကို ဆွဲထားရင်း ရယ်ကာ ...





"ဟိုအရင် မမြင်ဘဲနဲ့လည်း မျက်စောင်းတွေ ခဏခဏ ရွယ်တာနော် .. ကိုယ် ဆွဲမနမ်းမိအောင် ဘယ်လောက်ထိန်းနေရလဲ သိလား.."

နှင်းဆီ ပါးပြင်လေးတွေ ရဲခနဲ ဖြစ်သွားတော့ ခပ်ဖွဖွ လိမ်ဆွဲရင်း ရယ်မိ၏။

"ကိုယ် တစ်သက်မှာ မိန်းမတစ်ယောက်ကို မချစ်ခဲ့ဘူးတဲ့အချစ်မျိုးနဲ့ ပထမဆုံး ရင်ခုန် စွဲလမ်းခဲ့ဖူးတာ မင်းကိုပဲ .."

"ရှင် လက်ထပ်ခဲ့ဖူးတာကို မငြင်းခဲ့ဘူးလေ .. ကျွန်မက ဘယ်နှစ်ယောက်မြောက်လဲ .."

"စာချုပ်မှာ လက်မှတ်ထိုးပေးခဲ့တာက ဒေါ်သတွေ နာကြည်းချက်တွေနဲ့ပါကွာ .. မင်းနဲ့ လက်ထပ်တဲ့နေ့မှာ ကိုယ့်ရဲ့လက်မှတ်အပြင် နာမည်ပါ ရေးခဲ့တာပါ ..၊ ပြီးတော့ အဲဒီစာချုပ်မှာ ကိုယ့်စေတနာမေတ္တာတွေ အကုန်လုံး ပါတယ် .. မင်းကို ဘေးမသီ ရန်မခအောင် စောင့်ရှောက်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ရော .."

နှင်းဆီ မျက်နှာလေး ပြုံးယောင်သမ်းလာသည်။

"မင်း မှတ်မိမှာပါ .. ကားပေါ်မှာ မင်းနဲ့ရန်ဖြစ်ပြီး ကိုယ် ပြန်ဆင်းနေခဲ့တာလေ .."

"အင်း .."

"အဲဒါ အဖေ ဖုန်းဆက်ခေါ်တာလေ .. အမေ မင်းကို ပြောပြပြီးပြီ နေမှာပါ .."

"ဒါပေမယ့် ထပ်ပြောပြ .."

"ပြောမယ် .. ယောမှာ ကိစ္စတွေ ရှုပ်လာတော့ လွန်ကျူးပြီးမှ ဟိုကောင်ကလည်း ရှောင်သွားတယ်ကွာ .. ကိုယ်ကလည်း ပြန်မလာတော့ဘူးလို့ ကြေညာပြီး ထွက်ခဲ့တာဆိုတော့ ကိုယ့်ကို မရအရ ပြန်ခေါ်ပြီး လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခိုင်းခဲ့တာ .."

"အင်း .. ရှင်နဲ့ တစ်မိသားစုလုံး တော်တော် ပြဿနာတက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



သက်မှတ်ထိုးခဲ့တာလို့ အန်ဟီ ပြောပြတယ် ..”

“ကျေးဇူးတရားနဲ့ ချည်တုပ်တာတွေ ကိုယ် အရမ်းမုန်းတယ်..၊ အဲဒါကြောင့် ကွာရှင်းစာချုပ် တစ်ခါတည်းပါမှ လက်မှတ်ထိုးမယ်လို့ တောင်းဆိုခဲ့တာပဲ ..၊ ဒါလည်း အမေ ငိုနေလို့ပါ .. လက်ထပ်စာချုပ်မှာ သက်မှတ်တင်လိုက်တည်းက ကိုယ် ဘာဖြစ်သွားပြီလဲဆိုတာ သိတယ်..၊ ါပေမယ့် ကွာရှင်းပြီးသား ဆိုတော့ ..”

“ရှင် မမှားပါဘူး .. ဘာပဲဖြစ်ဖြစ် ဒီလောက်တော့ ပြန်ငဲ့ရမှာပဲ လ .. ရှင့်အစ်မကလည်း သူ့ရည်းစားနဲ့ ပတ်သက်တဲ့ အရှုပ်အရှင်း ာမှ ထပ်ဖြစ်မလာတာတောင် ရန်ကုန်ထိ ဆင်းလိုက်လာတယ်နော်..၊ ည်းစားကို ခွဲလမ်းတာရော .. ရှင့်ကို မုန်းတာရော .. တော်တော် ကြာက်စရာကောင်းတယ် ..”

“အခု ကိုယ့်ကို ခွင့်လွှတ်ပေးလို့ ရပြီလားဟင် ..”

“စဉ်းစားရဦးမယ် ..”

“မနှိပ်စက်ပါနဲ့ နှင်းဆီ ရယ် .. ကိုယ် ..”

“ရှင် တောင်းပန်ခဲ့တာမှ မဟုတ်တာ .. တခြားလူတွေက မနေနိုင် ထိုင်နိုင် လာရှင်းပြကြတာ .. ယောကျ်ားကြိုက်တော့ စိုက်စိုက်လာတဲ့..၊ ကယ်ချစ်ရင် အဆင့်အတန်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် အတားအဆီးရှိသမျှ ကျော်ဖြတ်ရဲကြတာပဲ .. ရှင် တကယ်မချစ်သေးလို့ မာနကြီးနိုင်တာ..”

“မဟုတ်ပါဘူး .. မင်း နည်းနည်းလေး လျှော့တွေးကြည့်လိုက်.. ိုယ် မင်းရှေ့မှာ ပျာပျာသလဲ ရှင်းပြဖို့ ရောက်မလာခဲ့ပေမယ့် မင်း ်တွက် ကိုယ့်ဘဝပါ .. မင်းအတွက်ချည်းပဲ ကိုယ့်ဘဝ ဖြစ်ခဲ့တာ..”

“မသိဘူး .. ခေါင်းသိပ်မကောင်းလို့ စဉ်းစားတာတွေလည်း နား ားတယ် ..”

“ဒါဆိုလည်း မစဉ်းစားနဲ့တော့ .. ကိုယ် ဘယ်လောက်ချစ်နေ လဲဆိုတာ လက်တွေ့ပြမယ် ..”





“ဟာ!... ဘာလုပ်တာလဲ ..၊ လွှတ်.. ဟင့်အင်း ..”

“လည်ပင်းကျိုးသွားဦးမယ် .. ဒီဘက် နည်းနည်း လှည့် ..”

“မလှည့်ဘူး သွား .. ရှင် နော် ..”

ဖိုင်း က ရယ်ရင်း ပခုံးချင်းတိုက်၍ ရန်စ၏။

“မင်းကို ကိုယ် ရင်ခုန်တိုင်း ဓာတ်ပုံတွေ ခိုးရိုက်ထားတာ သက် သေ ရှိတယ် ..”

သူ ဖိုတိုစလက်ရှင်လေး လုပ်ထားတာ ချစ်ဖို့ကောင်းပါသည်။ နောက်ခံသီချင်းလေးကလည်း လိုက်ဖက်၏။

ထိုမွေးနေ့လက်ဆောင်လေးကို သူမ လက်မခံဘဲနှင့် ဒီတိုင်း တင် ထားခဲ့ရာသည်။

ပြန်တွေးမိပြီး နှင်းဆီ ရင်ထဲမှာ ညှို့သက်ခြင်းတွေသာ ဖြစ်ပေါ်လာ ခဲ့ပြီး ...

“အဲဒါကို ကြည့်မိတိုင်း ရှင့်ကို မုန်းတယ် ..”

“အရမ်းချစ်လို့ နေမှာပေါ့ ..”

“ဒီမှာ ငိုရတိုင်းလည်း မုန်းတယ် ..”

“မသိလို့ပါကွာ .. ဖုန်းလေး တစ်ချက်လောက် ဆက်လိုက်ပါ လား ..”

“ဩော် .. ရှင်က သူများချော့တာကို စောင့်နေတာပေါ့လေ ..”

“မင်း မောင်းထုတ်မှာစိုးလို့ တော်ရာမှာ နေရတာ .. ဒီက မျက်နှာ ငယ်တဲ့ကောင် ..”

“ဘယ်မျက်နှာလဲ ငယ်တာ ..၊ ပြစမ်းပါ ..”

နှင်းဆီ က သူ့မျက်နှာကို ကိုင်ပြီး ဆိုးဆိုးဆတ်ဆတ် ဆွဲလှည့် ည်၊ ပြီးတော့ ကြည့်နေရင်း မဲ့၏။

“ကြည့်လို့ ဝကာမှ မမဲ့နဲ့လေ .. တစ်ယောက် တစ်လှည့်ပဲ ..”

“ဟာ .. မသိဘူး .. လွှတ် နော် .. ဖိုင်း ..”



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ ဒီတစ်ခါ ဘယ်လိုမှ ရှောင်ဖယ်ရှန်းထွက်လို့ မရဘဲ သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်သက်သက်လေး ဖြစ်သွားခဲ့၏။ ဖိုင်း က မျက်နှာချင်း ကပ်၍ တိုးတိုးလေး ပြောသေးသည်။

"ကိုယ် သနားလို့ ပါးလေးကိုပဲ နမ်းတာ နော် .. ဒါပေမယ့် နောက်တစ်ခါ မျက်စောင်းထိုးတာ နှုတ်ခမ်းစူတာတွေ လုပ်လာရင် အာမ မခံဘူး .."

နှင်းဆီ က ရယ်နေရင်း သူ့မျက်နှာကြီးကို တွန်းပစ်လိုက်သည်။

ဒီနေ့မှစ၍ ထာဝရ ငြိမ်းချမ်းခြင်းကို ပိုင်ဆိုင်နိုင်ခဲ့ပြီမို့ ..၊

မနက်မိုးလင်းတိုင်းမှာ သာယာနေလိမ့်မည်။

ပရိသတ်အတွက်
ထာဝရ

ပြီး



www.burmeseclassic.com